သပြေကန်ဆရာတော်

အရှင်ဝါသေဠာဘိဝံသ

၏

ဗောဓိမဏ္ဍပါး

တရားဖြတ်ရေးကာ

ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် ဗုဒ္ဓအလိုတော်ကျဗုဒ္ဓဝင်

အတွင်းမှာရှိပါ။

သာသနာ ၂၅၃၄၊ ကောဇာ ၁၃၅၂၊ ၁၉၉၀၊ ဒီဇင်ဘာလ

နတ်တော်လ။

၂၀၄၇၊ ၆

သပြေကန်ဆရာတော်

အရှင်ဝါသေဋ္ဌာဘိဝံသ

ဗောဓိမဏ္ဍပါ၊ တရားမြတ်ရတနာ

ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် ဗုဒ္ဓအလိုတော်ကျဗုဒ္ဓဝင်
အတွင်းမှာရှိပါ။



သာသနာ ၂၅၃၄၊ ကောဇာ ၁၃၅၂၊ ၁၉၉၀၊ ဒီဇင်ဘာလ
နတ်တော်လ။

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

အုပ်ရေ-၁၀၀၀၀

၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ

မြဝတီပုံနှိပ်တိုက်၊ ၁၇၁-၁၇၃ ဆူးလေဘုရားလမ်း၊ရန်ကုန်တွင် အမှုဆောင်အရာရှိချုပ် ဦးသိန်းစိန်(ယာယီ-၂၁၃)က ထုတ်ဝေ၍ အထွေထွေစီမံခန့်ခွဲရေးမှူး ဦးမြင့်ကြွယ်(၀၂၂၅၁)က ပုံနှိပ်သည်။ အဖုံးနှင့် အတွင်းစာသားများကို မြဝတီပုံနှိပ်တိုက် အတွက် ဦးသိန်းဝင်း(ပုံနှိပ်သူမှတ်ပုံတင် ၀၂၁၅၅)၊သုဓမ္မဝတီစာပုံနှိပ်တိုက်၊ အမှတ် ၅၃၊ ဗိုလ်ရွှေလမ်း၊ ရန်ကုန်က ရိုက်နှိပ်ပေးသည်။

ဖြန့်ချိရေး— ပါရမီစာပေ၊ ဆိုင်နံပါတ် ၄၊ သီရိမင်္ဂလာ ကမ္ဘာဘုရားစောင်းတန်း၊ သီရိမင်္ဂလာ ကမ္ဘာဘုရား၊ ရန်ကုန်မြို့။

ဗုဒ္ဓမြတ်စွာ၏ အသုံးအဆောင်
ဗောဓိဆင်ခုနစ်ပါး တရားမြတ်ရတနာ

ကျမ်းဦး အမှာ

၁၉၆၆-ခုနှစ်၊ အထိန်းအသိမ်းခံနေရစဉ် ထောင်တွင်းမှ နေ၍ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်၊ အရှင်ဇနကာဘိဝံသ ဆရာတော်ထံသို့ လည်းကောင်း၊ သပြေကန် အရှင်ဝါသေဋ္ဌာ ဘိဝံသ ဆရာတော်ထံသို့ လည်းကောင်း ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် ဗုဒ္ဓဝင်ကျမ်းတစ်စောင် ရေးသားချီးမြှင့်တော်မူရန် စာရေးသား လျှောက်ထားခဲ့ဖူးပါသည်။

မြန်မာပြည်တွင် ဗုဒ္ဓဝင်ကျမ်းပေါင်းများစွာပင် ရှိနေပါပြီ၊ လယ်တီဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယဒီပနီလည်း ရှိပြီးဖြစ်ပါသည်၊ ဘာ့ကြောင့် ထပ်မံလျှောက်ထားဖို့ လိုပါသေးသနည်း၊ ကျွန်တော့်ဉာဏ်တွင် ရှိသလောက် တင်ပြလျှောက်ထားသောအခါ ယခုအချိန်တွင် လိုအပ်ကြောင်း တောင်မြို့ဆရာတော်ဘုရားရော-သပြေကန်ဆရာတော်ပါ ကျေနပ်တော်မူကြပါသည်။

မြန်မာပြည်ရှိ ဗုဒ္ဓသာသနာသည် ပုဂံပြည် အနော်ရထာနှင့် အရှင်အရဟံတို့ခေတ်မှစ၍ သဒ္ဓါဦးစီးသော သာသနာဖြစ်သည့် အလျောက် ရှေးဆောင်ပုဂ္ဂိုလ်တို့၏ အပေါ်တွင် ဦးတည်၍ ယုံကြည် လေးစားစွာဖြင့် ကြိုးစားလာခဲ့ရာ များစွာအကျိုးပြီးမြောက်ခဲ့ကြပါသည်။

(၁) ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ

အင်္ဂလိပ်လက်အောက်သို့ ကျရောက်၍ အနောက်နိုင်ငံ စာပေများ သင်ကြားတတ်မြောက်လာသူများ များလာသောအခါ သဒ္ဓါအားနည်း၍ ဝေဖန်ကြသူများ တိုးတက်များပြားလာခဲ့ပါသည်၊ ထို့ပြင်ဘုန်းကြီးကျောင်းထွက်များနှင့် ခေတ်လောကီပညာသင်ကျောင်းမှ ထွက်လာသူများမှာလည်း လောကီတွင် ဂုဏ်အားဖြင့် အသက်မွေးမှု၊ လူမှုရေးတို့တွင် ကွာခြားလာခဲ့သည်နှင့် အမျှ ဗုဒ္ဓဘာသာမှာ ရှေးအခါက သဒ္ဓါအားကောင်းသောအခါကဲ့သို့ သာမန် ဘုန်းတော်ကြီးများ၊ လူများက ဦးဆောင်ပြောဆိုတိုင်း မရခဲ့တော့ပါ။

ထို့ကြောင့် ဗုဒ္ဓစာပေများကို ရေးသားသောအခါ၊ ဟောပြောသောအခါများ၌ အကျယ်ဝေဖန်ရေးသားရန် လိုအပ်လာပါသည်၊ ထို့ကြောင့် လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားသည်လည်း အလုပ်များ၍ မရေးဖြစ်၊ သပြေကန် ဆရာတော်သည်လည်း စာ၂-အုပ်လုံးမရေးဖြစ်စေကာမူ ဗောဓိပက္ခိယ ၃၇-ပါးအတွင်း ပါဝင်သော ဗောဇ္ဈင်္ဂရတနာကို ၁၃၃၆-ခု၊ ပြာသို လပြည့်ကျော် ၁၂-ရက်၊ (၁၉၇၅-ခု၊ ဖေဖော်ဝါရီလ ၇-ရက်)နေ့ ကျွန်တော်၏ ၁၀၇-စိန်ဂျွန်းလမ်း(ယခု မင်းရဲကျော်စွာလမ်း) နေအိမ် ဘုရားခန်းတွင် ဂ-နာရီကြာမျှ ဟောပေးတော်မူခဲ့ပါသည်။

မြန်မာပြည်တွင် ဗောဇ္ဈင်တရားတော်သည် လူတိုင်းလိုပင် ကြားဖူးသူ များပါသည်၊ မကျန်းမာသူများကို ဗောဇ္ဈင်သုတ် ရွတ်လေ့လည်း ရှိပါသည်၊ သို့သော် ကျမ်းစာတစ်အုပ်အနေနှင့်

ဗေဒင်ဆရာ ၃-ပါးကို အကျယ်တဝင့် သီးသန့်ရေးခဲ့သည်မှာ ပထမ ရှေ့ကျင်ဆရာတော် ဘုရားကြီး၏ ဗေဒင်ဂ်ဒီပနီ စာအုပ်မှလွဲ၍ မတွေ့ခဲ့ဖူးပါ၊ ကျန်းမာရေးအတွက် လူမမာများကို ရွတ်ဖတ်ရန်သာ ဟောထားခဲ့သည်သာ များခဲ့ပါသည်။

ဤ ဗေဒင်ဂ်ရတနာကျမ်းမှာမူ ဗေဒင်တရားကို လေ့လာလိုသူ-သိလိုသူများ အတော်ပြည့်စုံအောင် သိခွင့်ရပါသည်။

သပြေကန် အရှင်ဝါသေဌာဘိဝံသ ဆရာတော်

ကျမ်းစာရေးသားချီးမြှင့်သူမှာ မြန်မာပြည်တွင် အကြိမ်များစွာ ရိုက်နှိပ် ဖြန့်ဝေပြီးခဲ့သော်လည်း ယနေ့ ဝယ်မရနိုင်လောက်အောင် ရှားပါး၍ ပညာရှင်များ၊ စာဖတ်ပရိသတ်များ အလွန်နှစ်သက်သော ပရိတ်ကြီး နိဿယသစ် ကျမ်းစာကို ရေးသားခဲ့သူ ဆရာကော် အရှင်ဝါသေဌာဘိဝံသ အရှင်မြတ် ဖြစ်ပါသည်။

မင်းမြတ်- သစ္စာလေးပါးကို သိတော်မူသော၊ မြင်တော်မူသော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိခဲ့တော်မူသော ထိုမြတ်စွာဘုရားသုံးဆောင်ခဲ့ကုန်သော သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗေဒင်ခုနစ်ပါး၊ အရိယ မဂ္ဂင် ရှစ်ပါး ဟူသော အသုံး အဆောင်ဘဏ္ဍာတို့သည် ရှိပါကုန်၏၊ ယင်း အသုံး အဆောင် ဘဏ္ဍာတို့ကြောင့် နတ်နှင့်တကွသော လောကသည် ထိုမြတ်စွာဘုရား ရှိ၏ဟု သိရ၏ ယုံကြည်ရ၏ ဟူသော မိလိန္ဒပဉှာ၊ အနုမာန,

(ဃ) ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ

အနုမာနပဥ္ဇာကို အကြောင်းအားလျော်စွာ ကျွန်တော်သည် အထပ်ထပ် အခါခါ ကြိမ်ဖန်များစွာ ဖတ်ရှုရသဖြင့် ရှင်နာဂသိန် မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို သိရှိသာ မဟုတ်၊ ဗောဓိပက္ခိယတရား ၃၇-ပါးကို ပညာတစ်ရပ်အနေဖြင့် နှောင်းလူများ သီးသန့်လေ့လာနိုင်ခွင့်ရရန် စိတ်ပြင်းပြသဖြင့် ကြိုးစားခဲ့ခြင်း ဖြစ်ပါသည်။

ယခု ဗောဇ္ဈင်ရတနာကို ဖတ်ရှုလေ့လာပြီးသူသည် ပရိတ်ကြီးနိဿယတွင် အကျယ်ရေးသားရန်လိုနေသော ဗောဇ္ဈင်ပရိတ်နှင့် လည်းဖြည့်၍ လေ့လာပြီး မိလိန္ဒပဥ္ဇာ အနုမာန, အနုမာနပဥ္ဇာခန်းကို အချိန်ယူ ဖတ်ရှု လေ့လာတော်မူပါ၊ ဗောဓိပက္ခိယတရား ၃၇-ပါးကိုရေးသားရန် စွမ်းနိုင်သူပညာရှင်များကလည်း မိမိစွမ်းနိုင်သမျှ ခေတ်လူအများ နားဝင်အောင် လောကီ လောကုတ္တရာ အသုံးပြုနိုင်အောင် စာဖြင့်ရေးသား၍ လည်းကောင်း၊ နှုတ်ဖြင့် ဟောပြော၍ လည်းကောင်း ချီးမြှင့်ကြပြီးလျှင် ဗုဒ္ဓ၏ သာသနာကို အတွင်ရှေတန်းမတင် လောဘ-ဒေါသ-မောဟ-မာန-လာဘသက္ကာရ ဦးစီးမှုမရှိဘဲ ကြိုးစားပေးတော်မူကြရန် လေးမြတ်စွာ တောင်းပန်အပ်ပါသည်။

အသိဉာဏ် တိုးတက်လိုသူများ အတွက် ဤကျမ်းစာ ဖြစ်မြောက်အောင် ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။

ကြိုးစားတော်မူနိုင်ကြပါစေ။

ဆိန်ဝင်း

၁၄-၁၂-၇၀။

ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

သပြေကန် ဆရာတော်

ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ

၏

ထေရုပ္ပတ္တိ အကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်သည် သန်လျင်မြို့နယ် ချောင်းဝရွာ၌ ၁၂၇၂-ခုနှစ်၊ နတ်တော်လဆန်း(၁၃)ရက် ဗုဒ္ဓဟူးနေ့တွင် ဦးဘိုးစိန်-ဒေါ်အိမ်တို့မှ မွေးဖွားခဲ့၏၊ အသက် ၅-နှစ်အရွယ်တွင် ချောင်းဝရွာ စာသင်ကျောင်း၌ သူငယ်တူ သင်ဖွယ်ရာ စာပေများကို သင်ကြားခဲ့၏၊ တစ်စတစ်စ အခြေခံကောင်းလာခဲ့ရာ သူငယ်များတွင် ပေါ်လွင်ထင်ရှား လူသိများခဲ့ရ၏။

ရှင်သာမဏေဖြစ်ခြင်း

နောင်အခါ မိဘများ မက်လွန်းရှာသို့ပြောင်းခဲ့ရာ ဘုန်းတော်ကြီး ဦးရေဝတထံတွင် ရှင်သာမဏေဘဝဖြင့် ပညာသင်ခဲ့ရ၏၊ အသက် ၅-နှစ်အရွယ်ကပင် ရှင်ပြုခဲ့ရာ ယာသနာမှ လူ့ဘဝ မပြောင်းလိုသော်လည်း အသက်ငယ်သည့်အတွက် လူထွက်ခိုင်းကြသဖြင့် လူထွက်ခဲ့ရ၏၊ အသက် ၉-နှစ်အရွယ်ကျမှပင် မိမိဆန္ဒအရ သာမဏေဝတ်ခွင့် ရခဲ့၏၊ ဘုန်းတော်ကြီး ဦးရေဝတထံတွင် သဒ္ဒါ ပေဒင် စုံသင်ခဲ့ရာ ဆရာ၏ အားရကျေနပ်မှုကို ခံယူခဲ့ရ၏၊ သို့သော် ဘုန်းတော်ကြီး ရန်ကုန်ကြွသွားပြီးနောက်

ပြန်မလာ၍ မိမိမှာ ကျောင်းတစ်ကျောင်း ကိုရင်တစ်ပါးဆိုသလို ဖြစ်နေရာမှ မဟာဓမ္မိကာရုမ (သပြေကန်) တိုက်မှ ဘုန်းတော်ကြီးများ ဘုရားပွဲကြီးအလာတွင်မိမိတို့တိုက်၌လာနေဖို့ရာခေါ်ကြသဖြင့်ထိုအခါကထင်ရှားကျော်ကြားလျက်ရှိသောမဟာဓမ္မိကာရုမ တိုက်ကြီးသို့ ဆိုက်ရောက်ကာ ဆရာတော်ဘုရားကြီး အထံတွင်လည်းကောင်း၊ စာချ ဘုန်းကြီးများအထံတွင်လည်းကောင်း ပညာသင်ခွင့်ရခဲ့ပြန်ပါသည်၊ တစ်စတစ်စ အချိန် အရွယ် ရလာသည်နှင့်အမျှ ထင်ပေါ် ကျော်ကြားခဲ့ပါသည်။

မဂ်လွန်းဘုန်းတော်ကြီးဦးရေဝတပေးသောဘွဲ့မှာ ရှင်ဝိမလ ဖြစ်၏၊ သပြေကန် မဟာဓမ္မိကာရုမကျောင်း ဆရာတော်ကြီးထံ ရောက်သောအခါ ထိုဘွဲ့ကိုပြောင်းလဲပစ်လိုက်၏၊ ဤသို့အားဖြင့် ရှင်ဝါသေဋ္ဌ ဟူသော ဘွဲ့အမည်သစ် ရခဲ့ရ၏၊ ဆရာတော်ဘုရားကြီးကား မိမိဆရာသမား ဖြစ်ဖူးသော ပုဂ္ဂိုလ်များ၏ဘွဲ့ကို မခေါ်လို၊ ဆရာသမားအပေါ် အလွန် လေးစားတော်မူ၏၊ တံတေးဆရာတော်ကြီးဘွဲ့တော်မှာ အရှင်နာဂဖြစ်ရာ ရဟန်းခံကမ္မဝါဖတ်သောအခါပင် နာဂဟု မဖတ်စေဘဲ တခြား ဒတ္တစသော အမည်တစ်ပါးဖြင့် ဖတ်ခိုင်းလေ့ရှိတော်မူ၏၊ အဲစဲ့လွန်သည်ဟု ဆိုချင် ဆိုကြမည် ဖြစ်သော်လည်း ဆရာလေးစားပုံကိုကား အလေးထား အတုယူသင့်သည်ဟု ထင်ပါသည်။

သာမဏေကျော်ဘဝ

၁၂-နှစ် အရွယ်ကပင် ပဏမငယ်ကျမ်းစာများ အပြည့်အဝသင်ပြီးဖြစ်၍ စာမေးပွဲဝင်ဖို့ စာရင်းသွင်းခဲ့ရာ ၁၅-နှစ်မပြည့်၍ အပယ်ခံခဲ့ရ၏၊ ဤသည်ကား ငယ်-လတ်-ကြီး

နှစ်ချင်းဆက် အောင်မြင်ခြင်းအကြောင်း ဖြစ်လာရ၏၊ ဆိုင်းငုံ့နေရသော (၁) နှစ်တာ ကာလအတွင်း ယမိုက်ဆိုပြီး၊ အဘိဓာန် အလင်္ကာ ဆန်းများ ရပြီးဖြစ်သည့်အပြင် ဥဘတောဝိဘင်း ဝိနည်း ပါဠိတော် (၂) ကျမ်းကိုလည်း ရပြီးဖြစ်ခဲ့၏။

ဥဘတောဝိဘင်္ဂရဘဲ့ရခြင်း

၁၅-နှစ် အပြည့်တွင် ပထမငယ် အောင်မြင်သည့်အပြင် ကျောင်းတော်ရာရှေ့ရှိကျင်တိုက် ဝိနည်းစာပြန်ပဲ့ကြီး၌ ဝိနည်း ပါဠိတော်(၂)ကျမ်း ပြန်ဆိုအောင်မြင်ခဲ့၍ ဥဘတောဝိဘင်္ဂရဘဲ့ရခဲ့၏၊ အသက် ၁၆-နှစ်၌ ပထမလတ်တန်း၊ ၁၇-နှစ်၌ ပထမကြီးတန်း အောင်မြင်ခဲ့၏၊ ထိုအခါက တစ်နိုင်ငံလုံး အောင်မြင်ခဲ့သော ပထမကြီးတို့တွင် အသက်ငယ်ဆုံး ပထမကြီး ဖြစ်သည့်အပြင် မဟာဓမ္မိကာရုမ တိုက်တာ တည်ထောင်လာသည်မှာ သက်တမ်းအတော်ကြာခဲ့ပြီဖြစ်ရာ ပထမကြီးတစ်ပါးမှ မပေါ်ခဲ့သေး၊ အာဒိကမ္မိက ပထမဆုံး အကြီးအောင်သာမဏေ အဖြစ်ဖြင့် စံတင်ခံခဲ့ရ၏။

ဤရှင်သာမဏေဘဝ ၁၅-နှစ်အရမှာ ဝိနည်း (၂) ကျမ်း ပြန်ပြီးနောက် ကျောင်းတော်ရာဝိနည်း ပြန်ဌာနက အခြေအနေ အရ သာမဏေတွေအတွက် တာဝန်မယူနိုင်၍ သာမဏေများ စာပြန်ခွင့် ပိတ်ပင်ခဲ့ရ၏၊ ထို့ကြောင့် ဝိနည်းဆက်မပြန်ဖြစ်ခဲ့၊ နောက်အခါ သာမဏေကလေးက ဝိနည်း (၂) ကျမ်း ပြန်ခဲ့သည်ကို အလွန်ဝမ်းသာအားရ ဖြစ်ခဲ့ကြသော ပဲ့စားကြီး ဦးအောင်ကြီးတို့က ဤသို့ထူးခြားသော ကိုရင်မျိုး ပြန်ခွင့်ပေးသင့်ကြောင်း လျှောက်ထားကြသောကြောင့်ဆရာတော်ကြီး

မျှား၏ ခွင့်ပြုချက်ရခဲ့ရာ ခွင့်ပြုချက်ရသော အချိန်နှင့် စာပြန်ပဲ့ကျင်းပမည့်အချိန်က သိပ်မကွာလှသဖြင့် ထိုနှစ်က မဟာဝါနှင့် တဲကွ ဝိနည်းသုံးကျမ်းသာ ပြန်ဆိုနိုင်ခဲ့၏။

ဝိနယဓရ ဘွဲ့ရရှိခြင်း

ထိုနှစ်က ဤအရှင်၏ ၁၇-နှစ်ကျော်လောက် ဖြစ်ပါသည်၊ နောက်နှစ် ၁၀ နှစ် အကျော်လောက်မှာ ဝိနည်းငါးကျမ်းလုံး အပြည့်အဝ ပြန်ဆိုအောင်မြင်၍ ဝိနယဓရဘွဲ့ကို ခံယူရရှိခဲ့၏၊ ဤအရှင်ကား ၁၅ နှစ်အရွယ်ကပင် ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ ဆွမ်းမခံစေဘဲ စာပေသာ ကြိုးစားဖို့ အထူးချီးမြှောက်မှုကို ခံယူရပါ၏။

ထိုခေတ်က ရဟန်းတော်မျှားပင် ပါဠိတော် ပြန်ဆိုသူ အနည်းအကျဉ်းသာ ရှိခဲ့ရာ သာမဏေဘဝနှင့်အောင်မြင်သူကား ဤအရှင် တစ်ပါးတည်းဖြစ်၍ ဆရာတော်အရှင်မျှား၏ အားရခြီးမြှောက်မှုကို အထူးခံယူခဲ့ရပါသည်၊ မန္တလေးမဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ဘုရားက သာသနာ၌ အမြဲနေဖို့ရာ ကတိတောင်းခဲ့သည့်အပြင် အတ္ထုပ္ပတ္တိပါတောင်း၍ ရှေ့ကျင်နိကာယ မှတ်တမ်း၌ မှတ်တမ်းတင်တော်မူခဲ့၏။

ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၉၂-ခုနှစ်၊ ဝါဆိုလဆုတ် (၁) ရက်နေ့ တွင် သုတ္တသင်္ဂဟနိဿယ၊ သပြေကန် သဒ္ဒါကြီးနိဿယ စသည် ရေးသားတော်မူခဲ့၍ နောင်အခါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရခဲ့သည့် မဟာဓမ္မိကာရုမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့ရ၏။

သံယုတ္တဘာဏက ဘွဲ့ရရှိခြင်း

ရဟန်း ၁-၀၊ ရဌ ဗေတိယဂ်ဏအသင်း အာဂုံပြန်တန်းဌ သံယုတ် ၅-ကျမ်း ပြန်ဆိုအောင်မြင်ခဲ့ရာ "၀၊ သေဋ္ဌဘာ သိရီ ပ၀ရ သာသနဓဇ သံယုတ္တဘာဏက" ဘွဲ့တံဆိပ်တော် ရခဲ့၏။ ရန်ကုန်မြို့၌ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ မျက်မှောက်၌ ပြန်ဆိုခဲ့ရာ ဆရာတော်ကြီးများ၏အားရကျေနပ်မှုကို ခံယူခဲ့ရာ အောင်မြေ ဘုံစံ ဆရာတော်၊ တောင်ဘီလူး ဆရာတော် စသော ဆရာတော်ဘုရားများ၏ အားမိသဝတ္ထုဖြင့် ချီးမြှောက်ပူဇော်မှုကို ခံယူရရှိခဲ့ပါသည်။

၂-ကြိမ်မြောက် သံယုတ္တဘာဏက ဘွဲ့ရရှိခြင်း

နောက်တစ်နှစ် ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်း စာပြန်ပွဲတော်ကြီး၌ ယင်း သံယုတ် ၅-ကျမ်းကိုပင် ထပ်မံ ပြန်ဆိုခဲ့၍ သံယုတ္တဘာဏကဘွဲ့ကို ရရှိခဲ့ပြန်ပါသည်။

ရဟန်း ၂-၀၊ အရတွင် ပခုက္ကူမြို့၊ မဟာဝိဇယာရုံမတိုက် ဆရာတော်ဘုရားထံ ချဉ်းကပ်ဦးမြီးကာ ပညာ သင်ခွင့် ရခဲ့ပြန်ပါသည်၊ ဆရာတော်ဘုရားက စာဆိုခွင့် ပေးခဲ့ပါ၏၊သို့ရာတွင် ထိုအခါက ကျန်းမာရေး သိပ်မကောင်းလှ၍ စာမဆိုနိုင်ခဲ့ပါ။ စာမဆို စာမချနိုင်ခဲ့သော်လည်း ကိုရင်ဘဝကပင် ဝိနည်း ပါဠိတော်ကြီးများ ပြန်ဆိုခဲ့ခြင်း၊ သံယုတ်ပါဠိတော်ကြီးများ ပြန်ဆိုခဲ့ခြင်းကို သတင်းကြား သိရှိတော်မူသဖြင့် အားရ မြတ်နိုးတော်မူ၍ ဆွမ်းမခံစတဲ့ ဆွမ်းကျွေးထားကာ အထူး ချီးမြှောက်တော် မူခဲ့ပါသည်။ ထိုအခါက စာမဆို စာမချဘဲ

စာချမျှား အခွင့်အရေးပေးခံရသည်မှာ ဤအရှင်တစ်ပါးတည်းပင် ဖြစ်အုံ့ထင်ပါသည်။

ကျန်းမာရေး မကောင်းလှ၍ သက္ကသီဟ စာမေးပွဲဝင်ဖို့ စိုတ်မကူးခဲ့သော်လည်း အမျှား တိုက်တွန်းချက်အရ သက္ကသီဟ စာမေးပွဲဝင်မည် ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့သို့ ဆိုက်ရောက်ခဲ့ရပြန်ပါသည်၊ ဤတွင် အဘယာရာမ ရှေ့ဂူတိုက်ဆရာတော် ဘုရားထံ ပညာသင်ကြားခွင့် ရခဲ့ပြန်ပါသည်။ သက္ကသီဟ စာသင်တန်း အောင်မြင်သောအခါ ဆရာတော်ဘုရားက ဆွမ်းမခံဘဲ ချီးမြှောက်ထားတော် မူခဲ့ပြန်ပါသည်။

အဘယာရာမ ဆရာတော်ဘုရား၏ ချီးမြှောက်မှု

ကျေးဇူးရှင် အဘယာရာမ ဆရာတော်ဘုရား၏ ချီးမြှောက်မှု ခံယူကာ ဆရာတော်ဘုရားထံ သက္ကတကျမ်းဂန်များကိုဆိုရင်း မောဂ္ဂလ္လာန် စသော မာဂဓကျမ်းဂန်များကိုလည်း သင်ကြားနာယူရင်း စာပေလည်း တတ်စွမ်းသမျှ ပို့ချရင်း အတ္တပရကျိုးနှစ်ဝ အရယူခဲ့ပါသည်၊ ဆရာတော်ဘုရားကိုယ်တိုင် နှင်းအပ်သော ဓမ္မာစရိယဘွဲ့ကိုလည်း ရယူနိုင်ခဲ့ပါသည်၊ ထိုအခါက စာပေပို့ချနေသော်လည်း မိမိစေတနာအရ ပို့ချပေးနေခြင်း ဖြစ်ပါ၏၊ ဆရာတော်ဘုရားက စာချခန့်သည်တော့ မဟုတ်သေးပါ။ သမ္ဘန္ဓစိန္တာစာကိုယ် ဋီကာနိဿယ ရိုက်မည်ရှိရာ ဤအရှင်အား နိဒါန်းရေး ခိုင်းတော် မူခဲ့၏။ မိမိရေးသားဆက်ကပ်သော နိဒါန်းအောက်ခွ ဆရာတော်ဘုရားကိုယ်တိုင် "ဦးဝါသေဋ္ဌ" (ဓမ္မာစရိယ)ဟု ရေးသားချီးမြှင့်တော် မူခဲ့ပါသည်။

သက္ကသီဟ မေမ္ဘာစရိယဘဲ့ ရရှိခြင်း

ထိုအခါက သက္ကသီဟ စာချုတန်း မအောင်သေး၊ ဤသို့လျှင် ဆရာတော်ဘုရားထံသင်ကြားနာယူရင်း စာပေပို့ချရင်းဖြင့် သက္ကသီဟ စာချုတန်း အောင်မြင်ရာ "ဝါသေဋ္ဌာ ဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော် ရယူခဲ့ရပါသည်။

ဆရာရှင်တို့၏ အရိပ်ကား အေးမြလှပါ၏၊ ဤအရှင်ကား အေးမြသော ဆရာသခင်တို့၏အရိပ်ကို အေးချမ်းစွာ ခိုလှုံခဲ့ရပါ၏၊ ကျေးဇူးရှင် အဘယာရာမ ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို အမြဲခိုလှုံလိုလှ၏၊ ဆရာတော်ဘုရားကြီးကလည်း ဤအရှင်အား လိုလားတော်မူခဲ့၏၊ မိမိအနီးအပါး အမြဲထားလို၏၊ အမြဲနေဖြစ်ပါက ဆရာတော်ဘုရားက မိမိအား သက္ကတစာပေ သင်ကြားရန် အိန္ဒိယလွှတ်ဖို့လည်း ရည်ရွယ်ထားကြောင်း ဝိဇ္ဇာလင်္ကာရ ဆရာတော်အား မိန့်ကြားမှ ဝိဇ္ဇာလင်္ကာရ ဆရာတော်မှတစ်ဆင့် သိရပါ၏။ သို့သော်လည်း လိုလားတောင့်တချက်တွေ့ မမြောက်ခဲ့၊ ကျေးဇူးရှင် သပြေကန် မဟာဓမ္မိကာရာမ ဆရာတော်ဘုရားကြီးကလည်း ပျံ့လွန်တော်မူခဲ့၏၊ သပြေကန် ဆရာသမားများကလည်း ပြန်လာစေလိုကြ၏၊ သို့ဖြစ်၍ အလွန် အေးချမ်းလှစွာသော ဆရာတော်ဘုရားကြီး၏ အရိပ်မှ ခွာကာ ဆရာရင်းရပ်ထံ သပြေကန် မဟာဓမ္မိကာရာမသို့ ပြန်လာခဲ့ရ၏။

ဘဒ္ဒန္တ ဝါသေဋ္ဌဘိဝံသ ၏

သိရောမဏိဘွဲ့ ရရှိခြင်း

ထိုအခါကား သပြေကန် မဟာမေမ္မိကာရာမ တိုက်တာကြီးကား သံဃာ ၃၀-၄၀ တို့ဖြင့် စည်ကား လျက် ရှိပါ၏၊ ဤအရှင်ကား တွဲဖက် နာယက စာချ အဖြစ်ဖြင့် သာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါ၏၊ ဤသို့ ထမ်းဆောင်ရင်း အစိုးရ စာချုတဲန်း စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခဲ့ရာ တစ်နှစ်တည်း ကိုးဘာသာလုံး အောင်မြင် ပြီးဆုံးခဲ့၍ "သာသနဓဇသိရီပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့"ကို ပထမဆုံး ခံယူရရှိခဲ့၏။

ကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း

ဤအရှင်ကား ပါဠိ, ဂါထာ, မြန်မာစကားပြေ, လင်္ကာ, ရတု စသည် အရေး အသား ဥ်လည်း အများ ချီးမွမ်းခံခဲ့ရ၏၊ ကျေးဇူးရှင် အဘယာရာမ ဆရာတော်ဘုရားကြီးက ဦးပဉ္စင်းက ကြည့်တော့ရိုးရိုး၊ စာရေးတော့ အဆန်းသားဟု မိန့်ကြားဖူးကြောင်း ဝိဇ္ဇာလင်္ကာရဆရာတော်က အမိန့် ရှိဖူးပါသည်။ ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ နောက်ဆက်တွဲအဖြစ် အဘယာရာမိက ဂုဏ်ရည်ကို ရေးခဲ့ရာ ပညာရှင်တို့၏ ဂုဏ်ပြုခံခဲ့ရ၏၊ ထိုဂုဏ်ရည်ပါ ဂါထာများကို နှစ်သက် အားရတော် မူသော မဟာစည်ဆရာတော်က မိမိရေးသော ဝိသုဒ္ဓိမဂ္ဂနိဒါနဂါထာ၌ ထည့်ရန် သင်္ဂဟ အနုဂီတိ ဂါထာများ ရေးသားဖို့ရာ တောင်းပန်သဖြင့် ဂါထာပေါင်း (၂၃) ဂါထာ ရေးသားခဲ့ရာ ပမာဏမူလောက်သော ဂါထာများအဖြစ် အဘိယာစက ဆရာတော်မြတ်၏ ချီးကျူးခံရသည့်အပြင် ပညာရှင်တို့၏ ဂုဏ်ပြု

မူလည်း ခံယူရခဲ့ပါ၏၊ သာမဏေဘဝမှ အစပြုကာ ရေးခိုင်းလာသော ဂါထာ ရတု သြဘာဝစာ စသည်မျှားက မနည်းလှ၊ ရေးသမျှလည်း နှစ်သက်ကျေနပ်ကြပါ၏။ ပါဠိ ဂါထာ စုဏ္ဏိယ မြန်မာစကားပြေအရေးအသားများ၌ အဘယာရုမဆရုတော် ဘုရားကလည်း ချီးကျူးကြောင်း ဝိဇ္ဇာလင်္ကာရ ဆရာတော် ဘုရားက အမိန့်ရှိပါ၏။

ပရိတ်ကြီး နိဿယ ရေးသားခြင်း

ဤသို့လျှင် စာပေအရေးအသား၌ ပညာရှင်တို့၏ ဂုဏ်ပြု ချီးကျူးမှုခံခဲ့ရသော ဤအရှင်ကား ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓ၏ တောင်းပန်ချက်အရ ပရိတ်ကြီး နိဿယသစ်ကို ရေးခဲ့၏၊ ဤပရိတ်ကြီး နိဿယသစ် ထွက်ပေါ် လာသော အခါကား တစ်နိုင်ငံလုံး ဂယက်ရိုက်သကဲ့သို့ ဖြစ်သွားတော့သည်၊ ပညာရှင် ရဟန်းပညာရှိ လူပညာရှိများအထံမှ ချီးကျူးစာများ ဆရာတော်ဦးဝိသုဒ္ဓထံ ရောက်လာသည်မှာ မနည်းလှဟု ဆိုပါသည်၊ ဤပရိတ်ကြီး နိဿယသစ်ပေါ်လာမှ ဤအရှင်မှာလည်း ပိုမိုထင်ရှား လူသိများခဲ့ရ၏။ ထိုမျှမက ဓမ္မနှင့်ဂုဏ် အဖွဲ့စုံ၊ ဗေဒင်ဆွ ၂-ပါး တရားမြတ် ရတနာ၊ ဓမ္မပဒနိဿယ ကျမ်းများ ရေးသားခဲ့ရာ အချို့ ရိုက်ပြီး၊ အချို့ ပြင်ဆင် အချို့ ဖြည့်စွက်ပြုပြင်နေဆဲ ဖြစ်၏။

ဤအရှင်ကား ကျန်းမာရေးမကောင်းလှသဖြင့် သပြေကန် နေစဉ်က အသွားအလာနည်းပါး ထိုထိုကိစ္စ၌ ရှောင်ရှားနေခဲ့ပါ၏။ ဆဋ္ဌသံဂါယနာ ကိစ္စ၌ ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့။ သို့သော် တိပိဋကပါဠိ မြန်မာ အဘိဓာန်ကြီး စတင်ဆောင်ရွက်စဉ်က

သပြေကန်မှနေ၍ ပိုပေးသော အဘိဓာန်စာမူများကို ပြင်ဆင်ခြင်းဖြင့် အတော်ကြာအောင် ဆောင်ရွက်ခဲ့ပါသေး၏၊ ယခုအခါမူကား အကြောင်း အား လျော်စွာ ရန်ကုန်ရောက်ရသီတင်းသုံး နေထိုင်ရတော့ တာဝန်တွေ အရာတွေက အလိုလိုရောက်လာရပါတော့၏။ မဂ်လာတောင်ညွှန်မြှိုနယ် ရှေကျင်ကျောင်းတိုက်၏ ဦးစီးနာယက ဘဒ္ဒန္တကောသလ္လ ဓမ္မာစရိယ ဘီ·အေ(လန်ဒန်-မြန်မာ)ဆရာတော် ပုံလွှန်တော်မူသောအခါ ရန်ကုန် ရှေကျင်နိကာယဌာန၏ အပ်နှင်းချက်အရ လက်ခံသီတင်းသုံးခဲ့ရ၏။

သာသနာရေး ဆောင်ရွက်တော်မူခြင်း

ရန်ကုန်ရောက်ပြီးသည်မှ ဝါမှုမကျတ်သေး၊ မဟာဗောဓိကျောင်းတိုက် ဝိဝါဒါဓိကရဏအတွက် ဝိနည်းဓိုရ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့ရ၏၊ နောက်အခါ ရန်ကုန်တိုင်းလုံးဆိုင်ရာ ရှေကျင်နိကာယ ဂိုဏ်းထောက်အဖြစ် တင်မြှောက်ခံခဲ့ရ၏။ ၁၃၄၅·ခု၊ တပိုတ္တဲလဆန်း ၁၅·ရက်နေ့တွင် ရန်ကုန်တိုင်း ရှေကျင်နိကာယ ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခံခဲ့ရပါသည်။

ဝိနည်းဓိုရ်အဖွဲ့ ဥက္ကဋ္ဌ

ထို့နောက် ဥက္ကဋ္ဌ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဖြစ်ခဲ့၏၊ ကျောက်ပုံ တောရဝါဒစစ်ဆေးသော သီးခြားဝိနည်းဓိုရ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဖြင့်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့၏၊ ရှေတီဂုံစေတီတော် ဂေါပက သြဝါဒါစရိယလည်းဖြစ်ခဲ့ပြန်၏၊ ဤမျှမက တိပိဋကဓရ သြဝါဒါစရိယအဖြစ် တာဝန်ထမ်း

ဆောင်ဆဲ ဖြစ်သည့်အပြင် ပိဋ္ဌကတ်ဘာသာပြန်အဖွဲ့၏ သြဝါဒါစရိယ၊ မဂ်လာဗျူဟာ ပိဋ္ဌကဗျူဟာ သြဝါဒါစရိယလည်း ဖြစ်ခဲ့၏၊ ရှေကျင်နိကာယ ဗဟိုသံဃာ့ဝန်ဆောင် နာယကလည်း ဖြစ်၏။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရခြင်း

ဤသို့လျှင် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစား အရေးထား ခံခဲ့ရသည့် အား လျော်စွာ ထိုထိုအရာ ဌာနန္တရဖြင့် မြှောက်စားခံခဲ့ရသော ဤအရှင်အား ပူဇော်ထိုက်သောပုဂ္ဂိုလ်တို့အား ပူဇော်ခြင်း၊ ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်တို့အား ချီးမြှောက်ခြင်းဖြင့် မဂ်လာအမှု အစဉ်အလာပြုလျက်ရှိသော နိုင်ငံတော်ကောင်စီက ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်လွတ်လပ်ရေးနေ့တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံ ဆိပ်တော် ပူဇော် အပ်နှင်း ဆက်ကပ်ခြင်း ပြုခဲ့ပါသည်။

ထုတ်နုတ်ဖော်ပြ ဝိသေသ

ဓမ္မဂုဏ်ရည် စုံညီပြည့်ဝ သပြေကန့် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကား ထူးခြားသောပုဂ္ဂိုလ် ဖြစ်တော်မူ၏။

(၁) ပါဠိတော်များကို တစ်ခေါက်, နှစ်ခေါက် ဖတ်ရုံဖြင့် အာဂုံဆောင်နိုင်လောက်အောင်ထူးခြားသော ပါရမီရှင် တစ်ဦး ဖြစ်တော်မူ၏။

(၂) သာမဏေဘဝကပင် ဝိနည်း (၅)ကျမ်း ပါဠိတော်ကို အာဂုံပြန်ဆိုခဲ့သဖြင့် ရှေကျင်ဂိုဏ်းတွင် မှတ်တမ်းတင် ရသော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။

(တ) ဘဒ္ဒန္တဝါသေဌဝဘိဝံသ ၏

(၃) သံယုတ်ပါဠိတော်၌ (၅) ကျမ်းကိုလည်း ရဟန်းတစ်ဝါ အရမ္မာပင် အာဂုံပြန်ဆိုခဲ့သောပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။

(၄) ဂါထာသီကုံးဖွဲ့ရာတွင် ပြောင်မြောက်လှသဖြင့် ဓမ္မာစရိယဖြစ်တော်မူသော ရှေ့ကျင်နိကာယ ဓမ္မသေနာပတိ အဂ္ဂမဟာပဏ္ဍိတ အာဘယာရာမ ဆရာတော်၏ "သည်လက်မျိုး မရှိ သေးကြောင်း"၊ "မရှိခဲ့ဘူးကြောင်း" ထုတ်ဖော်ချီးကျူးမှုကိုပင် ခံရသောပုဂ္ဂိုလ် ဖြစ်တော်မူသည်။

(၅) အစိုးရစာချုပ်တန်း စာမေးပွဲ၌ တစ်နှစ်တည်း ဖြင့် (၉)ကျမ်းလုံးကို ဖြေဆို အောင်မြင် တော်မူသဖြင့် ဓမ္မာစရိယ သရောမဏ ဘွဲ့တော်ကို ရှေးဦးဆုံး ခံယူရရှိတော်မူသော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။

(၆) ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ နှံ့စပ်၍ မာဂဓ၊ သက္ကတ၊ဗျာကရဏ်းကျမ်း၊ကောသကျမ်း၊ကာဗျကျမ်း စသည်တို့၌လည်း အထူး ကျမ်းကျင်တော်မူ၏။

(၇) ဆဋ္ဌသံဂါယနာတင် ပုစ္ဆကဖြစ်တော်မူသော မဟာစည်ဆရာတော်ဘုရားသည် သံဂါယနာ တင်စဉ် အခါက အခက်အခဲ တစ်စုံတစ်ရာနှင့် ရင်ဆိုင်ရသည့် အခါတွင် သပြေကန်ဆရာတော် ဦးဝါသေဋ္ဌနှင့် နှီးနှောလိုက်သည့် အခါတိုင်း အဖြေ ပေါ်ထွက်လာပြီး အခက်အခဲကို လွှန်မြောက်ရသည်ဟု မကြာခဏ မိန့်တော်မူခြင်း။

(၈) နှုတ်တက်အာဂုံရအောင်ကျက်မှတ်ပြီးသောစာများသည် ကြာမြင့်စွာ မလေ့လာဘဲ ပစ်ထား သော်လည်း မေ့ပျောက်ခြင်း မရှိ။

(၉) ဂုဏ်အားလျော်စွာ များစွာချီးမွမ်းကြသော်လည်း မာန်မာန တက်ကြွသည်ကို မမြင်စဘူးကြ။

(၁၀) ကိုရင် ရာဟုလာ၏ ညီထွေးလေးပီပီ အပြစ် ဆိုခြင်း ကိုလည်း သည်းခံနိုင်သည့်အပြင် ဆရာသမား သီတင်း သုံးဖော်များ၏ ဝတ္တရားများကိုလည်း ကျေပွန်စွာ ပြုတော်မူကြောင်း သပြေကန် မဟာဓမ္မိကာရာမ နာယက ဆရာတော် ဦးအဂ္ဂဓမ္မက မိန့်တော်မူခြင်း။

(၁၁) အနေကဂန္ဌကာရက ဆရာတော် အရှင်ဇနကာဘိဝံသက "အရှင်ဝါသေဋ္ဌာဘိဝံသဟာပညာရှင်များ ငေးရအောင် ရေးပြတော်မူတဲ့ ဆရာတော်ပါဘဲ" ဟု ချီးမွမ်းခြင်းဖြင့် ပြည့်စုံတော်မူခဲ့ပါသည်။

၁၃၄၆-ခု၊ ပြာသိုလဆန်း ၈ ရက် (၂၉-၁၂-၈၄) ခုနှစ်က ရိုက်နှိပ်သော ဥပါသကာဂုဏ်ရည် စာအုပ်ကလေးမှ ၅၂ အတ္ထုပ္ပတ္တိကို ကူးယူဖော်ပြပါသည်။

သပြေကန်ဆရာတော်

အရှင်ဝါသေဋ္ဌာဘိဝံသ၏ ကျမ်းစာများ

ပရိတ်ကြီးနိဿယသစ်-(အကြိမ်ပေါင်းများစွာ ရိုက်ပြီး)
ယခု ကုန်နေသည်

ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်၊

ဓမ္မဂုဏ်ရည်၊

ဝိသုဒ္ဓိမဂ် နိဒါန်းဂါထာများ၊

ဗုဒ္ဓါနုဿတိဘာဝနာ တရားဂါထာများ၊

ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ

ဤကျမ်းစာ

ဗေဒင်ခုနစ်ပါး တရားမြတ်ရတနာ

မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

(က) ကျမ်းစာထုတ်ဝေသူ၏အမှာ (က)
(ခ) ကျမ်းဆရာ၏ ထေရပ္ပတ္တိ (ဂ)

၁။ အခြေးဂါထာများ ၂
၂။ ဒုက္ခခပ်သိမ်း ဖျက်ဆီးတတ်သောဗေဒင် ၃
၃။ မာရ်စစ်တပ်ကို နှိမ်နင်းတတ်တဲ့ ဗေဒင် ၆-၁၅
၄။ သိဒ္ဓိရှင်တော်မြတ်လက်ထက်တော်က
ရုပ်မြင်သံကြား ၁၅
၅။ ဤသာသနာမှာသာ ဗေဒင်ဖြစ်နိုင် ၁၆
၆။ လောကီဗေဒင် ၁၈
၇။ ဗေဒင်ဖျက် တရားများ ၂၆
၈။ အဘယသုတ် ၂၈
၉။ ဗေဒင်အမည်ရပုံ ၃၃
၁၀။ သဘာဝကဲ့သော်လည်း အတူတွဲ၍ကိစ္စပြီးစေခြင်း ၅၃
၁၁။ သတ္တဝမ္ဘောဇင် အစထားရပုံ ၅၉
၁၂။ ပုဂ္ဂိုလ်ဖြင့် တရားဖော် ၆၀
၁၃။ ပညာပါတဲ့ သတိအားရှိပုံ ၆၃
၁၄။ ဓမ္မကထိကကျင့်ဝတ် ၆၅
၁၅။ ပစ္စုပ္ပန်ရှုမှုက ပဓာန ၆၈

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၆။	ဝိပဿနာဗေဒဂျင်တွေ့ ဖြစ်နေကြပုံ	....	၇၈
၁၇။	မဂ်အခိုက် ဗေဒဂျင်တွေ့ ဖြစ်နေကြပုံ	....	၇၉
၁၈။	ဗေဒဂျင်မျှား ဖြစ်ခြင်းအကြောင်း	....	၈၁
၁၉။	ကုဏ္ဍလိယသုတ်	....	၈၆
၂၀။	ဣန္ဒြေစောင့်စည်းခြင်းဖြင့်သုစရိုက်ပြည့်စုံပုံ	....	၈၇
၂၁။	ဗေဒဂျင်ပွားက ဝိဇ္ဇာဝိမုတ္တိပြည့်စုံပုံ	....	၉၀
၂၂။	အလွန်ကျေးဇူးပြုတတ်သော တရားနှစ်ပါး	....	၉၄
၂၃။	ခေမကသုတ်	....	၁၀၀
၂၄။	အာဝဝရဏနိဝရဏသုတ်	....	၁၀၉
၂၅။	သဒ္ဓါမယုတ်မလွန်ရ	....	၁၀၈
၂၆။	ဝက္ကလိမထေရ်ဝတ္ထု	....	၁၁၀
၂၇။	သောဏမထေရ်ဝတ္ထု	....	၁၁၃
၂၈။	အပါယ်ဘေး ဆင်ခြင်ခြင်း	....	၁၂၃
၂၉။	မဟာမိတ္တမထေရ် ဝတ္ထု	....	၁၂၈
၃၀။	ဗုဒ္ဓါနုဿတိ-ဓမ္မာ-သံဃာနုဿတိ စသည်	....	၁၄၀
၃၁။	ဗေဒဂျင်တရားတွေ့ ပွားစေခဲ့ပုံ	....	၁၄၆
၃၂။	ဗေဒဂျင်နှင့်ပတ်သက်၍ ရှင်းလင်းချက်	....	၁၄၉
၃၃။	ဗေဒဂျင်၏ ရတနာဖြစ်ပုံ	....	၁၈၈
၃၄။	ဗေဒဂျင်ဘာဝနာနှင့် နန္ဒကောဝါဒသုတ်	....	၁၉၇
၃၅။	အတ္တဆိုတာ	....	၂၀၉
၃၆။	တရားရှုရင်း သဘောသိ ဉာဏ်စဉ်များ	....	၂၃၃
၃၇။	ပထမ မဂ်ဉာဏ်	....	၂၆၀
၃၈။	မိမိသည်သာ ကိုးကွယ်ရာ	....	၂၆၃

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၃၉။	မဟာဒနာမ်အား ဟောကြားတဲ့တရား	....	၂၆၇
၄၀။	ကိုယ့်ကိုယ်ကိုသာ အားထားရာ	....	၂၆၉
၄၁။	ဘုရားရှင်အမိန့်တော်	....	၂၇၄
၄၂။	ဗောဇ္ဈင်ခုနစ်ပါးတရားတော်ပါဠိ-နိဿယ	....	၂၇၅
၄၃။	ဒါရုက္ခန္ဓောပမသုတ် တရားတော်	....	၂၈၅

ဗုဒ္ဓါနုဿတိဘာဝနာ တရားဂါထာများ

၄၄။	သုမေဓာရှင်ရသေ့၏ အာသီသဂါထာများ	....	၃၃၀
၄၅။	သဗ္ဗညုတညာဏ်တော် ပူဇော်ရှိခိုး	....	၃၃၄
၄၆။	အဂ္ဂပသာဒ ဘုရားရှိခိုး	....	၃၃၅
၄၇။	မဟာဝဇီရ ဉာဏ်တော်ရှိခိုး	....	၃၃၆
၄၈။	မဟာကပ္ပိန်မင်းကြီး ဘုရား-တရား-သံဃာ ဂုဏ်တော်သစ္စာပြု	....	၃၃၇
၄၉။	အစိန္တေယျဘုရား ဂုဏ်တော်ရှိခိုး	....	၃၄၁
၅၀။	သိကြားမင်းမြတ်ဆိုသော ဘုရားဂုဏ်တော် ဂ ပါး	....	၃၄၂
၅၁။	ဘုရားရှင်၏ ဉာဏ်တော်, ဂုဏ်တော်များကို ပူဇော်ခြင်း	....	၃၄၉
၅၂။	ဗုဒ္ဓအလုံတောကျ ဗုဒ္ဓဝင်	....	၃၇၃
၅၃။	ဤကျမ်းစာထုတ်ဝေသူ၏ အာသီသနှင့် ဆုတောင်း	....	၄၀၁

မာတိကာ ပြီး၏။

သတ္တဝါအကျိုးကို အတုမဲ့ဆောင်ရွက်တော်မူသော ဗုဒ္ဓမြတ်စွာဂုဏ်တော်

မဟာကရုဏာ သမာပတ္တိဉာဏ်တော်

သတ္တဝါတေ ဒုက္ခဝေးဖို၊
ချမ်းသာရေးသို့ ဆောင်ပို့ရန်။
ကရုဏာတော် မရပ်နားခဲ့၊
အထပ်ထပ်ပွား ဝင်စားဟန်။
မဟာကရုဏာ သမာပတ်ဟု၊
အမြတ်တစ်ပါး ရှင်တော်ဉာဏ်။
ဉာဏ်တော်မြတ်ရှင် ထုတ်အဖျားသို့၊
ဝပ်တွားပါ၏ စိတ်အားသန်။

ပယင်္ဂဘုန်းတော်

လူနတ်ဗြဟ္မာများ အကျိုးမြောက်ဖို့၊
အားကိုးလောက်တဲ့ ဇဲမာန်ကြိုမ်။
မနားမနေ အသုံးချခဲ့၊
လုံ့လဝီရိယ ဓာတ်တော်ရှိန်။
ပယင်္ဂတောခေါ် ကမ္ဘာအသိပေါ့၊
မကွဲရှိတဲ့ ဘုန်းဂုဏ်သိန်။
ဘုန်းတော်ရှင်ပင် မြတ်ထုတ်ဖျားကို၊
ခ-ဝပ်တွားပေါ့ ရှိခိုးနှိမ်။

ဗောဇ္ဈင်ခုနစ်ပါး တရားဖြာကိရတနာ

အချီးဂါထာများ

၁။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တာဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာ ပမဒ္ဒနေ။ ။

၂။ ဗုဇ္ဈိတ္ဝာ ယေစိဒမ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိမဇရာဗျာဓိံ၊ အမတံ နိဗ္ဗယံ ဂတာ။ ။

သံသာရေ-ခန္ဓာထပ်ထပ်၊ ကွက်မလပ်ဘဲ၊ ဆက်စပ်ဖန်ခါ၊ သံသရာစက်ဝိုင်းဌ္ဌ။ သံသရန္တာနံ-ထပ်တလဲလဲ၊ မရပ်စဲဘဲ၊ အမြဲလှည့်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါတို့၏။ သဗ္ဗဒုက္ခဝိနာသနေ-ဆင်းရဲဖုံဖုံ၊ အမျိုးစုံတို့ကို၊ အကုန်ပယ်သတ်၊ ဖျက်ဆီးတတ်ကုန်သော။ မာရဒေသနာပမဒ္ဒနေ-မာရ်စစ်သည်တစ်သင်း၊ လုံးဝကင်းအောင်၊ နှိပ်နင်းချေမှုန်း တတ်ကုန်သော။ ဗောဇ္ဈင်္ဂေ-သစ္စာကိုသိ၊ ဗောဓိသင်းတွင်၊ အဝင်အပါ၊ အင်္ဂါဒေးစိတ်ဖြစ်ကြကုန်သော။ သတ္တာဓမ္မေစ-သတိအစ၊ ဖော်ပြည့်နှန်ကြားခုနစ်ပါးသောတရားတို့ကို။ ဗုဇ္ဈိတ္ဝာ- အမှန်ထင်ထင်၊ ဉာဏ်

အမြင်ရ၊ သိတော်မူကြကုန်၍။ ဥတ္တမာ-ကိုလေသာညစ်၊အပြစ်စင်ဖြူ၊ မြတ်တော်မူကြကုန်သော။ ယေစ ဣမေ သတ္တာ-ပါရမီပွင့်လာ၊ အခွင့်သာလျက်၊ ရင့်မာဟုဆို၊ အကြင်ပုဂ္ဂိုလ်တို့သည်။ တိဘဝါ-ဘဝသုံးသွယ်၊ ဒုက္ခနယ်မှ။ မုတ္တကာ-ဉာဏ်အလွတ်ရောက်၊ အမှန်လွတ်မြောက်တော်မူကြလေကုန်၏။ တေသတ္တာ-သုံးသွယ်ဘဝ၊ ဝဋ်ဒုက္ခကို၊ လုံးဝကျော်ဖြတ်၊ ထိုပုဂ္ဂိုလ်မြတ်တို့သည်။ အဇာတိ-တစ်ဇန်အသစ်၊ ပြန်ဖြစ်လာဘိ၊ ဇာတိလည်းမရှိထသော။ အဇရံ-ဆွေးမြေယိုယွင်း၊ နဂိုကင်းလျက်၊ အိုမင်းခြင်းလည်းမရှိထသော။ အဗျာဓိ-နာရေကျင်ရ၊ ရောဂါလည်းမရှိထသော။ အမတံ-ပစ္စုပ္ပန်မန်၊ အဝေခြယှင်းဘိ၊ သေခြင်းလည်းမရှိထသော။ နိဗ္ဗယံ=ဘေးဝပင်းတို့၊ အေးကင်းရာမှန်၊ မြတ်နိဗ္ဗာန်သို့။ ဂတာ-အတုမရ၊ သုခစံစေ၊ ဆိုက်ရောက်တော် မူကြလေကုန်သတည်း။

အချီးဇိုရခြင်း

လောကမှာ တစ်ဝိုတစ်ခုသော အကြောင်းအရာကို ပြောဆိုကြသောအခါဖြစ်စေ, ရေးသားကြသောအခါဖြစ်စေ အစပထမ ထိုအကြောင်းအရာကို နာသူ ဖတ်သူတွေ လိုက်နာကျင့်ကြံချင်အောင် ဆွဲဆောင်သောအားဖြင့် ဂုဏ်တင် ကြအကျိုးအာနိသင်ပြကြရပါတယ်၊ ဒါကို အချီးနိဒါန်းလို့ ဆိုကြတယ်။ ပေါဇျင်တရားများ ဟောကြားမယ့် ဤအခါမှာ ပေါဇျင်အချီး ဂါထာများဖြင့် နိဒါန်း ပျိုးလိုက်ရပါတယ်။ ဒီအချီးစကားနဲ့ ပေါဇျင်တရားများရဲ့ ဂုဏ်ရည် ပေါဇျင်တရားပွားများခြင်းဖြင့် ရအပ်သော အကျိုးအာနိသင်တို့ကို ပြတာ

ဖြစ်လေသောကြောင့် ဗောဇ္ဈင်တရား ပွားများဖို့ရာ စိတ်အား ထက်သန်လာအောင် ဆွဲဆောင်ခဲ့ခြင်းပါဘဲ၊ ကဲ-ဒီအခါးဂါထာ များကို စီစစ်ကြပါစို့။

ဒုက္ခခပ်သိမ်း ဖျက်ဆီးတဲ့တော်သော ဗောဇ္ဈင်

သူသူငါငါသတ္တဝါတို့ရဲ့တစ်ဘဝပြီးတစ်ဘဝအစမထင်အောင် ဆက်စပ်ဖြစ်လာတဲ့ ခန္ဓာအစဉ်အတန်းကို သံသရာ သုံ့ရတယ်။ ဒီလို မရပ်မနား ဖြစ်ပွားဆက်စပ် ခန္ဓာတွေအထပ်ထပ် ဖြစ်နေ မှုကိုဘဲ သံသရာမှာ လည်နေတယ်လို့ သုံ့ရတယ်။ ဒီတော့ ဒီသံသရာဆိုတဲ့ ခန္ဓာအစဉ်အတန်းဟာ သုခလား-ဒုက္ခလား၊ သုခဆိုတာ အထင်မျှသာ၊ ဟကယ်တော့ သုခမဟုတ်၊ ဒုက္ခတွေ ချည်းပါဘဲ၊ "နတ္ထိ ခန္ဓသမာ ဒုက္ခာ" ခန္ဓာနဲ့တူတဲ့ ဒုက္ခမရှိ ဆိုတဲ့ ဓမ္မပဒအရ မိမိဘုံကိုယ်တိုင်က ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရတဲ့ ဒုက္ခတွေဖြစ်တဲ့အပြင် ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ စတဲ့ ဒုက္ခ မျိုးစုံကို လက်ခံသိမ်းပိုက်ထားတဲ့ တရားတွေ ဖြစ်လေတော့ ခန္ဓာနဲ့ ဒုက္ခ, ဒုက္ခနဲ့ ခန္ဓာဟာ ခွဲမရ တစ်သားတည်း တစ်ဝှေ တည်း ဖြစ်နေပါတယ်။

> ဒုက္ခမေဝ ဟိ သမ္ဘောတိ–ဒုက္ခံ တိဋ္ဌတိ ဧဝတိ စ၊
> နာညတြ ဒုက္ခာ သမ္ဘောတိ–နညံ ဒုက္ခာ နိရုဇ္ဈတိ–

ပါဠိအရ ဖြစ်လာသမျှ ဒီဒုက္ခခန္ဓာတွေပါဘဲ၊ ဖြစ်ပြီး တည်နေ တာလည်း ဒီဒုက္ခခန္ဓာ၊ တည်ပြီး ချုပ်ပျောက်သွားတာလည်း ဒီဒုက္ခခန္ဓာ၊ ဒုက္ခခန္ဓာမှတစ်ပါး တခြား ဖြစ်လာသည်မရှိ၊ ဒုက္ခ ခန္ဓာမှတစ်ပါး တခြားတရား ချုပ်သွားတာလည်း မရှိ။

ဒေဝမေတသာ ကေဝလသာ ဒုက္ခကွန္ဒသာ သမုဒယော ဟောတိ-ချမ်းသာမဖက် သက်သက်ဆင်းရဲအစု ဆင်းရဲတုံးကြီး၏ ဖြစ်လာခြင်းသာဟူသော ပဋိစ္စသမุပ္ပါဒ် ပါဠိအရလည်း သံသရာနွေ့တို့ရဲ့ ဒုက္ခသာဖြစ်ကြောင်း သိရပါတယ်၊ ပဋိစ္စသမุပ္ပါဒ်အရ အကြောင်းအကျိုးဆက်စပ်ပြီး အတိတ်နဲ့ပစ္စုပ္ပန် ပစ္စုပ္ပန်နဲ့ အနာဂတ်–တစ်ပတ်ပြီးတစ်ပတ် ခန္ဓာတွေ ဆက်စပ်လည်နေတဲ့ စက်ဝိုင်းကြီးကို သံသရာဆိုရ။ အဲဒီ သံသရာစက်ဝိုင်းကြီးထဲမှာ လည်နေရသမျှ–သုခမပါဒုက္ခချည်းသာဖြစ်နေတော့တယ်၊ဒီဒုက္ခတွေအပြီးအပြတ် လက်စသတ် ရပ်နားသွားဖို့အရေးမှာ ဗောဇ္ဈင်တရားဟာ မရှိမဖြစ် အလွန်အရေးကြီးပါတယ်။ ဗောဇ္ဈင်တရားသာ ထိုသံသရာ့ ဒုက္ခတွေကို လုံးဝကင်းအောင် ဖြိုခွင်းနိုင်ပါတယ်၊ဒါကြောင့် "သဗ္ဗဒုက္ခဝိနာသနေ" ဆင်းရဲမျိုးစုံ၊ အဖုံဖုံကို အကုန်ပယ်ဖြတ်၊ ဖျက်ဆီးတတ်ကုန်သောလို့ ဗောဇ္ဈင်တရားတို့ကို ဂုဏ်ပြုခဲ့ပါတယ်။

ပါဠိတော်နဲ့အညီ ဂုဏ်ပြုခြင်း

ဒါလည်း ဘုရားတရားတော်အရ ဂုဏ်ပြုခြင်း ဖြစ်ပါတယ်။ ရဟန်းတို့.... ပွဲားစေအပ် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သော အပြစ်ကင်းရှင်း သန့်လည်း သန့်ရှင်း ဝဋ်ဒုက္ခမှလည်း ထွက်မြောက်တတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါး တရားတို့သည် ထိုတရားကို ပွဲားများသမှု ပြုလုပ်သော ပုဂ္ဂိုလ်အဖို့ ကောင်းစွာ အကြွင်းမဲ့ ဝဋ်ဒုက္ခကုန်ဆုံးခြင်းငှါ ထုတ်ဆောင် တတ်ကြကုန်သည်။ မဟာဝဂ္ဂသံယုတ် ဒေသနာမှ ဖြစ်ပါတယ်။

ကိုလေသာစသော တရားများဟာ အပြစ်မကင်း မသန့်ရှင်း၊ ဒုက္ခကိုသာ ဖြစ်စေတတ်တဲ့ တဏှာတွေ၊ ဒါကြောင့် ဒီတရားတွေကို ဖြစ်ပွားစေတဲ့ပုဂ္ဂိုလ်မှာ ဆင်းရဲမှုတွက်မြောက်ဖို့ မရှိ၊ ဆင်းရဲဖို့ရာသာ ဖြစ်တော့တယ်၊ ဗောဇ္ဈင် တရားများကတော့ ကိုလေသာအပြစ်ကင်း သန့်လည်းသန့်ရှင်းဝင့်ဒုက္ခမှုထွက်မြောက်တတ်သော သတ္တိလည်းရှိလေတော့ ထိုတရား ပွားများသူကို ဝင့်ဒုက္ခကုန်ဆုံးဖို့ရာ ထုတ်ဆောင် ပေးတတ်ကြတယ်။

ရဟန်းတို့.... ပွားစေအပ် ကြိမ်ဖန်များစွာ အလေ့ အလာပြုအပ်သော ဗောဇ္ဈင်တရားများမှာ တောဘူမက ဝင့်ဆိုတဲ့ သည်ဟက်ကပ်းမှ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းသို့ ရောက်ခြင်းငှါ ဖြစ်ကြ လေတော့သည်။ မဟာဝဂ္ဂသံယုတ် ဒေသနာ အမိန့်တော်။

သည်ဘက်ကမ်းဆိုတော့ မိမိတို့ရောက်နေ တည်နေတဲ့ဘက်၊ ဟိုဘက်ကမ်းဆိုတာက မိမိတို့မရောက်သေးတဲ့ တစ်ဖက်ကမ်း။ တောဘူမကဝင့်ဟာ မိမိတို့ ဖြစ်နေရာမို့ သည်ဘက် ကမ်း၊ နိဗ္ဗာန်ဆိုတာ မိမိတို့ မရောက်သေးတဲ့ သည် ဘက်ကမ်းနဲ့ တစ်ဖက်တစ်လမ်းဖြစ်တဲ့ ဟိုဘက်ကမ်း၊ တစ်ဖက်တစ်လမ်းဖြစ်လို့ သည်ဘက်ကမ်း တောဘူမကဝင့်ဒုက္ခနယ်၊ ဟိုဘက်ကမ်းနိဗ္ဗာန်က ဒုက္ခငြိမ်းတဲ့ သန္တိသုခနယ်၊ ဗောဇ္ဈင်တရားများဟာ တောဘူမက ဝင့်ဒုက္ခနယ် သည်ဘက်ကမ်းမှ တကယ်အားချမ်းတဲ့ နိဗ္ဗာန် တစ်ဖက်ကမ်းသို့ အရောက်ပို့တတ်တယ်လို့ ဆိုလိုပါတယ်။ ကဲ-ဒီးတော့ ဗောဇ္ဈင်တရားများဟာ ဒုက္ခကို ဖျက်ဆီးတတ်တယ် ဆိုတာ ဒီပါဠိတော်တွေနဲ့အညီ ဆိုထားခြင်းဖြစ်တယ် ဆိုတာ ထင်ရှားပါပြီ။

မာရ်စစ်တပ်ကို နှိမ်နင်းတတ်တဲ့ ဗောဇ္ဈင်

ဗောဇ္ဈင် တရားများ ဆင်းရဲဒုက္ခ ဖျက်ဆီးနိုင်ခြင်းမှာ အကြောင်းကိလေသာတွေကို ဖျက်ဆီးနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒုက္ခခန္ဓာတွေဟာ ကိလေသာတွေကြောင့် ဖြစ်ရတာ ဖြစ်တော့ ထိုကိလေသာတွေကို ပယ်လိုက်ယင် "အရင်းလဲတော့ အဖျားထင်းဖြစ်" ဆိုတာလို ဒုက္ခတွေလည်း ငြိမ်းစဲ ကုန်ခန်းသွားမှတာပါဘဲ၊ ဒါကြောင့် ထိုကိလေသာတွေကို ဖျက်ဆီးနိုင်မှုဖြင့် ဂုဏ်ပြုလိုပြန်၍ "မာရလေနာပမဒ္ဒနေ - မာရ်စစ်သည်တစ်သင်း လုံးဝကင်းအောင် နှိပ်နင်းချေမှုန်းတတ်သော" လို့ ဂုဏ်ပြုရပြန်ပါတယ်။

မာရ်စစ်သည်တွေ

ဒီနေရာမှာ မာရသေနာ — မာရ်စစ်သည်ဆိုတာ ဘာလဲ၊ ဒါပြောကြဦးစို့။

ကာမာ တေ ပဌမာ သေနာ-ဒုတိယာ အရတိ ဝုစ္စတိ၊
တတိယာ ခုပ္ပိပါသာ တေ-စတုတ္ထီ တဏှာ ပဝုစ္စတိ။
ပဉ္စမီ ထိနမိဒ္ဓံ တေ-ဆဋ္ဌာ ဘီရု ပဝုစ္စတိ၊
သတ္တမီ ပဋိဃိစ္ဆာ တေ-မက္ခော ထမ္ဘော တေ အဋ္ဌမော။
လာဘော သိလောကော သက္ကာရော- မိစ္ဆာလဒ္ဓေါ စ ယော ယသော၊
ယော စတ္တာနံ သမုက္ကံသေ-ပရေ စ အဝဇာနတိ။
ဧသာ နမုစိ တေ သေနာ-ကဏှဿ ဘိပ္ပဟာရိနီ၊
န နံ အသူရော ဇိနာတိ-ဇေတ္ဝာ စ လဘတေ သုခံ။

၁-ပထမ စစ်တပ်

ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံငါးပါးက ဝတ္ထုကာမ၊ လိုလားတပ်မက်နှစ်သက်အပ်တဲ့ အရာဝတ္ထုတွေ ဆိုလိုပါတယ်။ အဲဒီ ဝတ္ထုကာမတို့၌ တွယ်တာတက်၊ တပ်မက်တက်၊ လိုလား မက်မောတက်တဲ့ တဏှာဆိုတဲ့ ကိုယ်လေသာကိုတော့ ကိုယ်လေသာကာမ ဆိုရာတယ်။ ကာမ၁-ကာမဂုဏ်တို့သည်။ တေ-သင်မာရ်နတ်၏။ ပဌမ၁-အဦးအစ ပထမဖြစ်သော။ သေနာ-စစ်တပ်မျိုးပေတည်း။ ဘုရားရှင်ကမာရ်နတ်ကြီးကိုမိန့်တော်မူတဲ့ ဤဒေသနာတော်အရ ကာမ တရားမျိုးဟာ မာရ်နတ်၏ ပဌမစစ်တပ်တဲ့။

ဒီနေရာမှာ ကိုယ့်သန္တာန်တွင် ဖြစ်ပေါ်လာတဲ့တရားကို မာရ်နတ်စစ်တပ်လို့ ဘာလို့ဆိုရသလဲ၊ မာရ်နတ်က သတ္တဝါတွေ အကုသိုလ်ပြုတာ ကြိုက်တယ်၊ ကုသိုလ်ပြုတာ မကြိုက်၊ သံသရာကို သူ့နယ်လို့ ယူဆထားတော့ သံသရာဝဋ်ထဲမှာ လည်နေတာ သူကြိုက်တယ်၊ ဝဋ်မှ ထွက်သွား လွတ်သွားမှာ နည်းနည်းမှ မကြိုက်၊ ဒီတော့ ဒီကာမစသော တရားမျိုးဖြစ်စေသူမှာ သူ့အလိုလိုက် သူ့အားကြိုက်ပါနေသူလို ဖြစ်နေလို့၊ သူ့ကို ကျေးဇူးပြုနေသလို ဖြစ်နေလို့ သူ့စစ်တပ်အနေ ဆိုရခြင်းဖြစ်ပါတယ်၊ ဒါတွင်မက ဒီတရားတွေဟာ သူ၏စစ်တပ်တွေလို့ သူက ထင်နေတယ်။ အဲဒီ သူ့အထင်အရ ဆိုရခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

၂-အရတိ မပျော်မှုစစ်တပ်

ကာမဘုံသား သတ္တဝါတွေအဖို့တော့ ဒီကာမဆိုတဲ့ မာရ်စစ်တပ် အမြဲအတိုက်ခံနေရတာပါဘဲ၊ ဒီလိုနေရာက ကာမကို ခွာပြီး ရဟန်းပြု၊ တောတောင်ဆိတ်ငြိမ်ရာမှာ ဝင်ပြီး တရားအားထုတ်၊ လူများမှာလည်း မိမိအိမ်ကခွာပြီး ကမ္မဋ္ဌာန်းကျောင်းသွား တရားအားထုတ်ယင် ကာမကို ခွာတာပါဘဲ။

ဒီလို ကာမကိုခွာ တရားအားထုတ်နေတဲ့အခါ တရားကတိုးတက်လာယင်တော့ ကျေနပ်နှစ်သက် ပျော်ရွှင်လျက် ရှိနေတာပါဘဲ၊ ဒီလိုမဟုတ်ဘဲ အားထုတ်မှုလိုလို့ ဖြစ်စေ, နည်းလမ်းမကျလို့ဖြစ်စေ တရား မတိုးတက်ဘဲ ဖြစ်နေယင်တော့ ပြီးငွေ့လာပြီး တောတောင် ဆိတ်ငြိမ်ရာမှာ မပျော်မှု၊လွန်မြတ်သော သမထ - ဝိပဿနာတရားမှာ မပျော်မှု အရတိဆိုတဲ့ မာရ်နတ်စစ်တပ် အတိုက်ခံရတော့တာပါဘဲ။ ဒုတိယာ အရတိ ဝုစ္စတိ။အရတိ-တောတောင် ဆိတ်ငြိမ်ရာ၌ မပျော်မှု၊တရားတို့၌ မပျော်ပိုက်မှုကို။ တေ-သင်မာရ်နတ်၏။ ဒုတိယာ-နှစ်ခုမြောက်ဖြစ်သော။ သေနာ-စစ်တပ်ဟု။ ဝုစ္စတိ-ဆိုအပ်ပါပေ၏။

၃-ဆာလောင်မှုစစ်တပ်

အဲဒီလို မပျော်တော့ မာရ်နတ်စစ်တပ် တစ်ခုက ဝင်လာပါရော။ ခုပ်ပါသာ-ဆာလောင်မွတ်သိပ်မှုတဲ့၊ ရဟန်းဆိုတော့ သူပေးသမျှ စားရတော့ သိပ်ဝဝလင်လင် စားချင်မှစားရမယ်။ ဆွမ်းခံတွေအများကြီး ရဦးတော့ "ဘာဇနေ မတ္တညူတာ" အရ အစားအစာ၌ အတိုင်းအတာဖြင့် စားရတော့ ဆာလာတတ်

တာပေါ့၊ လူမျှားမှာလည်း တရားအားထုတ်မယ်ဆိုတော့ သိပ်အဝစားထားယင် ထမင်းဆီယစ်ပြီး အိပ်ချင်မှာမို့ မျှမျှတတစားရတော့ ဆာလာမှာဘဲ၊ တကယ်တော့ တကယ်စိတ်ဝင်စားပြီး စဲ့စဲ့လမ်းလမ်းနဲ့ စာပေတစ်ခုခု ကြည့်နေရယင် ထမင်းဆာရမှန်းမသိ၊ အလုပ်တစ်ခုထဲ စဲ့စဲ့မြဲမြဲ စ်ိတ်ပါလက်ပါ အားရနှစ်သက်စွာ လုပ်နေရတဲ့အခါလည်း ထမင်းဆာရမှန်း မသိ၊ ဒီလိုပါဘဲ၊ တရားကတက်လို့ နှစ်သက်အားရ ကျေနပ်နေတဲ့အခါ ဆာလောင်မှုဟာ မပေါ်လာပါဘူး၊ ခုတော့ တရားကမတက်၊ မတက်တော့ တရားထဲမပျော်၊မပျော်တော့ ဆာလောင်မှုတ်သိပ်မှုဆိုတဲ့ တတိယမာရ်စစ်တပ်အတိုက်ခံရတော့တာပါဘဲ။ တတိယာ–ခုပ္ပိပါသာ ဘေ။ခုပ္ပိပါသာ--အစားအစာဆာလောင်မှုတ်သိပ်မှုကို။ တေ-သင်မာရ်နတ်၏။ တတိယာ-သုံးခုမြောက်ဖြစ်သော။ သေနာ–စစ်တပ်ဟု။ ဝုစ္စတိ–ဆိုအပ်ပါပေ၏။

၄–တဏှာစစ်တပ်

ဒီလို ဆာလောင်တော့ အစာရှာချင်တဲ့ တဏှာ ပေါ်လာ၊ အစာကို တောင့်တတဲ့ အာသာအလိုတဏှာပေါ်လာတယ်။ အဲဒီ အာသာတဏှာကလည်း ပေါ်လာယင် တဲယ်မပြတ် တင်တ်တည်း ငတ်နေတာမို့ တရားဘက် ပြန်မရောက်ချင်ဘဲ ရှိတတ်လို့ တရားရဲ့ အနှောင့်အယှက်တစ်ရပ်ပါဘဲ၊ အဲဒါ မာရ်နတ်ရဲ့ စတုတ္ထစစ်တပ် ဝင်အတိုက်ခံရတာပါဘဲ။ စတုတ္ထီ တဏှာ ပဝုစ္စတိ။ တဏှာ-တဏှာတရားကို။ တေ–သင်မာရ်နတ်၏။ စတုတ္ထီ–လေးခုမြောက်ဖြစ်သော။ သေနာ-စစ်တပ်ဟု။ ပဝုစ္စတိ- ဆိုအပ်ပါပေ၏။

၅–ထိနမိဒ္ဓစစ်တပ်

အဲဒီလို တရားထဲမပျော်၊ ဆာလည်းဆာ၊အစာလည်းတောင့်တနဲ့ဖြစ်နေတော့ တရားဘက်မှာ တက်တက်ကြွကြွဘယ်ရှိတော့မလဲ၊ တွန့်တိုဆုတ်နစ်နေတော့တာပေါ့။ ဒီအခါ မာရ်နတ်ရဲ့ ပဉ္စမစစ်တပ်က အခွင့်သာလာတယ်၊ ထိနမိဒ္ဓတဲ့၊ အဲဒီ တရားဝင််လာယင််တော့ အိပ်ချင်လာ၊ ငိုက်မျဉ်းလာ၊ တွန့်ဆုတ်ပျင်းရိလာတော့တာပါဘဲ။ ပဉ္စမံ ထိနမိဒ္ဓံ တေ။ ပဉ္စမံ-ငါးခုမြောက်ဖြစ်သော။ ထိနမိဒ္ဓံ-ထိနမိဒ္ဓကိုလည်း။ တေ-သင်မာရ်နတ်၏။ သေနာ -စစ်တပ်ဟု။ ဝုစ္စတိ-ဆိုအပ်ပါ၏ပေ၏။

၆–ကြောက်လန့်ပူစစ်တပ်

ဟရားထဲမှာ ပျော်ပြီး ရဲနဲ့ မာန်နဲ့ ဇွဲသန်သန်ထား တကယ်ကြိုးစားနေသူမှာ တော်ရုံကြောက်စရာအားရုံက ပပျောက်နိုင်မလှန့်နိုင်ပါဘူး၊ ယခုတော့ ငိုက်မျဉ်းတွန့်ဆုတ်နေတော့ ချိုးချိုးချွတ်ချွတ် ဒိုးဒိုးဒေါက်ဒေါက် အသံကလေးတွေ ကြားလည်းလန့်၊ သရဲတစ္ဆေလည်း တွေးကြောက် လန့်ချင်လန့်နေတတ်တာဘဲ။ အဲဒီ ကြောက်လန့်မှုဟာ မာရ်နတ်ရဲ့ ဆဋ္ဌစစ်တပ်ပါဘဲ။ ဆဋ္ဌော ဘီရု ပဝုစ္စတိ။ ဘီရု-ကြောက်လန့်ခြင်းကို။ ကော-သင်မာရ်နတ်၏။ ဆဋ္ဌော-ခြောက်ခုမြောက်ဖြစ်သော။ သေနာ-စင်တပ်ဟု။ ပဝုစ္စတိ-ဆိုအပ်ပါ၏ပေ၏။

၇–ယုံမှားမှုစစ်တပ်

အဲဒီလို မာရ်စစ်တပ်တွေ ဝင်အနှောင့်ခံနေရတော့ တရားအရသာမတွေ့ ဝိုဝေကရသခေါ် ကိုလေသာကင်းဆိတ်မှုအရသာ

မတ္တေဖြစ်နေလေတော့ ဒီအကျင့်လမ်းဟာ ဟုတ်မှုဟုတ်ပါ လေရဲ့လား၊ မှန်မှ မှန်ပါလေရဲ့လားဆိုတဲ့ ယုံမှားသံသယ ဝင်လာတတ်ပြန်တော့တယ်။ သတ္တမီ ဝိစိကိစ္ဆာ တေ။ ဝိစိကိစ္ဆာ-တရားခ၌ ယုံမှားခြင်းကို။ တေ-သင်မာရ်နတ်၏။ သတ္တမီ-ခုနစ်ခု မြောက်ဖြစ်သော။ သေနာ-စစ်တပ်ဟု။ ပဝုစ္စတိ-ဆိုဒေပ်ပါပေ၏။ တရားခ၌ ယုံမှားလာလျှင် မာရ်နတ်၏ သတ္တမစစ်တပ် အတိုက်ခံရတော့တာပါဘဲ။

၈-မက္ခ ထမ္ဘစစ်တပ်

ဒီပေါဇျင်တရားတွေနဲ့ ဘုရားဖြစ်လာတာ ရဟန္တာ ဖြစ်လာ တာတွေ အထင်အရှားဘဲ၊ ဒီတရား မမှန်ဘဲ နေပါ့မလား စသောအားဖြင့် ဝိစိကိစ္ဆာကိုဖျောက်ပြီး တရားဆက်အားထုတ် ပြန်တော့ အနည်းငယ်တရားတက်လာ၊ တရားအထူးကလေးများ ပေါ်လာရလာ၊ ဒီလို ရလာတယ်ဆိုယင်ဘဲ ကိုယ့်နည်းပေးတဲ့ ကမ္မဋ္ဌာန်းဆရာရဲ့ ကျေးဇူးဂုဏ်ကို ချေဖျက်တဲ့ မက္ခတရား ပေါ်လာ၊ သူနည်းပေးလို့ မဟုတ်ပါဘူး ငါက ဟုတ်လို့ တော်လို့ ရတာပါ စသည်ဖြင့် ကျေးဇူးဂုဏ်ကို ချေဖျက်လာ တာတယ်။ တရားအမှီပြုပြီး ခေါင်းမထောင်လာ တင်းမာခက် ထန်လာ၊ ရှိသေလေးစားအပ်သူကို မရှိသေနိုင် မကိုင်းညွှတ်နိုင် ဖြစ်တဲ့ ထမ္ဘခေါ် မာနအထူးလည်း ပေါ်လာပြန်တော့တယ်၊ မက္ခော ထမ္ဘော တေ အဋ္ဌမေ။ အဋ္ဌမော-ရှစ်ခုမြောက်သော။ မက္ခော- သူ့ကျေးဇူးဂုဏ်ကို ချေဖျက်သော မက္ခတရားကို လည်းကောင်း၊ ထမ္ဘော-မရှိသေ မကိုင်းညွှတ်နိုင်ခြင်း တင်းမာ ခက်ထန်သော မာန်အထူး ထမ္ဘတရားကို လည်းကောင်း။

တေ-သင်မာရ်နတ်၏။ သေနာ-စစ်တပ်ပင်ဟု။ ပစုစ္စတိ-ဆိုအပ်ပါပေ၏။

၉-လာဘ်အကျော်အစော ပူဇော်သက္ကာရနဲ့ မတရားရသော အခြွေအရံ

အဲဒီလို မကွ ထမ္ဘဆိုတဲ့ အဌမ မာရ်စစ်တပ် အတိုက်ခံရတဲ့အခါ ဒီဝရားတွေ မကောင်းတဲ့တရားတွေဘဲလို့ သတိရကာ ဖျောက်ပယ်ပစ်ပြီး တရားဆက်လက်အားထုတ်ပြန်တော့ ယခင်ကထက် ပိုထူးခြားလာသဲ့ဘရားတွေ ရလာ တွေ့လာ၊ ဒီအခါ လူကြည်ညိုမျှားလာလို့ လာဘ်လာဘကျော်စောမှု ပူဇော်သက္ကာရတွေ ရလာ၊ ဒီအခါမှာ အဇ္ဈာသယခေတ်ခံ မြင့်မားဘဲ ပုဂ္ဂိုလ်တွေအဖို့ ဒီလာဘ်ကျော်စောမှု ပူဇော်သက္ကာရတွေ အတွက် ခံနိုင်ရည်ရှိပေမယ့် ခေတ်ခံညံ့ဘဲပုဂ္ဂိုလ်တွေ ကျတော့ ခံနိုင်ရည်မရှိ၊ အဲဒီလာဘ်လာဘစသည်မှာ မက်မောတွေဝေလာ၊ ထိုအခါ လာဘ်ရသည်ထက်ရအောင် ကျော်စောသည်ထက် ကျော်စောလာအောင် တရားတူ တရားထူး တရားဆန်းတွေ ထွင်လာပြန်တယ်။ လောကက အဆန်းကြိုက်တဲ့လောကဆိုတော့ တရားဆန်းလျှင် ပိုကြိုက်လာ၊ ဒီခေတ်တော့ အခြွေအရံတွေ ပေါလာမျှားလာ၊ အဲဒီအခြွေအရံမျှားမှုကတော့ မိစ္ဆာသယအမှားအားဖြင့် မတရားသဖြင့် ရလာတဲ့ အခြွေအရံ၊ ဒီတော့ လာဘ်လာဘကျော်စောမှု ပူဇော်သက္ကာရ မတရားသဖြင့် ရတဲ့ အခြွေအရံ အားလုံးဟာ ကိုးခုမြောက် မာရ်နတ်စစ်တပ်ပါဘဲ။ လာဘောသိလောကော သက္ကာရော မိစ္ဆာလဒ္ဓေါ စ ယော ယသော။ ယော လာဘော စ – အကြင် လာဘ်လာဘသည် လည်းကောင်း။

ယော သိလောကော စ-အကြင် ကျော်စောခြင်းသည် လည်းကောင်း။ ယော သက္ကာရော စ - ကောင်းမွန်အောင်ပြု အကြင် ပူဇော်မှုသည် လည်းကောင်း။ မိစ္ဆာလဒ္ဓေါ-တရားမမှီး အမှားနည်းဖြင့် ရအပ်သော။ ယော ယသော စ - အကြင်အခြေအရံ သည် လည်းကောင်း။အတ္ထိ၊ရှိ၏။ အယံ -ဤလောဘ်ကျော်စောမှု ပူဇော်သက္ကာရ မတရားရတဲ့ အခြေအရံကား။ တေ - သင် မာရ်နတ်၏။ သေနာ - ကိုးခုမြောက် စစ်တပ် ပါပေတည်း။

၁၀–ကိုယ့်ကိုမြောက် သူ့ကိုရှုတ်ချမှု

အဲဒီလို လာဘ်ပေါလာ ကျော်စောလာ အခြေအရံ ပေါလာတော့ ငါ့မှာဟုတ် သူတကာ အလကား ငါ့နည်းလမ်းမှ အမှန်သူတကာတွေနည်းကနည်းမှားတွေ့စသည်ဖြင့်အတ္တုက္ကံသန ပရဝမ္ဘနဆိုတဲ့ မိမိကိုယ်ကိုမြောက်ပင့်မှု သူတစ်ပါးကို ရှုတ်ချမှု ဖြစ်လာရပြန်တယ်။ ယော စတ္တာနံ သမုက္ကံသေ ပရေ စ အဝဇာနတိ။ ·ယော - အကြင်ပုဂ္ဂိုလ်သည်။ အတ္တာနံ စ - မိမိကိုယ်ကိုလည်း။ သမုက္ကံသေ–မြောက်တင်တတ်၏။ ပရေ စ – တစ်ပါးသူတို့ကိုလည်း။ အဝဇာနာတိ-ရှုတ်ချပြစ်တင် မထီမဲ့မြင်ပြုတတ်၏။ တဿ - ထိုပုဂ္ဂိုလ်၏။ တံ–ထိုမိမိကို မြောက်မှု သူတစ်ပါးကို ရှုတ်ချမှုသည်။ တေ - သင်မာရ်နတ်၏။ သေနာ-ဆယ်ခုမြောက် စစ်တပ်ပါပေတည်း။

နမုစိ - မာရ်နတ်။ သော - ဤဆိုခဲ့ပြီး အမှားအမှု တရားစုသည်။ ကဏ္ဍသ - သင်မာရ်နတ်၏။ အဘိပ္ပဟာရိနီ-သူ့ကောင်းကောင်း ရဟန်း ပုဏ္ဏားတို့ကို ထိုးနှက်တတ် အန္တရာယ်ပြုတတ်သော။ တေ - သင်မာရ်နတ်၏။ သေနာ - စစ်တပ်မျှား ပေ

တည်း။ နံ နံ အသူရော ဇိနာတိ ဇေတ္တာ စ လဘတေ သုခံ။ နံ သေနံ - ထိုသင့်စစ်တပ်ကို။အသူရော - အရေမစ္ဆန့်၊ တွန့်ဆုတ်တတ်သော သူရဲဘောကြောင်သူသည်။နဲ ဇိနာတိ-မအောင်နိုင်ပါပေ။ ဇေတ္တာ စ - ရဲမာန်ပွားပွား၊ ဇဲသန်ထားလျက်၊ ကြိုးစား တွင်ကျင် အောင်မြင်သည် ရှိသော်လည်း။ သုခံ - မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို။ လဘတေ - မုချပုံသေ ရနိုင်ပေသတည်း။

ပါဠိတော်နဲ့ အညီ

လောကမှာ လက်နက်ကောင်း ရှိယင် ရန်သူကို တိုက်ဖို့ မကြောက်ပဲ ရှိ့ မဘုန်းမဆုတ်တတ်၊ မာရ်စစ်တပ်ကို တိုက်ဖို့ရာ ခေါ်မှုနဲ်းဖျက်ဆီးဖို့ရာ လက်နက်ကောင်းများက ဗောဇ္ဈင်တရားများပါဘဲ။ ဒါ့ကြောင့် ဗောဇ္ဈင်တရားကို မာရသေနာပမဒ္ဒန-မာရ်စစ်သည့် တစ်သင်းကို နှိမ်နင်းတတ်သော တရားလို့ ဆိုပါတယ်။ဒါလည်းဘုရားရှင်မိန့်ဌန်းတော်အရပါဘဲ။ရဟန်းတို့ မာရ်စစ်သည်တစ်သင်းကို နှိမ်နင်းကြောင်း အကျင့်လမ်းကို ငါဘုရား ဟောတော်မူမယ်၊ နာကြားကြလို့ တိုက်တွန်းတော်မူပြီးနောက် မာရ်စစ်သည် တစ်သင်းကို နှိမ်နင်းကြောင်းလမ်းမှာ ဗောဇ္ဈင်ခုနစ်ပါး တရားများ ဖြစ်ကြောင်း မဟာဝဂ္ဂသံယုတ်မှာ မိန့်တော်မူခဲ့ပါတယ်။

သေမင်းစစ်တပ်လည်း ဆိုရ

ဒီတရားများကို မစ္စုသေနာ - သေမင်းရဲ့စစ်တပ်လို့လည်း ဆိုပါတယ်။ ဒီတရားတွေရှိနေလျှင် အသေမစဲ တစ်သေတည်း

သေရဦးမှာဖြစ်လို့သေမင်းအလိုကျလိုက်ရကြောင်းတရားတော်မို့ မစ္စုသေနာ - သေမင်းစစ်တပ်လို့လည်း ဆိုရပါတယ်။ ဓုနာထ မစ္စုနော သေနံ - သေမင်းစစ်တပ်ကို ဖျက်ဆီးကြဆိုတဲ့နေရာမှာ သေမင်းစစ်တပ်ဆိုတာ ဒီမာရ်မင်းစစ်တပ်များ ပြစ်ကြောင်း အဂ်ုတ္တရဋ္ဌကာမှာ ဖွင့်ပါတယ်။ အဟုန်က ဒီဟရားတော်သာမက ကိုလေသာမှန်သမျှ မာရ်နက်အလိုကျ သေမင်းအလိုကျ ဖြစ်ရတဲ့ ဟရားတော်မို့ မာရ်စစ်သည် သေမင်းစစ်သည်လို့ဆိုရပါတယ်။ ဒီနေရာမှာ ဓုနာထ မစ္စုနော သေနံ-အပါ ဂါထာကလေးဟာ အရေးပါလို့ ဟောရဦးမယ်။

ဗြဟ္မာ့ပြည်က အသံလွှင့်ခဲ့သော ဂါထာ

ဒီဂါထာဟာ တစ်ချိန်သောအခါက ဘုရား ရှင်တော်မြတ်ဘုရားဟာ တပည့်သက်ယာတော်ရုံ အမှင် အဘိဘူနဲ့ အတူ ဗြဟ္မာ့ပြည်ကြွရောက်ခဲ့စဉ် အရှင်အဘိဘူဟာ ဗြဟ္မာ့ပြည်ကနေပြီး လောကဓာတ် တစ်သောင်းလုံး အကုန်ကြားရအောင် အသံလွှင့် ဟောကြားဖူးလို့ ထူးခြားတဲ့ ဂါထာတော် ဖြစ်ပါတယ်။ သည်မျှမက ဗောဇ္ဈင်တရား ပွားများဖို့ အားပေးတိုက်တွန်းခဲ့တဲ့ ဂါထာကလေးဖြစ်လို့လည်း ဟောဖို့အခွင့်သင့်နေပါတယ်။

အာရမ္ဘထ နိက္ကမထ-ယုဇ္ဇထ ဗုဒ္ဓသာသနေ၊
ဝုနာထ မစ္စုနော သေနံ-နဠဝဂါရံဝ ကုဉ္ဇရော။

ဗုဒ္ဓသာသနေ - သီလ သမာဓိ ပညာဟု သိက္ခာသုံးရပ် ပွားအားပ်မကွာ ဘုရားမြတ်သာသနာ၌။ အာရမ္ဘထ - စတင် ကြိုးကုတ် တရားမဆုတ်စရာ အား ထုတ် ကြ ပါကုန် လော့။

နိုက္ကမထ-အပြင်ဘက်မှ နင်းထွက်နိုးကြား အလွန်ကြိုးစားကြ ပါကုန်လေ့။ ယုဇ္ဇထ - တစ်ဆင့်ထက် တစ်ဆင့် မြင့်ထက် မြင့်ရောက် နောက်ဆုံးပန်းတိုင် လှမ်းကိုင်နိုင်ရေး အလေးပေး ကာ ကြိုးပမ်းကြပါကုန်လေ့။ ကုဋ္ဌရော-အားမာန်ထေးင်ပြီး ဆင်ပြောင်ကြီးသည်။ နဋ္ဌဝဂါရံ - အမာမဖြစ် အနှစ်မ ကူ ကျ||ရိုးဖြင့်လုပ် တဲအိမ်ကုပ်ကို။ ဝါ-ကျ||ရိုးဖြင့်ယှက် မြက်ဖြင့် မိုးအုပ် တဲအိမ်ကုပ်ကို။ ဓုနာတိ ဝ-မှုန့်မှုန့်ညက်ညက် ဖျက်ဆီး လေဘိသကဲ့သို့။ မစ္စုနော - သုံးဆယ့်တစ်နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်း၏။ သေနံ-အရတိ ကာမ စသည်မကောင်းမှု တပ် ပေါင်းစုကို။ ဓုနာထ - ဗောဇ္ဈင်လက်နက် ကိုင်လျက်စွဲသုံး လုံးဝပြုန်းအောင် ခေျမှုန်းဖျက်ဆီး ကြပါကုန်လေ့။

ဤသာသနာမှာသာ ဗောဇ္ဈင်ဖြစ်နိုင်

ဒီ ဒေသနာဂါထာမှာ ဝိရိယလေးမျိုးပါတယ်လို့ ဆိုနိုင် ပါတယ်။ ပထမဆုံးစတင်ပြီး ဗောဇ္ဈင်တရားတွေ ဖြစ်ပွားဖို့ ကြိုးစားအားထုတ်မှုကို အာရမ္ဘဝတ် ခေါ်ပါတယ်၊ ဒီလို ပွားများလို့ တရားတွေတက်လာဟဲ့အခါ အပျင်းဝင်မလာ တော့၊ ဒီအပျင်းမှ ထွက်မြောက်နိုင်တဲ့ ဝိရိယကို နိုက္ကမဝတ် ခေါ်ပါတယ်။ အဲဒီလိုနဲ့ ဉာဏ်တစ်ဆင့်ပြီးတစ်ဆင့် အထက် တက်တက်သွားအောင် ကြိုးစားမှုကိုပရက္ကမဝတ်ခေါ်ပါတယ်။ နောက်ဆုံး ဒုရဟတ္တမဂ်ဆိုက်တဲ့ ဗောဇ္ဈင်ဝိရိယဖြင့် သေမင်း စစ်တပ်အပြီးတိုင် ခေျမှုန်းနိုင်လို့ ဓုနာထဖြင့် ထိုဝိရိယကို ဆိုပါတယ်။ ဂဲ-ဒီတော့ မာရ်စစ်သည်တွေကို နှိပ်နင်းတတ် ဒုက္ခခပ်သိမ်း ဖျက်ဆီးတတ်တဲ့ ဒီဗောဇ္ဈင်တရားတွေ ပွားများကြ

အမှန်သိကြတဲ့ ဘုရားအလောင်း ပဓေါ၊ ဒုဋ္ဌိ အ လောင်း ရဟန္တာအလောင်း သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တွေဟာ ဘဝသုံးသွယ် ဒုက္ခနယ်မှ လွတ်မြောက်ကြ၊ ဇာတိ ဇရာ ဗျာဓိ မရဏ ဘေးဘယကင်းရာမှန်တဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြရတယ်။

ဘဝသုံးပါးမှ လွတ်မြောက်ရခြင်း နိဗ္ဗာန်ဆိုက်ရောက်ရခြင်း ဆိုတဲ့ ဗောဇ္ဈင်အကျိုးဟာ ဒီသာသနာမှာသာ ရှိနိုင်တဲ့အကျိုး အာနိသင်ပါဘဲ။ ဒါကြောင့် ဘုရားပွင့်ရာ အခါမှတစ်ပါး တခြားအခါမှာ ဗောဇ္ဈင်တရားများ မဖြစ်နိုင်ကြောင်း ဘုရားသာသနာတော်မှတစ်ပါး တခြားသာသနာမှာ ဗောဇ္ဈင်တရားများ မဖြစ်နိုင်ကြောင်း မဟာဝဂ္ဂသံယုတ်မှာ ဟောတော်မူခဲ့ပါတယ်။ အဲဒီတော့ မ ဝေါ ခဏံ ဝိရာဓေထ-ကြုံလာတဲ့ အခွင့်အခါကောင်းကြီးကို သင်တို့ လွဲမသွားကြစေနဲ့" ဆိုတဲ့ ရှင်တော်မြတ်အမိန့်တော်အရ-တကယ်ကျင့်ယင် တကယ်သန္ဓိဋ္ဌိကအကျိုးရမယ့် ဗောဇ္ဈင်တရားများ ကြိုးစားပွားများကြဖို့ရာ တိုက်တွန်းလိုက်ရပါတယ်။ ကဲ.... တရားစကြစို့။

သတ္တ ဗောဇ္ဈင်္ဂါ၊ သတိသမ္ဗောဇ္ဈင်္ဂါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါ ဝီရိယသမ္ဗောဇ္ဈင်္ဂါ ပီတိသမ္ဗောဇ္ဈင်္ဂါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ သမာဓိသမ္ဗောဇ္ဈင်္ဂါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါ။ (ဝိဘင်းပါဠိတော်)

ဗောဇ္ဈင်္ဂါ- ဗောဇ္ဈင်တရားတို့သည်။ သတိသမ္ဗောဇ္ဈင်္ဂါ-သတိသမ္ဗောဇ္ဈင်လည်းကောင်း။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါ-ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း။ ဝီရိယသမ္ဗောဇ္ဈင်္ဂါ-ဝီရိယသမ္ဗောဇ္ဈင် လည်းကောင်း။ ပီတိ သ မ္ဗော ဇ္ဈ င်္ဂါ — ပီ တိ

သမ္မောဇ္ဈင် လည်းကောင်း။ ပဿဒ္ဓိသမ္မောဇ္ဈင်္ဂါ - ပ ဿ ဒ္ဓိ
သမ္မောဇ္ဈင်လည်းကောင်း။ သမာဓိသမ္မောဇ္ဈင်္ဂါ — သ မာ ဓိ
သမ္မောဇ္ဈင်လည်းကောင်း။ ဥပေက္ခာသမ္မောဇ္ဈင်္ဂါ-ဥပေက္ခာ
သမ္မောဇ္ဈင်လည်းကောင်း။ ဣတိ-ဤသို့။ သတ္တ-ခုနစ်ပါးတို့
ပါပေတည်း။

လောကီဗောဇ္ဈင် လူသုံးဗောဇ္ဈင်

ယခုပထမ စတင်ပြီး လောကီဗောဇ္ဈင်-လူသုံးဗောဇ္ဈင်ကို တင်ပြရပါ့မယ်။ ဗောဇ္ဈင်တရားတွေရဲ့သဘောကို အတန်ငယ် တီးခေါက်ရိုပ်စားမိအောင်လည်း တစ်ကြောင်း, ဒီဗောဇ္ဈင် တရားတွေဟာ လောကရေးမှာလည်း အသုံးပြုယင် တိုးတက် ဖို့ရာသာဖြစ်ကြောင်း သိဖို့ပါဘဲ။ တကယ့်ဗောဇ္ဈင်တရားမဟုတ် ပေမယ့် ပရိယာယ်ဗောဇ္ဈင် ဗောဇ္ဈင်အတု ဆိုရမှာပေါ့။ နိဗ္ဗာန်ဟာ တကယ့် ငြိမ်းချမ်းမှု အေးချမ်းမှု၊ ထိုနိဗ္ဗာန်၏ ငြိမ်းချမ်းမှုနဲ့ တစ်စွန်းတစ်စ တူယောင်မှုပြုပြီး လောကမှာ စားဝတ်နေရေး မပူပင်ရ မကြောင့်ကြရ အေးအေးချမ်းချမ်း နေရတာကို လောကနိဗ္ဗာန်လို့ တင်စားခေါ်ဝေါ်ကြတယ်၊ အဲဒါလိုဘဲ တကယ့်ဗောဇ္ဈင်တော့မဟုတ်၊ ဗောဇ္ဈင်တရား ပွားများယင် မဆုတ်ယုတ်နိုင် တိုးတက်ဖို့ရာသာဖြစ်သလို လောကရေးမှာဒီတရားတွေ လက်ကိုင်ထားသုံးသွားယင် မဆုတ် ယုတ်နိုင် တိုးတက်နိုင်လို့ ဗောဇ္ဈင်နဲ့တူလို့ ပရိယာယ်အားဖြင့် ဆိုရခြင်းဖြစ်ပါတယ်။

သတိသမ္မောဇ္ဈင်

သတိသမ္မောဇ္ဈင်ဆိုတာ သတိတရားပါဘဲ၊ သတိဆိုတာ အမှတ်ရမှု မမေ့မှုဖြစ်ပါတယ်။ ဒီသတိဟာ မိမိကိုယ်ကို ထိန်းထား စောင့်ရှောက်ထားတဲ့ အထိန်းအစောင့်အရှောက် တရားပါဘဲ။ ဒီ သတိရှိနေယင် မိမိလုပ်ငန်း မိမိတာဝန် မိမိကိစ္စ တွေမှာ လွတ်မသွားဘဲ စဉ်မြဲနေတော့တယ်။ သတိ၏ ဆန့်ကျင် ဘက်က ပမာဒ မေ့လျော့မှု၊ မိမိတာဝန် အလုပ်ကိစ္စမှတစ်ပါး တခြားမဆင်ခြာ ကိစ္စတွေမှာ အပျော်အပါး အကစားစတဲ့ အကျိုးမဲ့အလုပ်တွေမှာလိုက်စားမိုက်မှားနေမှုပါဘဲ။ မေ့လျော့မှု ပမာဒ ဝင်လာယင်ဖြင့် အထိန်း ပြုတ်သွားတော့တာပါဘဲ။ ဒီတော့ အားလုံးတာဝန်ကိစ္စတွေမှာ သတိထိန်းချုပ်မှုဟာဖြင့် အလွန်ဘဲလိုအပ်လှပါတယ်။

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံရေး လောက ဘယ်အရေးမှာမဆို ဒီသတိဟာ မပါမပြီး၊ ပညာဆိုတာ သတိရှိမှ တိုးတက်နိုင်တယ်။ မေ့လျော့နေသူ မေ့လျော့တတ်သူဟာ ပညာ တိုးဖို့ထား ဖြစ်ဖို့တောင် မလွယ်လှ၊ စီးပွားရေးမှာလည်း မေ့လျော့ဘဲ သတိကင်းဖဲ့ပုဂ္ဂိုလ်ဟာ စီးပွားရေးတိုးအောင် မလုပ်နိုင်ပါဘူး၊ ဆုတ်သာဆုတ်သွားမှာဘဲ၊ ကုန်သွယ်လယ်လုပ် စသော လောကလုပ်ငန်းတွေ တိုးတက်မှုမှာ ဒီသတိပါဝ မရှိ မဖြစ် အလွန်အရေးကြီးလှပါတယ်။ ကျန်းမာရေးမှာလည်း သတိရှိမှ ကျန်းမာရေးကောင်းအောင် စောင့်ရှောက်နိုင်တယ်။ ကျန်းမာရေး မပျက်အောင် သတိက ကာကွယ်နိုင်တယ်။ မကျန်းမာလျှင်လည်း ကျန်းမာလာအောင် သတိက ပြုပြင်

ပေးနိုင်တယ်။ နိုင်ငံရေးမှာလည်း သတိရှိမှ နိုင်ငံအရေးအရာတွေမှာ တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်၊ သတိမရှိမေ့လျော့ပေါ့ဆနေလျှင် နိုင်ငံရေးဆောင်ရွက်ရာမှာလစ်ဟင်းပြီး နိုင်ငံနာတတ်ပါတယ်၊ ဒါကြောင့် သတိဟာဖြင့် ကိစ္စတိုင်းမှာ မပါမပြီး အရေးကြီးလို့ ထိုသတိကို အမြဲပွားအောင် ကြိုးစားကြလျှင် ကိုယ့်ကိစ္စမှန်သမျှမှာ တိုးတက်အောင်မြင်ခွင့်သာကြုံကြရပါလိမ့်မယ်။

ဓမ္မဝိစယသင်္ဘောဇ္ဈင်

ဓမ္မဝိစယ သင်္ဘောဇ္ဈင်ဆိုတာ ပညာပါဘဲ၊ပညာဆိုတာ အသိအမြင်ဉာဏ်ကိုဆိုလိုပါတယ်၊သတိဟာအရေးကြီးတယ်ဆိုပေမယ့် ပညာမပါယင် သတိရှိရုံနဲ့ တယ်ခရီး မရောက်နိုင်ပါဘူး၊ဒီပညာကလည်း လောကကိစ္စတိုင်းမှာ အလွန် အရေးကြီးပါတယ်၊ ဥပမာ–ပညာရေးမှာ အတတ်တွေ့ပညာကွေ့ သင်တဲ့အခါ အသိဉာဏ်မပါလျှင် ဘယ်မှာခရီးရောက် တိုးတက်နိုင်ပါ့မလဲ၊ အသိဉာဏ်ရှိမှ အသိဉာဏ်တိုးတက်အောင်လုပ်မှ ဆိုင်ရာအတတ်ပညာဟာ တိုးတက်အောင်မြင်နိုင်ပါတယ်၊ စီးပွားရေးမှာလည်း ဒီပညာဟာ မရှိမဖြစ်ပါဘဲ၊ ကုန်သွယ်လယ်လုပ်စသော ဆိုင်ရာမိမိလုပ်ငန်းတွင် ကျွမ်းကျင်နားလည်တဲ့ အသိဉာဏ် လိုပါတယ်၊ အသိဉာဏ်ကျွမ်းကျင်မှုမရှိယင် လုပ်ငန်းတိုးတက်မှု မဖြစ်နိုင်ပါဘူး၊ ခုခေတ် သိပ္ပံပညာတွေ ထွန်းကားနေတော့ ဒီလုပ်ငန်းတွေမှာလည်း သိစရာ နားလည်စရာတွေက မဆုံးနိုင်အောင်ပါဘဲ၊ ဒီတော့ စီးပွားရေးမှာ တိုးတက်လိုသူတိုင်းဟာ– ဒီပညာ ဒီအသိတွေကို ကိုးတက်ဖြည့်ဆည်းပူးနေကြရမှာပါဘဲ၊ကျန်းမာရေးမှာလည်း အသိဉာဏ်က လိုလျက်ပါဘဲ။

ဇီဝံ ပညာယ ရက္ခေယျ -၊ အသက်ဉာဏ်စောင့် ဆိုတာလို ကျန်းမာရေး အသိဉာဏ်ရှိမှ ကျန်းမာရေး ကောင်းအောင် ထိန်းထားနိုင်ပါတယ်။ အခန့်မသင့်လို့ မကျန်းမာလျှင်လည်း အသိဉာဏ်ရှိမှ ကျန်းမာအောင်ပြုပြင်နိုင်တယ်၊နိုင်ငံ့ရေးမှာလည်း ဒီပညာ ဒီအသိဟာ အရေးကြီးလှပါတယ်၊ နိုင်ငံ့ရေးမှာ အသိဉာဏ် မရှိကြယင် မိမိတို့နိုင်ငံရေးဆောင်ရွက်မှုကြောင့် တိုင်းပြည်မှာ ဒုက္ခရောက်ရပါတယ်၊ နိုင်ငံရေးအသိရှိမှ တိုင်းပြည်တိုးတက်သာယာအောင် တိုင်းသူ ပြည်သားတွေ ချမ်းသာအောင် ရွက်ဆောင်နိုင်ပါတယ်၊ ဒါ့ကြောင့် ဒီပညာ ဒီအသိဟာ အရေးကြီးလှပါတယ်။ ပုခက်ထဲက သခ္ခါင်းကျအောင်ဆိုတာလို တစ်သက်လုံး ဆည်းပူးသော်လည်း ပြည့်နိုင်တယ် ကုန်နိုင်တယ် မရှိလေတော့ ဒီပညာတွေ ဖတ်ရင်း ကြံရင်း လုပ်ရင်း လေ့လာရင်း သင်ကြားရင်း နာခံရင်းနဲ့ အမြဲတမ်း ဆည်းပူးနေရမှာသာ ဖြစ်ပါတယ်။ ဒီလို ဆည်းပူး အားဖြည့်ပေးယင် ပညာဟာ ဘစ်ဆင့်ထက်တစ်ဆင့် မြင့်လာ တိုးတက်အောင်မြင်လာမှာ မလွဲပါဘူး။

ဝိရိယသမ္မောဇ္ဈင်

ဝိရိယသမ္မောဇ္ဈင်ဆိုတာ ဝိရိယပါဘဲ၊ လုံ့လ ခေါ်ကြတဲ့ ကြိုးစားမှု၊ အားထုတ်မှုကို ဆိုပါတယ်၊ဒီလုံ့လ ဝိရိယကလည်း အလွန်ဘဲ အရေးပါတဲ့တရားပါဘဲ၊ယခင် ပညာရေး၊စီးပွားရေး စသည်မှာ မပါမပြီးထဲကပါဘဲ၊ လောကမှာ တိုးတက်နေတဲ့ သူတွေ တိုးတက်နေတဲ့ အရာဝတ္ထုတွေဟာ ဝိရိယရဲ့အကူအညီကြောင့် ရတဲ့ အကျိုး အာနိသင်တွေပါဘဲ၊ သတိ ပညာ

ရှိဦး ဝိရိယမရှိလျှင် မတိုးတက်နိုင်ပါဘူး။ လောကဓာတ်သိပ္ပံ ပညာတွေဟာ အုံ့မခန်း တိုးတက်နေပါတယ်၊ ထိုထိုအရာတွေ ဖြစ်မြောက်မှုမှာ သိပ္ပံပညာ သိရုံနဲ့ တင်းတိမ်နေယင် ယခုလို တိုးတက်ဖြစ်မြောက်မှာ မဟုတ်ပါဘူး၊ မိမိတို့ရဲ့ အသိပညာ အသုံးချပြီး ဇဲသန်သန်ထား ကြိုးစားအားထုတ် လုပ်ခဲ့ကြလို့ အုံ့မခန်းဖယ်ရာ ဖြစ်မြောက်နေတဲ့ အရာဝတ္ထုတွေပါ။

ဝိရိယရှိသူမှာ တက်တက်ကြွကြွ နှိုးနှိုးကြားကြား အားမာန်အပြည့်နဲ့၊ ဝိရိယရဲ့ ဆန့်ကျင်ဘက် အပျင်းသမားကတော့ တွန့်တွန့်ဆုတ်ဆုတ် ကုပ်ကုပ်ရုံ့ရုံ့နဲ့ ဒီအခြင်းအရာ နှစ်မျိုးကပင် အောင်မြင်မယ်အသင့်၊ ဆုတ်ယုတ် အောက်ကျမယ့် အသင့် ပြနေခဲ့ပါတယ်၊ ဝိရိယဟာ လူ့ဘဝရဲ့ အသက်လို့ ဆိုရလောက်အောင် အရေးပါလှပါတယ်၊ ဒါကြောင့် ကိစ္စတိုင်း လုပ်ငန်းတိုင်း အရေးအရာတိုင်းမှာ မဖြစ်သေးတဲ့ ဝိရိယ ဖြစ်လာအောင် ဖြစ်ပြီးတဲ့ဝိရိယ တိုးတက်လာအောင် ပွားများ ပေးဖို့က လူချင်းတူကို သူချင်းမျှမျှ ဖြစ်လိုသူတိုင်း သူ့ထက် ကဲကာ အသာရလိုသူတိုင်းရဲ့ တာဝန်တစ်ရပ်ဘဲဆိုတာ ထင်ရှားမှုပါတယ်။

ပီတိသမ္ဗောဇ္ဈင်

ပီတိသမ္ဗောဇ္ဈင်က ပီတို့ နှစ်သက်မှုပါဘဲ၊ ကိုယ့်အလုပ် ကိုယ့်ကိစ္စမှာ နှစ်သက်အားရမှု မရှိတဲ့သူဟာ ထိုအလုပ်မှာ စိတ်မပါ မဝင်စား၊ ဟိုးပွားအောင်မြင်အောင် မလုပ်နိုင်ပါဘူး၊ အလုပ်မှာ နှစ်သက်အားရကျေနပ်နေမှ အောင်မြင်အောင်လုပ်နိုင်ပါဟယ်၊ တချို့အလုပ်က ပင်ပန်းပေမယ့် သီချင်းတကြော်ကြော်နဲ့

ပျော်ပျော်ကြီး လုပ်နေတာတွေ့ရတာ အလုပ်မှာ နှစ်သက်မှု ပီတိဖြစ်နေလို့ပါဘဲ၊ သတိလည်းကောင်း၊ ပညာလည်းကောင်း ဝီရိယလည်း သန်နေရင် အလုပ်မှာ ကျေနပ်မှုပီတိဆိုတာကလည်း ဖြစ်မြဲပါဘဲ။ လူ့လောက တာဝန်တွေ ဆောင်ရွက်ရာမှာ ပီတိဟာလည်း အရေးကြီးပါတယ်။ ဒီ ပီတိပွားများမှု အလုပ်မှာ ကျေကျေနပ်နပ် အားရပါးရ လုပ်နိုင်ပြီး အလုပ်ထမြောက် အောင်မြင်မှာမို့ ပီတိကိုလည်း တိုးပွားအောင် ကြိုးစားသင့်ပါတယ်။

ပဿဒ္ဓိသမ္ဘောဇ္ဈင်

ပဿဒ္ဓိသမ္ဘောဇ္ဈင်က ပဿဒ္ဓိတရားပါဘဲ၊ ပဿဒ္ဓိဆိုတာ ကိုယ်စိတ်ငြိမ်းချမ်းမှု ပီတိဖြစ်နေယင် ကိုယ့်အလုပ်ထဲ နှစ်သက်အားရနေယင် ပဿဒ္ဓိငြိမ်းချမ်းမှုဟာ ရလာစမြဲပါဘဲ၊ ပဿဒ္ဓိငြိမ်းအေးမှုရဲ့ ဆန့်ကျင်ဘက်က စိတ်ပူပန်မှု၊ စိတ်ပူပန်မှုရှိယင် ကိုယ်လည်းပူပန်နေတာပါဘဲ၊ ကိုယ်စိတ်ပူပန်နေယင် အလုပ်တွင် စိတ်မပါမတွင်ကျယ်၊ စိတ်ငြိမ်းချမ်းနေယင် ချွေးတွေသံတွေနဲ့ ပင်ပန်းတဲ့အလုပ် လုပ်နေရပေမယ့် ကိုယ်လည်းငြိမ်းချမ်းလျက်ပါဘဲ၊ ဒါ့ကြောင့် တချို့သီချင်းတကြော်ကြော်နဲ့ ပျော်ပျော်ကြီး အလုပ်လုပ်နိုင်ကြတာ။ ဒီတော့ လောကရေးရာမှာ ကိုယ့်ဝန်တာ ကိုယ့်လုပ်ငန်း ကိုယ့်ဂိစ္စတွေမှာ ဒီ ပဿဒ္ဓိ-ငြိမ်းချမ်းမှုဟာလည်း ပွားဖို့မျှားဖို့ အားရှိနေဖို့ အရေးကြီးလို့ ပွားပေးရမယ့် တရားတစ်ခုပါဘဲ။

သမာဓိသမ္မောဇ္ဈင်

သမာဓိသမ္မောဇ္ဈင်က သမာဓိ၊ သမာဓိဆိုတာ ဧကဂ္ဂတာ ခေါ်တဲ့ တစ်ခုတည်းသော အာရုံရှိမှုပါဘဲ၊ အာရုံတစ်ခုတည်းမှာ မိမိစိတ်ခိုင်မြဲစွာထားမှု၊ ဒါကို တည်ကြည်မှုလို့ ခေါ်ပါတယ်၊ လောကအလုပ် တာဝန်ကိစ္စတွေမှာ ဒီသမာဓိဟာလည်း မပါမဖြစ်၊ သမာဓိနဲ့ဆန့်ကျင်ဘက်က ပျံ့လွင့်မှု မတည်ကြည်မှု၊ စိတ်ပျံ့လွင့်နေသူမှာ ပညာရေးမှာ အရာရောက်အောင် လုပ်နိုင်ပါ့မလား၊ ပညာနဲ့ သမာဓိကလည်း ဖက်မိဖို့အရေးကြီးပါတယ်။ စီးပွားရေး ဖြစ်တဲ့ ထိုထိုလုပ်ငန်းတွေမှာလည်း စိတ်ပျံ့လွင့်နေသူ ကိုယ့်အလုပ်ထဲ စိတ်မဝင်စားသူဟာ လုပ်ငန်းတွေ တိုးတက်အောင် မ လုပ်နိုင်ပါဘူး၊ ကိုယ့်အလုပ်ထဲ စွဲမြဲတည်နေတဲ့ သမာဓိရှိမှ လုပ်ငန်းဟာ ကောင်းစွာထမြောက်နိုင်ပါတယ်။ ကျန်းမာရေး နိုင်ငံရေး စသောဘယ်အရေးမှာဖြစ်ဖြစ် သမာဓိကတော့ ဖြစ်ရမယ့် ပွားရမယ့် တရားတစ်ခုဖြစ်ကြောင်း ထင်ရှားလှပါတယ်၊ တကယ်တော့ ယခင် သတိလည်းကောင်း၊ ပညာကလည်းကောင်း၊ ဝီရိယကလည်းကောင်းလို့ ပီတိ ပဿဒ္ဓိတွေဖြစ်နေယင် သမာဓိလည်း ကောင်းလာတာပါဘဲ၊ စိတ်ငြိမ်းချမ်းမှုဟာ သမာဓိဖြစ်ခြင်းအကြောင်းပါဘဲ၊ ဒီတော့ လောကရေးရာအဖြားဖြားမှာ သမာဓိဟာလည်း အရေးကြီးလို့ သမာဓိရအောင် သမာဓိတွေ အဆက်ဆက်တိုးပွားအောင် ပွားများနေလျှင် အောင်မြင်တော့တာပါဘဲ။

ဥပေက္ခာသမ္မောဇ္ဈင်

ဥပေက္ခာသမ္မောဇ္ဈင်ဆိုတာက ဥပေက္ခာ – လျစ်လျူရှုမှု၊ လျစ်လျူရှုမှုဆိုတာ အလုပ်မလုပ်ဘဲနေတာကို ပြောတာမဟုတ်ပါဘူး၊ အလုပ် လုပ်တဲ့အခါ ဟိုဘက်သည်ဘက်မကျအလယ်ကနေတဲ့သဘောပါဘဲ။ ခုံစ်ခြင်းဘက်လည်းမကျ မုန်းခြင်းဘက်လည်းမကျ အလယ်ကျကျ ဖြစ်တဲ့သဘောကိုလည်း ဥပေက္ခာဆိုပါတယ်၊အလုပ်ကို ရှောင်လွဲ တချစ်ထဲချစ်နေယင် အချစ်ဘက်ချည်းလိုက်နေယင် ကိုယ့်အလုပ်ပျက်ကြောင်း တစ်ခုဘဲ၊တင်ပါးသူ တစ်ပါးဝတ္ထုကို မုန်းနေ ရှုံ့နေ စက်ဆုပ် နေ ယင် လည်း အလုပ်ရဲ့ အနှောင့်အယှက်တစ်ခုပါဘဲ၊ ဒီတော့ မမုန်း မချစ် လျစ်လျူရှုတဲ့တယင် ဆိုင်ရာအလုပ်မှာ ချောမောအောင်မြင်နိုင်ပါတယ်၊ ဒါကြောင်မက သတိ ပညာကလည်းကောင်း ဝိရိယကလည်းသန် ပီတိ ပဿဒ္ဓိ သမာဓိတွေလည်း ဖြစ်နေတဲ့အခါ အလုပ်ကျွမ်းကျင် ကောင်းကောင်းလည်းလုပ်တော့ အလုပ်ဟာ သွက်သွက်လက်လက် သက်သက်သာသာနဲ့ သူ့ဟာသူ လုပ်သွားသလို ဖြစ်နေပါတယ်။ အဲဒီလိုအခါမှာ တွန့်တိုမှု ဆုတ်နစ်မှု ပျံ့လွင့်မှုတွေ မဖြစ်ဖို့ ကြောင့်ကြမဈိုက်ရဘဲ အသာမျှောလိုက်နေရသလိုဖြစ်တဲ့ လျစ်လျူရှုမှုဟာလည်း ဥပေက္ခာပါဘဲ၊ အဲဒီ ဥပေက္ခာကလည်း အလုပ်ကိစ္စ တိုးတက်တဲ့ အောင်မြင်တဲ့ သဘော ပြနေလို့ လိုလားအပ် ပွားမျှားအပ်တဲ့ သဘောပါဘဲ၊ ကဲ.... ဒီမျှဆိုရင် ဗောဇ္ဈင်တရားကွေ့ဟာ လောကရေးရာ အဖြောဖြောမှာ မဆုတ်ယုတ်ကြောင်း တိုး တက် ကြောင်း မို့ ပွားမျှားထိုက်တယ်၊ အမြဲဖြစ်နေအောင် ကြိုးစားသင့်တယ် ဆိုတာ သဘောပေါက်လောက်ပါပြီ။

ဗောဇ္ဈင်ဖျက်တရားများ

ယခု ဗောဇ္ဈင်ဖျက်တရားတွေ ပြောရဦးမယ်၊ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားစေယင် လောကမှာ တိုးတက်နိုင်သလို ဗောဇ္ဈင်ဖျက်တရားတွေ ဖြစ်စေယင်လည်း သတိ စသောတရားတွေ ပျက်တော့တဲ့မို့ လောကမှာ ဆုတ်ယုတ်မှု လုပ်ငန်းဆောင်ဘာ ပျက်စီးမှုနဲ့ ကြုံရမှာပါဘဲ၊ အဲဒီ ဗောဇ္ဈင်ဖျက်တရားတွေက နိဝရဏတွေ၊ နိဝရဏဆိုတာ တားမြစ်တတ်တဲ့တရားလို့ အနက်ရတော့ သတိ စသော တရားကောင်းများ မဖြစ်ပွားအောင် တားဆီးတတ်လို့ လောကကြီး ပွားရေး တားမြစ်တတ် ဖျက်ဆီးတဲ့တ်တဲ့ တရားတွေပါဘဲ၊ ပထမ ကာမစ္ဆန္ဒနိဝရဏတဲ့၊ ကာမတရား ဝတ္ထုအာရုံတို့၌ မက်မောတပ်မက်ဘတ်တဲ့ တဏှာတရားပါဘဲ၊ ကာမ ဘုံသားတို့မှာ ကာမဆိုတာ မကင်းနိုင်ဘူးပေါ့၊ သို့သော် ဖြစ်သင့်တာထက် ပိုလာလျှင်တော့ ကာမဝတ္ထုတွေနောက် တကောက်ကောက် လိုက်ပါနေတာနဲ့ ပညာရေး စီးပွားရေး ကျန်းမာရေး နိုင်ငံရေးစသောလောကအရေးတွေမှာ ဘယ်အရာမှ ထမြောက်နိုင်တော့မှာမဟုတ်၊ ဒီတော့ ကာမစ္ဆန္ဒနိဝရဏဟာ လောကကြီးပွားရေးတားမြစ်တတ်တဲ့ တရားတစ်ခုပါဘဲ။

နောက်တစ်ခုက ဗျာပါဒနိဝရဏတဲ့၊ ဒေါသတရားပါဘဲ၊ ဒီ ဒေါသတရား ဖြစ်နေလျှင်လည်း "ဒေါသော အတ္ထံ နဇာနာတိ" အရ ကိုယ့်ကျိုး ကိုယ့်စီးပွား မသိနိုင် မမြင်နိုင် ဖြစ်ကာ လောကကြီးပွားရေး တိုးတက်ရေးပျက်တော့မှာပါဘဲ၊ နောက် ထိနမိဒ္ဓတဲ့၊ တွန့်တိုဆုတ်နစ် ပျင်းရိအိပ်ချင်ငိုက်မျည်း

တတ်တဲ့တရား။ ဒီတရားက- ဝိရိယဖျက်တရား၊ ဝိရိယဖျက်မှ ဟော့ ပညာသတိ စသည်လည်း ပျက်တော့မှာဘဲ၊ ဒီတော့ ဝိရိယ ပညာ သတိ ဘမာဓိတွေနဲ့သာ တိုးတက်အောင်မြင်နိုင်တဲ့ လောကကြီးပွားတိုးတက်ရေးမှာ ဒီ ထိ နမိ ဒ္ဓ ဟာ အတားအဆီး တစ်ရပ်ပါဘဲ။

နောက်တစ်ခုက ဥဒ္ဓစ္စကုက္ကုစ္စတဲ့၊ စိတ်ပျံ့လွင့်မှု နောင်တပူပန်မှုတရား နှစ်ခုပေါင်းပြီး တစ်ခုတည်း ပဋ္ဌာန်းတယ်။ စိတ်ပျံ့လွင့်နေမယ်၊ ပြုခဲ့မိတဲ့မကောင်းမှု အလုပ်အတွေ့အတွက် တွေးဆ နောင်တပူပန်နေမယ်ဆိုယင်ဖြင့် အလုပ်မှာ သမာဓိမရ၊ ဝိရိယ၊ ပညာ၊ သတိလည်း ဖြစ်ခွင့်မရ၊ ဒီလိုဖြစ်နေယင် လောကဘယ်ကိစ္စ ဘယ်အလုပ်မှာ အောင်မြင်နိုင်ပါ့မလဲ၊ လုပ်ငန်းဖျက်တရားတစ်ခု ပါဘဲ၊ နောက်တစ်ခုက ဝိစိကိစ္ဆာ၊ ကိုယ့်အလုပ်အသေအချာ ဖြစ်မြောက်ရမယ်၊ အောင်မြင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ရှိနေသူမှာ ဘယ်အလုပ်မှာမှ တွန့်တို ဆုတ်နစ်မှာ မဟုတ်၊ အားကြိုးမာန်တက် လုပ်မှာပါဘဲ၊ ဒီလိုမဟုတ်ဘဲ ကိုယ့်အလုပ်ဟုတ်မှုဟုတ်ပါ့မလား၊ ဒီအလုပ်ဟာ တိုးတက်မယ့် အလုပ်ဟုတ်ရဲ့လား စသည်ဖြင့် သံသယတွေ ဒိဋ္ဌိတွေ ဖြစ်နေယင် အလုပ်မှာ စိတ်မပါ တွန့်တိုဆုတ်နစ် အလုပ် မအောင်မြင်၊ ဒီတော့ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားသံသယဟာ အလုပ် တိုးတက်ကြောင်း ဖျက်တဲ့ အဖျက်တရား တစ်ခုပါဘဲ။

ဉာဏ်တိုး ဉာဏ်တုံးတဲ့ တရား

အဲဒီတော့ ဗေဒင်္ဂတရားတွေ လက်ကိုင်ထား ပွားများစေယင် လောကမှာ တိုးတက်အောင်မြင်မယ်၊ နိဝရဏတရား

တွေ့ ဖြစ်ပွားစေယင် ဆုတ်ယုတ်မယ်၊ ပျက်ပြားမယ်ဆိုတာ ရှင်းလောက်ပါပြီ။ အထူးသဖြင့် ဗောဇ္ဈင်တရားတွေ့ ဖြစ်စေ ပွားစေယင် လောကရေးမှာဘဲ ဖြစ်ဖြစ်၊ ဓမ္မရေးမှာဘဲ ဖြစ်ဖြစ် ဉာဏ်အဆင့်ဆင့် ဖြစ်လာ ရင့်လာ တိုးတက်လာမှာ အမှန်ပါဘဲ၊ အဲ....နိဝရဏ တရားတွေ ဖြစ်ပွားစေယင်တော့ ဉာဏ်တွေ့တုံးပြီး ဆုံးရှုံးမှု တွေ့ရမှာပါဘဲ။

အဘယသုတ် အချုပ်

ဒီနေရာမှာ အလျဉ်းသင့်လို့ မဟာဝဂ္ဂသံယုတ်လာ အဘယ သုတ်ကို အချုပ်မျှ ပြောရဦးမယ်။ တစ်ခါက ရှင်တော် မြတ်ဘုရား ဂိဇ္ဈကူဋ်တောင်မှာ သီတင်းသုံးတော်မူခိုက် အဘယ မင်းသား ဘုရားရှင်ထံတော်မှောက် ရောက်လာပြီး လျှောက် ထားတယ်။ မြတ်စွာဘုရား — ပူရဏကဿပက မသင်ခြင်း မမြင်ခြင်း ဖြစ်ဖို့ရာ ဘာအကြောင်းမှ မရှိ၊ အကြောင်းမရှိဘဲ သူ့ဘာသာ မသိမမြင်တာသာ ဖြစ်တယ်၊ သိခြင်း မြင်ခြင်း ဖြစ်ဖို့လည်း ဘာအကြောင်းမျှမရှိ၊ အကြောင်းမရှိဘဲ သူ့ ဘာသာ သိလာမြင်လာတာဘဲ၊ ဒီလိုဆိုပါတယ်။

ဒီအချက်မှာ ရှင်တော်ဘုရား ဘယ်လိုမျှား မိန့်တော်မူပါ သလဲ ဘုရား၊ ဒီလိုမေးလျှောက်ဘဲ့အာဂါ ရှင်တော်မြတ်ဘုရားက မသိဖို့ မမြင်ဖို့ အကြောင်းရှိကြောင်း အကြောင်းရှိလို့သာ မသိမှု၊ မမြင်မှု ဖြစ်ရကြောင်း သိဖို့မြင်ဖို့ရာမှာလည်း အကြောင်း ရှိကြောင်း အကြောင်းရှိလို့သာ သိမှု၊ မြင်မှု ဖြစ်ရကြောင်း မိန့်တော်မူပါတယ်။

ဒီတော့ အဘယမင်းသားက မသိဖို့ မမြင်ဖို့ရာ အကြောင်းက ဘာပါလဲ၊ ဘယ်ပုံအကြောင်းရှိလို့ မသိမှု မမြင်မှု ဖြစ်ရပါသလဲလို့ မေးလျှောက်ပြန်တယ်၊ ဘုရားရှင် ဖြေဆို မိန့်ကြားတော်မူချက်ကို အချုပ်အားဖြင့် ပြောရယင် ကာမရာဂ ထကြွတဲ့စိတ် ကာမရာဂ ကပ်ပါနေတဲ့ စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင် အဲဒီလိုအခါမျိုး ရှိတတ်တယ်၊ အဲဒီလို ကာမရာဂစိတ်လည်းဖြစ်နေ ထို ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိမမြင်မှုဟာ မသိဖို့ မမြင်ဖို့ အကြောင်းဘဲ၊ ဒီနည်းဖြင့် အကြောင်းရှိလို့ မသိမမြင်ခြင်း ဖြစ်ရတာဘဲ၊ ဗျာပါဒဆိုတဲ့ ဒေါသထကြွတဲ့စိတ် ဒေါသကပ်ပါနေတဲ့ စိတ်နဲ့ နေမယ်၊ ထိုဗျာပါဒရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင် ငိုက်မျဉ်းအိပ်ချင်ထိုင်းမှိုင်း တွန့်ဆုတ်တဲ့ ထိန်မိုဒ္ဓထကြွတဲ့စိတ် ထိန်မိုဒ္ဓကပ်ပါနေတဲ့စိတ်နဲ့ နေမယ်၊ ထိုထိန်မိုဒ္ဓရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင် ပျံ့လွှင့်မှု ဥဒ္ဓစ္စ၊ နောင်တပူပန်မှု ကုက္ကုစ္စ၊ ထကြွ ပူးကပ်တဲ့စိတ်နဲ့ နေမယ်၊ ထိုဥဒ္ဓစ္စ ကုက္ကုစ္စရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင်; ယုံမှားသံသယဖြစ်မှု၊ ဝိစိကိစ္ဆာ ထကြွ ပူးကပ်တဲ့စိတ်နဲ့ နေမယ်၊ ထိုဝိစိကိစ္ဆာရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်းမသိမမြင်၊ အဲဒီလိုအခါတွေ့ရှိတတ်တယ်။ အဲဒီလို ဗျာပါဒ ထိန်မိုဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာတို့လည်း ဖြစ်နေ ထိုတရားတွေရဲ့ ထုက်မြောက်ကြောင်းကိုလည်း မသိမှုဟာ မသိဖို့ မမြင်ဖို့ အကြောင်းဘဲ၊ ဒီနည်းဖြင့် မသိမှု မမြင်မှု ဖြစ်ရကြောင်းများ မိန့်တော်မူခဲ့ပါတယ်။

ရှင်းလင်းချက်

ဒီနေရာမှာ ကာမရာဂစသော နိဝရဏတို့၏ ထွက်မြောက်ကြောင်း မသိဆိုရာမှာ ထိုနိဝရဏတွေရဲ့ ထွက်မြောက်ကြောင်းဆိုတာ ဗောဇ္ဈင်တရားတွေပါဘဲ။ ကာမရာဂစသည်မှ ထွက်မြောက်ကြောင်းဗောဇ္ဈင်တရားတွေကိုသိယင်ပဌားယင် ကာမရာဂဟာ ဖြစ်မလာပါဘူး။ ဖြစ်နေတဲ့ကာမရာဂဟာလည်း ရှောင်ပြေးမှာပါဘဲ၊ အခုတော့ ဗောဇ္ဈင်တရား မသိမပဌား၊ မပဌားတော့ ကာမရာဂ စသည်က ဖြစ်မြဲဖြစ်နေ၊ ဖြစ်နေတော့ အသိဉာဏ်ဝိဇ္ဇာ ပေါ်မလာ၊ မသိမှုမောဟသာ ဖြစ်နေတော့တာပါဘဲ၊ ဒါ့ကြောင့် နိဝရဏများဟာ ဧမောဟဆိုတဲ့ မသိခြင်း မမြင်ခြင်း ဖြစ်ဖို့အကြောင်းတွေလို့ မိန့်တော်မူခြင်း ဖြစ်ပါတယ်။

ဒီလို မိန့်တော်မူတဲ့အခါ အဘယမင်းသားက ဒီ တရားဒေသနာအမည်က ဘာပါလဲဘုရားလို့ မေးလျှောက်တယ်။ ဒါတွေဟာ နိဝရဏ အမည်ရှိတဲ့ တရားတွေဘဲ မင်းသားလို့ မိန့်ကြားတဲ့အခါ ဘုန်းတော်ရှင် မြတ်စွာဘုရား– တကယ်ဘဲ နိဝရဏတွေပါဘဲ၊ စကားကောင်းကို မိန့်ဆိုတတ်တဲ့ ရှင်တော်ဘုရား -- တကယ့်ကို အသိဉာဏ်တားမြစ် ပိတ်ပင်တတ်းတဲ့ နိဝရဏတရားတွေပါဘဲ၊တစ်ခုတစ်ခုသောနိဝရဏဖြင့် အလွှမ်းမိုးခံရသူမှာပင် ဟုတ်တိုင်းမှန်စွာ မသိနိုင်ရုပါ။ ငါးပါးလုံး အလွှမ်းမိုးခံရသူမှာတော့ ပြောစရာ မရှိတော့ပါ ဘုရားလို့ အားရပါးရ လက်ခံလျှောက်ထားခဲ့ပါတယ်။

ဒီနောက်ဆက်လက်လျှောက်ထားပြန်တာက မြတ်စွာဘုရား-သိခြင်း မြင်ခြင်း ဖြစ်ဖို့အကြောင်းက ဘာပါလဲ၊ ဘယ်ပုံ

အကြောင်းရှိတဲ့ သိခြင်း မြင်ခြင်း ဖြစ်ပါသလဲ၊ ဒီအခါ ဗောဇ္ဈင်ခုနစ်ပါး ပွားများရေးကို ဟောတော်မူတယ်၊ အချုပ်က ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ကိုလေသာကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှုကို မှီသော ကိုလေသာစွန့်ဖို့ နိဗ္ဗာန်သို့ ပြေးဝင်ဖို့ ရင့်ဆဲ ရင့်ပြီး ဖြစ်သော သတိသမ္မောဇ္ဈင်ကို ပွားစေတယ်၊ ထို့ကဲ့သို့ သဘောရှိသော ဓမ္မဝိစယ၊ ဝိရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ သမ္မောဇ္ဈင်ကို ပွားစေတယ်၊ အဲဒါ သိခြင်း မြင်ခြင်းဖြစ်ဖို့ အကြောင်းဘဲ၊ ဒီနည်းဖြင့် သိခြင်း မြင်ခြင်း အကြောင်း ဖြစ်ရတယ်။

ဒီလို အသိဉာဏ်ဖြစ်ခြင်းအကြောင်း ဗောဇ္ဈင်ခုနစ်ပါးတရားတွေကို ဟောတော်မူတဲ့အခါ ဒီတရားဒေသနာတော်အမည်က ဘာပါလဲဘုရားလို့ မေးလျှောက်ထားခဲ့တယ်၊ ဒါတွေဟာ ဗောဇ္ဈင်မည်တဲ့ တရားတွေဘဲ မင်းသားလို့ ဘုရားရှင်က ဖြေကြားတော့ ဘုန်းတော်ရှင်ဘုရား— တကယ်ဘဲ ဗောဇ္ဈင်တွေပါဘဲ၊ စကားကောင်းကို မြှက်ဆိုတတ်တဲ့ ရှင်တော်ဘုရား— တကယ်ကိုဘဲ အသိဉာဏ်ဖြစ်ကြောင်း ဗောဇ္ဈင်တွေပါဘဲ၊ တစ်ပါး ပါးသော ဗောဇ္ဈင်တရားဖြင့်ပင် ဟုတ်တိုင်းမှန်စွာ သိနိုင်မြင်နိုင်ပါတယ်၊ ခုနစ်ပါးလုံးဖြင့်ဆိုလျှင် ပြောစရာပင် မရှိတော့ပါ၊ရှင်တော်မြတ်ဘုရား....ဂိဇ္ဈကူဋ်တောင် တက်ခဲ့ရလို့ ဖြစ်တဲ့ တပည့်တော်ရဲ့ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှုတွေဟာ ပြိမ်းခဲ့ရပါပြီ၊ သစ္စာလေးပါး တရားလည်း သိခဲ့ရပါပြီလို့ လျှောက်ထားခဲ့ပါတယ်။

ဒီ အဘယမင်းသားဟာ ရှေးက နိဂဏ္ဌ တွေထံ ဆည်းကပ်လေ့ရှိပါတယ်၊နိဂဏ္ဌနာဋပုတ္တက ပြဿနာမေးခိုင်းလို့ ဘုရားရှင်

ကို ပြဿနာမေးလျှောက်တဲ့အခါ- ဘုရားရှင်၏ ဆန်းကြယ်တဲ့ တရားစကား ကြားရနာရလို့ ဥပါသကာအဖြစ် ရောက်ရှိခဲ့ပါတယ်၊ ဥပါသကာအဖြစ် ရောက်ရှိတော့လည်း မကြာမကြာ တရားနာ တရားနှလုံးသွင်းနဲ့ ရင့်ကျက်တဲ့ ဓာတ်ခံကလေးတွေ ရှိနေမှာပါဘဲ၊ အဲဒီတရား အထုံရှိနေလို့ဘဲ ဒီ အဘယသုတ္တန် နာခံရတဲ့အခါ ကိုယ့်သန္တာန်မှာ ဗောဇ္ဈင်တရားတွေ အပြည့်အစုံ ဖြစ်ကာ သောတာပတ္တိမဂ်ဖိုလ် ဆိုက်သွားခြင်း ဖြစ်ပါတယ်။ အဘယမင်းသား သောတာပန်ဖြစ်သွားတဲ့ တရားနဲ့စပ်လို့ ကျမ်းဂန်များမှာ အဆို အမျိုးမျိုးဘဲ ကွဲပြားလျက် ရှိနေပါသေးတယ်။

သင်္ဂါရဝသုတ္တန်

ကဲ....ဒီတော့ ဒီဗောဇ္ဈင်တရားတွေ လက်သုံးပြု နေ ယင်လောက အတတ် ပညာသင်ရာ စာပေသင်ရာ လေ့လာရာတို့၌ အမြင်ထက်သန် ဉာဏ်တိုးပွားမည်ဖြစ်၍ နိဝရဏတရားတွေ ဖြစ်နေယင် အမြင်တိုး ဉာဏ်တိုး ဖြစ်မည်ဖြစ်ကြောင်း သိသာရန် မဟာဝဂ္ဂ ဗောဇ္ဈင် သံယုတ်လာ သင်္ဂါရဝသုတ္တန် အဆိုအမိန့်ကို လေ့လာကြပါဦးစို့။

ရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတ ဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူခိုက် သင်္ဂါရဝပုဏ္ဏား ဘုရားမြတ်ထံ လာရောက်လျှောက်ထားတယ်၊ အရှင်ဂေါတမ.... တစ်ရံတစ်ခါ ရက်အတန်ကြာအောင် ရွှတ်အံထားတဲ့ ဝေဒတွေဟာ မထင်လာ မပေါ်လာဘဲရှိပါတယ်၊ မရွှတ်မအံ ပစ်ထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိပါ။ တစ်ရံတစ်ခါတော့ ရက်အတော်ကြာ မရွှတ်

မအံ့ဖွယ်ထားတဲ့ဝေဒတော့ပင်ထင်လာပေါ်လာတယ်၊ ရှုတ်အံ့ထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိပါ၊ ဒီလိုဖြစ်ရတာ အကြောင်းဘယ်သို့ ရှိပါသလဲ၊ ဒီအမေးကို ဘုရားရှင်က အကျယ်ဖြေတော်မူပါတယ်။ ဒီတော့ ဘုရားရှင်အဖြေအတိုင်း အကျယ်မပြောတော့ဘဲ ထိုအဖြေမှဆိုလိုရင်းကို ချုပ်ပြီး ထုတ်ပြပါတော့မယ်။

ရေခွက်ဟာ ချိပ်၊ နန္ဒင်း၊ မဲရွက်၊ ထန်းကျင့် တစ်ခုခုနဲ့ ရောနှောနေယင် မျက်စိအမြင်ရှိတဲ့ ယောကျ်ားဟာ ထိုရေခွက်ထဲ မိမိမျက်နှာရိပ်ကြည့်ဘဲ့အခါ အရှိအမှန်အတိုင်း မသိနိုင်၊ မမြင်နိုင်သလို ကာမရာဂ ထကြွကပ်ပါနေတဲ့ စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် အဲဒီအခါမှာ မိမိအကျိုးလည်း မသိ၊ သူတစ်ပါးအကျိုးလည်း မသိ၊ မိမိသူတစ်ပါး အကျိုး နှစ်ပါးစုံလည်း မသိ၊ ဒီလိုအခါမျိုးမှာ ရက်အတော်ကြာ လေ့လာ ရှုတ်အံ့ထားတဲ့ ဝေဒတွေပင် မထင်လာမပေါ်လာနိုင်တော့ မရှုတ်မအံ့ပစ်ထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိ။

ထိုကဲ့သို့ ချိပ်၊ နန္ဒင်း စသည်ဖြင့် ရောမနေတဲ့ ရေခွက်ထဲမှာ ကြည့်ယင် မိမိ မျက်နှာရိပ်ကို အရှိအတိုင်း အမှန်အတိုင်း သိရ မြင်ရသလို ကာမရာဂ မထကြွ မကပ်ပါတဲ့ စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း သိမယ်ဆိုယင် ထိုအခါမျိုးမှာ မိမိအကျိုးလည်းသိ၊ သူတစ်ပါးအကျိုးလည်းသိ၊ မိမိသူတစ်ပါး အကျိုးနှစ်စုံလည်းသိ၊ ဒီလိုအခါမျိုးမှာ ရက်အတော်ကြာ မရှုတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေပင်

ထင်လာ ပေါ်လာနိုင်တယ်၊ ရှုတ်အံ့ထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိ။

ရေခွက်ဟာ မီးဖြင့်ပူနေမယ်၊ ကျိုက်ကျိုက်ဆူပွက်နေမယ်၊ အခိုး ချောင်းချောင်း ထနေမယ်ဆိုယင် အဲဒီရေခွက်ထဲ မိမိ မျက်နှာရိပ်ကြည့်တဲ့ ယောကျ်ားဟာ အရှိအမှန်အတိုင်း မသိရ မမြင်ရသလို ဗျာပါဒ ထကြွကပ်ပါနေတဲ့ စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ဗျာပါဒရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် ဒီအခါ ဘာအကျိုးမှမသိ၊ ဒီလိုအခါမျိုးမှာ ရက်အတော်ကြာ ရှုတ်အံ့ထားတဲ့ ဝေဒတွေပင် မထင်မပေါ်လာ၊ မရှုတ်မအံ့ ပစ်ထားတဲ့ ဝေဒကော့ဆိုယင် ပြောစရာမရှိ၊ ထိုကဲ့သို့ မီးဖြင့် မပူ မဆူ မပွက် အခိုးမထတဲ့ သက်သက်ရေခွက်မှာ မိမိမျက်နှာရိပ်ကြည့်တဲ့ ယောကျ်ားမှာတော့ အရှိအမှန်အတိုင်း သိရ မြင်ရသလို ဗျာပါဒ မထကြွ မကပ်ပါတဲ့စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ဗျာပါဒရဲ့ ထွက်မြောက်ကြောင်းကိုလည်း သိမယ်ဆိုယင် အဲဒီအခါမျိုးမှာ အကျိုးအမျိုးမျိုးလည်း သိနိုင်တယ်၊ ရက်အတော်ကြာ မရှုတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေပင် ထင်လာတတ်တယ်၊ ရှုတ်အံ့ထားတဲ့ ဝေဒတွေတော့ ပြောစရာ မရှိ။

မှော်သေး မှော်ကြီးတွေ ဖုံးနေတဲ့ ရေခွက်ထဲမှာ မျက်နှာရိပ်ကြည့်သူဟာ မိမိမျက်နှာရိပ်ကို အရှိအမှန်အတိုင်း မသိမမြင်ရသလို ထိနမိဒ္ဓ ထကြွကပ်ပါနေတဲ့ စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ထိနမိဒ္ဓရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် အဲဒီအခါမှာဘာအကျိုးမှမသိမမြင်၊ ရက်အတန်ကြာ လေ့လာရှုတ်အံ့ထားတဲ့ ဝေဒတွေပင် ထင်မလာ မရှုတ်မအံ့ဘဲ ပစ်ထားတဲ့

ဝေဒတွေဆို ပြောစရာမရှိ၊ ထိုသို့ မဟုတ်ဘဲ မှော်သေး မှော်ကြီး မဖုံး ကြည်နေတဲ့ ရေခွက်မှာ မျက်နှာရိပ်ကြည့်သူဟာ အရှိအမှန် အတိုင်း သိရ မြင်ရသလို ထိုနမိုဒ္ဓ မထကြ မကပ်ပါဘဲ စိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ထိုနမိုဒ္ဓရဲ့ ထွက်မြောက်ကြောင်းကိုလည်း သိမယ်ဆိုယင် အဲဒီအခါမှာ အကျိုးအမျိုးမျိုးလည်း သိနိုင်တယ်၊ အဲဒီလိုအခါမှာ ရက်အတော်ကြာ မရွတ်မအံ ပစ်ထားတဲ့ ဝေဒဘွဲ့ပင် ထင်လာ ပေါ်လာရတယ်၊ ရွတ်အံထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိ။

ရေခွက်ဟာ လေတိုက်လို့ တုန်နေမယ်၊ လှုပ်ရှားနေမယ်၊ လှိုင်းထနေမယ်ဆိုယင် အဲဒီရေခွက်ထဲ မျက်နှာရိပ်ကြည့်သူဟာ အရှိအမှန်အတိုင်း မသိရမြင်ရသလို ဥဒ္ဓစ္စ ကုက္ကုစ္စ ထကြကပ်ပါနေတဲ့ စိတ်နဲ့နေမယ်၊ ဖြစ်လာတဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် အဲဒီအခါ ဘာအကျိုးမှမသိ၊ ရက်အတော်ကြာ ရွတ်အံထားတဲ့ ဝေဒတွေပင် ထင်မလာ၊ မရွတ်မအံ ပစ်ထားတဲ့ ဝေဒတွေဆို ပြောစရာမရှိတော့၊ ထိုသို့ မဟုတ်ဘဲ လေမတိုက် မတုန်မလှုပ် လှိုင်းမထတဲ့ ရေခွက်မှာ မိမိမျက်နှာရိပ်ကြည့်သူဟာ အရှိအမှန်အတိုင်း သိရမြင်ရသလို ဥဒ္ဓစ္စ ကုက္ကုစ္စ မထကြ မကပ်ပါဘဲစိတ်နဲ့ နေမယ်၊ ဖြစ်လာတဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း သိမယ်ဆိုယင် အဲဒီအခါမှာ အကျိုးအမျိုးမျိုးလည်းသိ၊ ရက်အတော်ကြာ မရွတ်မအံပစ်ထားတဲ့ ဝေဒတွေပင် ထင်လာ ပေါ်လာရ၊ ရွတ်အံထားတဲ့ ဝေဒတွေဆို ပြောစရာမရှိ။

ရေခွက်ဟာ နောက်နေမယ်၊ အနယ်တွေ ထနေမယ်၊ ညှိုန်အတိ ဖြစ်နေမယ်၊ မှောင်ထဲမှာလည်း ထားမယ်ဆိုယင် အဲဒီ

ရေခွက်မှာ မျက်နှာရိပ်ကြည့်တဲ့သူဟာ အရှိအမှန်အတိုင်း မသိရ မမြင်ရသလို ဝိစိကိစ္ဆာ ထကြွကပ်ပါနေတဲ့ စိတ်နဲ့နေမယ်၊ ဖြစ်လာတဲ့ ဝိစိကိစ္ဆာရဲ့ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိဘူးဆိုယင် အဲဒီအခါ ဘာအကျိုးမှ မသိမမြင်ရက်အတော်ကြာ လေ့လာထားတဲ့ ဝေဒတွေပင် မထင်မပေါ်လာ၊ မရှုတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေဆို ပြောစရာမရှိတော့၊ ဒီလိုမဟုတ်ဘဲ ကြည်နေ သန့်နေ နောက်မနေဘဲ အလင်းမှာ ထားတဲ့ ရေခွက်မှာ မျက်နှာရိပ်ကြည့်သူဟာ အရှိအမှန်အတိုင်း သိရမြင်ရသလို ဝိစိကိစ္ဆာ မထကြွ မကပ်ပါတဲ့ စိတ်နဲ့နေမယ်၊ ဖြစ်လာတဲ့ ဝိစိကိစ္ဆာရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း သိမယ်ဆိုယင် အဲဒီအခါမှာ အကျိုးအမျိုးမျိုးလည်း သိ၊ ရက်အတော်ကြာ မရှုတ် မအံ့ ပစ်ထားတဲ့ ဝေဒတွေပင် ထင်လာပေါ်လာရ၊ ရှုတ်အံ့ထားတဲ့ ဝေဒတွေဆို ပြောစရာ မရှိ။

ဒီတရားဒေသနာအရ နိဝရဏတွေဝင်နေယင် ဉာဏ်တွေတုံး၊ မတတ်သေးတဲ့ စာပေစသော ပညာတွေလည်း တတ်ဖို့မလွယ်၊ တတ်ပြီးသား သိပြီးသား ပညာတွေလည်း မေ့ပျောက်ပြီး အကျိုးယုတ်စေတတ်တဲ့ တရားတွေဖြစ်ကြောင်း၊ နိဝရဏမှ ထွက်မြောက်ကြောင်းဟာ ဗောဇ္ဈင်တရားတွေဖြစ်တော့ ဗောဇ္ဈင် တရားတွေ ပွားနေယင် မဖြစ်လာဘဲ့ နိဝရဏလည်း ပေါ်မလာ၊ ဖြစ်လာတဲ့ နိဝရဏတွေလည်း ပျောက်၊ သတိ ပညာ သမာဓိ တို့လည်း အဆင့်ဆင့်တိုးကာ ပညာသင်ရာမှာလည်းလွယ်တတ်ပြီး ပညာလည်း မမေ့ပျောက်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာမယ်ဆိုတာ ထင်ရှားပါတယ်။

ဒီနောက် ရှင်တော်ဘုရား ဆက်လက်ဟောတာက ဗောဇ္ဈင် တရားတွေဟာ ပညာဉာဏ်ကို မတားဆီးတတ် မပိတ်ပင်တတ် စိတ်၏ညစ်ညူးကြောင်းမဟုတ် ဖြူစင်သန့်ရှင်းကြောင်း ဖြစ်လေ တော့ ထိုဗောဇ္ဈင်တွေပွားနေယင် ဝိဇ္ဇာခေါ် မဂ်ပညာတွေ ဝိမုတ္တိခေါ် မဂ် သမာဓိတွေ ဖလခေါ် ဖိုလ်တရားတွေ ဒီတရားထူးတွေ မျက်မှောက်ထင်ထင် ကိုယ်တွေ့မြင်ဖို့ရာသာ ဖြစ်ကြောင်းမျှား ဟောကြားတော်မူခဲ့ပါတယ်။

ဗောဇ္ဈင်အမည်ရပုံ

ကဲ .... ယခု ဗောဇ္ဈင် ခေါ်ရပုံနဲ့ ဗောဇ္ဈင် တရားများရဲ့ သဘောသွားကို အသီးသီးရှင်းလင်းပြဖို့ အခွင့်ရောက်လာပါပြီ၊ သတိပဋ္ဌာန် ဓမ္မာနုပဿနာအခန်းမှာ မိမိသန္တာန်မှာ ဖြစ်နေတဲ့ သတိစသော ဗောဇ္ဈင်၇တွေကို ဖြစ်နေမှန်းသိရမယ်၊ မဖြစ်တဲ့ ပျောက်သွားတဲ့ သတိစသော ဗောဇ္ဈင်ဂွေကိုလည်း မဖြစ်ပုံ ပျောက်သွားပုံ သိရမယ်လို့ ဟောထားပါတယ်၊ ဒီ၇တဲ့ ကိုယ့်သန္တာန်မှာ ဒီတရားတွေ ဖြစ်မဖြစ် သိဖို့ရာမှာ အဲဒီတရား တွေရဲ့ သဘောလက္ခဏာစသည်ကို သိထားမှ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်အဋ္ဌကထာများမှာထိုတရားများရဲ့သဘောလက္ခဏာ စသည်ကိုပြကြသည့်အားလျော်စွာ ယခု ထိုတရားတွေရဲ့သဘော များကို ဟောကြားရပါတော့မယ်။

ဗောဇ္ဈင်ဆိုတာ ဗောဇ္ဈင်ဆိုတဲ့ ပါဠိမှာ ဆင်းသက်လာတဲ့ ၀ေါဟာရပါဘဲ၊ ဗောဇ္ဈင်ဆိုတာလည်း ဗောဓိနဲ့အင်္ဂန်စပ်ပုဒ်ကို ပါဠိနည်းအရ စပ်ထားတာဖြစ်ပါတယ်၊ ဗောဓိမှာ နှိုးမှု သိပ္ပ

အနက်နှစ်မျိုးနဲ့ ဆိုင်ပါတယ်၊ အရိယာဖြစ်တဲ့ ဘုရားတပည့်ဟာ လောကုတ္တရာမဂ်ဏာမှာ သတိ မေမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ တရားခုနစ်ခု အစုအပေါင်းဖြင့် ကိလေသာ အစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးလာတတ်တယ်၊ သစ္စာ လေးပါးကို သိကတ်တယ်၊ နိဗ္ဗာန်ကို ကိုယ်တွေ့အသိရောက် မျက်မှောက်ပြုတတ်တယ်၊ ဒီတော့ သတိစသော တရားခုနစ်ပါး အပေါင်းဟာ ကိလေသာဆိုတဲ့ အိပ်ပျော်နေခြင်းမှ နိုးကြောင်း သစ္စာ သိကြောင်း နိဗ္ဗာန်ကို ကိုယ်တွေ့သိကြောင်း တရားအစု ဖြစ်လို့ ထိုတရားအစုအပေါင်းကို ဗောဓိဆိုရပါတယ်၊ သတိ စသော တရား တစ်ခုခုကိုတော့ ထိုဗောဓိခေါ်တဲ့ တရား အပေါင်း၏ အစိတ်အင်္ဂ ဆိုရပါတယ်။

ဒါ့ကြောင့် သတိစသော တရားတစ်ခုစီကို ဗောဓိအင်္ဂ ဗောဓိ ခေါ် တရားအစုအဝေး၏ အစိတ်အင်္ဂါ ဗောဇ္ဈင်လို့ ဆိုရခြင်းဖြစ်ပါတယ်၊ စျာနင် စျာနင်, မဂ္ဂင် မဂ္ဂင်ဆိုတဲ့ အမည်မျိုးလိုပါဘဲ၊ ဝိဘက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တရားငါးပါးအပေါင်းကို စျာန-စျာန်လို့ ဆိုရပြီး ထိုစျာန မည်တဲ့ တရားထဲက ဝိတက်စသော တစ်ခုတစ်ခုစီကိုတော့ စျာနအင်္ဂ စျာန်၏အစိတ် စျာနင်ဆိုရသလိုပါဘဲ။ သမ္မာဒိဋ္ဌိ စသော တရားရှစ်ပါးအပေါင်းကို မဂ္ဂ မဂ်ဆိုပြီး ထိုအပေါင်း မဂ်ကွင် ပါဝင်သော သမ္မာဒိဋ္ဌိစသော တရားတစ်ခုတစ်ခုစီကို တော့ မဂ္ဂအင်္ဂ=မဂ်၏အစိတ်အပိုင်း မဂ္ဂင် ဆိုရပါတယ်၊ ဒီတော့ ဗောဓိနဲ့ ဗောဇ္ဈင်ဟာ အပေါင်းနဲ့အစိတ်အဖြစ်ဖြင့် ကွဲပြားကြတယ်၊ သတိစသော တရားအပေါင်းနဲ့ အစိတ်သာ ဖြစ်ကြတယ်။

ဗောဇ္ဈင်အမည်ရပုံ တစ်နည်း

တစ်နည်းအားဖြင့် သစ္စာကိုသိတတ်သောကြောင့် အရိယာ ဖြစ်ဘဲ့ ဘုရားတပည့်ကို ဗောဓိ ဆိုရပါတယ်၊ အရိယာ ဘုရား တပည့်သစ္စာသိတာ နောက်ကပြောခဲ့တဲ့ သတိစသော ခုနစ်ပါး အပေါင်းနဲ့ သိတာပါဘဲ၊ ဒါကြောင့် ဒီတရားအပေါင်းနဲ့ အရိယသာဝကဟာ မကွဲမပြား တစ်ခုတည်းပါဘဲ၊ဒါ့ကြောင့်ဘဲ ဗောဓိဆိုရတဲ့ အရိယာဘုရားဘပည့်၏ အစိတ် အင်္ဂါလို့လည်း ဆိုရပါတယ်၊ ဒါက ပညတ်အားဖြင့် ဗောဇ္ဈင်ဆိုရတဲ့နည်းပေါ့၊ သေနင် = စစ်တပ်အင်္ဂါ၊ ရထင် = ရထားအင်္ဂါ အစိတ်အပိုင်း ဆိုဘာ လိုပါဘဲ၊ ဆင် မြင်း ရထား ခြေသည် အရာဝတ္ထု လေးခုအပေါင်းကို သေနာ=စစ်တပ်ခေါ်တယ်၊ တကယ်တော့ ဆင် မြင်း ရထား ခြေသည် ဝတ္ထုသာ အရှိ၊ စစ်တပ်ဆိုတာက ထိုလေးခုအပေါင်းကို အစုပြုခေါ်ရတဲ့ အခေါ် ဝေါဟာရ ပညတ်သာ၊ ဒီပညတ်ကလည်း သမ္မုတိအရ အရှိဘဲမို့ စစ်တပ် လို့ဘဲ ဆိုရပါဘယ်၊ အဲဒီစစ်တပ်ရဲ့ အစိတ် ဆင် မြင်း စသည် ကိုတော့ သေနင်=စစ်တပ်ရဲ့အစိတ်အင်္ဂါ ဆိုပါတယ်၊ ဒါလိုဘဲ ဘီး ဝင်ရိုးစသော အစိတ်အပိုင်းတွေ စုပေါင်းမိတဲ့အခါ ရထားဆိုတဲ့ ဝေါဟာရ ဖြစ်လာရတယ်။

တကယ်တော့ ဘီး ဝင်ရိုးစသော အစိတ်ဝတ္ထုသာ တကယ် အရှိ၊ ရထားဆိုတာက အမည် ဝေါဟာရ ပညတ်မျှဘဲ၊ သို့သော်လည်း ဝေါဟာရဟာ လောကသမ္မုတိ လူအများရဲ့ သမုတ်ချက်အရ အရှိဘဲ၊ ဒါ့ကြောင့် ဘီး ဝင်ရိုးစသော အစိတ်အပိုင်းတွေ စုမိတဲ့အခါ ရထားဆိုရပြီး အစိတ်အစိတ်

ဘီး ဝင်ရိုး စသည်ကိုတော့ ရထင်=ရထား၏အစိတ်အင်္ဂါ ဆိုရပါတယ်၊အဲဒါလိုဘဲအရိယာဘုရားတပည့်ဟာ ဒီတရားအပေါင်းနဲ့ သစ္စာသိတယ်၊အရိယသာဝကဟာ တကယ်အရှိတော့မဟုတ်၊ အဝိဇ္ဇာမာန ပညတ်ခေါ် ပရမတ္ထအားဖြင့် ထင်ရှားမရှိတဲ့ ပညတ်ပါဘဲ၊ ဒီတရားအပေါင်း အစုံပြု ပညတ်ထားတာဖြစ်တော့ တရားအပေါင်းရဲ့ အစိတ်ဟာ ပုဂ္ဂိုလ်၏အစိတ်လို့လည်း ဆိုနိုင်ပါတော့တယ်။

ဒါ့ကြောင့် ယခင် ပထမနည်းအရ သစ္စာသိကြောင်း သတိစသော တရားအပေါင်း၏ အစိတ်အပိုင်းဟု လည်းကောင်း၊ ယခုနည်းအရ သစ္စာမြင်သိ အရိယာသာဝက၏ အင်္ဂါအစိတ်အပိုင်းဟု လည်းကောင်း ဗောဇ္ဈင်၏အနက်ကို သိရပါတယ်။ ဒါက အဌကထာလာနည်းမျှား ဖြစ်ပါတယ်၊ပါဠိတော်နည်းကို ပြောကြဦးစို့။

ပါဠိတော်အရ ဗောဇ္ဈင်အနက်

ရဟန်းတစ်ပါးက မြတ်စွာဘုရား.... ဗောဇ္ဈင်တွေ ဗောဇ္ဈင်တွေလို့ ဆိုကြပါဘယ် ဘယ်မျှလောက်သော အကြောင်းဖြင့် ဗောဇ္ဈင်တွေလို့ ဆိုအပ်ပါသလဲ၊ ဤသို့ လျှောက်တားဟဲ့အခါ "ဗောဓဝယ သံဝတ္တန္တိတိ ခေါ ဘိက္ခု တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ = ရဟန်း.... နိဗ္ဗာန်ကို သိခြင်းဌာ ဖြစ်ကြသောကြောင့် ဗောဇ္ဈင်တရားများဟု ဆိုရတယ်လို့ ဘုရားရှင်ကဖြေကြားတော်မူခဲ့တယ်၊ ဒီဘုရားရှင် မိန့်ခွန်းတော်အရဆိုလျှင် ဗောဓိ-နိဗ္ဗာန်ကို သိခြင်း၏၊ အင်္ဂ-အကြောင်း၊ ဗောဇ္ဈင်္ဂ-နိဗ္ဗာန်ကို သိခြင်း

အကြောင်းလို့ ဗောဇ္ဈင်အနက် ရလာပါတယ်၊ ဒီအနက်က အမှတ်ရလွယ်ပါတယ်၊ဒါ့ကြောင့် နိဗ္ဗာန်ကို သိခြင်းအကြောင်း ဖြစ်တဲ့ သတိစသောတရားများကို ဗောဇ္ဈင်လို့ခေါ်ရကြောင်း ဒီပါဠိအရ မှတ်သားဖို့ပါဘဲ၊ကဲ....ယခုဗောဇ္ဈင်တရားခုနစ်ပါးရဲ့ သဘောသွားကို ဟောကြားကြဦးစို့။

သတိသမ္မောဇ္ဈင်

သမ္မောဇ္ဈင်မှာ သံဆိုတာက ချီးမွမ်းအပ်တယ်၊ ကောင်းတယ်ဆိုတဲ့ အနက်ရှိပါတယ်၊ ဒါ့ကြောင့် သမ္မောဇ္ဈင်ကို ချီးမွမ်းအပ်တဲ့ ဗောဇ္ဈင်, ကောင်းမြတ်တဲ့ ဗောဇ္ဈင်လို့ အနက်ဆိုရပါတယ်၊ ချီးမွမ်းအပ်တယ်ဆိုတာလည်း ကောင်းလို့ မြတ်လို့ပါဘဲ၊ ဒါ့ကြောင့် ကောင်းတယ်ဆိုတဲ့ အနက်ယူပြီး သတိသမ္မောဇ္ဈင်ကို အနက်ဆိုရလျှင်ဖြင့် သတိတည်းဟူသောကောင်းမြတ်သော ဗောဇ္ဈင်လို့ အချုပ်အနက်ရလာတယ်၊ နောက်ကဆိုခဲ့ဘဲ့ ဗောဇ္ဈင်အနက်တွေပါ ပါအောင်ဆိုလျှင် သတိတည်းဟူသော ကောင်းမြတ်သော သစ္စာသိကြောင်း တရားခုနစ်ပါးအပေါင်း၏ အစိတ်အင်္ဂါ (သို့မဟုတ်) သတိတည်းဟူသော ကောင်းမြတ်သောသစ္စာပြင်သိ အရိယ သာဝက၏ အစိတ် အင်္ဂါ (သို့မဟုတ်) သတိတည်းဟူသော ကောင်းမြတ်သော နိဗ္ဗာန်သိခြင်းအကြောင်းတရားလို့ ဆိုရပါတယ်၊ နောက်ဗောဇ္ဈင်တွေလည်း ဒီအတိုင်းချည်းဘဲမို့ နောက် ဗောဇ္ဈင်တွေကျတော့ တစ်နက်လောက်သာ ပြပါတော့မယ်။

ဒီတော့ သတိသမ္မောဇ္ဈင်ရဲ့ တရားကိုယ်ဟာ သတိပါဘဲ၊ သတိဆိုတာ အောက်မေ့မှု အမှတ်ရမှု မမေ့မပျောက်မှုကို

ဆိုပါတယ်၊ သဘာဝတရားတွေရဲ့ အထည်ကိုယ်ကို သိဖို့ရာမှာ မှတ်ကြောင်း အမှတ်လက္ခဏာ ထိုတရားတွေရဲ့ကိစ္စ ယောဂီဉာဏ်မှာ ထင်လာပုံအခြင်းအရာ ပစ္စုပ္ပန္နာန်များနဲ့ပြောကြရပါတယ်၊ သတိရဲ့အမှတ်အသားလက္ခဏာက ဥပဋ္ဌာန် ကပ်တည်ခြင်းလက္ခဏာပါ၊ အာရုံကိုမေ့တယ်ဆိုယင် အဲဒီအာရုံဟာ သတိနဲ့ကွာနေကင်းနေတယ်၊မကပ်ဘူးဆိုရတယ်၊မမေ့ဘူး အမှတ်ရတယ်ဆိုယင် အဲဒီအာရုံမှာသတိဟာမကင်းမကွာကပ်နေရောက်နေတာပါ၊ဒါကြောင့် သတိရဲ့လက္ခဏာ ဥပဋ္ဌာန် ကပ်တည်မှုဆိုတာ ဆိုင်ရာအာရုံသို့ ကပ်ရောက်တည်နေမှု ထိုအာရုံကို မစွန့်လွှတ်မှု အာရုံမှာ စွဲမြဲတည်နေမှုပါ၊ တရားတစ်ခုရဲ့သဘောကို တွေးတဲ့အခါ ဉာဏ်အလိုက် အမြင်အမျိုးမျိုးလည်း မြင်တတ်ပါတယ်၊ ဒါပေမယ့် ဘယ်လိုဆိုဘဲ့ သဘာဝတော့ ဆိုက်သွားတာပါ၊ သတိလက္ခဏာပြရာမှာ မိလိန္ဒမင်းကြီး အမေးအရ အရှင်နာဂသိန်မထေရ်က အပိလာပနလက္ခဏာ – ပေါ်လောမပေါ်မမျောစေခြင်းလက္ခဏာရှိတယ်၊ ဥပဂ္ဂဏှနလက္ခဏာ–သိမ်းပိုက်ယူငင်ခြင်း လက္ခဏာရှိတယ်လို့ မိန့်တော်မူပါတယ်။

ပေါ်လောမပေါ် မမျောစေခြင်းဆိုတာ ဘူးတောင်းရေမှာ ပေါ်မျောနေသလို အာရုံကို မျောပေါ်ခွင့်မပေးဘဲ ရေထဲမှာ ကျောက်ခဲကို ချထားသလို အာရုံကို တည်အောင်ထားခြင်းဘဲလို့ ဆိုကြပါတယ်၊ ဆိုလိုတာက အာရုံကို လွှတ်ထွက်မသွားစေဘဲ မိမိအာရုံအဖြစ် ဆွဲဆောင်ထားနိုင်မှုကို အပိလာပန-မပေါ်မမျောစေလို့ ဆိုပါတယ်၊ ဒီတော့ မပေါ်မမျောစေဆိုတာ အာရုံကို မမေ့မပျောက်အောင် ပြုမှု မမေ့မပျောက်စေမှုဘဲလို့ လိုရင်းအနက် ပေါ်လာပါတယ်။

တစ်မျိုးပြောရယင် ရေပေါ်စေတတ်တဲ့ ဘူး ခွက်စသည်ဟာ ရေပေါ်မှာ ပေါ်မျောနေတယ်၊ ရေထဲဝင်မသွားဘူး၊ သတိက ဒီလိုမပေါ်မမျော၊ ကျောက်ခဲရေထဲ ချလိုက်တဲ့အခါ ရေထဲ သက်ရောက်ဝင်သွားသလို အာရုံထဲသက်ရောက်ဝင်သွားတယ်၊ အဲဒီလို အာရုံမှပေါ်ထွက်မသွား အာရုံထဲသက်ဝင်နေမှုကိုဘဲ ပေါ်လောမပေါ် မမျောစေလို့ ဆိုပါတယ်၊ ဒီအဆိုအရလည်း ပေါ်လောမပေါ် မမျောစေမှုရဲ့ ဆိုလိုရင်းအနက်မှာ မမေ့ မပျောက်စေမှဘဲလို့ ပေါ်လာပါတယ်၊ အရှင်နာဂသိန်က အပိုလာပန ပေါ်လောမပေါ်မမျောစေ မမေ့မပျောက်စေခြင်း လက္ခဏာကို ဥပမာဖြင့် ရှင်းပြပါတယ်၊ စကြဝဠတောမင်းကြီးရဲ့ ဘဏ္ဍာစိုးဟာ နံနက် ၃၁ခါရောဥ ညအခါပါ မင်းကြီးဥစ္စာတွေကို မမေ့မပျောက်စေ အမှတ်ရစေတယ်၊ အရှင်မင်းကြီးရဲ့ ဆင်ကတ္တိမ္ပ၊ မြင်းက ဥ္ဍိမ္ပ၊ ရထားက ဥ္ဍိမ္ပ၊ ခြေလျင်တပ်က ဥ္ဍိမ္ပ၊ ပစ္စည်းဥစ္စာအကုန်က ဥ္ဍိမ္ပ ဖြစ်ပါတယ်၊ ထိုဥစ္စာတွေကို အရှင်မင်းကြီး အမှတ်ရတော်မူပါလို့ မမေ့မပျောက်စေ အမှတ်ရစေတယ်။

ထို့အတူဘဲ သတိတရားဖြစ်ပေါ်လာလျှင် ကုသိုလ်တရား အကုသိုလ်တရား အပြင်ရှိတဲ့တရား အပြစ်မရှိတဲ့တရား ယုတ်တဲ့တရား မြတ်တဲ့တရား မည်းညစ်တဲ့အပိုင်ရှိတဲ့တရား ဖြူစင်တဲ့အပိုင်ရှိတဲ့တရား ဥ္ဍိတရားတွေကို မမေ့မပျောက်စေ အမှတ်ရစေတယ်၊ ဘယ်လိုအမှတ်ရစေသလဲ၊ ဥ္ဍိတရားများက သတိပဋ္ဌာန်လေးပါး, ဥ္ဍိတရားတွေက သမ္မပ္ပဓာန်လေးပါး, ဥ္ဍိတရားတွေက ဣဒ္ဓိပါဒ်လေးပါး, ဥ္ဍိတရားတွေက ဈာန်ငါးပါး, ဥ္ဍိတရားတွေက ဗိုလ်ငါးပါး, ဥ္ဍိတရားတွေက ဗောဇ္ဈင်

ခုနစ်ပါး, ဤတရားတွေက မဂ္ဂင်ရှစ်ပါး, ဤတရားက သမထ, ဤတရားက ဝိပဿနာ, ဤတရားက မဂ်ဉာဏ်, ဤတရားက ဖိုလ်ဘဲလို့ မမေ့မပျောက်စေ အမှတ်ရစေတယ်၊ ထို့နောက် ကမ္မဋ္ဌာန်းအားထုတ် ယောဂအလုပ်ဘုင် သက်ဝင်ကျက်စားတဲ့ ယောဂါဝစရပုဂ္ဂိုလ်ဟာ မှီဝဲသင့်တဲ့တရားတွေ မှီဝဲတယ်၊ မမှီဝဲသင့်တဲ့တရားတွေ မမှီပဲ၊ ချဉ်းကပ်ထိုက်တဲ့တရားတွေ ချဉ်းကပ်တယ်၊ မချဉ်းကပ်ထိုက်တဲ့တရားတွေ မချဉ်းကပ်၊ ဒီလို သတိတရားဟာ ပေါ်လောမပေါ်မမျှောစေ မမေ့မပျောက်စေခြင်း လက္ခဏာရှိကြောင်း မိန့်တော်မူခဲ့တယ်။

သိမ်းပိုက်ယူင်ခြင်း လက္ခဏာရှိပုံကို ဒီလို ရှင်းပြပါတယ်၊ စကြဝဠာမင်းကြီး၏ သားကြီးရတနာဟာ မင်းကြီး၏ အကျိုးပြုသူ မပြုသူတို့ကို သိတယ်၊ ဒီလူမျိုးက အကျိုးပြုသူ ဒီလူတွေကအကျိုးမဲ့ပြုသူ ဒီလူတွေက ကျေးဇူးပြုသူ ဒီလူတွေက ကျေးဇူးမဲ့ပြုသူ ဒီလိုသိပြီးအကျိုးမဲ့ပြုသူတို့ကို နုတ်ပယ် အကျိုးပြုသူတို့ကို သိမ်းပိုက်တတ်တယ်၊ အဲဒါလိုဘဲ သတိတရားဖြစ်လာယင် အစီးအပွားဖြစ်တဲ့တရား အစီးအပွားမဲ့တရားတို့၏ ပြိုးစိုးခြင်းတို့ကို ရှာဖွေတတ်တယ်၊ ဒီတရားတွေက စီးပွားဖြစ်တရား, ဒီတရားတွေက စီးပွားမဲ့တရား, ဒီတရားတွေက ကျေးဇူးပြုတတ်တဲ့တရား, ဒီဟာရားတွေက ကျေးဇူးမပြုတတ်တဲ့တရား အဲဒီလို ရှာဖွေတတ်တယ်၊ ဒီလိုရှာဖွေပြီးနောက်ယောဂါဝစရပုဂ္ဂိုလ်ဟာ အစီးအပွားမဲ့ဘရားတို့ကို ပယ်ရှားတတ် အစီးအပွားဖြစ်တရားတို့ကို သိမ်းပိုက်ယူင်တတ် ကျေးဇူးမပြုတတ်တဲ့ တရားတွေကို ပယ်ရှားတတ် ကျေးဇူးပြုတတ်တဲ့ တရားတွေကို သိမ်းပိုက်ယူင်

တတ်တယ်၊ သတိဟာ ဒီနည်းဖြင့် သိမ်းပိုက်ယူငင်ခြင်း လက္ခဏာရှိတယ်။

သတိ့ရဲ့ကိစ္စက အသမ္မောသ-သမ္မောသခေါ် မေ့ပျောက်စေတတ်တဲ့ ပမာဒရဲ့ ဆန့်ကျင်ဘက်ကိစ္စရှိတယ်တဲ့ သမ္မောသက မေ့ပျောက်စေတယ် အမှတ်မရဘူး၊ သတိက ထိုမေ့ပျောက်စေမှုကို ပယ်တယ် ရှင်းတယ် ကင်းကွာစေတယ် မမေ့ဘူး စွဲမြဲနေတယ်၊ ဒါ့ကြောင့် တရားနှစ်ခုဟာ ဆန့်ကျင်ဘက်၊ ဆန့်ကျင်ဘက်ဖြစ်တဲ့အတိုင်း သတိရဲ့ကိစ္စဟာ သမ္မောသ-မေ့ပျောက်စေမှု၏ ဆန့်ကျင်ဘက်၊ အသမ္မောသ-မမေ့ မပျောက်ခြင်းကိစ္စရှိတယ် ဆိုရတယ်၊ ဆိုခဲ့ပြီး လက္ခဏာကိစ္စများနေရသတ်ဟာ အာရုံကို မပျောက်စေ အာရုံမှာ စွဲမြဲစွာ တည်နေတတ်လို့ ခိုင်မြဲစွာ စိုက်ထားတဲ့ တံခါးတိုင်ကြီးနဲ့ ဥပမာ ပေးကြတယ်။

သတိကို ရှုတဲ့ယောဂီဉာဏ်မှာ အာရုံသို့ ရှေ့ရှုနေတဲ့တရားလို့ ထင်တယ်၊ သတိရဲ့နယ်က ကာယ ဝေဒနာ စိတ္တ ဓမ္မကိုး၊ ကာယကို ရှုတယ်ဆိုယင် သတိဟာ အဲဒီ ကာယဆီ ရှေ့ရှုရောက်နေတာပါဘဲ၊ ရင်ဆိုင်တွေ့သလိုဖြစ်နေတယ်၊ ထို့အတူ ဝေဒနာ စိတ် ဓမ္မတွေရှုတဲ့အခါလည်း ဆိုင်ရာတရားတွေဆီ ရှေ့ရှုနေတယ်၊ အဲဒီတရားတွေနဲ့ ရင်ဆိုင်တွေ့နေတယ်၊ အဲဒါက ယောဂီဉာဏ်မှာထင်လာဘဲ သတိရဲ့ ပစ္စုပဋ္ဌာန်။

ထင်ပုံဆိုတာကလည်း အမြင်ကွဲပြားတတ်တယ်၊ ဒါ့ကြောင့် တချို့မှာ အာရက္ခ စောင့်ရှောက်တတ်တဲ့တရားလို့ ထင်လာတယ်၊ မကောင်းတဲ့တရားတွေ မဝင်ရအောင် ကောင်းတဲ့

တရားတွေဝင်လာအောင် သတိက စောင့်ရှောက်ပေးနေတာဘဲ၊ ဒါ့ကြောင့် သတိကို တံခါးစောင့် တံခါးမှူးနဲ့ ဥပမာပေးကြတယ်၊ တံခါးမှူးဟာ မြို့ဝင်လာတဲ့လူတွေကို ကောင်းမကောင်း ကြည့်ပြီး ကောင်းတဲ့သူတွေသာ ဝင်စေတယ်၊ မကောင်းတဲ့သူတွေကို မဝင်ရ၊ နှင်ပစ်တယ်၊ အဲဒါလိုဘဲ၊ စက္ခုစသော တံခါးခြောက်ပေါက်က မကောင်းတဲ့တရားတွေ မဝင်ရအောင် ကောင်းတဲ့တရားတွေ ဝင်လာအောင် စောင့်ကြပ်ပေးနေလို့ သတိကို စောင့်ရှောက်တတ်တဲ့ တရားလို့ ယောဂီဉာဏ်မှာ ထင်လာတတ်ပါတယ်။

သတိဖြစ်ဖို့ နီးကပ်သောအကြောင်း ပဒဋ္ဌာန်က ခိုင်မြဲတဲ့ သညာဖြစ်တယ်၊ ဒီတော့ သတိ အာရုံမှာ စွဲမြဲဖို့ရာ ခိုင်မြဲတဲ့ အမှတ်သညာဟာ အရေးကြီးပါဘယ်၊ ဒီသညာ ကောင်းလေ သတိ ကောင်းလေပါဘဲ၊ တချို့သားမယား လင်သားသတိရမှု ပစ္စည်း သတိရမှု စသော လောဘ ဒေါသ စသည် မကင်းတဲ့ သဘင်ရမှုမျိုးကေ့ ရှိသေးတယ်၊ အဲဒါက ယခုပြောတဲ့ ဗောဇ္ဈင် သဘင်မျိုး ကုသိုလ်ဆိုင်ရာ သတိမျိုး မဟုတ်ပါဘူး၊ အဲဒီ သတိမျိုးက ဆိုခဲ့ပြီး ခိုင်မြဲသော သညာပြဋ္ဌာန်းတဲ့ အကုသိုလ် စိတ္တုပ္ပါဒ်ကိုဘဲ သတိလို့ သုံးနေကြတာ ကျမ်းဂန်လာ မိစ္ဆာသတိ ခေါ် မှားယွင်းတဲ့ သတိပါဘဲ။

ဓမ္မဝိစယသမ္မောဇ္ဈင်

ဓမ္မဝိစယသမ္မောဇ္ဈင် - တရားတို့ကို စိစစ်မှု ပညာဟူသော ဂေါ်ကောင်းမြတ်သော သစ္စာသိကြောင်းတရားခုနစ်ပါးအပေါင်း၏ အစိတ်အင်္ဂါတရားတို့ကို စိစစ်တယ်ဆိုတာ ဒီတရားက အနှိစ္စဘဲ၊

ဒုက္ခဲ့ဘဲ၊ အနတ္တဘဲ၊ ဒုက္ခဘဲ၊ သမုဒယဘဲ၊နိရောဓဘဲ၊မဂ္ဂဘဲစသည် အမျိုးမျိုး အဖုံဖုံ စိစစ်ဆင်ခြင်မြင်သိတဲ့ ပညာကို ဆိုလိုပါတယ်၊ အဲဒီ သဘောအရဘဲ ဓမ္မဝိစယသမ္မောဇ္ဈင်ကို စိစစ်ခြင်းလက္ခဏာ ရှိတယ်လို့ ဆိုရပါတယ်၊ စိုးစစ်တယ် ဆိုတာလည်း သိတာမြင်တာ ပါဘဲ၊ ဒါ့ကြောင့် ဓမ္မဝိစယသမ္မောဇ္ဈင်ရဲ့ တရားကိုယ်ဟာ ပညာတရား ဖြစ်ပါတယ်။

သြဘာသနရသာ-ထွန်းပြောင်ခြင်း ကိစ္စရှိ၏တဲ့၊ ဓမ္မဝိစယ သမ္မောဇ္ဈင်ကိစ္စက တရားတွေကို မြင်ရအောင်အလင်းပြမှုပါဘဲ၊ မှောင်နေလျှင် အရာဝတ္ထုကွေ့ မမြင်ရ၊ အလင်းရှိမှ မြင်ရတယ်၊ ပညာဖြစ်လာယင် ယောဂါဝစရပုဂ္ဂိုလ်မှာ ထိုထိုတရားသဘော တွေ ထင်လာမြင်လာရတယ်၊ ထိုသို့မြင်အောင် ပညာအလင်းက ပြခြင်းဖြစ်လို့ ပညာကို ထွန်းပြခြင်း ကိစ္စရှိတယ်လို့ ဆိုပါတယ်။

ဒီထွန်းပြခြင်း ကိစ္စကိုဘဲ အရှင်နာဂသိန်းက လက္ခဏာအဖြစ် နဲ့ ပြတော်မူခဲ့တယ်၊ မှောင်နေတဲ့ အိမ်ထဲမှာ ယောကျ်ား တစ်ယောက် ဆီမီးသွင်းလာ၊ ထိုသွင်းလာတဲ့ ဆီမီးက အမှောင် ကိုခွင်း အလင်းဖြစ်စေ အလင်းရောင်ပြ ရူပါရုံတို့ကို ထင်ရှား အောင် ပြုသလို ထို့အတူ ပညာဖြစ်လာက အဝိဇ္ဇာမှောင်ကို ခွင်း၊ ဝိဇ္ဇာအလင်းကို ဖြစ်စေ ဉာဏ်အလင်းကိုပြ အရိယသစ္စာ တို့ကို ထင်ရှား ပေါ်လွင်အောင် ပြုတတ်တယ်၊ ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်ဟာ အနိစ္စဟု လည်းကောင်း၊ ဒုက္ခဟု လည်းကောင်း၊ အနတ္တဟု လည်းကောင်း မှန်ကန်သော ပညာ ဖြင့် မြင်ရတော့တယ်၊ ဤကား အရှင်နာဂသိန်း၏ မိန့်ဆိုချက်၊ ဒီတော့ တချို့တရားသဘောမှာ ကိစ္စဟု ဆိုသည် ဖြစ်စေ

လက္ခဏာဟု ဆိုသည်ဖြစ်စေ ထိုတရားသဘောကို သိရသည်သာ ဖြစ်ရာ ကောင်းစွာအမှန် သိရခြင်းသာ ပဓာန ဖြစ်ပါတယ်။

ဒီ ဓမ္မဝိစယသမ္မောဇ္ဈင်ကိုဆင်ခြင်တဲ့ ယောဂီဉာဏ်မှာ ကွေ့ဝေ့မှု၏ ဆန့်ကျင်ဘက်တရားလို့ ထင်လာတယ်၊ သမ္မောဟက တွေ့ဝေ့မှု မောဟ၊ မောဟဆိုလျှင် အမှန်မသိ အမှားကိုသိတယ်၊ ဓမ္မဝိစယက မတွေ့ဝေတဲ့တရား၊ အမှန်ကို သိတဲ့တရား၊ ဒီတော့ မောဟနဲ့ ဓမ္မဝိစယက ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်၊ ဆန့်ကျင်ဘက် ဖြစ်တဲ့အတိုင်း ကိစ္စကျတော့လည်း ထိုမောဟရဲ့ဆန့်ကျင်ဘက်သာဖြစ်ရမည် ဖြစ်တော့ ဓမ္မဝိစယ ဆင်ခြင်တဲ့ယောဂီဉာဏ်မှာ သမ္မောဟ တွေ့ဝေတတ်သော မောဟဂုဏ်း၏ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်တဲ့ အသမ္မောဟ မတွေ့ဝေတတ်သောတရားဟု ထင်လာမြင်လာတယ်၊ ဒါက ဓမ္မဝိစယရဲ့ ပစ္စုပဋ္ဌာန်။

ဓမ္မဝိစယ ပညာရဲ့ အနီးဆုံး အကြောင်း ပဒဋ္ဌာန်က သမာဓိတဲ့၊ ပို့လွှင့်နေ စိတ် မတည်ငြိမ်ဘဲ ဖြစ်နေလျှင် ဘယ်မှာအမှန်သိပါ့မလဲ၊ စိတ်မပို့ တည်ကြည်နေမှ အမှန်သိမှာ ပေါ့၊ ဒါ့ကြောင့် သမာဟိတော ယထာဘူတံ ဇာနာတိ– စိတ်တည်ကြည်သောပုဂ္ဂိုလ်သည် အမှန်တရားကို သိရသည်ဆိုတဲ့ ပါဠိအရ အမှန်သိမှုပညာ ဓမ္မဝိစယဖြစ်ဖို့မှာ သမာဓိဟာ နီးကပ်တဲ့ အကြောင်း ဖြစ်ရပါတယ်။

သစ္စာကို သိတဲ့ နေရာမှာ ဓမ္မဝိစယသမ္မောဇ္ဈင်က ပဓာန ထိုတရားကြောင့် သိရခြင်းဖြစ်ပါတဲ့၊ ဘယ်မျှလောက်သော ဗောဇ္ဈင်တို့ဖြင့် သိပါသလဲဆိုတဲ့ မိလိန္ဒအမေးကို ဓမ္မဝိစယ ဗောဇ္ဈင်တစ်ခုတည်းဖြင့်သိကြောင်း အရှင်နာဂသိန်ကဖြေတယ်၊

သို့ဖြစ်လျှင် ဘာ့ကြောင့် ဗောဇ္ဈင်ခုနစ်ပါးလို့ ဆိုရပါသလဲ၊ ဒီမင်းကြီးအမေးကို ဥပမာဖြင့် ဖြေရှင်းတယ်၊ သန့်လျက်ကို အိမ်ထဲထည့်ထားမယ်၊ လက်နဲ့လည်း မကိုင်ဘူးဆိုယင် ဖြတ်ရမယ့်အရာဝတ္ထုကို ဖြတ်နိုင်ပါ့မလား မင်းကြီး၊ မဖြတ်နိုင်ပါဘူး၊ အဲဒါလိုဘဲ ဓမ္မဝိစယဗောဇ္ဈင် မပါဘဲ ဗောဇ္ဈင်ခြောက်ပါးကည်းနဲ့ မသိနိုင်လို့ ဖြေရှင်းခဲ့တယ်။

ဝိရိယသမ္ဗောဇ္ဈင်

ဝိရိယသမ္မာဇျင်–ဝိရိယတည်းဟူသော ကောင်းမြတ်သော သစ္စာသိကြောင်းတရားခုနစ်ပါးအပေါင်း၏အစိတ်အင်္ဂါလို့လ အားသုတ်မှု ကြိုးစားမှု စသည်ဖြင့် ထင်ရှားသောတရားအမည် ပါဘဲ၊ ဒီဝိရိယဟာ ပဂ္ဂဟလက္ခဏာ=အားပေးအားမြှောက်ပြုမှု လက္ခဏာရှိတယ်၊ အပျင်းဘက်ကျမသွားအောင် အတူဖြစ်ဖက် တရားတွေကို မြှောက်ပင့် အားပေးတတ်တယ်။

ကြီးမားတဲ့ စစ်တပ်နဲ့သေးငယ်တဲ့စစ်တပ် စစ်ပွဲမှာတိုက်ခိုက် ကြတဲ့အခါ ငယ်တဲ့စစ်တပ်က နောက်ဆုတ်ပေးရ၊ ဒီအခါ ရှင်ဘုရင်အား အကြောင်းကြား သံတော်ဦးတင်ကြ၊ ရှင်ဘုရင် က စစ်ကူအားပြည့်ပေးလိုက်တယ်၊ အဲဒီအခါ စင်ကူအားက မြှောက်ပေးမှုကြောင့် တစ်ဖက်စစ်တပ်ကို အနိုင်ရတော့တယ်၊ အဲဒါလိုဘဲ ဝိရိယဟာ အတူဖြစ်ဖက်တရားတွေကို တွန်းဆုတ် မသွား အပျင်းဘက် ရောက်မသွားအောင် မြှောက်ပေးတတ်တဲ့ တရား၊ ဒါ့ကြောင့် ဒီဝိရိယရှိတဲ့ ပုဂ္ဂိုလ်ဟာ တရားဘက်မှာ အား တက် ကြွ ကြွ နဲ့ မတွန်းနေ ပျင်းမနေဘဲ ထသ ကြွကြွ မြှောက်နေတက်နေတာ တွေ့ရပါလိမ့်မယ်။

လာသလို အာရုံပေါ်မှာ ပီတိဖြစ်လာလျှင် ထို့အတူဘဲ လန်းဆန်းလျက် နှစ်သက်မှုဖြစ်လာတယ်လို့ ဥပမာပေးကြပါတယ်။

နဂိုက ဟန့်နေ ဆုတ်နေ ခြောက်ကပ်သလို ဖြင့်နေတဲ့ ပုဂ္ဂိုလ်အဖို့ ပီဘိဖြစ်လာတဲ့အခါ တက်ကြွလာ ပေါ်လွင်လာတာ အထင်အရှားပါဘဲ၊ အဲဒီတော့ ဒီပီတိတရားကို ရှုတဲ့ ယောဂီ ဉာဏ်မှာ စိတ်လည်းတက်ကြွ လူလည်းတက်ကြွလာသည်၏အဖြစ် ဖြင့် ဖြစ်တဲ့ တရားလို့ ထင်လာပေါ်လာတယ်၊ ပစ္စုပ္ပန္နာန်ပေါ့။

ပဿဒ္ဓိသမ္ဗောဇ္ဈင်

ပဿဒ္ဓိသမ္ဗောဇ္ဈင်–ပဿဒ္ဓိတည်းဟူသော ကောင်းမြတ်သော သစ္စာသိကြောင်းတရား ခုနစ်ပါးအပေါင်း၏ အစိတ်အင်္ဂါ၊ ပဿဒ္ဓိဆိုတာ ငြိမ်းအေးမှု၊ ကာယပဿဒ္ဓိ - စေတသိက်တို့၏ ငြိမ်းအေးမှု၊ စိတ္တပဿဒ္ဓိ - စိတ်၏ငြိမ်းအေးမှုဆိုတဲ့ တရားနှစ်ပါးရဲ့ အမည်ပါဘဲ၊ စိတ်စေတသိက်တွေ ငြိမ်းအေးလျှင် ထိုစိတ်စေတသိက်တွေမှီရာ ရှုးကာယမေါ် ရုပ်ကိုယ်ကြီးဟာလည်း ငြိမ်းအေးငြိမ်သက်တော့တာဘဲ၊ ဆိုခဲ့ဘဲ့အနက်သဘောအရ စိတ်စေတသိက်တို့ရဲ့ ငြိမ်းအေးခြင်းဟာ ပဿဒ္ဓိလက္ခဏာပါဘဲ၊ ပီတိ ပဿဒ္ဓတ္ထာယ - ပီဘိသည် ပဿဒ္ဓိအကျိုးငှါ ဖြစ်တယ်ဆိုတဲ့အတိုင်း ပီတိအားရှိလာလျှင် ပဿဒ္ဓိဖြစ်လာတော့ကာပါဘဲ။

ဒီငြိမ်းအေးမှုဟာလည်း ဥဒ္ဓစ္စ ပျံ့လွင့်မှု၊ ထိနမိဒ္ဓ - အိပ်ချင်တွန့်ဆုတ်မှု စသော ကိလေသာအပူတွေရှိနေလျှင် မဖြစ်နိုင်၊ ပဿဒ္ဓိက ဆိုခဲ့ပြီး ကိလေသာအပူတွေကို နှိပ်နှင်းနိုင်လို့ ငြိမ်း

အေးမှုရလာတာဖြစ်တော့ ပဿဒ္ဓိရဲ့ ကိစ္စက ထိုကိလေသာအပူတွေကို နှိပ်နင်းခြင်းကိစ္စဖြစ်ကြောင်း ကာယစိတ္တဒရထနိမ္မဒနရသာ - ကိုယ်စိတ်ပူလောင်မှုကို နှိပ်နင်းခြင်း ကိစ္စရှိ၏လို့ ဆိုပါတယ်။

ဆိုခဲ့ပြီး အပူတွေ ရှိနေလျှင် ပူလောင်မယ် လှုပ်ရှားမယ်၊ ပဿဒ္ဓိကြောင့် အပူတွေ မရှိတော့ မတုန်မလှုပ် ငြိမ်းဆေး ငြိမ်သက်နေခဲ့ရာ ပဿဒ္ဓိကိုရှုတဲ့ ယောဂီဉာဏ်အမြင်မှာ အပရိဿန္ဒသီတီဘာဝ ပဋ္ဌေပဌာနာ - ပူပန်လှုပ်ရှားခြင်းမရှိ ငြိမ်းအေး ချမ်းမြေ့သည့်တရားအဖြစ် ထင်လာတယ်လို့ ဆိုပါတယ်။

ပဿဒ္ဓိအားမရှိဘဲ ပုဂ္ဂိုလ်မှာ ကုသိုလ်တရားတို့၌ စိတ်ချမ်းသာမှု မရ၊ အာရုံပြင်ပသို့သာ စိတ်ပြေးနေတော့တယ်၊ ပူလောင်တဲ့ ကျောက်ဖျာပေါ်ဝယ် ချထားတဲ့ ငါးနဲ့တူတယ်၊ ပဿဒ္ဓိအားရှိတဲ့ ပုဂ္ဂိုလ်မျိုးအဖို့တော့ ကုသိုလ်တရားတို့၌စိတ်ချမ်းသာမှု ရနေတော့တယ်၊ ထိုပုဂ္ဂိုလ်တို့စိတ်မှာ အေးမြတဲ့ရေမှာ ထားအပ်တဲ့ ငါးနဲ့တူတော့တယ်၊ ဒီလို ငြိမ်းအေးခြင်း ဝိုဏ်ချမ်းသာခြင်းကြောင့်ဘဲ ဒီပဿဒ္ဓိဟာ သမာဓိ၏ အားကြီးသော အကြောင်း အတောက်အပုံ ဖြစ်ရတော့တယ်။

သမာဓိသမ္မောဇ္ဈင်

သမာဓိသမ္မောဇ္ဈင်-သမာဓိတည်းဟူသောကောင်းမြတ်သော သစ္စာသိကြောင်းတရား ခုနစ်ပါးအထဲကပါ၊ အစိတ်အင်္ဂါ၊ သမာဓိရဲ့တရားကိုယ်ကအာရုံတစ်ခုတည်းစုံနေတတ်တဲ့ ကေဠတာပါတဲ့၊ သမာဓိဆိုတဲ့အမည်က မြန်မာ့ဝေါဟာရထဲမှာ တွင်ကျယ်

နေလို့ မြန်မာစကားလို ဖြစ်နေတော့ နားလည်သလိုဖြစ်နေ ကြပါတယ်၊ ဒီသမာဓိကို အရှင်နာဂသိန်က ပမုခ–ကုသိုလ် တရားတို့၏ ပဓာနအကြီးအမှူးအဖြစ် လက္ခဏာ ရှိတယ်လို့ မိန့်ဆိုပါတယ်။

အထူတ်တပ်တဲ့ အိမ် ကျောင်းမှာ တခြား အခြင်ယနယ်ဒိုင်း မြားတို့ဟာ အထူတ်မှာ ညွှတ်ရ ကိုင်းရ လာရောက်ပေါင်းဆုံရ အထူတ်ဟာ ပဓာနဖြစ်သလို အားလုံး ကုသိုလ်တရားတွေဟာ သမာဓိရှိမှ ဖြစ်ကြရလို့ ကုသိုလ်တရားတို့ရဲ့ ပဝေသ ဦးစီး အကြီးအမှူးဖြစ်ကြောင်း မိန့်ပါတယ်။

တို့ပြင် ရှင်ဘုရင် စစ်မြေပြင် ဝင်ရောက်တဲ့အခါ အားလုံး ဆင် မြင်း ရထား ခြေသည်တို့ဟာ ရှင်ဘုရင်ဟူသောအကြီးအမှူး ရှိကြ ရှင်ဘုရင်သို့ ညွှတ်ကြ ကိုင်းကြ ရှိုင်းကြ ရှင်ဘုရင်သို့ အစဉ်လိုက်ကြသလို ကုသိုလ်တရားမှန်သမျှဟာ သမာဓိဟူသော အကြီးအမှူး ရှိကြကြောင်း သမာဓိသို့ ညွှတ်ကြ ကိုင်းကြ ရှိုင်းကြရကြောင်း မိန့်တော်မူတယ်။

ဝိကွေပ ပယ်လွှင့်ခြင်းဆိုတာ ဥဒ္ဓစ္စရဲ့အမည်၊ သမာဓိဟာ ထိုပယ်လွှင့်မှုဖြစ်တဲ့ ဥဒ္ဓစ္စရဲ့ ဆန့်ကျင်ဘက်မို့ အဝိကွေပ ပယ်လွှင့် ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ မပယ်လွှင့်ခြင်း လက္ခဏာရှိတယ်လို့ လည်း ဆိုရပါတယ်။

ရေဆိုတာ မုန်တိုင်း ဆပ်ပြာမှုန့်တို့ကို တစ်လုံးတစ်ခဲတည်း တဲ့နေ စုပေါင်းနေအောင် ပြုသလို သမာဓိပညာလည်း အတူ ဖြစ်ဖက် တရားတို့ကို တစ်စုတစ်ရုံးဘည်း ဖြစ်နေအောင် စုရုံး ခြင်း ကိစ္စရှိတယ်၊ အဲဒီလို ပေါင်းစုပေးတတ်သောကြောင့်ဘဲ

သမာဓိဟာ အဝိသာရ–မဇ္ဈိမရှားခြင်း လက္ခဏာရှိတယ်လို့ လည်း ဆိုရပါသေးတယ်၊ ဒီမျှမက သမာဓိဟာ တည်ကြည်မှု ဖြစ်သောကြောင့် အာရုံ၌ စိတ်ကို ကောင်းစွာ မြဲမြံစွာထားမှု သမာဒါနလက္ခဏာရှိတယ်လို့ လည်း ဆိုရပါတယ်၊ ဒါ့ကြောင့်ဘဲ သမာဓိကိုရှုတဲ့ ယောဂီဉာဏ်အမြင်မှာ လေငြိမ်းမှု မှာထွန်းထားတဲ့ မီးတိ၏ ငြိမ်သက်ပုံမျိုးလို စိတ်၏ငြိမ်သက် တည်တံ့သည့် အဖြစ်ဖြင့် ထင်လာပါတယ်၊ ပစ္စုပဋ္ဌာန်ပေါ့။

ပဿဒ္ဓိ ငြိမ်းအေးမှုဖြစ်လာလျှင် သုခဖြစ်လာ၊ သုခဖြစ်လာ လျှင် သမာဓိကောင်းကောင်း ရတော့တာပါဘဲ၊ ဒါ့ကြောင့် သုခ စိတ်ချမ်းသာမှုဟာ သမာဓိ၏အနီး အကြောင်းပဒဋ္ဌာန် ဖြစ်ရတယ်။

ဥပေက္ခာသမ္မောဇ္ဈင်

ဥပေက္ခာသမ္မောဇ္ဈင်- ဥပေက္ခာတည်းဟူသော ကောင်းမြတ် သော သစ္စာသိကြောင်းတရား ခုနစ်ပါးအပေါင်း၏ အစိတ် အင်္ဂါ၊ ဥပေက္ခာရဲ့အနက်က အသင့်အားဖြင့် ရှုမှုပါဘဲ၊ တရား ကိုယ်က ထိုင်ငုပ်ဉဉ်ဖက်တရားတို့၌ လျှပ်လျှူရှုမှုဆိုတဲ့ တြ မဇ္ဈတ္တတာစေတသိက်ဘဲ၊ အသင့်အားဖြင့် ရှုတယ်ဆိုတာ အတူ ဖြစ်ဖက် တရားများ လွန်အောင်လည်း ဗျာပါဒုမပြု၊ ယုတ် အောင်လည်း ဗျာပါရုမပြု၊ အလယ်အလတ်၌ဖြင်လျက် ရှုခြင်း ကိုဘဲ အသင့်အားဖြင့် ရှုတယ်လို့ ဆိုခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဥပေက္ခာလက္ခဏာကို ပဋိသင်္ခါန-အလယ်အလတ်၏ အဖြစ်ဖြင့်ဖြစ်၍ ရှုဆင်ခြင်ခြင်း လက္ခဏာရှိတယ်လို့ ဆိုပါတယ်၊

ထိုသို့ အလယ်အလတ်အဖြစ်ဖြင့် ဖြစ်မှုကိုဘဲ လျစ်လျူရှုလို့ ဆိုရပါတယ်။

ဒီနေရာမှာ အာဇာနည် မြင်းနှစ်ကောင် တပ်မောင်းတဲ့ ရထားထိန်းနဲ့ ဥပမာပြုကြတယ်၊ မြင်းနှစ်ကောင်ဟာ အညီအမျှ အသွားကောင်းကောင်းနဲ့ သွားနေတော့ ရထားထိန်းဟာ တစ်ကောင်က လွှန်သွားလို့ မလွှန်ရအောင်လည်း ဗျာပါရ မပြုရ၊ တစ်ကောင်က ယုတ်နေ တွန့်နေလို့ ညီအောင်လည်း ဗျာပါရ မပြုရ၊ လျစ်လျူရှုနေသလို အဲဒါလိုဘဲ အတူဖြစ်ဖက် တရားတွေကို မလွှန်ရ မယုတ်ရအောင် ဗျာပါရမပြု အသင့် အားဖြင့် ရှုနေတဲ့ တရားပါဘဲ။

ယင်ဥပမာမှာ ရထားထိန်းဟာ ဘာမှ ဗျာပါရမပြု လျစ်လျူရှုနေသော်လည်း မြင်းနှစ်ကောင် ချက်ကျလက်ကျ အညီအမျှပြေးနေတာဟာ ရထားထိန်းကြောင့်သာ ဖြစ်ရတာလို့ အတူဖြစ်ဖက်တရားတွေ ကိုယ့်ဆိုင်ရာ ကိစ္စမှာ ယုတ်မလွန်ရအောင် ဖြစ်နေမှုဟာ ဒီဥပေက္ခာကြောင့်ပါဘဲ၊ ဒါ့ကြောင့် ဥပေက္ခာကို သမဝါဟိတ – အတူဖြစ်ဖက်တရားတွေကို ညီမျှအောင် ဆောင်ထားခြင်း လက္ခဏာရှိတယ်လို့လည်း ဆိုပါတယ်။

ဒီနေရာမှာ ဥပေက္ခာဟာ လျစ်လျူရှုတယ်ဆိုပေမယ့် အတူဖြစ်ဖက်တရားတွေ ကိုင်ရာကိစ္စမှာ အညီအမျှ ဖြစ်နေတာ သူ့ကြောင့် သူ့အစွမ်းဆိုတာ သိနိုင်ပါဘယ်၊ တရားရုံးမှာ ရှင်ဘုရင်က ဆိတ်ဆိတ်ဘဲ ထိုင်နေတယ်၊ ပရားသူကြီးတွေက တရားဆုံးဖြတ်တယ်၊ ရှင်ဘုရင်ရှိနေလို့ တရားသူကြီးတွေဟာ

ပေါ့ပေါ့ဆဆ မလုပ်ကြဘဲ တရားနဲ့ အညီအမျှဆုံးဖြတ်ကြတယ်၊ အဲဒါလိုပါဘဲ ဥပေက္ခာဟာ လျှင်လျှူရှုပေမယ့် သူပါနေလို့ သူ့ကြောင့် ယှဉ်ဖက်တရားတွေဟာ ကိုယ့်ကိစ္စကို ညီညီမျှမျှ ရှက်ဆောင်နေနိုင်ကြခြင်း ဖြစ်ပါတယ်။

ဥပုနာဝိကနိုဝါရဏရသာ - အတူဖြစ်ဖက် ယှဉ်ဖက်တရားတွေရဲ့ ယုတ်မှလွန်မှကို တားမြစ်ခြင်းကိစ္စ ရှိတယ်၊ ဒီနေရာမှာ အတူဖြစ်ဖက် ယှဉ်ဖက်တရား ယုတ်မသွား လွန်မသွားအောင် ဥပေက္ခာမှာ ဗျာပါရ မရှိပါဘူး၊ သို့သော်လည်း ဥပေက္ခာဖြစ်လာလျှင် အတူဖြစ်ဖက်ဟုဉ်ဖက် တရားတွေဟာ ဆိုင်ရာမိမိတို့ကိစ္စမှာ မယုတ်မလွန်ကြ၊ မတွန့်မဆုတ် မပျံ့မလွင့်ကြ၊ ဒီလို ဟုဉ်ဖက်တရားတွေ မယုတ်မလွန် မတွန့်မပျံ့ခြင်းဟာ ဥပေက္ခာကြောင့် ဖြစ်ရတာမို့ ဥပေက္ခာက အယုတ်အလွန်ကို တားဖြစ်သလို ဖြင်လို့ အယုတ်အလွန်ကို တားမြစ်ခြင်းကိစ္စ ရှိတယ်လို့ ဆိုခြင်း ဖြစ်ပါတယ်။

ဒီလို သူ့ကြောင့် မယုတ်မလွန် အညီအမျှဖြစ်ရသော်လည်း သူ့မှာ ဗျာပါရ ရှိသိုဖြစ်အောင်ပြုမှုမှု ဗျာပါရ မရှိသောကြောင့်ဘဲ၊ ထိုဥပေက္ခာကို ဆင်ခြင်ဟဲ့ ယောဂီဘက်အမြင်ဟာ လျှင်လျှူရှုတဲ့ တရားအဖြစ်ဖြင့် ထင်လာတယ်လို့ ပစ္စုပဋ္ဌာန်ကို ပြဆိုကြပါတယ်။

သဘာဝကွဲသော်လည်း အတူတွဲကိစ္စ ပြီးစေခြင်း

ဗောဇ္ဈင်ခုနစ်ပါးရဲ့ သဘောတွေ ပြောခဲ့ပါပြီ၊ ဒီတရားတွေဟာ သဘောသဘာဝ ကိစ္စအားဖြင့် ကွဲပြားခြားနား.ကြတယ်၊ တရားအသီးသီးမှာ ကိုယ့်ကိစ္စနဲ့ကိုယ် ကိုယ့်သဘာဝနဲ့

ကိုယ် ဖြစ်ကြသော်လည်း သစ္စာသိခြင်း စသောကိစ္စ ပြီးမြောက်ဖို့အာမှာ တရားတစ်ခုနဲ့တစ်ခု ကူညီထောက်ပံ့ကာ တစ်လုံးတစ်စည်းတဲ့သည်း ဆောင်ရွက်ကြပါတယ်။

ဒီနေရာမှာမိလိန္ဒမင်းကြီးက ရှင်ဘုရား နာဂသိန်-ဒီတရားတွေဟာ လက္ခဏာအားဖြင့်ကဲ့ပြား တစ်ခြားစီ ဖြစ်ကြလျက် တစ်ခုတဲ့သည်းသောကိစ္စကိုပြီးစေပ ါသလားလို့ မေးလျှောက်ခဲ့ပါတယ်၊ ဟုတ်တယ်မင်းကြီး- ဒီတရားတွေဟာ တခြားစီကဲ့ပြားခြားနားကြကုန်လျက် တစ်ခုသောကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ကြတယ်၊ကိလေသာတွေကို ပယ်သတ်ကြတယ်လို့ မိန့်တော်မူပါတယ်၊ သဘာဝအားဖြင့် တခြားစီဖြစ်လျက် ကိစ္စတစ်ခုပြီးစေပုံ ဥပမာဖြင့် မိန့်ကြားဖို့ လျှောက်ထားတော့ စစ်တပ်ဆိုတာ ဆင် မြင်း ရထား ခြေသည်လို့ ကဲ့ပြားခြားနားကြလျက် တစ်ခုသော ကိစ္စကို ပြီးစေကြသလို စစ်ပွဲ၌ တစ်ဖက်ရန်သူကို အောင်နိုင်ကြသလို ထို့အတူ ကဲ့ပြားခြားနားကြတဲ့ ဒီတရားတွေဟာ တစ်ခုသောကိစ္စကို ပြီးမြောက်စေကြောင်း ကိလေသာတို့ကို သတ်ကြောင်း မိန့်တော်မူခဲ့ပါတယ်။

ဝိပဿနာအခိုက် ဗောဇ္ဈင်တွေ အတူတဲ့ ဆောင်ရွက်ပုံ

၁- ဒီတော့ ဒီဗောဇ္ဈင် တရားတွေဟာ ကုယ့်ကစ္စ ကုယ့်သဘာဝနဲ့ကိုယ် ရှက်ဆောင်နေကြသော်လည်း တစ်ပါးကို တစ်ပါးက အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြု ကူ-မ နေကြပုံ ကိလေသာသတ်မှု သစ္စာသိမှုကိစ္စတွေကို လောကီဝိပဿနာမဂ်အခိုက် လောကုတ္တရာမဂ်အခိုက်မှာ အတူတဲ့ ဆောင်ရွက်ကြပုံ

သိသာရန် ဝိဘင်းပါဠိတော်ကို ထုတ်ဖော် တင်ပြလိုက်ရပါတယ်။

တတ္ထ ကတမော သတိသမ္မောဇ္ဈင်္ဂေါ၊ ဣဓ ဘိက္ခု သတိမာ ဟောတိ ပရမေန သတိနေပက္ကေန သမန္နာဂတော စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ ဟောတိ အနုဿရိတာ၊ အယံ ဝုစ္စတိ သတိသမ္မောဇ္ဈင်္ဂေါ။

တတ္ထ- ထိုဗောဇ္ဈင်တရား ခုနစ်ပါးတို့တွင်။ သတိသမ္မောဇ္ဈင်္ဂေါ- သတိသမ္မောဇ္ဈင်ဟူသည်။ ကတမော- အဘယ်ပါနည်း။ ဣဓ- ဤသာသနာတော်၌။ ဘိက္ခု- ရဟန်းသည်။ သတိမာ- သတိရှိသည်။ ပရမေန- လွန်မြတ်သော။ သတိနေပက္ကေန- သတိပညာနှင့်။ သမန္နာဂတော- ပြည့်စုံသည်။ ဟောတိ- ဖြစ်၏။ စိရကတမ္ပိ- ကြာမြင့်ရှည်ဝေး ရှေးကအပြု ကိုယ်အမှုကို သော်လည်း။ စိရဘာသိတမ္ပိ-ကြာမြင့်ရှည်ဝေး ရှေးကဆိုသော ဟောမှုပြောမှုကိုသော်လည်း။ သရိတာ- ယခုထင်ထင် ပြုပြော သင့်သို့ ထင်မြင်တပ်အပ် အောက်မေ့တတ်သည်။ အနုဿရိတာ- ထပ်တလဲလဲ စဉ်မြဲမလပ် အောက်မေ့တတ်သည်။ ဟောတိ- ဖြစ်၏။ အယံ- ဤကာလကြာက ပြုသမျှသော၊ ပြောသမျှမှု ကုသိုလ်စုကို ယခုထင်ထင် ပြုအသင့်သို့၊ ထင်မြင်တပ်အပ် အောက်မေ့တတ်သည့် လွန်မြတ်သောသတိကို။ သတိသမ္မောဇ္ဈင်္ဂေါ- သတိသမ္မောဇ္ဈင်ဟူ၏။ ဝုစ္စတိ- ဆိုအပ်ပါပေ၏။

သတိသမ္မောဇ္ဈင်အစထား ဟောကြားရပုံ

ဗောဇ္ဈင်ခုနစ်ပါးတွင် သတိသမ္မောဇ္ဈင်ကို အစထား ဟောကြားရတာက အကြောင်းရှိပါတယ်၊ သတိဟူ ခွဲ၊ဟံ ဘိက္ခုဝေ

သမ္ဘတ္ထိုက် ဝဒါမိ–ရဟန်းတို့- သတိတရားကိုတော့ အလုံးစုံသော အရာတို့မှာ လိုလားထိုက်သော တရားဟု ငါဘုရားဟောကြားတော်မူတယ်၊ ဒီ ဘုရားအမိန့်တော်အရ ဗေဒင် အရာမှာ သတိဟာ အရေးပါပုံ သိရတယ်၊ သတိမှတ်စ်ပါး အခြားဗေဒင်တွေထဲမှာ စိတ် တွန့်ဆုတ်တဲ့အခါ ဘယ်ဗေဒင် မပွားရ ဘယ်ဗေဒင်တွေပွားလို့ ခွဲခြားချက်ရှိပါတယ်၊ စိတ် ပျံ့လွင့်တဲ့အခါလည်း ဒီလိုဘဲ ပွားရမယ့်ဗေဒင် မပွားရမယ့် ဗေဒင်လို့ ခွဲခြားချက်ရှိပါတယ်၊ နောက် သမာဓိဗေဒင် ဖြစ်ကြောင်းတွေဟောတော့ ဒါ ရှင်းပါလိမ့်မယ်။

အဲ– သတိအဖို့တော့ ဒီလိုခွဲခြားချက်မရှိဘဲ တွန့်တဲ့အခါလည်း သူပါရ ပျံ့တဲ့အခါလည်း သူပါရ ဘယ်ဗေဒင်ဖြစ်ဖြစ် ပွားပွား သူကတော့ မပါမဖြစ်၊ သတိဟာ အရာခပ်သိမ်းမှာ ပါရပြီး အားလုံးသော ဗေဒင်တွေကို အထောက်အကူပြုရပါတယ်၊ ဒီတော့ သတိက ပဓာန်၊ သတိက အာရုံဆီ ကင်တည့်ပေးမှ ဆိုင်ရာဗေဒင်တွေ အလုပ်လုပ်ဖို့ အခွင့်သာတယ်၊ ဒါ့ကြောင့် သတိဟာဖြင့် အလုံးစုံသော ဗေဒင်တံရားတို့အားကျေးဇူးပြုတတ်တယ်၊ တခြားဗေဒင်တွေဖြစ်ပွားဖို့ရာ ပဓာနအကြောင်း ဖြစ်တယ်၊ ဒါ့ကြောင့် သတိသမ္ဘောဇ္ဈင်ကို ရှေးဦးစွာ ဟောတော်မူရခြင်း ဖြစ်ပါတယ်။

ပုဂ္ဂိုလ်ဖြင့် တရားပေါ်

ရှင်တော်မြတ်ဘုရားဟာ တချို့နေရာမှာ ပုဂ္ဂိုလ်ပညတ်မပါ တရားသက်သက်ဖြင့်သာ ဒေသနာပြုတာလည်း ရှိတယ်၊ တချို့ နေရာမှာ ပုဂ္ဂိုလ်နဲ့ဖက်ပြီး တရားဖော်ညွှန်းတာလည်း ရှိပါတယ်၊

ဒါက ဝေနေယျတို့ရဲ့ အလိုကို ကြည့်ပြီး သင့်သလို တရား ဟော်ညွှန်းခြင်းလို့ ဆိုရပါတယ်၊ ယခု သတိသမ္မောဇ္ဈင်္ဂကို အနုက်ဖွင့်ဟော်တဲ့ နေရာမှာ သတိသမ္မောဇ္ဈင်ဟာ ဘယ်တရားလဲ မေးတော်မူပြီး ဤသာသနာတော်၌ ရဟန်းသည် သတိရှိသည် စသည်ဖြင့် ပုဂ္ဂိုလ်အစဲပြုပြီး သတိတရားကို ဟော်တုတ်တော်မူခဲ့ပါတယ်။

လွန်မြတ်သောသတိ ဖြစ်ပုံ

သတိသမ္မောဇ္ဈင်အရာ သတိကို လွန်မြတ်သော သတိ ဖြစ်ကြောင်း ပရမေနဲ့ သတိနေပင်ကွန် သမန္နာဂဝတော ဖြင့် ဟော်ပြန်ပါတယ်၊ ဒါနဲ့ သီလ စသည်မှာလည်း သတိပါတာ ပါဘဲ၊ သို့သော်လည်း ဗောဇ္ဈင်အရာ သတိက အားရှိတဲ့ ဝိပဿနာသတ်ဖြင့်လို့ ပရမတ်ဖြစ်တဲ့ တရားတော်အဓိပါမှာ သက်ရောက်သဲ့သဘို ကိုယ်လသာသခါရတို့ကို ပယ်နိုင်တဲ့ သတိပို့ သာလွန်ထူးခြားပါတယ်၊ ဒါတင်မက ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန်နဲ့ မဂ်တို့အား လျော်သောကြောင့်လည်း လွန်မြတ်တယ် ထူးမြတ်တယ်။

မဂ်နိဗ္ဗာန်ကို ပရမတ္ထသစ္စာ ဆိုရပုံ

ဒီနေရာမှာ မဂ်နိဗ္ဗာန်ကို ပရမတ္ထသစ္စာဆိုခြင်းကို စဉ်းစား ကြပါဦး၊ နိဗ္ဗာန်ဆိုတာ ကိုယ်လသာကင်း ငင်ကြပ်ခြင်းဆိုတဲ့ တင့်တယ်မှု သုဘအဖြစ်မှလည်း မကင်း၊ မပြတ်ဖြစ်နေတဲ့ ဒုက္ခရဲ့ ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်တဲ့ သုခအဖြစ်မှလည်း မကင်း၊ တကယ်ငင်စစ် ငြိမ်းမှုဖြစ်သောကြောင့် ပျက်ပြားခြင်းမရှိတဲ့

နိစ္စအဖြစ်မှလည်း မကင်း၊ ဒုက္ခကြောင့် ပရမတ္ထအားဖြင့် သစ္စာ အမှန်တရားလို့ အရိယာများ မဂ်ဉာဏ်ဖြင့် ကောင်းစွာ သိထားကြောင်း ပြဆိုပါတယ်။

အမေသ ဓမ္မံ နိဗ္ဗာနံ တဒရိယာ သစ္စတော ဝိဒူ–ပျက်စီးခြင်းမရှိတဲ့ ထိုနိဗ္ဗာန်ကို အရိယာများက အမှန်တရားသစ္စာဟု သိနားလည်တယ်ဆိုတဲ့ ဒေသနာလည်း ရှိပါတယ်၊ ဒီတော့ နိဗ္ဗာန်ရဲ့သစ္စာအဖြစ်ဟာ တခြားတရားတို့ရဲ့ သစ္စာအဖြစ်ထက် လေးနက်တယ် သာလွန်တယ်၊ သစ္စာအဖြစ် သာလွန်သလို သခ်ၤတ အသခ်ၤတ တရားမှန်သမျှတို့ထက် မြတ်တဲ့သဘောဖြစ်လို့ ပရမတ္ထအဖြစ်ကလည်း သာလွန်ပါတယ်၊ ဒုက္ခကြောင့် တခြားရုပ်နာမ်တို့နဲ့ ပရမတ္ထသစ္စာအဖြစ်ဖြင့် အမည်တူသော်လည်း သဘောအားဖြင့် ပရမတ္ထချင်း သစ္စာချင်း မတူ တမူထူးခြားကွဲပြားသာလွန်တာကို တွေ့ရပါလိမ့်မယ်။

မဂ်ကလည်း နိဗ္ဗာန်ရကြောင်းတရား ကိလေသာကို အပြာဘ်ရှင်းနှိုင်ဘဲ့တရား- လောကီတရားတို့ထက် လွန်မြတ်တဲ့ တရားမို့ မဂ်ဘရားရဲ့ ပရမတ္ထအဖြစ် သစ္စာအဖြစ်ဟာလည်း တခြားလောကီရုပ်နာမ်တို့ထက် ပိုထူးခြားသာလွန်နေပါတယ်၊ ဒုက္ခကြောင့် နိဗ္ဗာန်နဲ့မဂ်ကို ပရမတ္ထသစ္စာလို့ ဆိုရခြင်းဖြစ်ပါတယ်၊ တချို့နေရာမှာ နိဗ္ဗာန်ကို ပရမသစ္စံလို့ ဟောထားတာလည်း ရှိပါတယ်၊ ဒုက္ခကြောင့် ပရမသစ္စာ – အမြတ်ဆုံးသစ္စာလို့လည်း ဆိုခွင့်ရှိပါသေးတယ်၊ ထိုပရမတ္ထသစ္စာဖြစ်ဘဲ့ နိဗ္ဗာန်မဂ်တို့ကို ရကြောင်းဖြစ်လို့ ထိုပရမတ္ထသစ္စာနဲ့ လျော်တဲ့ အဟုတ် ဗောဇ္ဈင်သတိဟာ လွန်မြတ်တဲ့သတိ ဖြစ်ရပါတယ်။

သတိအရာ ပညာပါတဲ့ပြုပုံ

ဒီနေရာမှာ သတိကိုဖွင့်တဲ့နေရာဖြစ်ပါလျက် လွန်မြတ်သော သတိ့ပညာနဲ့ပြည့်စုံတယ်လို့ ဘာကြောင့်ပညာကိုတဲ့ထည့်ရသလဲ၊ အားရှိတဲ့သတိဖြစ်ကြောင်းပြဖို့ရာ ပညာနဲ့ တဲ့ပေးထားခြင်းဖြစ်တယ်၊ သတ်ဟာ ဖြစ်လာတဲ့အခါ ပညာနဲ့အတူဖြစ်တာလည်းရှိ၊ ပညာမပါဘဲဖြစ်တာလည်းရှိတယ်၊ ဉာဏ်ပိမ္ပယုတ်စိတ်မျိုးက သတိကျတော့ ပညာနဲ့ကင်းဖြစ်တာကို ဆိုပါတယ်၊ ပညာနဲ့ အတူဖြစ်ရတဲ့အခါ သတိဟာ အားရှိတယ်၊ ပညာနဲ့ကင်းဖြစ်ရတဲ့ အခါ အားနည်းတယ်၊ ဒါ့ကြောင့် ဒီနေရာမှာ အားရှိတဲ့ သတိဖြစ်ကြောင်းပြဖို့ရာ ပညာနဲ့တွဲပြပါတယ်။

ဆိုလိုတာက တစ်စုံတစ်ရာကို မှတ်သားသတိရတဲ့ သာမည သတိကို သတိသမ္မောဇ္ဈင်မဆိုရ၊ အားရှိဘဲ့သတိကိုသာ သတိ သမ္မောဇ္ဈင် ဆိုရတယ်၊ ထိုသို့အားရှိတဲ့သတိသာ မဖောက်ပြန် မှန်ကန်တဲ့ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ သဘာဝတွေကို ယူနိုင်စွမ်း မှတ်နိုင်စွမ်းရှိပါတယ်။

ပညာပါတဲ့ သတိ အားရှိပုံဥပမာ

ဒီနေရာမှာ ဝိဘင်းအဋ္ဌကထာက ဥပမာကလေးနဲ့ ပြောထားပါတယ်၊ အမတ်ကြီး နှစ်ယောက် ရှိတယ်၊ တစ်ယောက်က မင်းသားကို ကိုယ့်ဘက် သိမ်းသွင်းထားနိုင်တယ်၊ တစ်ယောက်ကတော့မိမိဘာသာအလျောက် တစ်ယောက်တည်း၊မင်းသားကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းထားနိုင်တဲ့ အမတ်ကြီးက ကိုယ့်အရှိန်အဝါနဲ့ မင်းသားအရှိန်အဝါနှစ်ဖက်ရမို့ အရှိန်အဝါ

ကြီးမားသူဖြစ်ရတယ်၊ ကိုယ့်တစ်ယောက်တည်း တည်နေရတဲ့ အမတ်ကြီးကတော့ ယခင်အမတ်ကြီးနဲ့ တန်ခိုးအရှိန်အဝါမတူမျှ အားနည်းရတယ်၊ မင်းသားအမှီရတဲ့အမတ်ကြီးဟာ မိမိရဲ့အရှိန်အဝါ မင်းသားအရှိန်အဝါနဲ့ အရှိန်အဝါကြီးမားရသလို ပညာနဲ့တကွဖြစ်တဲ့ သတိဟာ အားရှိတယ်၊ မိမိဘာသာ အလျောက် တစ်ယောက်တည်းဘည်တဲ့ အမတ်ကြီးဟာ ယခင်အမတ်ကြီးနဲ့ အရှိန်အဝါမညီမျှ အောက်ကျရသလို ပညာနဲ့ကင်းဖြစ်ဘဲသတိဟာ အားနည်းရပါတယ်၊ ဒုါ့ကြောင့် အားရှိတဲ့သတိဖြစ်ကြောင်းပြုဖို့ရာ သတိအရာဖြစ်ပေမယ့် ပညာပါတဲ့ထည့် ဟောရကြောင်း မိန့်ဆိုပါတယ်။

ကြာမြင့်စွာက ပြုမှုပြောမှု

ထိုကဲ့သို့ အားရှိသောသတိဖြစ်လို့ဘဲ စိရကတမ်မိ စိရဘာသိတမ်မိ သရိဘာ အနုဿရိတာ - ကာလရှည်ကြာစွာက ပြုခဲ့ လုပ်ခဲ့တဲ့ အပူတွေကိုပင် ကာလရှည်ကြာစွာက ပြောခဲ့ ဟောခဲ့ဘဲ့ပြောမှု ပေါ်ပေါ်မှုတွေကိုပင် အောက်မေ့တတ် အမှတ်ရတတ်တယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ ကာလကြာမြင့်စွာက ပြုခဲ့ဘဲ့အမှုဆိုတာ မိမိသူတစ်ပါးပြုခဲ့ဘဲ့စေတီဝတ် ဗေါဓိဝတ် ဝေသာဝတ်အကျင့်တွေ ကသိုဏ်းဝန်းပြုမှု ကသိုဏ်းပရိကမ်ပြုမှု စသော ကိုယ်ဖြင့်လုပ်တဲ့ ကောင်းမှုတွေပါဘဲ၊ ကုသိုလ်ဖြစ်ခြင်းအကြောင်းကို အောက်မေ့ခြင်းသာ သတိဖြစ်လေတော့ ကြာမြင့်စွာက ပြုခဲ့တဲ့အမှုအရ ကိုယ်ဖြင့်ပြုတဲ့ကောင်းမှုကုသိုလ်တွေသာ ယူရပါတယ်။

ကာလကြာမြင့်စွာက မိမိ သူတစ်ပါး ပြောခဲ့ ပြောခဲ့တဲ့ အမှုဆိုတာ ဓမ္မကထိကကျင့်ဝတ်တရား ဦးတည်ရည်မှန်းချက် ထားပြီး ဟောကြားခဲ့ကြတဲ့တရားစကား ကမ္မဋ္ဌာန်းအဆုံးအဖြတ် (သို့မဟုတ်) ဝိမုတ္တာဝယာတန - ဝဋ္ဋဒုက္ခမှ လွတ်မြောက်ခြင်း အကြောင်းတရား ဥုံးတည်ရည်မှန်းချက်ထားပြီး ဟောကြားတဲ့ တရားစကားမျိုးပါဘဲ။

ဓမ္မကထိကကျင့်ဝတ်

ငါ့တရား နာကြားကြမှု ကောင်းလေ့၊ နာကြားပြီး ကြည်ညိုကြမှု ကောင်းလေ့၊ ကြည်ညိုကြပြီး ကြည်ညိုတဲ့ အခြင်းအရာ အပြုအမှု ပြုကြမှု ကောင်းလေ့ - အဲဒါလို လာဘ်ကိုမျှော်ကိုး ကျော်ကြားမှုကို မျှော်ကိုးပြီး ဟောတာဟာ ဓမ္မကထိကကျင့်ဝတ်ဖျက်တာပါဘဲ၊ ဒီလိုရည်ရွယ်ချက်နဲ့ ဟောမှု မျိုးက တရားလိုလားတဲ့ပုဂ္ဂိုလ်တွေ အောက်မေ့ခွင့်စဉ်အမှုမျိုး မဟုတ်ပါဘူး။

အရှင်မဟာကဿပမထေရ်မြတ်ကြီးတို့လို ငါ့တရားနာကြား ကြမှု ကောင်းလေ့၊နားကြားပြီး တရားကို နားလည်ကြသိကြမှု ကောင်းလေ့၊ တရားသိပြီးနောက် တရားအတိုင်း ကျင့်ကြမှု ကောင်းလေ့လို့ တရားတော်ရဲ့ ကောင်းမြတ် မှန်ကန်သည့် အဖြစ်ကို အစဲ့ပြုပြီး ကရုဏာ မေတ္တာကိုအစဲ့ပြုပြီး ဟောပြောမှု သာ ဓမ္မကထိက ကျင့်ဝတ်နဲ့ အညီ ဟောခြင်းဖြစ်ပါတယ်၊ ဒီလို တရားဟောခဲ့ပုံမျိုးကို အောက်မေ့တဲ့သတိသာ ကုသိုလ်ဖြစ်ခြင်း အကြောင်း ဖြစ်ပါတယ်။

လွတ်မြောက်ခြင်း အကြောင်းငါးပါး

ဝိမုတ္တာယတန- ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကြောင်းကို ဉုးတည်ရည်မှန်းချက်ထားတဲ့ တရားစကားဆိုတာ ဘာလဲ၊ အဂ္ဂိုဘုရားကယ်မှာဒီလွတ်မြောက်ခြင်းအကြောင်းဝိမုတ္တာယတနငါးပါးလာပါတယ်၊ ယင်းအကြောင်းငါးပါးမှာ မမေ့မလျော့ကြိုးစားနေလျှင် ကိုလေသာမှ မလွတ်သေးသောစိတ် လွတ်ရကြောင်း မကုန်သေးသော အာသဝမျှား ကုန်ရကြောင်း မရသေးသော အတုမရှိ အရဟတ္တဖိုလ်ကို ရနိုင်ကြောင်း ဟောတော်မူပါတယ်၊ ဒီအကြောင်းငါးပါးကို အချုပ်အားဖြင့် ပြောရယင်- မြတ်စွာဘုရားက ဖြစ်စေ လေးစားအပ်သော ဆရာအရာ၌တည်သော သီတင်းသုံးဖော် တစ်ပါးက ဖြစ်စေ တရားဟောမယ်၊ (သို့မဟုတ်) မိမိကိုယ်တိုင် ကြားနာဖူးသော တရားကို သူတစ်ပါးတို့အား အကျယ်အားဖြင့် ဟောပြောမယ်၊ (သို့မဟုတ်) မိမိကြားနာဖူးသောတရားကို အကျယ်အားဖြင့် ဋီတ်အံသရဇ္ဈာယ်နေမယ်၊ (သို့မဟုတ်) မိမိကြားနာဖူးသော တရားကို ကြံစည်သုံးသပ် ရှုဆင်ခြင်နေမယ်၊ (သို့မဟုတ်) သမာဓိနိမိတ်တစ်မျိုးမျိုးကို သင်ယူထား နှလုံးသွင်းထားမယ်၊ အဲဒီ အချက်ငါးမျိုးတွင် တစ်မျိုးမျိုး ကြုံရတဲ့အခါ ထိုကြားနာ ဟောပြော ရှုတ်အံဆင်ခြင်တဲ့တရားမှာ အနက်သိုရ၊ ပါဠိသိရ၊ ဒီလို သိရတော့ ဝမ်းသာရ၊ ဝမ်းသာရတော့ ပီတိဖြစ်ရ၊ ပီတိဖြစ်တော့ အေးငြိမ်းမှု ပဿဒ္ဓိဖြစ်ရ၊ အေးငြိမ်းတော့ သုခဖြစ်ရ၊ သုခဖြစ်လာတော့ စိတ်တည်ကြည်မှု သမာဓိရ၊ ဒီလိုနဲ့ အရဟတ္တမဂ်အထိ သမာဓိရနိုင်တော့ ဒီအချက်ငါးချက်ကို

ဝိမုတ္တာယတန - ဝဋ္ဋဒုက္ခမှ လွတ်မြောက်ခြင်း အကြောင်း ငါးပါးလို့ ဆိုပါတယ်။

ဒီအကြောင်းငါးပါးကို ရှင်းအောင် ချုံးပြောရယင် မိမိ အကျိုးစီးပွားအတွက်သူတစ်ပါးဟောတဲ့တရားကိုကြားနာခြင်း၊ သူတစ်ပါး အကျိုးစီးပွားအတွက် မိမိနာဖူးသော တရား ဟောကြားခြင်း၊ နာဖူးသောတရားရွတ်အံခြင်း၊ နာဖူးသော တရားကို ကြံစည်စဉ်းစားခြင်း၊ ကသိုဏ်းစသော သမာဓိအာရုံ တစ်မျိုးမျိုးလို့ လွတ်မြောက်ခြင်းအကြောင်း ငါးပါးပေါ် လာပါတယ်၊ ဒီမှာ လွတ်မြောက်ခြင်းအကြောင်း ဥုံးတည်ချက် ထား ဟောကြားတယ်ဆိုတာ ဒုက္ခဝဋ်အကြောင်းဖြစ်တဲ့ မိမိ ကြားဖူးသောတရားကို အကျယ်အဝေးဖြင့် သူတစ်ပါးအား ဟောကြားခြင်းဆိုတဲ့ ဝိမုတ္တာယတနကို ဥုံးတည်ချက်ထား ဟောကြားခြင်းကို ဆိုလိုပါတယ်။

ပြုမှုပြောမှုဆိုတာ ရုပ်နာမ်

ကာလကြာမြင့်စွာက ပြုခဲ့ပြောခဲ့တာတွေကို အမှတ်ရတယ် ဆိုတာ သာမန်ပြုမှုပြောမှု အမှတ်ရတာကိုဆိုတာ မဟုတ် ပါဘူး၊ အခုဟောပြတာက ဝိပဿနာအခိုက်မှာ ဗောဇ္ဈင်ဖြစ်ပေါ် ဟောတာဖြစ်တော့ ရုပ်တွေ နာမ်တွေကို အမှတ်ရခြင်းကို ဆိုပါတယ်။

ဒါ့ကြောင့် ထိုသိုကောင်းမှုပြုစဉ်က ဖြစ်ခဲ့တဲ့ ကာယဝိညတ် ရုပ်တရား ဇာဝိညတ်ကို ဖြာဝ်စေတဲ့ နာမ်တရားတွေ ထိုထိုတရား ဟောစဉ်ပြောစဉ်က ဖြစ်ခဲ့တဲ့ ဝစီဝိညတ်ရုပ်တရား ထိုဝိညတ်ကို

ဖြစ်စေတဲ့ နာမ်တရားတွေ အဲဒီတရားတွေ သည်ပုံဖြစ်ပြီး သည်ပုံ ချုပ်သွားကြတယ်ဆိုတဲ့ ပြန်လည်သတိရနိုင်တာကို ဆိုပါတယ်၊ အတော်ကြာက ဖြစ်ခဲ့ဖူးတဲ့တရားတွေ ဖြစ်ပေမယ့် ယခု လော လောဆယ် ထင်ရှားဖြစ်နေသလို ထင်ထင်ရှားရှား ပေါ်ပေါ် လွင်လွင်ပင် ထင်ပေါ်နေ အမှတ်ရနေတယ် ဆိုလိုပါတယ်။

ပစ္စုပ္ပန်ကို ရှုမှုက ပဓာန

ကာလကြာမြင့်စွာက ပြုခဲ့ပြောခဲ့ဖာကိုပင် အမှတ်ရတယ် ဆိုသဖြင့် ယခုပစ္စုပ္ပန်ဖြစ်နေဆဲရုပ်နာမ်ကို အမှတ်ရခြင်းကိုတော့ ပြောစရာမရှိ ဆိုလိုပါတဲယ်၊ ဟိုအကြာကြီးက ရုပ်နာမ်တွေ တောင် သတိရတယ်ဆိုတော့ ဒါလောက် သတိအားကောင်း နေတဲ့ ပုဂ္ဂိုလ်အဖို့ ယခုမိမိသန္တာန်မှာ လောလောဆယ်ဖြစ်ပျက် နေတဲ့ ရုပ်နာပ်တွေရှုရာမှာ ဖြစ်လာတဲ့ အမှတ်သတိကတော့ အလွန်အလွန် ကောင်းနေတယ်ဆိုတာ ပြီးနေပါတယ်။

ဒီတော့ ကြာမြင့်စွာက ပြုခဲ့ပြောခဲ့ဘဲ့ အမှုတွေတောင် အောက်မေ့နိုင်တယ်ဆိုတာ သတိအလွန်ကောင်းပုံ ပြခြင်းသာ ဖြစ်ပါတယ်၊ ဃိုအတိတ်က တရားတွေကိုသာ ရှုဖို့ပြတာ မဟုတ် ပါဘူး၊ တကယ်အရေးကြီးတာက မိမိသန္တာန်မှာ အထင်အရှား ဖြစ်ပေါ်လာ ချုပ်ပျောက်သွားနေတဲ့ ပစ္စုပ္ပန်ရုပ်နာမ်တွေကို ရှုဖို့ပါဘဲ၊ ထိုပစ္စုပ္ပန်ပေါ်လာတိုင်း ရုပ်နာပ်တွေကို ရှုခြင်းသာ တကယ်ကိုယ်တွေ့ လောလောဆယ် ဖြစ်နေမှုကို ရှုခြင်းဖြစ်၍ ထင်လွယ် မြင်လွယ် ဉာဏ်အဆင့်ဆင့် အမှန် မြင့်တက်ဖွယ် အကြောင်း ဖြစ်ပါတယ်။

ပဗ္ဗုပ္ပန္နရူပ်နာမ် ရူရေးဌ္ဌ သာဓက

အတီတံ နန္ဒဝဂမေယျ-နေ ပဋိကခ်ေ အနာဂတံ၊
ယဒတီတံ ပဟီနံ တံ-အပတ္တာ ဥ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယ ဓမ္မ-တတ္ထ တတ္ထ ဝေဝသိတ၊
အသံဟီရံ အသံကုပ္ပံ-တံ ဝိဒ္ဒါ အနုဗြူဟယေ။

အတီတံ-ဖြစ်ပြီးခဲ့ရာ၊ အတိတ်ခန္ဓာကိုလည်း။ နန္ဒဝဂမေယျ-တဏှာ ဒိဋ္ဌိ၊ ငြိတွယ်စိုက်ချေ၊ လိုက်မနေရ။ အနာဂတံ-နောင်ရေးနောင်တာ၊ အနာဂတ်ခန္ဓာကိုလည်း။ နေ ပဋိကခ်ေ-တဏှာ ဒိဋ္ဌိ၊ တွယ်ငြိဝင်နှောင့် တကြောင့်ကြကြ မတောင့်တ မမျှော်လင့်ရာ။ယံ-ရူပ်နာမ်နှစ်ပြား၊ အကြင်ခန္ဓာသည်။ အတီတံ-လွန်ခဲ့ပြီးချေ၊ အတိတ်ဖြစ်လေ၏။ တံ- ထိုလွန်ခဲ့ပြီးရာ၊ အတိတ်ခန္ဓာသည်။ ပဟီနံ- မမြင်ရချေ၊ ကွယ်ခဲ့ ပျောက်ခဲ့လေပြီ။ အနာဂတံ- နောင်ဖြစ်မည့်ဘဝရာ၊ အနာဂတ် ခန္ဓာမှာလည်း။ အပတ္တံ- ယခုမျက်မှောက်၊ ထင်ရောက်ဖြစ်ကာ၊ ပေါ်ပေါက်မလာသေးချေ။

ပစ္စုပ္ပန္နံ- ဖြစ်ဆဲစင်စစ်၊ ပစ္စုပ္ပန်ဖြစ်သော။ ဓမ္မဉ္ဉ- ခန္ဓာငါးပါး တရားကိုသာ။ တတ္ထ တတ္ထ- ပေါ်လာဖြစ်လာ၊ ထိုထိုနေရာ၌လျှင်။ ယံ ဝိပဿတိ- ဝိပဿနာ တင်ကဲ့ထင်မှု၊ အကြင်ရှုလေ၏။ အသံဟီရံ- ဒိဋ္ဌိ တဏှာ၊ နှစ်ဖြာစွဲကပ်၊ မဆွဲမဆန်၊ မငင်အပ်သော။ ဝါ- အဆွဲမခံရလေအောင်။ အသံကုပ္ပံ- ဒိဋ္ဌိ တဏှာ၊ ဝင်လာဘက်ပြီး၊ ပယ်ကန်စီးသော။ ဝါ-မယ်ကန်စီးလေအောင်။ တံ- ထိုဝိပဿနာ ဉာဏ်ပညာကို။ အနုဗြူဟယေ-သပ်တလဲလဲ၊ မစဲဖန်ခါ၊ ပွားစေရာသတည်း။

ဝိပဿနာဆိုတာ ကိုလေသာ မဝင်လာအောင် ရှုရတာ၊ အတိုတ်ခန္ဓာ အနာဂတ်ခန္ဓာ အစဲ့ပြုပြီး ကိုလေသာ မဝင်လာအောင်ထိုအတိတ်အနာဂတ်ခန္ဓာတို့ကိုလည်းရှုရမှာဘဲ၊ ဒါပေမယ့် အတိတ်အနာဂတ်ခန္ဓာတွေကို ရှုခြင်းက ပစ္စက္ခမျက်မှောက်အမြင် မဟုတ်၊ အနုမာန မှန်းဆရှုရခြင်းမို့ ပစ္စုပ္ပန်ဖြစ်ဆဲခန္ဓာတွေသာ မျက်မှောက်ကိုယ်တွေ့ဖြစ်လို့ ထိုခန္ဓာကွေ့ကိုသာ အလေးထား ရှုစားဆင်ခြင်နေဖို့ အရေးကြီးကြောင်း ထိုပစ္စုပ္ပန်ခန္ဓာတွေကို သာ မပြတ်မလပ် ရှုမှတ်နေဖို့ လိုကြောင်း သိသာ ထင်ရှားပါပေတယ်။

သတိသမ္မောဇ္ဈင် အခြားမဲ့ ဓမ္မဝိစယသမ္မောဇ္ဈင် ဟောရခြင်း

အဲဒီတော့ ခန္ဓာရုပ်နာမ်မှာ သတိဟာ စဲ့ကပ်ရောက်နေလျှင် သတိသမ္မောဇ္ဈင် ဖြစ်တော့တာပါဘဲ၊ သတိသမ္မောဇ္ဈင်ဖြစ်လျှင် တခြား ဗောဇ္ဈင်တွေလည်း ဖြစ်လာတော့တာမို့ သတိသမ္မောဇ္ဈင်ဟာကြွင်းတဲ့ဗောဇ္ဈင်တရားများ ဖြစ်ခြင်းအကြောင်း ဖြစ်ရပါတယ်၊ ဒီနေရာမှာ ဝိပဿနာဉာဏ်နဲ့ယှဉ်ဘဲ သတိသမ္မောဇ္ဈင်ဆိုရတာဖြစ်တော့ သတိဖြစ်လျှင် ပညာလည်းဖြစ်လာတာပါဘဲ၊ သတိက အာရုံမှာ ကပ်တည်မှုကိစ္စ ဆောင်ရွက်လိုက်လျှင် ပညာအခွင့်သာတော့တယ်၊ ထိုအခါမှာ ဓမ္မဝိစယက သတိကပ်နေတဲ့ တရားအာရုံကို စိစစ်မှုဆောင်ရွက်တော့ တာပါဘဲ၊ အဲဒီလို သတိကပ်တည်ပေးတဲ့ တရားကို ဓမ္မဝိစယက် စိစစ်မှုဆောင်ရွက်ရတာဖြစ်လို့ သတိသမ္မောဇ္ဈင် အခြားမဲ့မှာ ဓမ္မဝိစယသမ္မောဇ္ဈင်ကို ဟောတော်မူရပါတယ်။

သော တထာ သတော ဝိဟရန္တော တံ ဓမ္မံ ပညာယ ပဝိစိနတိ ပဝိစရတိ ပရိဝီမံသမာပဇ္ဇတိ၊ အယံ ဝုစ္စတိ ဓမ္မဝိစယ သမ္မောဇ္ဈင်္ဂေါ။

သော- ထိုရဟန်းသည်။ တထာ- ကြာမြင့်စွာက၊ ပြုခဲ့ရသော၊ အပြောအမှု၊ ဟရားစုတွင်၊ ပေါ်ထင် လင်းလာ၊ အခြင်းအရာအားဖြင့်။ သတော- အမှတ်ရသည့် သတိရှိသည် ဖြစ်၍။ ဝိဟရန္တော-- နေလျက်။ တံ ဓမ္မံ ကြာမြင့်စွာက၊ ပြုရပြောရ၊ ဓမ္မအစားစား၊ ထိုတရားကို။ ပညာယ- ဝိပဿနာ ဉာဏ်ပညာဖြင့်၊ ပဝိစိနတိ- အနိစ္စ ဒုက္ခ၊ အနတ္တအနေ၊ စိစဉ်လေတော့၏။ ပဝိစရတိ-ဉာဏ်ကိုလှည့်ဝေ၊သုံးသပ်လေတော့၏။ ပရိဝီမံသံ- စူးစမ်းဆင်ခြင်ခြင်းသို့။ အာပဇ္ဇတိ-ရောက်တော့၏။ အယံ-အနိစ္စ ဒုက္ခ၊ အနတ္တဟု၊ ဓမ္မအရပ်ရပ်၊ စိစစ်တတ်စွာ၊ ဤပညာကို။ ဓမ္မဝိစယသမ္မောဇ္ဈင်္ဂေါ- ဓမ္မဝိစယသမ္မောဇ္ဈင်ဟု။ ဝုစ္စတိ- ဆိုအပ်ပါပေ၏။

ဒီနေရာမှာ ရဟန်းဟာ ကြာမြင့်စွာက ပြုခဲ့ပြောခဲ့မှုတွေကို အမှတ်ရသည့် သတိရှိလျက်နေစဉ် ထိုကြာမြင့်စွာက ပြုခဲ့ပြောခဲ့မှုတွေကို အမှတ်ရသည့် သတိရှိလျက်နေစဉ် ထိုကြာမြင့်စွာက ပြုခဲ့ပြောခဲ့တုန်းက ဖြစ်ခဲ့ဘဲ့ဟရားကို ပညာဖြင့် စိစစ်သုံးသပ်ဆင်ခြင်တယ်ဆိုရာမှာလည်း အရာအားလျော်စွာ ဆိုခြင်းဖြစ်ပါတယ်၊ ဒါကို နောက်ကလည်း ပြောခဲ့ပါပြီ၊ ဒီတော့ ယခုပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်ကို သတိရနေလျှင် ထိုပစ္စုပ္ပန်တရားကို ပညာဖြင့်စိစစ်သုံးသပ်တော့တာပါဘဲ၊စိစဉ်သုံးသပ်ဆင်ခြင်တယ်ဆိုတာလည်းဝိပဿနာအရာ ပေါ်ဇ္ဈင်အရာမို့ အနိစ္စ ဒုက္ခ အနတ္တ အဖြစ် ဆင်ခြင် ရှုမြင်ခြင်းပါဘဲ။

ဝိပဿနာဆိုတာ ကိုလေသာ မဝင်လာအောင် ရှုရတာ၊ အတိုတ်ခန္ဓာ အနာဂတ်ခန္ဓာ အစဲ့ပြုပြီး ကိုလေသာ မဝင်လာအောင်ထိုအတိတ်အနာဂတ်ခန္ဓာတို့ကိုလည်းရှုရမှာဘဲ၊ဒါပေမယ့် အတိတ်အနာဂတ်ခန္ဓာတွေကို ရှုခြင်းက ပစ္စက္ခမျက်မှောက်အမြင် မဟုတ်၊ အနုမာန မှန်းဆရှုရခြင်းမို့ ပစ္စုပ္ပန်ဖြစ်ဆဲခန္ဓာတွေသာ မျက်မှောက်ကိုယ်တွေ့ဖြစ်လို့ ထိုခန္ဓာကွေ့ကိုသာ အလေးထား ရှုစားဆင်ခြင်နေဖို့ အရေးကြီးကြောင်း ထိုပစ္စုပ္ပန်ခန္ဓာတွေကို သာ မပြတ်မလပ် ရှုမှတ်နေဖို့ လိုကြောင်း သိသာ ထင်ရှား ပါပေတယ်။

သတိသမ္မောဇ္ဈင် အခြားမဲ့ ဓမ္မဝိစယသမ္မောဇ္ဈင် ဟောရခြင်း

အဲဒီတော့ ခန္ဓာရုပ်နာမ်မှာ သတိဟာ စဲ့ကပ်ရောက်နေလျှင် သတိသမ္မောဇ္ဈင် ဖြစ်တော့တာပါဘဲ၊ သတိသမ္မောဇ္ဈင်ဖြစ်လျှင် တခြား ဗောဇ္ဈင်တွေလည်း ဖြစ်လာတော့တာမို့ သတိ သမ္မောဇ္ဈင်ဟာကြွင်းတဲ့ဗောဇ္ဈင်တရားများ ဖြစ်ခြင်းအကြောင်း ဖြစ်ရပါတယ်၊ ဒီနေရာမှာ ဝိပဿနာဉာဏ်နဲ့ယှဉ်ဘဲ သတိ သမ္မောဇ္ဈင်ဆိုရတာဖြစ်တော့ သတိဖြစ်လျှင် ပညာလည်းဖြစ်လာ တာပါဘဲ၊ သတိက အာရုံမှာ ကပ်တည်မှုကိစ္စ ဆောင်ရွက် လိုက်လျှင် ပညာအခွင့်သာတော့တယ်၊ ထိုအခါမှာ ဓမ္မဝိစယက သတိကပ်နေတဲ့ တရားအာရုံကို စိစစ်မှုဆောင်ရွက်တော့ တာပါ ဘဲ၊ အဲဒီလို သတိကပ်တည်ပေးတဲ့ တရားကို ဓမ္မဝိစယက် စိစစ်မှု ဆောင်ရွက်ရတာဖြစ်လို့ သတိသမ္မောဇ္ဈင် အခြားမဲ့မှာ ဓမ္မဝိစယ သမ္မောဇ္ဈင်ကို ဟောတော်မူရပါတယ်။

သော တထာ သတော ဝိဟရန္တော တံ ဓမ္မံ ပညာယ ပဝိစိနတိ ပဝိစရတိ ပရိဝီမံသမာပဇ္ဇတိ၊ အယံ ဝုစ္စတိ ဓမ္မဝိစယ သမ္မောဇ္ဈင်္ဂေါ။

သော- ထိုရဟန်းသည်။ တထာ- ကြာမြင့်စွာက၊ ပြုခဲ့ရသော၊ အပြောအမှု၊ ဟရားစုတ္တင်၊ ပေါ်ထင် လင်းလာ၊ အခြင်းအရာအားဖြင့်။ သတော- အမှတ်ရသည့် သတိရှိသည်ဖြစ်၍။ ဝိဟရန္တော-- နေလျက်။ တံ ဓမ္မံ ကြာမြင့်စွာက၊ ပြုရပြောရ၊ ဓမ္မအစားစား၊ ထိုတရားကို။ ပညာယ- ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဝိစိနတိ- အနိစ္စ ဒုက္ခ၊ အနတ္တအနေ၊ စိစဉ်လေတော့၏။ ပဝိစရတိ-ဉာဏ်ကိုလှည့်စေ၊သုံးသပ်လေတော့၏။ ပရိဝီမံသံ-- စူးစမ်းဆင်ခြင်ခြင်းသို့။ အာပဇ္ဇတိ-ရောက်တော့၏။ အယံ-အနိစ္စ ဒုက္ခ၊ အနတ္တဟု၊ ဓမ္မအရပ်ရပ်၊ စိစစ်တတ်စွာ၊ ဤပညာကို။ ဓမ္မဝိစယသမ္မောဇ္ဈင်္ဂေါ- ဓမ္မဝိစယသမ္မောဇ္ဈင်ဟု။ ဝုစ္စတိ- ဆိုအပ်ပါ၏ပေ၏။

ဒီနေရာမှာ ရဟန်းဟာ ကြာမြင့်စွာက ပြုခဲ့ပြောခဲ့မှုတွေကို အမှတ်ရသည့် သတိရှိလျက်နေစဉ် ထိုကြာမြင့်စွာက ပြုခဲ့ပြောခဲ့မှုတွေကို အမှတ်ရသည့် သတိရှိလျက်နေစဉ် ထိုကြာမြင့်စွာက ပြုခဲ့ပြောခဲ့တုန်းက ဖြစ်ခဲ့ဘဲ့ဘရားကို ပညာဖြင့် စိစစ်သုံးသပ်ဆင်ခြင်တယ်ဆိုရာမှာလည်း အရာအားလျော်စွာ ဆိုခြင်းဖြစ်ပါတယ်၊ ဒါကို နောက်ကလည်း ပြောခဲ့ပါပြီ၊ ဒီတော့ ယခုပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်ကို သတိရနေလျှင် ထိုပစ္စုပ္ပန်တရားကို ပညာဖြင့်စိစစ်သုံးသပ်တော့တာပါဘဲ၊စိစစ်သုံးသပ်ဆင်ခြင်တယ်ဆိုတာလည်းဝိပဿနာအရာ ပေါ်ဇ္ဈင်အရာမို့ အနိစ္စ ဒုက္ခ အနတ္တ အဖြစ် ဆင်ခြင် ရှုမြင်ခြင်းပါဘဲ။

ဓမ္မဝိစယအခြားမဲ့မှာ ဝီရိယ ဟောရခြင်း

သတိက အားရှိလို့ ပညာက ကောင်းကောင်းသိလာတဲ့အခါမှာ စိတ်ဟာ တက်ကြွလာတယ်၊ ဝီရိယဖြစ်လာတယ်၊ လောကမှာ စာကြည့်တဲ့အခါ ကောင်းကောင်း သိနားလည်ယင် စိတ်တက်ကြွနေတာဘဲ၊မသိလျှင် နားမလည် စိတ်ထဲမရှင်းမလင်း ဖြစ်နေယင်တော့ စိတ်တက်ကြွမှုမရှိ၊ ပျင်းရိဆုတ်နပ်လာတာပါဘဲ၊ အဲဒါလို့ ပညာကအသိကောင်းလာတော့ ဝီရိယက အားရှိလာတာပါဘဲ၊ ဒါ့ကြောင့် ဓမ္မဝိစယသမ္မောဇ္ဈင်အခြားမဲ့မှာ ဝီရိယသမ္မောဇ္ဈင်ကို ဟောရပါတယ်။

တဿ တံ ဓမ္မံ ပညာယ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနံ၊ အယံ ဝုစ္စတိ ဝီရိယသမ္မောဇ္ဈင်္ဂေါ။

တံ ဓမ္မံ– ကြာမြင့်စွာက၊ ပြုပြောရသည့်၊ ဓမ္မအမျှား၊ ထိုဘရားကို။ ပဝိစိနတော– စိစစ်သော။ ပဝိစရတော– သုံးသပ်သော။ ပရိဝီမံသံ–စူးစမ်း ဆင်ခြင်ခြင်းသို့။အာပဇ္ဇတော–ရောက်သော။ တဿ– ထိုရဟန်းသည်။ ဝေါ– ထိုရဟန်း၏။ ဝီရိယံ–ဝိပဿနာနှင့် ယှဉ်သော ဝီရိယသည်။ အာရဒ္ဓံ– ပြည့်စုံသည်။ ဝေါ–အားထုတ်အပ်သည်။ အသလ္လီနံ–တွန့်ဆုတ်ခြင်း မရှိသည်။ ဟောတိ– ဖြစ်၏။ အယံ– မတွန့်မဆုတ် အားတုတ်ပြည့်ဝ ဤဝိပဿနာဝီရိယကို။ ဝီရိယသမ္မောဇ္ဈင်္ဂေါ– ဝီရိယသမ္မောဇ္ဈင်ဟု။ ဝုစ္စတိ-- ဆိုအပ်ပေ၏။

ပညာရှိလျှင် ဝီရိယလည်း ဖြစ်လာရတယ်ဆိုရသလို ဝီရိယကလည်း ပညာသတိကို အားပေးလျက် ရှိပါတယ်၊ ဝီရိယက

ချီးမြှောက်ထောက်ပံ့ပေးမှ သတိလည်း ကောင်းကောင်းအလုပ်လုပ်နိုင်တယ်၊ ပညာလည်း မိမိကိစ္စ ကောင်းစွာဆောင်ရွက်နိုင်တယ်၊ ဒီတော့ ဗောဇ္ဈင်တရားတွေဟာ တစ်ပါးပါးက ကျန်ခြောက်ပါးကို အားပေး ကူညီနေတဲ့ အကြောင်းတွေ ဖြစ်နေကြတယ်လို့ ဆိုနိုင်ပါတယ်။

ဝိရိယအခြားမဲ့မှာ ပိတိသမ္ဘောဇ္ဈင် ဟောရခြင်း

လောကမှာ ကိုယ့်အလုပ်တွင် တက်တက်ကြွကြွ အားကြိုးမာန်တက် ကြိုးစားနေလျှင် ထိုအလုပ်မှာ နှစ်သက်စွဲလမ်းနေလို့ဆိုတာ ထင်ရှားပါတယ်၊ အဲဒါလိုဘဲ ဝိရိယက တက်ကြွနေလျှင် ထိုအာရုံမှာ နှစ်သက်မှု ပိတိ ဖြစ်လာတာပါဘဲ၊ ဒါ့ကြောင့် ဝိရိယဟာ ပိတိဖြစ်ကြောင်းမို့ ဝိရိယသမ္ဘောဇ္ဈင် အခြားမဲ့မှာ ပိတိသမ္ဘောဇ္ဈင်ကို ဟောရပါတယ်။

အာရဒ္ဓဝိရိယာသ ဥပ္ပဇ္ဇတိ ပိတိ နိရာမိသာ၊ အယံ ဝုစ္စတိ ပိတိသမ္ဘောဇ္ဈော။

အာရဒ္ဓဝ၀ရိယဿ - အားကိုးတဲ့အပသည့် ဝ ရ ယ ရှိသော ရဟန်း၏။ နိရာမိသာ-ကာမစသည့်အစာ အာမိသမရှိသော။ ပိတိ-နှစ်သက်ခြင်းပီတိသည်။ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ် လာ၏။ အယံ-ကာမအာမိသ စသည်မရှိ၊ ဤဝိပဿနာပီတိကို။ ပိတိသမ္ဘောဇ္ဈော - ပိတိသမ္ဘောဇ္ဈင်ဟု။ ဝုစ္စတိ-ဆိုအပ်ပါပေ၏။

အာမိသမရှိတဲ့ ပီတိ

ဒီပါဠိတော်အရ ဝိရိယဖြစ်ယင်ပီတိလည်းဖြစ်လာတော့တာဘဲ၊ ဒါပေမယ့် ဒီပီတိက အမှန်တရားသိရလို့ဖြစ်လာသော ဗောဇ္ဈင်ပီတိ ဖြစ်လေတော့ စင်ကြယ်တယ်၊ သန့်ရှင်းမှန်မြတ်တယ်၊ ဒါ့ကြောင့် နိရာမိသ–အာမိသနဲ့မရောတဲ့ ပီတိလို့ ဆိုပါတယ်။

အာမိသဆိုတာ သုံးသပ်တတ်တယ်၊ သုံးသပ်အုပ်တယ်ဆိုတဲ့ အနက်နှစ်မျိုးရတယ်၊ သုံးသပ်တတ်တဲ့ အာမိသဆိုတာ တဏှာပါဘဲ၊ သူက ဝတ္ထုအာရုံခေါ် ခန္ဓာတွေအပေါ်မှာ တွယ်တာသာယာတတ်လေတော့ ထိုသို့သာယာတွယ်တာသောအားဖြင့် အာရုံမှာပြုမှုကိုဘဲ သုံးသပ်တတ်တယ် ဆိုပါတယ်။

တဏှာ၏တွယ်တာရာ အာရုံပြုရာ ဝတ္ထုအာရုံ ခန္ဓာတွေက တဏှာ၏သုံးသပ်အပ်တဲ့ သုံးသပ်ခံရတဲ့အရာတွေ၊ ဒါ့ကြောင့် တဏှာရော တဏှာတွယ်ရာ ခန္ဓာတွေရော အာမိသလို့ ဆိုရပါတယ်။

တချို့နေရာတွေမှာ သက်နှိုးစသော ပစ္စည်းလေးပါးလာဘ်လာဘကို အာမိသဆိုရတာလည်း ရှိတယ်၊ အစာကို အာမိသဆိုတာလည်း ရှိတယ်၊ သုံးသပ်အပ်တဲ့အရာလို့ အနက်ရပါတယ်၊ တဏှာရော တဏှာတွယ်ရာခန္ဓာတွေရော ပုဂ္ဂိုလ်၏ သို့မဟုတ် ပီတိ၏ သုံးသပ်အပ် သုံးစဲ့အပ်တဲ့တရားတွေမို့ အစာအာမိသလို့ ဆိုရပါတယ်။

အဲဒီလို တဏှာအစာနဲ့လည်းမရော၊ တဏှာ့အာရုံခန္ဓာအစာတွေနဲ့လည်းမရော၊စင်ကြယ်သောပီတိဖြစ်လို့ ဒီဝိပဿနာ ပီတိ

ဗောဇ္ဈင်ပိတိကို နိရာမိသ-အာမိသမရှိ အာမိသကင်းတဲ့ ပိတိလို့ ဆိုခြင်းဖြစ်ပါတယ်။

ပိတိ အခြားမဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဟောရခြင်း

အားရှိဘဲ နှစ်သက်မှုပိတိဖြစ်သူမှာ ငြိမ်းအေးမှုပဿဒ္ဓိဟာ ဖြစ်လာတော့တာပါဘဲ၊ ဥဒ္ဓစ္စ-ပျံ့လွင့်မှု၊ ထိန်မိဒ္ဓ- ငိုက်မျည်း တွန့်ဆုတ် ပျင်းရိမှုတွေ ရှိနေလျှင် ပိတိလည်း မဖြစ်နိုင်ပါဘူး၊ အာရုံမှာ နှစ်သက်အားရနေလျှင် ဒီပူပန်စေတတ်တဲ့ တရားတွေ ဟာဝင်မလာပါဘူး၊ ပိတိအားရှိစွာဖြစ်ကတည်းကကွာသလိုဖြစ်နေတဲ့ ဒီစိတ်အပူအပန်တရားတွေကို ပဿဒ္ဓိကငြိမ်းစေခဲ့ နှိပ်နင်းခဲ့လို့ အေးငြိမ်းမှု ငြိမ်သက်မှုရလာတော့တာပါဘဲ၊ ဒါ့ကြောင့် ပိတိဟာ ပဿဒ္ဓိဖြစ်ခြင်းအကြောင်းဖြစ်လို့ ပိတိသမ္ဗောဇ္ဈင် အခြားမဲ့မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဟောတော်မူခဲ့ပါတယ်။

ပိတိမနသ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ၊ အယံ ဝုစ္စတိ ပဿဒ္ဓိသမ္ဗောဇ္ဈော။

ပိတိမနသ - ပိတိနှင့်ယှဉ်သည့်၊ စိတ်ရှိသောရဟန်း၏။ ကာယောပိ - စေတသိက် အပေါင်းသည်လည်း။ ပဿမ္ဘတိ-ကိုလေသာဟူ၊ အပူပြေစေ၊ ငြိမ်းအေးလေတော့၏။ စိတ္တမ္ပိ-စိတ်သည်လည်း။ ပဿမ္ဘတိ -- ကိုလေသာဟူ၊ အပူပျောက်စေ၊ ငြိမ်းအေးလေတော့၏။ အယံ-ကိုလေသာဟူ၊ အပူတော့သိမ်း၊ ငြိမ်းစေတတ်သည့်။ ဤဝိပဿနာ ပဿဒ္ဓိကို။ ပဿဒ္ဓိသမ္ဗောဇ္ဈော်၏-ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု။ ဝုစ္စတိ--ဆိုအပ်ပါပေ၏။

ပဿဒ္ဓိအခြားမဲ့ သမာဓိသမ္မောဇ္ဈင် ဟောရခြင်း

စေတသိက် စိုဘ်ခတ္တ ငြိမ်းအေးနေလျှင် ရူပကာယ ခေါ် ရုပ်ကြီးဟာလည်း ငြိမ်းအေးတော့တာပါဘဲ၊ ဒီလို ကိုယ်ရော စိတ်ပါ ငြိမ်းဒေးနေတဲ့အခါ ချမ်းသာမှုသုခ ကြုံရတော့တာပါဘဲ၊ ဥဒ္ဓစ္စ-ပျံ့လွင့်မှုဘိုတဲ့တရားဟာ သမာဓိ၏ဆန့်ကျင်ဘက်မို့ ထိုတရားရှိနေလျှင် ထိုတရားပြဋ္ဌာန်းတဲ့ တဲခြားကိလေသာတွေရှိနေလျှင် သမာဓိမရနိုင်ပါဘူး၊ ယခု ပဿဒ္ဓိက ထိုအပူတွေ ငြိမ်းစေခဲ့ နှိပ်နင်းခဲ့လို့ စိတ်ရော စေတသိက်ရော ရုပ်ရော ဆိုသလို ငြိမ်းအေးကာ ချမ်းသာနေတော့ စိတ်ဟာ တည်ကြည်လာ သမာဓိရလာဘယ်၊ အပွနာဝဈာန်ရောက်နေသလိုကို ဖြစ်နေတော့တယ်၊ ဒါ့ကြောင့် ပဿဒ္ဓိဟာ သမာဓိဖြစ်ခြင်းအကြောင်းဖြစ်လို့ ပဿဒ္ဓိသဒ္ဒမှာဇ္ဈင်အခြားမဲ့မှာ သမာဓိသမ္မောဇ္ဈင်ကို ဟောတော်မူပါတယ်။

ပဿဒ္ဓကာယသ သုခိနော စိတ္တံ သမာဓိယတိ၊အယံ ဝုစ္စတိ သမာဓိသမ္မောဇ္ဈင်။

ပဿဒ္ဓကာယသ-ငြိမ်းအေးခဲ့သည် စိတ်စေတသိက်အပေါင်းရှိသည်ဖြစ်၍။ သုခိနော- ကိုယ်ရောစိတ်ပါ၊ လန်းလာအုတိ၊ ချမ်းသာရှိသောရဟန်းသည်။ စိတ္တံ-စိတ်ကို။ သမာဓိယတိ-မလှုပ်ရှားဘဲ၊ အာရုံထဲ၌ စုမြဲတည်စေ၊ ကောင်းစွာထားအပ်ပါပေ၏။ အယံ-အာရုံထဲမှာ၊ စုံကာတည်ရှိ၊ ဤဝိပဿနာ သမာဓိကို။ သမာဓိ သမ္မောဇ္ဈင်၏ - သမာဓိ သမ္မောဇ္ဈင်ဟု။ ဝုစ္စတိ-ဆိုအပ်ပါပေ၏။

သမာဓိအခြားမဲ့ ဥပေက္ခာသမ္မောဇ္ဈင် ဟောရခြင်း

ဒီလို သမာဓိရလို့စိတ်၏အပွန့ာဝစ္ဆာန်ရောက်နေသလို ဖြစ်နေခြင်းမှာ- နောက်ကပြောခဲ့တဲ့ သတိုစသော ဗောဇ္ဈင်တရားတွေ ကိုယ့်ဆိုင်ရာကိစ္စ မယုတ်ရ မလွန်ရအောင် ညီမျှစွာ ရှက်ဆောင်နေကြခြင်းကြောင့် ဖြစ်ပါတယ်၊ အဲဒီလို ဗောဇ္ဈင်တရားတွေ အညီအမျှ အလုပ်လုပ်နေတဲ့အခါ ဥပေက္ခာက သမာဓိရနေတဲ့ ထိုစိတ်ကို အသင့်ရှိနေတယ်၊ လွန်နေတဲ့တရား ယုတ်စေဖို့ ယုတ်နေတဲ့တရား တိုးလာဖို့ ဗျာပါရမပြု လျစ်လျူရှုနေတယ်။

အညီအမျှပြေးနေတဲ့ မြင်းနှစ်ကောင်ကို ရထားထိန်းက လျစ်လျူရှုနေသလိုပါဘဲ၊ သို့သော် ထိုမြင်းနှစ်ကောင် အညီအမျှ ပြေးနေခြင်းဟာ ရထားထိန်းကြောင့်ဖြစ်သလို ထိုတရားတွေ မလွန်ရ မယုတ်ရအောင် ဖြစ်မှုမှာ ဥပေက္ခာက ထိန်းပေးနေတာပါဘဲ၊ ဒါ့ကြောင့် ဥပေက္ခာဟာ ကျန်ဗောဇ္ဈင်တရားတွေ မယုတ်မှု မလွန်မှုကို ပြီးစေတတ်တဲ့တရားလို့ ဆိုပါတယ်၊ တရားတွေ ညီညီမျှမျှ ကိစ္စဆောင်ရွက်နေတဲ့အခါ သမာဓိရ၊ သမာဓိရမှုကြောင့် ထိုတရားတို့မှာ ဗျာပါရမပြု အသင့်ရှိမှု ဥပေက္ခာဖြစ်ရသောကြောင့် သမာဓိသမ္မောဇ္ဈင် အခြားမဲ့မှာ ဥပေက္ခာသမ္မောဇ္ဈင်ကို ဟောတော်မူရပါတယ်။

သော တထာ သမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ၊ အယံ ဥစ္စတိ ဥပေက္ခာသမ္မောဇ္ဈင်္ဂေါ။

သော- ထိုသမာဓိရရှိနေသောရဟန်းသည်။ တထာ- အပ္ပနာ စျာန်ကွင်း၊ သက်ဆင်းပမာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ သမာဟိတံ-ဝိပဿနာ၊ သမာဓိစွဲ၊ အာရုံထဲကပ်၊ ကောင်းစွာ ထားအပ်သော။ စိတ္တံ-စိတ်ကို။ သာဓုကံ-ကောင်းစွာ။ အဇ္ဈ ပေက္ခိတာ – ဗောဇ္ဈင်တရော့၊ ယုတ်စေပ့ဘားမှ၊ အားမပြုလတ်၊ လျစ်လျူရှုတတ်သည်။ ဟောတိ-ဖြစ်၏။ အယံ-ဤဗောဇ္ဈင် တရော့၊ မလွန်စေမှ၊ မယုတ်မှဋ္ဌ၊ အားပြုကင်းကွာ၊ လျစ်လျူ ရှုသောအလယ်အလတ်အခြင်းအရာကို။ ဥပေက္ခာသမ္ဗောဇ္ဈင်ေ၀ါ- ဥပေက္ခာသမ္ဗောဇ္ဈင်ဟု။ ဝုစ္စတိ-ဆိုအပ်ပါ၏။

ဝိပဿနာအခိုက် ဗောဇ္ဈင်တွေ ဖြစ်နေကြပုံ

ကဲ.... ဒီပါဠိတော်က ဗောဇ္ဈင်တရားတွေ တစ်ခုနဲ့တစ်ခု အစဉ်အတိုင်း ကြောင်းကျိုးအဖြစ် ဆက်သွယ်နေကြပုံ အာရုံ တစ်ခုတစ်ခု စိတ်ခဏ တစ်ခုတစ်ခုမှာ အချင်းချင်းကူညီရိုင်းပင်း ပြီး အတူတကွ ကိုယ့်ကိစ္စကိုယ်ဆောင်ရွက်ကာ ဝိပဿနာအလုပ် လုပ်ဆောင်ကြပုံကို ဟောခြင်းဖြစ်ပါတယ်။

ဒီတော့ ရုပ်ကိုဖြစ်စေ နာမ်ကိုဖြစ်စေ တစ်ခုခုကို သတိက ကပ်တည်လိုက်တဲ့အခါ- ပညာက ထိုရုပ် ထိုနာမ်၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို စိစစ်ဆင်ခြင်တယ်၊ ဝီရိယက သတိ လုပ်အား ကောင်းအောင် ပညာလုပ်အား ကောင်းအောင် တခြားအတူဖြစ်တဲ့ ဗောဇ္ဈင်တွေ လုပ်အားကောင်းအောင် မြှောက်ပင့် အားပေးတယ်၊ ပီတိက အားလုံး ဗောဇ္ဈင်တွေ ကိုယ့်အလုပ် အားရ ပါးရ လုပ်အောင် နှစ်သက်မှု ကိစ္စနဲ့

ကူညီအားပေးတယ်၊ ပဿဒ္ဓိကလည်း ထိုထိုဗောဇ္ဈင်တရားတွေ အလုပ်လုပ်တဲ့အခါ အနှောင့်အယှက် ဗောဇ္ဈင်ဖျက် ဥဒ္ဓစ္စ စသော တရားအပူတွေ ဝင်မလာအောင် နှိပ်နင်းပြီး အငြိမ်းခံတတ် ကူညီဖြည့်ပေးတယ်၊ သမာဓိကလည်း ထိုထိုဗောဇ္ဈင်တွေ ညီညီမျှမျှ အလုပ်လုပ်နိုင်ကြအောင် စူးစိုက်မှု တည်ငြိမ်မှုကိစ္စနဲ့ ကူညီအားပေးတယ်၊ ဥပေက္ခာကလည်း ထိုတရားတွေ ဆုတ်မသွား ယုတ်မသွား လွန်မသွားအောင် ထိန်းပေးမှုနဲ့ ကူညီဆောင်ရွက်ပေးတယ်၊ မိမိတို့မှာ အားရှိတဲ့ ဝိပဿနာအခိုက်ငယ် ဖြစ်ကြရသောတရားတွေမို့ အလွန်ပေါ်လွင် အလွန်ထင်ရှားအင်အားကောင်းကောင်းနဲ့ အလုပ်လုပ်နေကြခြင်းလည်း ဖြစ်ပါတယ်၊ အဲဒါလို တက်ညီလက်ညီ ခဏတိုင်း ခဏတိုင်း တစ်ခုနဲ့ တစ်ခု ကူညီကာ တကွပေါင်းဆောင်ရွက်တော့ ဆိုင်ရာရုပ်နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောလည်း သိသွားတယ်၊ တဒင်္ဂ အားဖြင့် နိဝရဏတွေ ကိလေသာတွေလည်း ကွာကြရတယ်၊ အဲဒါ ဝိပဿနာအခိုက်မှာ ဗောဇ္ဈင်တွေ ဖြစ်နေကြပုံပါဘဲ။

မဂ်အခိုက် ဗောဇ္ဈင်တွေဖြစ်ပုံ

ကိုဇာတူ မဂ်အခိုက်မှာလည်း သတိက နိဗ္ဗာန်အာရုံမှာ ကပ်တည်တယ်၊ သတိကပ်လိုက်တဲ့ နိဗ္ဗာန်ကို ဓမ္မဝိစယက စိစစ်ဆင်ခြင် မြင်သိတယ်၊ ဝီရိယက အားလုံးဗောဇ္ဈင်တွေ နိဗ္ဗာန်အာရုံဆီမှာဆိုင်ရာကိစ္စဖြင့်ရောက်ဆိုက်ကာ အလုပ်လုပ်နိုင်အောင် အားပေးအားမြှောက် ပြုပေးတယ်၊ ပီတိကလည်း ထိုထိုဗောဇ္ဈင်ကွေ့ နိဗ္ဗာန်အာရုံမှာဆိုက်ပြီး အားရပါးရ ကိုယ့်ကိစ္စ ရွက်ဆောင်နိုင်ဖောင် နှစ်သက်မှုကိစ္စဖြင့် ကူညီအားပေးတယ်၊ ပဿဒ္ဓိက

လည်း နိဗ္ဗာန်အာရုံယူနေတဲ့ ထိုထို ဗောဇ္ဈင်တွေ အလုပ်ကိစ္စ လုပ်ရာမှာ အနှောင့်အယှက်ဖြစ်စေတဲ့ ပူပန်မှုတွေ ကင်းစေပြီး ငြိမ်းအေးခြင်းဆိုတဲ့ မိမိကိစ္စဖြင့် ကူညီ ထောက်ပံ့ပေးတယ်၊ သမာဓိကလည်း နိဗ္ဗာန်အာရုံယူနေတဲ့ ထိုထိုဗောဇ္ဈင်တရားတွေ နိဗ္ဗာန်အာရုံမှ လွှတ်မသွားရအောင် စည်းရုံးပေးမှုဖြင့် ကူညီတယ်၊ ဥပေက္ခာကလည်း အတူဖြစ်ဖက် ဗောဇ္ဈင်တွေ နိဗ္ဗာန်အာရုံယူရာမှာ မယုတ်ရ မလွန်ရ ညီမျှအောင် ဆောင်ပေးမှုကိစ္စဖြင့် ထိန်းပေးသောအားဖြင့် ကူညီပေးတယ်၊ အဲဒါလို့ ဗောဇ္ဈင်ခုနစ်ပါးဟာ မဂ်ခဏမှာ တက်ညီလက်ညီ တစ်ခုနဲ့တစ်ခု ကူညီအားပေး တစ်စုတ်ဝေးတည်း စုကာပေါင်းကာ ကိုယ့်ကိစ္စ ကိုယ်အသီးသီးဆောင်ရွက်ကြလို့ နိဗ္ဗာန်ကိုသိမှု မျက်မှောက်ပြုမှုကိစ္စ ကိလေသာတွေပယ်မှုကိစ္စတွေ မဂ်ဟာအပြီးတိုင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီတော့ နောက်က အရှင်နာဂသိန်က ဓမ္မဝိစယသမ္ဗောဇ္ဈင် တစ်ခုတည်းဖြင့်သာ သစ္စာသိတယ်လို့ မိန့်တော်မူသော်လည်း ဓမ္မဝိစယက သိဖို့မှာ တခြား ဗောဇ္ဈင်တရားတွေ အကူမပါဘဲ မပြီးမြောက်နိုင်လို့ အားလုံးကိုဘဲ ဗောဓယ သံဝတ္တန္တိတိ ဓေါ ဘိက္ခု တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ=သိဖို့ရာဖြစ်ကြသောကြောင့် ဗောဇ္ဈင်မည်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

ဝိပဿနာအခိုက်မှာဖြစ်တဲ့ ဗောဇ္ဈင်တွေက အထည်ကိုယ်ရှိတဲ့ ရုပ်နာမ်တွေ အာရုံပြုနေ ကိုယ့်ကိစ္စ ဆောင်ရွက်နေတော့ ထိုအခိုက် ထိုတရားတွေ ဆင်ခြင်တဲ့ ယောဂီဉာဏ်မှာ ထင်ရှား

ပါတယ်၊ မဂ်အခိုက်မှာတော့ သခါရပုံမရှိ သခါရတွေ ချုပ်ငြိမ်းနေတဲ့ တရားထဲ သက်ဝင်ဆောင်ရွက်နေကြလို့ ထိုအခိုက် တရားတွေရဲ့ကိစ္စကို ထင်မြင်အောင် ဆင်ခြင်နိုင်ဖို့တော့မရှိပါ၊ သို့သော် ထိုတရားတွေရဲ့ကိစ္စမှာ ဝိပဿနာအခိုက်မှာထက် ထက်သန် အားကောင်းနေကြမှာတော့ သေချာပါတယ်၊ ဒါ့ကြောင့် လည်း ကိလေသာကိုအပြတ် ဖြတ်နိုင်ကြတာပေါ့။

ဗောဇ္ဈင်မျှား ဖြစ်ခြင်းအကြောင်း

ယခု ဗောဇ္ဈင်တရားတွေ ဆက်သွယ်ကြပုံ အလုပ်လုပ်ကြပုံတွေ ပြောပြီးနောက် ဗောဇ္ဈင်တရားတွေ ဖြစ်ပွားအောင် ဘယ်သို့ပြုလုပ်ရမယ်ဆိုတဲ့အကြောင်း ဆက်ကြည့်ကြစို့။

သတိသမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း

ရဟန်းတို့.... မဖြစ်သေးသော သတိသမ္မောဇ္ဈင် ဖြစ်ခြင်းငှါ ဖြစ်ပြီးသောသတိသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်းက ဘာလဲ။

ရဟန်းတို့.... သတိသမ္မောဇ္ဈင်ဖြစ်ကြောင်းတရားများ ရှိနေကြတယ်၊ ထိုတရားတို့၌ သင့်တင့်သောအကြောင်းမှန် လမ်းမှန်ဖြင့် နှလုံးသွင်းမှု များစွာပြုမှုဟာမဖြစ်သေးတဲ့ သတိသမ္မောဇ္ဈင် ဖြစ်ပေါ်လာဖို့ ဖြစ်ပြီးသော သတိသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြောက်ဖို့အကြောင်းပင် ဖြစ်တော့တယ်။

ဒီ မဟာဝဂ္ဂသံယုတ် အမိန့်တော်အရ သတိသမ္မောဇ္ဈင် ဖြစ်ကြောင်း တရားများ၌ အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုပြုလျှင် သတိသမ္မောဇ္ဈင်ဖြစ်နိုင်တယ်လို့ သိရတယ်။

အကြောင်းမှန် လမ်းမှန်ဆိုတာ

သင့်တင့်သော အကြောင်းမှန်လမ်းမှန်ဖြင့် နှလုံးသွင်းတယ် ဆိုတာဘာလဲ၊ကုသိုလ်ဖြစ်ခြင်း၏အကြောင်းကို အကြောင်းမှန် လမ်းမှန် ဆိုပါတယ်၊ မိမိ လိုလားတဲ့ စီးပွားချမ်းသာ၏ အကြောင်းကိုလည်း အကြောင်းမှန်လမ်းမှန် ဆိုပါတယ်။

အနိစ္စ ဒုက္ခ အနတ္တ အသုဘဖြစ်တဲ့ ခန္ဓာတွေကို နိစ္စ သုခ အတ္တ သုဘလို့ ရှုနေမယ်ဆိုယင် ဒါကုသိုလ်ဖြစ်ခြင်း အကြောင်း လည်းမဟုတ်၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ မိမိလိုလားတဲ့ အကျိုးစီးပွား ရခြင်း အကြောင်းလည်းမဟုတ်၊ ဒါ့ကြောင့် မသင့်သော အကြောင်းနှ မမှန်သော လမ်းသာဖြစ်ပါတယ်၊ အယောနိသော မနသိကာရပေါ့၊ ဒီလိုမဟုတ်ဘဲ ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တ အသုဘရှုလျှင်တော့ ကုသိုလ်ဖြစ်ခြင်းအကြောင်းမှန်လမ်းမှန်တဲ့၊ မိမိလိုလားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ စီးပွားချမ်းသာ ရခြင်းအကြောင်းမှန်လမ်းမှန်ဘဲ၊ဒါကို ယောနိသောမနသိကာရ သင့်တင့်သော အကြောန်းမှန် လမ်းမှန်ဖြင့် နှလုံးသွင်းမှု ဆိုပါ တယ်၊ ဒီနေရာမှာလည်း သတိဖြစ်ခြင်း အကြောင်းတွေဟာ သတိဖြစ်ခြင်းဌါ သင့်လျော်တဲ့ အကြောင်းမှန်လမ်းမှန်တွေ ဖြစ်ပါတယ်။

သတိဖြစ်ခြင်းအကြောင်း

သတိသမ္မောဇ္ဈင်ဖြစ်ခြင်းအကြောင်းဆိုတာသတိတရားဘဲလို့ လည်း ဆိုကြပါတယ်၊ သတိဖြစ်ဖို့ရာ ကာယ ဝေဒနာ စိတ္တ ဓမ္မ တို့မှာ ရှုမှတ်လျှင် သတိတွေဟာ အဆက်မပြတ် ဖြစ်လာ တော့တာပါဘဲ၊ ဒီလိုဖြစ်ရာမှာ ရှေးရှေး သတိတွေကြောင့်

နောက်နောက်သတိတွေ ဖြစ်လာရတာဖြစ်လေတော့ ရှေးရှေး သတိဟာ နောက်နောက်သတိဖြစ်ခြင်းအကြောင်း ဖြစ်ရပါတယ်၊ ဒါကြောင့် သတိသမ္မောဇျင် ဖြစ်ခြင်းအကြောင်းဟာ သတိပါဘဲလို့ ဆိုကြခြင်းဖြစ်ပါတယ်။

သတိ၏အာရုံဖြစ်ကြတဲ့ ဗောဓိပက္ခိယတရား (၃၇) ပါး လောကုတ္တရာတရား ကိုးပါးဟာ သတိသမ္မောဇျင် ဖြစ်ခြင်း အကြောင်းဘဲလို့လည်းဆိုကြပါတယ်၊မိမိသန္တာန်မှာ သတ္တိပဋ္ဌာန် တရားတွေဖြစ်နေတဲ့အခါ အဲဒီသတ်ပဋ္ဌာန်ကို သတိကအမှတ်ရ အောက်မေ့နိုင်တယ်၊ ထိုအတူ သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇျင် မဂ္ဂင်ဆိုတဲ့ ဗောဓိပက္ခိယတရားတွေ ဖြစ်တဲ့အခါ လည်း သတိက အမှတ်ရအောက်မေ့နိုင်တယ်၊ ဒီအခါ ဒီဗောဓိ ပက္ခိယတရားတွေဟာ သတိ၏အာရုံ သတိဖြစ်ခြင်းအကြောင်း ဖြစ်နေကြတာပေါ့၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား တွေကိုတော့ ဆိုင်ရာမဂ်ဖိုလ်ကို ရတဲ့ အရိယာများအဖို့တော့ သတိက တိုက်ရိုက် အောက်မေ့နိုင်တယ်၊ လောကုတ္တရာတရား မရသေးတဲ့ ပုဂ္ဂိုလ်များအဖို့တော့ တစ်ဆင့်ကြားအရဖြစ်စေ စာပေတွေကြည့်ရလို့ မဂ်ဆိုတာ ဒီလို ဖိုလ်ဆိုတာ ဒီဟာန် နိဗ္ဗာန်က ဒီပုံ ဆိုတာ အမှန်းအဆအားဖြင့် မှန်းဆအောက်မေ့တဲ့ သတိ ဖြစ်နိုင်ပါတယ်၊ ယခုပြောခဲ့တဲ့အတိုင်း အောက်မေ့ အမှတ်ရနိုင်တာမို့ ထိုဗောဓိပက္ခိယ လောကုတ္တရာတရားများ ဟာလည်း သတိဖြစ်ကြောင်း တရားများအဖြစ် မိန့်ဆိုကြ ပါတယ်။

ထို့ပြင် ကာယ-ရုပ်အပေါင်းကိုယ်, ဝေဒနာ-ခံစားမှု, စိတ္တ-စိတ်, ဓမ္မ-ခန္ဓာ စသောတရား ဒီ သတိပဋ္ဌာန်လေးပါးဟာ

သတိဖြင့် အောက်မေ့ရှုမှတ်ရတဲ့ တရားမျိုးဖြစ်လို့ ဒီတရားတွေရှိခြင်းဖြင့် သတိတရားတိုးပွားလာရလို့ ဒီ တရားလေးပါးဟာ သတိဖြစ်ကြောင်းတရားမျိုးဘဲလို့လည်း ဆိုနိုင်ပါတယ်။

သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ၄–ပါး

ယခု အဋ္ဌကထာမျိုးမှာလာတဲ့ သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းလေးပါးကို ဆိုပါဦးမယ်။

သတိသမ္ပဇဉ်၊ မေ့သူကြဉ်ရှု၊ မမေ့သူတဲ့၊ သတိထဲတွင်၊ ညွှတ်သက်ဝင်၊ လေးအင်သတိ ဖြစ်ကြောင်းတည်း။

ဆန့်ကျင်ဘက်ခွါ၊ သင့်ရာမှီခ၊ စုံနှစ်ဝ၊ပုညဖြစ်ကြောင်းတည်း....

အရ ကုသိုလ်ဖြစ်ဖို့ရာမှာ ဆန့်ကျင်ဘက်အရာတို့ကို ပယ်ရှားခြင်း, သင့်လျော်ရာအရာတို့ကို မှီဝဲခြင်းဆိုတဲ့ အကြောင်းနှစ်ရပ်စုံလျှင် မဖြစ်သေးတဲ့ ကုသိုလ်တရားမျိုး ဖြစ်ပွားလာရတယ်၊ ဥပမာ- ဒါနဆိုပါစို့၊ ဒါနရဲ့ဆန့်ကျင်ဘက်ဟာ လောဘတို့ အကိုရိယ-နတ္ထိက အဟေတုက စသော ဒိဋ္ဌိတို့ မစ္ဆရိယတို့ စသည်တို့ဘဲ၊ ထိုတရားတွေရှိနေယင် ဒါနမဖြစ်၊ အလောဘ သဒ္ဓါစသည်တို့ဟာဒါနဖြစ်ဖို့သင့်လျော်တဲ့တရားတွေ၊ အဲဒီတော့ ဆန့်ကျင်ဘက် လောဘစသည်ပယ်၊ သင့်လျော်တဲ့ အလောဘ စသည်မှီရမှ ဒါနဖြစ်လာရတယ်၊ အဲဒါလိုဘဲ သတိဖြစ်ဖို့ရာမှာ လည်း ဆန့်ကျင်ဘက် မေ့သူကိုခွါ၊ သတိဖြစ်ဖို့သင့်လျော်တဲ့ သတိသမ္ပဇဉ် မမေ့သူပုဂ္ဂိုလ် သတိဌ္ဌ အမြဲညွှတ်မှုဆိုတဲ့ အရာတွေမှီဝဲမှ သတိဖြစ်လာနိုင်ပါတယ်။

၁–သတိသမ္ပဇဉ်

ဒီနေရာမှာ သတိဆိုတဲ့အမှတ်ရမှုနဲ့ သမ္ပဇဉ်ဆိုတဲ့ ပညာဟာ သတိဖြစ်ဖို့ရာ လွန်စွာအရေးပါတဲ့ အကြောင်းပါဘဲ၊ ဒါ့ကြောင့် ယင်းအကြောင်းကို ရှေးဦးစွာ ပြောကြပါဦးစို့။

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယ္ယ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ–ရဟန်းတို့။ ဘိက္ခု–ရဟန်းသည်။ သတော–အမှတ်ရသည့်သတိရှိသည်။ သမ္ပဇာနော–ဉာဏ်သမ္ပဇဉ်ရှိ၊ အမှန်မြင်သိသည်။ (ဟုတ္တာ-ဖြစ်၍) ဝိဟရေယ္ယ–နေရမည်။ အယံ–သတိသမ္ပဇဉ်၊ အစဉ်ရှိစေ၊ နေရမည်ဟူသော ဤတိုက်တွန်းနှိုးဆော်ချက်သည်။ ဝေါ–ချမ်းသာမြော်မြင် သင်တို့အတွက်။ အမှာကံ–ကရုဏာထားလတ် ဘုရားမြတ်၊ ငါအရှင်တို့၏။ အနုသာသနီ–ချမ်းသာဖို့ရေး၊ အားပေးထိုးပြ၊ အဆုံးအမ တော်ပေတည်း။

သတိရှိလျက် နေရမယ်၊ ပညာရှိလျက် နေရမယ်ဆိုတဲ့ ဆုံးမစကားတော် ဥုံးတည်မြှက်ဖော်ပြီးနောက် ဘယ်ပုံသတိရှိလျက် နေရမယ့်အကြောင်း ဆက်ဟောပါတယ်၊ အချုပ်ကတော့ သတိပဋ္ဌာန်လေးပါး ပွားများနေလျှင် သတိရှိလျက် နေသူဖြစ်တယ်ဆိုတာပါဘဲ၊ ကာယ-ခေါ်-ရုပ်ကိုယ်ကို ရုပ်ကိုယ်ဟု ရှုမြင်နေမှု၊ ဝေဒနာ-ခေါ်-ခံစားမှုကို ဝေဒနာဟု ရှုမြင်နေမှု၊ စိတ္တ-ခေါ်-ဝိညာဉ်အသိကို ဝိညာဉ်အသိဟု ရှုမြင်နေမှု၊ ဓမ္မခန္ဓာ စသောတရားတို့ကို ဓမ္မခန္ဓာ စသောတရားဟု ရှုမြင်နေမှု ဒီလေးပါးပေါ့၊ ဒီလိုနေလျှင် သတိတွေ အဆင့်ဆင့် မြင့်မြင့်

တက်လာမှာမို့ ဒီတရားလေးပါး ရှုပွားနေမှုဟာ သတိဖြစ်ကြောင်းပါဘဲ။

အမှန်ကတော့ ဒီတရားလေးပါးရှုပွားနေလျှင် သတိဖြစ်ခြင်းအကြောင်းဆိုတာက သတိဖြစ်ကြောင်း ပြောနေတဲ့အရာမို့ သတိဖြစ်ကြောင်းလို့ ပြောရတာပါ၊ တကယ်တော့ ဒီသတိပဋ္ဌာန်တွေ ပွားနေလျှင် သတိပဋ္ဌာန်ဘာဝနာ အားရှိလာတဲ့အခါ သတိသာမက ဗေဒင်တရားခုနစ်ပါးလုံး ဖြစ်နေတော့တာပါဘဲ၊ သတိပဋ္ဌာန် တရားပွားလျှင် ဗေဒင်ခုနစ်ပါးတရား အပြည့်အဝဖြစ်လာတဲ့အကြောင်း မဟာဝဂ္ဂသံယုတ် ကုဏ္ဍလိယသုတ်မှာ ဟောတော်မူထားတာ ရှိပါတယ်၊ ယခုအလျဉ်းသင့်လို့ အဲဒီ ကုဏ္ဍလိယသုတ်ကို ချုပ်ပြီး ဟောလိုက်ပါဦးမယ်။

ကုဏ္ဍလိယသုတ်

တစ်ခါက ရှင်တော်မြတ်ဘုရား သာကေတမြို့ သားသမင်တို့အား ဘေးမဲ့ပေးရာ အဥ္ဇနတောမှာ သီတင်း သုံးတော်မူစဉ် ကုဏ္ဍလိယပရိဗိုဇ် ဆိုက်ရောက်လာပြီး လျှောက်ထားတယ်၊ အရှင်ဂေါတမ= တပည့်တော်ဟာ အရုံကို အမှီပြုနေပါတယ်၊ ပရိသတ်ထဲလည်း သက်ဝင်ကျက်စားပါတယ်၊ မှန်းလဲ့အစာစားပြီးသောအခါ တပည့်တော်ရဲ့အကျင့်က အရုံတစ်ခုမှ အရုံတစ်ခု ဥယျာဉ်တစ်ခုမှ ဥယျာဉ်တစ်ခု လျှောက်သွား လှည့်လည်တတ်ပါတယ်၊ ထိုအရုံ ဥယျာဉ် မျှားမှာ သူတစ်ပါးက နှိပ်လာ အပြစ်တင်လာလျှင် သည်ပုံလုတ်အောင် ဖြေဖို့ သူတစ်ပါးရဲ့အယူအဆမှာ အပြစ်တင်ဖို့ သည်မျှအကျိုး

ရှိသော့စကားကို ပြောခဲ့ကြတဲ့ ရှေးမဟာဗြာဟ္မဏာတို့ကို တွေ့ရပါတယ်၊ အရှင်ဂေါတမကတော့ ဘယ်လိုအကျိုး တရား ထင်ရှားရှိလျက်နေတော်မူပါသလဲ၊ ဒီလိုလျှောက်ထားတော့ ကုဏ္ဍလိယ-ငါဘုရားဟာ အသိဉာဏ်ဝိဇ္ဇာ ကိလေသာလွတ်ကင်းမှု ဝိမုတ္တိ အကျိုးဖိုလ် ဒီအကျိုးအာနိသင်မျှား ထင်ရှားရှိလျက် နေတော်မူတယ်လို့ ဖြေတော်မူတယ်၊ ဒီနေရာမှာဝိဇ္ဇာဆိုတာ ဘုရားရှင်၏ အရဟတ္တမဂ်၊ ဝိမုတ္တိဆိုတာ အရဟတ္တမဂ်သမာဓိ၊ သို့မဟုတ် ထိုမဂ်နဲ့ ယှဉ်တဲ့တရားတွေ၊ ဖိုလ်ဆိုတာ အရဟတ္တဖိုလ်ကို ဆိုပါတယ်။

ဒီနောက် ဝိဇ္ဇာ ဝိမုတ္တိအပြည့်အဝဖြစ်ဖို့ ဘယ်တရားပွားများရမည်ကို မေးလျှောက်တော့ ဗောဇ္ဈင်တရား ပွားရမည့် အကြောင်း မိန့်တော်မူတယ်၊ ဗောဇ္ဈင်ဟူသော အပြည့်အဝဖြစ်ဖို့ရာ ပွားများရမယ့်တရားမေးပြန်တော့သတိပဋ္ဌာန်လေးပါး ပွားများရမယ့်အကြောင်း မိန့်တော်မူတယ်၊သတိပဋ္ဌာန်လေးပါး အပြည့်အဝဖြစ်ဖို့ ပွားများရမယ့်တရား မေးပြန်တော့ သုစရိုက်သုံးပါးပွားရမယ့်အကြောင်း မိန့်တော်မူပါတယ်၊သုစရိုက်တရားသုံးပါး အပြည့်အဝဖြစ်ဖို့ ပွားများရမယ့်တရား မေးပြန်သော အခါ ဣန္ဒြေတို့ကို စောင့်စည်းခြင်းကို ပွားများ ရမယ့် အကြောင်း အဆင့်ဆင့် ဖြေကြားတော်မူခဲ့ပါတယ်။

ဣန္ဒြေစောင့်စည်းခြင်းဖြင့် သုစရိုက်ပြည့်စုံပုံ

ထိုနောက် ဘုရားရှင်က ဣန္ဒြေစောင့်စည်းခြင်းကို ပွားစေခြင်းဖြင့် သုစရိုက်သုံးပါး အပြည့်အဝဖြစ်ရပုံကို မိန့်တော်မူပါတယ်၊ အချုပ်က ရဟန်းသည် မျက်စိဖြင့် နှစ်သက်ဖွယ်

ရူပါရုံကိုမြင်ရသော် မနှစ်သက် မတပ်မက်၊ သူ့နာမ်အပေါင်းနဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာ ကောင်းစွာ တည်နေတယ်၊ ကမ္မဋ္ဌာန်းဖြင့် နိဝရဏတွေမှ ကောင်းစွာ လွတ်နေတယ်၊ မနှစ်သက်တဲ့ ရူပါရုံကိုမြင်ရသော် မျက်နှာမသာမယာမဖြစ်၊စိတ်တင်းမာမှု ဆင်းရဲမှုဖောက်ပြန်မှုမဖြစ်၊သူ့နာမ်အပေါင်းနဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာကောင်းစွာတည်နေတယ်၊ကမ္မဋ္ဌာန်းဖြင့် နိဝရဏတွေမှ ကောင်းစွာလွတ်နေတယ်၊ ထို့အတူ နှစ်သက်ဖွယ် မနှစ်သက်ဖွယ်သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို နားဖြင့် နှာခေါင်းဖြင့် လျှာဖြင့် ကိုယ်ဖြင့် ကြားရနံ့ရ စားရတွေ့ရတဲ့ အခါ ရာဂမဖြစ် ဒေါသမဖြစ် နာမ်အပေါင်းနဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာ ကောင်းစွာတည်နေတယ်၊ ကမ္မဋ္ဌာန်းဖြင့် နိဝရဏတွေမှ ကောင်းစွာလွတ်နေတယ်၊ ဒါဟာ ဣန္ဒြေစောင့်စည်းမှု ဖြစ်ပွားစေနေတာဘဲ၊ ဒီလို ပွားစေတဲ့ ဣန္ဒြေစောင့်စည်းမှုက သုစရိုက်သုံးပါးကို အပြည့်အဝဖြစ်စေတယ်။

ကမ္မဋ္ဌာန်းနဲ့ ဣန္ဒြေတို့ကိုချုပ်ထားတော့ လောဘလည်းမဖြစ်၊ ဒေါသလည်းမဖြစ်၊ ဒီတော့ ကိုယ်မှာလည်း ဒုစရိုက်ဝင်မလာ၊ နှုတ်မှာ စိတ်မှာလည်းဒုစရိုက်ဝင်မလာ၊ သုစရိုက်ချည်း ဖြစ်နေတာပေါ့၊ ဒါ့ကြောင့် ကမ္မဋ္ဌာန်းတစ်ခုခုအသုံးပြုပြီး ဣန္ဒြေစောင့်စည်းမှုပွားစေလျှင် သုစရိုက်သုံးပါးပြည့်စုံစေကြောင်း ဟောတော်မူခြင်းဖြစ်ပါတယ်။

သုစရိုက်ပွားက သတိပဋ္ဌာန်ပြည့်စုံပုံ

ဒီနောက်ဆက်ပြီး တစ်ဆင့် သုစရိုက်သုံးပါးပွားစေခြင်းဖြင့် သတိပဋ္ဌန်လေးပါး အပြည့်အဝဖြစ်ရပုံကို ဟောတော်မူပြန်

တယ်၊ အချုပ်က- ရဟန်းသည် ကာယဒုစရိုက်ပယ်ပြီး ကာယသုစရိုက် ပွားစေတယ်၊ ဝစီဒုစရိုက်ပယ်ပြီး ဝစီသုစရိုက်ပွားစေတယ်၊ မနောဒုစရိုက်ပယ်ပြီး မနောသုစရိုက်ပွားစေတယ်၊ ဒီလို သုစရိုက်သုံးပါး ပွားစေလျှင် သတိပဋ္ဌာန်လေးပါး အပြည့်အဝ ဖြစ်လာရတယ်။

ဒီနေရာမှာလည်း ဝိပဿနာဘာဝနာမှု ပြုနေခြင်းကို ဆိုလိုပါတယ်၊ ဘာဝနာမှုပြုနေလျှင် ဒုစရိုက်ပယ်မှု သုစရိုက်ပွားစေမှုဟာ ပြီးနေပါတယ်၊ ဝိပဿနာပွားနေလျှင် ဝိပဿနာက ဒုစရိုက်သုံးပါး ပယ်ရှားနေတာဘဲ၊ သုစရိုက် သုံးပါးလည်း ဖြစ်ပွားစေနေတာဘဲ၊ ပြီး ဝိပဿနာဆိုတာကလည်း သတိပဋ္ဌာန်ပွတပါး တခြားမဟုတ်ပါဘူး၊ ဒါ့ကြောင့် သုစရိုက်သုံးပါး ပွားစေလျှင် သတိပဋ္ဌာန်လေးပါး အပြည့်အစုံ ဖြစ်လာရကြောင်း မိန့်တော်မူခြင်း ဖြစ်ပါတယ်၊ဝိပဿနာသတိပဋ္ဌာန်ကနေပြီး လောကုတ္တရာ မဂ်သတိပဋ္ဌာန်အထိ ဆိုက်ရောက်သွားရလို့ သတိပဋ္ဌာန်လေးပါးအပြည့်အဝုံ ဖြစ်လာကြောင်း ဟောတော်မူခြင်း ပါဘဲ။

သတိပဋ္ဌာန်ပွားက ဗောဇ္ဈင်ပြည့်စုံပုံ

ဒီနောက် သတိပဋ္ဌာန်ပွားစေခြင်းဖြင့် ဗောဇ္ဈင်ခုနစ်ပါး ပြည့်စုံလာရကြောင်း မိန့်တော်မူပြန်တယ်၊ အချုပ်က ရူပ်အပေါ်ခိုင်းဆိုတဲ့ကာယကိုကာယဟုရှုနေမယ်၊ဝေဒနာကိုဝေဒနာအဖြစ် စိတ်ကိုစိတ်အဖြစ် ဒန္ဓာစဝေသာတရားဓမ္မကို ဓမ္မအဖြစ် ရှုနေမယ်၊ ဒီလို သတိပဋ္ဌာန်လေးပါး ပွားများရှုမြင်နေလျှင် ဗောဇ္ဈင်ခုနစ်ပါး အပြည့်အဝ ဖြစ်လာရတယ်။

သတိပဋ္ဌာန်လေးပါးပွားများနေလျှင် ဉာဏ်အားရှိလာတဲ့အခါ ဗောဇ္ဈင်ခုနစ်ပါးလည်း အထင်အရှား ဖြစ်လာတော့တာဘဲ၊ ဒါ့ကြောင့် သတိပဋ္ဌာန်လေးပါးပွားနေလျှင် ဗောဇ္ဈင်ပွားမှုလည်းပြီးနေတော့ သတိပဋ္ဌာန်ပွားခြင်းဖြင့် ဗောဇ္ဈင်တရားတွေ ပြည့်စုံစွာဖြစ်လာရကြောင်း မိန့်တော်မူခြင်းဖြစ်ပါတယ်၊ သတိပဋ္ဌာန်ပွားလို့ မဂ်ဆိုက်သွားလျှင် မဂ်အခိုက် ဗောဇ္ဈင်တွေအပြည့်အဝဖြစ်လာရ၊ နောက်ဆုံး အရဟတ္တမဂ်ဆိုက်သွားလျှင်တော့ ဗောဇ္ဈင်ဘာဝနာဟာ အပြည့်အစုံဆုံးအခြေ ဆိုက်ရောက်သွားတော့တာပါဘဲ။

ဗောဇ္ဈင်ပွားက ဝိဇ္ဇာဝိမုတ္တိပြည့်စုံပုံ

ဒီနောက် ဗောဇ္ဈင်တရား ပွားများခြင်းဖြင့် ဝိဇ္ဇာဝိမုတ္တိအပြည့်အဝ ဖြစ်လာရပုံ ဆက်လက် ဟောတော်မူပြန်တယ်၊ အချုပ်က ရဟန်းသည် ကိလေသာကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှုကိုမှီသောကိလေသာငြိမ်းရာ နိဗ္ဗာန်ဆီပြေးဝင်ဖို့ရာ ရင့်ဆဲရင့်ပြီးဖြစ်သော သတိသမ္ဗောဇ္ဈင်စသော ဗောဇ္ဈင်ခုနစ်ပါးပွားစေလျှင် ဝိဇ္ဇာဝိမုတ္တိတို့ကို အပြည့်အဝ ဖြစ်စေတယ်။

ဒီမှာ ကိလေသာကင်းဆိတ်မှုက သုံးမျိုး၊ ဝိပဿနာအခိုက် တဒင်္ဂအားဖြင့်ကင်းဆိတ်မှု၊ မဂ်အခိုက်အကြွင်းမဲ့ ဖြတ်ပယ်သော အားဖြင့်ကင်းဆိတ်မှု၊ နိဗ္ဗာန်ဟူသောကင်းဆိတ်မှု၊ ဒါ ကိလေသာကင်းဆိတ်မှုသုံးမျိုး၊ ဝိပဿနာက ကိလေသာတွေပယ်နေတော့ ဗောဇ္ဈင်ခုနစ်ပါးပွားနေလျှင် ဝိပဿနာအခိုက်မှာတဒင်္ဂအားဖြင့် ကိလေသာဆိတ်နေ ပျောက်ပြယ်နေ ချုပ်နေ တာပါဘဲ၊

ဒါ့ကြောင့် ထိုသို့ဗောဇ္ဈင်တရား ဖြစ်ပွားစေခြင်းဖြင့် ကိလေသာပယ်ခွာနေမှုကိုဘဲ ကိလေသာကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှုကို မှီသော သတိစသောဗောဇ္ဈင်ကို ပွားများတယ်လို့ ဆိုခြင်းဖြစ်ပါဘယ်၊ ဒီနေရာမှာ ကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှု ဆိုတာ အတူတူပါဘဲ။

ဝိပဿနာက နိဗ္ဗာန်ကိုအာရုံမပြုနိုင်၊ ဒါ့ကြောင့် ဝိပဿနာအခိုက်မှာ အာရုံအနေ တိုက်ရိုက်မတွေ့ရသော်လည်း နိဗ္ဗာန်ကို ရည်ရွယ် တောင့်တချက်ထား ဝိပဿနာပွားတဲ့ပြစ်လို့ နိဗ္ဗာန်ကို လိုလားတဲ့ အစ္ဆာသယအားဖြင့် နိဗ္ဗာန်ဆိုတဲ့ ကင်းဆိတ်မှုကို ပြုသော ဗောဇ္ဈင်လို့ဘဲ ဆိုနိုင်ပါတယ်။

မဂ်အခိုက်မှာဖြစ်တဲ့ ဗောဇ္ဈင်တွေကျတော့ သမုစ္ဆေဒလုံးဝ ပြတ်သောအားဖြင့် ကိလေသာဆိတ်နေ ပြယ်နေ ချုပ်နေလို့ ထိုဗောဇ္ဈင်တွေကို ကိလေသာဆိတ်မှု ပြယ်မှု ချုပ်မှုကိုမှီသော ဗောဇ္ဈင်လို့ ဆိုရပါတယ်၊ ဒီမဂ်အခိုက် ဗောဇ္ဈင်တွေကျတော့ နိဗ္ဗာန်ကိုတိုက်ရိုက် အာရုံပြုနိုင်လို့ အာရုံပြုသောအားဖြင့် နိဗ္ဗာန်ဟူသော ကင်းဆိတ်မှုကို မှီတဲ့ ဗောဇ္ဈင်တွေလို့ ဆိုရပါတယ်။

ကိလေသာစွန့်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ရင့်ဆဲ ရင့်မြီးဖြစ်သော ဗောဇ္ဈင်ကို ပွားတယ်ဆိုရာမှာလည်း အတန့်ငယ်ရှင်းဖို့ လိုပါတယ်၊ ကိလေသာစွန့်မှုဆိုတာ ဝိပဿနာအခိုက်၊တဒင်္ဂအားဖြင့် မဂ်အခိုက်၊ သမုစ္ဆေဒ အပြတ်ဖြတ်သောအားဖြင့် ကိလေသာပယ်မှုပါဘဲ၊ နိဗ္ဗာန်ဆီ ပြေးဝင်မှုဆိုတာ ဝိပဿနာအခိုက် လိုလားတောင့်တ အစ္ဆာသယအားဖြင့် ညွှတ်မှု၊ မဂ်အခိုက်အာရုံ

ပြုသောအားဖြင့် နိဗ္ဗာန်သို့ဆိုက်ရောက်မှုပါဘဲ၊ ဗောဇ္ဈင်တရား တွေဟာ ဝိပဿနာအခိုက်မှာ ကိလေသာစွန့်ဖို့ နိဗ္ဗာန်ဆီပြေး ဝင်ဖို့ ရင့်ဆဲလို့ဆိုရတယ်၊ မဂ်အခိုက်မှာတော့ ကိလေသာစွန့်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ရင့်ပြီးလို့ဆိုရတယ်၊ ဒီနေရာမှာ ရင့်တယ် ဆိုတာ ဒီဗောဇ္ဈင်တွေဟာ အားကြီးတဲ့ ဝိပဿနာမှာ ဖြစ်ရတော့ အာသေဝနအတုံ့ရပြီး စွမ်းရည်သတ္တိ ရှိနေကြတဲ့အတိုင်း ကိလေသာပယ်စွန့်ဖို့ရာ နိဗ္ဗာန်ဆီပြေးဝင်ဖို့ရာ ထက်မြက်သန့်ရှင်း လှသည့်အဖြစ်ကိုဘဲ ရင့်တယ်လို့ ဆိုရတယ်၊ဝိပဿနာဗောဇ္ဈင် ကတော့ ကိသေသာပယ်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ထက်မြက်ကြ အားရှိကြသော်လည်း ကိလေသာအပြတ်ဖြတ်နိုင်တဲ့ သတ္တိမရှိ တော့ ရင့်ဆဲဆိုရတယ်၊ မဂ်ကတော့ ဝိပဿနာက ကိလေသာ ပယ်ခွာပေးခဲ့တဲ့အရှိန်အဟုန်အရကြောင့်ကြမစိုက်ရဘဲကိလေသာ တွေ ပယ်ခွာနိုင် နိဗ္ဗာန်သို့ရောက်နိုင်တဲ့ သတ္တိအပြည့်ရလာလို့ ရင့်ပြီးလို့ဆိုရပါတယ်၊ ဝိပဿနာယောဂီဟာ ထိုသို့ကိလေသာ ပယ်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ရင့်ဆဲ ရင့်ပြီး ဖြစ်လောက်အောင် သတိစသော ဗောဇ္ဈင်ကို ပွားတယ်ဆိုလိုပါတယ်၊ ဒီစကားတွေ ချုပ်လိုက်လျှင် ဝိပဿနာဆိုက်အောင် မဂ်ဆိုက်အောင် ဗောဇ္ဈင် တွေပွားတယ်လို့ ဆိုလိုရင်းပါဘဲ။

ကိုလေသာကင်းဆိတ်မှု ငြိမ်းချမ်းပြယ်မှု ချုပ်မှုကို မြိုသော ကိလေသာစွန့်ဖို့ရာ နိဗ္ဗာန်ဆီပြေးဝင်ဖို့ရာ ရင့်ဆဲ ရင့်ပြီးဖြစ်သော သတိသမ္မောဇ္ဈင်ကိုပွားတယ် စသောစကားများနောက်ကလည်း ပါခဲ့ပါပြီ၊ သို့သော် ရှင်းမပြခဲ့၊ ဒါ့ကြောင့် ဒီနေရာမှာ ဝိပဿနာအခိုက် မဂ်အခိုက်မှာ ကိလေသာကင်းဆိတ်မှု မြိုပုံ စသည်ကို စုံလင်အောင်ဆိုခဲ့ခြင်း ဖြစ်ပါတယ်၊ သို့သော်

ဒီ ဒေသနာက ဗေဒင်ဗျောဝေးစေခြင်းဖြင့် ဝိဇ္ဇာ–ဝိမုတ္တိတို့ကို ပြည့်စေသည်ကို ဆိုတာဖြစ်တော့ ဝိဇ္ဇာ ဝိမုတ္တိတို့နဲ့တကွဖြစ်တဲ့ ဗေဒင်မျိုးသာဖြစ်ခဲ့ရာ ဒီနေရာမှာတော့လောကုတ္တရာဗေဒင်သာ ယူရပါတယ်။

သမ္မာဇဉ်ရှိသူ

ထို့နောက် ဘုရားရှင်က ဘယ်ပုံသမ္မာဇဉ်ရှိလျက် နေသည်ကို ဆက်လက်ဟောကြားတော်မူခဲ့ပါတယ်၊ အချုပ်က ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်ဉာဏ်ပညာဖြင့် ပြုလုပ်တတ်တယ်၊တဲ့တဲ့ကြည့်ရာ တစ်စောင်းကြည့်ရာ လက်ခြေကွေးရာ ဆန့်ရာ သင်္ကန်းသပိတ်ကိုင်တွယ်သုံးစွဲရာ စားရာ သောက်ရာ ခဲရာ လျက်ရာ ကျင်ကြီးကျင်ငယ်စွန့်ရာ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ(၆)ဌာန ဤအခါတွေ့မှာလည်း ပညာအဆင်အခြင်ဖြင့် ပြုလေ့ရှိတယ်။

ရှေ့တက်ရာ နောက်ဆုတ်ရာ စသည်တို့၌ အမျှားပုဂ္ဂိုလ်တို့ရဲ့ သာမန်အသိက သူ ရှေ့တက်တယ် ငါ ရှေ့တက်တယ် ပုဂ္ဂိုလ်သတ္တဝါ ရှေ့သွားနောက်ဆုတ်တယ် ဆိုတဲ့ အသိဘဲ၊ ထိုလူ သာမန်အသိကိုကျော်ပြီး ဓမ္မတွေ့အပေါ်မှာ ရောက်တဲ့အသိကို သမ္မာဇဉ်ဆိုပါတယ်၊ အမှန်က ယင်းပြောခဲ့တဲ့ ကိစ္စအားလုံးဟာ ဓမ္မတွေ့ရဲ့ကိစ္စတွေ၊ ရှေ့တက်လိုတဲ့ စိတ်ဖြစ်ပေါ်လာလျှင် အဲဒီစိတ်က လှုံ့ဆော်ပေးလို့ ရှေ့တက်မှု ဖြစ်စေတတ်တဲ့ ရုပ်တွေ ပေါ်လာတာဘဲ၊ အဲဒီတော့ ဒီစိတ်နဲ့ ဒီရုပ်တွေကို ရှုမြင်တတ်တဲ့ ပညာကို သမ္မာဇဉ်ဆိုရ၊ အဲဒီလိုအားလုံး ကိရိယာအမှုအရတွေ့မှာ ရှင်ကိစ္စ နာမ်ကိစ္စအဖြစ်မြင်တဲ့ သမ္မာဇဉ်နဲ့ ပြုရမယ့်အကြောင်း

မိန့်တော်မူခြင်း ဖြစ်ပါတယ်၊ ဒီတော့ သမ္မာဇဉ်ခေါ် ပညာ ကလည်း သတိမပါဘဲ ဖြစ်တာမဟုတ်တော့ သတိသမ္မောဇ္ဈင် ဖြစ်ကြောင်း ဖြစ်ရတာပါဘဲ။

အလွန် ကျေးဇူးပြုတတ်သော တရားနှစ်ပါး

ဒုဒ္ဓ ဓမ္မာ ဗဟုကာရာ သတိ စ သမ္မာဇညဉ္စ - သတိနဲ့ သမ္မာဇဉ်တရားနှစ်ပါးဟာ အလွန်ကျေးဇူးများတဲ့တရားတွေလို့ ဟောတော်မူပါတယ်။

ဘယ်ကမ္မဋ္ဌာန်းကိုမဆို အားထုတ်ကြတဲ့ ယောဂီမှန်သမျှတို့ အဖို့ ဘယ်အခါမဆို သတိသမ္မာဇဉ်ဆိုတဲ့ ဒီတရားနှစ်ပါးဟာ လွန်စွာ ကျေးဇူးပြုတတ်ပါတယ်၊ ဘာ့ကြောင့်လဲ၊ နိဝရဏ ဘေးရန်ကိုပယ်ရှားတတ်သောကြောင့်တစ်ကြောင်း, ဘာဝနာကို တိုးပွားစေတတ်သောကြောင့် တစ်ကြောင်း ကျေးဇူးပြုတတ် တယ်လို့ မိန့်ဆိုခြင်းဖြစ်ပါတယ်၊ ကမ္မဋ္ဌာန်းမှန်သမျှမှာ သတိ ပညာဟာ မပါမဖြစ် အရေးကြီးတဲ့ တရားနှစ်ပါးပါ၊ ဒီနေရာ မှာ ဘယ်ခါမဆို ကျေးဇူးပြုတတ်တယ်ဆိုတာက ကမ္မဋ္ဌာန်း အားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ စိတ်တွန့်ဆုတ်ပျင်းရိခြင်း, စိတ်ပျံ့ လွင့်ခြင်း ဒီနှစ်မျိုးဟာ ကြုံရတတ်ပါတယ်၊ ဒီလို တွန့်ဆုတ်မှု ပျံ့လွင့်မှုမျိုးကြုံရတဲ့အခါ ဒီတရားနှစ်ပါးက ဒီဘေးရန်တွေကို ပယ်ရှားခြင်း, ဘာဝနာကို တိုးပွားစေခြင်းဖြင့် ကျေးဇူးပြုတတ် တယ်၊ တွန့်ဆုတ်မှု ပျံ့လွင့်မှုဖြစ်တဲ့အခါ သတိက အကျိုးဖြစ် တရား အကျိုးမဲ့တရားတို့ကို မှတ်သားတတ်တဲ့ တရားမို့ ထိုအမှု တွေပပျောက်ရေးမှာ အကျိုးဖြစ်တရားတွေ ဖြည့်ပေးခြင်းဖြင့်

ထိုနိဝရဏဘေးရန်တွေ ပျောက်ရတယ်၊ ပညာက အမှန်တရား သိခြင်းဖြင့် ထိုနိဝရဏ ဘေးရန်တွေ ပျောက်ရတယ်၊ ပညာက အမှန်တရားသိခြင်းဖြင့် ရှက်ဆောင်ပေးတော့ ဘာဝနာတိုးတက်လာတယ်၊ ဒီလိုနဲ့ ဘာဝနာလုပ်ငန်းဟာ ဒီတရားနှစ်ပါးလက်ကိုင်ထားလျှင် တိုးတက်လာနိုင်လို့ ဘယ်ကမ္မဋ္ဌာန်းကိုမဆို အားထုတ်ကြတဲ့ ယောဂီမှန်သမျှအားကျေးဇူးမျှား ကျေးဇူးပြုတတ်တဲ့ တရားနှစ်ပါးလို့ ဟောတော်မူခြင်း ဖြင်ပါတယ်၊ အထူးသဖြင့် သတ်သမျှောဇျင်ဖြစ်ဖို့ရာမှာ ဒီတရား နှစ်ပါးက ပဓာနမို့ ဒီ သတိသမ္ဗဇဉ်ကို တစ်နုံပါတ် သတိသမ္ဗောဇျင် ဖြစ်ကြောင်း အဖြစ်ဖြင့် ပြဆိုခဲ့ခြင်းဖြစ်ပါတယ်။

၂–သတိမေ့သူကို ရှောင်ကြဉ်ခြင်း

လောကမှာ ပေါင်းသင်းဆက်ဆံမှုဟာလည်း အရာရာမှာ အရေးကြီးပါတယ်၊ ပညာမဲ့သူနဲ့ပေါင်းလျှင် မိမိမှာပညာရှိ အကျိုးမဖြစ်၊ တရားမဲ့သူနဲ့ပေါင်းလျှင် တရားရခြင်းအကျိုး မဖြစ်၊ အကျိုးမဖြစ်ရုံသာမဟုတ်ဘဲ မိမိလည်း တရားမဲ့သူဖြစ်တတ် ပါသေးတယ်၊ ဒါကြောင့် ဒီနေရာမှာ မေ့လျော့သူ သတိလွတ်သူကို ရှောင်ခြင်းကို သတိသမ္ဗောဇျင်ဖြစ်ကြောင်း အဖြစ်ဖြင့် ဆိုခြင်းဖြစ်ပါတယ်။

ကိုယ်တိုင်က တရားအားမထုတ် တရားဘက်မှာ မေ့လျော့ပေါ့ဆနေသူ တစ်ဦးနဲ့ပေါင်းနေရလျှင်ထိုသူထံမှသတိသမ္ဗောဇျင် ဖြစ်ဖို့နည်းလမ်း ရမတဲ့လား၊ မရနိုင်ပါဘူး၊ မရတဲ့အပြင် သူနဲ့ပေါင်းခြင်းဖြင့် ဓာတ်ဆက်ဓာတ်ကူးပြီး ငါးပုပ်ဖက်နဲ့ထုပ်လျှင် ဖက်လည်းအပုပ်နံ့စွဲသလို မိမိလည်း မေ့လျော့သူအဖြစ် ရောက်

တတ်ပါသေးတယ်၊ ဒါ့ကြောင့် သတိ သမ္မောဇ္ဈင် ဖြစ်ဖို့ အကြောင်းတွေထဲမှာ ဒီလိုမေ့လျော့တတ်တဲ့ပုဂ္ဂိုလ်ကိုခွာ ရှောင်ကြဉ်ခြင်းဟာလည်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၃-သတိမမေ့သူကို မှီခိုပေါင်းသင်းခြင်း

တတိယအကြောင်းက မမေ့သူ သတိမလွတ်ဘဲ တရားဌာန်စွဲနေသူကို မှီခိုပေါင်းသင်းခြင်းတဲ့၊ ဒီလိုပုဂ္ဂိုလ်မျိုးပေါင်းတော့ သူ့ထံမှ သတိသမ္မောဇ္ဈင်ဖြစ်ကြောင်း နည်းလမ်းရနိုင်တယ်၊ သူ့ကိုအားကျပြီး မိမိလည်းမမေ့အောင် ကြိုးစားဖို့စိတ်သန်လာမယ်၊ ဇလတ်ပန်းဖက်ရှက်နဲ့ထုပ်တော့ ဖက်ရှက်လည်း အနံ့ကူးကာ မွှေးကြိုင်လာရဆိုသလို မိမိလည်း ထိုပုဂ္ဂိုလ်မျိုးပေါင်းသင်းခြင်းဖြင့် ဓာတ်ဆက်ဓာတ်ကူးကာ သတိကောင်းသူ တရားမမေ့ စွဲမြဲသူအဖြစ် ရောက်လာနိုင်ပါတယ်။

ဒီအချက်နဲ့စပ်လို့ မဟာဝဂ္ဂသံယုတ်လာ အမိန့်တော်တစ်ရပ် ရှိနေပါတယ်၊ နေထွက်လာခြင်း၏ရှေ့ပြေးပုဗ္ဗနိမိတ်မှာ ရောင်နီပေါ်ခြင်း အရုဏ်တက်ခြင်းဖြစ်သကဲ့သို့ ထို့အတူ ဗောဇ္ဈင်ခုနစ်ပါးဖြစ်ဖို့ရာ ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ်မှာ ကလျာဏမိတ္တတာ မိတ်ဆွေကောင်းရှိခြင်းပင်ဖြစ်ကြောင်း၊ကလျာဏမိတ္တ-မိတ်ဆွေကောင်းရှိသူအဖို့ ဗောဇ္ဈင်ခုနစ်ပါး ပွားများလိမ့်မည်မှာ မချွတ်ကေန်သာ ဖြစ်ကြောင်း ဟောတော်မူခဲ့ပါတယ်၊ ဒါ့ကြောင့် မဒမ္ဘတတ်သူ သတိမလွတ်သူ ကလျာဏမိတ္တ ဆရာသမားစသော ပုဂ္ဂိုလ်များကို မှီခိုချဉ်းကပ် မှီဝဲခြင်းမှာ သတိသမ္မောဇ္ဈင်ဖြစ်ဖို့ရာ အရေးကြီးတဲ့အကြောင်းတစ်ရပ်ပင် ဖြစ်ပါတော့တယ်။

၄-သတိသမ္မောဇ္ဈင်၌ သက်ဝင်ညွှတ်ကိုင်းခြင်း

သတိသမ္မောဇ္ဈင်၌ သက်ဝင်ညွှတ်ကိုင်းနေသည်၏ အဖြစ်၊ ဒါက စတုတ္ထ သတိသမ္မောဇ္ဈင် ဖြစ်ကြောင်း သွားရာ လာရာ ရပ်ရာ ထိုင်ရာ နေရာတကာတိုင်းမှာ သတိသမ္မောဇ္ဈင် ဖြစ်ဖို့ရာ အမြဲတမ်း စိတ်ညွှတ်နေခြင်းဖြင့် မဖြစ်သေးတဲ့ သတိ ဖြစ်လာအောင်, ဖြစ်ပြီးတဲ့သတိ လွတ်မသွားရ အဆက်ဆက် တိုးပွားအောင် ကြိုးစားနေမှာဖြစ်လေတော့ ဒီလိုသတိသမ္မောဇ္ဈင်ဖြစ်ဖို့ စိတ်ညွှတ်နေခြင်းမှာ သတိဖြစ်ဖို့ရာ လွန်စွာလိုအပ်တဲ့အကြောင်းတစ်ရပ်ပါဘဲ၊ ဒီလိုစိတ်ညွှတ်နေမှုလည်း သတိပဋ္ဌာန်နဲ့ မကွာဘဲ တစ်ပါတည်း ကပ်ယှဉ်ထားမှာဖြစ်တော့ သတိဖြစ်ဖို့ရာ စိတ်အမြဲညွှတ်နေခြင်းမှာ သတိသမ္မောဇ္ဈင် ဖြစ်ဖို့ရာအကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ကြောင်း

ရဟန်းတို့– မဖြစ်သေးသော ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်လာဖို့ရာ, ဖြစ်ပြီးသော ဓမ္မဝိစယသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်းကဘာလဲ၊ ရဟန်းတို့– ကုသိုလ်တရား အကုသိုလ်တရား၊ အပြစ်ရှိသောတရား အပြစ်မရှိသောတရား၊ ယုတ်သောတရား မြတ်သောတရား၊ မည်းညစ်သော အဖိုရှိသောတရား ဖြူစင်သော အဖိုရှိသောတရားတွေ ရှိနေကြတယ်၊ ထိုတရားတို့၌ သင့်တင့်သော အကြောင်းမှန် လမ်းမှန် အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုပြင်ခြင်းမှာ မဖြစ်သေးသော ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ဖို့ ဖြစ်ပြီးသော ဓမ္မဝိစယသမ္မောဇ္ဈင်၏

ဘာဝနာ ပြည့်ဝုံပြီးမြောက်ဖို့ အကြောင်းပင် ဖြစ်ပါတော့တယ်။

ဒီဒေသနာလာ တရားတွေက ကုသိုလ် အကုသိုလ်တရားတွေပါတဲ့၊ ဒီတရားတွေမှာ အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုဟာ ဒီတရားတွေရဲ့သဘောကို သိအောင်ပြုမှုကို ဆိုပါတယ်၊ ဒီတရားတွေမှာ သဘာဝလက္ခဏာခေါ်ဝဲ့ ကိုယ်ပိုင်အမှတ်အသားတွေ ဝိုနေပါတယ်၊ ကုသိုလ်ရဲ့ အပြင်မင်္ဂြိုင်းလက္ခဏာ, အကုသိုလ်ရဲ့ အပြင်ရှုခြင်းလက္ခဏာ, ဝိတ်ရဲ့ သိမ့်လက္ခဏာ,ယဿရဲ့တွေ့ဆိမ့်လက္ခဏာသည်ဖြင့် မိမိတို့ရဲ့အသီးသီး သဘောလက္ခဏာ ကိုယ်ဝိုရှိနေကြတော့ အဲဒီ ကိုယ်ပိုင်သဘောလက္ခဏာတွေကို သဘာဝလက္ခဏာ ဆိုပါတယ်၊ အနိစ္စ-မပြု၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-အဝိုးရတဲ့ အတ္တကောင် မဟုတ်ဆိုတဲ့ အခြင်းအရာတွေကတော့ တရားတိုင်းမှာ ဝိုနေတဲ့သဘောတွေ၊ ဒါကြောင့် သာမည လက္ခဏာအားလုံးမှာ အတူတူဖြစ်နေတဲ့ လက္ခဏာအားလုံး တရားတွေနဲ့ သက်ဆိုင်တဲ့လက္ခဏာ၊ အဲဒီ သဘာဝလက္ခဏာ သာမည လက္ခဏာတွေကို ထိုးဖောက်သိမှု သိအောင်ပြုမှုကိုတဲ့ ယောနိသောမနသိကာရဆိုပါတယ်၊ဒီတရားတွေကို သိနေတဲ့ ဗောဓိတ်တွေပါဘဲ။

အဲဒီတော့ ပညာ မြေဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းဟာ ဆိုခဲ့ပြီး ကုသိုလ် အကုသိုလ်တရားအာရုံမျိုးဘဲ ဖြစ်ပါတယ်။

မြေဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ၇-ပါး

အဌကထာမျှဝ်းမှာ မြေဝိဝယ သမ္ဗောဇ္ဈင် ဖြစ်ကြောင်း ခုနှစ်ပါးလာပါတယ်။

မေးမြန်းခြင်းပြု၊ ဝတ္ထုစင်စေ၊ ဂျာနယ်ညီညာ၊ ပညာမဲ့ကြောင့်၊ ဉာဏ်ရှင်မှီဝဲ၊ နက်နဲတရား၊ တေးစဉ်းစားလျက်၊ ပညာဗဟုတ်တွင်၊ ညွှတ်သက်ဝင်၊ ဉာဏ်မြင်တိုးကြောင်း ဂုဏ်စတည်း။

၁–မေးမြန်းခြင်း

ခန္ဓာ အာယတန ဓာတ် သစ္စာ ဂျာနယ် ဗိုလ် ဗောဇ္ဈင် မဂ္ဂင် သမထ ဝိပဿနာတို့နဲ့စပ်ပြီး မသိသေးလျှင် သိအောင် သင်ကြား လေ့လာထား၊လေ့လာထားတဲ့အရာမှာ မရှင်းလင်းဟဲ့ အရာတွေ့ မေးမြန်းခြင်းကို ဆိုပါတယ်၊ ဒီတရားတွေနဲ့စပ်ပြီး အတော်လေ့လာထားတော့ ရှေးကတည်းက ဉာဏ်ထဲ အတော်ရှင်းနေခဲ့၊ ဉာဏ်ထဲ မရှင်းမလင်းဖြစ်နေဟဲ့ ခဲရာဏက်ဆစ်ကို မေးမြန်းခြင်းဖြင့် ဆရာ့အဖြေကြားရတော့ ပိုရှင်းလင်းသွားပြီး ဉာဏ်အမြင်တိုးလာ၍ ‘မေးမြန်းခြင်းဟာ ဝမ္မ ဝိစယ ပညာ ဖြစ်ကြောင်း ဆိုပါတယ်။

ဒီနေရာမှာ မေးမြန်းခြင်းသာမက နာယူခြင်း မိ ပိ က ဟောပြောခြင်း ဆွေးနွေးခြင်းများပါ သိပ်းယူသုံးပါတယ်၊ အားလုံးဟာ ပညာဖြစ်ကြောင်း ရှည်းပါတဲ့၊ ဝိပဿနာ အားတုတ်၍ အားရှိတဲ့ ဝိပဿနာ လက်ရှိဖြစ်လာလျှင်တော့ တရားနာရင်း တရားဟောရင်း တရားဆွေးနွေးရင်းနဲ့ မဂ်ဗိုလ် ဆိုက်သွားနိုင်ပါတယ်၊ တရားနာလို့ မဂ်ဗိုလ်ဆိုက်သွားတာတွေ့ကတော့ ကျမ်းဂန်မှာ အများပြားရှိနေပါတယ်၊ ဒီနေရာမှာ အလျဉ်းသင့်လို့ တရားဆွေးနွေးရင်း မဂ်ဗိုလ်ရသွားဟာ ပြောရ

ဥုံးမယ်၊ အဲဒါက ခန္ဓဝဂ္ဂသံယုတ်လာ ခေမကသုတ်ပါဘဲ၊ အဲဒီသုတ်ကို အကျဉ်းချုံးပြီး ဟောပါဥုံးမယ်။

ခေမကသုတ်

တစ်ခါက မထေရ်ကြီး အမျှားအပြား ကောသမ္မီပြည် ဃောသိတာရုံကျောင်းမှာ သီတင်းသုံးကြ၊ ဒီအခါ အရှင်ခေမက ဟာ ဗဒရိကာရုံကျောင်းမှာ အပြင်းအထန်မကျန်းမာဘဲ သီတင်း သုံးဆဲ ရှိနေ၊ မထေရ်ကြီးတွေဟာ ကျော်ကြားတဲ့ ဓမ္မကထိက အရှင်ခေမကတရားလည်းနာချင်၊အရှင်နေရာတောက ခင်ကျည်း ကျည်း၊မထေရ်ခြောက်ကျိပ်နေဖို့မဆုံ၊ပင့်ခေါ်ဖို့ကလည်းအရှင်က မမာ၊ ဒါ့ကြောင့် တစ်ဂါဝုတ်လောက် ဝေးကွာတဲ့နေရာရှိ အရှင်ခေမကဆီ အရှင်ဒါသကကို စေလွှတ်မေးခိုင်းကြတယ်၊ အရှင်ခေမကရဲ့ ရောဂါဝေဒနာအခြေအနေ တိုးသလား ဆုတ် သလား မေးခိုင်းတော့ အရှင်ဒါသက,က သွားမေး၊ မဆုတ်တဲ့ အခြေကြောင်း တိုးတဲ့အခြေကြောင်း အမိန့်ရှိတော့ အရှင်ဒါသက,က မထေရ်ကြီးတွေဆီ ပြန်လျှောက်၊ တစ်ဝါဥပါဒါကွန္ဒာဝင်းပါး ထဲက တစ်ခုခုကို ငါ ငါ့ဥစ္စာလို့ ရှုသလား မေးခိုင်းပြန်၊ အရှင်ဒါသက သွားမေးတော့ ဒီလို မ ရှု တဲ့ အ ကြောင်း ပြောဘဲ့အကိုင်း မထေရ်ကြီးတွေထံ ပြန်လျှောက်၊ တစ်ဝါ ဒီလို မရှုလျှင် အရှင်ခေမက ရဟန္တာဖြစ်ပလား မေးခိုင်းပြန်တော့ သွားမေးပြန်ရ၊ မေးတော့ ဥပါဒါနက္ခန္ဓာထဲက ဘာကိုမှ ငါ ငါ့ဥစ္စာလို့ မရှု၊ သို့သော် ရဟန္တာတော့မဖြစ်သေး၊ စင်စစ်တော့ ဥပါဒါနက္ခန္ဓာဝင်းပါးမှာ ငါဆိုတဲ့ တဏှာ မာနစွဲတော့ ရှိနေ သေးရဲ့၊ ဒီဥပါဒါနက္ခန္ဓာ ငါဖြစ်တယ်ဆိုတဲ့ ဒိဋ္ဌိစွဲဖြင့်မရှုကြောင်း

မိန့်လိုက်တယ်၊ အဲဒါ မထေရ်ကြီးတွေ ပြန်လျှောက်တော့ တစ်ခါမေးခိုင်းပြန်တာက ငါ့ရှင် ခေမက ငါလို့ အရှင်က ဆိုတယ်၊ ဘာကို ငါလို့ဆိုသလဲ၊ ရူပ်ကိုဘဲ ငါဆိုသလား၊ ရူပ်မှတစ်ပါး တခြားအရာကိုဘဲ ငါဆိုသလား၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တစ်ခုခုကိုဘဲ ငါဆိုသလား၊ ထိုဝေဒနာစသည် တစ်ခုခုမှာတစ်ပါး တခြားအရာကိုဘဲ ငါဆိုသလား၊ ဘာကို ငါဆိုသလဲ။

အရှင်ဒ္ဒါသက,က သွားမေးရပြန်၊ ဒီတစ်ခါတော့ အရှင် ခေမက,က ငါ့ရှင် ဒီလို သွားလိုက် ပြန်လိုက်နဲ့ ထပ်တလဲလဲ ပြေးလွှား နေရတာ မတော်ပါဘူး၊ ကဲ... တောင်ဝှေးယူခဲ့ တပည့်တော်ဘဲ မထေရ်ကြီးတွေရှိရာသွားမယ်ဆိုပြီး တောင်ဝှေး ထောက်ကာ ကြွရောက်လာခဲ့၊ ရောက်တော့ မထေရ်ကြီးတွေက ယခင်အမေး မေးကြ။ ဒီအခါ အရှင်ခေမက,က ငါ့ရှင်တို့-တပည့်တော်ရူပ်ကိုလည်း ငါလို့မဆို၊ ရူပ်မှတစ်ပါး တခြားအရာ ကိုလည်း ငါလို့မဆို၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တစ်ခုခု ကိုလည်း ငါလို့မဆို၊ ထိုဝေဒနာစသည် တစ်ခုခုမှတစ်ပါး တခြားအရာကိုလည်း ငါလို့မဆိုပါ၊ တကယ်တော့ ဥပါဒါန်-ကွန္ဓာ ငါးပါးလုံးမှာ ငါဆိုတဲ့ တဏှာ မာနစွဲတော့ စွဲသေး တယ်၊ ဒီတရားတွေ ငါဖြစ်တယ်ဆိုတဲ့ ဒိဋ္ဌိစွဲနဲ့တော့ မရှိပါ။

ဥပမာ— ကုမုဒြာ ပဒုမ္မာ ပုဏ္ဍရိက်ကြာတို့ရဲ့ အနံ့ရှိခဲ့ရာ သူတစ်ယောက်ကအရှက်၏အနံ့ဘဲလို့ဖြစ်စေ အဆင်း၏အနံ့ဘဲလို့ ဖြစ်စေ ဝတ်မှုန့်၏အနံ့ဘဲလို့ ဖြစ်စေ ပြောယင် အမှန်ပြောတာ ဖြစ်ပါ့မလား၊ ဒီလိုမေးတော့ မထေရ်ကြီးတွေက မဖြစ်ကြောင်း

ဖြေကြ၊ ဘယ်လိုပြောယင် မှန်တဲ့အပြောဖြစ်ပါ့မလဲ၊ မေးပြန်တော့ အပင့်၏အနုံဆိုလျှင် မှန်တဲ့အပြောဖြစ်ကြောင်း ဖြေကြ၊ အဲဒါလိုဘဲ တပည့်တော်ဟာ ရုပ် ဝေဒနာစသော တစ်ခုခုကို လည်း ငါလို့မဆို၊ ထိုတစ်ခုခုမှတပ်ပါး တခြားအရာကိုလည်း ငါလို့မဆို၊ တဲ့ကယ်တော့ ခန္ဓာငါးပါးလုံး အပေါ်မှာ ငါခံ့တဲ့ တဏှာ မာနစွဲ ရှိနေပါသေးတယ်၊ ဒီရုပ်စသည်ဟာ ငါဖြစ်တယ်လို့ ဒိဋ္ဌိစွဲနဲ့ မရှုပါ။

ငါ့ရှင်တို့-- အရိယသာဝကအဖို့ သြရမ္ဘာဂိယသံယောဇဉ် ငါးပါး ပယ်ရှားထားသော်လည်း သူ့အဖို့ သိမ်မွေ့တဲ့ငါဆိုတဲ့ မာန တဏှာ အနုသယ မပယ်ရသေး၊ နောက် အခါတော့ ထိုဥပါဒါနကွန်ရှာတို့၌ အဖြစ်အပျက်ကိုရှုနေလျှင် မပယ်ရသေးတဲ့ ငါဆိုဟဲ့ မာန တဏှာ အနုသယဟာ ဒုက္ခင်းမဲ့ပြတ်ဟောက် ခြင်းသို့ ရောက်ရတော့တယ်။

ငါ့ရှင်တို့- ဥပမာနဲ့ပြောရယင် ကြေးတွေနဲ့ ပေညစ်နေတဲ့ အဝတ်ကို ပိုင်ရှင်တွေက ခဝါသည်ထံအပ်၊ ခဝါသည်က ဆပ်ပြာတစ်မျိုးမျိုးနဲ့ ရေထဲမှာဖွပ်လျှော်၊ အဝတ်က ဖွေးဖွေးဖြူစင်သွားပေမယ့် သိမ်မွေ့တဲ့ဆပ်ပြာနုံ့ကတော့ မပျောက်တတ်သေး၊ ထိုအဝတ်ကို ခဝါသည်က ဥစ္စာရှင်ထံ ပြန်အပ်တဲ့အခါ ဥစ္စာရှင်တို့က နုံ့သာဖြင့် ထုံထားတဲ့ သေတ္တာထဲ ထည့်ထားကြ၊ တိုအခါ မပျောက်သေးတဲ့ သိမ်မွေ့တဲ့ဆပ်ပြာနုံ့ဟာ ပျောက်ရကော့တယ်၊ အဲဒါလိုဘဲ အရိယသာဝကအဖို့ သြရမ္ဘာဂိယသံယောဇဉ်ငါးပါး ပယ်ရှားပြီးဖြစ်သော်လည်း ဥပါဒါနကွန်ရှာတို့၌ သိမ်မွေ့တဲ့ ငါဆိုတဲ့မာန တဏှာအနုသယဟာ မပယ်ရသေး၊

နောက်အခါ ထိုခန္ဓာတို့၌ အဖြစ်အပျက်ကိုရှုနေယင် မပယ်ရသေးတဲ့ ငါဆိုတဲ့ မာန တဏှာ အနုသယဟာ အကြွင်းမဲ့ ပြတ်တောက်ခြင်းသို့ ရောက်ရတော့တယ်။

ဒီတရားအဆုံးသတ်တော့ တရားဟောတဲ့ အနာဂါမ်လေရ အရှင်ခေမကရော မထေရ်ကြီးခြောက်ကျိပ်တို့ပါ အာသဝကင်းကာ ရဟန္တာဖြစ်ကြရတယ်၊ ဒါ-တရားဆွေးနွေးရင်း တရားထူးတက် ရသွားကြတဲ့ သာဓကပါဘဲ၊ မထေရ်ကြီးခြောက်ကျိပ်ဟာ ဘယ်ဘဆင့်ရောက်နေကြတယ်ဆိုတာ အသေအချာ မသိရသော်လည်း အနာဂါမ်အထိ အရိယာအမျိုးမျိုးလည်းပါ ဗလဝပိပဿနာရှင်ကလည်းပါ အမျိုးမျိုးဘဲ ရှိနေကြလိမ့်မယ်လို့ တွေးနိုင်ပါတယ်၊ အားရှိတဲ့ ဝိပဿနာရှိနေယင်တော့ တရားမေးရင်း နာရင်း ဟောရင်း ဆွေးနွေးရင်းနဲ့ အခန့်သင့်တဲ့အခါ မဂ်ဖိုလ် ဆိုက်နောက်သွားနိုင်ပါတယ်၊အောက် အောက်အရိယာမျှားလည်း ဒီလိုနဲ့ဘဲ အထက်အထက်မဂ်ဖိုလ် ရောက်သွားတတ်ပါတယ်။

အာဝရဏနီဝရဏသုတ်

ဒီနေရာမှာ မဟာဝဂ္ဂသံယုတ် အာဝရဏနီဝရဏသုတ် အဆိုအမိန့်ကိုလည်း သုံးသပ်ကြပါဦးစို့၊ ထိုသုတ်မှာ ဘုရားရှင်ကနီဝရဏတရား ငါးပါးဟာ ကုသိုလ်တရားတွေကို တားဆီးတတ်ပိတ်ပင်တတ်တဲ့တရား, စိတ်၏ ညစ်ညူးကြောင်းတရား, ပညာကို အားနည်းအောင်ပြုတတ်တဲ့ဘရားမျှားဖြစ်ကြောင်း၊ ဇောဇွင်ခုနစ်ပါးတရားတွေကတော့ ကုသိုလ်တရားတွေကို မတားမြစ်တတ် မပိတ်ပင်တတ်တဲ့တရား, စိတ်၏ ညစ်ညူးကြောင်းမဟုတ်

ဖြူစင်ကြောင်းတရား, ပညာကိုအားနည်းအောင်မပြု အားကြီး အောင်ပြုတတ်တဲ့တရားတွေဖြစ်ကြောင်းဟောတော်မူပြီးနောက် ဆက်လက် ဟောပြန်တာက အရိယာဖြစ်တဲ့ ဘုရားတပည့်ဟာ တရားတော်ကို လိုလိုလားလားစိတ်ထဲထား စိတ်ကိုလုံးလုံးတရား ထဲသွင်းပြီး နာကြားခဲ့ယင် ထိုအခါမှာ နိဝရဏတရားငါးပါး မဖြစ်ကြောင်း, ဗောဇ္ဈင်တရား ခုနစ်ပါးမှာ ဘာဝနာ၏ပြည့်စုံ ခြင်းသို့ ရောက်ကြောင်း ဟောတော်မူပါတယ်။

နောက်ကလည်း ဘာဝနာပြည့်စုံခြင်း ဘာဝနာအပြည့်အဝ ဖြစ်လာခြင်းဆိုတဲ့ စကားတွေ ပြောခဲ့ပါတယ်၊ ဘာဝနာ ပြည့်စုံတယ်ဆိုတာ အရဟတ္တမက်အခိုက်ဖြစ်တဲ့ ဗောဇ္ဈင်တွေကို ဆိုခြင်း ဖြစ်ပါတယ်၊ ထိုအရဟတ္တမက်အခိုက်မှာမှ ဗောဇ္ဈင် တွေဟာ လုံးဝပြည့်စုံ အပြီးရောက်နိုင်ပါတယ်၊ ဒါကြောင့် ဒီနေရာမှာလည်း ဘာဝနာပြည့်စုံတယ်ဆိုတာ အရဟတ္တမက်ခဏ ဗောဇ္ဈင်တွေကို ပြောတာပါ။

ဒီအချက်မှာ အဌကထာအဆိုကိုလည်း ပြောပါဦးမယ်၊ အရိယသာဝကဟာ မိမိနဲ့လျှောက်ပတ်တဲ့တရား နာရတဲ့အခါ နိဝရဏတွေ ပေးကွာ ကင်းရှင်းနေသူဟာ ထိုတရားနာရာ ဌာနမှာဘဲ တရားထူးရဖို့ရာ စွမ်းနိုင်ယင်တော့ ထိုနေရာမှာဘဲ ဗောဇ္ဈင်တရားတွေဟာ ဘာဝနာပြည့်စုံခြင်းသို့ ရောက်ရတော့ တယ်၊ တရားနာတုန်း တရားထူးရဖို့ မစွမ်းနိုင်ဖြစ်နေသေးယင် တော့ ထိုနေရာကထပြီး နေ့နေ့ရာ ညနေရာသို့ ရောက်တဲ့အခါ ထိုတရားပီတိ မကွာရှိနေလို့ နိဝရဏတွေ ခွာနိုင်ပြီး တရားထူး ရနိုင်လိမ့်မယ်၊ ဒီနေရာမှာလည်း မရသေးလျှင် ခုနစ်ရက်အတွင်း

ထိုတရားကြောင့် ဖြစ်တဲ့ ပီတိ မစ္စန့်မကွာ တစ်ပါတည်းရှိနေလို့ တရားထူးကို ဖြစ်စေလိမ့်မယ်လို့ ဆိုပါတယ်၊ ဒါဟာ တရားနာရခြင်းကြောင့်တရားထူးရနိုင်တဲ့ အကျိုးပြ သာဓက တစ်ရပ်ပါဘဲ၊ ဒါကြောင့် ဒီနေရာမှာ မေးမြန်းခြင်းသာမက တရားဆွေးနွေးခြင်း တရားနာခြင်း တရားဟောခြင်း တရားနဲ့ဆိုင်တဲ့ စာပေတွေ ကြည့်ရှုလေ့လာခြင်းအားလုံးသွင်းယူယင် သင့်လျော်ပါတယ်။

၂–ဝတ္ထုစင်ကြယ်စေခြင်း

ဝတ္ထုဆိုတာက တည်နေရာ ခန္ဓာကိုယ်ရော ထိုခန္ဓာကိုယ်နဲ့စပ်ဘဲ အဝတ်သက်နှီး စသည်ကိုပါ စိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်လို့ ဝတ္ထုဆိုပါတယ်၊ စိတ်စေတသိက်တို့က အားရုံပြုသော အားဖြင့် ထိုခန္ဓာ အဝတ်စသည်တို့ဌာ ရောက်နေ၍ စိတ် စေတသိက်တို့၏ တည်နေရာဆိုပါတယ်၊ ခန္ဓာကိုယ်က အတွင်းဝတ္ထု, အဝတ်သက်နှီး အိမ် ကျောင်း အိပ်ရာနေရာစသည်က အပဝတ္ထု၊ ထိုကိုယ်တွင်း ကိုယ်ပဝတ္ထုတို့ကို စင်ကြယ်အောင် ပြုခြင်းဟာ ဓမ္မဝိနယသမ္မောဇျင်ဖြစ်ခြင်း အကြောင်းပါဘဲ။

ဆံပင် အမွေး ခြေသည်း လက်သည်းတွေ ရှည်နေမယ်၊ ကိုယ်မှာ ကြေးတွေ ချွေးတွေ ကပ်တွယ်နေမယ်၊ အတွင်းကလေသည်းခြေ စသည်ဖောက်ပြန်ပြီး ခန္ဓာအတွင်း ဒေါသမကင်းဖြစ်နေမယ်၊ အဲဒီအခါမှာ အကွင်းဝတ္ထု မဃင်ကြယ် မသန့်ရှင်းခြင်းပါဘဲ၊ အဝတ်သက်နှီးဆွေးမြည့်ဝနေမယ်၊ ညစ်နွမ်းနေမယ်၊ အနံ့အသက်မကောင်းဖြစ်နေမယ်၊ အိမ် ကျောင်း အိပ်ရာနေရာမှ

အမှိုက်တွေ ရှုပ်ပွေနေမယ်ဆိုယင် အဲဒီအခါ အပဝတ္ထု မသန့်မရှင်းဖြစ်နေတာပါဘဲ။

အဲဒီလို အတွင်းအပ မသန့်ရှင်းလျှင် စိတ်ရှုပ်ပွေနေမယ်၊ စိတ်ရှုပ်ပွေမသက်မသာဖြစ်နေလျှင် တည်ငြိမ်မှုမရတော့၊ ဉာဏ် အမြင်ကောင်းဖို့အတွက်လည်း အနှောင့်အယှက် ဖြစ်နေတော့တာပါဘဲ။

ဒါကြောင့် ဆံပင် လက်သည်း ခြေသည်းတွေ ရှည်နေယင် ဖြတ်၊ ကိုယ်မှာ အညစ်အကြေး ကြေးခွဲးတွေ ညစ်ပေနေယင် ရေချိုး၊ လေ သည်းခြေ စသည်တို့ကြောင့် ဒေါသမကင်း ဖြစ်နေတဲ့ ခန္ဓာကိုယ်အတွင်းကိုလည်း ဝမ်း နုတ် ဆေး စ သော ဆေးဝါးဖြင့်ပြုပြင်ပြီး ခန္ဓာကိုယ်ပေါ့ပါးအောင်ပြု၊ အဲဒါလို အတွင်းဝတ္ထုတွေ သန့်ရှင်းအောင် ပြုရတယ်၊ အဝတ်သက်နှံ့ ဆွေးနေညစ်နေ အနံ့မကောင်း ဖြစ်နေတာကို ချုပ်ခြင်း လျှော်ဖွပ်ခြင်းဖြင့် စင်ကြယ်အောင်ပြု၊ အမှိုက် စသည်ဖြင့် ရှုပ်ပွေနေတာတွေကို သုတ်သင်ရှင်းလင်းခြင်းဖြင့် အပဝတ္ထုတွေ သန့်ရှင်းအောင် ပြုရတယ်။

အတွင်းအပဝတ္ထုတွေ မသန့်မရှင်းဖြစ်နေတဲ့အခါ ထိုအခါ ဖြစ်လာတဲ့ စိတ်စေတသိုက်ကွေ့မှာပါတဲ့ ဉာဏ်လည်း မသန့်ရှင်း တော့ဘူး၊မစင်ကြယ် မသန့်ရှင်းတဲ့ ဆိမ်ခွက် မီးစာတို့ကိုအစဉ်ပြု ဖြစ်လာရတဲ့ မီးလျှံရဲ့ အရောင်ဟာ မသန့်မရှင်း မကြည်မလင် ဖြစ်ရတဲ့သလိုပါဘဲ၊ အတွင်းအပဝတ္ထုတွေ သန့်ရှင်းနေတဲ့အခါ ဖြစ်လာတဲ့ စိတ်စေတသိုက်တွေမှာ အတူပါတဲ့ဉာဏ်ပညာလည်း သန့်ရှင်းစင်ကြယ်ရတယ်၊ စင်ကြယ်တဲ့ သန့်ရှင်းတဲ့ မီးခွက်

မီးစာ ဆီတို့ကို အမှီပြုဖြစ်လာတဲ့ မီးလျှံရဲ့အရောင်ဟာ သန့်ရှင်းကြည်လင်နေသလိုပါဘဲ၊ ဒါ့ကြောင့် အတွင်းအပဝတ္ထု မသန့်ရှင်းခြင်းဟာ ဉာဏ်ပညာဖြစ်ဖို့ အနှောင့်အယှက် အဟာဒေါအဆီးဖြစ်ကြောင်း ထိုဝတ္ထုတွေ သန့်ရှင်းခြင်းဟာ ဉာဏ်ပညာဖြစ်ကြောင်းမို့ ဓမ္မဝိစယဖြစ်ပုံရာမှာ ဒီဝတ္ထုတွေသန့်ရှင်းခြင်းဟာ အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၄-ဂ္ဂေါ်ဒြေညီမျှအောင်ပြုခြင်း

ဘာဝနာအလုပ် အားထုတ်တဲ့အခါ တရားတွေညီညီမျှမျှ အလုပ်လုပ်နေကြဖို့ လိုပါတယ်၊ အလွှားသဖြင့် ပဓာနဖြစ်တဲ့ တရားတွေ ညီညီမျှမျှ အလုပ်လုပ်နေကြဖို့ အရေးကြီးပါတယ်၊ ဘာဝနာတက်အောင် ဆုတ်အောင်လုပ်နိုင်ဖို့ ပဓာန တရားတွေက ဂ္ဂေါ်ဒြေတွေပါဘဲ၊ ဂ္ဂေါ်ဒြေခေါ် အစိုးရတဲ့တရားတွေဆိုတာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာတရားတွေပါဘဲ၊ သိုင်ရာမိမိကိစ္စမှာ လွန်စွာစိုးမိုး အစိုးရတဲ့တရားတွေ ယှဉ်ပက်တရားတွေကို မိမိအလိုပါအောင် စိုးမိုးချုပ်ကိုင်တတ်တဲ့ တရားတွေ၊ ဒါ့ကြောင့်ဂ္ဂေါ်ဒြေ-အစိုးရတဲ့တရားတွေကိုရပါတယ်၊ ဒီတရားတွေ ညီညီမျှမျှ အယုတ်အလွန်မရှိကြဘဲ ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက်နေကြယင် ပညာလည်းသူ့ကိစ္စ သူ့ကောင်းကောင်းဆောင်ရွက်နိုင်ပါတယ်၊ ဒီလိုမဟုတ်ဘဲ တင်းခိုက်လွန်နေ တခြားဂ္ဂေါ်ဒြေတွေက ယုတ်နေနဲ့ မညီမျှဖြစ်နေကြယင် ပညာဟာ ကိုယ့်ကိစ္စကောင်းစွာမဆောင်ရွက်နိုင်၊ ဒါ့ကြောင့် ဂ္ဂေါ်ဒြေကွေညီမျှခြင်းဟာ ဓမ္မဝိစယပညာဖြစ်ခြင်းအကြောင်း ဖြစ်ရပါတယ်။

သဒ္ဓါ မယုတ်မလွန်ရ

လောကမှာ ကိုယ့်အလုပ်ထဲ ယုံကြည်မှုမရှိတဲ့ ပုဂ္ဂိုလ်ဟာ အလုပ်ကိုဘကယ်ကြိုးစားမှာ မဟုတ်ပါဘူး၊အလုပ်တိုးတက်ရေးလည်း စဉ်းစားနိုင်မယ်မဟုတ်၊ အလုပ်ထဲ စူးစိုက်မှုလည်းရှိမှာ မဟုတ်၊အဲဒါလိုဘဲ ယုံကြည်သက်ဝင်မှုသဒ္ဓါကအားနည်းနေလျှင် ဝိရိယကလည်း မသက်သန် ပညာဉာဏ်ကလည်း အမြင်မရှင်း သမာဓိကလည်းလျော့ရဲရဲစွဲမြဲမည်မဟုတ်၊အဲ-ယုံကြည်သက်ဝင်မှု သဒ္ဓါ အားသန်လျှင်တော့ ဝိရိယလည်းအားသန် ပညာလည်း အမြင်သန် သမာဓိလည်း အထူးစူးစိုက် သတိလည်းအထူး ကောင်းလာမှာပါဘဲ၊ ဒီတော့ သဒ္ဓါယုတ်မှုဟာ ဘာဝနာရဲ့ အနှောင့်အယှက်တစ်ရပ်ပါဘဲ။

သဒ္ဓါယုတ်လျှင် ဘာဝနာ အနှောင့်အယှက် ဖြစ်သလို လွန်လွန်းနေပြန်တော့လည်း အနှောင့်အယှက်ဘဲ ဖြစ်ရပြန်ပါတယ်၊ ဘာဝနာအလုပ် အားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ တရားကဘော်တော်ဟက်လာယင် တရားအဖေါ်မှာ တရားအရှင် ဘုရားအပေါ်မှာ ယုံကြည်သက်ဝင်မှုသဒ္ဓါဟာ လွန်လွန်ကဲကဲဖြစ်လာတတ်ပါဘယ်၊ တခြား သဒ္ဓါအားကြီး စေတတ်တဲ့အကြောင်းတွေလည်း ရှိတတ်ပါသေးတယ်၊ ဒီလို သဒ္ဓါအားကြီးလာယင်တော့ အဲဒီသဒ္ဓါနောက် စိတ်ကလိုက်ပါနေတာနဲ့ ပညာလည်း အမြင်မရှင်း ဝိရိယ သမာဓိစသည်တို့လည်း လျော့လာတတ်ပါတယ်၊ အဲဒီလို သဒ္ဓါအားကြီးနေတဲ့အခါမှာ ဝိရိယကလည်း မြောက်ပင့်အားပေးမှုကိစ္စ မလုပ်နိုင်၊ သတိကလည်း အာရုံကပ်တည်မှုကိစ္စ မလုပ်နိုင်၊သမာဓိကလည်း မပျံ့လွင့်မှုကိစ္စ မလုပ်နိုင်၊

ပညာကလည်း မြင်မှုကိစ္စ မလုပ်နိုင်၊ ဒီအခါမှာ သဒ္ဓိနှေ့လျှော့လာအောင် လုပ်ပေးရတယ်၊ တရားသဘောကို ဆင်ခြင်ခြင်းဖြင့်လည်း လျှော့လာတတ်တယ်၊ ဘယ်လိုဆင်ခြင်မလဲ။

သဒ္ဓါရဲ့ ကြည်ညိုအပ်တဲ့ ဘုရား တရားစသည်က အာရုံအကြောင်း အာရမဏ ပစ္စည်း၊ သဒ္ဓါနဲ့စိတ်ဝေယံကတ်ဝေ့ကာ အာရုံအကြောင်းရှိတဲ့ အကျိုးအာရမဏပစ္စယုပ္ပန် စသည်ဖြင့် ပစ္စည်း ပစ္စယုပ္ပန်အဖြစ် ဆင်ခြင်ခြင်း, အနိစ္စ ဒုက္ခ အနတ္တအဖြစ် ဆင်ခြင်ခြင်း, သဒ္ဓါစေ့သော တရားတို့ရဲ့ သဘောကိုဆင်ခြင်ခြင်း စသည်ဖြင့် တရားသဘောတွေ ဆင်ခြင်ရပါတယ်၊ ဒီလို တရားသဘောတွေ ဆင်ခြင်တော့ ဒါဟာ ဒီတရားတွေရဲ့ သဘောဘဲလို့ သိတဲ့ပညာဗျာပါရကလွန်ကဲလာတော့ သဒ္ဓါရဲ့သက်ဝင်ဆုံးဖြတ်မှု ကိစ္စဟာ လျှော့လာရတယ်၊ ဝန်ဆောင်အကြီးအမှူးတရားတွေထဲမှာ သဒ္ဓါအားကြီးယင် ပညာလျှော့လာရ၊ ပညာအားရှိတဲ့အခါလည်း သဒ္ဓါက ပျော့သွားရ၊ ဒါ့ကြောင့် ပညာအားကြီးယင် သဒ္ဓါအားပျော့သွားရတာဖြစ်တော့ အားကြီးတဲ့ သဒ္ဓါလျှော့လာပြီး ညီမျှလာအောင် ပညာအားကို တရားသဘောတွေ ဆင်ခြင်ခြင်းဖြင့် မြှင့်ပေးရတာပါဘဲ။

တစ်မျိုးအားဖြင့် အားကြီးနေတဲ့ သဒ္ဓါလျှော့သွားအောင် လျှော့နေတဲ့ ဝီရိယစသည်တက်လာအောင် လုပ်ရမှာက သဒ္ဓါလွန်ကဲမှု ဖြစ်စေတတ်တဲ့ နှလုံးသွင်းမှု တစ်မျိုးမျိုးအစဉ်ပြုပြီး သဒ္ဓါလွန်ကဲလာရတာဖြစ်တော့ ထိုသို့သော နှလုံးသွင်းမှုမျိုး နှလုံးမသွင်းတော့ဘဲ ရပ်စဲဖြတ်တောက်လိုက်ပြီး ဝီရိယစသည် ထက်မြက်လာစေတတ်တဲ့ နှလုံးသွင်းမှုမျိုး နှလုံးသွင်းလိုက်ယင်

အားကြီးတဲ့သဒ္ဓါဟာလျှော့လာပြီး ဝိရိယစသည်တို့နဲ့ အညီအမျှ ဖြစ်လာပါလိမ့်မယ်၊ ဝိရိယစသည် ထက်မြက်လာစေတတ်တဲ့ နှလုံးသွင်းမှုမျိုးဆိုတာက နောက်ပြောမယ့် ဝိရိယသမ္မောဇ္ဈင် ဖြစ်ကြောင်း စသည်တို့ဖြင့် သိနိုင်ပါတယ်။

ဝက္ကလိမထေရ်ဝတ္ထု

ဒီနေရာမှာ ဝက္ကလိမထေရ် ဝတ္ထုကို ထုတ်ပြကြပါတယ်၊ ဝက္ကလိမထေရ်ဟာ ဘုရားရှင်၏ရူပကာယတောင်ကိုဖူးမြော်ခြင်းဌာ သာကြောင့်ကြစိုက်နေလေ့တော့ဘုရားရှင်က ''ဝက္ကလိ ဤကိုယ် ကာယ အပုပ်ကို ရှုမြင်နေခြင်းဖြင့် ဘာအကျိုးရှိမလဲ၊ တရား မြင်သူမှ ငါဘုရားကို မြင်ရတယ်၊ ငါဘုရားကို မြင်သူမှ တရား မြင်ရတယ်'' စသည်ဖြင့် ဆုံးမပြီး ကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့ တိုက်တွန်းသော်လည်း မရဘဲ ရှိနေလို့ နှင်ထုတ်လိုက်တယ်၊ ထိုအခါ မိမိကိုယ်ကို ချောက်ထဲပို့ချသောတာ့မယ်လို့ တောင် ချောက်နမ်းရှိုက ငိုနေသို့ တက်သွား၊ ထိုအခါ ဘုရားရှင်က ကိုယ်တော်မြတ် ထိုင်နေရာကပင် ရောင်ခြည်တော်လွှတ်ကာ ကိုယ်တော်ကို ထင်စွာ ပြလျက်-

ပါမောဇ္ဇဗဟုလော ဘိက္ခု - ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ - သင်္ခါရူပ သမံ သုခံ။

ဆိုတဲ့ ဂါထာကို ဟောကာ ''လာခဲ့ ဝက္ကလိ''လို့ ခေါ်တော်မူလိုက်တယ်၊ ဘုရားရှင် တရားကြားရ ဘုရားရှင်ခေါ်တဲ့အသံ ကြားလိုက်ရတယ်ဆိုယင်ဘဲ အမြိုက်ရေစင်ဖြင့် သွန်းလောင်း ခံရသလို အလွန်နှစ်သက် ရွှင်လန်း ဝမ်းသာပြီး ဒီအခါကျမှ ဝိပဿနာကို ဖြစ်စေ ပွားစေခဲ့တယ်။

သို့သော် သဒ္ဓါကအားကြီးနေတော့ ဝိပဿနာလမ်းကြောင်း အမှန်သို့ မဆိုက်မရောက်ဘဲ ရှိနေခဲ့တယ်၊ ဒါကို သိတော်မူတဲ့ ဘုရားရှင်က ဝက္ကလိမထေရ်အား ဂုဏ်ရှိညီညီမျှမျှ ဖြစ်စေဖို့ရာ ကမ္မဋ္ဌာန်းကို သုတ်သင်ရှင်းလင်း နည်းလမ်းပေးတော်မူတယ်၊ ဘုရားရှင်ပေးတဲ့ နည်းလမ်းမှာတည်ပြီး ဝိပဿနာအားထုတ်လိုက်တော့ မဂ်အဆင့်ဆင့်တက်ကာ ရဟန္တာအဖြစ် ရောက်သွားတော်မူရပါတယ်၊ ဒီနေရာမှာ သဒ္ဓါလွန်နေလို့ ဝိပဿနာပညာ ကောင်းကောင်းအလုပ်မလုပ်နိုင်ပုံ သဒ္ဓါနဲ့ ပညာ တခြားဂုဏ်တွေ ညီညီမျှမျှဖြစ်အောင် ပြုပြင်ပေးနိုင်တော့ ဝိပဿနာပညာ ကောင်းစွာအလုပ်လုပ်နိုင်ပြီး အကျိုးသက်ရောက်ပုံကို သိနိုင်ပါတယ်။

ပါမောဇ္ဇဟုလော-တရားအာရုံ၊ ဇွမ်းအဟုန်ဖြင့်၊ မှတ်ထိုလွှမ်းလာ၊ ချမ်းသာအတိ၊ မျှားသောဝမ်းသာခြင်းရှိနေသော။ ဗုဒ္ဓသာသနေ-သီလသမာ၊ သိပညာဟု၊ သိက္ခာသုံးရပ်၊ ဘုရားမြတ်သာသနာ၌။ ပသန္နော-သဒ္ဓါရည်ပို၊ အဆီစိုလျက်၊ ပ္ပဓိုမလပ်၊ ကြည်ညိုတတ်သော။ ဘိက္ခု-သာသနာ၏၊ ဝန်တာထမ်းပျော်၊ရဟန်းတော်သည်။ သန္တံ-ကိလေသာဝေး၊အေးကြီးအေးကာ၊ ငြိမ်းချမ်းရာဖြစ်သော။ သခ်ါရူပသမံ - သခ်ါရတို့ လုံးဝရပ်သိမ်း၊ ချုပ်ငြိမ်းစင်ကွာ၊ အေးမြရာဖြစ်ပေထသော။ သုခံ-လောကီသုခ၊ တုမရတဲ့၊ သုခအစစ်၊ တကယ်ဖြစ်သော။ ပဒံ-အရိယာတို့၊ သိရာရပ်မှန်၊ မြတ်နိုဗ္ဗာန်ကို။ အဓိဂစ္ဆေ-ကိုယ့်စွမ်းအားပြ၊ တရားရလျက်၊ လှလှပိုင်ပိုင်၊ ရနိုင် ရောက်နိုင်ပါ၏ပေ သတည်း။

ဝိရိယ မယုတ်မလွန်ရ

ဝိရိယဆိုလျှင်နေ ပျော့နေယင်လည်း တခြားဣန္ဒြေ တွေ အလုပ်ကောင်းကောင်း မလုပ်နိုင်ဖြစ်ရတယ်၊ ဝိရိယပင့်မြှောက် ပေးမှုက တခြားဣန္ဒြေတွေ အ လုပ် ကောင်းကောင်း လုပ် ဖို့ အင်အားတစ်ရပ်ပါဘဲ၊ ပျော့နေယင် တခြားဣန္ဒြေတို့ရဲ့ ကိစ္စ ဆောင်ရာမှာ အနှောင့်အယှက်ဖြစ်သလို ဝိရိယဣန္ဒြေ လွန်နေ မယ်၊ အားကြီးနေမယ်ဆိုယင်လည်း အနှောင့်အယှက်ဘဲ ဖြစ်ရ ပြန်ပါတယ်၊ ကြိုးစားမှုလွန်ကဲလို့ ဝိရိယဣန္ဒြေ အားကြီးနေ မယ်ဆိုယင် သဒ္ဓိန္ဒြေဟာ သက်ဝင်ဆုံးဖြတ်မှုကိစ္စပြုလုပ်ခြင်းဌာ မတတ်နိုင်၊ တခြားဣန္ဒြေများလည်း ကိုယ့်ကိစ္စ ကိုယ်မဆောင် ရွက်နိုင်ဘဲ ဖြစ်ကြရတယ်၊ ဒီလိုအခါမျိုးမှာ လွန်ကဲနေတဲ့ ဝိရိယကို ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္ဗောဇ္झင်ပွားစေခြင်းဖြင့် လွန်နေတဲ့ဝိရိယကို ယုတ်အောင်လုပ်ပေးရတယ်။

ပဿဒ္ဓိ သမာဓိ ဥပေက္ခာပွားစေခြင်းဆိုတာက နောက်ပြော မယ့် ပဿဒ္ဓိ သမာဓိ ဥပေက္ခာဗောဇ္झင်ဖြစ်ကြောင်းတွေ ပြည့်စုံ အောင်ပြုပြီး ပဿဒ္ဓိစသည်ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးခြင်း ပါဘဲ၊ ဒါတွင်မက ကမ္မဋ္ဌာန်းအားထုတ်တဲ့ပုဂ္ဂိုလ်မှာ ရှေးက ဘယ်တရား ဘယ်လိုအားတုတ်တဲ့အခါ ပဿဒ္ဓိပေါ်လာဖူးတယ်၊ သမာဓိကောင်းဖူးတယ်ဆိုတဲ့ အသိုအမှတ်မျိုး ရှိနေတတ်ပါ တယ်၊ အဲဒီအသိအမှတ်ရ ရှေးက ပဿဒ္ဓိစသည်ဖြစ်ခဲ့ဖူးတဲ့ ဘာဝနာဖြစ်ပွားစေခြင်းဖြင့် ပဿဒ္ဓိစသည်ဖြစ်အောင် လုပ်ရ ပါတယ်၊သမာဓိလွန်လျှင် အပျင်းဝင်လာတတ်တယ်၊ထိုအပျင်း ဘက် ကျရောက်မသွားရအောင် စောင့်ရှောက် ကာကွယ်တတ်က

တာက ဝိရိယ ပညာ ပီတိဗောဇ္ဈင်တွေ၊ ဒီတော့ ဝိရိယ စသည် ပွားစေခြင်းဟာ လွန်နေတဲ့ သမာဓိ လျော့စေကာ မိမိတို့နဲ့ သမဖြစ်လာစေတတ် ပါတယ်၊ အဲဒါလိုဘဲ ဝိရိယ လွန်တော့ ပို့လွှင့်မှုဝင်လာတတ်တယ်၊ ထိုပို့လွှင့်မှုဘက် ကျရောက်မသွားရအောင် စောင့်ရှောက်ကာကွယ်တတ်တာက ပဿဒ္ဓိ သမာဓိ ဥပေက္ခာဗောဇ္ဈင်တွေပါဘဲ၊ ဒီတော့ ပဿဒ္ဓိစသည် ပွားစေခြင်းဟာ လွန်နေတဲ့ ဝိရိယ လျော့စေကာ မိမိတို့နဲ့ အညီအမျှ သမလာစေတတ်ပါတယ်။

သောဏမထေရ် ဝတ္ထု

ဒီနေရာမှာ သောဏမထေရ် ဝတ္ထုကို ထုတ်ပြကြတယ်၊ သောဏမထေရ်ဆိုတာ အလွန်နှုးညံ့တဲ့မထေရ်၊ ခြေဖဝါးမှာ တောင် အမွေးပေါက်နေတယ် ဆိုပါတယ်၊ ထိုမထေရ်ဟာ ရဟန်းဖြစ်ပြီးတဲ့နောက် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီး ယင်းတိုက်တောသုသာန်မှာ သီတင်းသုံးရင်း ငါ့ကိုယ်ဟာ နှုးညံ့လှဘယ်၊ ဒါပေမယ့် ချမ်းသာဖြင့် ချမ်းသာကို ရနိုင်တာမဟုတ်၊ ဝန္ဒာကိုယ် ပင်ပန်းအောင်ပြုပြီး တရားအားထုတ် သင့်တယ်လို့ အကြံရတဲ့အတိုင်း ရပ်မှုနဲ့ စကြံ့လျှောက်မှု ဒီနှစ်ခုသာ အဓိဋ္ဌာန်ပြုပြီး ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်ဘာ ခြေဖဝါးအပြင်မှာ အပူတွေ ပေါ်လာ ကဲ့လာ ပေါက်ပြဲလာ၊ ဒီအခါ ဒုံးထောက် စကြံ့သွားအားထုတ်ပြန်တော့ ဒုံးတွေကဲ့ လက်တွေပြဲ အပေါက်အပြဲတွေဖြစ်လာ၊ စကြံ့တစ်လျှောက် သွေးတွေအနှံ့ တင်းကျပ်ပြန့်နေခဲ့တယ်၊ ဒီအခါ ဘုရားရှင်ကြွတော်မူလာပြီး စောင်းဟာ ကြိုးတင်းလွန်း လျော့လွန်းလျှင် အသံမသာ တီးမကောင်းပုံ,

မလျှော့မတင်းသမဖြစ်မှ အသံသာတီးကောင်းပုံ- ဥပမာတပ်ပြီး ဝိရိယနဲ့ သမာဓိ ညီအောင်ညှိဂို ဣန္ဒြေတွေ အညီအမျှဖြစ်စေဖို့ နည်းလမ်းပေး ညွှန်ပြပြီး ဂိဇ္ဈကူဋ်တောင်သို့ ကြွတော်မူခဲ့တယ်၊ သောဏမဟာသေရ်လည်း ဘုရားရှင်ပေးတဲ့နည်းအရ ဝိရိယ သမာဓိ သမဖြစ်အောင် ဟုဠဲညှိပြီးပွားများတော့ ဝိပဿနာ အဆင့်ဆင့် တက်ကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရပါတယ်။

ဒီဝတ္ထုမှာ ဝိရိယလွန်နေလို့ တခြားဣန္ဒြေတွေ အလုပ်ကောင်းစွာမလုပ်နိုင်ပုံ, ဝိရိယနဲ့ သမာဓိ ညီပေးတော့ တခြားဣန္ဒြေတွေလည်း အညီအမျှဖြစ်လာ အလုပ်ကောင်းစွာလုပ်နိုင်ပုံ, ဒါ့ကြောင့်လည်း ဝိပဿနာပညာဟာ အဆင့်ဆင့်မြင့်တက်လာပြီး အရဟတ္တဖိုလ် ပေါက်ရောက်ရပုံ ဒီ လိုရင်းအချက်ကို သတိပြုသင့်ပါတယ်။

အဲဒါလိုဘဲ ကျန်တဲ့ ဣန္ဒြေများမှာလည်း တစ်ခုက လွန်နေလျှင် တခြားဣန္ဒြေတွေ ကိုယ့်ကိစ္စ ကိုယ်မဆောင်နိုင်ဘဲ ရှိရုံပုံကိုလည်း သိနိုင်လောက်ပါပြီ။

သဒ္ဓါလွန်ကဲ ပညာနည်းခြင်းအပြစ်

အထူးအားဖြင့် သဒ္ဓါနဲ့ ပညာ ဝိရိယနဲ့ သမာဓိတို့၏ ညီမျှခြင်းကို ပညာရှိတို့ ချီးမွမ်းကြတယ်၊ သဒ္ဓါအားကြီးပြီး ပညာနည်းယင် ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ပြီး ကြည်ညိုတဲ့တော်မှုမရှိဘဲ အချည်းနှီး အကျိုးမရှိသောကြည်ညိုခြင်းမျိုးဖြင့် ကြည်ညိုတတ်တယ်၊ မကြည်ညိုထိုက်သော ဝတ္ထုများ၌ ကြည်ညိုတတ်တယ်။

ဒါတွင်မက ပညာနည်းတဲ့ သဒ္ဓါကြီးရှင်ဟာ ဘုရားရှင်ကို ပူဇော်ရာ စသည်မှာလည်း ဂုဏ်တော်တွေထဲ အသိပရောက် ရှုပ်ပွားဆင်းတုတော်လောက်မှာသာ အာရုံရောက်ပြီး ကြည်ညိုမှု မလေးနက်ဘဲ ရှိတတ်ပါသေးတယ်၊ တရားတော် အရာမှာလည်း တကယ်မှန်မြတ်တဲ့ တရားအစစ် တရားမြတ်တို့၏ ဂုဏ်တော်ကို အာရုံမပြုတတ်၊ ပြုရမှန်းပင် မသိဘဲ အဟောတရား အပြောတရားလောက်သာ တရားထင်ပြီး အမြင်မလွှဖြစ်တတ်ပါတယ်၊ သံဃာ ကြည်ညိုရာမှာလည်း တို့အတူဘဲ ဂုဏ်တော်ကို မမှန်းတတ်၊ ပုဂ္ဂိုလ်မျှလောက်မှာသာ စိတ်ရောက်ပြီး တဏှာပေမ မကင်းတဲ့ ကြည်ညိုခြင်းမျိုးသို့ ရောက်သွားတတ်တယ်။

ဒါနပြုရာမှာလည်း ဘုရားရှင်အလိုကျ ဒါနမျိုးဖြစ်အောင် မလှုတတ်၊ ဝိဝဋ္ဋနိဿိတဖြစ်အောင် စိတ်မထားတတ်၊ ပကာသနအကျော်အစောတွေလိုလားတဲ့ စိတ်ထားတွေဝင်လာ အကုသိုလ်တွေ ခြုံရုံလာနဲ့ အကျိုးရှိသင့်သလောက် မရှိဘဲ ရှိတတ်ပါတယ်၊ ထို့အတူ သီလဆောက်တည်မှု စသည်မှာလည်း တကယ်သီလဖြစ်အောင် မရည်ရွယ်တတ် စိတ်မထားတတ်လို့ အမြတ်ရှိသင့်သလောက် မရှိဘဲ ရှိတတ်ပါတယ်၊ ဒါ့ကြောင့် သဒ္ဓါအားကြီး ပညာနည်းလျှင် ကုသိုလ်အရာမှာ အကျိုးရှိသင့်သလောက် မရ၊ မရဲ့အပြင် အပြစ်တွေပင် ဖြစ်လာတတ်ပါသေးတယ်။

ပညာလွန်ကဲ သဒ္ဓါနည်းခြင်း၏ အပြစ်

ပညာအားကြီးပြီး သဒ္ဓါနည်းသူအဖို့ စဉ်းလဲကောက်ကျုံ့ဘဲဘက် သက်ရောက်သွားတတ်တယ်၊ ဆေးကြောင့်ဖြစ်တဲ့

ရောဂါ ဆေးမှားလို့ ဖြစ်လာတဲ့ ရောဂါကဲ့သို့ ကုစားခက်လှသော်၊ စိတ်ဖြစ်ရုံမျှဖြင့် ကုသိုလ်ဖြစ်တယ်လို့ လွန်ပြေးသွားပြီး ဒါနစသည်မပြုဘဲ ငရဲ၌ ဖြစ်ရတတ်တယ်၊ စိတ်ဖြစ်ရုံနဲ့ ကုသိုလ်ဖြစ်တယ်ဆိုတာ လူဖွယ်ဝတ္ထုမပါဘဲ စိတ်ထဲကလူရုံ (သို့မဟုတ်) သူများအလှ ဝမ်းမြောက်ရုံနဲ့ ဒါနဖြစ်တယ် စသည်ဖြင့် အကြောင်း အတုအယောင်တွေနဲ့ အလှည့်စား၊ခံရပြီး အကြံဆန်းတွေ ကြုံလာတယ်၊ စိတ်ကောင်းထား ပြီးတာဘဲ သီလစောင့်ဖို့မလို စသည်ဖြင့် တခြားကုသိုလ်တွေကိုလည်း စိတ်နဲ့ဘဲ စကားပြောပြီး ပစ်တတ်တယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးဟာ နှုးညံ့ပျော့ပျောင်းစိတ်ကောင်းကလေးတွေကိုသဒ္ဓါအစေးခြောက်ခန်းကြမ်းတမ်းတဲ့ တွေးတောခံယူချက်က လုယက်ဖျက်ဆီးထားပြီး ဖြစ်လေတော့ ပညာရှိတို့စကားကို မလိုက်နာနိုင်ဘဲရှိတော့တယ်၊ ဘယ်လိုပင် သဘောယူတို့ကျမ်းအရှိနဲ့ ပြောပြပေမယ့် သဘောကျ နားလည်မှု မရှိနိုင်တော့၊ဒါ့ကြောင့်ဘဲ ဆေးမှားတဲ့ ရောဂါလို အကုခက်ကြောင်း မိန့်ဆိုကြခြင်းဖြစ်ပါတယ်။

သဒ္ဓါနဲ့ ပညာ မျှလျှင်တော့ ကြည်ညိုသင့်တဲ့ အရာမှာသာ ကြည်ညိုကတ် ပြုသင့်တဲ့ ကုသိုလ်တွေ ပြုတတ် ပြုတဲ့အခါလည်း အကျိုးရှိ အမြတ်ရအောင် ပြုတတ်ပါတယ်။

သမာဓိ ဝိရိယ ညီမျှအောင်ပြု

သဒ္ဓါပညာနှစ်ပါး အချင်းချင်း ညီညီမျှမျှဖြစ်ယင် အကျိုးကိုဆောင်တတ်သလို မညီမမျှဖြစ်လျှင် အကျိုးမဲ့ကိုဆောင်တတ်သလို ထို့အတူ သမာဓိ ဝိရိယ နှစ်ပါး အချင်းချင်း ညီညီမျှမျှဖြစ်နေယင် အကျိုးကိုဆောင်တတ်၊ မညီမမျှဖြစ်နေယင် အကျိုး

မဲ့ကို ဆောင်တတ်ပါတယ်၊ သမာဓိအားကောင်းပြီး ဝိရိယအား နည်းလျှင် သမာဓိက ကောသဇ္ဇခေါ် အပျင်းဘက်ပါ တရားမို့ အပျင်းတရား လွှမ်းမိုးဖိစီးလာတတ်တယ်၊ ဝိရိယအားကြီးပြီး သမာဓိအားနည်းနေယင် ဝိရိယက ဥဒ္ဓစ္စဆိုတဲ့ပျံ့လွင့်ခြင်းဘက်ပါ တရားမို့ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ လွှမ်းမိုးဖိစီးလာတတ်တယ်၊ ဒီလို ဖြစ်နေယင် မိမိတို့လိုလားတဲ့အပ္ပနာစျာန်မဂ်သို့ မသက် မရောက် နိုင်ဘဲ ရှိနေရတော့တယ်၊ သမာဓိကို ဝိရိယနဲ့ ညီမျှအောင် ယှဉ်ပေးယင် အပျင်းဘက်ကျရောက်ခွင့် မရတော့၊ ဝိရိယကို သမာဓိနဲ့ ညီမျှအောင်ယှဉ်ပေးယင် ပျံ့လွင့်ခြင်းဘက် ကျရောက် ခွင့်မရဟော့၊ သမာဓိလွန်လျှင် ဘယ်ဘာဝနာ ပွားရမယ်၊ ဝိရိယလွန်လျှင် ဘယ်ဘာဝနာ ပွားရမယ်ဆိုတဲ့ အညီအမျှ ဖြစ်အောင်ပွားပုံကို နောက်ကပြောခဲ့ပါပြီ၊ ဒီ သမာဓိ ဝိရိယ နှစ်ပါး မယုတ်မလွန် အညီအမျှဖြစ်အောင် ပြုပေးနိုင်လျှင် အပ္ပနာစျာန်မဂ်သို့ သက်ရောက်လာနိုင်ပါတယ်။

အားရှိသောသဒ္ဓါစသည် သင့်လျော်ပုံ

နောက်က သဒ္ဓါလွန်ကဲမှု စသည်ကြောင့်ဖြစ်တဲ့အပြစ်များ ပြဲ့ခဲ့သော်လည်း သူ့နေရာအလိုက် အားရှိတဲ့သဒ္ဓါ စသည်များ သင့်လျော်ပုံ အဌကထာများမှာ တစ်နည်းအားဖြင့် ပြကြပါ သေးတယ်၊ သမထကမ္မဋ္ဌာန်းအားထုတ်တဲ့ပုဂ္ဂိုလ်အဖို့ အတော အတန်အားရှိတဲ့ သဒ္ဓါဟာ သင့်ပါတယ်၊ ဒီလို သဒ္ဓါအားရှိခဲ့ လျှင် ယုံကြည်သက်ဝင်ပြီး အပ္ပနာစျာန်သို့ ရောက်ပေလိမ့်မယ်၊ ယုံကြည်ဆိုတာက ပထဝီ ပထဝီ-မြေ မြေနဲ့ နှလုံးသွင်းရုံမျှနဲ့ ဘယ်လိုစျာန် ပေါ်လာနိုင်ပါ့မလဲလို့ မတွေးတော မစဉ်းစားဘဲ

မြတ်ဗုဒ္ဓဘုရား ဟောတော်မူတဲ့ အစိအရင်ဟာ မချုတ်ကေန် ပြည့်စုံလိမ့်မယ်ဆိုတဲ့ ယုံကြည်မှုမျိုးကို ဆိုပါတယ်။

သမာဓိအလုပ် သမထကမ္မဋ္ဌာန်းအဲလုပ်အားထုတ်တဲ့ ပုဂ္ဂိုလ်အဖို့ အားရှိတဲ့ ကေဂ္ဂဘာ သင့်လျော်ပါတယ်၊ ကေဂ္ဂတာအား ရှိယင် အပ္ပနာဈာန်ရောက်တတ်တယ်၊ ဝိပဿနာအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်အဖို့ အားရှိတဲ့ပညာသင့်ပါတယ်၊ ထိုသို့ ပညာအားရှိယင် အနိစ္စစသော လက္ခဏာကို ထိုးထွင်းသိခြင်းသို့ရောက်နိုင်ပါတယ်၊ သမာဓိ ပညာ နှစ်ပါး ညီညီမျှမျှ ဖြစ်ယင်လည်း အပ္ပနာဈာန် ရောက်တတ်ပါတယ်။

အရာခပ်သိမ်းမှာ လိုအပ်သောတရား

သတိကတော့ ဣန္ဒြေအားလုံးမှာ အားရှိယင် သင့်လျော်ပါတယ်၊ဘာကြောင့်လဲဆိုတော့ သတိဟာ ဥဒ္ဓစ္စဘက်သားဖြစ်တဲ့ သဒ္ဓါ ဝီရိယ ပညာတို့၏ အစွမ်းဖြင့် ဥဒ္ဓစ္စဘက်ကျရောက်ခြင်းမှ ကာကွယ်ဘတ်တယ်၊ ကောသဇ္ဇ အပျင်းဘက်သား သမာဓိ အစွမ်းဖြင့် ကောသဇ္ဇဘက်ကျရောက်ခြင်းမှလည်း ကာကွယ်တတ်တယ်၊ ဒါကြောင့် ဒီသတိဟာဖြင့် ဟင်းမှုန်သမျှမှာ ဆားနဲ့ ဟင်းခပ် အမွေးအကြိုင်ဝတ္ထု လိုအပ်သလို၊မင်း၏ကိစ္စ မှုန်သမျှ၌ မင်းအလုပ်ခပ်သိမ်း ဆောင်ရွက်တတ်တဲ့ အမတ်ကြီးကို လိုလားအပ်သလို အလုံးစုံသော ဣန္ဒြေတို့မှာ လိုလားအပ်တယ်၊ ရှေးအဌကထာဆရာများအဆိုမှာလည်း သတိကို အလုံးစုံသော အရာတို့၌ အလိုရှိအပ်၏ဟု ဘုရားရှင်က ဟောတော်မူတယ်၊ ဘာကြောင့်လဲ၊ စိတ်ဆိုတာ သတိသာ အားထားရာရှိခြင်း သတိတရားဟာ စောင့်ရှောက်တတ်သော တရားအဖြစ် ထင်ပေါ်ခြင်း

စိတ်ကို မြှောက်မှု နှိပ်မှုဟာ သတိနှင့်ကင်းရှိ မဖြစ်နိုင်ခြင်း ဒီအကြောင်းမျှားအရ သတိဟာ အရာခပ်သိမ်းမှာ လိုလားအပ်ကြောင်း ဟောတော်မူခြင်းဖြစ်ပါတယ်။

၄-ပညာမဲ့ပုဂ္ဂိုလ်ကို ရှောင်ခြင်း

ဒုဋ္ဌာစသော တရားတို့၌ သက်ဝင်နိုင်သည့် ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်ကို ဒုပ္ပညာ-ပညာမဲ့ဘဲ့ပုဂ္ဂိုလ် ဆိုပါတယ်၊ ဒီတရားတွေမှာ ပရိယတ်အသိလည်း မရှိ ပဋိပတ်အသိလည်း မရှိတဲ့ ပုဂ္ဂိုလ်လို့လည်း ဆိုနိုင်ပါတယ်၊ ပေါဇ္ဇင်တရားတွေဖြစ်ဖို့ရာ ဆန့်ကျင်ဘက် ရှောင်ရတယ်၊ သင့်လျော်တဲ့တရား ပြုဝဲရတယ်၊ ဒီဟာ့ ပညာမဲ့သူဟာ ဓမ္မဝိစယဖြစ်ဖို့ရာမှာ ဂလျော်တဲ့အရာမဟုတ်၊ ဆန့်ကျင်ဘက်အရာသာဖြစ်လို့ ပညာမဲ့သူကို ရှောင်ကြဉ်ခြင်းကို ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ကြောင်း တပ်ရပ် အဖြစ် ဆိုခဲ့ပါတယ်။

၅-ပညာရှိကို မှီဝဲဆည်းကပ်ခြင်း

ပညာရှိကိုမှီခိုဆည်းကပ်မှု၌ ပညာရှိဆိုတာဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံတဲ့ ပညာရှိဖြစ်ကြောင်းပြောကြပါတယ်၊ တရားဝိပဿနာခေါ် နဲ့ဘဲ့ဥဒယဗ္ဗယဉာဏ် လက်ရှိဖြစ်နေလျှင်ပင် ဘာဝနာယောဉာဏ်၌ တည်နေသူဖြစ်လို့ စင်စစ်အားဖြင့် ပညာရှိဖြစ်ကြောင်းသိစေလိုခြင်း ဒီမှာ ပညာရှိအရ ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသူကို ယူခဲ့ပါတယ်၊ ဒီနေရာမှာ ဝိပဿနာဉာဏ်အဆင့်ဆင့် တက်ရောက်နေသူတွေ မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်တွေ ပရိယတ်ဗဟုသုတရှိသူတွေ ပညာရှိအားလုံးယူလည်း သင့်ပါတယ်။

နောက်ကလည်း ကလျာဏမိတ္တ - မိတ်ကောင်းဆွေကောင်း အရေးကြီးပုံ ပြောခဲ့ပါပြီ၊ အရှင်အာနန္ဒာက ကလျာဏမိတ္တဟာ မဂ်တည်းဟူသော ဗြဟ္မစရိယ အကျင့်မြတ်ရဲ့ ထက်ဝက်ဆိုရလောက်အောင် အရေးပါကြောင်း လျှောက်တဲ့အခါ ဘုရားရှင်က ဒီလို မပြောဖို့ဘားမြစ်ပြီး ကလျာဏမိတ္တဆိုတဲ့ ဗြဟ္မစရိယခေါ် မဂ်ရဲ့အကုန်လုံးပင် ဆိုရလောက်အောင် အရေးပါကြောင်း မိန့်တော်မူခဲ့ပါတယ်၊ ယတာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော - အမှန်တရားသိဖို့ရာ ဆရာရှာရမယ်ဆိုတဲ့ အမိန့်တော်အရလည်း မိုခိုဆည်းကပ်ရမယ့် ပုဂ္ဂိုလ်ဟာ အရေးပါလှပါတယ်၊ ဒါ့ကြောင့် ဓမ္မဝိစယသမ္မာဇာတိဖြစ်ကြောင်းမှာ ပညာရှိကို မှီဝဲခြင်းဟာ အရေးကြီးတဲ့ အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၆-နက်နဲသောတရား ဆင်ခြင်ခြင်း

ခန္ဓာ အာယတန ဓာတ်စသော တရားများဟာ သာမန် ဉာဏ်ဖြင့် သက်ဝင်နိုင်ခဲသောတရားများဖြစ်လို့ အသိခက် အမြင်ခက် နက်နဲသော တရားများ ဖြစ်ပါတယ်၊ ထိုတရားများရဲ့ သဘောသဘာဝကို ဆင်ခြင်ခြင်း ထိုတရားတွေကို သိမြင်နေတဲ့ ပညာဘမျိုးမျိုးအသွေးထွေကိုဆင်ခြင်ခြင်းဟာ အဆင့်ဆင့်ပညာ မြင့်ကြောင်း တိုးပွားကြောင်းဖြစ်လို့ ထိုနက်နဲသောတရားနဲ့ နက်နဲသောတရားတို့ကို သိမြင်နေတဲ့ပညာ အထူးအပြားအစားစား တို့ကို ဆင်ခြင်ခြင်းဟာလည်း ဓမ္မဝိစယ သမ္မောဇျင် ဖြစ်ကြောင်း တစ်ရပ် ဖြစ်ရပါတယ်။

၇-ခမ္မဝိစယသမ္မောဇ္ဈင်၌ သက်ဝင်ခြင်း

မဖြစ်သေးတဲ့ ပညာဉာဏ် ဖြစ်ပေါ်လာဖို့ ဖြစ်လာတဲ့ ပညာ မပျောက်ဖို့ တိုးတက်ဖို့ရာမှာ ပညာဖြစ်ဖို့ အမြဲတမ်းစိတ်သက်ဝင်နေခြင်း စိတ်ပါနေခြင်းဟာ အရေးကြီးလှပါတာတဲ့၊ ဒီလိုစိတ်ပါနေမှ ပညာတိုးတက်ရေးအတွက် မလစ်ဟင်းဘဲ အမြဲတမ်းတစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာအောင် ကြိုးစားမှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီ ဗောဇ္ဈင်မှာ စိတ်ပါ သက်ဝင်နေမှုဟာ ပညာ ခမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ကြောင်း တစ်ရပ် ဖြစ်ရပါတယ်။

ဝိရိယသမ္မောဇ္ဈင် ဖြစ်ကြောင်း

ရဟန်းတို့- မြေစ်သေးသော ဝိရိယ သမ္မောဇ္ဈင်ဖြစ်ဖို့ရာ ဖြစ်ပြီးသော ဝိရိယသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံလုံလောက်ဖို့ရာ အကြောင်းဟာ ဘာလဲ၊ ရဟန်းတို့-အာရမ္ဘဓာတ် နိက္ကမဓာတ် ပရက္ကမဓာတ် ရှိနေတယ်၊ ထိုဓာတ်သုံးပါးမှာ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာ ပြုခြင်းသည် မြေစ်သေးသော ဝိရိယသမ္မောဇ္ဈင် ဖြစ်လာဖို့ရာ, ဖြစ်ပြီးသော ဝိရိယသမ္မောဇ္ဈင်၏ဘာဝနာ ပြည့်စုံလုံလောက်ဖို့ရာ အကြောင်းပင်ဖြစ်တော့တယ်။

ဒီ မဟာဝဂ္ဂသံယုတ်ဒေသနာအရ အာရမ္ဘဓာတ်သုံးပါးမှာ သင့်တင့်သောအကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုဟာ ဝိရိယသမ္မောဇ္ဈင် ဖြစ်ကြောင်းဘဲလို့ သိရတယ်၊ အာရမ္ဘဓာတ် ကုသိုလ်အမှုရှေးဦးစွာ စတင်ပြုတဲ့ ဝိရိယ၊ စတင်ပြုတဲ့ ဝိရိယကို အာရမ္ဘ၊ ထိုဝိရိယပင် စိတ် စေတသိက်တို့ကို

မ လျှော့ မ ယုတ် ရ အောင် ဆောင်ထား တတ် သော ကြောင့် (သို့မဟုတ်)ကုသိုလ်အစဉ်ကိုမပြတ်မလပ် ဆက်စပ်ဖြစ်နေအောင် ဆောင်တတ်သောကြောင့် ဓာတု-ဓာတ်လို့လည်း ဆိုရတယ်၊ စတင် အားထုတ်ပြီးနောက် ဆက်ကာ ဆက်ကာ ဖြစ်လာပြီး အာသေဝန-အထုံရလာတော့ ဆန့်ကျင်ဘက်အပျင်းကို နှိပ်နင်းတိုက်ဖျက်နိုင်၊ အဲဒီလို နှိပ်နင်းလို့ အပျင်းမှုတွက်မြောက်လာတဲ့ ဝီရိယကို နိုက္ကမဓာတ်၊ လွန်ကဲသထက်လွန်ကဲတဲ့ ဆန့်ကျင်ဘက် တရားတွေကို နှိပ်နင်းနိုင်လို့ ထက်မြက်သထက် ထက်မြက်ကာ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတဲ့ နိုက္ကမဝီရိယထက် အားကောင်းလာသော ဝီရိယကို ပရက္ကမဓာတ် ဆိုရတယ်။

ထိုဓာတ်သုံးပါးခွဲ သင့်တင့်သောအကြောင်းမှန် လမ်းမှန် အားဖြင့် နှလုံးသွင်းမှုဆိုတဲ့ ထိုဝီရိယဓာတ်သုံးပါး ဖြစ်လာအောင် နှလုံးသွင်းမှု. ဝီရိယဖြစ်လာအောင် အားပေးတဲ့ နှလုံးသွင်းမှုကို ဆိုပါတယ်။

ဝီရိယသမ္မာဝ၏ဖြစ်ကြောင်း ၁၁-ပါး

ဝီရိယသမ္မာဝ၏ဖြစ်ကြောင်း ဆယ့်တစ်ပါးကို အဋ္ဌကထာ မျှားမှာ ဖော်ပြကြပါတယ်။

အပါယ်ဘေးမြင်၊ အာနိသင်မှုန်း၊ ကျင့်လမ်းဆင်ခြင်၊ ဆွမ်းလျှင်ရိုးသား၊ အာဇမ္ဘုရားမြတ်၊ ဓာတ်အဖော်မျှား၊ ထူးခြားမြတ်ဟန်၊ တွေးကြံမကင်း၊ လူပျင်းရှောင်ရှား၊ ကြိုးစားသူတွဲ၊ လုံ့လထဲနှစ်၊ သက်ဝင်ဖြစ်၊ ဆယ့်တစ် ဝီရိယ ဖြစ်ကြောင်းတည်း။

၁–အပါယ်ဘေး ဆင်ခြင်ခြင်း

ငရဲမျှားမှာ လက်နှစ်ဘက် ခြေနှစ်ဘက် ရင်ဘတ်ထက်မှာ လောလောပူနေတဲ့ သံဇုတ်ကို ရိုက်သွင်းခြင်းဖြင့် ငါးမျိုးသော နှောင်ဖွဲ့မှုဆိုဘဲ ညှဉ်းဆဲမှု အပြုခံရသည်ကစပြီး ဆင်းရဲဒုက္ခခံရတဲ့အခါ၊ တိရစ္ဆာန်မျိုးမှာ ငါးသားပြစ်လို့ ကွန်ပစ် မြှုံးထောင် အဖမ်းခံရကဲ့အခါ၊ နှင်တံ တံပြာ သံချွန်နဲ့အထိုးခံရပြီး ဝန်ရုံးနေရတဲ့အခါ၊ ပြိတ္တာဘဝမှာ နှစ်ထောင်ပေါင်းများစွာ ဘုရားတစ်ဆူအကြားအစာငတ်ရေငတ်နဲ့ ခံနေရတဲ့အခါ၊ကာလကဉ္စိက အသူရာမျိုးမှာ အတောင်ခြောက်ဆယ်အတောင်ရှစ်ဆယ်ပမာဏ အရိုးအရေမျှ အဘွားတောပြင့် လေ နေပူ စသော ဒုက္ခတွေ ခံနေရတဲ့အခါ ဒီလို ဒီလို အခါမျိုးတွေမှာ ဝိရိယသမ္မာဇွတ် ဖြစ်ဝေဖို့ တတ်နိုင်သည်မဟုတ်၊ အိုရမ်းနိုး.... ဒီအခါမှာ သင့်အတွက် ဝိရိယသမ္မာဇွတ် ပွားဝေဖို့ရာ အခါဘဲလို့ ဒီလို အပါယ်ဘေး ဆင်ခြင်သူမှာလည်း ဝိရိယသမ္မာဇွတ် ဖြစ်တတ်ပါတယ်။

ယဒါ ဘဝေ အပါယေတု-
မနုယုဇ္ဇေ ကထံ တဒါ၊
သတံ ဓမ္မံ သုခေတ္တမ္ပိ-
ဒါနိ ကိံ ဟုသိတေန ဟေ။

တံ- လူဖြစ်ရှိုးလျက်၊ လူလုံးမလှ၊ အသုံးမကျသော သင်သည်။ ယဒါ၊ အကုသိုလ်မျိုး၊ အကျိုးပုံမလှ၊ ကြုံရတင်စွာ၊ အကြင်အခါ၌။ အပါယေ- ဆင်းရဲအသွယ်သွယ်၊ တကယ်စုံလှ၊ အပါယ်ဘုံဘဝ၌။ ဘဝေ- အပြစ်ရချေ၊ ပြစ်ရပေအုံ့။

တဒါ- ဆင်းရဲချည်းသာ၊ ခံရကာဖြင့်၊ အခါမသင့်၊ အခွင့်မသာ၊ ထိုအခါ၌။ သတံ ဓမ္မံ-ဗောဓိပက္ခိယ၊ ဓမ္မအဖြာဖြာ၊ ရတနာအပေါင်း၊ သူတော်ကောင်းတရားကို။ ကထံ အနုယုဉ္ဇေ-မဖယ်မခွာ၊ အဘယ်မှာ ကျင့်နိုင်ပါအုံနည်း။ နာနုယုဉ္ဇေ၀-အခွင့်မပိုင်၊ မကျင့်နိုင်တော့သည်သာလျှင်တည်း။ သုခေတ္တမိ-ဗုဒ္ဓုပ္ပါဒ၊ နဝမဟု၊ ဓမ္မ ဖြစ်ကြောင်း၊ ဒေတ်ကောင်းကြီး ဖြစ်သော။ ဒါနိ-ရပ်ပြစ်ရှစ်ပါး၊ ဒေတ်အမှားမှ၊ ကျော်လွှားမှုသာ၊ ယခုအခါ၌။ တေ- ဘ၀တစ်ဖုံ၊ အလှဂုဏ်နှင့်၊ ရကြုံနေသော သင့်အား၊ ကုသိတေန- တရားကင်းရှင်း၊ အားမတင်းဘိ၊ ပျင်းရိပေါ့လျော့နေသဖြင့်။ ကိံ - အားထားစဖွယ်၊ ဂုဏ်သွယ်သွယ်တို့၊ တကယ်မဘိုးဘိ၊ အဘယ်အကျိုးရှိပါတော့အုံနည်း။

၂-အကျိုးအာနိသင် မြင်ခြင်း

ပျင်းရိတဲ့ပုဂ္ဂိုလ်ဟာ လောကုတ္တရာတရားကိုးပါး ရခြင်းဌါ၊ ပတ်တော်နှင့်၊ တကယ်ကြိုးစားအားထုတ်သူသာ ရနိုင်တယ်၊ ဒါဟာ ဝိရိယရဲ့ အကျိုးအာနိသင်ဘဲလို့ ဒီလို အာနိသင်ကို ရှုမြင်သော ပုဂ္ဂိုလ်အားလည်း ဝိရိယသမ္မောဇ္ဈင် ဖြစ်နိုင်တယ်။

ဝိရေ၀ ပဋိဝိဇ္ဈန္တိ၊
နဝ လောကုတ္တရံ ဓမ္မံ၊
ဝိရိယသာ ယာနိသံသော၊
ကုသိတော တံ ကတံ လဘေ။

ဝိရေ၀- ဝိရိယခွန်၊ တံခွန်နဲ့လှင့်၊ အင်္ဂါမြင့်၊ ရဲရင့်သူ လုံ့လရှင်တို့သည်သာလျှင်။ ၀ရံ- ချမ်းသာလိုလား၊ အမျိုးသားတို့၊

နိုးကြားမလပ်၊ တောင့်တအပ်သော။ နဝလောကုတ္တရံ ခမ္မံ-လောကမှလွန်၊ မြတ်မှန်ထူးခြား၊ ကိုးပါးသော လောကုတ္တရာ တရားကို။ ပဋိဝိဇ္ဈန္တိ- ဉာဏ်မြင်ရှင်းမောက်၊ အလင်းပေါက်လျက်၊ ထွင်းဖောက်သိမြင်ကြလေကုန်၏။ အယံ-လောကမှလွန်၊ အမှန်ထူးခြား၊ ဤကိုးပါးသော လောကုတ္တရာ တရားသည်။ ဝိရိယဲသာ- ဇဲသန်သန်နှင့်၊ ရဲမာန်တိုးပွား၊ နိုးကြားမကင်း၊ ကြိုးစားခြင်း၏။ အာနိသံသော- အကောင်းဆုံး တိုးတက်၊ အကျိုးဆက်သာ၊ ဖြစ်ပါပေ၏။ ကုသိတော- ဝိရိယပါး၊ နိုးကြားကင်းဘိ၊ပျင်းရိတဲ့ပုဂ္ဂိုလ်သည်။ တံ-ထိုမှန်မြတ်ထူးခြား၊ ကိုးပါးသော လောကုတ္တရာ တရားကို။ ကထံ လဘေ- မကန်မရာ၊ တကယ်သာမို့၊ အဘယ်မှာ ရနိုင်ပါတော့အုံနည်း။ နလဘေ ဝေ- ရှုံးကြီးရှုံးရ၊ ကေန္ဓမို့၊ လုံးဝမပိုင် မရနိုင်တော့သည် သာတည်း။

၃–သွားရာလမ်းကို ဆင်ခြင်ခြင်း

ဘုရားရှင်မှန်သမျှ ပစ္စေကဗုဒ္ဓါ မဟာသာဝကအမျှားသွားရာ ဝိပဿနာ အရိယာမဂ်လမ်းကြောင်းကို သင်လိုက်သင့် သွားသင့်တယ်၊ထိုအကျင့်လမ်းကိုလည်း ပျင်းရိတဲ့လူမျိုး လိုက်ဖို့သွားဖို့ရာ မတတ်နိုင်လို့ ဘုရားရှင်စသည်တို့ သွားရာ ကျင့်ရာ လမ်းကို ဆင်ခြင်သောသူအားလည်း ဝိရိယသမ္ဘောဇ္ဈင် ဖြစ်နိုင်တယ်။

ဗုဒ္ဓါဒိ ဂတမဂ္ဂေါ၊
မဂ္ဂေါ ဂမနိယော တယာ၊
အလသော တံ နှ ဂစ္ဆေယ္ယ၊
ကထံ ဗုဒ္ဓ ပုတ္တော ဘဝေ။

ဗုဒ္ဓါဒိဂတမဂ္ဂါ- ဘုရားအစ၊ မျှားလှအရိယာ၊ မျှားတကာတို့၊ သွားရာမြန်းလတ်၊ လမ်းအမြတ် ဖြစ်ပေထသော။ အယံ မဂ္ဂါ– ဝိပဿနာ၊ အရိယဝဟု၊ ကိလေသာ ဖျက်ခန်း၊ ဤမဂ်လမ်းကို။ ဟယာ- မြတ်ဘုရား၏၊ တရားရှိရမည့်၊ သားတပည့် ဖြစ်သော အရှင်သည်။ ဂမနိယော– ဘုရားအကြိုက်၊ တရားလိုက်လျက်၊ အားစိုက်လေးစား၊ အရေးထား၊ သွားရမည် သာတည်း။ အလသော- ဇွဲမာန်မရှိ၊ ဝီရိယကင်း၊ အဖျင်းအတော်၊ ပျင်းရိတဲ့ပုဂ္ဂိုလ်သည်။ တံ- ထိုအရိယာမျှား၊ သွားရာမဂ်လမ်း၊ အထက်တန်း အကျော်၊ လမ်းမ တော်ကြီးကို။ နုဂစ္ဆယျ- သူတော်ကောင်းကြိုက်၊ စရိုက်မပိုင်၊ မလိုက်နိုင်ငြားအုံ့။ ဗုဒ္ဓပုတ္တော- သားကောင်းတစ်ယောက်၊ ဆိုလောက်ပြတ်သား၊ မြတ်ဘုရား သားတော်သည်။ ကတံ ဘဝေ- ဘဝေယျာသိ– ဂုဏ်ငယ်ငယ်မို့၊ မပယ်မပစ်၊ အဘယ်မှာ ဖြစ်နိုင်ပါအုံ့နည်း။ နု ဘဝေ ဝေ– ဘုရားမပစ်ပယ်၊ ချစ်စဖွယ်စစ်၊ တကယ် မဖြစ်နိုင်ကောဟုသည် သာတည်း။

၄-ဆွမ်းကို ရှိသေခြင်း

သင့်ကို ဆွမ်းစသည်ဖြင့် လုပ်ကျေးပြုစုနေသူတွေဟာ သင့်ဆေးမျိုးကေလည်း မဟုတ်၊ သင့်ကျန်အမှုလုပ်တွေလည်းမဟုတ်၊ သင့်ကိုမှီပြီး အသက်မွေးကြမယ်လို့ ကောင်းနိုးရာရာဆွမ်းစသည်တွေကို လှူနေကြသည် မဟုတ်၊ အမှန်က မိမိတို့ပြုတဲ့ ပုဇော်မှုတို့၏ အကျိုး ကြီးမြတ်ရေး မျှော်တွေးတောင့်တ လှူဒါန်းကြခြင်း ဖြစ်တယ်၊ ဘုရားရှင်ကလည်း ဒီရဟန်း ဒီပစ္စည်းတွေ သုံးဆောင်ပြီး ကိုယ်လက်ကြံ့ခိုင်မှုမျှားကာ ချမ်းသာဌာနေရ

လိမ့်မယ်လို့ မြော်မြင်တော်မူပြီး သင့်ဖို့ ပစ္စည်းလေးပါး ခွဲ့ပြု ထားတာ မဟုတ်၊ အမှန်က ဒီရဟန်းဟာ ဒီပစ္စည်းတွေ သုံးဆောင်ပြီး ရဟန်းတရား အားထုတ်မှုပြုနိုင်ကာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရလိမ့်မယ်လို့ မျှော်ပြီး ဒီပစ္စည်းတွေ ခွဲ့ပြုတော်မူခြင်းသာဖြစ်တယ်၊ ယခု သင်ပျင်းရိနေယင် ထိုဆွမ်းကိုတုံ့ပြန်ပူဇော်ရာ ရောက်လိမ့်မည် မဟုတ်၊ ကြိုးစားအားထုတ်မှုရှိသူ အဖို့သာ ဆွမ်းကို တုံ့ပြန်ပူဇော်မှုမျိုး ဖြစ်နိုင်တယ်၊ ဒီလို ဆွမ်းကိုတုံ့ပြန်ပူဇော်မှု ဆွမ်းကို လေးမြတ်မှုကို ဆင်ခြင်သော ပုဂ္ဂိုလ်အားလည်း ဝိရိယသမ္ဘောဇ္ဈင် ဖြစ်နိုင်တယ်။

ကုသိတော ဝိဟရံ ပိဏ္ဍာ၊
ပစိတိ ံ တုံ ကထံ ကရေ၊
သဝိရိယော ဝ ဧတန တုံ၊
ကရ ပိဏ္ဍာ ပစာယနုံ။

တုံ- သာသနာ၏၊ ဝန်ထောဝယမ်းဆင်၊ ရုဟန်းဖြစ်သော သင်သည်။ ကုသိတော-တရားဘက်တွင်၊မသက်ဝင်ဘဲ၊ဖယ်ကြဉ် ကင်းဘိ၊ တကယ်ပင် ပျင်းရိလျက်၊ ပိဟရံ-ဝိဟာရဇေတာ-အကျိုး မရ၊ ကာလကုန်စေ၊ အသေရေမဲ့၊ နေခဲ့သည်ရှိသော်။ ပိဏ္ဍာ ပစိတိ ံ- ဒကာ ဒကာမ လှူဒါန်း၊ ဆွမ်းအလှူတော်၊ ပူဇော် တုံ့ပြန်ခြင်းကို။ ကထံ ကရေ- ကိုယ်ကနုံငယ်၊ ဂုဏ်မကြွယ်၍၊ တကယ်မကွာ၊ အဘယ်မှာပြုနိုင်ပါကုံ့နည်း။ နကရေ ဝ- တန်ခိုး မနည်း၊ အကျိုးကြီးဟု၊ ဗုဒ္ဓမပိုင်၊ မပြုနိုင်သည်သာတည်း။ သဝိရိယော ဝ— ဝိရိယဓာတ်ဖွင့်၊ မပြတ်ဆင့်လျက်၊ မြင့်တက် ကြွားဘိ၊ တရားရှိမှသာလျှင်။ ကရေ ကရေယျ- ဒါနမျိုး၏၊

တဲန်ခိုးမနည်း၊ အကျိုးကြီးဟု၊ အမှုပိုင်ပိုင်၊ ပြုနိုင်သည်သာ တည်း။ ဘေနု- ထိုသို့ ဝိရိယတန်ခိုး၊ ဆွမ်းကျိုးကြီးမှု၊ ပြုနိုင် သည် ဖြစ်သောကြောင့်။ တုံ- ဒကာ ဒကာမ၊ ကျိုးရဆင်ခြင်၊ ငဲ့ညှာရမယ့်သင်သည်။ ပိဏ္ဍာ ပစာယနံ-ဝိရိယစာတ်ဆင့်၊ မပြတ် ဖွဲ့ဝဲ့လျက်၊ မြင့်တက်လွမ်းသူ၊ တစ်ခန်းယူ၍၊ ဆွမ်းအလှူတော်၊ ပူဇော်မကင်း၊ တုံ့ပြန်ခြင်းကို။ ကရ ကရောဟိ- အရိုးကြေ ကြေ၊ အရေခန်းခန်း၊ မဆုတ်ဘမ်းဟု၊ အစွမ်းထုတ်ကာ၊ ပြုလုပ် ပါလော့။

မဟာမိတ္တမထေရ် ဝတ္ထု

ဒီနေရာမှာ ဆွမ်းကိုအလေးအမြတ်ပြုတဲ့ မဟာမိတ္တမထေရ် ဝတ္ထုကိုထုတ်ပြကြတယ်၊မထေရ်ဟာ ကဿကလိုဏ်ဂူမှာသီတင်း သုံးတယ်၊ထိုလိုဏ်ဂူအနီး ဆွမ်းခံရွာမှ ဒကာမကြီးတစ်ယောက်က မထေရ်ကို သားလိုဘဲ ပြုစုလုပ်ကျွေးတယ်၊ တစ်နေ့ တောသွား ခါနီး ဒကာမကြီးက သမီးကို မှာနေတဲ့အခါ သမီး- ဟောဟို နေရာမှာ ဆန်ဟောင်းတွေရှိတယ်၊ ဟိုနေရာမှာ နွေ၊ ဟိုနေရာမှာ ထောပတ်၊ ဟိုနေရာမှာ တင်လဲရှိတယ်၊ သမီးအစ်ကိုတော် မဟာမိတ္တကြီးလာတဲ့အခါ ဆွမ်းချက်ပြီး နွေ ထောပတ် တင်လဲ တို့နဲ့အတူ လှူလိုက်၊ အမေတော့ မနေ့က ချက်ထားတဲ့ ထမင်း ကြမ်းကို ပုန်းရည်ဟင်းနဲ့ စားပြီးပြီ၊ နွေ နေ့လယ်တော့ ဘာစား မလဲ အမေလို့ သမီးကမေးတော့ ဟင်းရှက်ထည့်ပြီး ဆန်ကဲ့နဲ့ ယာဂုချဉ် ချက်ထားလိုက် သမီးရေ တဲ့၊ ဒီလို သားအမိ ပြောနေကြတဲ့ စကားတွေကို သက်နိုးရုံပြီး သပိတ်အိတ်က ထုတ်နေတုန်းဆဲဆဲ ကြားလိုက်ရတော့ မထေရ်က မိမိကိုယ်ကို ဆုံးမတယ်။

ဒါယိကာမကြီးက ပုန်းရည်ဟင်းနဲ့ ထမင်းကြမ်းစားပြီး နေ့အခါကျတော့လည်း ယာဂုချဉ်စားတော့မယ်ဘဲ၊ သင့်အတွက် တော့ ဆန်ဟောင်း နှိုဆောပတ် တင်လဲတဲ့လူဖို့ ညှဉ်ကြားနေ တယ်၊ သင့်ကိုအမှီပြုပြီး ဒီဒကာမကြီးဟာ လယ်တို့ ယာတို့ ထမင်း အစာတို့ကို တောင့်တတာမဟုတ်၊ သမ္ဘတ္တိခေါ် လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာ တောင့်တကာ လှူဒါန်းခြင်းဖြစ်တယ်၊ သင် ထို ဒကာမကြီးအား ထိုချမ်းသာ သုံးပါး ပေးနိုင် မလား မပေးနိုင်ဘူးလား၊ ဒီလို မိမိကိုယ်ကို ဆုံးမပြီး ဒီဆွမ်း ကိုဖြင့် သင်ဟာ ရုဂမကင်း ဒေါသမကင်း မောဟမကင်းဘဲ စားပို့ရာ မတတ်နိုင်ဟု ဆင်ခြင်ကာ သပိတ်ကို အိတ်ထဲပြန်ထည့်၊ အနားပတ်သီးကို ဖြုတ်၊ ပြန်လှည့်လာပြီး ကဿကလိုဏ်ဂူသို့သာ ကြ၊ သပိတ်ကို ခုတင်အောက်ပြန်ထား သက်နိုးကိုတန်းမှာတင်၊ ရဟန္တာ မဖြစ်သမျှ ငါမထွက်ဆိုတဲ့ ဝိရိယကို ဆောက်တည် ထိုင်နေခဲ့တယ်၊ ကာလကြာမြင့်စွာ မမေ့မလျော့နေခဲ့ဘဲ ရဟန်း တော်ဟာ ဝိပဿနာကို ပွားလိုက်တာ မှန်းမလဲသေးမီပင် အရဟတ္တဖိုလ်ဆိုက်ရောက်ခဲ့၊ ပဋ္ဌာလာတဲ့ ပဒုမ္မာကြာပန်းကြီးလို ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်ကာ ပြုံးပြုံးရွှင်ရွှင်နဲ့ လိုဏ်ဂူမှထွက် ဘေ့မယ်ဆဲဆဲ လိုဏ်ဂူတံခါးအနားက သစ်ပင်စောင့်နတ်က ကောင်းချီးပေးကာ ဥဒါန်းစကား မြွက်ကြားလျှောက်ထား တယ်။

နုမော တေ ပုရိသာဇည-
နုမော တေ ပုရိသုတ္တမ၊
ယဿ တေ အာသဝါ ခီဏာ-
ဒက္ခိဏေယ္ယောသိ မာရိသ။

သုဒမ္မဝတ္ထု (က-၂၆၄) ၉

မာရိသ- ဝဋ္ဌစခန်းမှ၊ လွတ်လမ်းဆင်ထား၊ အရှင်ဘုရား။ ယသ ဟေ- ဝိရိယတံခွန်၊ အားသွန်ဆင်သွား၊ အကြင် အရှင်ဘုရားအား။ အာ့သဂါ- ကာလရှည်ကြာ၊ ထုံလာကြောင်း၊ အာသဝဝတရားတို့သည်။ ခီဏာ- အစွမ်းခြောက်ခန်း၊ အဟုန်နွမ်းကာ၊ ကုန်ခန်းခဲ့ရပါပြီ။ တံ- အရှင်မြတ်ဘုရားသည်။ ဒက္ခိဏေယျော- အလှူရှင်အား၊ အကျိုးမျှားရန်၊ မြတ်သော အလှူခံပုဂ္ဂိုလ်မြတ်သည်။ အသိ- ကေန်မသွေ၊ ဖြစ်တော်မူခဲ့ပါပေ၏။ ပုရိသာဇည- ယောကျ်ားဇာနည်၊ ပီသထင်ရှား၊ အရှင်ဘုရား။ တသ ဟေ-ဇာနည်မြောက်ကြား၊ ယောကျ်ားထင်ထင်၊ ထိုအရှင်ဘုရားအား။ နမော- ဥုးတင်ညွှတ်ကာ၊ ရှိခိုးလိုက်ရပါတော့သည်ဘုရား။ ပုရိသုတ္တမ-အမောက်စားဟု၊ မြောက်ထားအပ်သင့်၊ ယောကျ်ားမြတ် အရှင်ဘုရား။ တသ ဟေ–မြောက်စားအပ်သူ၊ ယောကျ်ားမြတ်တစ်ဆူ၊ ထိုအရှင်ဘုရားအား။ နမော- ဥုးတင်ညွှတ်ကာ၊ ကန့်တော့ လိုက်ရပါတော့သည်ဘုရား။

ဒီလိုဥဒါန်းကျူးပြီး နတ်က အရှင်ဘုရား- ဆွမ်းခံဝင်ကြတဲ့ အရှင်ဘုရားတို့လို ရဟန္တာ ပုဂ္ဂိုလ်တို့အား လှူရ၍ မိန်းမကြီးမျှားမှာ ဒုက္ခမှလွတ်ကြရပါတော့မယ်လို့ လျှောက်ထား၊မထေရ်လည်း ထပြီးတံခါးဖွင့် အချိန်ကြည့်၊ စောသေးတယ် မနက်ဘဲ ရှိသေးတယ်လို့ သိရတော့ သပိတ်သက်နှီးယူ ရှာထဲဝင်ကြလာ၊ မိန်းကလေးကလည်း ဆွမ်းချက်ပြီးနောက် ယဲခုဘဲ ငါ့အစ်ကို တော် ကြွလာလိမ့်မယ် ကြွလာလိမ့်မယ်နဲ့ တံခါးကိုကြည့်မျှော်ထိုင်နေတယ်၊ မထေရ် အိမ်တံခါးရောက်လာတော့ သပိတ်ယူပြီး ထောပတ် နှီ တင်လဲရောထားတဲ့ဆွမ်းကို သပိတ်အပြည့်ထည့်ပြီး

ကပ်လိုက်တယ်၊မထေရ်လည်း သုခံ ဟောတု-ချမ်းသာပါစေလို့ အနုမောဒနာပြုကာ ထုတ်ခွါလာခဲ့၊ မိန်းက လေး လည်း မထေရ်ကိုကြည့်ပြီး ရပ်နေခဲ့တယ်၊ထိုအချိန်က မထေရ်ရဲ့ပုံအသွင် ဟာ ယခင်နဲ့မတူ တစ်မူထူးခြားနေလို့ ဂရုတစိုက် ကြည့်နေမိ ခြင်းပါဘဲ။

မထေရ်ရဲ့ ကိုယ်အရေအဆင်းဟာ ထိုအချိန်က အလွန်ဘဲ စင်ကြယ်နေတယ်၊ ဣန္ဒြေတွေ အထူးကြည်လင်နေတယ်၊မျက်နှာ ကော်ဟားလည်း အညှာမှ ကြွကားစ ဇန်းသီးမည့်လို အလွန် ရွှန်းဝိုင်းတယ်နေခဲ့တယ်၊ ဒကာမကြီးတောကပြန်လာတဲ့အခါ သမီးအစ်ကို ကြွလာရဲ့လားမေးကော့ ကြွလာကြောင်း၊မထေရ်ရဲ့ အမူအရာဟာ ယခင်နဲ့မတူ ထူးခြားခဲ့ကြောင်းများ ပြောပြ၊ ဒီအခါ ဒကာမကြီးက ငါ့သားတော် ရဟန်းကိစ္စပြီးပြီဆိုတာ သိ၊ ဒါ့ကြောင့် အေး– သမီးအစ်ကိုဟာ သာသနာမှာပျော် နေပြီ၊ ပျင်းတော့မှာမဟုတ်လို့ ပြောလိုက်တယ်။

ဒီနေရာမှာ မဟာမိတ္တာမထေရ်ရဲ့ ဆွမ်းကို တုံ့ပြန်အလေးပြု သောအားဖြင့် ဝိရိယတံခွန် အလွန်မြင့်အောင် လှုံ့တင် ကြိုးစား ခဲ့သည်မှာ အထင်အရှားဖြစ်ရာ ဆွမ်းရှိသေမှုဟာ ဝိရိယ သမ္ဘာဝျှင်ဖြစ်ကြောင်း တစ်ရပ်ပါဘဲ။

၅–အမေ့တော်မြတ်ပုံ ဆင်ခြင်ခြင်း

ဗောဇ္ဈင်ခုနစ်ပါး တရားဆိုတဲ့ အရိယာတို့ ဥစ္စာ ရဟန္တာ ခုနစ်ပါးဟာဖြင့် ဘုရားရှင်ရဲ့ မွန်မြတ်လှစွာသော အမေ့တော် အစစ်ဖြစ်ပါပေတယ်၊ လောကမှာ အကျင့်ဝတ်ပြန်ပြီးပျက်စီး

နေတဲ့ သားသမီးကို မိဘတို့က သူဟာဖြင့် တို့သားမဟုတ် တောဘုံးလို့ သားအဖြစ်မှ အပယ်ပြုလိုက်ကြတယ်၊ ဒီလိုမိဘတို့ ပစ်ပယ်ခံရတဲ့သားဟာ မိဘတို့ ကွယ်လွန်တဲ့အခါ အဇမ္ဘမခံ ရတော့၊ ထို့အတူဘဲ ပျင်းရိဘဲ့ပုဂ္ဂိုလ်ဟာ အရိယာတို့ဥစ္စာ ဗောဇ္ဈင်ရတနာ ခုနစ်ပါးကိုမရလို့ ဘဘုရားရဲ့ အပစ်ပယ်ခံရသူလို့ ဖြစ်ရပါတယ်၊ တကယ်အားသုတ်အပ်တဲ့ ဝိရိယရှိသူသာ ဆိုတရား ရတနာဘဏ္ဍာကိုရနိုင်လို့ ဘဘုရားရဲ့ အပစ်ပယ်မခံရသူဖြစ်တယ်လို့ ဒီလို အမှေတော်ရဲ့ မြင့်မြတ်သည့် အဖြစ်ကို ဆင်ခြင်ခြင်းဟာ လည်း ဝိရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း တစ်ရပ်ပါဘဲ။

ဒီနေရာမှာ အရိယာတို့ ဥစ္စာခုနစ်ပါးလို့ သာမညဘဲ ဆိုထားပါတယ်၊ ဗောဇ္ဈင်အရာလည်းဖြစ် ဗောဇ္ဈင်ခုနစ်ပါးဟာ အရိယာတို့ဥစ္စာလည်းဆိုနိုင်လို့ ဗောဇ္ဈင်ခုနစ်ပါးကိုဘဲ ဆိုခဲ့ပါတယ်၊ တချို့နေရာမှာ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတ္တပ္ပကို အရိယာဥစ္စာခုနစ်ပါးအဖြစ်ဖွင့်ပြထားတာလည်း ရှိလေတော့ ဒီနေရာမှာလည်း ထိုဥစ္စာရတနာခုနစ်ပါးကို ယူနိုင်ပါသေးတယ်။

ဒုပုတ္တော မာတာပိတူဟိ-
ဒါယဇ္ဇံ ဝိန္ဒတေ ကထံ၊
ပိတ ဗဒ္ဓသ ဒါယဇ္ဇံ-
ဒုဿုတော အလသော တထာ။

ဒုပုတ္တော- မိဘနှစ်ပါး၊ စကားမလိုက်၊ သားအမိုက်သည်။ မာတာပိတူဟိ- မိခင် ဖခင်၊ ကျေးဇူးရှင်တို့မှ။ ဒါယဇ္ဇံ- ပစ္စည်းဥစ္စာ၊ ရတနာထွေထွေ၊ အမွေအနှစ်ကို။ ကထံ ဝိန္ဒတေ-

အမိုက် အမိုက်ကံနှင့်၊ ထိုက်တန်ဖွယ်ရာ၊ အဘယ်မှာ ရနိုင်ပါ အံ့နည်း။ နု ဝိနှတော ၀-မိဘနှစ်သွယ်၊ပစ်ပယ်ခံရ၊ တစ်စမပိုင်၊ မရနိုင်သည်သာလျှင်တည်း။ ဒုဿုတော- ဘုရားအကြိုက်၊မလိုက် မစားဘီ၊ အမိုက်သား တပည့်ဖြစ်သော။ အလသော- ဝီရိယ ကင်း၊ အပျင်းလိုက်စား၊ အဖျင်းအမိုက်သားသည်။ ပိတု- ကျေးဇူးတော်ရှင်၊ဂုဏ်အင်ကြီးမား၊ ဘဘုရား ဖြစ်တော်မူသော။ ဗုဒ္ဓဿ- သဗ္ဗညုတ္တ၊ ရှင်တော်မြတ်ဘုရား၏။ ဒါယဇ္ဇံ-တရား ဝုနစ်ဖြာ၊ ရဘနာထွေထွေ၊ အမွေအနှစ်ကို။ တဿ- အခြေ မလှ၊ အမွေမရတဲ့၊ လောကအရိုး၊ သားဆိုးမျှားလိုပင်။ ကတံ ဝိနှတော- ဝီရိယကင်း၊ ညံ့ဖျင်းမှုအရ၊ ကိုယ့် ဘဘုရား၊ ပစ်ထားခံရ၊ ဘာမျှမပိုင်၊ အဘယ်မှာ ရနိုင်ပါအံ့နည်း။ နု ဝိနှတော ၀-ကိုယ့်ပျင်းမှုဒဏ်၊ ကိုယ်ပင်ခံရ၊ ဟန်မကျ၍၊ ဓနမပိုင်၊ မရနိုင်တော့သာတည်း။

၆-ဘုရားရှင်၏မြင့်မြတ်ပုံ ဆင်ခြင်ခြင်း

သင့်ဆရာဘုရားရှင်ဟာ အလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်တော် မူပါပေတယ်၊သင့်ဆရာဘုရားမြတ်ရဲ့ မယ်တော်ဝမ်းမှာ ပဋ္ဌိသန္ဓေ တည်နေတဲ့အခါ, တောထွက်တဲ့အခါ, ဘုရားဖြစ်တဲ့အခါ, ဓမ္မစက္ကြာတရားဟောကြားတဲ့အခါ, ယမ်းကပြားဦးဟာပြတဲ့အခါ, တာဝတိံသာမှ အာဘိဓမ္မာဒေသနာ ဟောကြားတော်မူပြီး လှူပြည် ကြွဆင်းလာတဲ့အခါ, အာယုသင်္ခါရ လွှတ်တော်မူတဲ့ အခါ, ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါ ထူးခြားတဲ့ ဖြစ်ပေါ်ခင်း မျှားစွဲမှာ-တစ်သောင်းသော လောကဓာတ် ပဲ့ဘင်ခတ်အောင် တုန်လှုပ်ခဲ့ရတယ်၊ ဒီလို ထူးခြား မြင့်မြတ်တဲ့ ဆရာဘုရားရဲ့

သာသနာမှာ ရဟန်းပြုနေပါလျက် ပျင်းရိသူ တစ်ယောက် ဖြစ်နေဖို့ရာ သင့်အတွက်သင့်ပါမည်လော— ဒီလို ဘုရားရှင်၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းဟာလည်း ဝိရိယသမ္ဗောဇ္ဈင် ဖြစ်လာဖို့ အကြောင်းတစ်ရပ်ပါဘဲ။

သတ္ထာ ခေါ တေ မဟာ တသ-
ဒိသတိဟ အစ္ဆေရတာ၊
ဣဒိသသာ နု တေ ယုတ္တာ-
သာသနမှိ ကုသိတတာ။

တေ - မြတ်ဘုရား၏၊ သားတပည့်ဖြစ်သော အသင်၏။ သတ္ထာ- လိုက်နာဖွယ်မျှား၊ တရားဒေသနာ၊ အဖြာဖြာကြား၊ ဆရာဘုရားသည်။ မဟာ— မြင့်မြတ်ကြီးကျယ်၊ တကယ်ညွှန်ဖူး၊ ပုဂ္ဂိုလ်ထူးလတ်၊ ပုဂ္ဂိုလ်မြတ်ကြီးပါပေတည်း။ ဣဟ- မဆုံး နိုင်ဖွယ်၊ ပြန့်ကျယ်ပြောလတ်၊ လောကဓာတ် ဤကမ္ဘာ၌။ တသ- ဂုဏ်အရဖြင့်၊ စုံလှမြင့်စွာ၊ သင့်ဆရာ မြတ်ဘုရား၏။ အစ္ဆေရတာ- မြေကြီးသိမ့်ကာ၊ ခြိမ့်ခြိမ့်ငြာ၍၊ ကမ္ဘာတုန်ဖွယ်၊ ဂုဏ်သွယ်သွယ်ဖြင့်၊ နှံ့ကျယ်အပြည့်၊ အံ့ဖွယ်ရှိသည်၏ အဖြစ်ကို။ ဒိသတိ- ရင်ဝယမမ၊ ရှင်ပျမကွာ၊ မြင်ရပါပေ၏။ ဤဒိသသ- အံ့ဖွယ်တော့စုံ၊ ဂုဏ်တော်ကြီးမား၊ ဤသို့သော ဆရာဘုရား၏။ သာသနမှိ၊ နည်းနာထုံးပြ၊ အသုံးချဖို့၊ ဆုံးမအပ်ရာ၊ မြတ် သာသနာ၌။ တေ- လုံ့လကိုစိုက်၊ လိုက်နာကျင့်စရာ၊ အခွင့် သာနေသော သင်၏။ ကုသိတတာ- မကြိုးမစား၊ တရား အလုပ်၊ အားထုတ်ကင်းဘိ၊ ဒေတင်းမရှိပြီ၊ ပျင်းရိသည်၏ အဖြစ် သည်။ ယုတ္တာ နု- ဘုရားဂုဏ်ဝါ၊ သာသနာအနှစ်၊ ပစ်ပယ် ထားသဖြင့်၊ အခွင့်ကျော်စွာ၊ သင့်လျော်လှပါ၏လော။

၇-ဇာတ်အားဖြင့်မြတ်ပုံ ဆင်ခြင်ခြင်း

သင်ဟာ ဘုရားသားတော်၊ ဘုရားသားတော်ဖြစ်တော့ ဘဘုရားရဲ့ သာကီယဇာတ်အရ သင် ယုတ်ညံ့တဲ့ ဇာတ်ရှိသူ မဟုတ်၊ ဒါတွင်မက သီလစသော ဂုဏ်ရှိတဲ့ သမဏဇာတိ-ရဟန်းဇာတ်အရလည်း မြင့်မြတ်တဲ့ဇာတ်ရှိသူ တစ်ယောက်ဖြစ်တယ်၊ ဒီလို မြင့်မြတ်သောဇာတ်ရှိဘဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေပါလျက် ဇာတ်မြင့်သူတို့နဲ့ မအပ်စပ်သည့် ပျင်းရိသူ ဟစ်ယောက် ဖြစ်နေဖို့ရာ မသင့်တော်ပါတကားဟု ဇာတ်အားဖြင့် မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းဟာလည်း ဝိရိယ သမ္မာဇျင်ဖြစ်ဖို့ရာ အကြောင်းတစ်ရပ်ပါဘဲ။

ဇာတိယာ သာကိယော ဗုဒ္ဓ-
ပုတ္တော စေ အလသော ဘဝေ၊
သတံ နိန္ဒံ လဘေ စာထ-
ကိံ တဝ ဗုဒ္ဓ ပုတ္တတာ။

ဇာတိယာ- အမြင်ထယ်ထယ်၊ စင်ကြယ်ဖြိုးလျှပ်၊ အမျိုးဇာတ်အားဖြင့်။ သာကိယော- သာကီယဇာတ်၊ တကယ်မြတ်သော။ ဗုဒ္ဓပုတ္တော- မြတ်ဘုရား၏၊ သားတပည့်သည်။ (သမာနော) ဗုဒ္ဓသာသနာ၊ သံဃနွယ်ဝင်မို့၊ တကယ်ပင် ဖြစ်နေပါလျက်။ အလသော- တရားဆုတ်လျက်၊ အားထုတ်ခြင်းကင်း၊ အဘင်းမရှိ၊ ပျင်းရိသူသည်။ စေ ဘဝေ-တကယ်မေ့မေ့၊ အကယ်၍ ဖြစ်ပြားအံ့။ သတံ- သူတော်ကောင်းထိုထို၊ ပုဂ္ဂိုလ်မြတ်တို့၏။ နိန္ဒံ-အပျင်းသမား၊ ဘုရားသားမပီဟု၊ အလီလီဖွဲ့၊ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း။ လဘေ- ဂုဏ်သတင်းမဲ့ကာ၊ ရခဲ့

ရာ၏။ တ၀- ဝိရိယမျိုး၊ တန်ခိုးမထင်၊ အကျိုးမမြင်သော သင်၏။ ဗုဒ္ဓ ပုဏ္ဏဘာ- သူ၊ ဇိတ်တွင်၊ အထင်ကြီးမား၊ ဘုရားသားတော်၏ အဖြစ်သည်။ ကိုံ- အထင်ကြီးသလောက်၊ ခရီးရောက်အောင်၊ ကြီးမောက်ဖို့မရှယ်၊ တကယ်မတိုးဘိ၊ အဘယ် အကျိုးရှိပါအုံနည်း။

၈-သီတင်းသုံးဖော်တို့၏ မြတ်ပုံ ဆင်ခြင်ခြင်း

အရှင်သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလ္လာန်နဲ့ ရှစ်ကျိပ်သော မဟာသာ၀ကကြီးတွေဟာ ဂုဏ်အားဖြင့် အလွန် ထူးခြားမြင့်မြတ်သော ပုဂ္ဂိုလ်ကျော်တွေ၊ ထိုပုဂ္ဂိုလ်ကျော် မထေရ်မြတ်ကြီးဟာ ဝိရိယတံခွန် လွှင့်ထူကာ လောကတွေ့ရာတရား ကိုးပါး ထိုးထွင်း သိဘော်မှခဲ့ကြလို့ သူ့ကလို မြင့်မြတ်ဘဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြခြင်း ဖြစ်တယ်၊ သင်ရော ထိုသီတင်းသုံးဖော် အရှင်မြတ်တို့ရဲ့ ဝိပဿနာလမ်း မဂ်လမ်းကို အစွမ်းထုတ်ကာ လိုက်ပါရဲ့လား၊ မလိုက်ဘူးလား၊ ဒီလို သီတင်း သုံးဖော်တို့၏ မြင့်မြတ်သည့်အဖြစ်ကို ဆင်ခြင်ခြင်းဟာလည်း ဝိရိယသမ္ဗောဇ္ဈင် ဖြစ်လာဖို့ အကြောင်းတစ်ရပ်ပါဘဲ။

သေဋ္ဌ သ ဗြဟ္မစာရိနံ-
မဂ္ဂံ ကိုံ ပဋိပဇ္ဇသိ၊
ခ ခ တေ ဝိရိယေနေ၀-
ပဋိ၀ိဇ္ဈံ သ နုတ္တရံ။

တံ- သာသနာတွင်၊ ဂုဏ်အင်ထုံသင်း၊ သီတင်းသုံးဖော်၊ မထေရ်ကျော်ကဝိ၊ အဖော်ရှိနေသောသင်သည်။ သေဋ္ဌ သဗြဟ္မ

စာရိုနံ- သာရိပုတ္တာ၊ မောဂ္ဂလ္လာန တစ်ဖြာ၊ မဟာကဿပ၊ စသည်ကျော်ကြား၊ မိမိသီတင်းသုံးဖော် အမျှားတို့၏။ မဂ္ဂ-အရိယမဂ်၊ နိဗ္ဗာန်တက်သည့်၊ အထက်တန်းခေါ်၊ မဂ်လမ်းဟော်ကို။ ပဋ္ဌိပဇ္ဇသိ ကိ- အခွင့်မကွာ၊ အကျင့်ပါလျက်၊ သင့်စ္ဒာမနား၊ တရားမကွာဘိ၊ သွားပါ၏လော။ တေ- ထို သင့် သီတင်းသုံးဖော်၊ အကျော်အမော် အစားစား၊ မထေရ်မြတ် အမျှားတို့သည်။ ဝိရိယေနေ ဝ- မာန်နှင့် ဇဲနှင့်၊ အကဲမြင့်လျက်၊ ရဲရင့်တည်တည်၊ အရည်ရှိစွ၊ ဝိရိယဖြင့် သာလျှင်။ အနုတ္တရံ- ကိလေသာဝတ်၊ ကင်းအောင်ဖြတ်သည့်၊ မြတ်လှချုပ်ခြာ၊ လောကုတ္တရာ တရားတော်ကို။ ပဋ္ဌိဝိဇ္ဈိ သု နုံ-ဉာဏ် အမြင်ပေါက်၊ အလင်းရောက်အောင်၊ ထွင်းဖောက်သိမြင်တော်မူကြကုန်ပြီ မဟုတ်ပါလော။

၉-ပျင်းရိသူတို့ကို ရှောင်ခွာခြင်း

ပျင်းရိခြင်းဟာ ဝိရိယနဲ့ ဆန်ကျင်ဘက်ဖြစ်သလို လူပျင်းနဲ့ ပေါင်းသင်းခြင်းဟာလည်း ဝိရိယသမ္မာဇျင်ဖြစ်ဖို့နဲ့ တစ်ဖက်တစ်လမ်း ဆန်ကျင့်ဘက်ပါဘဲ၊ ဆန်ကျင်ဘက် ဖြစ်လို့လည်း လူပျင်းနဲ့ပေါင်းသူအဖို့ ဝိရိယသမ္မာဇျင်ဖြစ်ဖို့အရေး ဝေးလွပါသေးတယ်၊ ဒုါ့ကြောင့် ဆန်ကျင်ဘက်ကို ပယ်ခွာရမှာ ဖြစ်ဘော့ အဌကထာက ဝမ်းပြည့်အောင်စားပြီး ခွေတည်နေတဲ့ စပါးကြီးမြေကြီးလို ကိုယ်လုံ့လ စိတ်လုံ့လ လုံးဝလက်လွှတ်ထားတဲ့ အပျင်းသမားတို့အား ရှောင်ရှားသော ပုဂ္ဂိုလ်အဖို့ ဝိရိယသမ္မာဇျင်ဖြစ်နိုင်ကြောင်း မိန့်ဆိုပါတယ်။

၁၀–ဝိရိယရှိသူကို မှီခိုဆည်းကပ်ခြင်း

ဝိရိယရှိသူကို ဆည်းကပ်ခြင်းဆိုတာ ကမ္မဋ္ဌာန်းအလုပ် တကယ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို ရံခါရံခါ မကြာမကြာ ဆိုသလို ဆည်းကပ်ခြင်းကို ဆိုပါတယ်၊ နောက်ကလည်း ကလျာဏမိတ္တ အရေးကြီးကြောင်း ပြောခဲ့ပါပြီ၊ ဒီလိုပုဂ္ဂိုလ် မျိုးက ကိုယ်တိုင်က တကယ့် ဝိရိယရှင်ဖြစ်တဲ့ အတိုင်းဘဲ သူဘစ်ပါးကိုလည်း ကြိုးစားဖို့ နှိုးဆော်အားပေးတတ်၊ ဝိရိယ ဖြစ်ဖို့ ဝိရိယနည်းမှန်ဖို့ နည်းလမ်းပေးတတ်တော့ မိမိမှာ ဝိရိယဖြစ်ဖို့အရေး အားဆေး တစ်ရပ်သဖွယ် ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဝိရိယရှိတဲ့ ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်းဟာ ဝိရိယ သဒ္ဓမ္မာဇျင်ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၁၁–ဝိရိယသဒ္ဓမ္မာဇျင်၌ သက်ဝင်စိတ်ညွှတ်ခြင်း

လူဖျင်းအဖို့တော့ အပျင်းဟာ အရသာ တစ်မျိုးပါဘဲ၊ ဘာဝနာအလုပ် အားထုတ်ကြတဲ့ ဝိရိယရှင်တွေ အဖို့တော့ ထိုအပျင်းဟာ မသုံးသင့်တဲ့ အဆိတ်အတောက်သဖွယ် ထင်ကြ တယ်၊ ဒါကြောင့် စိတ်မတ္တန့်ဆုတ်ရ မပျင်းရအောင် အမြဲတမ်း ပြုပြင်ပေးကြတယ်၊ ထိုပုဂ္ဂိုလ်သည်အဖို့ ဝိရိယဖြစ်ဖို့ ဝိရိယလျော့ မသွားဖို့ အမြဲဇမ်း စိတ်ညွှတ်လျက်ရှိနေတော့ မဖြစ်သေးတဲ့ ဝိရိယဖြစ်လာ၊ ဖြစ်ပြီးဝိရိယလည်း အဆင့်ဆင့် တိုးတက်လာ ရတယ်၊ ဒါ့ကြောင့်ဝိရိယဖြစ်ဖို့စိတ်သက်ဝင်ညွှတ်ကိုင်းနေမှုဟာ ဝိရိယသဒ္ဓမ္မာဇျင်ဖြစ်ဖို့ရာ အရေးကြီးတဲ့ အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

ပီတိသမ္မောဇ္ဈင် ဖြစ်ကြောင်း

ရဟန်းတို့....မဖြစ်သေးသော ပီတိသမ္မောဇ္ဈင်ဖြစ်ပို့ရာ,ဖြစ်ပြီးသော ပီတိသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြောက်ပို့ရာ အကြောင်းဟာ ဘာလဲ၊ ရဟန်းတို့-ပီတိသမ္မောဇ္ဈင်ဖြစ်ကြောင်းတရားတွေ ရှိနေကြတယ်၊ ဇုံပီတိဖြင့်ကြောင်း တရားတွေမှာ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုများစွာပြုခြင်းဟာ မဖြစ်သေးသော ပီတိသမ္မောဇ္ဈင်ဖြစ်ပို့ရာ, ဖြစ်ပြီးသော ပီတိသမ္မောဇ္ဈင်၏ဘာဝနာ ပြည့်စုံပြီးမြောက်ပို့ရာ အကြောင်းပင်ဖြစ်တော့တယ်။

ဒီ မဟာဝဂ္ဂသံယုတ် ဒေသနာအရ ပီတိ သမ္မောဇ္ဈင် ဖြစ်ကြောင်းတရားတို့၌ ယောနိသောမနသိကာရများစွာပြုခြင်းဟာ ပီတိသမ္မောဇ္ဈင် ဖြစ်ကြောင်းလို့ သိရပါတယ်၊ ပီတိသမ္မောဇ္ဈင်ဖြစ်ကြောင်းတရားဆိုတာပီတိဘဲလို့ လည်းဆိုရတယ်၊ ပီတိဖြစ်လာပြီဆိုယင် နောက်လည်း ဆက်ဆက်ဖြစ်လာတော့ အသစ်အသစ်ဖြစ်လာတဲ့ ရှေးရှေးပီတိဟာ နောက်နောက်ပီတိ ဖြစ်ခြင်းအကြောင်း ဖြစ်ရတယ်။

ထိုပီတိ၌ အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု ယောနိသောမနသိကာရဆိုတာ ပီတိဖြစ်ပေါ်လာအောင် ပြုတဲ့ နှလုံးသွင်းမှုကို ဆိုပါတယ်၊ ပီဘင်၏ အာရုံကိုလည်း ပီတိဖြစ်ကြောင်းတရားလို့ ဆိုရပါတယ်၊ ဘုရားရှင်၏ ဂုဏ်တော် စသော အာရုံက ပီတိဖြစ်ကြောင်းမို့ တပ်ပီတိ၏ အာရုံ ဘုရားရှင်၏ ဂုဏ်တော် စသည်ကိုလည်း ပီတိသမ္မောဇ္ဈင် ဖြစ်ကြောင်းလို့ ဆိုရပါတယ်။

ပီတိသမ္မောဇ္ဈင်ဖြစ်ကြောင်း ၁၁-ပါး

အဌကထာမျှားမှာပီတိသမ္မောဇ္ဈင်ဖြစ်ကြောင်းဆယ့်တစ်ပါး လာပါတယ်။

ဗုဒ္ဓ ဓမ္မ၊ သံဃ သီလ၊ စာဂ ဒေဝတာ၊ ဥပသမာထိ၊ နုဿတိ ခုနစ်ဖြာ၊ သဒ္ဒါခြောက်ခန်း၊ ကြမ်းတမ်းသူခွာ၊ သဒ္ဒါရှိန်တော့၊ သိမ်ငယ်သူခို၊ ကြည်ညိုဖွယ်မှန်၊သူတွန်တော့ဘီ၊ ပီဘိဃဏန်စ်၊ သက်ဝင်ဖြစ်၊ ဆယ့်တစ်ပီတိ ဖြစ်ကြောင်းတည်း။

၁-ဗုဒ္ဓါနုဿတိ

ဘုရားရှင်ဂုဏ်တော်ခေတ္တကို အဖန်ဖန် အောက်မေ့ခြင်းဟာ ပီတိသမ္မောဇ္ဈင်ဖြစ်ခြင်းအကြောင်းပါဘဲ၊ ဒါပေမယ့် အောက်မေ့ဘာတ်မှလည်း ပီတိဖြစ်ပါတယ်၊ ဘုရားရှင်၏ ပါရမီတော်တွေ သူမတူအောင် ထူးထူးခြားခြား ဖြည့်ခဲ့ပုံ၊ ထိုသို့ထူးခြားအောင် ဖြည့်ခဲ့လို့ဘဲ ဘုန်းတော်ကံတော်မျှား သူမတူအောင် လွန်ကဲပုံ၊ ဉာဏ်ဘော် အမြင်ကလည်း ဘယ်သူမှ တူမရအောင် မြင်စွမ်း သိစွမ်းနိုင်ပုံ၊ တန်ခိုးတော်အရာလည်း ပြိုင်ဘက် မရှိအောင် ကြီးမားလှပုံ၊ ရုပ်ပုံတော်အရာလည်း သူမတူအောင် ကြည်ညိုဖွယ် ဆောင်ကာ ရှုချင်ဖွယ်ရာဖြစ်ပုံ စသည်ဖြင့် အောက်မေ့ဖွယ်အဖုံဖုံ ဂုဏ်တော်တော်လေးပါတယ်၊ ထိုဂုဏ်တော်တွေကို လေ့လာခြင်းဖြင့် ဘုရားရှင် ဂုဏ်တော်တွေကို အမျှားအပြား သိရတဲ့အခါ အောက်မေ့တိုင်း ကြည်နူးနှစ်သိမ့်ဖွယ် ကြုံရပါလိမ့်မယ်၊အဆုံးသဖြင့် ဂုဏ်တော်တွေဖော်ကျူးထားတဲ့ သာယာသော ဘုရားရှိခိုးတွေ၊ ကြိုးစား ကျက်မှတ်ထားယင်ဖြင့်

ရွတ်လို့ကောင်း- ဆိုလို့ကောင်းလို့၊ ရွတ်ဖတ် ပူဇော်ရတဲ့အခါ၊ ကြည်နူးရ၊ ဖော်ကျူးထားတဲ့ ဘုရားဂုဏ်တော်တွေက ကြည်ညိုပယ်တွေမို့ ရွတ်ရင်း ဆိုရင်း ဂုဏ်တွေ သိကာ ပီတိတွေ ဖြာလာနိုင်ပါတယ်၊ ဒါ့ကြောင့် ဘုရားဂုဏ်တော် အောက်မေ့လို့ ပီတိဖြစ်ရတာဟာ အောက်မေ့တတ်မှလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်၊ အောက်မေ့တတ်သူအဖို့ အောက်မေ့တဲ့အခါ ဥပစာရသမာဓိ အထိ ပီတိကြောင့် ဖြစ်ရတဲ့ ဝေဒနာတရပ်တွေ အနှံ့တင်ကိုယ်လုံးပြန့်ကာ ပီတိတွေ ဖြာလာရတာမို့ ဗုဒ္ဓါနုဿတိဟာ ပီတိသမ္မောဇ္ဈင် ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

ပုဏ္ဏရိုကံ ယထာ ဝဂ္ဂု-တောယေန နုပလိမ္မတိ၊
ဧဝံ ပုညေ စ ပါပေ စ-ဥဘယေ တံ နလိမ္မသိ၊
ပါဒေ ဝိရ ပသာရေဟိ-ဝါသေဌော ဝန္ဒတိ သတ္ထုနော။

ဝဂ္ဂု-ရွှေချင်စဖွယ်၊ တင့်တယ်လှပသော၊ ပုဏ္ဏရိုကံ-မြေးတထုံထုံ ဂုဏ်တံဆိတ်ဖြာ၊ ပုဏ္ဏရိုက်ကြာသည်။ တောယေန-မိမိမှုရာ၊ ရေဇလာနှင့်။ နုပလိမ္မတိ ယထာ- မယှဉ်စင်မိ၊ မငြိမကပ်လေသကဲ့သို့။ ဧဝံ-ဤနည်းထားယူ၊ အလားတူပင်။ တံ-ရှင်တော်မြတ်ဘုရားသည်။ ပုညေစ- ဘဝဖြစ်ကြောင်း၊ ကောင်းမှုဌာ လည်းကောင်း။ ပါပေစ-ဆင်းရဲဖြစ်ကြောင်း၊ မကောင်းမှုဌာ လည်းကောင်း။ ဥဘယေ-ကောင်း မကောင်း နှစ်ပါး၊ အကြောင်းတရားဌာ။ နလိမ္မသိ-ဂင်ဖြင့်သိမ်းရ၊ မလိမ်းကပ်ဘိ၊ မငြိမတွယ်တော့ပါပေ။ ဝိရ-ရဲရင့်တည်ကြည်၊ ဇာနည်ယောကျ်ားရှင်တော်မြတ်ဘုရား။ (တံ)တပည့်အများ၊ အားထားရာသင်၊

ရှင်တော်မြတ်ဘုရားသည်။ ပါဒေ-စက်လက္ခဏာ၊ သာယာဖွယ်ဖော်၊ ခြေတော်အစုံတို့ကို။ ပသာရေဟိ-ဖူးမြော်ဖို့ရာ၊ ဆန့်တော်ဖြန့်တော်မူပါဘုရား။ ဝါသေဌော-ဝါသေဋ္ဌအမည်ရှိ၊ ဘုရားတပည့်တော်သည်။ သတ္ထုနော-ဆရာသခင်၊ ရှင်တော်မြတ်ဘုရား၏။ ပါဒေ-မြေးတံထိုးထို၊ ဂုဏ်တံဆိတ်ဝေ၊ ပုဏ္ဏရိက် ခြေတော်တို့ကို။ ဝန္ဒတိ-လွန်စွာမြတ်နိုး၊ အားတော်ကိုး၍၊ ရှိခိုးကန်တော့ပါသည် ရှင်တော်မြတ်ဘုရား။

၂-ဓမ္မာနုဿတိ

ထို့အတူ ဘုရားဟော တရားတော်တို့၏ ကောင်းမွန်ပုံ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားကို့၏ ထူးခြားမြင့်မြတ်ပုံ အဖုံဖုံကို ငလေ့လာထားလျှင် တရားတော်ဂုဏ်ကို အောက်မေ့ရတာလည်း ပိတိဖြစ်နိုင်တာမို့ ဓမ္မာနုဿတိဟာလည်း ပိတိသဏမ္မာဇ္ဈင် ဖြစ်ခြင်း အကြောင်းပါဘဲ။

ဓမ္မော တေ နာထ သ္သာက္ခာတော-
နုတ္တို လောကမှိ တာဒိသော၊
တ မာဂမ္မ ဇနာ သန္တော-
ကထံ နော ပူဇယာမ တံ။

နာထ-သခင်ဝါအလုံး၊ ညွှတ်ရိုးလေးစား၊ အားထားရာသခင်၊ ရှင်တော်မြတ်ဘုရား။ တေ-လူမွန်နတ်မွန်၊ ပညာခွန်တို့၊ အလွန်လေးစား၊ ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော-မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မကွန် ၁၀-ပါး၊ အတုမဲ့မြတ်ဘရားကို။ သ္သာက္ခာတော--သင်ရာ ကျင့်ရာ၊ သိမြင်ရာဟု၊ အခါတိုင်းမှာ၊ ချမ်းသာရအောင်၊ ဖော်ဆောင်လေးမြတ်၊ ကောင်းစွာ ဟောကြားတော်မူအပ်ပါ

ပေ၏။ လောကမှီ-ရှေးခေတ်ခုခေတ်၊ နှစ်ခေတ်ပြောရ၊ လောကအတွင်းဌာ။ တာဒိသော-ရှင်တော်ဘုရား၊ မြတ်တရားသို့၊ အမျှားမြတ်နိုး၊ ထိုသို့သော တရားမျိုးသည်။ နတ္ထိ-ဘယ်သို့ရှာကြည့်၊ ဘယ်မှာမှမရှိပါပေ။ တံ-ထိုရှင်တော်မြတ်ဘုရား၊ မြတ်တရားကို။ အာဝဟမု-သင်မှု ကျင့်မှု၊ အစဲပြု၍။ ဇနာ—အရိယာမျှားဖျင်၊ တရားရှင်ပုဂ္ဂိုလ်အပေါင်းတို့သည်။ သန္တော—ကိလေသာတလူလူ၊ အပူခပ်သိမ်း၊ ပပျောက်ငြိမ်းကြရုပါကုန်သည်ဘုရား။ (မယံ) တရားတော်ဂုဏ်၊ အာရုံထားသည့်၊ ဘုရား တပည့်တို့သည်။ တံ-ကောင်းခြင်းအဖုံ၊ စုံလင်ပြတ်သား၊ မြတ်ဘုရား၏၊ တရားရတနာ၊ ထူးမြတ်စွာကို။ ကထံ နော ပူဇယာမ-ခေတ်ပေါ် အမျှား၊ တရားကိုထက်၊ နှစ်သက်ဖွယ်မျိုး၊ မြတ်နိုးဖွယ်ရာ၊ တကယ်သာမို့၊ အဘယ်မှာ မပူဇော်ဘဲ ရှိပါအုံနည်း။ ပူဇယာမ ဝေ-အာမိသနှင့်၊ မမှန်စ်ဖြာ၊ ပူဇာကိုပေါ်၊ တူပျော်တက္ခ၊ ပူဇော်ကြမည်သာ ဖြစ်ပါတော့သည်ဘုရား။

၃-သံဃာနုဿတိ

သံဃာတော်၏ ကောင်းပွန်စွာ ကျင့်ခဲ့ပုံစသော ဂုဏ်တော်တွေဟာလည်း လေ့လာထား၊ စူးစမ်း ဆင်ခြင်ထားလျှင် အောက်မေ့တဲ့အခါ ပီတိဖြစ်နိုင်တာမို့ သံဃာနုဿတိဟာလည်း ပီတိသမ္ဘောဇ္ဈင်ဖြစ်ကြောင်း တစ်ရပ်ပါဘဲ။

သံဃမှိ နော ပသန္နာသု-
သံဃော နော ဟိတကာရကော၊
သံဃံ နိဿာယ အမ္မေဟိ-
ဓမ္မော သံဃော စ ဉာယရေ။

နော-သံဃာ့ဂုဏ်ရည်၊ ယုံကြည်ညွှန်ထုတ် အကျွန်ုပ်တို့သည်။ သံဃမ္ပေ၊ မြတ်ဘုရား၏ သားတပည့် သံဃာ၌။ပသန္နော-ယုံလည်း ယုံပြီ၊ ကြည်လည်းကြည်သည့်၊ အဆိုနိစ္စ၊ ကြည်ညိုကြကုန်သည်။ အသ-အရတော်စ၊ ဖြစ်ကြပါကုန်၏။ သံဃော-သာသနာ့ဝန်၊ ကျေပွန်အောင်ထမ်းလာ၊ သံဃာတော်အပေါင်းသည်။ နော-အကျွန်ုပ်တို့၏။ ဟိတကာဂုဏော-ကောင်းကျိုးအများ၊ တရားတိုးအောင်၊အကျိုးဆောင်တော်မူတတ်ပါပေ၏။(ဟိ)ထိုစကားကောန်၊မှန်လှပါပေ၏။ သံဃံ-သံဃာတော်ဆို၊ ပုဂ္ဂိုလ်မြတ်ဘုရားတပည့်အပေါင်းကို။နိဿာယ-အတည်ကျကျ၊ အမှီရကြကုန်၍။ အဓမ္မဟိ-ဘုရားတပည့်အမှန်၊ သံဃာတပည့်သမုတ်၊ အကျွန်ုပ်တို့သည်။ ဗုဒ္ဓေါ စ-ရှေကပင့်သွား၊ တရားဘုရင်၊ ဘုရားရှင်တုမရှိကိုလည်းကောင်း။ ဓမ္မော စ-သင်အပ် ကျင့်အပ်၊ အမြတ်အစားစား၊ တရားအဖြာဖြာ၊ ရတနာကို လည်းကောင်း။ ဥယျောရေ-ဥယျန်တွင်-သံဃာ့အသင်အပြ၊ ခံယူရ၍၊ ယနေ့တိုင်ပင်၊ အပြင်မမှားဘိ၊ ထင်ရှားသိအပ်ပ ါပေကုန်သတည်း။

၄-သီလာနုဿတိ

ရဟန်းတော်များ ကာလရှည်ကြာစွာ မကျိုးမပေါက်ရအောင် စောင့်ရှောက်ထားတဲ့ မိမိ၏ စတုပါရိသုဒ္ဓိသီလကို ဆင်ခြင်တဲ့အခါ၊လူများအဖို့လည်း မိမိတို့ရဲ့ မကျိုးမပေါက်မပြောက် မကျား ပြည့်ပြည့်ဝဝ စင်ကြယ်လှတဲ့သီလကို ဆင်ခြင်တဲ့အခါ ပီတိဖြစ်စရာမို့ သီလဂုဏ်ကို အောက်မေ့ခြင်း သီလာနုဿတိ ဟာလည်း ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ခု ပါတဲ့။

ရက္ခိတံ မေ သီလံ သန္တ-
သေဝိတံ မဂ္ဂပါဒကံ၊
ဂန္ဓံ တံ မဏ္ဍနံ မယှ-
မဟော မေ သီလဝန္တတာ။

သန္တသေဝိတံ–ပါရမီရှင်၊ သူတော်စင်တို့၊ ဌင်မင် စုံညီ၊ အကုန်မှီလျက်၊ အတည်စွဲလတ်၊မှီဝဲအပ်ပေတသော။မဂ္ဂပါဒက်–ကိုလေသာဖျက်၊ စိန်စက်အလား၊ မဂ်တရား၏၊ ရှေဖျားမူလ၊ ဗ,အနေမှန်၊ အခြေခံလည်း ဖြစ်ပေထသော။ သီလံ-မကျိုးမပေါက်၊ မပြောက်မကျား၊ အမှားမစွဲ၊ ပုလဲတရုတည်၊ ဝဇီရအလား၊ သီလတရားကို။ မေ-ဘေးရန်ကင်းရေး၊ အေးဖိုတ္ဌက်တ,၊ ချမ်းသာရလို၊ ဤငါ့ကိုယ်သည်။ ရက္ခိဟံ-မဂ်ဖိုလ်ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရှင်မြူးလေးမြတ်၊ စောင့်သုံးအပ်ပါပေပြီ။ မယှံ-မိမိသက်သာ၊ ကိုယ့်ချမ်းသာတွက်၊ မငဲ့ကွက်ဘဲ၊ အားခဲအားထုတ်၊ အကျွန်ုပ်၏။ တံ သီလံ–အပြစ်ကင်းဌ၊ အရည်လှလျက်၊ ကြည်မြမက္ခာ၊ ထိုသီလရတနာသည်။ ဂန္ဓ-ဂုဏ်သတင်းဟု၊ တုံသင်းပျံ့ကာ၊ ရနံ့ပြာ၊ နံ့သာလည်းဖြစ်ပါပေ၏။မဏ္ဍနံ-ကိုယ်လည်းယဉ်ယဉ်၊ နှုတ်လည်းယဉ်ဖို့၊ တင်လှမ်းမက္ခာ၊ အဆင်တန်ဆာလည်း ဖြစ်ပါပေ၏။မေ-ပဋိပတ်ဟု၊ အမြတ်စခန်းတွင်၊ မှတ်တမ်းဝင်ဖို့၊ အမြင်လွန်ဟုတ်၊ အကျွန်ုပ်၏။ သီလဝန္တတာ–ဒုဿီလခက်၊ အလှဖျက်သည့်၊ မည်းစက်မထင်၊ ဖြူစင်တဲ့ခ၊ အကြည်ရဘီ၊ သီလရှိသည်၏အဖြစ်သည်။ အဟော-စိတ်ကြည်လင်လျက်၊ နှစ်သက်ပီတိ၊ ပဿဒ္ဓိသုခ၊ တည်လှသမာဓိ၊ မဂ်ထိုဖိုလ်တိုင်၊ ရနိုင်ဖွယ်ကောင်း၊ အကြောင်းရပ်သာ၊ ကောင်းမြတ်လှပါတော့သည်တကား။

၅-စာဂါနုသတိ

ရဟန်းတော်များ အစားအစာ ရှားပါးလှတဲ့အခါ ၎င်သည်မှာ ကိုယ်ရလာတဲ့ဘောဇဉ်ကို သီတင်းသုံးဖော်တို့အား လှူဒါန်းပြီး ဒီလိုအခါမျိုးမှာ ဒီလိုဒါနမျိုး ငါလှူရပါတကားလို့ မိမိဒါနဆင်ခြင်ရတဲ့အခါ လူများမှာလည်း ဒီလိုအခါမျိုးမှာ သီလဝန္တ ပုဂ္ဂိုလ်တို့အား လှူဒါန်းပြီး ထိုသို့လှူရတဲ့ဒါနကို ပြန်လည်ဆင်ခြင်တဲ့အခါ ပီတိဖြစ်စေရာမို့ စာဂါနုသတိဟာလည်း ပီတိသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းပါဘဲ။

ဒီနေရာမှာ ရှားပါးတဲ့အခါ လှူရတဲ့ ဒါနဟာ ပိုပြီး ပီတိဖြစ်စေတတ်တာမို့ ထိုအခါ လှူရတဲ့ဒါနကို အောက်မေ့ခြင်းကို အထူးဆိုခြင်း ဖြစ်ပါတယ်၊ ပကတိအခါ ဝမ်းမြောက်ရှင်ပျအားရဝမ်းသာ လှူခဲ့ရတဲ့ ဒါနတွေဟာလည်း အောက်မေ့တိုင်း ပီတိဖြစ်နိုင်တာချည်းပါဘဲ။

ဒါနံ နိဝါသံ အနုဿ-
ဒိန္နံ မေ သဗ္ဗကာမဒံ၊
ဒါနာဝရိ ဟဇ္ဇ ယုဒ္ဓမ္မ-
ဇယော မမ အဟော အဟော။

နိဝါသံ-အရေးကြုံသော်၊ ထုတ်ဖော်သုံးရန်၊ မြှုပ်နှံထားရာ၊ ရတနာသိုက်၊ ဘဏ္ဍာတိုက်လည်း ဖြစ်ပေထသော။ အနုဿ-ဘဝထိုထို၊ ကိုယ်နှင့်မကွာ၊ ထက်ချပ်ပါ၍၊ ချမ်းသာအောင်ပြု၊ အနုဂါမိကဥစ္စာ၊ ရတနာလည်းဖြစ်ပေထသော။ သဗ္ဗကာမဒံ-လိုရာ လိုရာ၊ ချမ်းသာအတိ၊ သမ္ပတ္တိအထွေထွေ၊ ပေးတတ်ပေ

ထသော။ ဒါနံ-အလောင်းအလျှာ၊ ပေါင်းတကာတို့၊ ကောင်း စွာ ဖြည့်ကြ၊ လှူဒါနကို။ မေ—သဒ္ဓါဖော်လျက်၊ အပျော်ဘက်ဌ၊ နှစ်သက်အားထုတ်၊ အကျွန်ုပ်သည်။ ဒိန္နံ-လှူကျိုးနပ်စွာ၊အမြတ် သာဟု၊ သဒ္ဓါဖွေးခြို့၊ အရေးယူလတ်၊ ပေးလှူအပ်ပါပေပြီ။ အဇ္ဇ-စေတနာကဲ၊ သဒ္ဓါရဲလျက်၊ ဇဲမဏ်တက်ရာ၊ ဤနေ့ခါဌ၊ ဒါနာရီဟိ-မဇ္ဈရန္နင့်၊ လောဘ ဣဿာ၊ အဘိဇ္ဈာထည့်၊ မိမ္ဆာ ဒိဋ္ဌိ၊ စရှိဆူဆူ၊ အလှူဖျက်ရန်သူတို့နှင့်။ ယုဒ္ဓမ်-မပေါ်လာရှေ့၊ တွန်းလှန်ပစ်လျက်၊စစ်ဖက်ရုဌ။ မမ-စေတနာကဲ၊သဒ္ဓါရဲလျက်၊ ဇဲတံခွန်ထုတ်၊ အကျွန်ုပ်၏။ ဇယော-အကဲလှလျက်၊ ပဲရဂုဏ် ဝင်း၊ အောင်မြင်ခြင်းသည်။ အဟော—အရတော်လှ၊ ကောင်း လေစွဟု၊တကာတကာ၊ အားရဖွယ်ကြီးပါဘကား။ အဟော— လူဖြစ်ကျိုးနပ်၊ အမြတ်ကြုံရ၊ ငါ့ဘဝဟု၊ ဝတ္ထုဆလန်းကာ၊ ချမ်းသာတကယ်၊ ချော်-ဝမ်းသာဖွယ်ကြီးသာ တကား။

၆-ဒေဝတာနုဿတိ

သဒ္ဓါစသော တရားဂုဏ် ပြည့်စုံကြတဲ့ပုဂ္ဂိုလ်တွေ နတ်ပြည် ဗြဟ္မာ့ပြည် ရောက်ကြတယ်၊ တိုနတ်ပြည် ဗြဟ္မာ့ပြည် ရောက် ကြောင်း ကောင်းမြတ်သော သဒ္ဓါစသော ဂုဏ်တွေ ငါ့မှာ ရှိနေပါတကားလို့ နတ် ဗြဟ္မာတို့၏ သဒ္ဓါ စသော ဂုဏ်တွေ သက်သေတားပြီး မိမိမှာရှိတဲ့ သဒ္ဓါ စသော ဂုဏ်ကို အာရုံပြု ပွားများတဲ့ ဒေဝတာ နုဿတိဟာလည်း ပီတိ သဇမှာဇွင် ဖြစ်ကြောင်းတစ်ရပ်ပါတဲ့။

သဒ္ဓါဒယော ဂုဏာဂမ္မ-
ဒေဝလောက ဂတာ မရာ၊
အတ္ထိ မေ တေ ဂုဏာ တေဟိ-
အဟော မေ ဂုဏ တုလ္ယတာ။

အမရာ-သူတော်များကြိုက်၊ တရားလိုက်လျက်၊ အားစိုက်တတ်စွာ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ သဒ္ဓါဒေယာ-သဒ္ဓါသီလ သုတတစ်ဖြာ၊ ပညာ စာဂ၊ ဓမ္မပြားတို့၊ ငါးပါးကုန်သော။ ယေ ဂုဏေ-နတ်ဗြဟ္မာသို့၊ ရောက်ဖို့အင်စုံ၊ အကြင်ဂုဏ်တို့ကို။ အာဂမ္မ-ကိုယ်နှင့် တွဲယှဉ်၊ အမြဲဆင်လျက်၊ အသင်ကောင်းမှု၊ အကြောင်းပြု၍။ ဒေဝလောက ဂတာ-ချမ်းသာ အမျိုးမျိုး၊ တန်ခိုးအတန်တန်၊ ဗိမာန်အသင့်၊ ဘုံအသင့်ဖြင့်၊ ဂုဏ်မြင့်ဖြိုးမောက်၊ နတ်ဗြဟ္မာပြည်သို့ ရောက်ကြလေကုန်၏။ ဟေ ဂုဏာ၊ နတ်ဗြဟ္မာထံ၊ ရောက်ရန်ပုံကောင်း၊ လိုဂုဏ်အပေါင်းတို့သည်။ မေ-ဗုဒ္ဓဟောကြား၊ တရားအလိုလို၊ အတည်ရလို၊ ဤငါ့ကိုယ် အား။ အတ္ထိ-အဆင့်ဆင့်ပွား၊ အစဉ်များဘိ၊ ထင်ရှားရှိနေကြ ပါပေကုန်၏။ မေ-ဗုဒ္ဓဇီနော်၊ တပည့်တော်ဟု၊ မှည့်ခေါ်ညွှန်ထုတ်၊ အကျွန်ုပ်၏။ တေဟိ-သဒ္ဓါစသည်၊ ဂုဏ်အရည်ဖြင့်၊ စုံညီကပ်ကာ၊ မြတ်လာအစားစား ထို့နတ်ဗြဟ္မာ အများတို့နှင့်။ ဂုဏ တုလ္ယတာ-သူတို့ပုံမှီ၊ ဂုဏ်အရည်ဖြင့်၊ စုံညီဖြူဆွ၊ တစ်မူလှပြီ၊ တူမျှသည်၏ အဖြစ်သည်။ အဟော-ဗုဒ္ဓသာသန၊ ဒုလ္လဘနှင့်၊ ကြုံရကျိုးနပ်၊ အကြောင်းရပ်သာ၊ ညြော်-ကောင်းမြတ်လှပါ ကေတော့သည်တကား။

၇-ဥပသမာနုဿတိ

နိဗ္ဗာန်၏ ကိလေသာကင်းဝေးပုံ ကိလေသာကင်းဝေလို့ ငြိမ်းအေးပုံ ဒုက္ခတွေမရှိ ချုပ်ငြိမ်းပုံ စသည်ဖြင့် နိဗ္ဗာန်၏ ဂုဏ်တွေကို အာရုံပြု အောက်မေ့ပွားများတဲ့ ဥပသမာနုဿတိဟာ လည်း ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တစ်ပါးပါဘဲ၊ တချို့မထေရ်တွေ သမာပတ်နဲ့ ခ္စာထားလို့ အနှစ်ခြောက်ဆယ် ခုနှစ်ဆယ်တိုင် ကိလေသာတွေ ဖြစ်ပေါ်မလာ၊ ထိုသို့ သော ကိလေသာ ငြိမ်းအေးမှု တစ်စိတ်တစ်ဒေသကို ဆင်ခြင်အောက်မေ့မှုဟာလည်း ဥပသမာနုဿတိတစ်မျိုးပို့ ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းပါဘဲ။

ကော နု အညတြ မရိယေဟိ-
ပဒံ သမ္မုဒ္ဓေ မရဟတိ၊
ယံ ပဒံ သမ္မ ဒညာယ-
ပရိနိဗ္ဗန္တိ အနာသဝါ။

အရိယေဟိ-အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့ကို။ အညတြ-ကြည်ဖယ်ရှောင်ရှား၊ အလွတ်ကားရ။ ကော-ပုထုဇဉ် အနှယ်၊ အဘယ်ပုဂ္ဂိုလ်မျိုးသည်။ ပဒံ-အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့၊ သိအပ်အမှန်၊ နိဗ္ဗာန်ယူတ်ဖျား၊ လောကုတ္တရာ မြတ်တရားကို။ သမ္မုဒ္ဓေ-အလင်းပေါက်လျက်၊ ထင်းဖောက်ထင်လင်း၊ သိပြင်ခြင်းငှါ။ အရဟတိ နု - အမျှား အရိယာ၊ အရိုက်အရာမို့၊ ထိုက်ပါ လျော်ပါ၊ သင့်ပါတော့အံ့နည်း။ ယံ ပဒံ-အရိယာ အားလုံး၊ လက်သုံးအမှန်၊ ယင်းနိဗ္ဗာန်ကို။ သမ္မ ဒညာယ-အရဟတ္တာ၊ မဂ္ဂဉာဏ်ဆင်၊ ပညာရှိရှိ၊ ထင်စွာ သိကြကုန်သည်

ဖြစ်၍။ အနာသဝါ-အာသဝတို့၊ ကာကျကင်းဘီ၊ အလျဉ်း မရှိကြကုန်ဘဲ။ ပရိနိဗ္ဗန်-ကိလေသ ပရိနိဗ္ဗာန်၊ ဝင်စံကိန်းပျော်၊ ငြိမ်းတော် မူကြလေကုန်သတည်း။

သဒေဝကဿ လောကဿ-
ဧတေ ဝေါ သုခသမ္မတာ၊
ယတ္ထ စေတေ နိရုဇ္ဈန္တိ-
တံ တေသံ ဒုက္ခသမ္မတံ။

သဒေဝကဿ လောကဿ-နိဗ္ဗာနဓာတ်၊ မမြင်တတ်သည့်၊ နတ်နှင့်တကွ၊ တစ်လောကလုံးသည်။ ဧတေ-ထိုရူပသဒ္ဒ၊ စသည် အာရုံ၊ ကာမဂုဏ်တို့ကို။ သုခ သမ္မတာ- ချမ်းသာဟုထင်၊ အမြင်မှားလတ်၊ သမုတ်အပ်ကုန်၏။ ယတ္ထ စ-အကြင်နိဗ္ဗာန ဓာတ်၊ တရားမြတ်ဌာကား။ ဧတေ-ထိုရူပသဒ္ဒ၊ စသည် အာရုံ၊ ကာမဂုဏ်တို့သည်။ နိရုဇ္ဈန္တိ-လုံးဝရပ်သိမ်း၊ ချုပ်ငြိမ်းကြရကုန်၏။ တံ-အငြိမ်းဓာတ်မှန်၊ ထိုနိဗ္ဗာန်ကိုမူ။ တေသံ-တရားပွားဝင်၊ ပုထုဇဉ်ဟု၊ ဉာဏ်မြင်ကင်းသူ၊ ထိုနတ်နှင့်လူတို့သည်။ ဒုက္ခသမ္မတံ-ကြောက်ဖွယ်ရာမြင်၊ ကောင်းမထင်ဘဲ၊ တွင်တွင် ရှုတ်ချ၊ ဒုက္ခဟု သမုတ်အပ်ပေသတည်း။

သုခံ ဒိဋ္ဌ မရိယေဟိ-
သက္ကာယဿ နိရောဓံ၊
ပစ္စနီကမိဒံ ဟောတိ-
သဗ္ဗလောကေန ပဿတံ။

သက္ကာယဿ-ဥပါဒါန်နယ်၊ တွယ်ရာအကြောင်း၊ ခန္ဓာ ငါးပါးအပေါင်း၏။ နိရောဓံ-လုံးဝရပ်သိမ်း၊ချုပ်ငြိမ်းရာမှန်၊

မြတ်နိဗ္ဗာန်ကို။ သုခံ-ချမ်းသာ အစစ်၊ ကေန့်ဖြစ်၏ ဟူ၍။ အရိယေဟိ-သန့်ရှင်းဖြူစင်၊အရိယာအရှင်တို့သည်။ဒိဋ္ဌံ-ကိုယ်တွေ့ ဆိုက်ထိ၊ သိအပ်ပေပြီ။ ဣဒံ-နတ်လူသာမန်၊ မမြင်ဘန်သည့်၊ နိဗ္ဗာန် အငြိမ်းဓာတ်၊ ဤတရားမြတ်ကို။ ပဿတံ-မင်သိ ဖိုလ်သိ၊ အမြင်ရှိလာ၊ အရိယာ အရှင်မြတ်တို့အဖို့။ သဗ္ဗလောကေနု-ကိလေသာဟု၊ သလာတေ့ဖုံး၊ တစ်လောကလုံးနှင့်။ ပစ္စနိကံ-အမြင် နှစ်ဝ၊ ယှဉ်မရာဘဲ၊ လုံးဝဆန့်ကျင်၊ ပြောင်းပြန်ပင်။ ဓာတိ-အမှားအမှန် မြင်ပာန်ယူဆ မတူမျှခြေ ဖြစ်ရပေ သတည်း။

ဂ-ကြမ်းတမ်းသူကို ရှောင်ခွာခြင်း

ကြမ်းတမ်းသူဆိုတာ စိတ်နှလုံး မနှုံးညံ့ ကြမ်းတပ်းနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်၊ လောကမှာ အဆိပ်အစေးရှိတဲ့ ဝတ္ထုကို နှုံးညံ့ဘယ်၊ အဆိပ်အစေးမကပ် ခြောက်ထပ်ထပ် ဝတ္ထုကို ကြမ်းတယ်ဆိုတဲ့ အသုံးရှိပါတယ်၊ ဒါလိုဘဲ ကြည်ညိုထိုက်တဲ့ ရတနာ သုံးပါး စသော ဝတ္ထုတို့ဝယ် ကြည်ညိုခြင်း သဒ္ဓါဆိုတဲ့ အစေး ခြောက်ခန်း ကြမ်းတမ်းခြောက်ကပ်တဲ့ စိတ်မာတင်ရှိသူကို ကြမ်း တမ်းသူလို့ ဆိုခြင်းဖြစ်ပါတယ်၊ စေတီရုပ်ပွား ဘုရားဆင်းတု ဖူးမြော်မှု ဆရာမဇရပ်ကြီးတို့အား ဖူးမြော်မှုတို့၌ ကောင်းစွာ မယှဉ် ရှိသေလေးစားမှုမရှိခြင်းက သူ့ရဲ့စိတ်နှလုံး ကြမ်းတမ်းတယ် ဆိုတာ ပြနေပါတယ်၊ အဲဒီလို သဒ္ဓါ အစေးခြောက်ခန်း ကြမ်း တမ်း တဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်းသင်းခြင်းဟာ ပီတိဖြစ်ဖို့ အဝေးနဲ့ တစ်ပက်တစ်လမ်း ဆန့်ကျင်ဘက်ပါဘဲ၊ ဆန့်ကျင်ဘက်ဖြစ်လို့ဘဲ

ဒီလိုကြမ်းတမ်းတဲ့ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းကို ပိတိသမ္ဘောဇျင် ဖြစ်ကြောင်း တစ်ရပ်အဖြစ် ဆိုထားခြင်း ဖြစ်ပါတယ်။

၉-သိမ်မွေ့နှုးညံ့သူကို မှီဝဲဆည်းကပ်ခြင်း

သိမ်မွေ့နှုးညံ့သူဆိုတာ နှုးညံ့တဲ့ စိတ်နှလုံးရှိတဲ့ ပုဂ္ဂိုလ်ပါဘဲ၊ ရတနာသုံးပါး ဆရာသမား မထေရ်ကြီး စသည်တို့အပေါ် ရိုသေလေးမြတ် ပူဇော်တတ် ရှိခိုးတတ် မြတ်နိုးတတ်တဲ့ ပုဂ္ဂိုလ်၊ သဒ္ဓါအစေးရှိလို့ စိုပြည်နှုးညံ့ သိပ်မွေ့တဲ့ စိတ်နှလုံးရှိတဲ့ပုဂ္ဂိုလ်၊ ဒီလို ပုဂ္ဂိုလ်မျိုး မှီဝဲဆည်းကပ်လျှင် သူ့ကိုမြင်ရုံနဲ့ ပိတိဖြစ်နိုင်ရုံမက သူ့ရဲ့စိတ်ဓာတ်တွေ ကူးဆက်ပြီး မိမိလည်း ကြည်ညို၊ တတ်တဲ့ပုဂ္ဂိုလ် ပိုပြီး ကြည်ညိုတတ်တဲ့ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်၊ ရတနာသုံးပါးဂုဏ်နဲ့ စပ်ပြီး သူ့ဏ်မှ ကြားရ နာရ ဆွေးနွေးရလို့ ပိဘိတွေဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီလို သိမ်မွေ့နှုးညံ့တဲ့ ပုဂ္ဂိုလ် မှီခိုပေါင်းသင်း ဆည်းကပ် မှီဝဲရခြင်းဟာ ပိတိသမ္ဘောဇျင်ဖြစ်ကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၁၀—ကြည်ညိုဖွယ် သုတ္တန်တွေ ဆင်ခြင်ခြင်း

ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုဖွယ်ဟော်ကျူး ထူးခြားသောနည်းပရိယာယ် ခြယ်လှယ်ဆင်သ ဟောပြတော်မူရာ ဒေသနာအများပင် ရှိနေခဲ့ပါတယ်၊ ထိုသုတ္တန်များဝယ် အနက်အဓိပ္ပာယ် နားလည်သဘောကျသူတို့အဖို့ ဗုဒ္ဓရားအရသာ အနက်အရသာ သာယာဖွယ်အပုံပုံ ကြုံတွေ့ ခံစားရတဲ့အခါ လွန်စွာရှင်မြူး ကြည်နူးနှစ်သိမ့် တစိမ့်စိမ့် ပိတိဖြစ်လာရတယ်၊ နောက်ကပြောခဲ့တဲ့ဝိမုတ္တာယတန-လွတ်မြောက်ခြင်းအကြောင်း

ငါးပါးထဲမှာ တရားဆင်ခြင်ခြင်းဟာ တစ်ပါး အပါအဝင် ဖြစ်ရာ ၎င်းမှာ ပီတိမှအဆင့်ဆင့်တက်ကာ ဥပစာရသမာဓိအထိ သမာဓိလည်း ဖြစ်နိုင်၍ လွန်စ္ဓာ ကျေးဇူး မျှားလှပါတယ်၊ ဒါကြောင့် ဒီလို ကြည်ညိုဖွယ် သူတော်တွေ ဆင်ခြင်ခြင်းဟာ ပီတိ သမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၁၁-ပီတိသမ္မောဇ္ဈင်၌ သက်ဝင်ခြင်း

မေ့ပီတိဆိုတာ လွန်စ္ဓာ သာယာဖွယ်ကောင်းတဲ့ ပီတိ၊ ဒီဓမ္မ ပီတိကာ လွန်စ္ဓာကြိုးစားတဲ့ ယောဂီတွေ့မှာသာ ဖြစ်တာပါ၊ ဒီပီတိမျိုးဖြစ်လာယင်လည်း ကာမဂုဏ်အစာ အာမိသမရောလို ရှင်းမှာ သာယာဖွယ်အတိ ဖြစ်လေတော့ ထပ်ကာ ထင်ကာ လိုလားနေတော့တာပါဘဲ၊ မရသေးတဲ့ ယောဂီကလည်း ဒီပီတိ ဖြစ်ပုံကြားရတာနဲ့ ဒီလို ပီတိမျိုးဖြစ်ဖို့ လိုလားလျက် ပါဘဲ၊ ဒါကြောင့်လည်း ပီတိဖြစ်ဖို့ရာ စိတ်ပါနေကြ၊ စိတ်ပါနေကြလို့ မဖြစ်သေးတဲ့ ပီတိဖြစ်လာဖို့ ဖြစ်ပြီးတဲ့ပီတိ အဆင့်ဆင့်မြင့်တက် လာဖို့ကြိုးစားတော့တာပါဘဲ၊ ဒါကြောင့် ပီတိသမ္မောဇ္ဈင်ဖြစ်ဖို့ စိတ်ပါစိတ်ညွှတ်နေမှုဟာ ပီတိသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်း တစ်ရပ် ဖြစ်ရပါတယ်။

ပဿဒ္ဓိသမ္မောဇ္ဈင် ဖြစ်ကြောင်း

ရဟန်းတို့--မဖြစ်သေးဘဲ ပဿဒ္ဓိသမ္မောဇ္ဈင်ဖြစ်ဖို့, ဖြစ်ပြီး သော ပဿဒ္ဓိသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြင့်တက်ဖို့ အကြောင်းဟာ ဘာလဲ၊ ရဟန်းတို့- ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ရှိနေတယ်၊ ထိုပဿဒ္ဓိနှစ်ပါး၌ သင့်တင့်သော အကြောင်းမှန်

လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုခြင်းမှာ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ, ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်းပင် ဖြစ်တော့တယ်။

ကာယပဿဒ္ဓိဆိုတာက စေတသိက်တို့၏ ငြိမ်းအေးမှု၊ စိတ္တပဿဒ္ဓိဆိုတာကစိတ်၏ငြိမ်းအေးမှု၊ စိတ်စေတသိက်တွေငြိမ်းအေးနေလျှင် ရုပ်တွေလည်း ငြိမ်းအေးလာတော့တာပါဘဲ၊ ထိုပဿဒ္ဓိနှစ်ပါးဟာ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုဆိုတာ ရှေးတုန်းက မိမိမှာ ငြိမ်းချမ်းမှု ဖြစ်ခဲ့ဖူးတယ်၊ အဲဒီ ဖြစ်ခဲ့ဖူးဟဲ့ အခြင်းအရာကို မှတ်သားပြီး ယခု ထိုငြိမ်းချမ်းမှုမျိုး ဖြစ်ပေါ်လာအောင် နှလုံးသွင်းခြင်းပါဘဲ၊ ဆိုလိုတာက ရှေးက ဘာဝနာ တစ်မျိုးမျိုးအားထုတ်စဉ်က ပဿဒ္ဓိ ဖြစ်ခဲ့ဖူးတာ ရှိပါလိမ့်မယ်၊ အဲဒီပဿဒ္ဓိဖြစ်အောင် ပွားခဲ့ဖူးတဲ့ ဘာဝနာကို ပွားခြင်းပါဘဲ။

ဒီတော့ ပဿဒ္ဓိဖြစ်ကြောင်းဟာ ပဿဒ္ဓိလို့လည်း ဆိုနိုင်ပါတယ်၊ အသစ်အသစ်ဖြစ်လာတဲ့ရှေးရှေးပဿဒ္ဓိဟာနောက်နောက် ပဿဒ္ဓိဖြစ်ခြင်းအကြောင်းပါဘဲ၊ ဒါတွင်မက ပဿဒ္ဓိဖြစ်ကြောင်းတရားအာရုံဟာလည်း ပဿဒ္ဓိဖြစ်ခြင်းအကြောင်းဘဲ ဆိုရပါတယ်။

ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ခုနစ်ပါး

အဌကထာမျှားမှာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ခုနစ်ပါးလာပါတယ်။

စားကောင်းသုံးမှု၊ ဥတုဝင်ဖြာ၊ ဣရိယာပထခွဲမ်းမြေကပ်၊ လယ်အလတ်ကျ၊ ပယောဂဖန်၊ ပုပ္ပန်သူမျှား၊ ရှောင်ရှားဝေးဝေး၊ အေးချမ်းသူကပ်၊ ပဿဒ္ဓိတော်၊ သက်ဝင်ဖြစ်၊ ခုနစ်ပဿဒ္ဓိ ဖြစ်ကြောင်းတည်း။

၁–ကောင်းမှန်တဲ့အစာ မှီဝဲမှု၊
၂–သပ္ပါယဖြစ်တဲ့ ဥတု မှီဝဲမှု၊
၃–သပ္ပါယဖြစ်တဲ့ ဣရိယာပုတ် မှီဝဲမှု။

ဒီအကြောင်းသုံးပါးကို တပေါင်းတည်း ပေါင်းပြောပါတော့မယ်၊ မိမိနဲ့ သပ္ပါယဖြစ်တဲ့ ကောင်းမှန်နှုးညှံတဲ့ အစားအစာစားရယင်လည်း ပဿဒ္ဓိသမ္မောဇ္ဈင် ဖြစ်နိုင်တယ်၊ အအေးအပူဥတုနှစ်မျိုးတွင် မိမိနဲ့သပ္ပါယဖြစ်တဲ့ ဥတုကို အသုံးပြုဝံယူရယင် ပဿဒ္ဓိသမ္မောဇ္ဈင်ဖြစ်နိုင်ပါတယ်၊ သွား ရပ် တိုင် ပေါ့ပျောင်း ဣရိယာပုတ်လေးပါးတွင် မိမိနဲ့သင့်တော်ဝဲ့ ဣရိယာပုတ် အသုံးပြုနေရယင်လည်း ပဿဒ္ဓိသမ္မောဇ္ဈင် ဖြစ်လာတတ်ပါတယ်။

ဒီနေရာမှာ ဘယ်ဥတု ဘယ်ဣရိယာပုတ်မျိုးပဲကို ဆိုနိုင်ရည်ရှိတဲ့ ထူးခြားတဲ့ ပယောဂကျေးထူး ပုဂ္ဂိုလ်မြတ်မျှား ရှိတတ်ပါတယ်၊ ထိုပုဂ္ဂိုလ်မျိုးကို ရည်ပြီး သင့်တဲ့ ဥတု ဣရိယာပုတ်မှီဝဲဖို့ ဆိုတာ မဟုတ်ပါဘူး၊ တချို့ ပုဂ္ဂိုလ်မှာ သင့်တဲ့ဥတု၊ သင့်တဲ့ ဣရိယာပုတ်၊ မသင့်တဲ့ ဥတု ဣရိယာပုတ်မျိုး ရှိတတ်တယ်၊ ထိုသို့ ဆိုနိုင်ရည်မရှိသောပုဂ္ဂိုလ်မျိုးမှာ သင့်တဲ့ဥတုဣရိယာကိုမှီဝဲ၊မသင့်တဲ့ ဥတုဣရိယာပုတ်ကို ရှောင်ရှားယင် ပဿဒ္ဓိ-ဖြစ်နိုင်ပါတယ်၊ ဒီလိုသပ္ပါယဖြစ်တဲ့ အစာအာဟာရ ဥတု ဣရိယာပုတ်သုံးပါး မှီဝဲသုံးစွဲရတော့ ကိုယ်လန်းဆန်းခံ့ကျန်းလာ၊ ကိုယ်လန်းဆန်း

ခံ့ကျွန်းမှဟာ စိတ်၏ လန်းဆန်းမှုကိုလည်း ဖြစ်စေအောင် ဆောင်ရွက် ပေးသလိုဖြစ်ဘော့ စိတ်လည်းလန်းဆန်း အေးချမ်း လာရ၊ ဒီတော့ ယခင်အစာ ဥတု ဣရိယာပထ သပ္ပါယဖြစ်ရာ ပို၀ဲခြင်းဟာ ပဿဒ္ဓိနှစ်ပါး ဖြစ်ခြင်းအကြောင်းဖြစ်ရတယ်။

၄-အလယ်အလတ်ဖြစ်သော ပယောဂရှိခြင်း

မိမိ၏လည်းကောင်း သူတစ်ပါး၏လည်းကောင်း ကံသာ ကိုယ်ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်းကို မဇ္ဈတ္တပယောဂ= အလယ်အလတ် သဘောရှိတဲ့ ပယောဂ ဆိုပါတယ်၊ အလယ် အလတ်သဘောရှိတဲ့ ပယောဂဆိုတာ ဒုဋ္ဌိနှစ်ပါး ကျမသွားတဲ့ အလယ်အလတ် အကျင့်လို့လည်း ဆိုနိုင်ပါတယ်၊ ထိုသို့ အဝိုဋ္ဌ နှစ်ပါး ကျမသွားဘဲ ကံသာ ပိမိဥစ္စာအဖြစ် ဆင်ခြင်မှုဖြစ်လေ တော့ အလယ်အလတ်ဖြာ်တဲ့ စိတ်၏ဗျာပါဒလို့လည်း ခေါ်နိုင် ပါတယ်။

သတ္တဝါတို့၌ ရအပ် ခံစားအပ်တဲ့ ချမ်းသာ ဆင်းရဲဟာ အကြောင်းမရှိ အလိုအလျောက် ဖြစ်တယ်ဆိုတဲ့ အယူအဆက အဝိုတစ်ပါး၊ ထိုချမ်းသာဆင်းရဲဟာ ဘုဟ္မာ ဗိသ္ဏု အစိုးရသူ အရှင် ဟူသောအကြောင်း ရှိတယ်ဆိုတဲ့ အဟူအဆက အဝိုတစ်ပါး၊ အဲဒီ အဝိုဋ္ဌနှစ်ပါးဘက် ကျမသွားစေဘဲ မိမိ မိမိတို့ ကံကြောင့် ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ အလယ်အလတ်ဖြစ်တဲ့ အကျင့်လမ်း၊ အဲဒီ အလယ်လမ်းလိုက်မှုဆိုတဲ့ ကမ္မသကအဖြစ် ဆင်ခြင်မှုကိုမဇ္ဈတ္တပယောဂ-အလယ်အလတ်သဘောရှိတဲ့အကျင့် အလယ်အလတ်သဘောရှိတဲ့ စိတ်၏ဗျာပါဒလို့ ဆိုပါတယ်။

ဒီလို မိမိ သူတစ်ပါး၏ ကမ္မဿကအဖြစ်ကို ဆင်ခြင်မှုဟာ သူတစ်ပါးကြောင့်လည်း ကိုယ်မှာ စိတ်ပူပန်မှု မဖြစ်ရ၊ ကိုယ့်ကြောင့်လည်း ကိုယ်မှာ စိတ်ပူပန်မှု မဖြစ်ရ၊ ဒါ့ကြောင့် စိတ်စေတသိုက်တွေ ပူပန်မှုမဖြစ်ခြင်း အကြောင်းဖြစ်ကာ ပဿဒ္ဓိနှစ်ပါး ဖြစ်ပွားစေအောင် ရှက်ဆောင်တတ်တယ်၊ ဒီတော့ ဒီ အလယ်အလတ် သဘောရှိတဲ့ ပယောဂဖြစ်နေခြင်းဟာ ပဿဒ္ဓိသဒ္ဓမ္မာဇောင်ဖြစ်ခြင်းအကြောင်း တစ်ရပ်ပါပဲ။

၅-ကိုယ်စိတ်ပူပန်သူကို ရှောင်ခွာခြင်း

ခဲနဲ့ပေါက် တုတ်နဲ့ရိုက် စသည်တို့ဖြင့် တစ်ပါးသတ္တဝါတို့ကို ညှာတာသနားခြင်းကင်း ညှဉ်းဆဲလျက် လှည့်လည် နေတတ်သော ပုဂ္ဂိုလ်တို့ကို ကိုယ်စိတ်ပူပန်မှုရှိတဲ့ပုဂ္ဂိုလ် ဆိုပါတယ်၊ ဘာဝနာအလုပ် အားမထုတ်တဲ့စိတ်ကောင်းရှိသူများမှာပင် ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ တွေ့ရကြုံရ ဆက်ဆံရခြင်းဟာ စိတ်မချမ်းသာခြင်းအကြောင်း ဖြစ်ရပါတယ်၊ ငြိမ်းအေးမှုလိုလားတဲ့ ယောဂီများအဖို့မှာတော့ ပြောစရာမရှိ၊ ဒါ့ကြောင့် ဒီပုဂ္ဂိုလ်မျိုးတွေဟာ ပဿဒ္ဓိနဲ့ ဆန့်ကျင်ဘက်ဟု၊ သူတို့ကို ရှောင်ရှားခြင်းဖြင့် စိတ်မပူရ၊ စိတ်အေးရလို့ ဒီလိုပုဂ္ဂိုလ်မျိုး ရှောင်ရှားခြင်းကို ပဿဒ္ဓိသဒ္ဓမ္မာဇောင်ဖြစ်ကြောင်းလို့ ဆိုရပါတယ်။

၆-ငြိမ်းအေးသူကို မှီခိုဆည်းကပ်ခြင်း

ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်ဆိုတာ တစ်ပါးသတ္တဝါပေါ်မှာ သနားကြင်နာ မေတ္တာထားတတ်၍ လက်ခြေစောင့်စည်းတတ်တဲ့ပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်မျိုးကို ပူပန်တဲ့ ကိုယ်စိတ်မရှိတဲ့ ပုဂ္ဂိုလ် ငြိမ်းအေးတဲ့

ပုဂ္ဂိုလ် အိုပါတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးတော့ မြင်ရတွေ့ရရုံနဲ့ဘဲ စိတ်အေးငြိမ်းမှု ဖြစ်ရပါဘယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးက ကိုယ်တိုင်ဘာဝနာလက်ရှိ ပဿဒ္ဓိ၏ တည်ရာဖြစ်နေတော့ သူ့ထံမှ ကြားရ နာရဆွေးနွေးရယင် ပဿဒ္ဓိဖြစ်ကြောင်း နည်းလမ်းကောင်းရရှိနိုင်ပြီးတွေ့ရတိုင်း ကြုံရတိုင်း ပဿဒ္ဓိတွေ ဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် ဒီလို ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်ကို မှီခို ဆည်းကပ်ခြင်းဟာ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း ဖြစ်ရပါတယ်။

၇-ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း

ငြိမ်းအေးမှု ပဿဒ္ဓိဟာ ယောဂီတို့ရဲ့ ထူးခြားတဲ့ အရသာသာယာဖွယ်တစ်မျိုးပါဘဲ၊ တကယ်ပင် ကိုယ်စိတ် ချမ်းသာစေတတ်တဲ့တရားမို့ ဒီတရား အားကောင်းလာယင်ဖြင့် သမာဓိ ပညာ ဥပေက္ခာ စသော အရေးကြီးတဲ့ တရားတွေလည်း အလွန်အကဲ တိုးတက်လာရတယ်၊ ဒါ့ကြောင့် ဒီတရားမရနေတဲ့ ယောဂီတွေ မရသေးသော်လည်း ဒီတရားရဲ့ ထူးခြားတဲ့ အရသာ အကြောင်း ကြားဖူးတဲ့ ယောဂီတွေကတော့ ဒီတရားဖြစ်လာဖို့ တိုးတက်ဖို့ရာ အမြဲတမ်း စိတ်ပါစိတ်ညွှတ်နေမှာပါဘဲ၊ အဲဒီလို စိတ်ပါနေယင်တော့ မဖြစ်သေးတဲ့ ပဿဒ္ဓိဖြစ်အောင် ဖြစ်ပြီးတဲ့ ပဿဒ္ဓိ တိုးတက်ထက်သန်အောင် ကြိုးစားနေမှာ သေချာပါတယ်၊ ဒါ့ကြောင့် ပဿဒ္ဓိ၌ စိတ်ပါသက်ဝင် ညွှတ်ကိုင်းနေမှုဟာ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတော့တယ်။

သမာဓိသမ္မောဇ္ဈင် ဖြစ်ကြောင်း

ရဟန်းတို့-မဖြစ်သေးသော သမာဓိသမ္မောဇ္ဈင် ဖြစ်လာဖို့, ဖြစ်ပြီးသော သမာဓိသမ္မောဇ္ဈင် ဘာဝနာ ပြည့်စုံပြီးမြောက်ဖို့ အကြောင်းဟာ ဘာလဲ၊ ရဟန်းတို့-သမထနိမိတ် အဗျဂ္ဂနိမိတ် သည် ရှိနေ၏၊ ထိုနိမိတ်၌ သင့်တင့်သောအကြောင်းမှန် လမ်းမှန် အားဖြင့် နှလုံးသွင်းမှုများစွာပြုခြင်းမှာ မဖြစ်သေးသော သမာဓိ သမ္မောဇ္ဈင်ဖြစ်ဖို့, ဖြစ်ပြီးသော သမာဓိသမ္မောဇ္ဈင်၏ ဘာဝနာ ပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်းပင် ဖြစ်တော့တယ်။

ဒီဒေသနာမှာ သမထနိမိတ်ဆိုတာ သမာဓိကိုလည်း သမထ နိမိတ် ဆိုတယ်၊ ထိုသမာဓိ၏ အာရုံဖြစ်တဲ့ ပဋိဘာဂနိမိတ်ကို လည်း သမထနိမိတ် ဆိုတယ်၊ သမထဆိုတာ ရှေးရှေးဖြစ်တဲ့ သမာဓိ၊ ထိုသမာဓိကိုဘဲ နောက်နောက်သမာဓိ ဖြစ်ခြင်း အကြောင်းဖြစ်လို့ နိမိတ်လည်း ဆိုရတယ်၊ အဗျဂ္ဂနိမိတ်ဆိုရာမှာ ဗျဂ္ဂ-အမျိုးမျိုးသော အာရုံရှိတဲ့ ပျံ့လွင့်သောတရား = ဥဒ္ဓစ္စ၊ အဗျဂ္ဂ=အမျိုးမျိုးသော အာရုံမရှိ တစ်မျိုးတည်းသော အာရုံ ရှိတဲ့၊ ဥဒ္ဓစ္စ=ပျံ့လွင့်တဲ့ တရားရဲ့ဆန့်ကျင်ဘက် သမာဓိပါဘဲ၊ ထိုသမာဓိကိုဘဲ နောက်နောက် သမာဓိရဲ့ အကြောင်းဖြစ်လို့ နိမိတ်အမည်ရတယ်၊ ဒီတော့ သမထနိမိတ် အဗျဂ္ဂနိမိတ်ဆိုတာ အမည်သာကဲ့ သမာဓိတစ်ခုတည်းကိုပင် ဆိုခြင်းဖြစ်ပါတယ်၊ ထိုနိမိတ်မှာ အကြောင်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းမှုဆိုတာ ရှေးကသမာဓိဖြစ်ခဲ့ပုံ အခြင်းအရာကို မှတ်သားပြီး တိုးနည်းဖြင့် သမာဓိဖြစ်လာအောင် နှလုံးသွင်းမှုဘာဝနာကို ဖြစ်စေမှုပါဘဲ။

ဒီတော့ သမာဓိသမ္မောဇ္ဈင်ဖြစ်ကြောင်းဟာ သမာဓိပါဘဲ၊ သမာဓိဖြစ်အောင် လုပ်ပေးလျှင် နောက်နောက် သမာဓိတွေ ဆက်ဆက်ဖြစ်လာလို့ ရှေးရှေး သမာဓိဟာ နောက်နောက် သမာဓိရဲ့အကြောင်း ဖြစ်ရတယ်၊ ထို့ပြင် သမာဓိ၏ အာရုံ ကမ္မဋ္ဌာန်းများလည်း သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်း ပါဘဲ။

သမာဓိသမ္မောဇ္ဈင် ဖြစ်ကြောင်း ၁၁-ပါး

ဒီနေရာမှာသမာဓိသမ္မောဇ္ဈင်ဖြစ်ကြောင်း တစ်ဆယ့်တစ်ပါး အဋ္ဌကထာများမှာ ပြကြပါတယ်။

ဝတ္ထုစင်စေ၊ ဂုဏ္ဍေသိညာ၊ နိမိတ်မှာကျွမ်း၊ မြောက်ခန်းကြုံက၊ မြောက်ရမလင့်၊ နှိပ်ခွင့် နှိပ်လေ၊ ရှင်စေ ရှင်သင့်၊ ရှုခွင့်အမျှ၊ သင့်ရှုဆကာ၊ သမာဓိကင်း၊ သူဖျင်း ရှောင်ဘီ၊ သမာဓိပို့၊ ပုဂ္ဂိုလ်ကပ်ရန်၊ စျာန်ဝိမောက္ခ၊ တွေးဆခါခါ၊ သမာဓိခေတ်၊ ညွှတ်ဝင်ဖြစ်၊ ဆယ့်တစ် သမာဓိ ဖြစ်ကြောင်းတည်း။

၁-ဝတ္ထုသန့်ရှင်းအောင်ပြုခြင်း၊
၂=ဂုဏ္ဍေသိမျှအောင်ပြုခြင်း၊

ဒီအကြောင်းနှစ်ပါးကို ဓမ္မဝိစယ သမ္မောဇ္ဈင် အခန်းမှာ ပြောခဲ့ပြီးပါပြီ၊ ဒီအကြောင်းနှစ်ပါးဟာ ပညာကို ဖြစ်စေ တတ်သကဲ့သို့ သမာဓိကိုလည်း ဖြစ်စေတာပါတယ်၊ သမာ ဟိတော ယထာဘူတံ ဇာနာတိ=သမာဓိရှိတဲ့ တည်ကြည်သော ပုဂ္ဂိုလ်သည် အမှန်တရားကို သိရ၏၊ ဒီဒေသနာအရ ဝတ္ထု

သန့်ရှင်းအောင်ပြုခြင်း, ဣန္ဒြေညီမျှအောင် ပြုခြင်းဖြင့် သမာဓိ ရလာ၊ သမာဓိဟာ ပညာ၏အကြောင်းမို့ သမာဓိဖြစ်လျှင် ပညာလည်း ဖြစ်တော့တာပါဘဲ၊ ဒီတော့ ဒီအကြောင်းနှစ်ပါး က သမာဓိဖြစ်အောင်ရှက်ဆောင်ပေးခြင်းဖြင့် ပညာဖြစ်အောင် လည်း ရှက်ဆောင် ပေးကြပါတယ်၊ ဒါ့ကြောင့် သမာဓိ သမ္မောဇျင် ဖြစ်ကြောင်းမှာ ရော ဓမ္မဝိစယ သမ္မောဇျင် ဖြစ်ကြောင်းမှာရော ဒီအကြောင်းနှစ်ပါး ပါဝင်နေရခြင်း ဖြစ်ပါတယ်။

၃–နိမိတ်၌ ကျမ်းကျင်လိမ္မာခြင်း

နိမိတ်မှာ ကျမ်းကျင်လိမ္မာခြင်းဆိုတဲ့ အကြောင်းက ပထဝီ ကသိုဏ်း စသော နိမိတ်ကို ပြုလုပ်ရာ ပွားများရာ စောင့်ရှောက် ရာတို့၌ လိမ္မာကျမ်းကျင်မှုကို ဆိုပါတယ်၊ ဒီနေရာမှာ ကသိုဏ်း သာမက သမာဓိဖြစ်ကြောင်း စျာန်ရကြောင်း အသုဘ စသော နိမိတ်များကို ယူမှုတွင် ကျမ်းကျင်လိမ္မာခြင်း စသည်ကိုလည်း ယူရမှာပါဘဲ၊ အားလုံး သမာဓိသမ္မောဇျင် ဖြစ်ကြောင်းတွေ့ ပါဘဲ။

၄–မြောက်သင့်တဲ့အခါ စိတ်ကိုမြောက်ပေးရခြင်း

မြောက်သင့်တဲ့အခါ စိတ်ကို မြောက်ပေးရခြင်း ဆိုတာက ဝီရိယလျော့မှု, ပညာပယောဂနည်းမှု သတိချို့ယွင်းမှုတို့ကြောင့် စိတ်ဟာ တွန့်ဆုတ်နေမယ်၊ အဲဒီလို စိတ်တွန့်ဆုတ်နေတဲ့အခါမှာ ဓမ္မဝိစယ ဝီရိယ ပီတိပေါဇျင်တွေ ဖြစ်စေခြင်းဖြင့် တွန့်ဆုတ် နေတဲ့စိတ်ကို တက်ကြွလာအောင် မြောက်ပင့် ပေးရခြင်းပါဘဲ၊

စိတ်တွန့်ဆုတ်နေတဲ့အခါမှာ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဗောဇ္ဈင်သုံးပါး ပွားများနေလျှင် တွန့်ဆုတ်တဲ့စိတ်ဟာ ပိုတွန့်ဆုတ်သွားတတ်ပါတယ်၊ ဒီလိုအခါမျိုးမှာ ဓမ္မဝိစယ စသော ဗောဇ္ဈင်သုံးပါးသာ ပွားစေဖို့လျော်၍ ပဿဒ္ဓိ စသော ဗောဇ္ဈင်သုံးပါး ပွားရန် မသင့်ကြောင်း မဟာဝဂ္ဂ သံယုတ်မှာ ဟောထားပါတယ်။

မဟာဝဂ္ဂသံယုတ် အဂ္ဂိသုတ် ကောက်နှုတ်ချက်

ရဟန်းတို့-ယောကျ်ားဟာ အနည်းငယ်သောမီးကို တောက်စေလိုတယ်၊ အဲဒီယောကျ်ားဟာ ထိုနေရာမှာ မြက်စိမ်းတွေ ထည့်ပေးမယ်၊ နှောက်ချေးစိမ်း ထင်းစိုတွေ ထည့်ပေးမယ်၊ ရေပါတဲ့ ဇလကိုလည်း ပေးမယ်၊ မြေမှုန့်တွေနဲ့လည်း ကြဲဖြန့်ပေးမယ်၊ ဒီလိုဆိုယင် အဲဒီယောကျ်ားဟာ ထိုအနည်းငယ်သောမီးကိုတောက်ဧပ္ပိုရာ ဖြစ်နိုင်ပါသလား၊ မဖြစ်နိုင်ပါဘုရား၊ ရဟန်းတို့-အဲဒါလိုဘဲ စိတ်တွန့်ဆုတ်နေတဲ့အခါ ပဿဒ္ဓိသမ္မောဇ္ဈင် ပွားများဖို့ အခါမဟုတ်၊ သမာဓိ ဥပေက္ခာသမ္မောဇ္ဈင် ပွားများဖို့ အခါမဟုတ်၊ ဘာကြောင့်လဲ၊ ရဟန်းတို့- တွန့်ဆုတ်နေတဲ့စိတ်ကို ထိုပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္မောဇ္ဈင်တို့က တက်ကြွလာအောင် လုပ်ဖို့ခဲယဉ်းတယ်၊ ရဟန်းတို့-စိတ်တွန့်ဆုတ်နေတဲ့အခါ ဓမ္မဝိစယသမ္မောဇ္ဈင် ပွားများဖို့အခါဘဲ၊ ဝီရိယ ပီတိ သမ္မောဇ္ဈင် ပွားများဖို့အခါဘဲ၊ ဘာကြောင့်လဲ၊ ရဟန်းတို့-တွန့်ဆုတ်နေတဲ့စိတ်ကို အဲဒီ ဓမ္မဝိစယ ဝီရိယ ပီတိ သမ္မောဇ္ဈင်တို့က တက်ကြွအောင် လုပ်ပေးနိုင်တယ်၊ ရဟန်းတို့-ယောကျ်ားဟာ အနည်းငယ်သော မီးကို တောက်စေလိုတယ်၊ အဲဒီ

ယောဂျားဟာ ထိုနေရာမှာ မြက်ခြောက်တွေ ထည့်မယ်၊ နွားချေးခြောက် ထင်းခြောက်တွေ ထည့်ပေးမယ်၊ ပါးစပ်က လေမှုတ်ပေးမယ်၊ မြေမှုန့်တွေလည်း မကြဲမပက်၊ ရဟန်းတို့-အဲဒီ ယောဂျားဟာ အနည်းငယ်သော မီးကို တောက်စေဖို့ရာ ဖြစ်နိုင်ပါသလား၊ ဖြစ်နိုင်ပါတယ်ဘုရား၊ ရဟန်းတို့-အဲဒါ လိုဘဲ စိတ်တွန့်ဆုတ်နေတဲ့အခါ ဓမ္မဝိစယ ဝီရိယ ပီတိသမ္မောဇ္ဈင် ပွားများဖို့အခါ ဖြစ်တယ်။

ဓမ္မဝိစယ စသည်ကို ပွားများတယ်ဆိုတာ မိမိတို့ဆိုင်ရာ ဗောဇ္ဈင်ဖြစ်ခြေကြောင်းတွေ ဖြစ်စေတာကို ဆိုပါတယ်။

၅-နှိပ်သင့်သောအခါ စိတ်ကိုနှိပ်ပေးရခြင်း

နှိပ်သင့်တဲ့အခါ စိတ်ကို နှိပ်ပေးခြင်းဆိုတာက ဝီရိယက လွန်နေမယ်၊ ပညာပယောဂက အားကြီးနေ မယ်၊ ဝမ်းမြောက်မှုဖြင့် ပေါ်လွင်နေမယ်ဆိုယင် အဲဒီအခါမျိုးမှာ စိတ်ဟာ ပို့လွင့်နေတတ်တယ်၊ ဒီလို စိတ်ပို့လွင့်နေတဲ့ အခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဗောဇ္ဈင်သုံးပါ ဖြစ်ပွားစေခြင်းဖြင့် ထိုပို့လွင့်နေတဲ့စိတ်ကို နှိပ်ပေးရခြင်းကို ဆိုပါတယ်၊ ဒီလိုအခါ မျိုးမှာ ဓမ္မဝိစယ ဝီရိယ ပီတိဗောဇ္ဈင်သုံးပါးပွားလျှင် ပို့လွင့်တဲ့ စိတ်ဟာ ပိုပို့လွင့်မှာဖြစ်လို့ ထိုဗောဇ္ဈင်သုံးပါး မပွားရ၊ ဒီအချက်ကိုလည်း မဟာဝဂ္ဂသံယုတ်မှာ ဟောတော်မူပါတယ်၊ အချုပ်ပြောရယင် ကြီးဌာသော မီးပုံကြီးကို ငြိမ်းစေလိုတဲ့ ယောဂျားဟာ ထိုမီးပုံကြီးမှာ မြက်ခြောက် နွားချေးခြောက် ထင်းခြောက်တွေ ထည့်ပေးမယ်၊ ပါးစပ်က လေမှုတ်ပေးမယ်၊

ဖုန်မှုန့်နဲ့လည်း မကြဲ မဖျန်းပေးဘူးဆိုယင် ထိုမီးပုံကြီး ငြိမ်းစေ ဖို့ရာ မတတ်နိုင်သလို ထို့အတူ စိတ်ပျံ့လွင့်နေတဲ့အခါ ဓမ္မဝိစယ ဝီရိယ ပီတိ ဗောဇ္ဈင်များ ပွားဖို့အခါမဟုတ်၊ အကြောင်းမှာ ပျံ့လွင့်နေတဲ့စိတ်ကို ထိုဓမ္မဝိစယစသော တရားသုံးပါးတို့က ငြိမ်းစေဖို့ ခဲယဉ်းလှသောကြောင့် ဖြစ်တယ်၊ ကြီးစွာသော မီးပုံကြီးကို ငြိမ်းစေလိုတဲ့ ယောဂျီးဟာ ထိုမီးပုံကြီးထဲ မြက်စိုနွားခြေးစိုး ထင်းစိုး ထည့်ပေးမယ်၊ ရေပါတဲ့ ပါးစပ်လေ မှုတ်ပေးမယ်၊ ဖုန်မှုန့်တွေနဲ့ ကြဲပက်ပေးမယ်ဆိုယင် ထိုမီးပုံကြီးကို ငြိမ်းစေနိုင်သလို စိတ်ပျံ့လွင့်တဲ့အခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ပွားဖို့ရာ အခါဘဲ၊ ဘာကြောင့်လဲ ပျံ့လွင့်နေတဲ့စိတ်ကို ထိုပဿဒ္ဓိ စသော ဗောဇ္ဈင်တရားတို့က ငြိမ်းစေဖို့ရာ လွယ်ကူသော ကြောင့်ပင်။

၆–ရှင်စေသင့်တဲ့အခါ စိတ်ကို ရှင်စေခြင်း

စိတ်ကို ရှင်စေသင့်တဲ့အခါ ရှင်စေခြင်းဆိုတာက ပညာဗျာပါရက် နည်းပါးနေခြင်း ငြိမ်းချမ်းမှုသုခမရခြင်းတို့ကြောင့် စိတ်ဟာ သာယာမှုမရှိဘဲ ဖြစ်နေမယ်ဆိုယင် ထိုအခါမှာ စိတ်ကို ရှင်ပျလာ အောင်လုပ်ပေးရတယ်၊ ပညာက ကောင်းကောင်း အလုပ်မလုပ်လျှင်လည်း စိတ်ဟာသာယာမှု ကင်းရတယ်၊ ငြိမ်းချမ်းမှုသုခကင်းနေလျှင်လည်း စိတ်ဟာ သာယာမှုကင်းတယ်၊ ဒါနဆိုတာ အဓလောဘ ပြဋ္ဌာန်းတယ်၊ သီလက အဒေါသ ပြဋ္ဌာန်းတယ်၊ ဘာဝနာက အမောဟပညာ ပြဋ္ဌာန်းတယ်၊ ဒါ့ကြောင့် ဘာဝနာမှာ ပညာက အလုပ် ကောင်း ကောင်း လုပ်ဖို့ လိုတယ်၊ အားရှိဖို့ လိုတယ်၊ ပညာ အားမရှိဘူး ဆိုယင်

ဘာဝနာကို အဆင့်ဆင့် ထူးခြားလာအောင် ရှက်ဆောင်မပေးနိုင်ဘူး၊ ကောင်းအောင်ပြုပြင် စီမံမှုကင်းတဲ့ အစဉ်အာဟာရဟာ စားသုံးသူ၏စိတ်ကို နှစ်သက်မှု မဖြစ်စေသလို ပညာအားမရှိယင် ဘာဝနာအားထုတ်ကဲ့ ယောဂီ၏စိတ် နှစ်သက်မှုကို မဖြစ်စေ၊ ဒါကြောင့် သူ့စိတ်ဟာ သာယာမှုမရှိ ကင်းနေရတယ်၊ ဒီလို ပညာအားမရှိယင် ဘာဝနာဟာ ကောင်းစွာလမ်းမှန်မရောက်ခြင်းကြောင့် ငြိမ်းချမ်းမှု သုခလည်း မရဘူး၊ ငြိမ်းချမ်းမှု သုခ မရလို့လည်း ယောဂီ၏စိတ်ဟာ သာယာမှုကင်းရတယ်၊ ဒီလို စိတ်သာယာမှုကင်းနေတဲ့အခါ သာယာမှု ရှာရှင်ပျလာအောင် ကုစားဖို့က သံဝေဂဖြစ်အောင် ပြုပေးခြင်း၊ စိတ်ကြည်လင်လာအောင် ပြုပေးခြင်းပါဘဲ။

ဒီတော့ သံဝေဂဖြစ်အောင် သံဝေဂဝတ္ထုရှစ်ပါး ဆင်ခြင်ပေးရတာပဲ၊ သံဝေဂဝတ္ထုရှစ်ပါးက ဇာတိ ဇရာ ဗျာဓိ မရဏာ အပါယ်ဆင်းရဲဒုက္ခ အတိတ်က ဝဋ္ဋဒုက္ခ အနာဂတ် ဝဋ္ဋဒုက္ခ ပစ္စုပ္ပန်မှာ အာဟာရရှာမှီးရခြင်းကြောင့် ဖြစ်ရတဲ့ဒုက္ခ၊ ဒီဒုက္ခတွေနဲ့ စိတ်ကိုလှန့်ပေးလိုက်လျှင် စိတ်ဟာ တက်ကြွ လာတာပါဘယ်၊ ရဟန္တာသုံးပါး၏ ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့်လည်း စိတ်ကြည်လင်မှုကို ဖြစ်စေနိုင်ပါတယ်၊ အဲဒီလို စိတ်သာယာမှု ကင်းနေတဲ့အခါ သမာဓိမရနိုင်တော့ စိတ်ဝက်ကြွလာအောင် ရှင်ပျကြည်လင်လာအောင် လုပ်ပေးမှုဟာ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ပါဘဲ။

၇—လျစ်လျူရှုသင့်တဲ့အခါ လျစ်လျူရှုခြင်း

လျစ်လျူရှုသင့်တဲ့အခါ လျစ်လျူရှုခြင်း ဆိုတာက မိမိ၏ မှန်ကန်တဲ့အကျင့်ကို အစဲပြုပြီး ဘာဝနာဟာ လမ်းမှန်ရောက် ရှိကာ တိုးတက်နေတဲ့ အခါပါဘဲ၊ အဲဒီအခါမှာ ယောဂီရဲ့ စိတ်ဟာ တုန့်ဆုတ်ခြင်းလည်း မရှိ၊ ပျံ့လွင့်ခြင်းလည်း မရှိ၊ ပညာက ကောင်းကောင်း အလုပ်လုပ်လို့ ငြိမ်းချမ်းမှု သုခ ရကာ သာယာမှုလည်း ရှိနေ အာရုံမှာ အညီအမျှ ဖြစ်ပြီး သမထလမ်းကြောင်းလည်း ရောက်နေ၊ ဒီလိုတိုးတက်ကောင်းမွန် နေတဲ့အခါ မြှောက်ပေးရမှု နှိပ်ပေးရမှု ရှင်အောင်ပြုပေးရမှုဗျာ ပါရတော့ပြုဖို့ မလိုတော့ဘဲ အညီအမျှပြေးနေတဲ့ မြင်းနှစ်ကောင် ကို ရထားထိန်း လျစ်လျူရှုနေသလို လျစ်လျူသာ ရှုနေတော့ တယ်၊ အဲဒီလို လျစ်လျူရှုမှုဟာလည်း သမာဓိတိုးတက်နေလို့ ဖြစ်တာကြောင့် လျစ်လျူရှုသင့်တဲ့အခါ ရှုခြင်းဟာ သမာဓိ သမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းပါဘဲ။

၈—သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခွာခြင်း

သမာဓိမရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဥပစာရသမာဓိလည်းမရှိ အပ္ပနာ သမာဓိလည်းမရှိ စိတ်ပျံ့လွင့်နေတဲ့ပုဂ္ဂိုလ်ပါဘဲ၊ ဒီလိုပုဂ္ဂိုလ်မျိုး ဟာ ယောဂီ၏ သမာဓိဘာဝနာလုပ်ငန်းမှာ ဘယ်လိုမှ အကျိုး ပြုနိုင်တာ မဟုတ်ပါဘူး၊ အကျိုးမပြုတဲ့အပြင် ဒီလိုပုဂ္ဂိုလ်မျိုး ပေါင်းသင်းရသည့်အတွက် မိမိဘာဝနာမှာ အနှောင့်အယှက် ပင် ဖြစ်နိုင်ပါသေးတယ်၊ ဒီတော့ သူနဲ့ပေါင်းလို့ မရသေးတဲ့ သမာဓိလည်း ရဖို့ရာမဖြစ်၊ ရပြီး သမာဓိပင် ပျောက်နိုင်တာမို့

ဒီလို သမာဓိမရှိတဲ့ ပုဂ္ဂိုလ်အား ရှောင်ရှားကြဉ်ပယ်ခြင်းဟာ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၉-သမာဓိရှိတဲ့ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်း

သမာဓိရှိတဲ့ ပုဂ္ဂိုလ်ဆိုတာက ဥပစာရဖြစ်စေ အပ္ပနာဖြစ်စေ သမာဓိတစ်ပါးပါးရှိနေတဲ့ တည်ကြည်တဲ့ပုဂ္ဂိုလ်ပါဘဲ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်ဟာ သမာဓိဘာဝနာရှင် ယောဂီအဖို့ ဥပနိဿယအားကြီးတဲ့အကြောင်းတစ်ရပ်ပါဘဲ၊ သူနဲ့ ပေါင်းသင်း သူ့ကို ဆည်းကပ်ခြင်းဖြင့် သမာဓိဖြစ်ကြောင်း နည်းလမ်းကောင်းလည်း ရနိုင်၊ သူ့ကိုအားကျပြီး "အတုမြင်အတတ်သင်" ဆိုသလို ဓိမ်လည်းအားထုတ်ဖြစ် သမာဓိရနိုင် သမာဓိတိုးတက်နိုင်တာမို့ ဒီလို သမာဓိရှင်ပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ် မှီဝဲခြင်းဟာ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၁၀-ဗျာန်ဝိမောက္ခကို ဆင်ခြင်ခြင်း

ဗျာန်ရှစ်ပါး ဝိမောက္ခတရား ရှစ်ပါးတို့ကို ထိုထိုသုတ္တန်ပါဠိတော်မျှားမှာ ဟောထားတာတွေ့ ရှိနေပါတယ်၊ ထိုဗျာန်ဝိမောက္ခပြုဘဲ့ သုတ္တန်တွေကို ဆင်ခြင်ခြင်းဟာ နောက်ကပြောခဲ့ဟဲ့ လွတ်မြောက်ခြင်းအကြောင်း ဝိမုတ္တာယတန ငါးပါးတွင် အပါအဝင်မို့ ဥပစာရ သမာဓိမှစ,ကာ အရဟတ္တမဂ် သမာဓိ အဆုက် အဆင့်ဆင့် ပေါက်သွားနိုင်ပါတယ်၊ ဒါကြောင့် ဒီလို သုတ္တန်တွေ ဆင်ခြင်ခြင်းဟာလည်း သမာဓိ သမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၁၁-သမာဓိသမ္မောဇ္ဈင်၌ သက်ဝင်ခြင်း

သမထယောဂီ ဝိပဿနာယောဂီ ဘယ်ယောဂီအတွက်မဆို သမာဓိက အလွန်လိုပါတယ်၊ သမထ ယောဂီအတွက်လည်း စျာန်ရကြောင်း, ဝိပဿနာ ယောဂီအတွက်လည်း ဝိပဿနာ သမာဓိ အားရှိလာသည်နှင့်အမျှ အမှန်တရားသိရတဲ့ ယထာဘူတဉာဏ် ထက်သန်အားရှိကြောင်းမို့ အလွန်လိုလားအပ်ပါတယ်၊ ဒါ့ကြောင့် ဘယ်ယောဂီမဆို သမာဓိရဖို့တော့ အလွန်လိုလားတောင့်တမြဲဖြစ်လို့ ဒီလို လိုလားတောင့်တတဲ့အတိုင်း သွားရာ ရပ်ရာ နေရာ လိုင်ရာ အရာခပ်သိမ်းမှာ သမာဓိဖြစ်ဖို့ရာ စိတ်ပါ သက်ဝင်နေတတ်လေတော့ ဒီလို သက်ဝင် ညွှတ်ကိုင်းနေခြင်းဟာ သမာဓိ သမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း ဖြင့်ရပါတယ်။

ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း

ရဟန်းတို့-မဖြစ်သေးသော ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်လာဖို့ရာ လည်းကောင်း, ဖြစ်ပြီးသော ဥပေက္ခာ သမ္မောဇ္ဈင်၏ ဘာဝနာပြီးပြည့်စုံဖို့ရာ လည်းကောင်း အကြောင်းဟာ ဘာလဲ၊ ရဟန်းတို့- ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်ကြောင်းတရားတွေ ရှိနေကြတယ်၊ ထိုတရားတို့၌ သင့်တင့်သောအကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုခြင်းမှာ မဖြစ်သေးသော ဥပေက္ခာ သမ္မောဇ္ဈင် ဖြစ်ဖို့ရာလည်းကောင်း, ဖြစ်ပြီးသော ဥပေက္ခာသမ္မောဇ္ဈင်၏ ဘာဝနာ ပြီးပြည့်စုံဖို့ရာလည်းကောင်း အကြောင်းပင် ဖြစ်တော့တယ်။

ဥပေက္ခာသမ္မောဇျင် ဖြစ်ကြောင်းတရားဆိုရာမှာ ဥပေက္ခာ ဟာလည်း ဥပေက္ခာ သမ္မောဇျင် ဖြစ်ခြင်းအကြောင်းပါဘဲ၊ ဗောဇျင်တရား ပွားများလျှင် ဥပေက္ခာလည်း ဖြစ်လာတာဘဲ၊ ဥပေက္ခာဖြစ်တယ်ဆိုလျှင် နောက်လည်း ဆက်ကာ ဆက်ကာ ဥပေက္ခာတွေဖြစ်လာတော့တာပါဘဲ၊ ဒီတော့ ရှေးရှေးဥပေက္ခာ ဟာ နောက်နောက် ဥပေက္ခာဖြစ်ခြင်းအကြောင်း ဖြစ်လေတော့ ဥပေက္ခာလည်း ဥပေက္ခာသမ္မောဇျင် ဖြစ်ခြင်းအကြောင်းဘဲလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။

ဒါတွင်မက ဥပေက္ခာ၏အာရုံကိုလည်း ဥပေက္ခာသမ္မောဇျင် ဖြစ်ကြောင်းလို့ ဆိုရပါတယ်၊ ဥပေက္ခာ၏အာရုံဆိုတာ သဘာဝ အားဖြင့် အလယ်အလတ် သဘောရှိတဲ့ အခြင်းအရာပါဘဲ၊ အာရုံတစ်ခုခုမှာ လိုလားအပ် ကောင်းမြတ်တဲ့ ဂုဏ်အခြင်းအရာ လည်း သူမယူ၊ မလိုလားအပ် မကောင်းတဲ့ အနိဋ္ဌအာရုံကိုလည်း သူမယူဘဲ တိုန့်စ်ပါးမှ လွတ်အောင်ယူထားတဲ့ အလယ်အလတ် သဘောရှိတဲ့ အခြင်းအရာ ရှိနေပါတယ်၊ အဲဒီအခြင်းအရာကို ဥပေက္ခာက ယူဖြစ်ဘာ ဖြစ်လေတော့ အဲဒီ အလယ်အလတ် သဘောရှိတဲ့ အခြင်းအရာဟာ ဥပေက္ခာရဲ့ အာရုံပါဘဲ၊ ကောင်း မကောင်းကို လျစ်လျူရှုတဲ့ သဘောလို့လည်း ဆိုနိုင်ပါတယ်။

ထို့ပြင် ဥပေက္ခာသမ္မောဇျင် ပွားများတဲ့အခါ ယုတ်အောင် လည်း ဗျာပါဒရမပြု၊ လွန်အောင်လည်းဗျာပါဒရမပြု၊ သင့်အောင် ရှုတက်တဲ့ အလယ်အလတ်သဘောကလေး ရှိနေပါတယ်၊ အဲဒီ အလယ်အလတ်သဘောရှိတဲ့ အခြင်းအရာပါလည်း ဥပေက္ခာ သမ္မောဇျင်ရဲ့ အာရုံပါဘဲ၊ နားလည်ရတော့ နည်းနည်းခက်ပါ

တယ်၊ သို့သော် ဓမ္မသဘောဆိုတာကတော့ တကယ်ပွားများ ကြည့်မှ ကိုယ်တွေ့သိတတ် ထင်လာပေါ်လာတတ်ပါတယ်။

ဥပေက္ခာသမ္မောဇင် ဖြစ်ကြောင်း ငါးပါး

ဒီ့ပြင် အဋ္ဌကထာမျှားမှာလာတဲ့ ဥပေက္ခာ သမ္မောဇင် ဖြစ်ကြောင်း ငါးပါးလည်း ရှိပါသေးတယ်။

သတ္တာတစ်ဝ၊ သင်္ခါရစု၊ လျင်လျှုံ့ရှုခဲ့၊ နှစ်ခုလုံးဝယ်၊ ခင်တွယ်သူပစ်၊ မချစ်လျစ်လျူ၊ ရှုသူမှီလစဲ၊ ဥပေက္ခာတွင်၊ ညွှတ်သက်ဝင်၊ ငါးအင် ဥပေက္ခာ ဖြစ်ကြောင်းတည်။

၁-သတ္တာ၌ လျစ်လျူရှုခြင်း

ချစ်ခြင်း မုန်းခြင်းကို ပယ်သောအားဖြင့် အလယ်အလတ် သဘောရှိသည်၏ အဖြစ်ဟာ ဥပေက္ခာသမ္မောဇင်၏ အကြောင်းပါဘဲ၊ ဘာ့ကြောင့်လဲ၊ ဒီလို ချစ်ခြင်းဘက်လည်း မရောက်၊ မုန်းခြင်းဘက်လည်း မရောက်၊ အလယ်အလတ် သဘောရှိသည်၏ အဖြစ်ရှိနေမှ ဥပေက္ခာသမ္မောဇင်ပြီးနိုင်လို့ ဒီလို သဘောမရှိလျှင် ဥပေက္ခာသမ္မောဇင် မဖြစ်မြောက်နိုင်လို့ ပါဘဲ၊ ဒီ အလယ်အလတ် သဘောရှိနေခြင်းကိုဘဲ လျစ်လျူရှုခြင်း ဆိုပါတယ်၊ ဒီလျစ်လျူရှုခြင်းက သူ့ ဖြစ်ရာအားဖြင့် သတ္တာ သင်္ခါရနှစ်ဌာန ဖြစ်လေတော့ ဒီနေရာမှာ သတ္တာ၌ လျစ်လျူရှုခြင်း သင်္ခါရ၌ လျစ်လျူရှုခြင်းလို့ နှစ်မျိုး ခွဲခွဲပါတယ်။

သတ္တာ၌ လျစ်လျူရှုခြင်းဟာ အကြောင်းနှစ်မျိုးကြောင့် ဖြစ်နိုင်ပါတယ်၊ ကံသာ မိမိဥစ္စာရှိသည်၏ အဖြစ်ဆိုတဲ့ ကမ္မ

သကတာကို ဆင်ခြင်ခြင်း၊ သတ္တ မရှိဆိုတဲ့ နိုဿတ္တအဖြစ်ကို ဆင်ခြင်ခြင်း နှစ်မျိုး၊ သင်ဟာ မိမိကံကြောင့် ရောက်လာပြီး မိမိကံကြောင့်ဘဲ သွားရလိမ့်မယ်၊ သူလည်း မိမိကံကြောင့် ရောက်လာပြီး မိမိကံကြောင့်ဘဲ သွားရလိမ့်မယ်၊ သူ့ကံနဲ့သူ ကိုယ့်ကံနဲ့ကိုယ် သူနဲ့ကိုယ်နဲ့ ဘာမှမဆိုင် ဆိုလိုပါတယ်၊ ဒီတော့ သင်ဟာ ဘယ်သူ့ကို ခင်တွယ်နေရသေးသလဲ၊ ဒီလိုကံသာ မိမိ ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်းဖြင့်လည်း သတ္တဝါအပေါ် လျစ်လျူရှုခြင်း ဖြစ်စေနိုင်ပါတယ်၊ တကယ်တော့ ကိုယ်ချစ်နေသူအပေါ် သာမည ဒီမျှ ဆင်ခြင်ရုံနဲ့ လျင်လျူရှုဖို့ မလွယ်လှပါဘူး၊ သို့သော်တခြားဘာဝနာ အထောက်အကူရနေမယ်၊ သို့မဟုတ် ဥပေက္ခာဘာဝနာက အတော်အတန် အားကောင်းနေမယ်ဆိုယင်ဖြင့် ဆင်ခြင်ခြင်းဟာ ခရီးရောက်နိုင်ပါတယ်။

ပရမတ္ထအားဖြင့် သတ္တဝါဆိုတာပင် မရှိ၊ သို့ပါလျက် သင် ဘယ်သူ့ကိုမျှား တွယ်တာနေရသလဲ၊ ဒီလို သတ္တ မရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်းဖြင့်လည်း သတ္တဝါအပေါ် လျစ်လျူရှုနိုင်ပါတယ်၊ ဒီနေရာမှာလည်း ဒီမျှ သာမန်ဆင်ခြင်နေရုံမျှနဲ့တော့ ကိုယ်ချစ်နေသူ အဆပါမှာ လျစ်လျူရှုဖို့ရာ မလွယ်လှပါဘူး၊ ဒီခန္ဓာမှာ မာတ်တွေသာ ရှိနေတယ်ဆိုတာ အပြင်ပေါက်ထားတဲ့ ဥာဏ်ကသန်နေမှ သဟ္ဘာပျောက်ဖို့ လွယ်ပါတယ်၊ ဒါ့ကြောင့် ယင်ကသတ္တဝါမတင် ခာတ်တွေချည်းဖြင်အောင် ရှုပွားထားတဲ့ ဘာဝနာအခံ ရှိခဲ့ရပါလိမ့်မယ်၊ အဲဒီလို ဘာဝနာအခံရှိလျှင်ဖြင့် သတ္တဝါအထင်ဖျောက်နိုင်လို့ ဒီဆင်ခြင်မှုဟာ ခရီးရောက်ပြီး အချစ်ကိုခွာ လျစ်လျူရှုနိုင်ပါလိမ့်မယ်။

ဥပေက္ခာဆိုတာ ချစ်ခြင်းမုန်းခြင်းကို ပယ်မှုဖြစ်တယ်၊ ဒီမှာတော့ ချစ်ခြင်းသာပြပြီး မုန်းခြင်းကိုတော့ မပြပါဘူး၊ မှန်းတဲ့လူကို ဥပေက္ခာပြုဖို့က လွယ်ပါလိမ့်မယ်၊ ဒါတွင်မက မုန်းမှုဒေါသဖြစ်မှုကိုတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်က ခွာပေးထားပြီးဖြစ်လို့ သူ့အတွက်မလိုဘဲ ချစ်ခြင်းကိုသာ ဥုံးစားပေး ဖော်ပြနေခြင်း ဖြစ်ပါတယ်၊ ထို့ပြင်ရာဂဟာ အထူးအားဖြင့် ဥပေက္ခာ၏ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်၊ ဒါ့ကြောင့်လည်း ဒီချစ်ခင်တွယ်တာမှုကိုသာ ,လျစ်လျူ||ရှုဖို့ ပြနေခြင်းပါဘဲ၊ ဒါက သတ္တဝါအပေါ် လျစ်လျူ||ရှုခြင်းဆိုတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်း အကြောင်းတစ်ပါးဘဲ။

၂–သင်္ခါရဌ် လျစ်လျူ||ရှုခြင်း

သင်္ခါရဆိုတာ တချို့နေရာမှာ ရူပ်နာမ်ဓမ္မကို သင်္ခါရခေါ်တာလည်းရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံတွေကို သင်္ခါရခေါ်တာလည်းရှိ၊ ဒီနေရာမှာတော့ ကိုယ်ပစ္စည်းဝတ္ထုတွေကို သင်္ခါရဆိုခြင်းဖြစ်ပါတယ်၊ ဝတ္ထုပစ္စည်း သင်္ခါရတွေ အပေါ်မှာလည်း အကြောင်းနှစ်ရပ်ကြောင့်ဘဲ လျစ်လျူ||ရှုမှု ဖြစ်နိုင်တယ်၊ ပထမအကြောင်းက ဒီဝတ္ထုပစ္စည်းမှာ မိမိတကယ်မပိုင်၊ တကယ်အရှင် မဟုတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်းဘဲ၊ ဒီသက်နှံ့ ဒီအဝတ်ဟာ တဖြည်းဖြည်း အရောင်အသွေး ပျက်လာမယ်၊ ဆွေးမြေ့လာမယ်၊ နောက်တော့ ခြေသုတ်အဝတ် အဖြစ်ရောက်ရှိပြီး တုတ်နဲ့ ကော်ပစ်ရမယ့် အခြေတိုင် ရောက်သွားရတော့တယ်၊ သင်ဟာ ဒီအဝတ်သက်နှံ့ကို စိုးပိုင်တဲ့ အရှင်ဖြစ်လျှင် ဒီအဝတ်ဟာ သင့်အလိုအတိုင်း မပျက်ဘဲ နေရမှာပေါ့၊

ယခု သင့်အလိုကျမဖြစ် ပျက်စီးသ္ဍားတော့ သင်ဟာ ဒီသက်နိုး ဒီအဝတ်ပေါ်မှာ စိုးပိုင်တဲ့အရှင် ဘယ်ဟုတ်နိုင်မလဲ၊ အဲဒီလို မိမိမပိုင် အရှင်မဟုတ်တဲ့ အဖြစ်ကို ဆင်ခြင်ခြင်း ဖြင့်လည်း ထိုဝတ္ထုသခ်ၢိရအပေါ်မှာ လျင်လျူရှုမှု ဖြစ်နိုင်ပါတယ်။

ဒုတိယအကြောင်းက တစ်ဏာသာ တည်မဲ့အဖြစ်ကို ဆင်ခြင်ခြင်း ဒီသက်နိုး ဒီအဝတ်ဟာ ကြာကြာတည်မယ့်အရာမဟုတ်၊ အနိစ္စဘဲ၊ ကြောင့် ပျက်စီးမှာမို့ တစ်ဏာသာ တည်မယ့်အရာ၊ ဒီလိုတစ်ဏာသာ တည်မယ့်အရာ မမြဲတဲ့အရာကို ငါဘာလို့ တ္ဍယ်တာနေရမလဲ၊ ဒီလို တစ်ဏာသာတည်မဲ့အဖြစ်ကို ဆင်ခြင်ခြင်းဖြင့်လည်း ထိုသက်နိုး ထိုအထည်အဝတ်ပေါ်မှာ လျင်လျူရှုခြင်း ဖြစ်နိုင်ပါတယ်၊ အဲဒါလို သခ်ၢိရအပေါ်မှာ လျင်လျူခြင်းဖြင့် ဥပေက္ခာ ဖြစ်နိုင်တာမို့ ထိုသို့ လျင်လျူရှုခြင်းဟာ ဥပေက္ခာ သမ္မာဇွတ်ဖြစ်ခြင်း အကြောင်းတစ်ရပ် ပါဘဲ။

၃-သတ္တဝါ သခ်ၢိရဒ္ဓ် တ္ဍယ်တၢတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခ္ဍာခြင်း

ယခု သတ္တဝါ သခ်ၢိရအပေါ်မှာ တ္ဍယ်တၢတဲ့ပုဂ္ဂိုလ်ကို ရှောင်ခ္ဍာခြင်းဆိုတဲ့အကြောင်း ပြောရယေ၊ တချို့ပုဂ္ဂိုလ်ဟာ လူဖြစ်လျင်လည်း သားသမီးစသည်အပေါ်မှာ ရဟန်းဖြစ်လျင်လည်း မိမိတပည့် စသည်အပေါ်မှာ တ္ဍယ်တာခ္ဍင်ခင် တတ်တယ်၊ သူတို့ကို မခိုင်းရက် မစေရက်၊ ဆံပင်ရိတ်ခြင်း သက်နိုးချုပ်ခြင်း လျှော်ခြင်း စသော ကိစ္စတ္ဍကို မိမိကိုယ်တိုင် လုပ်ပေးတတ်တယ်၊ ဒဏ္ဍာကလေးမမြင်ရယင်ပင် ကိုရင် ဟိုဒင်း ဘယ်သ္ဍားလဲ၊

ဟိုဥုးပဋ္ဌင်း ဘယ်သူ့ားသလဲနဲ့ လေတိုက်တိုင်း တုန်လှုပ်ချောက်ချားတဲ့ သမင်လို ကြည့် စူးစမ်းတတ်တတ်၊ တခြား ပုဂ္ဂိုလ် ဆံပင်ရိတ်ဖို့စသောအကြောင်းရှိလို့ ခေဘွာလှတ်လိုက်ဖို့တောင်းပေမဲ့ တို့အလုပ်မတောင် သူ့ကိုမခိုင်းရက်ဘူး၊ ငါ့ရှင်တို့ သူ့ကို ခေါ်ပြီး ပင်ပန်းအောင်လုပ်မလို့ လားဆိုပြီး မပေးနိုင်၊ မလွှတ်နိုင်၊ အဲဒါ သတ္တဝါအပေါ် ဝယ် ချစ်ခင်တွယ်တာခြင်းပါဘဲ။

တချို့ သက်နှီး သပိတ် ခွက် တောင်ဝှေးစသည်အပေါ် ဝယ် တွယ်တာမက်မောတတ်တယ်၊ သူတပါးကိုင်ရုံကလေး ကိုင်တာတောင် မကြိုက်နိုင်၊ ခဏဝှေးချမ်းယင်တောင် တို့တောင်အလွန်မြတ်နိုးပြီး မသုံးရက်ကြ၊ ငါ့ရှင်တို့ကို ဘယ်ပေးနိုင်ပါ့မလဲ ဆိုတတ်တယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ သတ္တဝါ သခ်ါရ အပေါ်မှာ တွယ်တာတတ်တဲ့ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေဟာ မိမိ ဥပေက္ခာဖြစ်ဖို့ အနှောင့်အယှက် ဆန့်ကျင်ဘက်တွေ ပါဘဲ၊ သူတို့ကိုရှောင်မှ မိမိဥပေက္ခာဖြစ်ရေးမှာ အနှောင့်အယှက်ကင်းရတယ်၊ ဒါ့ကြောင့် သတ္တဝါသခ်ါရတို့ဌ် တွယ်တာတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခြင်းဟာ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ်။

၄–သတ္တဝါသခ်ါရတို့ဌ် လျစ်လျူရှုတဲ့ ပုဂ္ဂိုလ်ကို မှီခို ဆည်းကပ်ခြင်း

တချို့ ဘယ်သတ္တဝါ ဘယ်သခ်ါရအပေါ်မှာ တွယ်တာမှုမရှိ၊ လျစ်လျူရှုနိုင်ကြတယ်၊ ယခင် တွယ်တာတဲ့ပုဂ္ဂိုလ်က ဥပေက္ခာဖြစ်ဖို့ ဥပနိဿယမဟုတ်၊ ဥပေက္ခာဖျက်မဲ့ ဆန့်ကျင်ဘက်၊ ယခုလို

လျစ်လျူရှုတဲ့ပုဂ္ဂိုလ်ကတော့ ယောဂီမိမိရဲ့ ဥပေက္ခာဖြစ်ဖို့အရေးမှာ အားကြီးသောအကြောင်း ဥပနိဿယ၊ ထိုဥပနိဿယအစဲ့ပြုပြီး မိမိမှာ ဥပေက္ခာဖြစ်ကြောင်း နည်းလမ်းရကာ ဥပေက္ခာသမ္မောဇ္ဈင်ဖြစ်လာဖို့ အလားအလာ မျှားစွာ ကောင်းနေပါတယ်၊ ဒါ့ကြောင့် သတ္တာ သခ်ၦါရအပေါ် လျစ်လျူတဲ့ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်းဟာ ဥပေက္ခာ သမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်းတစ်ရပ် ဖြစ်ရပါတယ်။

၅–ဥပေက္ခာသမ္မောဇ္ဈင်၌ သက်ဝင်ခြင်း

လောကကိုယ့်အလုပ်မှာစိတ်ပါ၊ အလုပ်ဖြစ်ရေးမှာ စိတ်ညွှတ်နေသူအဖို့ သူ့အလုပ်မှာ မလစ်ဟင်းဧစရ၊ အလုပ်ဖြစ်အောင် အမြဲကြိုးစားနေတာ အထင်အရှားပါဘဲ၊ အဲဒါလိုဘဲ ဗောဇ္ဈင်အရာမှာ စိတ်ပါမှု၊ ထိုထိုဗောဇ္ဈင်ဖြစ်ရေးမှာ စိတ်ညွှတ်နေမှုဟာလည်း အရေးပါလို့ ဗောဇ္ဈင်တိုင်းမှာဘဲ အကြောင်းတစ်ရပ်အဖြစ် ထည့်ထားခြင်းပါဘဲ၊ ဒါ့ကြောင့် ဒီဥပေက္ခာဗောဇ္ဈင်အရာမှာလည်း ဥပေက္ခာဖြစ်ဖို့ စိတ်ပါ စိတ်ညွှတ်နေခြင်းဟာ ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်းတစ်ရပ် ဖြစ်ရတယ်ဆိုတာ အထူးအထွေ ပြောနေဖို့ မလိုတော့ပါဘူး၊ ထင်ရှားနေပါပြီ။

ဗောဇ္ဈင်ပွားလို့ ဘုရားဖြစ်

ဗောဇ္ဈင်ခုနစ်ပါး ဖြစ်ကြောင်းတရားတွေ ဟောခဲ့ပြီးပါပြီ၊ သတ္တာဗောဇ္ဈင်ရဲ့ ဘာဝေတွေ အနုတ္တရ သမ္မာသမ္ဗောဓိ အဘိသမ္မုဒ္ဓေါ=ဗောဇ္ဈင်ခုနစ်ပါးတရားတွေ ဖြစ်ပွားစေပြီး တုဖက်

ကင်းကွာ အသာဆုံးဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း သိတော်မူခဲ့ပြီ-ဆိုတဲ့ ပါဠိအရ ဘုရားရှင်ဟာ ဗောဇ္ဈင်ခုနစ်ပါး ပွားစေပြီး ဘုရားအဖြစ် ရောက်တော်မူခဲ့တယ်၊ မိမိကိုယ်တော်တိုင် လက်ကိုင်ရရှိ သိတော်မူခဲ့တဲ့ ဗောဇ္ဈင်တရားတွေကို ဟောကြားနည်းပြ ဝေနေယျတို့ကိုလည်း သိစေပွားစေတော် မူခဲ့တယ်၊ ကိုယ်တော်တိုင် ဗောဇ္ဈင်တရားတွေ သိတော်မူပြီးနောက် အမြဲမကွာ အသုံးပြုတော် မူခဲ့လေတော့ ဗောဇ္ဈင်တရားတွေဟာ ဘုရားရှင်ရဲ့ အသုံးအဆောင်တွေ ဖြစ်နေခဲ့ပါတယ်၊ ဒီတော့ ဒီနေရာမှာ ဘုရားရှင် ဗောဇ္ဈင်တရားတွေ ပွားခဲ့လို့ ဘုရားဖြစ်ခဲ့ပုံ အမြဲသုံးစွဲတော်မူပုံ အချုပ်မျှ ဟောပြပါဦးမယ်။

၄
၁၀
ဗောဇ္ဈင်တရားတွေ ပွားစေခဲ့ပုံ

ဘုရားဖြစ်မှုအစ အာနာပါနကလို့ ဆိုရပါလိမ့်မယ်၊ အာနာပါနသတိ စတင်ပွားစဉ်က လမ်းမှန်မရောက်နိုင်ဘဲ အတော်ကြာခဲ့ပါဘယ်၊ နောက်မှ နည်းမှန် လမ်းမှန် ရောက်ခဲ့တယ်၊ လမ်းမှန်သို့ ရောက်သွားလျှင်ဘဲ ဗောဇ္ဈင် တရားတွေဟာလည်း အားရှိကာ တိုးပွားလာခဲ့ပါတယ်၊ ဘုရားရှင်က တစ်ခါတစ်ခါ ကိုယ်တော်မြတ်ရဲ့ ဘုရားဖြစ်ဖို့ရာ အတော် နီးကပ်လာတဲ့အခါ ဗောဇ္ဈင်တရားတွေ တက်လာပုံကို ထုတ်ဖော် ဟောကြားတော်မူခဲ့ပါတယ်။

အာရဒ္ဓံ ဟောတိ ဝီရိယံ အသာလ္လီနံ–ဝီရိယကိုအားထုတ်ခဲ့ပြီ တွန့်ဆုတ်ခြင်းမရှိ၊ အာနာပါနအားထုတ်တော့ ဝီရိယသမ္ဗောဇ္ဈင်ဟာ တကယ်ပြည့်စုံလာလို့ တွန့်ဆုတ်မှုမရှိ ထက်ထက်သန်သန်

တဲက်တက်ကြွကြွ ဖြစ်နေပုံကို ဖြစ်ပေါ်ပြီးနောက် ဆိုးကောင်းကံ ကောင်းကံ ရှိကြကုန်သော်လည်း ဥပဒေတော သတိ အစီးမမှီဘဲ—သတိဟာ အာနာပါန အာရုံဆီ ကပ်တည်နေပြီ ပျောက်ပျက်မှုမရှိ၊ထိုအချိန်မှာ ကိုယ်တော်မြတ်၏ သတိဟာ အာနာပါနအာရုံမှာ စဲမြဲစွာ ကပ်တည်နေတော့တယ်၊ အာရုံပျောက်ပျက်သွားတယ်လို့ လုံးဝရှိတော့၊ သတိသမ္မောဇ္ဈင် အားကောင်းပုံ မိန့်တော်မူခြင်းပါဘဲ၊ ပဿဒ္ဓေါ ကာ့ယော အသာရဒ္ဓေါ-ကိုယ်စိတ်ပူပန်မှုမရှိ ငြိမ်းအေးခဲ့ပြီ၊ ထိုအချိန်မှာ ရှင်တော်မြတ်၏ ကိုယ်စိတ်မှာ လွန်စွာ ငြိမ်းချမ်းနေခဲ့တယ်၊ ကိုလေသာကြောင့်ဖြစ်တဲ့ ပူပန်မှု လုံးဝမရှိ၊ ပဿဒ္ဓိသမ္မောဇ္ဈင် အား အလွန်ကောင်းနေပုံကို မိန့်တော်မူခြင်းပါဘဲ၊ ပီတိကိုတော့ အထူး မိန့်တော်မမူတော့ပါဘူး၊ ပီတိဖြစ်မှ ပဿဒ္ဓိဖြစ်တာမို့ ပဿဒ္ဓိ အားကောင်းပုံပြလျှင် ပီတိဖြစ်ခြင်းဟာလည်း တပါတည်း ပြီးနေတာပါဘဲ၊ ပြပြီးဖြစ်နေပါတယ်။

သမာဓိတံ စိတ္တံ ဧကဂ္ဂံ—အာရုံအမျိုးမျိုး မရှိ၊ တစ်ခုတည်းသော အာရုံရှိသော စိတ်တော်ကို ကောင်းစွာ ထားအပ်ပြီ၊ ပျံ့လွင့်မှုမရှိဘဲ အာနာပါနအာရုံ တစ်ခုတည်းမှာ စဲမြဲစွာ စိတ်တော်ဟာ တည်ကြည်နေခဲ့တယ်၊ သမာဓိသမ္မောဇ္ဈင် အားရှိနေပုံကို မိန့်တော်မူခြင်းပါဘဲ၊ ထိုအချိန်မှာ သမာဓိအစွမ်းကြောင့် ကိုယ်တော်ပွားရာ အာနာပါနမှ တခြား အာရုံဆီ လွင့်ပါးမှု လုံးဝမရှိ၊ အလွန်တည်ငြိမ် စဲမြဲနေမှုကို ထုတ်ဖော်တော်မူခြင်း ဖြစ်ပါတယ်၊ ဒီနေရာမှာ ပညာကိုတော့ အထူး မိန့်တော် မမူပါဘူး၊ သမာဓိ အားကောင်းနေတာ ပြလျှင် ဉာဏ်အမြင်လည်း သွက်နေတယ်ဆိုတာ ပြပြီးဖြစ်နေပါတယ်၊ ဥပေက္ခာသမ္မောဇ္ဈင်လည်း သမာဓိ အားကောင်းနေတယ်ဆိုတာ

နဲ့ဘဲ ပြီးနေပါတယ်၊ သဘိ ဝိရိယ သမာဓိတွေ ဓကာင်းနေလျှင် ထိုဘရားတွေ အညီအမျှဖြစ်အောင် ဗျာပါရမပြု အသင့်ရှိနေတဲ့ ဥပေက္ခာလည်း အားကောင်းနေတယ်ဆိုတာ ထင်ရှားပါပြီ။

ဒီလို အပွနာစျာန်ဆိုက်နိုင်လောက်အောင် ဗောဇ္ဈင်တရားတွေ အားကောင်းနေတော့ မကြာခင် ပဌမစျာန် ရခဲ့တယ်၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တွေလည်း ဆက်ကာဆက်ကာ ရခဲ့တယ်၊ စတုဋ္ဌစျာန်သမာဓိက အလွန်အားရှိတဲ့ သမာဓိပေါ့၊ သမာဓိအားရှိတော့ ထိုစျာန်မှာပါတဲ့ ဗောဇ္ဈင်တရားတွေဟာလည်း အလွန်ဘဲ အားရှိထက်သန်နေခဲ့ပါတယ်၊ ဒါ့ကြောင့် အဲဒီ စတုဋ္ဌစျာန်ဟာ အဘိညာဉ်တွေ ဖြစ်စေဖို့ရာ အစွမ်းသတ္တိရှိနေခဲ့ပါတယ်၊ ဒါ့ကြောင့်လည်း ရှင်တော်မြတ်ဟာ မကြာမီ ပုဗ္ဗေနိဝါသာနုဿတိခေါ် ဉာဏ်တော်ကြီးကို ရခဲ့ပါတယ်၊ အဲဒီ ဉာဏ်တော်ကြီးနဲ့ ရှေးရှေးဘဝများစွာ ကမ္ဘာအလီလီက ဖြစ်ခဲ့ရတဲ့ ဝန္ဓာအစဉ်တွေ အောက်မေ့တော် မူခဲ့ပါတယ်၊ ဒီနောက် ဒိဗ္ဗစက္ခုခေါ် ဉာဏ်တော်ကြီးကို ရခဲ့ပြန်တယ်၊ အဲဒီဉာဏ်တော်နဲ့ ဒုဂ္ဂတိဘဝရောက်နေရတဲ့ သတ္တဝါတွေ, သုဂတိဘဝ ရောက်နေရတဲ့ သတ္တဝါတွေကို ခြင်းရာပုံဟန် အတန်တန်နဲ့ ကံအကြောင်းတွေကိုပါ မြင်နေ, သုံးသပ်ဆင်ခြင်တော် မူနေခဲ့တယ်၊ သည်နောက် စတုတ္ထစျာန် အခြေခံပြီး ဝိပဿနာပွားတော်မူခဲ့တယ်၊ ထိုထိုရုပ်နာမ်တို့ကို သဘာဝ အကြောင်းအကျိုး အနိစ္စ စသည်အားဖြင့် ဝိပဿနာဉာဏ်တင် အဖန်ဖန် အပြန်ပြန် ရှုဆင်ခြင်တော်မူခဲ့တယ်၊ ဒီအခါမှာ ကိုယ်တော်မြတ် သန္တာန်မှာ အလွန်ထက်သန်အားကောင်းနေတဲ့ ဗောဇ္ဈင်တရားတွေအစွမ်းကြောင့် မဂ်လေးဆင့် အဆင့်ဆင့် လျင်စွာတက်

အရဟတ္တာ မဂ်ဉာဏ်တော်ကြီး ရတော်မူခဲ့၊ အရဟတ္တာ မဂ်ဉာဏ်တော်ကြီးအခိုက်မှာ ဖြစ်နေတဲ့ ဗောဇ္ဈင် တရားတွေကတော့ ဘာဝနာ အပြည့်အဝဆုံးဖြစ်ကာ အထွတ်အထိပ်ရောက်လာရတဲ့ ဗောဇ္ဈင်တရားတွေပါဘဲ၊ အဲဒီအရဟတ္တာ မဂ်ဉာဏ်တော်နဲ့ ကိုလေသာ အားလုံး ချေမှုန်းပယ်သတ်တော်မူပြီးတဲ့နောက် အရဟတ္တာ ဖိုလ်ဆိုက်ရောက်တော်မူခဲ့တယ်၊ အဲဒီအခါမှာ သူတကာ တုမရတဲ့ ဗုဒ္ဓဉာဏ်တော် တန်ခိုးတော်အဖုံဖုံ ဂုဏ်တော်အရပ်ရပ်ဖြင့် ဘုရားမြတ်အဖြစ်သို့ ဆိုက်ရောက်ခဲ့ရပါတယ်၊ အဲဒီနောက်တော့ ဒီဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာတို့ကို သက်တော်ရှည်သမျှ အမြဲတမ်း သုံးဆောင်တော်မူခဲ့ပါတယ်၊ ဒီနေရာမှာ စျာန်ဝိပဿနာမဂ်ဖိုလ်အခိုက်မှာဖြစ်တဲ့ ဗောဇ္ဈင်တွေနဲ့စပ်လို့ ရှင်းလင်းဖို့လိုနေတော့ အဲဒီ ရှင်းလင်းချက်ကလေးကို ပြောကြပါဦးစို့။

ဗောဇ္ဈင်နှင့်စပ်၍ ရှင်းလင်းချက်

နောက်က ဗောဇ္ဈင်အနက်တွေ ပြောရာမှာ ကိုလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးတယ်၊ သစ္စာလေးပါး ထိုးထွင်းသိတယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတဲ့ အနက်သုံးမျိုးပါခဲ့ပါတယ်၊ ကိုလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးတယ်ဆိုတဲ့ စကားအရ မဂ်သာမက အထွတ်အထိပ်ခေါင်ဖျားရောက်နေတဲ့ ဝိပဿနာ မျှားလည်း ဗောဇ္ဈင် ဖြစ်ကြောင်းပြတယ်လို့ ဆိုပါတယ်၊ ခေါင်ဖျား ရောက်နေတဲ့ ဝိပဿနာဆိုတာက ဝုဋ္ဌာနဂါမိနီ ခေါ် မဂ်ရောက်ကြောင်း ဝိပဿနာမဂ်နဲ့ အလွန်နီးနေတဲ့ အနုလောမဉာဏ်နဲ့ သင်္ခါရုပေက္ခာဉာဏ်နောက်ဆုံးပိုင်းကို ဆိုပါတယ်၊အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟာ

ကိုလေသာတွေ ချုပ်ငြိမ်းစေပြီး ဖြစ်နေတာကြောင့် မဂ်လိုဘဲ ဗောဇ္ဈင်အစစ်အဖြစ် သွင်းရတယ် ဆိုပါတယ်၊ သစ္စာလေးပါး သိကယ်ဆိုတဲ့ အနက်က မဂ်ဗောဇ္ဈင်ကို ဆိုပါတယ်၊ နိဗ္ဗာန် မျက်မှောက်ပြုတယ်ဆိုတဲ့ အနက်က ဖိုလ်ဗောဇ္ဈင်ကို ရည်ပါတယ်။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာက ဗောဇ္ဈင်တွေဟာ အလွန် အားကောင်းနေ ကိုလေသာတွေကိုလည်း တက္ကယ်ရှင်းစေလို့ မဂ်ဗောဇ္ဈင်နဲ့အတူသား ဗောဇ္ဈင်တရားအဖြစ် ဆိုထားပါတယ်၊ ဒီဝိပဿနာက ရှေးဖြစ်တဲ့ အားရှိတဲ့ ဗလဝ ဝိပဿနာများမှာလည်း ဗောဇ္ဈင်တရားများဟာ လွန်စွာထက်သန် ထင်ရှားနေခဲ့ပါတယ်၊ ဒါ့ကြောင့် အဲဒီ ဗလဝ ဝိပဿနာ အခိုက်မှာလည်း ဗောဇ္ဈင်တဲရားများ ဖြစ်ကြောင်း ဆိုကြပါတယ်၊ ဝိပဿနာ ဆိုတာက အနိစ္စ စသည်အားဖြင့် ရှုတာ၊ သမ္မသနဉာဏ် အခိုက်မှာ အနိစ္စ စသည်ဖြင့် ရှုနေသော်လည်း အဲဒီအခိုက် ဝိပဿနာကို မုခ္ဂ ဝိပဿနာမဆို ပရိယာယ်အားဖြင့် ဝိပဿနာ ဆိုရတယ်၊ ဉဒယဗ္ဗယဉာဏ်ရောက်မှ အနိစ္စ စသော လက္ခဏာကို ပိုထင်ရှားပေါ်လွင်မြင်လာရလို့ အဲဒီ ဉဒယဗ္ဗယဉာဏ်က စပြီး အစစ် ဝိပဿနာ မုခ္ဂ ဝိပဿနာ ဆိုလိုကြပါတယ်၊ ဉဒယဗ္ဗယဉာဏ်ကလည်း အနု အရင့် နှစ်မျိုး၊ တရုဏဝိပဿနာခေါ်ရတဲ့ နုတဲ့ ဉဒယဗ္ဗယဉာဏ် ရလာတယ်ဆိုယင်ဘဲ ပီတိ ပဿဒ္ဓိ ဝိရိယ သတိ ပညာ ဥပေက္ခာ ဒီတရားတွေဟာ အလွန်ထူးခြား ထက်သန်စွာ ဖြစ်လာပါတယ်၊ ဒါ့ကြောင့်လည်း ဒီအခိုက်မှာ ယောဂီဟာ မိမိကိုယ်ကို မဂ်ရနေပြီလို့ ထင်လာတတ်ခြင်း ဖြစ်ပါတယ်၊ အဲဒါ မဂ်မဟုတ်သေးကြောင်း သိပြီး ဆက်လက် အားထုတ်မြဲ

အားထုတ်လို့ ဝိပဿနာညစ်ညူးကြောင်းတွေကို လွန်မြောက်လာတဲ့ ဥဒယဗ္ဗယဉာဏ် အရင့်ကစပြီး ဗလ၀ ဝိပဿနာ ရလာယင် အဲဒီကစပြီး ဘင်္ဂစသော နောက်ဝိပဿနာဉာဏ် အဆင့်ဆင့်မှာ ဗောဇ္ဈင်တရားတွေဟာ တစ်ဆင့်ထက်တစ်ဆင့် တက်ကာသာ အားကောင်းလာပါတယ်။

နဲတဲ့ တရားဝိပဿနာ ခေါ် ဥဒယဗ္ဗယဉာဏ် ပိုင်ပြီဆိုယင် အာရဒ္ဓ ဝိပဿက ခေါ်ပါတယ်၊ ဝိပဿနာအလုပ် အားထုတ်စပြုပြီး ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဖြစ်သည်က စပြီး သမ္မောဓိပဋိပဒါ ခေါ် ဗောဇ္ဈင်အကျင့် ကျင့်နေသူဆိုရကြောင်း မိန့်ဆိုကြပါတယ်။

သမ္မဒ္ဓတိ အာရဒ္ဓဝိပဿကတော ပဋ္ဌာယ ယောဂါ၀စရော တိ သမ္မောဓိ၊ တဿ သမ္မောဓိဿအင်္ဂံ တိ သမ္မောဇ္ဈင်္ဂံ။

ယောဂါ၀စရော- ကမ္မဋ္ဌာန်းအားထုတ်၊ ယောဂ အလုပ်တွင်၊ သက်ဝင်ကျက်စားသူ ယောဂါ၀စရပုဂ္ဂိုလ်သည်။ အာရဒ္ဓ ဝိပဿကတော-အားထုတ်မှု စတင်ပြုပြီးသည့် ဝိပဿနာယောဂီ ပုဂ္ဂိုလ်အဖြစ်မှ။ ပဋ္ဌာယ-အစပြု၍။ သမ္မဒ္ဓတိ-သစ္စာလေးပါးကို ကောင်းစွာ သိတတ်၏။ ဣတိ-ထို့ကြောင့်။ သမ္မောဓိ-သမ္မောဓိမည်၏။ တဿ သမ္မောဓိဿ-သမ္မောဓိ အမည်ရှိ၊ ဘိုအာရဒ္ဓဝိပဿကဏ်။ အင်္ဂံ-အကြောင်းအစိတ် အင်္ဂါကို။ ဣတိ-ဤအနက်အရ။ သမ္မောဇ္ဈင်္ဂံ-သမ္မောဓိအမည်ရှိ အာရဒ္ဓ ဝိပဿကဏ် အကြောင်းအစိတ်အင်္ဂါကို ဟူသော ဒီယ၊ မဟာ၀ဂ္ဂ အဋ္ဌကထာအရ နဲသော ဥဒယဗ္ဗယဉာဏ်ပိုင်ပြီးနောက် ရင့်သော

ဥဒယဗ္ဗယဉာဏ်ကစပြီး နောက်နောက်အားရှိတဲ့ ဗလဝဝိပဿနာ ဉာဏ်တွေမှာ ဗောဇ္ဈင်တရားများဖြစ်ကြောင်း ပြပါတယ်။

ဒီဗောဇ္ဈင်အရာမှာ ဗလဝဝိပဿနာ မဂ်ဖိုလ် အခိုက်မှာ ဖြစ်တဲ့ သတိစသော တရားကိုသာ ဗောဇ္ဈင်အဖြစ် ယူလိုတဲ့ မထေရ်တွေ၊ ထိုမျှမက ဝိပဿနာ အခြေခံ စျာန်တရားတွေမှာ ဖြစ်တဲ့ သတိစသော တရားတွေကိုလည်း ဗောဇ္ဈင် အဖြစ် ယူလိုတဲ့ မထေရ်တွေလို့ ရှေးကဘဲ နှစ်မျိုးအယူအဆ ကွဲပြားနေတဲ့ မထေရ်တွေ ရှိနေခဲ့ပါတယ်။

စျာန်မှာရှိတဲ့ သတိ စသည်ကို ဗောဇ္ဈင်အဖြစ် လိုလားသူတို့အလိုက ကိလေသာကို ဖောက်ခဲ့ ဖျက်ဆီးတတ်တဲ့ သစ္စာကို ဖောက်ထွင်းသိတတ်တဲ့ မဂ်သို့ ရောက်စေတတ်တဲ့ တရားမို့ ဝိပဿနာ အခြေခံ စျာန်မှာရှိတဲ့ သတိစသည်ကိုလည်း ဗောဇ္ဈင်ဘဲ ဆိုနိုင်တယ်လို့ ယူဆကြတယ်၊ ဝိပဿနာအခိုက် သတိစသည်ဟာ မဂ်အားလျော်သောကြောင့် ဗောဇ္ဈင် ဆိုရသလို စျာန်အခိုက် သတိ စသည်တွေဟာလဲ ထိုသို့ပင် မဂ်အား လျော်သောကြောင့် ဗောဇ္ဈင်ဆိုရတယ်လို့ ဆိုလိုပါတယ်၊ ဆိုလိုရင်းက စျာန်နဲ့ ဝိပဿနာဟာ မဂ်၏ အဝေးအနီး အကြောင်းအဖြစ် ဖြင့်သာ ကွဲပြားကြပါတယ်၊ မဂ်၏ ဥပနိဿယကတော့ ဖြစ်ကြတာချည်းဘဲ ဆိုလိုပါတယ်။

စျာန်မှာရှိတဲ့ သတိစသည်ကို ဗောဇ္ဈင်အဖြစ် မလိုလားတဲ့ ပုဂ္ဂိုလ်များအလိုက ဝိပဿနာဟာ မဂ်၏ နီးသောအကြောင်း ဖြစ်သလို စျာန်က ထိုသို့နီးသောအကြောင်းမဟုတ်၊ စျာန်ဟာ ဝိပဿနာလို မဂ်၏ ဧကန်ဖြစ်တဲ့ အကြောင်းလည်း မဟုတ်၊

ဝိပဿနာကိစ္စရဲ့ ပြီးမြောက်မှု အဆုံးသတ်ဟာ မဂ်ဖြစ်သလို စျာန်ကိစ္စရဲ့ ပြီးမြောက်မှုအဆုံးသတ်ဟာ မဂ်မဟုတ်ကြောင်း ဒီလို ယူဆ ပစ်ပယ်ကြပါတယ်။

စျာန်အခိုက်မှာ ဗောဇ္ဈင်တရားယူဖို့ လိုလားကြတဲ့ ပုဂ္ဂိုလ်တွေ အယူအဆကို ရှေး အဋ္ဌကထာ ဆရာများက မပယ်ရှားမတားမြစ်ခဲ့လို့ ဒီ အယူလည်း အတည် ဖြစ်နေခဲ့ပါတယ်၊ ဒါကြောင့်လည်း နောက်က ဗောဇ္ဈင်ဖြစ်ကြောင်းတွေ ပြရာမှာ စျာန်တရားက ဗောဇ္ဈင်တွေကိုလည်း ပြခဲ့တာ အမှတ်ပြုမိကြပါလိမ့်မယ်၊ သို့သော်လည်း စျာန်အခိုက်မှာဖြစ်တဲ့ ဗောဇ္ဈင်တွေကိုတော့ ပရိယဝယ်ဗောဇ္ဈင် ဆိုရပါတယ်၊ ပရိယာယ်ဆိုတာကဟော့ အစစ်ဗောဇ္ဈင်တွေနဲ့ သဘာဝတူကြ ဝေးသောအကြောင်းဖြစ်ပေမယ့် မဂ်ရကြောင်းဘဲ ဆိုနိုင်လို့ပါဘဲ၊ တကယ် အစစ်မှုခြ ဗောဇ္ဈင်ကတော့ မဂ်ဗောဇ္ဈင်ပါဘဲ၊ ဝုဋ္ဌာနဂါမိနီခေါ် ခေါင်ဖျားရောက် ဝိပဿနာလည်း ဗောဇ္ဈင်အစစ်ထဲ သွင်းလိုကြပါတယ်၊ ခေါ်ထိပ်ခေါင်ဖျား မဂ်အနီးအနား ကပ်နေတဲ့ ထိုဝိပဿနာမှတစ်ပါး နောက်နောက်အားရှိတဲ့ ဗလဝ ဝိပဿနာတွေကိုပင် ပရိယာယ်ဗောဇ္ဈင်အဖြစ် ဆိုခဲ့ကြပါတယ်။

ဒါ့ကြောင့် ဘုရားရှင် အာနာပါန စျာန်ရဖို့ အားထုတ်တဲ့ အခါက ဖြစ်လာတဲ့ ဗောဇ္ဈင်တွေ၊ စျာန်ရတဲ့အခိုက် ဖြစ်တဲ့ ဗောဇ္ဈင်တွေကို နောက်က ပြောခဲ့ရာမှာ ပရိယာယ် ဗောဇ္ဈင် အဖြစ်ဖြင့် ပြောခဲ့တာဖြစ်ကြောင်း သတိပြုသင့်ပါတယ်၊ ရှေးနာမရူပ ပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟ သမ္မသနဉာဏ်တွေမှာလည်း ဒီဗောဇ္ဈင်တရားတွေဟာ ပါနေတာပါဘဲ၊ ဒါပေမယ့် သူတို့

ကိစ္စက သိပ်မပေါ်လှင်လှသေး၊ ဆန့်ကျင်ဘက် ပဋိပက္ခတွေကို လည်း ကောင်းစွာမပယ်နိုင်သေး ဖြစ်နေလို့ ဗောဇ္ဈင်စာရင်းထဲ မသွင်းဘဲ ထားခဲ့ခြင်းပါဘဲ၊ သို့သော်လည်း ထိုဥာဏ်တွေအခိုက် ဖြစ်ဘဲ့ တရားတွေထဲမှာလည်း တရားတက်လာတဲ့အခါ အဆင့် ဆင့် အားရှိလာတဲ့ တရားတွေလည်း ရှိနေတော့ ထိုဥာဏ်တွေ အခိုက်မှာဖြစ်တဲ့ ဗောဇ္ဈင်တရားတွေကိုလည်း ပရိယာယ်အားဖြင့် ဗောဇ္ဈင်လို့ဘဲ ဆိုခွင့်ရှိနေပါတယ်။

ဘုရားရှင် ဗောဇ္ဈင်တရား အမြဲအသုံးပြုတော်မူပုံ

ကဲ....ဒီတော့ စျာန် ဝိပဿနာ မဂ်ဖိုလ်အခိုက်မှာ ဗောဇ္ဈင် တရားတွေ မိမိတို့ကိုစွ ဆောင်ရွက်နေကြတယ်ဆိုတာ သိရပါပြီ၊ ဒီလိုဆိုလျှင် ဖိုလ်ဝင်စားဘဲ့ ဘုရားရှင်ဟာ ဗောဇ္ဈင်ခုနစ်ပါး တရားရတနာတွေ ဖြစ်စေနေတယ်ဆိုတာ ရှင်းလောက်ပါပြီ၊ ဘုရားရှင် ကိုယ်တော်မြတ်ဟာ အရဟတ္တဖိုလ်ရောက် ပေါက် မြောက်အပြီးတွင် ဗောဓိပင် ပလွင်တော်ထက်မှာဘဲ နေရာမထ ရက်သတ္တ တစ်ပတ်လုံးလုံး ဝိမုတ္တိသုခေါ် ဖလသမာပတ် ချမ်းသာဖြင့် စံနေတော်မူခဲ့ပါတယ်၊ အဲ ဗောဇ္ဈင်တရားရတနာ အသုံးပြုတော်မူကာဖြင့် နိဗ္ဗာန်အရသာ ခံစား သုံးဆောင် နေတော်မူခြင်းပါဘဲ၊ နောက်လည်းဘဲ သက်တော်ရှည်သမျှ ကာလပတ်လုံး အမြဲလိုလို ဒီသမာပတ်ကို အသုံးပြုတော်မူခဲ့ပါ တယ်၊ ယေန သုခံ နိစ္စကပ္ပံ ဝိဟာရာမိ=ယင်း ဖလသမာပတ်ဖြင့် အမြဲလိုလိုနေခဲ့ကြောင်း သစ္စကကြီးကို ဘုရားရှင် ဟောခဲတော် မူတာ ရှိပါတယ်၊ တရားဟောခြင်း တခြားသမာပတ် ဝင်စားဖို့ အကြောင်းရှိနေခြင်း စသော အခွင့်မသာတဲ့အခါ ချန်လှပ်ပြီး

အခွင့်သာတိုင်း ဝင်စားတော်မူလေ့ရှိပါတယ်၊ တရားဟောတော်မူတဲ့အခိုက်မှာဘဲ လူတွေ သာဓုခေါ်နေတဲ့ အတွင်းမှာတောင် ဝင်စားတော်မူလိုက်ပါသေးတယ်၊ သာဓုခေါ်ပြီး ချက်ချင်းဘဲ သမာပတ်မှ ထတော်မူကာ တရားဆက်ဟောနိုင်ပါတဲ့ယ်။

ရှင်တော်မြတ်ဘုရား တစ်ခါက ဝေဠုဝန်ရွာမှာ ဝါကပ်တော်မူစဉ် ပရိနိဗ္ဗာန် စံရလောက်အောင် ပြင်းထန်တဲ့ ရောဂါဝေဒနာ ဖြစ်ပေါ်လာတယ်၊ အဲဒီအခါက ဖလသမာပတ်ဖြင့် နေတော်မူခဲ့ရာ ထိုရောဂါ လုံးဝ ပျောက်ငြိမ်းခဲ့ရပါတယ်၊ ဖလသမာပတ်ဖြင့် နေရသောအခါ ငါဘုရားကိုယ်တော်ဟာ အလွန်အလွန် ချမ်းသာလှကြောင်းလည်း အရှင်အာနန္ဒာအား မိန့်ကြားတော် မူခဲ့ပါတယ်၊ အတုမရတဲ့ သုခဓာတ် အငြိမ်းအအေးဖြင့် စိမ့်ပေးတတ်သော သမာပတ်ဖြစ်ရာ ထိုသမာပတ်ဖြင့် ဆယ်လကြာအောင် ရောဂါမငြိ ပကတိ ကျန်းမာစွာ တည်နေနိုင်တော်မူခဲ့ပါတယ်၊ ဒီတော့ ဖလသမာပတ်ပါ ဗောဇ္ဈင်တရားများကို ရောဂါဖြစ်သောအခါ အကာအကွယ်အဖြစ် အသုံးပြုတော်မူခဲ့သည်ကိုလည်းကောင်း, ပကတိအခါ တကယ့်ငြိမ်းချမ်းမှု သုခအရသာ ခံစားရေးအတွက် အသုံးပြုတော် မူခဲ့သည်ကိုလည်းကောင်း သိရသည်ဖြစ်ရာ ဗောဇ္ဈင်တရားများဟာ ဗုဒ္ဓမြတ်စွာရဲ့ အသုံးအဆောင်တော်များဖြစ်ခဲ့ကြောင်း ကောင်းစွာ သဘောပေါက်လောက်ပါပြီ။

ပရိဘောဂေါ ဗောဇ္ဈင်-ရတနံ ဓမ္မရာဇိနော၊
ကော တံ နေ ပရိဘုဉ္ဇေယ္ယ-တံ ဟိ သန္တိပဒါယကံ။

ဗောဇ္ဈင်ရတနံ - သုံးစွဲဆင်ကာ၊ အမြင်လှ၍၊ ရှင်ပျံစရာ၊ သူငါညွှတ်ချင်၊ အထွတ်တင်အပ်၊ ဗောဇ္ဈင်မြတ်ရတနာသည်။ ဓမ္မရာဇာနော-တရားကြောင့်လျှင်၊ မျှားအရှင်ဟု၊ ဘုရင်အစစ်၊ ဓမ္မရာဇာတွင်၊ ရှင်တော်မြတ် ဘုရား၏။ ပရိဘောဂေါ-ငြိမ်းအေးခြင်းမှန်၊ ရသာခံဖို့၊ လျှော်ကန်သင့်ရာ၊ ခွင့်ခါ အားလုံး၊ မဆုံးအောင်ဆင်၊ အသုံးအဆောင်ပင် ဖြစ်ပါတော့သတည်း။ ကော-ချမ်းသာဖိုရေး၊ အေးဖိုရှယ်ယူ၊ အဘယ်သူ အဘယ်ပုဂ္ဂိုလ်သည်။ တံ-ထိုဘုရားမြတ်တို့၊ သုံးအပ်ညွှတ်ဝင်၊ အထွတ်တင်အပ်၊ ဗောဇ္ဈင်မြတ် ထိုရတနာကို။ နု ပရိဘုဉ္ဇေယ္ယ-အတိုးဆုံးပြု၊ ကြိုးလုံ့လဖြင့်၊ အရယူကာ၊ မသုံးဘဲရှိရာအုံ့နည်း။ ပရိဘုဉ္ဇေယ္ယဝ - မရအရ၊ အားမာန်ကြွလျက်၊ အရယူကာ၊ သုံးဆောင်ရာသည်သာလျှင်တည်း။ ဟိ-ရဖိုလျှော်ကန်၊ သုံးရန်ကောင်းလို့၊ အကြောင်းပြုရလျှင်။ တံ - ဘုရားမြတ်စွာ၊ သုံးဆောင်ရာဟု၊ ရတနာကွင်၊ တရားမြတ် ထိုဗောဇ္ဈင်သည်။ သန္ဓိပဒါယကံ- ရသူ ပိုင်သူ၊ သုံးသူခပ်သိမ်း၊ ငြိမ်းဖိုအရေး၊ အအေးခတ်မကွာနစ်၊ ပေးတတ်ပါပေသတည်း။

ပစ္စေကဗုဒ္ဓါအရှင် စသည်တို့၏လည်း သုံးဆောင်ရာ

ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာတို့ကား ဘုရားရှင်၏ အသုံးအဆောင်တော်မျှား ဖြစ်သည်သာမက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ အရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာအရှင်မြတ်တွေ ဆိုင်ရာဆိုင်ရာ မဂ်ဖိုလ်တွေရနေကြတဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့ အသုံးအဆောင်တွေလည်း ဖြစ်ပါတယ်၊ ပစ္စေကဗုဒ္ဓါ ရဟန္တာနဲ့ အရိယာသခင် အရှင်မြတ်တွေဟာ နိဗ္ဗာန်အရသာခံဖို့ အစဉ်

ထာဝရ သုံးစွဲတော်မူနေကြတဲ့ အသုံးအဆောင် ရတနာတွေ ပါဘဲ၊ ဒီနေရာမှာ မဟာဝဂ္ဂသံယုတ် ဝတ္ထသုတ်လာ အရှင် သာရိပုတ္တရာ အရှင်မြတ်ကြီးက မိမိ ဖလသမာပတ်အရာမှာ လွန်စွာနှိုင်နင်း လေ့လာခြင်းစွမ်းအား ကြီးမားနေပုံကို ရဟန်း များအား မိန့်ကြားတော် မူချက်ကလေး လိုရင်းချုပ်ကာ ထုတ်ဖော်လိုက်ပါဦးမယ်။

ရှင်ဘုရင်မှာဖြစ်စေ အမတ်ကြီးမှာဖြစ်စေ အရောင်အမျိုးမျိုး ဆိုးသ ခြယ်လှယ်ထားအပ်တဲ့ အဝတ်ပုဆိုး အမျိုးမျိုးသေတ္တာ အပြည့် ရှိနေမယ်ဆိုယင် ထိုဘုရင် ထိုအမတ်ကြီးဟာ ထိုသေတ္တာ ထဲမှ နံနက်အခါ ဝတ်လိုရာ ထိုထိုအဝတ်ပုဆိုးအစုံကို ဝတ်ရုံနိုင်တယ်၊ နေ့လယ်အခါလည်း ဝတ်ရုံလိုက ကြိုက်ရာကြိုက်ရာ ဝတ်စုံ ကို ဝတ်ရုံနိုင်တယ်၊ညနေအခါလည်း ဝတ်ရုံလိုက ကြိုက်ရာဝတ်စုံ ကို ဝတ်ရုံနိုင်တယ်၊ ထို့အတူ ဗောဇ္ဈင်ခုနစ်ပါး တရားတွေ ရှိခဲ့ရာ ထိုဗောဇ္ဈင် ခုနစ်ပါးထဲမှ နံနက်အခါ မိမိ နေလိုရာ ဗောဇ္ဈင်ဖြင့် နေနိုင်တယ်၊ နေ့လယ်အခါလည်း မိမိနေလိုရာ ထိုထိုဗောဇ္ဈင်ဖြင့် နေနိုင်တယ်၊ ညချမ်းအခါလည်း ထို့အတူ လိုရာလိုရာ ဗောဇ္ဈင်ဖြင့် နေနိုင်တယ်၊ သတိသမ္ဗောဇ္ဈင် ဘဲလို့ သိယင် ထိုဗောဇ္ဈင်ဟာ ပမာဏမရှိလို့လည်းသိ၊ ပြီးပြည့်စုံခဲ့ ပြီဟုလည်းသိ၊ တည်နေလျှင်လည်း တည်နေသည်ဟုသိ၊ ရှေ့ရှား ပျက်ပြားသွားလျှင်လည်း ဒီ အကြောင်းကြောင့် ရှေ့ရှား ပျက်ပြားသွားရတယ်လို့လည်း သိတယ်၊ သည့်ပြင် ဗောဇ္ဈင် တွေကိုလည်း အသီးအသီး သည်လိုဘဲ သိနေရကြောင်းဖြင့် ကိုယ်တော်အရှင်၏ ဗောဇ္ဈင်အရာ ဝသီဘော်စွမ်းအား ကြီးမား ပြည့်ဝပုံကို မိန့်တော်မူခဲ့ပါတယ်။

ကဲ....ဒီတော့ ဗောဇ္ဈင်တရားများဟာ ဘုရားရှင်၏ အသုံး အဆောင် ပရိဘောဂဖြစ်ရုံသာမက ပစ္စေကဗုဒ္ဓါ ဘုရားတပည့် အရိယာ ရဟန္တာ အရှင်တို့ရဲ့ သုံးစွဲရာ ပရိဘောဂလည်း ဖြစ်ကြောင်း သိလောက်ပါပြီ။

ဗောဇ္ဈင်၏ ရတနာဖြစ်ပုံ

ယခု ဗောဇ္ဈင်တရားများကို ရတနာလို့ သုံးခဲ့တော့ ဗောဇ္ဈင် တရားများရဲ့ ရတနာ ဖြစ်ကြောင်းလည်း အလျဉ်းသင့်လို့ ပြောဉုးမှ ပြည့်စုံပါလိမ့်မယ်၊ ရတနာဆိုတာ ရာဘီဇနနဌေန-နှစ်သက်ပျော်ရွှင်မှုကို ဖြစ်စေတတ်သောအနက်သဘောကြောင့်။ ရတနံ-ရတနာမည်၏-အဘိုအရ လောကမှာ စိန် ရွှေ ငွေ မြ ပတ္တမြား နီလာ ဂေါ်မုတ် ဥဿဖယားစသော ရတနာတွေရှိခဲ့၊ ထိုရတနာတွေရဲ့ပိုင်ရှင်ဟာ ထိုရတနာတွေသုံးရစ်ရ ဆင်ရမြင်ရတဲ့ အခါ ရှင်ပျနှစ်သက်မှု ပျော်ရွှင်မှုရနေဖြစ်နေတာက အထင် အရှားပါဘဲ၊ သားသမီးကို ရတနာ ဆိုကြပါတယ်၊ သားတို့ ချစ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မ်ဘတ္ဝေမ်း၊ ငြိမ်းစတမ်း-အဆိုအရ ကိုယ့် သား သမီး တွေ အပေါ်မှာ မိဘနှစ်ဖြာတို့ရဲ့ နှစ်သက်မှု ပျော်ရွှင်ကျေနပ်မှုဟာ ဘယ်မျှ အားကြီးတယ် ဆိုတာ အထင်အရှားပါဘဲ၊ ဗောဇ္ဈင် ခုနစ်ဖြာ ရတနာတို့ဟာလည်း ပိုင်ရှင်ဘဏ္ဍာကို ပျော်စေ ရွှင်စေ နှစ်သက်စေတတ်လို့ ရတနာဘဲ ဆိုရပါတယ်၊ ဗောဇ္ဈင်လမ်းဖြင့် ဖိုလ်အထိ ပေါက်ကာ အထွတ်အထိပ် ရောက်လာလျှင်ဖြင့် ထိုပိုင်ရှင်၏ အေးငြိမ်းချမ်းသာမှုကြောင့် ရလာတဲ့ သုခဟာ ဘယ်လောက် နှစ်သက်စရာ ပျော်ရွှင် ကျေနပ် နှစ်သိမ့်စရာ

ကောင်းလိမ့်မယ်ဆိုတာ နောက်ကလည်း ဆိုခဲ့ပါပြီ၊ ဒီလို အထွတ်အထိပ် မရောက်သေးတဲ့ ဝိပဿနာ အခိုက်မှာပင် ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို ကောင်းစွာမြင်တဲ့ ဥဒယဗ္ဗယဉာဏ်များ ဖြစ်လာတဲ့အခါ ရလာတဲ့ နှစ်သက်ပျော်ရွှင်မှုဟာ လူ့ဘဝက ဘယ်ပျော်ရွှင်မှုမျိုးနှင့်မျှ မနှိုင်းသာတဲ့ လူ့ဘဝ ပျော်ရွှင်မှုတွေကို ကျော်လွန်သွားတဲ့ ပျော်ရွှင်မှုဖြစ်ကြောင်း ဓမ္မပဒမှာ ဟောတော်မူခဲ့ပါတယ်။

သုညာဂါရံ ပဝိဋ္ဌဿ-သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသိ ရတိ ဟောတိ-သမ္မာ ဓမ္မံ ဝိပဿတော။

ယတော ယတော သမ္မသတိ-ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဘတေ ပီတိပါမောဇ္ဇံ-အမတံ တံ ဝိဇာနတံ။

သုညာဂါရံ-ဘာဝနာမှု၊ ပြုဖို့သင့်လတ်၊ ဆိတ် ငြိမ် ရာ အရပ်သို့။ ပဝိဋ္ဌဿ-ကမ္မဋ္ဌာန်းဝင်၊ စခန်းဝင်လျက်၊ အမြင်ပေါက်စေ၊ ဝင်ရောက်နေသော။ သမ္မာ-နည်းလမ်းသင့်တန်၊ အကြောင်းမှန်ဖြင့်။ ဓမ္မံ-ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါး ပါး၊ သဘောတရားကို။ ဝိပဿတော၊ အမျိုးမျိုးပင်၊ အမှန်ထင်မှု၊ ဉာဏ်တင်ရှုနေသော။ သန္တစိတ္တဿ-တရားကြောင့်ရ၊ သုခ ကြိမ်လျက်၊ အရှိန်တက်ဘိ၊ ငြိမ်သက်သော စိတ်ရှိသသော။ ဘိက္ခုနော- ဝိပဿနာ၊ ဘာဝနာဟု၊ ဝန်ကာထမ်းပျော်၊ ရဟန်းတော်အဖို့။ အမာနုသိ-လူ့ဘဝတွင်၊ ပျော်ရွှင်မှုမျှား၊ ကျော်လွှားခဲ့နိုင်၊ အထွတ်တိုင်ခဲ့သော။ ရတိ-အလွန်ချစ်မြတ်၊ သုခစိမ့်ဝင်၊ ပေါ်လွင်အပြူ၊ ပျော်ရွှင်မှုသည်။ ဟောတိ-

အသစ်သစ်ထက်၊ ဆက်ကာ ဆက်ကာ၊ ဖြစ်ပေါ်လာရ ပါပေ သတည်း။

ယတော ယတော-ကမ္မဋ္ဌာန်းခွင်၊ ဝင်ရှု ဝင်ရှု၊ အကြင် အကြင် အခါ၌။ ခန္ဓာနှံ-ခန္ဓာငါးတန်၊ ရုပ်နှင့် နာမ်တို့၏။ ဥဒယဗ္ဗယံ-ဖြစ်ဟန် ချုပ်ဟန်၊ သရုပ်မှန်ကို။ သမ္မသတိ-ဉာဏ်အမြင်သုံး၊ ထုံးအမှတ်တင်၊ သုံးသပ်ဆင်ခြင်လေတော့၏။ တဲ့တော တတော-ဖြစ်ပျက်နှစ်တန်၊ စစ်ချက်မှန်ကို၊ ဉာဏ်မြင် ဆုံးဖြတ်၊ သုံးသပ်စူးစမ်း၊ ကမ္မဋ္ဌာန်းခွင်၊ ဝင်ရှုဝင်ရှု၊ ထင်ထိုအခါ၌။ ပီတိပါမောဇ္ဇံ-တရားကြောင့်တက်၊ ဖြစ်လျက်လွှမ်းလာ၊ နှစ်သက်ဝမ်းသာမှုမျိုးကို။ လဘတေ-ဆက်ဆက်ပြန်ပြန်၊ အဖန်ဖန်ပွား၊ ခံစားရရှိလေတော့၏။ တံ-ထို တဲ့ ရှုးကြောင့် တက်၊ဖြစ်ပျက်လွှမ်းလာ၊ နှစ်သက်ဝမ်းသာမှုမျိုးမှာ။ ဝိဇာနတံ-ဝိပဿနာ၊ အမြင်သာဘိ၊ ပညာရှိတို့၏။ အမတံ-အေးငြိမ်း ခြင်းရ၊ မှန်မြတ်လှာ့၊ သုခဆိုက်လာ၊အမြိုက်အရသာပင် ဖြစ်ပါ ပေတော့သတည်း။

ဒီဒေသနာအရ ဝိပဿနာအခိုက်မှာ ဗောဇ္ဈင်ရတနာတို့က တကယ့်ပျော်ရွှင် အေးချမ်းမှုသုခကို ဖြစ်စေတတ်ကြောင်းကို သိရပါတော့တယ်။

ရတနာဖြစ်ပုံ တစ်မျိုး

လေးစားအပ်ရိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့်၊ မြင်ရန် ခဲလတ်၊ သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ ရတနာအနက်ငါး-

ဆိုတဲ့ ရတနာအနက် ငါးပါးနဲ့ စဉ်းစားပြန်တော့လည်း ဗောဇ္ဈင်တရားမျှားဟာ ထူးခြားမြင့်မြတ်တဲ့ တရားတွေမို့

ရိုသေလေးစားမှု ပြုအပ်တဲ့ တရား, ထူးခြားမှန်မြတ်လို့လည်း ဘယ်အရာနဲ့မှ မလဲလှယ်နိုင်အောင် တန်ဖိုးမြင့်မားတဲ့ တရား, သာသနာပတရားတွေ မတုပနိုင် မသာနိုင်လို့ အတုမဲ့ တရား, ဘုရားပွင့်တဲ့အခါ ဘုရားသာသနာမှာမှ ကြုံကြိုက်ရလို့ မြင်ရတွေ့ရဖို့ ခဲယဉ်းတဲ့တရား, ဘုရားရှင်စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ သုံးဆောင်ရာဖြစ်လို့ မြင့်မြတ်သူတို့သာ သုံးဆောင်ရာ တရား ဤသို့အားဖြင့် ရတဲ့နာတွေပင် ဖြစ်ကြရပါတော့တယ်။

စကြဝတေးမင်းရတနာနဲ့ ဗေဇ္ဈင်ရတနာ

မဟာဝဂ္ဂသံယုတ်မှာ စကြဝတေးမင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေးကြီးရတနာ သားကြီးရတနာ ရတဲ့နာခုနစ်ပါး ထင်ရှားပေါ်လာရသလို၊ ရှင်တော်မြတ်ဘုရား ထင်ရှားပွင့်ပေါ်တော်မူခြင်းကြောင့် သတိသမ္ဗောဇ္ဈင်ရတနာ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ သမ္ဗောဇ္ဈင် ရတနာ ရတဲ့နာ ခုနစ်ပါး ထင်ရှား ပေါ်လာ ရကြောင်း ဟောတော်မူခဲ့ပါတယ်။

ဒီနေရာမှာ စကြဝတေးမင်း၏ ရတနာခုနစ်ပါးနဲ့ ဘုရားရှင်၏ ဗေဇ္ဈင်ရတနာခုနစ်ပါး, အသီးအသီးတူပုံကို ပြပါဦးမယ်။

စကြာရတနာနဲ့ သတိသမ္ဗောဇ္ဈင်ရတနာ

စကြဝတေးမင်းရဲ့ ရတနာခုနစ်ပါးတို့တွင် စကြာရတနာဟာ ရတနာအားလုံးတို့ရဲ့ ရှေ့သွားဖြစ်တယ်၊ စကြာရတနာ ပေါ်လာမှ တခြားရတနာတွေလည်း ပေါ်လာနိုင်ပါတယ်၊

ထို့အတူ သတိသမ္မောဇ္ဈင်ဟာလည်း အလုံးစုံသော ဗောဇ္ဈင် တရားတို့ရဲ့ ရှေသွားဖြစ်လို့ စကြာရတနာနဲ့ တူတယ်၊ သတိကို နောက်တုန်းက ကုသိုလ်တရားတို့၏ ပြီးစီးခြင်းတို့ကို ရှာဖွေ တတ်တယ်လို့ ဆိုခဲ့ပါတယ်၊ အဲဒီလို သတိက ရှာဖွေတွေ့ရှိမှု ပညာစသည်က ဆိုင်ရာကိစ္စတွေ ဆောင်ရွက်နိုင်တာမို့ သတိ သမ္မောဇ္ဈင်ကို ဗောဇ္ဈင်တို့ရဲ့ ရှေသွားလို့ ဆိုခြင်းဖြစ်ပါတယ်။

ဆင်ရတနာနဲ့ ဓမ္မဝိစယသမ္မောဇ္ဈင်ရတနာ

စကြဝဠာတေးမင်း၏ ရတနာတို့တွင် ဆင်ရတနာဟာ ကြီးမား သောကိုယ်ထည်ရှိ၍ မြင့်တယ်၊ ပြန့်ကျယ်တယ်၊ ကြီးမားတယ်၊ ထို့အတူ ဓမ္မဝိစယသမ္မောဇ္ဈင်ရတနာဟာလည်း ဘုရား စသော ကြီးမြတ်သော ပုဂ္ဂိုလ်တို့ မစ္စန္ဒအပ်၊ လက်စဲ့ ပြုအပ်သဖြင့် ကြီးမားသော တရားသဘောဖြစ်သည်တစ်ကြောင်း, ဓမ္မကာယ တရားအပေါင်းထဲမှာ အကြီးအကဲဖြစ်သည် တစ်ကြောင်းတို့ ကြောင့် ကြီးမားသော တရားကိုယ်ထည်ရှိနေ၍ မြင့်လည်း မြင့်တယ်၊ ပြန့်လည်းပြန့်ကျယ်တယ်၊ ကြီးလည်းကြီးမားတယ်၊ ဒါ့ကြောင့် ဓမ္မဝိစယ သမ္မောဇ္ဈင် ရတနာဟာ ဆင်ရတနာနဲ့ တူတယ်၊ ဒီနေရာမှာ မြင့်တယ်ဆိုတာက ယခုပြောနေတဲ့ ဗောဇ္ဈင် ရတနာဟာ လောကတွင်ရှာ အထူးသဖြင့် မဂ်ဗောဇ္ဈင်မျိုးဖြစ်၍ တရားအလုံးစုံကို ကျော်လွန်လျက် မြင့်တက်နေတယ်၊ အဲဒီ ဗောဇ္ဈင် တွေထဲမှာလည်း ပညာက အကြီးအမှူး ဖြစ်နေတာ တစ်ကြောင်း, အသိအမြင်တရားမို့ ထင်ရှားပေါ်လွင်နေသည် တစ်ကြောင်းတို့ကြောင့် မြင့်တယ်ဆိုရတယ်၊ ဒါ့ကြောင့်လည်း

ပညာပါသာဒ - ပညာတည်းဟူသော ပြာသာဒ်လို့ ပညာကို ပြာသာဒ်နဲ့ တင်စားဟောကြားတော် မူခဲ့ပါတယ်။

ပြန့်ကျယ်တယ်ဆိုရာမှာလည်း နောက်ကပြောခဲ့တဲ့ ကြီးမားသော တရားကိုယ်ထည်ရှိလို့ဘဲ ပြန့်ကျယ်တယ်လို့လည်း ဆိုရ၊ ဒါတွင်မက အမျိုးမျိုးအထွေထွေ သိတတ်လို့လည်း ပြန့်ကျယ်တယ် ဆိုနိုင်ပါ၏တယ်၊ ဒီမက်အရာမှာ ပညာဟာ နိဗ္ဗာန်ကို အာရုံပြုသော်လည်း အသမ္မောဟပဋိဝေဓ-မတ္ထေမဝေသိ ရှင်းလင်းပြီး ဘသိအားဖြင့်တော့ တရားအမျိုးမျိုးသိမှုပြီးနေ၍ ကျယ်ပြန့်တယ်ဘဲ ဆိုရပါတယ်၊ ကြီးတယ်ဆိုတာကတော့ ကြီးမားသော တရားကိုယ်ထည်လည်းရှိ ကျယ်လည်းကျယ်ပြန့်လို့ ကြီးတယ် ဆိုတာ ပြီးစီးခဲ့ပါပြီ။

မြင်းရတနာနဲ့ ဝိရိယသမ္မောဇ္ဈင် ရတနာ

စကြဝဇာတေးမင်းရဲ့ မြင်းရတနာဟာ လျင်တယ်၊ မြန်တယ်၊ အဟုန်ရှိတယ်၊ ထို့အတူ ဝိရိယသမ္မောဇ္ဈင် ရတနာဟာလည်း အစမထင် သံသရာကထုံလာတဲ့ ကိလေသာအစဉ်ကို တစ်ခဏချင်း ပယ်ဖျက်တတ်လို့ လျင်တယ် မြန်တယ် အဟုန်ရှိတယ်၊ ဒါ့ကြောင့် ဝိရိယသမ္မောဇ္ဈင် ရတနာဟာ မြင်းရတနာနဲ့တူတယ်။

ပတ္တမြားရတနာနဲ့ ပီတိသမ္မောဇ္ဈင် ရတနာ

စကြဝဇာတေးမင်းရဲ့ ပတ္တမြားရတနာဟာ အမှောင်ကိုခွင်းအလင်းကို ပြတတ်သလို ပီတိ သမ္မောဇ္ဈင် ရတနာဟာလည်း ဗောဇ္ဈင်တရားဖြစ်လေတော့ တကယ့်ကုသိုလ်ဖြစ်လို့ ကိလေသာ

အမှောင်ကို ခွင်းတတ်တယ်၊ တက္ခဖြစ်တဲ့ ပညာအရ ဉာဏ အလင်းရောင်ကိုလည်း ပြုတတ်တယ်၊ ဒါ့ကြောင့် ပီတိသမ္ဗောဇ္ဈင် ရတနာဟာ ပတ္တမြားရတနာနဲ့ တူတယ်။

မိဖုရားရတနာနဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရတနာ

စကြဝဠာတေးမင်းရဲ့ မိဖုရားရတနာဟာ ကိုယ်စိတ်ပူပန်စေဘတ်တဲ့ အရာတွေ ငြိမ်းစေသလို ပူလောင်မှုကို ငြိမ်းအေးစေသလို ပဿဒ္ဓိသမ္ဗောဇ္ဈင်ရတနာဟာလည်း စိတ်စေတသိက်တွေ ပူပန်စေတတ်ဘဲတရားတွေ ငြိမ်းစေ၊ အပူတွေငြိမ်းအေးစေတတ်လို့ မိဖုရားရတနာနဲ့ တူတယ်။

သူဌေးကြီးရတနာနဲ့ သမာဓိသမ္ဗောဇ္ဈင် ရတနာ

စကြဝဠာတေးမင်းကြီးရဲ့ သူဌေးကြီး ရတနာဟာ မင်းကြီးလိုရာလိုရာခဏမှာ အလိုရှိသမျှ ဓနဥစ္စာပေးခြင်းဖြင့် မင်းကြီးရဲ့ စိတ်ပျံ့လွင့်မှုကို ဖြတ်ပယ်တတ်တယ်၊ ထို့အတူ သမာဓိသမ္ဗောဇ္ဈင် ရတနာဟာလည်း အလိုရှိရာ ကမ္မဋ္ဌာန်းဖြင့် အပ္ပနာသို့ ရောက်စေတယ်၊ ထိုအပ္ပနာဖြင့် စိတ်ပျံ့လွင့်မှုကို ဖြတ်ပယ်ကာ စိတ်တည်ကြည်မှု ပြုတတ်တယ်၊ ဒါ့ကြောင့် သူဌေးကြီးရတနာနဲ့ တူတယ်။

သားကြီးရတနာနဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် ရတနာ

စကြဝဠာတေးမင်းကြီးရဲ့ သားကြီး ရတနာဟာ ခမည်းတော် မင်းကြီးရဲ့ အကျိုးကိစ္စအားလုံး ပြီးမြောက်ရှက်ဆောင်ပေးနေလေတော့ မင်းကြီးဟာ ဘယ်ကိစ္စအတွက်မှ ဗျာမမျှားရ၊

ကြောင့်ကြမဲ့ နေနိုင်ရဘယ်၊ ထို့အတူ ဥပေက္ခာ သမ္မောဇျင် ရတနာဟာလည်း စိတ်စေတသိက်တွေကို တွန့်ဆုတ်မှု ပျံ့လွင့်မှု မှ ကင်းလွတ်စေပြီး အလယ်အလတ် ဗျာပါရရှိသည်၏ အဖြစ်၌ ထားကာ ထိုဘရားတို့၏ ကြောင့်ကြမဲ့အဖြစ်ကို ပြုတတ်တယ်၊ ဒါ့ခကြောင့် ဥပေက္ခာသမ္မောဇျင်ရတနာဟာ သားကြီးရတနာနဲ့ တူတယ်။

ဗောဓျင်တော့ကြောင့် ရောဂါပျောက်ပုံ

ဗောဓျင်တရားများ၏ ရတနာဖြစ်ပုံ ပြောပြီးနောက် ယခု ဗောဓျင်ဒေသနာတော်၏ ရောဂါပျောက်ရေးဝယ် ဆေးဘယ်မန္တန်သဖယ် အာနိသင်ရှိကြောင်း ဆက်ပြောရဦးမယ်။

တစ်ခါက ရှင်မဟာကဿပမထေရ်မြတ် မကျန်းမမာဖြစ်နေတဲ့အခါ ရှင်တော်မြတ်ဘုရားက ကဿပ-ပဌားဇေဒေါပ် ကြီမ်ဖန်များစွာ အလေ့အလာပြုအပ်တဲ့ ဗောဓျင်ခုနစ်ပါး တရားတို့ဟာ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ, သစ္စာတရားတို့ကို ကောင်းစွာ အကြွင်းမဲ့သိခြင်းငှါ, ဒုက္ခငြိမ်းရာ နိဗ္ဗာန်အလို့ငှါ ဖြစ်ကြဟယ် စသည်ဖြင့် ဟောတော်မူတဲ့အခါ အရှင်မဟာကဿပ ရောဂါဟာ လုံးဝ အရှင်း ပျောက်ကင်းသွားကြောင်း ဟောဝဂ္ဂဗောဇ္ဈင် သံယုတ်မှာ လာပါတယ်၊ ဒီဗောဓျင်တရားတော်ဖြင့် အရှင်မြတ် ရောဂါ ဘယ်ပုံ ပျောက်ကင်းသွားရကြောင်း အဌကထာက ရှင်းပြထားပါတယ်၊ အရှင်မြတ်ဟာ ဗောဇ္ဈင်ဘာဝနာတရားကို ရှိသေကောင်းမွန်စွာ နာကြားနေစဉ် ဧည့်စား ဆင်ခြင်မိတာက ဂါရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မြောက်နေ့မှာ သစ္စာလေးပါး တရားကိုကို ထိုးထွင်းသိရသောအခါ ဒီဗောဓျင်ခုနစ်ပါးတရား

အထင်အရှား ဖြစ်ခဲ့ဖူးတယ်၊ ဒီလို ပြန်လည်စဉ်းစားအောက်မေ့မိရာက ဗုဒ္ဓမြတ်စွာ တို့ဆရာဘုရား၏ သာသနာဟာ ကိုလေသာဝဋ္ဋဒုက္ခမှ လွတ်မြောက်တတ်တဲ့ သာသနာပါ တကားလို့ စဉ်းစားမိသောအခါ သွေးတွေ့ကြည်လင်လာ, ဥပါဒါရုပ်တွေ အထူးသန့်ရှင်း စင်ကြယ်လာ၊ ဒီအခါ ကြာဖက်ပေါ်ရောက်တဲ့ ရေပေါက်ပမာ ရောဂါဟာ ဆုတ်ဖယ်ရှောင်ရှား လွင့်ပျောက်သွားရတော့တယ်။

ယို့အတူဘဲ အရှင်မောဂ္ဂလ္လာန်ပထေရ်မြတ်အား ဘုရားရှင် ဟောတော်မူဘဲ့အခါ, အရှင်စုန္ဒက ဘုရားရှင်အား ဟောကြားတဲ့အခါမျှားမှာလည်း ဗောဇ္ဈင်တရားများ ကိုယ်တော်မြတ်တို့ဌာ ထင်ရှားခဲ့ပုံ သာသနာတော်၏ ထူးခြားမှန်မြတ်ပုံတွေကို အာရုံပြုမိရာမှ သွေးသားကြည်ကာ ဥပါဒါရုပ်တွေသန့်ရှင်း ရောဂါကင်းပျောက်ရကြောင်း သိရပါတယ်၊ ဒါက ဗောဇ္ဈင်အရာမှာ အထွတ်အထိပ် ရောက်နေကြတဲ့ ပုဂ္ဂိုလ်မြတ်တွေ ဗောဇ္ဈင်တရားကြားနာရတဲ့အခါ ရောဂါပျောက်ပုံပါဘဲ။

ဒီလို အပြီးသတ်မရောက်သေးသော်လည်း လက်တွေ့ဗောဇ္ဈင် ဘာဝနာ ပွားများနေပြီး ထိုက်သင့်သလောက် အကျိုးခံစားနေရတဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဗောဇ္ဈင်တရား နာကြားရတဲ့အခါ ထိုကဲ့သို့ စိတ်ကြည်ရုပ်ကြည် အသွေးကြည်ကာ ရောဂါပျောက်မှုနဲ့ ကြုံနိုင်ပါတယ်၊ ဗောဇ္ဈင်တရား လက်တွေ့ပွားနေတဲ့ ပုဂ္ဂိုလ်များအဖို့ တရားနာမှုမဟုတ်ဘဲ ပွားများတဲ့ ဗောဇ္ဈင်ဘာဝနာကြောင့် အထူးသဖြင့် ပဿဒ္ဓိ အရှိန်အဝါကြောင့် ရောဂါအကာအကွယ်ရနေလို့ ရောဂါလည်း မဖြစ်တတ်၊ အခန့်မသင့်ဖြစ်လာလည်း ဗောဇ္ဈင်ပွားခြင်းဖြင့် ပျောက်တတ်ပါတယ်။

ဗောဇ္ဈင်လည်းမပွား ဗောဇ္ဈင်တရားလည်း ဘာမျှမသိကြတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဗောဇ္ဈင်တရား နာရတဲ့အခါ ဘယ်လို ရောဂါ ပျောက်နိုင်ပါသလဲ၊ ဒါကတော့ ဓာတ်ခိုက်လို့လို့ ဆိုရပါလိမ့်မယ်၊ ဗောဇ္ဈင်တရားတွေဟာ ထူးခြားတဲ့ အရှိန်အဝါ ရှိတဲ့ တရားတွေ၊ ထိုဘရားတွေပြတဲ့ ဒေသနာပဟာလည်း အရှိန် အဝါရှိလျက်သာ ဖြစ်ပါတယ်၊ ထိုသို့ အရှိန်အဝါရှိတဲ့ ဒေသနာ ကို ရှုတ်ဆိုတဲ့ အသံမှာလည်း ထူးခြားတဲ့ ဓာတ် အရှိန်အဝါ ရှိလျက်သာ ဖြာနေပါတယ်။ ဒါတွင်မက ရှုတ်ဆိုပေးကြားတဲ့ ပုဂ္ဂိုလ်ရဲ့ ဗောဇ္ဈင်တရားအပေါ်မှာ သိရှိနားလည် ယုံကြည်တဲ့ သဒ္ဓါ, ရောဂါသည်အပေါ်လားတဲ့ ကရုဏာ မေတ္တာ စသော ဓာတ်တွေနဲ့ ဆက်စပ် ရှုတ်ဖတ်တဲ့ တရားအသံ ဖြစ်လေတော့ ထိုဘရားသံမှာ ထူးခြားတဲ့ ဓာတ်အရှိန်အဝါ ရှိနေပါတယ်၊ ဒီတော့ ထိုအသံကြားရ၊ ထိုအသံဓာတ် ထိခိုက်ခံရတဲ့ ဝေဒနာ သည်မှာ ဓာတ်ခိုက်ပြီး ရောဂါပျောက်ကင်းနိုင်ပါတယ်၊ တရား နဲ့ဘဲ့ ဝေဒနာသည်ရဲ့ သဒ္ဓါနဲ့ ကြည်နူးနှစ်သိမ့်မှု စသည်များ ကလည်း ဓာတ်ခိုက်ဖို့ တရားဓာတ်ခိုက်အောင် ခံယူနိုင်ဖို့ ပန်တီးပေးလျက် ရှိနေတယ်လို့လည်း ဆိုနိုင်ပါတယ်။

ဗောဇ္ဈင်ဘာဝနာ

ဗောဇ္ဈင်နှင့်စပ်တဲ့ သိမှတ်ဖွယ်တွေဟောခဲ့တာ အတော်ဘဲ စုံသွားပါပြီ၊ ယခု ဗောဇ္ဈင်ဘာဝနာ ပွားများပုံကလေး ဆက် ပြောရမယ်၊ ဒီအချက်မှာ သုတ္တန်တစ်ခု မူဘည်ဟောမှာ ဖြစ်တော့ ဟောနိုင်တဲ့ သက်ဆိုင်တဲ့ သုတ္တန်တွေကတော့ အများ အပြားဘဲ ရှိနေပါတယ်၊ ဒါပေမယ့် ဗောဇ္ဈင်ခုနစ်ပါးတရားနဲ့

နိုဂုံးချုပ်ထားတဲ့ နန္ဒကောဝါဒ သုတ္တန်ဘဲ ဟောတော့မယ်၊ ဟောတဲ့အခါ သုတ်အရှိအတိုင်း လုံးစေ့ပါဋ္ဌစေ့ မဟုတ်ဘဲ အကျဉ်းချုပ်ပြီး ဟောရပါလိမ့်မယ်။

နန္ဒကောဝါဒသုတ်

ရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် မဟာပဇာပတိ ဂေါတမီဟာ ဘိက္ခုနီငါးရာနှင့်အတူ ဘုရားရှင်ထံမှောက် ချဉ်းကပ်ရောက်လာရှိခိုးကာ တည်နေပြီး ဘိက္ခုနီမတို့အား ဆုံးမ သြဝါဒ ပေးဖို့ တရားမေမ္မ ဟောပြဖို့ရာ လျှောက်ထားခဲ့ပါတယ်၊ ဒီအခါက ရဟန်းတော် မထေရ်တွေဟာ ဘိက္ခုနီမတို့ကို အလှည့်ကျဆုံးမ နေကြတယ်၊ အရှင်နန္ဒကကတော့ ဘိက္ခုနီမတွေကို အလှည့်ကျ ဆုံးမဖို့ အလိုမရှိဘဲ ဖြစ်နေတယ်၊ ဒီအခါ ဘုရားရှင်က အာနန္ဒာ-ယနေ့ ဘိက္ခုနီမတွေ ဆုံးမဖို့ ဘယ်သူ အလှည့်ကျ သလဲလို့ ရှင်အာနန္ဒာအား မေးတော်မူတယ်၊ အားလုံး ကိုယ့်အလှည့်နဲ့ ကိုယ် ဘိက္ခုနီမတွေကို ဆုံးမပြီးပါပြီ၊ ဒီ အရှင်နန္ဒကဟာ ဘိက္ခုနီမတို့ကို အလှည့်ကျ ဆုံးမဖို့ရာ အလိုမရှိ ဖြစ်နေပါတယ်လို့ လျှောက်ထားခဲ့တယ်၊ ဒီအခါ ဘုရားရှင်က ဘိက္ခုနီတို့ကို ဆုံးမဖို့ တရားတော်ဖို့ တိုက်တွန်းတော်မူခဲ့ပါတယ်၊ အရှင်နန္ဒက လည်း ဘုရားရှင် တိုက်တွန်းတော်မူချက် လက်ခံပြီး မနက် ဆွမ်းခံဝင် ဆွမ်းကိစ္စအပြီး ဆွမ်းခံရှာမှီထွက်ခဲ့ပြီး ရာဇကာရာမ ကျောင်းသို့ အဖော်တစ်ပါးနဲ့ အတူကြွလာ၊ ဘိက္ခုနီမတွေက အရှင်နန္ဒက ကြွလာတာ အဝေးကလှမ်းမြင်ရတော့ နေရာခင်း ခြေဆေးရေ အသင့် ထားနှင့်ကြတယ်၊ အရှင် နန္ဒကလည်း

ခင်းထားတဲ့နေရာမှာထိုင် ခြေမျှားဆေးကြော၊ ဘိက္ခုနှိမ်မျှားလည်း အရှင်နန္ဒကကို ရှိခိုးပြီး သင့်တော်ရာမှာ ထိုင်နေကြတယ်။

မေးခွန်းထုတ် တရား

ဒီအခါ အရှင်နန္ဒက က နှမတို့- ယခု ဟောမယ့် တရားစကားက မေးခွန်းသုတ် ဟောကြားရမယ့် တရားစကားဘဲ၊ မသိကြတဲ့ နှမတွေက မသိကြောင်း လျှောက်ကြရမယ်၊ သိကြတဲ့ နှမတွေကလည်း သိကြောင်း လျှောက်ကြရမယ်၊ ယုံမှားသံသယ ဖြစ်ယင်လည်း ဒါကဘယ်လိုပါလဲ ဒီတရားရဲ့ အနက်သဘောက ဘာပါလဲလို့ ဘုန်းကြီးကို မေးရမယ်၊ ဒီလို အမိန့်ရှိတော့ အရှင်နန္ဒက က တပည့်တော်တို့ကို ယခုလို ခွင့်ပေးသမျှ ပိတ်မန်ခြင်းပြုတော့ တပည့်တော်တို့မှာ ရှင်နန္ဒကအား လွန်စွာ အားရဝမ်းသာ နှစ်သက် ကျေနပ်ကြပါကြောင်း လျှောက်ထားကြတယ်၊ ဒီနောက် အမေး အဖြေ အားဖြင့် တရားဟောတော်မူခဲ့တယ်။

နှမတို့-ယခု ဘုန်းကြီးပြောမယ့်အချက်ကို နှမတို့ ဘယ်လို သင်ကြသလဲ၊ မျက်စိအကြည်ရုပ် စက္ခုဟာ မြဲသလား၊ မမြဲဘူးလား၊ မမြဲပါဘုရား။ မမြဲတဲ့ စက္ခုဟာ ချမ်းသာလား ဆင်းရဲလား၊ ဆင်းရဲပါဘုရား။ မမြဲခင်းရဲ့ ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိတဲ့ ထိုစက္ခုကို ဒီစက္ခုဟာ ငါ့ဥစ္စာ ဒီစက္ခုဟာ ငါဖြစ်တယ်၊ ဒီစက္ခုဟာ ငါ၏အတ္တဘဲလို့ ရှုခြင်းငှါ သင့်လျော်ပါမည်လား၊ မသင့်လျော်ပါဘုရား။ အဲဒါ စက္ခုအာဘွက် မေးဖြေကြပုံ၊ အဲဒါလိုဘဲ နားအကြည် သော်တာ၊ နှာခေါင်းအကြည် ဃာန၊ လျှာအကြည် ဇိဝှါ၊ ကိုယ်အကြည်

ကာယ၊ စိတ်မနတို့ကိုလည်း အသီးအသီး တစ်ခုစီ မေးဖြေသွားကြပါတယ်၊ စက္ခုနေရာ သောတစသည် သွင်းရုံမှ တစ်ပါး အားလုံးအတွက် မေးဖြေပုံအတူတူပါဘဲ။

ဒီနောက် ဆက်မေးဖြေတာက ဘာ့ကြောင့် ဒီစက္ခုစသည်ကို ငါ ငါ့ဥစ္စာ ငါ၏အတ္တလို့ရှုဖို့ရာ မလျော်ပါသလဲ၊ ဒီလိုအကြောင်းကြောင့် ဒီ အတွင်း အာယတန ခြောက်ပါးဟာ မမြဲကြဘူးဆိုတာ ရှေးကပင် ဟုတ်တိုင်းမှန်စွာ အကြောင်းမှန် လမ်းမှန် ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ထားပြီးဖြစ်လို့ ပါဘုရား၊ နှမတို့-သာဓု သာဓု၊ ဟုတ်တိုင်းမှန်စွာ အကြောင်းမှန် လမ်းမှန် ဝိပဿနာ ပညာဉာဏ်ဖြင့်ရသော အရိယာသာဝကရဲ့အမြင်ဟာ နှမတို့ ယခု မြင်တဲ့အတိုင်းပါဘဲ။

ဒီနောက် အဆင်းရှုပါရုံ၊ အသံ သဒ္ဒါရုံ၊အနံ့ဂန္ဓာရုံ၊အရသာ ရသာရုံ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ၊ တရား ဓမ္မာရုံဆိုတဲ့ အပြင် အာယတန ခြောက်ပါးတို့ကိုလည်း ယခု ပြောခဲ့ပြီး အတိုင်း ရှုပါရုံဟာ မြဲသလား မမြဲဘူးလား စသည်ဖြင့် စက္ခုစသည်နဲ့ အမည်သာကဲ့ မေးဖြေပုံက အတူတူပါဘဲ၊ ဘာ့ကြောင့် ဒီရှုပါရုံစသော တရားတွေကို ငါ့ဥစ္စာ ငါ ငါ့ အတ္တလို့ ရှုခြင်းငှါ မသင့်လျော်သလဲ ဆိုဘဲ အမေးကို ဒီအကြောင်းကြောင့် ဒီ အပြင်အာယတနတွေ မမြဲဘူးဆိုတာ တဲ့ညွှတ်တော်တို့ ဟုတ်တိုင်းမှန်စွာ ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ထားပြီးဖြစ်လို့ ပါ၊ ဖြေရာမှာလည်း အပြင်အာယတန ဆိုတဲ့ နာမည်သာကဲ့ပါတယ်၊ အပြင် အာယတန ဆိုင်ရာ အမေးအဖြေ၊ နောက် သာဓုခေါ် ကောင်းချီး ပေးတာလည်း

ယခင် အတွင်းအာယတနအတွက် ကောင်းချီးပေးတာနဲ့အတူတူ ပါဘဲ။

ဒီနောက် မျက်စိ အသိ စက္ခုဝိညာဉ်၊ နား အသိ သောတဝိညာဉ်၊ နှာခေါင်းအသိ ဃာနဝိညာဉ်၊ လျှာအသိ ဇိဝှါဝိညာဉ်၊ ကိုယ် အသိ ကာယဝိညာဉ်၊ စိတ် အသိ မနောဝိညာဉ် တို့ကို တစ်ခုစီ မြဲသလား မမြဲဘူးလား စသည်ဖြင့် မေးဖြေပုံအတူတူ ပါဘဲ၊ နောက် ဘာ့ကြောင့် ဒီစက္ခုဝိညာဉ် စသည်ကို ငါ့ဥစ္စာ ငါ ငါ့အတ္တလို့ ရှုခြင်းငှါ မသင့်လျော်ပါသလဲဆိုတဲ့ အမေးကို ဖြေရာမှာ ဒီအကြောင်းကြောင့် ဒီဝိညာဉ် အပေါင်းဟာ မမြဲဘူး ဆိုတာ ဟုတ်တိုင်းမှန်စွာ ဝိပဿနာ ပညာဖြင့် ကောင်းစွာ မြင်ကားပြီး ဖြစ်လို့ပါလို့ ဖြေဘာသာထူးပါတယ်၊ နောက် သာဓုခေါ် ကောင်းချီးပေးပုံကတော့ ထပ်တူပါဘဲ။

ဆိမ်းတောက် ဥပမာ

နှမတို့-မီးတောက်နေတဲ့ ဆိမ်းရဲ့ဆီရော မီးစာရော မီးလျှံရော မီးငွေ့ရော မမြဲ ပျက်စီးတတ်တဲ့ သဘော ရှိတယ်၊ သူ့တစ်ယောက်က မီးတောက်နေတဲ့ ဆိမ်းရဲ့ဆီရော မီးစာရော မီးလျှံရော မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ်၊ သို့သော် မီးရှောင်ကတော့ မြဲတယ် ခိုင်တယ် အမြဲ တည်ရှိတယ် ပျက်စီး တတ်တဲ့သဘော မရှိဆိုယင် အဲဒီအပြောဟာ မှန်တဲ့ အပြော ဖြစ်ပါ့မလား၊ မမှန်ပါဘုရား၊ ဘာ့ကြောင့်လဲ မီးတောက် နေတဲ့ ဆိမ်းမှာ ဆီရော မီးစာရော မီးလျှံရော မမြဲ ပျက်စီး တတ်တဲ့သဘော ရှိယင် မီး ရှောင် မ မြဲ ပျက် စီး တတ် တဲ့ သဘော ရှိတယ်ဆိုတာ ပြောစရာ မရှိပါဘုရား၊ နှမတို့-

အဲဒါလိုဘဲ၊ သူတစ်ယောက်က အတွင်း အာယတနခြောက်ပါး ဟာ မမြဲ ပျက်စီးတတ်တဲ့သဘော ရှိတယ်၊ သို့သော် ဒီအတွင်း အာယတန ခြောက်ပါး အကြောင်းပြု ခံစားရတဲ့ သုခ ဒုက္ခ ဥပေက္ခာဝေဒနာကတော့ မြဲတယ် ခိုင်တယ် အမြဲရှိတယ် ပျက်စီးတတ်တဲ့သဘော မရှိဆိုယင် ဒီအပြောဟာ မှန်တဲ့အပြောဖြစ်ပါ့မလား၊ မဖြစ်ပါဘုရား၊ ဘာ့ကြောင့်လဲ၊ ဆိုင်ရာ ဆိုင်ရာ ထိုထိုအကြောင်း အစဲ့ပြုပြီး ထိုထိုဝေဒနာ ဖြစ်လာရတာ၊ ထိုထို ဆိုင်ရာအကြောင်း ချုပ်လျှင် ထိုထိုအကြောင်းကြောင့် ဖြစ်ရတဲ့ ဝေဒနာလည်း ချုပ်ရတာ ဖြစ်လို့ပါဘုရား၊ သာဓုသာဓုနှမတို့၊ ဝိပဿနာပညာဖြင့် အဖြစ်မှန်အတိုင်း သိမြင်တဲ့ အရိယာ သာဝကရဲ့ အမြင်ဟာ နှမတို့ မြင်တဲ့အတိုင်းပါဘဲ။

သစ်ပင်ကြီး ဥပမာ

နှမတို့-ထီးတည်း တည်ရှိနေတဲ့ အနှစ်ရှိ သစ်ပင်ကြီးရဲ့ အမြစ်ရော ပင်စည်ရော အခက်အရွက်ရော အရိပ်ရော မမြဲ ပျက်စီးတတ်ဟဲ့သဘောရှိတယ်၊သူတစ်ယောက်က တည်ရှိနေတဲ့ အနှစ်ရှိ သစ်ပင်ကြီးရဲ့ အမြစ်ရော ပင်စည်ရော အခက်အရွက်ရော မမြဲ ပျက်စီးတတ်ဟဲ့ သဘောရှိတယ်၊ သို့သော် အရိပ်ကတော့ မြဲဘယ် ခိုင်ဘယ် အဓါနပ်သိပ်းရှိဘယ် ပျက်စီးဘတ်တဲ့ သဘော မရှိလို့ပြောယင် သူ့အပြောဟာ မှန်တဲ့အပြော ဖြစ်ပါသလား၊ မဖြစ်ပါဘုရား၊ ဘာ့ကြောင့်လဲ၊ တည်ရှိနေတဲ့ အနှစ်ရှိ သစ်ပင်ကြီးရဲ့ အမြစ်ရော ပင်စည်ရော အခက်အရွက်ရော မမြဲဘူးဆိုယင် အရိပ်မမြဲဘူးဆိုတာ ပင်ကိုကပင် ပြီးနေပြီ ပြောစရာ မလိုတော့ပါဘုရား၊နှမတို့-အဲဒီလိုဘဲ သူတစ်ယောက်က ဒီအပြင်

အာယတန ခြောက်ပါးဟာ မမြဲ၊ သို့သော် အပြင် အာယတန ခြောက်ပါးအကြောင်းပြု ခံစားရတဲ့ သုခ ဒုက္ခ ဥဒေပက္ခာ ဝေဒနာကတော့ မြဲတယ်ဆိုယင် အဲဒီအပြောဟာ မှန်ပါ့မလား၊ မမှန်ပါဘုရား၊ ဘာ့ကြောင့်လဲ ဆိုင်ရာဆိုင်ရာ ထိုထိုအကြောင်း အဝဲ့ပြုပြီး ထိုထိုဝေဒနာဖြစ်လာရတာ၊ ထိုထိုဆိုင်ရာအကြောင်း ချုပ်လျှင် ထိုထိုအကြောင်းကြောင့် ဖြစ်ရတဲ့ ဝေဒနာလည်း ချုပ်ရတာဖြစ်လို့ ပါဘုရား၊ သာဓု သာဓု နှမတို့၊ ဝိပဿနာ ပညာဖြင့် အဖြစ်မှန်အတိုင်းမြင်ရတဲ့ အရိယသာဝက အမြင်ဟာ နှမတို့ အမြင်အတိုင်းပါဘဲ။

နွားသတ်သမား ဥပမာ

နှမတို့- နွားသတ်သမားဖြစ်စေ နွားသတ်သမား ဝယည့်ဖြစ်စေ နွားမကိုသတ်ပြီး ထက်လှတဲ့ သားလိုးခားနဲ့ အတွင်းက အသားကိုယ်ထည်လည်း မပျက်စေဘဲ အပြင်ကဒေရ ကိုယ်ထည် ကိုလည်း မပျက်စေဘဲ အရေနဲ့အသားကြားက အရေကပ်နေတဲ့ အတွင်းသား အတွင်းအကြောနဲ့ အတွင်းအရေပ်ကို ကျွမ်းကျင်ဌာလို့ အရေကိုခွာ ခွာပြီးအရေကို ခါပြီး နွားမကို ပြန်အုပ်ဖုံးထားမယ်၊ ပြီး သူက ဒီနွားမဟာ ဒီအရေနဲ့ဘဲ ရှေးကအတိုင်း ဟာ့ဉ်စပ်ကပ်နေတယ်လို့ ပြောမယ်၊ အဲဒီအပြောဟာ မှန်တဲ့အပြောလား၊ မှန်တဲ့အပြော မဟုတ်ပါဘုရား၊ ဘာ့ကြောင့်လဲ၊ နွားသတ်သမားဖြစ်စေ သူ့တပည့်ဖြစ်စေ နွားမကို သတ်ပြီး ထက်လှတဲ့ သားလိုးခားနဲ့ အတွင်းသား အပြင်အရေ မပျက်စေဘဲ အသားအရေကြားက အတွင်းသား အတွင်းကြော အတွင်းအဖွဲ့ကို ဖြတ်လိုးပြီး အရေကိုခွာ ခါတွက်ကာ ပြန်အုပ်

ထားတာဖြစ်တော့ ဘယ်လိုဘဲ ဒီနွားမဟာ ဒီအရေနဲ့ ရှေးက အတိုင်း ယှဉ်စင်ကပ်နေတယ်ဆိုပေမယ့် တကယ်တော့ မကပ် မယှဉ် ကွာလျက်ပင် ရှိပါတယ်ဘုရား။

နှမတို့- တရားသဘောသိဖို့ ဘုန်းကြီး ဥပမာပြုခဲ့ခြင်းဘဲ၊ ဒီဥပမာမှာ တရားသဘောက ယခုဆိုမယ့်အချက်တွေဘဲ၊ အတွင်း အသား ကိုယ်ဝန်ဆိုတာ အတွင်းအာယတန ခြောက်ပါးရဲ့ အမည်ဘဲ၊ အပြင် အရေကိုယ်ထည်ဆိုတာ အပြင် အာယတန ခြောက်ပါးရဲ့ အမည်၊ အသားအရေကြားက အတွင်းသား အတွင်းကြော အတွင်းအဖွဲ့ဆိုတာ နှစ်သက် တပ်မက်တတ်တဲ့ တဏှာရာဂရဲ့ အမည်၊ ဝက်လှတဲ့ သားလိုးမားဆိုတာ အရိယာ ပညာရဲ့အမည်၊ ယင်း အရိယာပညာဟာ အတွင်း ကိုယ်လုံ အတွင်း သဒ္ဓေယျာဇဉ် အတွင်း အနှောင်အဖွဲ့ကို ကောင်းစွာ ဖြတ်လိုး ပယ်ရှားတတ်တယ်။

ဗောဇ္ဈင်ခုနစ်ပါး

ဒီနေ့ဂက် နိုဂုံးချုပ် အနေအားဖြင့် ဗောဇ္ဈင် ခုနစ်ပါး ရှိကြောင်း၊ ယင်း ဗောဇ္ဈင်ခုနစ်ပါး ပွားစေမှု ကြိမ်ဖန်များစွာ အလေ့အလာပြုမှုကြောင့် အာသဝေါတွေကုန်လို့ အာသဝေါကင်းတဲ့ စိတ်၏ ကိုယ်ကိုယ်ကိုယ်ရာ ပညာဖြင့် ကိုယ်ကိုယ်ကိုယ်ရာ အရဟာတ္တဖိုလ်ကို မျက်မှောက် ဘဝမှာပင် ကိုယ်တိုင်သိလျက် မျက်မှောက်ပြုရကြောင်း၊ ဗောဇ္ဈင်ခုနစ်ပါးဆိုတာ ကိုယ်သာ ကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်ငြိမ်းမှုကိုမှီတဲ့ ကိုယ်သာစွန့်မှု နိဗ္ဗာန်ဆီ ပြေးဝင်မှုဌ ရင့်ဆဲရင့်ပြီးဖြစ်တဲ့ သတိ စသော ဗောဇ္ဈင်

ခုနစ်ပါး ပွားစေသည်ကို ဆိုကြောင်းမျှား မိန့်တော်မူကာ တရား အဆုံးသတ်လိုက်ပါတယ်။

ဒီနေ့ဂက် အချိန်ကျပြီ သွားကြတော့လို့ ဘိက္ခုနီမျှားကို ပြန်လွှတ် လိုက်တယ်၊ ဘိက္ခုနီမျှားလည်း ဘုရားရှင်ထံ သွားရောက် ချဉ်းကပ် ရှိခိုးတည်နေကြ၊ ဘုရားရှင်ကလည်း အချိန်ကျပြီ သွားကြတော့လို့ ဘဲ လွှတ်လိုက်တယ်၊ ဘိက္ခုနီတွေ ထွက်ခွာသွားပြီးမကြာမီ ရဟန်းတော်တို့ကို မိန့်တော်မူတာက ရဟန်းတို့- တစ်ဆယ့်လေးရက် ဥပုသ်နေ့မှာ လဟာယုတ်သလား ပြည့်သလားလို့ လူအမျှားမှာ ယုံမှားသံသယမရှိ ယုတ်နေတယ် ဆိုတဲ့ အသိသာ ဖြစ်နေသလို ထို့အတူ ထိုဘိက္ခုနီတွေဟာ နန္ဒကရဲ့ တရားဒေသနာကြောင့် နှစ်သက်အားရကြ၊ သို့သော် စိတ်အလိုဆန္ဒတော့ မပြည့်ကြသေး၊ ဒီလိုမိန့်တော်မူပြီး အရှင်နန္ဒကကို နက်ဖြန်လည်း ဒီသြဝါဒနဲ့ဘဲ ဘိက္ခုနီတွေကို သုံးမဖို့ရာ မိန့်တော်မူခဲ့တယ်၊ အရှင်နန္ဒကလည်း နေ့ဂက်တစ်နေ့ ယခင်နေ့ကအတိုင်း ယခင်နေ့ကဟောသလို ကြွရောက်ဟောပြောပြီး ဘိက္ခုနီတွေကို ပြန်လွှတ်လိုက်တယ်၊ မနေ့ကလိုဘဲ ဘုရားထံ သွားရောက်ဖူးမြော်ကြ၊ဘုရားရှင်ကလည်း ဘိက္ခုနီတွေပြန်လွှတ်ပြီး သူတို့သွားလို့ မကြာမီ ရဟန်းတွေကို ရဟန်းတို့-တစ်ဆယ့်ငါးရက် လပြည့်နေ့မှာ လဟာယုတ်သလား ပြည့်သလားဆိုတာ လူအမျှားမှာ ယုံမှားသံသယမဖြစ်၊ ပြည့်နေတယ်လို့သာ အသိဖြစ်ရသလို ထို့အတူ ဒီဘိက္ခုနီတွေဟာ နန္ဒကရဲ့ တရားဖြင့် နှစ်သက်လည်း နှစ်သက်အားရကြ၊ စိတ်အကြံ အလိုဆန္ဒလည်း ပြည့်ဝကြပြီဖြစ်ကြောင်း၊ ဤဘိက္ခုနီငါးရာတို့တွင် အညံ့ဆုံး ဘိက္ခုနီဟာ သောတာပန်ဖြစ်ကြောင်း မိန့်တော်မူခဲ့ပါတယ်။

သုတ္တန်ရှင်းလင်းချက်
အနိစ္စလို့ဖြေတာ ဘယ်လိုအသိနဲ့လဲ

အရှင်နန္ဒကမထေရ်က အတွင်းအာယဲတန် အပြင်အာယတန် ဝိညာဉ်တို့ကို မြဲသလား မမြဲဘူးလားမေးတဲ့အခါ ဘိက္ခုနီမတွေက မမြဲတဲ့အနိစ္စဖြစ်ကြောင်း ဖြေကြပါတယ်၊ ဒီလို ဖြေကြတဲ့အခါ သုတမယဲအသိ စိန္တာမယအသိ ဘာဝနာမယအသိ သုံးမျိုးတွင် ဘယ်လိုအသိနဲ့ ဖြေကြတာလဲ၊ သုတမယအသိ ဆိုတာ သူတစ်ပါးထံမှကြားရ နာရလို့သိတဲ့အသိ၊ စိန္တာမယ အသိက မိမိကိုယ်တိုင် ကြံစည်စဉ်းစားခြင်းဖြင့် ဖြစ်လာတဲ့အသိ၊ ဘာဝနာမယအသိက ပွားများခြင်းဖြင့် ဖြစ်လာထင်ပေါ်လာ တဲ့အသိ၊ ဒီ ဘိက္ခုနီမတွေဟာ ဘုရားရှင်ထံမှ တရားနာရ တခြား ရဟန္တာမဒေထရ် စသည်တို့ထံမှ တရားနာရမှာမို့ သုတ အသိလည်း ရှိပြီးဖြစ်မှာပါဘဲ၊ မကြားရမနာရခင်က လောက မှာ ပျက်စီးတာတွေတွေ့ရလို့ ထို့ပျက်စီးမှုတွေ အကြောင်း ပြုပြီး အနိစ္စအဖြစ် တွေးတောစဉ်းစားမိတဲ့ စိန္တာအသိလည်း ရှိသလောက်ရှိမှာပါဘဲ၊ ဒါပေမယ့်ယခုဖြေတာက ထိုသုတအသိ စိန္တာသိမျှနဲ့ဖြေကြတာမဟုတ်ပါဘူး၊ သုတအခြေခံပြီး လက်တွေ့ ပွားများထားတဲ့ ဝိပဿနာဘာဝနာအရ ကိုယ်တွေ့သိ ဝိပဿနာ ပညာအမြင်နဲ့ တကယ် မြင်ထားတဲ့ အတိုင်း ဖြေကြခြင်း ဖြစ်ပါတယ်။

ဒီတရားတွေ အနိစ္စ ဖြစ်ကြတယ်ဆိုတာ ဝိပဿနာ ပညာဖြင့် မိမိတို့ အမှန်အတိုင်း ရှေးကပင် သိထားပြီးဖြစ်ကြောင်း သူတို့ ဖြေထားတဲ့ အဖြေလည်း ရှိနေပါတယ်၊ မြင်တာမှ သုဒိဋ္ဌ

တကယ်မြင် ကောင်းစွာ မြင်ထားကြောင်း လျှောက်ထားကြ တော့ ဝိပဿနာမှာတောင် သာမန် ဝိပဿနာမျှ မဟုတ် အထက် တန်း ဗလ၀ ဝိပဿနာခေါ် အားရှိတဲ့ ဝိပဿနာအဆင့် ရောက်နေကြောင်းလည်း သိနိုင်ပါတယ်၊အနိစ္စလက္ခဏာ တကယ် ကောင်းစွာ မြင်တာက အထက် အထက် အားအလွန်ရှိတဲ့ ဝိပဿနာ တော့ပါဘဲ၊ အထူးသဖြင့် ဘင်္ဂဉာဏ် အရောက်မှာ အကောင်းဆုံး မြင်ရတယ် အဆိုရှိပါတယ်၊ ဒါ့ကြောင့် အရောင် အလင်းစသော၀ိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသတို့မှလွတ် သော ရင့်တဲ့ဥဒယဗ္ဗယဉာဏ်ကစပြီး ဘင်္ဂစသောဉာဏ် တစ်ခုခု အဆင့်သို့ရောက်နေတယ်လို့ ဆိုဖွယ်ရှိပါတယ်၊ ဒီလိုဆိုတော့ တကယ်ဗောဇ္ဈင်္ဂဘာ၀နာ အကျင့် ကျင့်နေတဲ့အဆင့် ရောက်နေ တယ်လို့လည်း ဆိုနိုင်ပါတယ်၊ ဒီတော့ အနိစ္စပါဘုရားလို့ သူတို့ ဖြေခြင်းဟာ သာမန်သုတ စိန္တာဉာဏ်နဲ့ ဖြေခြင်း မဟုတ်ရုံမျှမက သာမညဝိပဿနာအမြင်နဲ့ ဖြေတာမဟုတ်၊ တကယ် အားရှိတဲ့ ဝိပဿနာအမြင်နဲ့ ဖြေကြောင်း သိလောက်ပါပြီ။

တကယ် ဒုက္ခအမြင်

အနိစ္စဖြစ်တဲ့ ဒီတရားတွေဟာ သုခလား ဒုက္ခလား မေးတဲ့ အခါ ဒုက္ခဖြစ်ကြောင်း ဖြေကြတယ်၊ ဒါလည်း နောက်က ပြောခဲ့ဘဲအတိုင်း သုတ စိန္တာ အသိမျှမဟုတ် တကယ် ဝိပဿနာ အသိ ဝိပဿနာ အမြင်အရ ဖြေကြခြင်းပါဘဲ၊ အမှန်က အနိစ္စ မမြင်ယင် ဒုက္ခမမြင်၊ အနိစ္စမြင်ယင်တော့ ဒုက္ခလည်း မြင်ရ တော့တာပါဘဲ၊ သာမန်လူတွေမှာ အိုတဲ့ နာတဲ့ အခါစသည်မှာ ဒုက္ခလို့ မြင်တတ်ပါတယ်၊ ဒါလည်း တကယ်ဒုက္ခ မြင်ရတာ

မဟုတ်၊ ပညတ်ဒုက္ခ မြင်ရတာပါဘဲ၊ ကျန်းကျန်းမာမာ သာသာယာယာ ရှိနေတဲ့ အခါတော့ မိမိကိုယ် မိမိ ရုပ်နာမ်တွေကို ကောင်းတယ် ချမ်းသာတယ်လို့ သာယာဖွယ် အဖြစ် မြင်နေကြပါတယ်၊ ဒါအနိစ္စ မမြင်လို့ပါဘဲ၊ သဘာဝမမှန်တွေ ဖြစ်ပြီး ပျက်စီးသွားတာတွေ တမြင်တည်းမြင်နေရတဲ့ယောဂီအဖို့ မှာတော့ အနိစ္စသဘော မြင်နေတာမို့ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရတဲ့ တရားတွေဘဲ၊ ကြောက်လန့်ဖွယ် တရားတွေဘဲ ဆိုတဲ့အမြင် ရနေလို့ အကောင်းမထင် အဆိုးထင် သာယာဖွယ် မထင် ကြောက်ဖွယ် လန့်ဖွယ် မြင်နေရတော့ ဒုက္ခအဖြစ် ကောင်းကောင်းကြီး သိနေပါတယ်၊ ယခု ဘိက္ခုနီမတွေက အနိစ္စအဖြစ် တကယ်မြင်ထားတော့ ဒီတရားတွေ ဒုက္ခတွေဘဲလို့ မြင်တာ ပညတ် ဒုက္ခအဖြစ် မြင်တာ မဟုတ်၊ ပရမတ်တရားတွေ အပေါ်မှာ တကယ့် ဆင်းရဲအဖြစ် မြင်ရတဲ့ အထက်တန်း ဝိပဿနာအမြင်ဖြင့် ဖြေကြတယ်ဆိုတာ ထင်ရှားပါတယ်။

အနတ္တအမြင်လည်း တကယ့်အမြင်

မမြဲ ဆင်းရဲ ပျက်စီးတတ်သော သဘောရှိတဲ့ အတွင်းအပ အာယတဏနတွေ ဝိညာဉ်တွေကို ငါ့ဥစ္စာ ငါ ငါ၏ အတ္တလို့ ရှုခြင်းငှာ သင့်ပါမည်လား မေးတဲ့အခါ ဒီလို မရှုသင့်ကြောင်း ဖြေကြတယ်၊ ဘာ့ကြောင့် မရှုသင့်သလဲ မေးတော့ တပည့်တော်တို့ဟာ ဒီတရားတွေ အမြဲမရှိဘူးဆိုတာ ရှေးမဆွကပင် ဝိပဿနာပညာဖြင့် ကောင်းကောင်းကြီး မြင်ထားသောကြောင့် ဖြစ်ကြောင်း လျှောက်ထားကြတယ်၊ ဒီလျှောက်ထားချက်အရ အနိစ္စမြင်လျှင် အနတ္တလည်း မြင်တာဘဲဆိုတဲ့ ပေါ်လွင်နေ

ပါတယ်၊ ဒီတော့ အနိစ္စမြင်နေတဲ့ ဘိက္ခုနီတွေ မြင်ရတဲ့ အနတ္တ အမြင်ဟာလည်း တကယ့်အမြင် ဝိပဿနာ အမြင်ဆိုတာ သိနိုင်ပါတဲ့ယ်။

အတ္တဆိုတာ

ဒီနေရာမှာ အတ္တဆိုတာက တကယ်ရှိနေတဲ့ အရာတော့ မဟုတ်၊ သို့သော် သဘာဝတရားတွေကို မသိ၊ မိမိတို့ စိတ်ကူးထင်မြင်ချက်အရ ယူဆစဲ့လမ်းနေတဲ့ ဇီဝခေါ် အသက်တစ်မျိုးပါဘဲ၊ သဘာဝဓမ္မတွေထဲမှာ ဇီဝိတိန္ဒြေခေါ် ဆိုင်ရာ ရုပ်နာမ်တွေကို စောင့်ရှောက်နေတဲ့ ရုပ်သက်နာမ်သက် အသက်ဇီဝိတတော့ ရှိနေပါတယ်၊ ဒီအသက်ကတော့ သဘာဝအားဖြင့် ထင်ရှားရှိတဲ့ တရားတစ်မျိုးပါဘဲ၊ သဘာဝတရားမို့ ဖြစ်ပြီးပျက်ရတဲ့ အနိစ္စတရားသာ ဖြစ်ပါတယ်၊ သူတို့တစ်တွေ စဲ့လမ်းနေကြတဲ့ ဇီဝအသက်ကတော့ စိတ်ကူး အထင်အရသာရှိပြီး သဘာဝစူးစမ်းတဲ့ ဉာဏ်နဲ့ရှာမရတဲ့ သဘာဝမဟုတ်သော အရာသာ ဖြစ်ပါတယ်၊ ဒီအသက်ဇီဝကိုဘဲမြဲတယ် အခါခပ်သိမ်း ထင်ရှားရှိနေတယ် မပျက်စီးတဲ့ အရာဖြစ်တယ်လို့လည်း စဲ့ကြတယ်၊ ဒီမျှမက ဒီအသက်ကလေးက ဒီကိုယ်ကြီးရဲ့ အမှုကိစ္စခပ်သိမ်းပြုတတ်တယ်၊ သုခဒုက္ခကိုလည်း သူကဘဲ ခံစားတယ်၊ သူဟာ ခန္ဓာအိမ်ကြီးရဲ့ အရှင်သခင် အစိုးရသူ၊ ကိုယ်ကြီးက သူ့အလိုလိုက်နေရတယ်၊ ခန္ဓာကိုယ်ကြီးကို သူက စိမ်ခန့်ခဲ့တဲ့တယ်၊ ခန္ဓာကိုယ်မှာ အမြဲအစဲ့ နေတတ်တဲ့အရာဖြစ်လို့ ခန္ဓာအဟောင်းပျက်တဲ့အခါ ခန္ဓာအသစ် ရှာဖွေနေတတ်တယ် စသည်ဖြင့် ကြံစည်ယူဆ စဲ့လမ်းကြပါတယ်၊ သာမန်လူ သာမန်

ဗုဒ္ဓဘာသာဝင်တွေမှာလည်း အသက် ထွက်သွားတယ်၊ ဝိညာဉ် ကလေးဟာ တခြားဘဝ ကူးပြောင်းသွားတယ် စသည်ဖြင့် ဒီအသက် ဇီဝစွဲဟာ ရှိနေတာပါဘဲ။

ဝိညာဉ်ကို အတွေ့စွဲတဲ့ သာတိရဟန်း

စိတ်ကိုတစ်ခုတည်းထင်ပြီး အဲဒီ တစ်လုံးတည်းသောစိတ်က အရာရာလိုက်သိနေတယ်ထင်ကြ၊ စိတ်၏ အဝေးအနီး ဟိုအာရုံ ဒီအာရုံ ပြောင်းလဲသိနေပုံက ဆန်းကြယ်တော့ ပြေးမှလွှားမှ ကူးပြောင်းမှုဗျာပါရရှိသလိုမြင်ပြီး အသက်အယောင် အကောင် အသွင် အရှင်အလား အမြင်မှားစွဲလမ်းနေကြခြင်းပါဘဲ၊ ဒီအစွဲ မျိုး ဘုရားရှင်လက်ထက်တော်က သာတိဆိုတဲ့ရဟန်း စွဲလမ်း ဖူးတာ တွေ့ရပါတယ်၊ ဒီဝိညာဉ်ကလေးဘဲ တစ်ဘဝမှတစ်ဘဝ ပြေးသွားကျင်လည်နေတယ်၊ တခြား ဝိညာဉ်မဟုတ်လို့ သူက စွဲစွဲမြဲမြဲ ယူဆထားတယ်၊ သာတိဟာ အကြားအမြင် သုတ နည်းတဲ့ ဇာတကဘာဏက ဇာတ်ဆောင်ပုဂ္ဂိုလ်လို့ ဆိုပါတယ်၊ ဇာတ်တွေ လေ့လာကျက်မှတ်ထားတော့ ဇာတ် နိုဂုံးတွေမှာ မဟောသဓဟာ ငါဘုရား ဖြစ်လာတယ်၊ ဝိဓူရဟာ ငါဘုရား ဖြစ်လာတယ် စသည့်အချက်တွေကို အစဲပြုပြီး စွဲလမ်းလာခြင်း ဖြစ်တယ်၊ ငါ့ရှင်-အကြောင်းနဲ့ကင်းပြီး ဝိညာဉ်ဖြစ်ပေါ်မှုမရှိလို့ ဝိညာဉ်ဟာ အကြောင်းကြောင့်ဖြစ်လာရပုံကို မျှားစွာသော အကြောင်းပရိယာယ်ဖြင့် ဘုရားဟောထားခဲ့ကြောင်း ရဟန်း တွေက ပြောပြကြ၊ ဆိုလိုရင်းက အကြောင်းက အမျိုးမျိုး ကဲပြား ခြားနားရသလို ဝိညာဉ်လည်း တစ်ခုတည်း မဟုတ် အမျိုးမျိုးသာ၊ အကြောင်းတွေကမမြဲ ဖြစ်ပြီးပျက်သလို ဝိညာဉ်

လည်း ဖြစ်ပြီးပျက်ရ အနိစ္စသာဖြစ်ကြောင်း ဆိုလိုရင်းပါဘဲ၊ ဒီလိုပြောပေမယ့် သူကလည်း အလျှော့မပေး ဒီဝိညာဉ်ဘဲ တစ်ဘဝမှ တစ်ဘဝ ပြေးသွား ကျင်လည်နေတယ်၊ တခြား ဝိညာဉ်မဟုတ်ဘူးဆိုတဲ့ ဘုရားဟောတဲ့အတိုင်း တပည့်တော် သိထားတာဘဲဆိုပြီး ပြောမြဲပြောနေခဲ့တယ်၊ အယူအဆ တစ်ခု စိတ်မှာအတည်ပြု ဆုံးဖြတ်ထားမိပြီ စဲမိပြီဆိုယင် အဲဒီ အယူအဆ စွန့်ဖို့ဆိုတာ တယ်ပြီးလွယ်လှတာမဟုတ်၊ သူက သုတနည်းတယ် ဆိုတာလည်း ရှုပ်နာပ်ဆိုင်ရာ အသိသုတ် နည်းတာဖြစ်မှာပါဘဲ၊ ဒီလိုဆိုတော့ သူမျှား အပြောလောက်နဲ့တော့ သူ့အယူ စွန့်ဖို့ ခက်မြဲခက်နေမှာပါဘဲ၊ တကယ်တော့ ဝိပဿနာ အမြင်ရှိယင် ဒီအယူမျိုးဟာ ဖြစ်ဖို့မရှိပါဘူး၊ ဝိပဿနာ လက်တွေ့မရှိခြင်း ဟာ ဒီအယူဖြစ်ဖို့ ဒီလိုအယူမလွှတ်နိုင် ဆုပ်ကိုင်ထားဖို့အကြောင်း ဖြစ်နေတယ်ဆိုတဲ့ ထင်ရှားပါတယ်။

ဝိညာဉ်အမျိုးမျိုးဖြစ်ပုံ

ဒီ သာတိအယူနဲ့ စပ်ပြီး ရဟန်းတို့ကို ဝိညာဉ် ဆိုတာ အကြောင်းကြောင့်ဖြစ်ရကြောင်း၊ အကြောင်းက ကွဲပြားတော့ ဝိညာဉ်လည်းကွဲပြား အစားစားဖြစ်ရကြောင်း မီး ဥပမာနဲ့ ဟောတော်မူခဲ့တယ်။ ဆိုင်ရာဆိုင်ရာအကြောင်းကို အစဲ့ပြုပြီး တောက်လာရတဲ့မီးဟာ ထိုအကြောင်းအရ အမည်ရခဲ့ကြောင်း၊ ထင်းကိုအစဲ့ပြုလောင်တဲ့မီးကို ထင်းမီးဆိုရကြောင်း, ဝါးခြမ်း မြက် နွားချေး ဖဲ့ အမှိုက်ကိုအစဲ့ပြု လောင်တဲ့မီးကို ဝါးခြမ်းမီး မြက်မီး နွားချေးမီး ဖဲ့မီး အမှိုက်မီး ဆိုရကြောင်း ဥပမာ ပေးတော်မူခဲ့တယ်၊ ဒီ ဥပမာပေးရာမှာ မီးဆိုတာ အပူသဘော

အားဖြင့် တူပေမယ့် ဆိုင်ရာအကြောင်းကြောင့် ဖြစ်ရလို့ တစ်ခုတည်းမဟုတ်၊ အကြောင်း ကဲ့ပြားမှုအရ အမျိုးမျိုးသာဖြစ်ကြောင်း, အဓိကြောင်းမရှိ ပျောက်တဲ့အခါ အကျိုးလည်း ချုပ်ငြိမ်းရကြောင်း သိစေလို့လို့ ဖြစ်ပါတယ်၊ ဒီမီးသဘော အတိုင်းဘဲ ဆိုင်ရာဆိုင်ရာအကြောင်း အစဲ့ပြုဖြစ်လာတဲ့ ဝိညာဉ်ဟာလည်း ထိုအကြောင်းအရ အမည်ရကြောင်း, စက္ခုနဲ့ရူပါရုံ အစဲ့ပြု ဖြစ်လာဘဲ့ ဝိညာဉ်ဟာ စက္ခုဝိညာဉ် အမည်ရကြောင်း, သောတနဲ့ သဒ္ဒါရုံ ဃာနနဲ့ ဂန္ဓာရုံ ဇိဝှါနဲ့ ရသာရုံ ကာယနဲ့ ဗောဋ္ဌဗ္ဗာရုံ မနနဲ့ဓမ္မာရုံ အစဲ့ပြုဖြစ်လာတဲ့ ဝိညာဉ်တွေဟာ အသီးသီး သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ် အမည်ရကြောင်း ဟောတော်မူခဲ့တယ်။

ဒီ ဒေသနာဖြင့်လည်း စိတ်ဝိညာဉ်ဟာ တစ်ခုတည်း မဟုတ်ကြောင်း, ဝိညာဉ်ဖြစ်ပေါ်လာဖို့ အကြောင်းအမျိုးမျိုးရှိတော့ ထိုအကြောင်းတွေကြောင့်ဖြစ်ရတဲ့ ဝိညာဉ်ဟာလည်း အသီးသီး ကဲ့ပြား တခြားစီ ဖြစ်ရကြောင်း, ဆိုင်ရာအကြောင်း မရှိတဲ့ ပျက်တဲ့အခါ အကျိုးဝိညာဉ်ဟာလည်း ပျက်ရကြောင်း သိစေပါတယ်။

ဝိပဿနာမရှိက အကွာ လုံးလုံးမပျောက

ဒီဒေသနာ ကြားနာရတဲ့ ရဟန်းတော်တွေထဲမှာ မဂ်ရဖိုလ်ရ ပုဂ္ဂိုလ်တွေ ဝိပဿနာအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်နေမှာ ပါဘဲ၊ အဲဒီ ပုဂ္ဂိုလ်တွေအဖို့တော့ ဒီတရားဟာ ကိုယ်တွေနဲ့ ကိုက်ညီနေလို့ ကျေနပ်အားရ နှစ်သက်ကြမှာပါဘဲ၊ ဝိပဿနာ

အသိမရှိတဲ့ ရဟန်းတွေမှာလည်း ဘုရားစကားတော်က ယုတ္တိ ရှိနေတော့ ယုတ္တိအရ ယုံကြည်လက်ခံ သဘောကျမှာပါဘဲ၊ သို့သော်လည်း တကယ့် ကိုယ်တွေ့ အမြင် အသိမဟုတ်တော့ နောင်အခါ ကိုယ့်စိတ်ကူးအရဖြစ်စေ၊ တခြားအယူအဆ တစ်ခုခု က ဆဲ့ဆောင်ချက်အရဖြစ်စေ သာတိလို အယူမမြောင်းဘူးလို့ မဆိုနိုင်သေး စိတ်မချရသေးပါဘူး၊ ဝိပဿနာအသိနဲ့ သဘာဝ ခမ္မတွေ တသီးတခြားစီ ကိုယ့်ကိစ္စကိုယ်ရှက်ဆောင်နေကြပုံဖြစ်ပြီး ပျက်သွားပုံအသီးသီး သဘာဝနဲ့ အနိစ္စသဘောမြင်ရယင် အတ္တစဲ့ ရှင်းမည်ကင်းမည်ဖြစ်သော်လည်း သုတစိန္တာအသိနဲ့တော့ အတ္တ မရှိဆိုတာ သဘောကျသင့်သလောက် ကျမည်ဖြစ်သော်လည်း တကယ့် အမြင်မဟုတ်တော့ အတ္တစဲ့ကလေးဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ စဲ့မြဲစဲ့လျက်ရှိနေမှာပါဘဲ၊ ခန္ဓာကိုယ်ကြီးက ကိုယ့် အလိုလိုက်နေသလို ကိုယ့်အလိုအတိုင်း ဖြစ်နေသလို ထိုထိုအတ္တ ခြင်းရာကလေးတွေဟာ တစ်မျိုးမဟုတ်တစ်မျိုး ဆိုသလို စဲ့လျက် ထင်လျက် ရှိနေကြမှာပါဘဲ။

အတ္တစဲ့ဖြုတ်တဲ့ အမေးအဖြေ

အတ္တစဲ့ဖြုတ်ဖို့ အမေးအဖြေပုံကိုလည်း ဒီစစ်ကြည့်စို့၊ အချို့က ဝေဒနာဟာ အတ္တဘဲ၊ ဒီဝေဒနာ ကောင် အတ္တက ချမ်းသာဆင်းရဲကို ခံစားတယ်လို့ ယူဆကြ ပါ ဝေဒနာကို အတ္တစဲ့တော့ ဒီခံစားတတ်တဲ့ ဝေဒနာကောင် ကလေးဟာ မြဲတယ် အမြဲရှိနေတယ် မပျက်စီးတတ်ဘူးလို့ ဆိုလိုပါတယ်၊ အဲဒီအယူအဆကိုဖျက်ဖို့ အရှင်နန္ဒက ဥပမာ အမေးအဖြေ ပြုခဲ့ခြင်း ဖြစ်ပါတယ်။

တောက်နေတဲ့ဆီမီးမှာ ဆီရော မီးစာရော မီးလျှံရော မမြဲ၊ မီးရောင်ကတော့ မြဲဘယ်ဆိုယင် အမှန်ပြောတာ ဖြစ်ပါ့မလား မေးတော့၊ မမှန်ကြောင်း ဖြေကြတယ်၊ ဘာ့ကြောင့်လဲ မေးတော့ ဆီ မီးစာ မီးလျှံမှမမြဲယင် မီးရောင် မမြဲတာတော့ ပြောစရာမရှိပါလို့ လျှောက်ကြတယ်၊ မီးရောင်ဆိုတာက ဆီ မီးစာ မီးလျှံ မရှိဘဲ ဖြစ်နိုင်တာမဟုတ်၊ ဆီ မီးစာ မီးလျှံ အစုံပြုပြီး ပေါ်လာရတာ၊ ဒီတော့ အကြောင်းဆီ မီးစာ မီးလျှံ ကုန်သွား ပျောက်သွားယင် အကျိုး မီးရောင်လည်း ပျောက်ရတာ ဘယ်သူမှ မငြင်းနိုင်တဲ့ အချက်ပါဘဲ၊ ဒါ့ကြောင့် အကြောင်းကြောင့် ဖြစ်ရတဲ့ တရားတွေမှာ အကြောင်းပျောက်ယင် အကျိုးလည်း ပျောက်ရတယ် ဆိုတဲ့အချက်ကို ပြောချင်တော့ ဒီ လောကယုတ္တိက္ကလေးနဲ့ စခြီ မေးဖြေမှု ပြုခဲ့ခြင်းပါဘဲ။

အဲဒါလိုဘဲ စက္ခုစသော အတွင်း အာယတန ခြောက်ပါးကဖော့ မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ်၊ ထိုအာယတန ခြောက်ပါး အစုံပြု ခံစားရတဲ့ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကတော့ မြဲဘယ် မပျက်စီးဘူးလို့ပြောယင် အမှန်ပြောတာ ဖြစ်ပါ့မလားလို့ မေးခဲ့တယ်၊ ဒီအမေးက ဝေဒနာကို အဟွာစုံတဲ့ ပဋိဂ္ဂုလ်တွေကို စောင်းလိုက်တာပါဘဲ၊ စက္ခုစသော အာယတနတွေရဲ့ ပျက်စီးမှုက မျက်မြင်မို့ တကယ့် အသိအရ မဟုတ်သော်လည်း လူသာမန်တို့ အသိအရ အနိစ္စအဖြစ် လက်ခံကြတယ်၊ စက္ခုစသော အာယဘနတွေ စုံဖြစ်လာတဲ့ ဝေဒနာ ကျတော့နာမ်တရားမို့ မျက်မြင်အထင်အရှားမမြင်ရမမြင်ရတော့ ဝေဒနာဟာ တစ်ခုတည်း၊ တစ်ခုတည်းကဘဲ ချမ်းသာဆင်းရဲ

တွေကို ကူးပြောင်းခံစားနေတယ်၊ သူက ခံစားမှု လိုလားတဲ့ အတိုင်း ခန္ဓာရှိမှ ခံစားနိုင်တာမို့ ဒီခန္ဓာပျက်သွားယင် ခန္ဓာ အသစ်ရှာ ခံစားတယ် စသည်ဖြင့် ဝေဒနာရဲ့ အသက်အကောင် အဖြစ် မြဲသည်၏ အဖြစ်ကို ကြံဆစ်လမ်းကြတယ်။

အမှန်သိပြီး ဖြေတဲ့အဖြေ

ဒီဝေဒနာ မြဲတယ်ဆိုတဲ့အပြောဟာ မမှန်ကြောင်း ဘိက္ခုနီ များက ဖြေကြတယ်၊ ဒါလည်း သုတ စိန္တာအရ ဖြေကြခြင်း မဟုတ်ပါဘူး၊ တကယ့် ဝိပဿနာ အသိအမြင်အရ ဖြေကြခြင်း ပါဘဲ၊ဒီဘိက္ခုနီတွေဟာဗလဝ ဝိပဿနာရှင်တွေဖြစ်ဖို့ရှိကြောင်း ပြောခဲ့ပါပြီ၊ ဒီတော့ နာမရူပပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟဉာဏ်တွေ ဖြစ်စဉ်ကဘဲ ဝေဒနာရဲ့ သဘောဆိုင်ရာ အကြောင်းတွေကြောင့် ဝေဒနာ ဖြစ်ပေါ်လာပုံ သိပ်ပြီး အထက် ဝိပဿနာ တွေနဲ့ အနီစ္စဖြစ်ပုံ တကယ်သိပြီး ဖြစ်နေလို့ မိမိတို့ကိုယ်တွေ အသိအရ ဖြေကြခြင်းပါဘဲ၊ ဒါကြောင့်ဘဲ ဘာ့ကြောင့် ဒီအပြော မမှန်သလဲမေးတော့ ဆိုင်ရာဆိုင်ရာ ထိုထိုအကြောင်းတွေ အစုံပြို့ ပြီး ထိုထိုအကြောင်းအားလျော်တဲ့ ထိုထိုဝေဒနာ ဖြစ်လာရခြင်း ဖြစ်ကြောင်း၊ ဆိုင်ရာဆိုင်ရာ ထိုထိုအကြောင်းတွေ ချုပ်သွားတဲ့ အတွက် ထိုအကြောင်းတွေကြောင့် ဖြစ်ရတဲ့ ဝေဒနာတွေလည်း ချုပ်ရကြောင်း အမှန်အတိုင်း ဖြေနိုင်ကြခြင်း ဖြစ်ပါတယ်။

ဆိုလိုတာက အတ္တဝါဒသမားတွေ အလိုအရ ဝေဒနာဟာမြဲ တယ်၊မြဲလို့ အကြောင်းကင်းတယ်၊ ဒါကိုယ်တွေ့အမြင်မရှိ စိတ် ကူးအရ ပြောကြတာဘဲ၊ မိမိတို့ကိုယ်တွေ့အမြင်အရ ဝေဒနာဟာ

အကြောင်းကြောင့် ဖြစ်လာရတာ၊ အကြောင်းလည်း မမြဲ၊ အကြောင်းမမြဲသလို အကျိုးဝေဒနာလည်း မမြဲ၊ ထို့ကြောင့် အနိစ္စ၊ အနိစ္စဆိုတာ စိတ်ကူးမဟုတ် ဉာဏ်နဲ့ တကယ်မြင် တကယ်သိလို့ သူတို့အပြော မဟုတ်ကြောင်း ပြောနိုင်ခဲ့ပါတယ်။

အပြင် အာယတနနဲ့ စပ်တဲ့ အမေးအဖြေ

တစ်ခါ အပြင် အာယတနတွေ အစဲ့ပြု ဖြစ်လာ ခံစားလာရတဲ့ ဝေဒနာကို အတွေ့စဲ့မှုနဲ့ ပတ်သက်ပြီး ထိုအတွေ့စဲ့ပယ်ဖို့ ဥပမာပေး အမေးအဖြေ ပြုခဲ့ပြန်တယ်၊ သစ်ပင်မှာ အမြစ် ပင်စည် အခက် အရွက်တွေ မမြဲဘူး အရိပ်တော့ မြဲတယ်ဆိုယင် ဟုတ်ပါ့မလားတဲ့၊ မဟုတ်ကြောင်း ဖြေတော့၊ ဘာ့ကြောင့်လဲလို့ အမေးမှာ အမြစ် ပင်စည် အခက် အရွက် မမြဲလျှင် အရိပ်လည်း မမြဲဘူးဆိုတာ ပြီးနေပါပြီ ပြောစရာ မလိုတော့ပါကြောင်း လျှောက်ထား ကြ တယ်၊ ဒီမှာလည်း အရိပ်ဆိုတာက အမြစ် ပင်စည်အခက်အရွက်ရှိမှဖြစ်တာမရှိဘဲဖြစ်တာမဟုတ်အကြောင်း အမြစ် ပင်စည် အခက် အရွက်ပျက်ယင် အကျိုးအရိပ်လည်းပျက်မယ်ဆိုတာ မငြင်းနိုင်တဲ့ အချက်ပါဘဲ၊ ဒါ့ကြောင့် အကြောင်းကြောင့် ဖြစ်ရတဲ့ တရားတွေမှာ အကြောင်းပျက်ယင် အကျိုးလည်း ပျက်မည်သာဖြစ်ကြောင်း ပြမယ့်အရေးမှာ ဒီသစ်ပင် အရိပ်ဥပမာနဲ့ စချီလာခြင်း ဖြစ်ပါတယ်။

အဲဒါလိုဘဲ ရူပါရုံ စသော အပြင်အာယတနတွေ မမြဲ၊ အဲဒီ အာယတနတွေ အစဲ့ပြု ခံစားရတဲ့ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတွေတော့ မြဲတယ်ဆိုယင် ဒီအဆို မှန်ပါ့မလား မေးတော့၊ မမှန်ကြောင်းဖြေကြ၊ ဘာ့ကြောင့်လဲမေးတော့ ထိုထိုအကြောင်း

ကြောင့် ဖြစ်လာရတဲ့ ဝေဒနာတွေ ဆိုင်ရာ အကြောင်းချုပ်တော့ ထိုထိုဝေဒနာများလည်း ချုပ်ရကြောင်း ဖြေကြတယ်၊ ဒါလည်း နောက်ကပြောခဲ့တဲ့အတိုင်း ကိုယ်တွေ့ဝိပဿနာဉာဏ် အရ အတွေ့ ဝေဒနာကောင် မရှိကြောင်း၊ ရှိတဲ့ ဝေဒနာကောင်ကို မြဲတယ်လို့ ဆိုဖွယ်မရှိကြောင်း၊ သဘာဝ ဝေဒနာတရားသာရှိကြောင်း၊ ထိုဝေဒနာလည်း ဆိုင်ရာ အကြောင်းအလိုက် တစ်ခုတည်းမဟုတ် အသီးသီးဖြစ်ကြောင်း၊ အကြောင်းကြောင့် ဖြစ်ရလို့ အကြောင်းပျက်သလို ဝေဒနာလည်း ပျက်ရအနိစ္စဖြစ်ကြောင်းများကို ကိုယ်တိုင်ရှင်းလင်းစွာ သိပြီး ဖြေကြခြင်းသာ ဖြစ်ပါတယ်။

အကြောင်းတစ်ခုတည်း မဟုတ်

ယခင် ဥပမာမှာ အတွင်း အာယတန အစ္စပြု ဝေဒနာဖြစ်လာတာကို ဆိုခဲ့တယ်၊ ယခု ဥပမာမှာ အပြင်အာယတန အစ္စပြုဝေဒနာဖြစ်လာတာကို ဆိုတယ်၊ ဒီတော့ ဝေဒနာဟာ အတွင်းအာယတန သက်သက် အစ္စပြုလည်းဖြစ်နိုင်တယ်၊အပြင်အာယတသက်သက်အစ္စပြုပြီးလည်းဖြစ်နိုင်တယ်လို့ ထင်ရှားရှိနေပါတယ်၊ အမှန်ကတော့ အတွင်း အပ အာယတန နှစ်ပါးဆုံမိမှ ဝေဒနာဖြစ်နိုင်တာပါ၊ ဆုံမိမှ ဖြစ်လို့ အတွင်း အာယတနလည်း အကြောင်း ဖြစ်နိုင်၊ အပြင် အာပေတနလည်း အကြောင်းဖြစ်နိုင်လို့ ဆိုခြင်းဖြစ်ပါတယ်၊ တကယ်တော့ ဝေဒနာရဲ့ အနီးကပ် အကြောင်းက ဖဿ-တွေ့ထိမှုပါဘဲ၊ ဖဿပစ္စယာ ဝေဒနာအရ-တွေ့ထိမှုရှိလို့ ဝေဒနာ ဖြစ်လာရတာပါ၊ ဒီဖဿ

တွေ့ထိမှုဆိုတာကလည်း အတွင်းအာယတန အပြင်အာယတန ဝိညာဉ် ဒီသုံးခု ပေါင်းဆုံမိလို့ ဖြစ်လာတဲ့ တရားပါဘဲ။

မျက်စိအကြည့်နဲ့ အဆင်းရူပါရုံ ဆုံမိ တိုက်ခိုက်မိတဲ့ အခါ ဝိညာဉ်ပေါ်လာ၊ အဲဒီသုံးပါး ဆုံမိတဲ့အခါ အာရုံ၌ တွေ့ထိမှု ဖဿ–ပေါ်လာရပါတယ်၊ ထို့အတူ နှားနှင့်အသံ ဝိညာဉ် စသည်လည်း သူ့အတွဲနှင့်သူ ဆုံမိတဲ့အခါ ဖဿ-ဖြစ်လာတာ သိနိုင်ပါတယ်၊ အဲဒီလို ဖဿတွေ့ထိမှု ဖြစ်လာယင် ကောင်း မကောင်း အလယ်အလတ်ဆိုတဲ့ ခံစားမှု ဝေဒနာ ဖြစ်လာရ ပါတယ်၊ ဒီဖဿဝေဒနာသဘောလည်း သိထားသင့်ပါတယ်၊ တရားသဘောတွေ ရှိတဲ့သူမှာ ဆိုင်ရာအကွက် ရောက်တဲ့အခါ ဒီတရားတွေကလည်း သူ့အနေနဲ့သူ ထင်ပေါ်လာတတ်ပါ တယ်၊ ဖဿတွေ့ထိမှုဟာ ဝေဒနာရဲ့အကြောင်း ဖြစ်သော်လည်း အဲဒီ ဖဿက အဘွင်း အပ အာယတန ဝိညာဉ်ဆုံမိမှုကြောင့် ဖြစ်လာရလို့ အကြောင်း၏အကြောင်းကိုလည်း အကြောင်းဘဲ ဆိုရတဲ့ ထုံးအရ အတွင်းအပ အာယတနများလည်း ဝေဒနာရဲ့ အကြောင်းလည်း ဖြစ်ရပါတယ်၊ ဘိက္ခုနီမတွေ လျှောက်တဲ့ ထိုထိုအကြောင်းကြောင့် ထိုထိုဝေဒနာဖြင့်ရ၊ ထိုထိုအကြောင်း ချုပ်လို့ ထိုထိုဝေဒနာလည်းချုပ်ရတယ်ဆိုတဲ့ အကြောင်းပြ စကားမှာ ဝေဒနာရဲ့ ထိုထိုအကြောင်းဆိုတာ ယခုပြခဲ့တဲ့ အကြောင်းတွေပါဘဲ။

နှားမဥ္စပမာ ရှင်းလင်းချက်

ကဲ.... ဒီအထိတော့ အတွင်းအပ အာယတန ဝိညာဉ်တွေ အရင်းခံပြီး ကမ္မဋ္ဌာန်း နည်းပေးနေခြင်းပါဘဲ၊ ဗောဇ္ဈင်တရား

တွေ့ အထင်အရှားဖြစ်ပွားစေဖို့ နည်းပေးနေခြင်းလို့လည်း ဆိုနိုင်ပါတယ်၊ နောက်ဆုံး အရဟတ္တမဂ်အထိပေါက်ပြီး ဗောဇ္ဈင်တရားတွေ အပြည့်စုံဆုံးဖြစ်ရတဲ့အခါ ဖြစ်လာရတဲ့ အခြင်းအရာ အခြေအနေကို ထင်ရှားစေလိုလို့ ဥပမာတင်မျိုးပေး အမေးအဖြေ ပြုခဲ့ပြန်တယ်။

ကျွမ်းကျင်တဲ့ နွားသတ်သမား သို့မဟုတ် သူ့တပည့်ဟာ နွားမကိုသတ်ပြီး အတွင်းက အသားကိုယ်ထည်လည်း မပျက်စေရဘဲ အပြင်အရေကိုယ်ထည်လည်း မပျက်စေရဘဲ ဝေးတက်ကက်နဲ့ အသားအရေကြားက အတွင်းသား အတွင်းကြောအတွင်းအဖွဲ့ ကျွမ်းကျင်စွာလို့ အရေကိုခွာထုတ် ခါတွက်ပြီး အဲဒီအရေနဲ့ နွားမသေကို ပြန်အုပ်ပြီး ဒီနွားမကြီးဟာ ဒီအရေနဲ့ဘဲ ရှေးကလို တဲ့ကပ်နေတယ်ဆိုယင် မှန်ပါ့မလားမေးတော့ မမှန်ကြောင်းဖြေကြ၊ ဘာ့ကြောင့်လဲမေးတော့ အရေကိုခွာပြီး ပြန်ဖုံးအုပ်ထားတာဖြစ်တော့ ဘယ်လိုဘဲ ရှေးအတိုင်း ဒီအရေနဲ့ မကွာမကဲ့ တစ်စပ်တည်း တည်နေတယ်ပြောပြော အမှန်က ထိုနွားမဟာ ထိုအရေနဲ့ မစပ်မကပ် ကွာလျက်သာရှိကြောင်း ဖြေကြတယ်။

အတွင်းကိလေသာတွေကို အရဟတ္တမဂ်ပညာနဲ့ ဖြတ်ပယ်လိုက်တဲ့အခါ အတွင်း အပအာယတနတွေ ထိခိုက်မှုကြောင့် ဖြစ်လာရတဲ့ အခြေအနေဟာ နဂိုကိလေသာမကင်းစဉ်ကဖြစ်တဲ့ အခြေအနေမျိုးမဟုတ်တော့ တစ်မျိုးပြောင်းလဲသွားကြောင်း သိအောင် ဒီဥပမာ ထုတ်ဆောင်ခဲ့ပါတယ်၊ ဒီဥပမာအရ ဥပမာ ဥပမေယျ နှိုးနှောပြတော့ အတွင်းသားကိုယ်ထည်နဲ့ အတွင်း

အာယတန၊ အပြင်အရေကိုယ်ထည်နဲ့ အပြင်အာယတန၊ အတွင်းသားအတွင်းကြော အတွင်းအဖွဲ့နဲ့ အတွင်းကိလေသာ အတွင်းသံယောဇဉ် အတွင်းအနှောင်အဖွဲ့၊ နှားလှီးခား ထက်ထက်နဲ့ အရိယာပညာတူကြောင်း ပြပါတယ်။ ဆိုလိုတာက ယမင်ကိလေသာ မကင်းစဉ်အခါက အတွင်းအပြင် အာယတနတွေ ထိခိုက်တဲ့အခါ အတွင်းကိလေသာ အတွင်းသံယောဇဉ် အတွင်းအနှောင်အဖွဲ့တွေ အတွယ်တွေနဲ့ တွယ်ကပ်ယှဉ်စပ်နေတယ်၊ ယခု အရဟတ္တမဂ် အရိယာပညာနဲ့ အဲဒီကိလေသာ သံယောဇဉ် အဖွဲ့ အတွယ်တွေဖြတ်လိုက်ခဲ့တာ ဘယ်လိုဘဲ အာယတနတွေဆုံကြ ခိုက်ကြသော်လည်း အတွယ်ကင်းရှင်း ယှဉ်စပ်ခြင်းမရှိတော့လို့ ဆိုလိုပါတယ်။

ဗောဇ္ဈင်ခုနစ်ပါး ဟောခြင်းအကြောင်း

ဒီနောက် ဗောဇ္ဈင်ခုနစ်ပါးတရားပွားခဲ့ယင် မျက်မှောက်ဘဝမှာဘဲ အရဟတ္တဖိုလ်ဘိုက်ရကြောင်း သက်ဟောပါတယ်၊ အမှန်က ခုနပြောခဲ့ဘဲ့ အရဟတ္တမဂ် အရိယာပညာနဲ့ဘဲ ဗောဇ္ဈင်ခုနစ်ပါး အပြည့်အစုံ အပြီးအစီးရောက်ပဲ့ ပြပြီးသား ဖြစ်နေခဲ့ပါပြီ၊ ဒီဟာ့ ဗောဇ္ဈင်ခုနစ်ပါးတရားကို ဘာလို့ထပ်ဟောရ ပြန်သလဲလို့ မေးစရာရှိနေပါတယ်၊ အရိယာပညာက ကိလေသာတွေကို ဖြတ်တယ်ဆိုဘာ့ ပညာ တစ်ခုတည်းနဲ့ ဖြတ်မှုကိစ္စ ပြီးသလို ထင်ဖွယ်ရှိပါတယ်၊ အမှန်က ပညာဟာ တစ်ပါးတည်း ပိပိဘာသာ ကိလေသာတွေကို မဖြတ်နိုင်ပါဘူး၊ ဥပမာအားဖြင့် ခားမဟာ ပိပိဘာသာ ဖြတ်ရမယ့်အရာကို မဖြတ်နိုင်ပါဘူး၊ ယောကျ်ားရဲ့ စွမ်းအား အစဲ့ပြုပြီးသာ ဖြတ်နိုင်ပါတယ်။ ထို့

အတူဘဲ ပညာဟာ ကျန်ပေါဇျင်တရား ခြောက်ပါးနဲ့ကင်းပြီး ကိလေသာတွေကို မဖြတ်နိုင်ပါဘူး၊ အဲဒီအချက်ကို သိစေလိုရှု ဗောဇျင်ခုနစ်ပါးတရားကို ဆက်ဟောခဲ့ခြင်း ဖြစ်ပါတယ်။

စုံလင်သော အကြောင်းပြ

ယခင် ဥပမာမှာ ယောကျားစွမ်းအား အစဲ့ပြုရမှ ဖြတ်နိုင်တယ်ဆိုတော့ ဝိရိယတစ်ခုသာ ပါသလိုဖြစ်နေပါတယ်၊ စုံလင်အောင် ပြောရယင် ရှေးယခင် ပရိယာယ် ဗောဇျင်တွေ ပြောရာမှာ ဒီဗောဇျင်တွေဟာ ကိစ္စတိုင်းမှာ လိုအပ်ကြောင်း ပြောခဲ့ပါတယ်၊ အဲဒီပရိယာယ် ဗောဇျင်နည်းနဲ့ပြောရယင် ယောကျားဟာ ဓားနဲ့ ဖြတ်ရမယ့်ဝတ္ထုကို ဖြတ်တဲ့အခါ ဖြတ်ရမယ့်နေရာကို မှတ်သားမှုလည်း လိုတယ်၊ ဖြတ်မှု ပယောဂလည်း လိုတယ်၊ စိတ်မရှင် ကိုယ်ပူပန် လှုပ်ရှားနေယင် ဖြတ်ရမယ့် အရာကို ကောင်းစွာ ဖြတ်နိုင်မှာမဟုတ်လို့ စိတ်ရှင်ပျှနေမှု၊ ကိုယ်စိတ် ငြိမ်းအေးနေမှုလည်း လိုတယ်၊ မတည်မငြိမ်ဖြစ်နေလျှင်လည်း ကောင်းစွာ ဖြတ်နိုင်မှာမဟုတ်လို့ စိတ် တည်ငြိမ်နေမှုဟာ လည်း လိုတယ်၊ တခြား ကိစ္စ စိတ်ရောက် နေလျှင်လည်း ကောင်းစွာ ဖြတ်နိုင်မှာ မဟုတ်လို့ တခြားကိစ္စကို လျစ်လျူရှုမှုလည်း လိုတယ်၊ အဲဒါလိုဘဲ ပညာနဲ့ကိလေသာတို့ကို ဖြတ်တဲ့ ယောဂီအဖို့ ဝိရိယအစွမ်းနဲ့အတူ သတိ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာတို့ကိုလည်း လိုအပ်ပါတယ်၊ ဒီလို ပညာဟာ ဝိရိယစသော ကျန်ဗောဇျင်ခြောက်ပါးတို့နဲ့ ကင်းကွာပြီး ကိလေသာ မဖြတ်နိုင်၊ အားလုံး စုံစုံညီညီဖြစ်မှ ကိလေသာဖြတ်နိုင်ကြောင်း သိရန် ဗောဇျင် ခုနစ်ပါး ဆက်ဟောရပါတယ်။

နာမ္ဂရုပ ပရိစ္ဆေဒဉာဏ်က စ

ကဲ....ယခု ဗောဇ္ဈင်ဘာဝနာစနေ့ ပြောကြ,စို့၊ယခင်သုတ္တန်မှာ ဘိက္ခုနီကလေးက မိမိတို့ အတွင်းအပ အာယတနတစ်ခုနဲ့ ဝိညာဉ်တွေရဲ့ အနိစ္စသဘောကို ဝိပဿနာပညာဖြင့် ကောင်းစွာမြင်ထားကြောင်း လျှောက်ကြာပယ်၊ ဒီလို သူတို့အနိစ္စလို့ မြင်တာဟာ အနိစ္စသဘော စ ရှုလို့ မြင်ရတယ်လို့ မဆိုနိုင်ပါဘူး၊ သူတို့အမြင်က ပညတ်အနိစ္စအမြင်မဟုတ် ပရမတ် အနိစ္စအမြင်ဖြစ်ကြောင်း ပြောခဲ့ပါပြီ၊ ပရမတ် အနိစ္စမြင်ရအောင် ပရမတ္ထ သဘာဝတရားတွေကို ရှေးဦးစွာ ရှုရပါတယ်၊ အဲဒီလိုရှုတော့ သဘာဝရုပ်နာမ်တရားတွေ အသီးသီး သူ့သဘောနဲ့သူ သူ့ကိစ္စနဲ့သူ ရှက်ဆောင်နေကြတာ အုထင်အရှား တွေ့လာရပါလိမ့်မယ်၊ ရုပ်နာမ်သဘာဝတွေကို သူ့သဘောနဲ့သူ ဖြစ်နေတာ တစ်သန့်စီတစ်သန့်စီ မြင်လာရတဲ့အခါ အနိစ္စသဘောဟာလည်း ဉာဏ်မှာ ထင်လာရပါတယ်၊ ဒီလို ရုပ်နာမ် ၎င်းတို့ကို တစ်သန့်စီ တစ်ကန့်စီ အသီးသီးခွဲခြားမြင်လာယင် နာမရူပ ပရိစ္ဆေဒဉာဏ်=နာမ်ရုပ်တို့ကို ပိုင်းခြားသိတဲ့ဉာဏ် ရလာပြီဆိုရပါတယ်၊ ဒါ့ကြောင့် ဝိပဿနာ ဘာဝနာအရာမှာ နာမရူပ ပရိစ္ဆေဒဉာဏ်က စ ပွားရတယ်၊ ဒီတော့ ယခင် သုတ္တန်မှာ အတွင်းအာယတန အပြင်အာယတန ဝိညာဉ်တွေနဲ့ ကမ္မဋ္ဌာန်းနည်းပြခဲ့တာဖြစ်တော့ အဲဒီတရားတွေနဲ့ဘဲ လုပ်ငန်းသဘော ပြောရပါလိမ့်မယ်။

မြင်တဲ့အခါ ရှုပုံ

တစ်စုံတစ်ခု မြင်ရတဲ့အခါ စက္ခုနဲ့ ရူပါရုံ ဝိညာဉ် ဒီတရားတွေ ဖြစ်နေတယ်၊ စက္ခုနဲ့ ရူပါရုံ ဆုံမိ တိုက်မိတဲ့အခါ

ထိုရူပါရုံကို သိတဲ့ ဝိညာဉ်ပေါ်ရတယ်၊ အဲဒီအခါမှာ စက္ခု အကြည်ကိုလည်း သိအောင်ပြုရတယ်၊ အဆင်းရူပါရုံကိုလည်း သိရတယ်၊ အသိဝိညာဉ်ကိုလည်း သိရတယ်၊ ထိုတရားတွေ အပေါ်မှာ သတိနဲ့လိုက် အသိနဲ့ဆိုက် သမာဓိနဲ့ စိုက်ပေးရတယ်၊ ဆိုလိုရင်းကတော့ ဒီတရား သုံးပါးအပေါ်မှာ လိုက်ရှုနေ သိနေရမယ်၊ အစတော့ သုံးပါးလုံးသိဖို့ ရုတ်တရက် မလွယ်ဘဲ ရှိနေပါလိမ့်မယ်၊ ဒါပေမယ့် မြင်တဲ့အခါတိုင်း ထင်ရာပေါ်ရာ ကို ကြိုးစားသိမှတ်ရှုပေးနေယင် တစ်စထက်တစ်စ အမြင် ပိုရှင်း လာပြီး နောက်တော့ သုံးပါးလုံး ခွဲခွဲခြားခြား မြင်လာနိုင်ပါ လိမ့်မယ်၊ ဘာဝနာအရာမှာ ဘာဝိတ-ပွားစေအပ်၊ဗဟုလီကတ-ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ဆိုတဲ့ အသုံး အမြဲလာပါ တယ်၊ ရှုရမယ့် တရားတွေအပေါ်မှာ သတိပညာ သမာဓိ အမြဲ မပြတ် ဖြစ်ပွားစေ၊ ထိုတရားတွေ ဖြင့်ဖို့ အကြိမ်များစွာ အလေ့ အလာပြုနေဖို့ အရေးကြီးလို့ပါဘဲ၊ ဒါမှ တရားတွေ တိုးတက် လာ အားရှိလာ၊ ဒီလို တိုးတက်လာတော့ အမြင် သန့်လာ ဉာဏ်အားရှိလာမှာ ဖြစ်ပါတယ်။

ကြားတဲ့အခါ ရှုပ်

အဲဒါလိုဘဲ တစ်စုံတစ်ခု အသံကြားရတဲ့အခါတိုင်း သောတနဲ့ သဒ္ဒါရုံ ဝိညာဉ် ဒီတရားတွေ ဖြစ်နေတယ်၊ ဒီအခါမှာ နှား အကြည် သောတ,အသံ သဒ္ဒါရုံ,သောတကို မှီကာ ထိုအသံကို သိလာတဲ့ ဝိညာဉ် ဒီသုံးပါးကိုမလွတ်ရအောင် ရှုပေး သိုပေးနေ ရမယ်၊ အသံကတော့ ကဲ့ကဲပြားပြားသိဖို့ရာ ထင်ရှားပါတယ်၊ ဟော့လူဆိုယင် ဟော့ဆိုတဲ့ အသံနဲ့ လူဆိုတဲ့ အသံဟာ တစ်ခုပြီးမှ

တစ်ခု ဖြစ်လာတာ ပေါ်လွင်ပါတယ်၊ အသံ တသီးတခြားအဖြစ် ပေါ်လွင်သလို အသိကလည်း ဟော-ကိုသိတဲ့ အသိက တစ်ခု၊ လူကိုသိတဲ့အသိက တစ်ခု ဒါလည်း ကဲ့ပြားပါတယ်၊ အသံအသိ ကဲ့သလို သောတအကြည် ကဲ့ပြားမှုဟာလည်း နောက်အသားကျ လာတဲ့ အခါ ခွဲခြား မြင်လာပါလိမ့်မယ်၊ ဒီတရားသုံးခု အပေါ် မှာ သတိကိုကပ်ပေး သမာဓိစိုက်ပေး ပညာနဲ့ လိုက်ပေးနေယင် ကြာတော့ ဒီတရားတွေ အားကောင်းလာသည်နှင့်အမျှ သုံးခုလုံး ထင်ရှားပြတ်သားစွာ ပိုင်းခြားသိမြင် လာနိုင်ပါလိမ့်မယ်။

နံတဲ့အခါ ရှုပုံ

တစ်စုံတစ်ခု အနံ့ကို နံဘဲ့အခါလည်း ဃာနဆိုတဲ့ နှာခေါင်း ထဲက အကြည်ရုပ်, အနံ့ ဂန္ဓာရုံ, ဃာန အကြည်မှီပြီး အနံ့ကို သိတဲ့စိတ် ဒီသုံးပါး ထင်ပေါ်အောင်ရှုနေ သိနေရမယ်၊ မြင်ရ ကြားရတာတွေက အခါမျှားစွာ ဖြစ်ပေမယ့် ထင်ထင်ရှားရှား အနံ့ရတဲ့ အခါကတော့ နည်းပါလိမ့်မယ်၊ ဒါပေမယ့် အနံ့နံတဲ့ အခါနဲ့ ကြုံတဲ့အခါ ရှုပေးရမှာဘဲ၊ သတိ ပညာ သမာဓိနဲ့ လိုက်ပေးနေရမှာဘဲ၊ အားစိုက်မှုဝီရိယကလည်း အရေးကြီးပါ တယ်၊ အဆင်းမြင်မှု တစ်ခုတည်း အသံကြားမှု တစ်ခုတည်း အကြာကြီး ရှုဂနယင်လည်း အပျင်းဝင်လာတတ် ငြီးငွေ့လာ တတ်ပါတယ်၊ ဒီတော့ အပြောင်းအလဲလုပ် ရှုပေးဖို့လည်း လိုပါတယ်။

စားတဲ့အခါ ရှုပ်

တစ်စုံတစ်ခု အရသာ စားသောက်နေတဲ့ အခါလည်း ထိုအခိုက်မှာ လျှာအကြည် ဇီဝဂ, အရသာ ရသာရုံ, လျှာမှာ မီပြီး အရသာသိတဲ့ ဝိညာဉ် ဒီသုံးခုဟာ ထင်ရှားနေပါတယ်၊ လျှာအကြည်လည်းရှု၊ အရသာကိုလည်း သိနေအောင်ပြု၊ အသိကိုလည်း ဉာဏ်မှာ ထင်အောင်ပြု၊ အရသာ သိအောင်ပြုဆိုတဲ့ နေရာမှာလည်း ကောင်းတယ် မကောင်းဘူးဆိုတဲ့အသိတော့ ရုတ်တရက် မရောက်သင့်သေးဘူး၊ အမှန်ကကောင်း, မကောင်းသိတာ ဝေဒနာအသိ ဖြစ်တော့ ရှုရမယ့် တရားပါဘဲ၊ ဒါပေမယ့် အသားမကျသေးခင် ရှုတော့ ကောင်းတယ် အသိအရ တဏှာဘက် လွန်သွားတဲ့၊ မကောင်းအသိအရ ဒေါသဘက် လွန်တတ်လို့ ယခု အာယတနရှုနေတုန်းတော့ အရသာမှန်း သိရုံသာ သိဖို့ လိုပါတယ်၊ ထို့အတူဘဲ မြင်မှု ကြားမှု နံမှုတွေမှာလည်း ကောင်း မကောင်းအသိဘက် ရောက်မသွားစေဘဲ ဆိုင်ရာ တရား သုံးပါးသာ ထင်ပေါ်အောင် ရှုနေတာ ကောင်းပါတယ်၊ နောက်တော့ ဒီတရားတွေ ရှုနေရင်းနဲ့ သမာဓိ ပညာ အားကောင်းလာတဲ့ အခါ တခြားဝေဒနာ ဖဿ-စသော တရားသဘောတွေဟာလည်း ပေါ်လာထင်ရှားလာရပါတယ်၊ ဒီလို အရသာ ရသာရုံကို ရှုနေတဲ့အခါလည်း စားတုန်း ကဲ့ပြားနေတဲ့ ချို ချဉ် စပ် ငန် စသော အရသာအလိုက် ရသာရုံအကဲ့အပြားကို တခြားစီ ကဲ့ပြားသိနေပါလိမ့်မယ်၊ ဒီလို အရသာ ကဲ့ပြားသည်နှင့်အမျှ အရသာတခြားစီ အသီးသီးကို သိနေတဲ့ ဝိညာဉ်အသိ ကဲ့ပြား

လာပုံလည်း နောက်ထင်ရှားလာပါလိမ့်မယ်၊ ဇီဝှာ အကဲ့အပြားလည်း အသိဉာဏ် အားရှိလာတဲ့တခါ ထင်ရှားလာပါလိမ့်မယ်။

တွေ့ထိတဲ့အခါ ရှုပုံ

တစ်စုံတစ်ခု ထိုထိုဝတ္ထုတွေနဲ့ တွေ့ရ ထိရတဲ့အခါ ကိုယ်အကြည်ကာယလည်း ထင်ရှားတယ်၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံကလည်း ထင်ရှားတယ်၊ ကာယအကြည် မှီပြီး ဆိုင်ရာအတွေ့ကို သိတဲ့ ဝိညာဉ်လည်း ထင်ရှားတယ်၊ အဲဒီ တရားသုံးပါးလည်း မလွတ်အောင် ရှုပေးရပါတယ်၊ ဝိရိယ အားရနေလျှင် ဒီအခိုက်မှာ သတိရဲ့ ကပ်တည်မှု ပညာရဲ့ မြင်မှု သမာဓိရဲ့ စူးစိုက်မှု တွေဟာလည်း တစ်ဆင့်ထက်တစ်ဆင့် မြင့်လာ ရင့်သန်လာရပါတယ်၊ ဒီကာယ ရှုကွက်တွေက အတော် မျှားပါတယ်၊ မိမိကိုယ်မှာ လက်နဲ့ ကိုယ်နဲ့ ထိမှုစသော အသားချင်းထိမှု အဝတ်စသည်နဲ့ ကိုယ်နဲ့ထိမှု၊ သွားတဲ့အခါ ခြေနဲ့ ကြမ်းစသည်နဲ့ ထိမှုစသည်ဖြင့် အမျှားအပြားရှိနေတော့ တွေ့တဲ့အခါ မျှားတာနဲ့ အမျှ တွေ့တိုင်းထိတိုင်း အတွေ့ကာယ ဝိညာဉ်ကိုသိတဲ့ ရှုစရာကလည်း မျှားပါတယ်၊ ဘယ်အရာနဲ့ တွေ့ထိတွေ့ထိ တွေ့ထိတိုင်း ဒီတရားသုံးပါးကို သိနေရမှာပါဘဲ၊ ဒီလို ကာယ အတွေ့ ဝိညာဉ်သုံးပါးကို သိအောင် မြင်အောင်ရှုနေရင်းနဲ့ဘဲ သတိ ပညာ သမာဓိတွေ အားကောင်းလာတဲ့ အခါ ဒီကာယ အကြည်တည်ရာ ကိုယ်ကြီး ထဲကဘဲ တခြား ရုပ်တွေဟာလည်း ဉာဏ်မှာ ထင်လာရပါတယ်၊ ခန္ဓာကိုယ်မှာ လှုပ်ရှား ရွှေ့ရှားနေတဲ့ ဝါယောတွေ၊ ပူမှုအေးမှု တေဇောတွေ၊ အထည်ကိုယ်အဖြစ် ထင်လာရအောင် ခက်မာမှု ပထဝီတွေ၊ အရည်သဘော

ယိုစီးမှု ဖွဲ့မှုအာပေါ်တွေ ဒီရုပ်တွေ ဖြစ်နေတာလည်း ထင်ပေါ်လာရပါတယ်၊ ဒါကြောင့် ဒီကာယ ဖောင်ဖွဲ့ဝိညာဉ် ရှုကွက်မှာ ကောင်းကောင်းမြင်ဖို့ သမာဓိ ပညာ ထက်သန်လာဖို့ အလွန်လိုအပ်ပါတယ်။

သိတဲ့အခါ ရှုပုံ

တစ်စုံတစ်ရာ တွေးတောစဉ်းစား သိနေတဲ့အခါ မနုဿ-စိတ်လည်း ထင်ရှားတယ်၊ ထိုမနမှာ ထင်ပေါ်လာတဲ့ ဓမ္မာရုံလည်း ထင်ရှားတယ်၊ ဓမ္မာရုံဆိုတာက ယခင် ရူပါရုံ စသော အာရုံငါးပါးမှ တစ်ပါး ရုပ်တွေ နာမ်တွေ နိဗ္ဗာန်နဲ့ ပညတ်တွေပါဘဲ၊ ဒီဓမ္မာရုံ ထင်ပေါ်ရာ မနဆိုတာက ဘဝင်နဲ့ အာဝဇ္ဇန်းပါဘဲ၊ ဒီတရားတွေဟာ ဘဝင်မှာ တိုက်ဆိုင်ထိခိုက်လာတယ်၊ အာဝဇ္ဇန်းဆိုတဲ့ ဆင်ခြင်တဲ့ စိတ်မှာ ထင်ပေါ်လာတယ်၊ ဒီအခါမှာ ဓမ္မာရုံဆိုတဲ့ ထင်ပေါ်လာဘဲ့ တရားကိုလည်း သိအောင်ပြု ရှုရမယ်၊ အဲဒီ အာရုံ ထင်ပေါ်ရာ မန ဘဝင် အာဝဇ္ဇန်းကိုလည်း သိရ ရှုရတယ်၊ ထိုဓမ္မာရုံကိုသိတဲ့ မနောဝိညာဉ် ခေါ် အသိကိုလည်း ရှုရတယ်၊ ဒီနေရာမှာ ဘဝင် အာဝဇ္ဇန်း မနောဝိညာဉ်နဲ့ အမည်တပ် ရှုနေဖို့ဆိုတာ မဟုတ်ပါဘူး၊ ထင်ရာစိတ်ကိုသိ၊ ထင်တဲ့ တရားအာရုံသိ၊ ထိုတရားကို သိတဲ့ အသိဝိညာဉ်ကိုလည်းသိ၊ အဲဒီ သုံးချက်ကို သိနေ ရှုနေရမှာဘဲ၊ ဒီမှာလည်း သုံးချက်လုံး အစတော့ သိမှာ မဟုတ်ပါဘူး၊ ထင်ရာ ပေါ်ရာ ရှုနေရင်းနဲ့ဘဲ နောက်တော့ သုံးချက်လုံးသိတဲ့ အခြေရောက်သွားမှာပါ။

တခြားရှစရာတွေလည်းဖော်

ဒီဓမ္မာရုံကို ရှုနေတဲ့ အခါလည်း သတိ သမာဓိ ပညာ အားကောင်းလာတဲ့ အခါ တရားအာရုံတွေဟာ မျှားစ္ဌာ ထင်ပေါ်လာနိုင်ပါတယ်၊ မထင်ပေါ်တဲ့ တရား အာရုံတွေကို လည်း တင်ပေါ်အောင် ရှာဖွေနှလုံးသွင်းနိုင်ပါတယ်၊ ခန္ဓာကိုယ် ထဲမှာ ယခု ဖြစ်နေ ထင်ပေါ်နေတဲ့ ခက်မာတဲ့ သဘော ပထဝီ တွေ၊ ယိုစီးမှု ဖွဲ့မှုအာပေါတွေ၊ လှုပ်ရှားမှု တွန်းကန်မှု ဝါယော တွေ၊ ပူမှုအေးမှု တေဇောတွေ ရှာဖွေနှလုံးသွင်း ရှုနိုင်ပါတယ်၊ ပြီး ဆိုင်ရာအကြည်ရုပ်နဲ့ အာရုံနဲ့စိတ်နဲ့ဆုံတဲ့အခါ ဖြစ်ဘဲ့ ဖဿ-တွေ့ထိမှု၊ ဝေဒနာ-ကောင်းမကောင်း ခံစားမှုစသော တရား တွေ၊ ပြီးတော့ မိမိ တရားရှုဆင်ခြင်နေတဲ့အခါဖြစ်နေတဲ့ သတိ ပညာ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိစသော တရားကွေ၊ မကောင်း တဲ့ စိတ်တွေ ဝင်လာတဲ့အခါလည်း ဝင်လာတဲ့ လောဘ ဒေါသ ဝိစိကိစ္ဆာ စသောတရားတွေ ဒီတရားတွေလည်း ဓမ္မာရုံ အဖြစ် ထင်ပေါ်လာအောင် ရှုနိုင်ပါတယ်၊ ဒီတော့ ဒီမနစိတ် ဓမ္မာရုံ အသိဝိညာဉ် သုံးပါးအရာမှာတော့ မိမိကျမ်းကျင် လိမ္မာ သလောက် ရှုစရာတရားတွေ မျှားစ္ဌာထွက်လာနိုင်ပါတယ်။

အဲဒီလို အာယတနဝိညာဉ်တွေသာ ရှုနေ တခြား စိတ် မရောက်စေခဲ့ယင် လောဘ ဒေါသစသော အကုသိုလ်တွေ ဝင်မလာ အကုသိုလ်ဇောတွေမဖြစ် ကုသိုလ်ဘာဝနာ ဇောတွေ သာ ဖြစ်နေတာမို့ မြင်တဲ့အာရုံမှာ မြင်ရုံမျှ ကြားတဲ့ အာရုံ နံဘဲ့အာရုံ စားတဲ့အာရုံ တွေ့တဲ့အာရုံ သိတဲ့အာရုံတွေမှာလည်း ကြားရုံမျှ နံရုံမျှ စားရုံမျှ တွေ့ရုံမျှ သိရုံမျှ ဖြစ်ရမယ်ဆိုတဲ့ ဒီဌေ

ဒီဌမတ္တံ ဘဝိဿတိ စသော အရှင်ဗုဒ္ဓဟိယ စသည်ကို ပေးတဲ့ နည်းလမ်းနဲ့ အညီ ဖြစ်နေပါတော့တယ်။

ဗေဒင်ဖြစ်ရာ အခါ

ဒီတရားတွေ ရှိနေတဲ့အခါ ရှိစမှာတော့ အသားမကျသေး၊ ထင်ပေါ်တာ သိတာ နည်းနေ ကျနေသေး ဖြစ်နေမှာမို့ သတိ ပညာ ဝိရိယဆိုတဲ့ ဘာဝနာမှာ အရေးကြီးတဲ့ တရားတွေဟာ မထင်ရှား မထက်သန်ဘဲ ဖြစ်နေပါသေးတယ်၊ ဒါပေမယ့် တကယ်ကြိုးစား ရှုမှတ်နေယင်တော့ တစ်စထက်တစ်စ တိုးတက် ထင်ပေါ်လာ ရှုလို့ကောင်းလာ အမြင်သက်လာ ပါလိမ့်မယ်၊ အဲဒီအခါ သတိ ပညာ ဝိရိယတို့ကလည်း အားရှိလာပါလိမ့်မယ်၊ သတိ ပညာ ဝိရိယတွေ အားကောင်းလို့ တဲရားအမြင် တက်လာ သည်မှ စပြီး ပီတိ ပဿဒ္ဓိတွေလည်း ပေါ်လာနိုင်တယ်၊ သမာဓိ လည်း အားကောင်းလာမယ်၊ အမှန်က ဒီတရားတွေဟာ တရားကိုယ်အနေနဲ့ ဝိပဿနာမှာ အတူပါနေတဲ့ တရားတွေ ပါဘဲ၊ ဒါပေမယ့် တရားမတက်သေးတဲ့ အခါ သူတို့ကိစ္စတွေက ထင်ပေါ်မလာသေး၊ တရားတက်လာပြီး ရှုလို့ မှတ်လို့ အလုန် ကောင်းလာတဲ့ အခါမှ သတိကိစ္စတွေ ထင်ပေါ်လာတယ်၊ အဲဒီ အခါမှာ တရားကြောင့်ဖြစ်တဲ့ နှစ်သက်မှု၊ နှစ်သက် အားရမှု ကြောင့် ဖြစ်လာတဲ့ ငြိမ်းအေးမှု ပီတိပဿဒ္ဓိတွေပေါ့၊ ဒါတွေ ပေါ်လာရ ငြိမ်းအေးမှုရတော့ သမာဓိ ဥပေက္ခာတို့လည်း ထင်ပေါ်လာရ၊ ဒီအခါ ဗေဒင်တရားတွေ ဖြစ်လာရတာပါဘဲ၊ အဲဒီလိုနဲ့ ရှိတဲ့တရားတိုင်းမှာ သူ့သဘာဝနဲ့သူ အသီးသီး

တစ်သန့်စီ ပိုင်းခြားပြီး ထင်လာ ပေါ်လာတဲ့အခါ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ပြည့်စုံလာတော့တာပါဘဲ။

နာမ ရူပ ပရိစ္ဆေဒ-
ဉာဏာယ ပဒဟံ ကရေ၊
တသ္မိံ လဒ္ဓေ အနိစ္စာဒိ-
ဒဿနံ သုကရံ ဘဝေ။

နာမရူပပရိစ္ဆေဒ ဉာဏာယ-ပညတ်မှုထုတ်၊ အမှန်ဟုတ်သည့် နာမ်ရုပ်နှစ်ရပ်၊ ပရမတ်ကို၊ တပ်အပ်မိမိ၊ အရှိထင်လင်း၊ ပိုင်းခြားရှု သိမြင်ခြင်းငှာ။ ပဒဟံ-ဤနှောမှာ၊ ပေါ်လာသမျှ၊ မလွတ်ရအောင်၊ ရှုဆစိတ်သွင်း၊ အားထုတ်ခြင်းကို။ ကရေ-ကရေယျ-ထင်လျက် ထင်လျက်၊ အမြင် သွက်အောင်၊ စဉ်ဆက်မကွာ၊ ပြုလုပ်ရာ၏။ တသ္မိံ-နာမ်ရုပ်နှစ်ပါး၊ ကသိုဏ်းလားသို့၊ ပိုင်းခြားအမှန်ထင်၊ ထိုဉာဏ်အမြင်ကို။ လဒ္ဓေ-ရှုတိုင်းထင်ထင်၊ အမြင်သွက်လျက်၊ အချက်ကျကျ၊ အစစမလပ် ရအပ်သည်ရှိသော်။ အနိစ္စာဒိဒဿနံ-အသက်ယောင်ယောင်၊ အကောင်အသွင်၊ မြဲတယ်ထင်လည်း၊ အထင်သက်သက်၊ ပျက်ရစမြဲ၊ မလွဲအတိ၊ အမြဲမရှိသော၊ သဘောထင်ဟန်၊ အမြင်ဉာဏ်သည်။ သုကရံ-မြင်ဖို့ရေးဝယ်၊ တကယ်မင်္ဂ၊ လွယ်လျက်သာ ရှိနေပါသတည်း။

ပစ္စယပရိဂ္ဂဟဉာဏ်

အကြောင်းကို သိမ်းဆည်း ရှုဆင်ခြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ် အရာမှာ ရှေးအတိတ်က အကြောင်းများလည်း ရှိပါတယ်၊ ယခု

ပစ္စက္ခ မျက်မြင်အကြောင်းများလည်း ရှိတယ်၊ ရူပ်ဖြစ်ခြင်း အကြောင်းကို အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန် အာဟာရလို့ဆိုပါတယ်၊ ရူပ်ဖြစ်ဖို့ရာမှာ ရှေးကံဟာ အကြောင်းဘဲ၊ ဒီရှေးကံကလည်း အဝိဇ္ဇာ တဏှာ ဥပါဒါန် အဖော်ရမှ ရူပ်ကို ဖြစ်စေတာမို့ ဘဝအပြစ် မမြင်မှု အဝိဇ္ဇာ၊ ဘဝမှာ တွယ်တာမှု တဏှာ၊ ဘဝမှာ စွဲလမ်းမှု ဥပါဒါန်တို့ဟာ ရူပ်ဖြစ်ဖို့ အကြောင်းတွေပါဘဲ၊ ဒါက ရှေးအတိတ်အကြောင်း၊ ယခုဘဝ မျက်မြင် အကြောင်းကတော့ အာဟာရ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့က အမေနဲ့ တူသတဲ့၊ အမေဟာ သား၏ မိုရာအကြောင်း ဖြစ်သလို အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ဟာလည်း ရူပ်ဖြစ်ဖို့ရာ အားကြီးတဲ့ အကြောင်းများပါဘဲ၊ ကံ ကတော့ အဖေနဲ့ တူတယ်၊အဖေသည် သားကို ဖြစ်စေတတ်လို့ ဇနက အကြောင်း ဖြစ်စေတတ်တဲ့ အကြောင်း ဖြစ်သလို ကံကရူပ်ကို ဖြစ်စေတတ်လို့ ရူပ်၏ ဇနက အကြောင်း၊ အာဟာရကတော့ ကလေးထိန်းနဲ့ တူတယ်၊ ကလေးထိန်းက ကလေးကို မွေးကျွေး ထိန်းပေးသလို အာဟာရက ရူပ်တွေမပျက်ရ တိုးပွားရအောင်ထိန်းပေး ထောက်ပံ့ပေးတတ်ဘယ်၊ ဒီအတိတ်အကြောင်းတွေက မျက်မြင်မဟုတ်ပေမယ့် အဲဒီအကြောင်းတွေလည်း ဆင်ခြင်ရမှာဘဲ၊ အထူးသဖြင့် ကံကို ဆင်ခြင်ရတယ်၊ ကံကိုသဘောကျမှ မလိုအပ်တဲ့အကြောင်းတွေ ဘက်လည်း ရောက်မသွား ကုသိုလ်ပွားဖို့ အကုသိုလ် ရှောင်ရှားဖို့ စိတ်အားထက်သန်တတ်ပါတယ်။

ယခု မျက်မြင် အကြောင်းတွေထဲမှာ စိတ္တဇ ရူပ်တွေဟာ စိတ်ကြောင့်ဖြစ်လာရတာ ထင်ရှားပါတယ်၊ စိတ်က တင်စုံတစ်ခု အမှုအရာ အပြုအမူဖြစ်စေလိုယင် စိတ်အလိုအတိုင်း လှုပ်ရှား

ပြုမူရတဲ့ ရုပ်တွေဖြစ်လာရ၊ အဲဒီရုပ်တွေဖြစ်စေတဲ့ အကြောင်း စိတ်ကိုတော့ နာမ်ရုပ်သဘောတွေ ရှုဆင်ခြင်နေတဲ့ အခါမှာဘဲ ပေါ်လွင်နေခဲ့ပါတယ်၊ သည်ပြင် ဥတု အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အဲဒီရုပ်တွေနဲ့ အကြောင်းဥတု အာဟာရဟာလည်း ရုပ်တွေရှုနေတဲ့အခါ ဆိုင်ရာအကွက်မှာ ပေါ်လွင်နေတာပါဘဲ၊ နာမ်တရားများက စက္ခုအကြည် စသော ဝတ္ထု, အဆင်းရူပါရုံ စသော အကြောင်းကြောင့် ဖြစ်ရတယ်ဆိုတာ အာယတနတွေ ဝိညာဉ်တွေရှုတုန်းဘဲ ပေါ်လွင်နေပါတယ်၊ ဖဿ-တွေထိမှု အစဲပြုပြီး နာမ်တရားတွေဖြစ်လာရတယ်ဆိုတာလည်း နာမ်တွေကိုရှုနေရင်း ထင်ရှားလာပါတယ်၊ ဒီပြင် နာမ်ဖြစ်ဖို့ အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန်ဆိုတဲ့အကြောင်းတွေ ရှိနေပါသေးတယ်၊ ဒါတွေက အတိတ်အကြောင်းလည်းရှိ ပစ္စုပ္ပန်အကြောင်းလည်း ရှိ၊ အတိတ်က အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန်တို့ကြောင့် ယခုဘဝ အကျိုး ဝိပါက်နာမ်တွေဖြစ်ရ၊ ယခုဘဝမှာ အဝိဇ္ဇာ-မသိမှုကြောင့် ကံတွေဖြစ်ရ၊ တဏှာ-တပ်မက်မှုကြောင့် ဥပါဒါန် ဖြစ်ရ၊ ဥပါဒါန်ကြောင့် ကံဖြစ်ရဆိုတဲ့ ဉာဏ်တွင်ထင်ရှားတဲ့ အကြောင်းများလည်း ရှိပါတယ်၊ ဒီတော့ နာမရူပ ပရိစ္ဆေဒ ဉာဏ်ပိုင်လျှင်ဖြင့် တချို့ရုပ်၏အကြောင်း နာမ်၏အကြောင်း တွေဟာ ပေါ်လွင်နေခဲ့ပါတယ်၊ အဲဒီတော့ ရုပ်နာမ်အကြောင်း တွေ ထပ်မံရှုတဲ့အခါ အခက်အခဲမရှိလှတော့ပါဘူး၊ အလွယ်နဲ့ဘဲ ထင်ပေါ်လာနိုင်ပါတယ်။

အဲဒီလို အကြောင်းမှန်တွေပေါ်လာတော့ ဗြဟ္မာ ထာဝရ စသော တဏှာခိုးရှင်တွေ စိမ်ဖန်တီးလို့ ရုပ်နာမ် ဖြစ်လာရတယ် ဆိုတဲ့ အယူမျိုး, အကြောင်းမရှိ သူ့ဘာသာ အလိုအလျောက်

ဖြစ်လာရတယ်ဆိုတဲ့ အယူမျိုး ဒီလို မလိုလားအပ်တဲ့ အယူမျိုး ဘက်လည်း ကျရောက်မသွားနိုင်တော့ဘူး၊ အတိတ်က ငါဖြစ်ခဲ့သလား၊ မဖြစ်ခဲ့ဘူးလား စသော ယုံမှားမှုအမျိုးမျိုးတွေလည်း ကင်းရှင်းသွားရတယ်၊ အဲဒီလို ရုပ်နာမ်တွေလည်း ရှင်းရှင်းမြင်ရ ထိုရုပ်နာမ်တွေရဲ့ အကြောင်းမှန်ကိုလည်း ရှာတွေ့ရ ဆိုတော့ လောကမှာ ရှေးကမတွေ့ဖူးသေးတဲ့ အထူးအဆန်းတွေ တွေ့ရ မြင်ရတဲ့အခါ စိတ်ထဲပျော်လာ ရှင်ပျန့်စ်သက်လာရသလို ဒီလို အကြောင်းနှင့်တကွ ရုပ်နာမ်တွေ ထင်ထင်လင်းလင်း သိလာရတဲ့အခါ ပီတိတွေ ဖြာလာမှာမို့ ဒီဉာဏ် အခိုက်မှာလည်း ဗောဇ္ဈင်တရားတွေဟာ တဆင့်တက်ကာ ပိုအားရှိလာပါတယ်။

၄ တရားရှုရင်း သဘောသ

တရားတွေရှုတဲ့အခါ သဘောလက္ခဏာကိုလည်း သိရမယ်ဆိုပါတယ်၊ စက္ခု ရူပါရုံ စသည်ကိုရှုနေရုံနဲ့ ဘယ်လို သဘောလက္ခဏာ စသည်ကို သိနိုင်မလဲလို့ စဉ်းစားဖွယ် ရှိပါတယ်၊ မှန်ပါတယ်၊ အစတော့ ဒီတရားတွေ ကွဲကွဲပြားပြားသိအောင် အားစိုက်နေရတာနဲ့ ရုတ်တရက်တော့ သိနိုင်မယ်မဟုတ်သေးဘူးပေါ့၊ ဒီဘရားတွေ ကွဲကွဲပြားပြား သိလောက်အောင် သတိသမာဓိတွေ အားရှိလာတဲ့အခါတော့ ပညာ ကိစ္စကလည်း ပေါ်လာရတာပါဘဲ၊ ဒီတော့ စက္ခု စသော တရားတွေကို ကြည့်တဲ့တရား ကြည့်စေတတ်တဲ့ တရားတွေ အဖြစ်ကိုသော်လည်း မြင်တတ်ပါတယ်၊ ဒီတရားတွေဟာ ဝိညာဉ်၏ တည်ရာ

တရားဟော့အဖြစ်သော်လည်း ဆင်ပေါ်တတ်ပါတယ်၊ အာရုံတွေ့ကိုလည်း စက္ခု စသော အကြည်မှာ လာထိခိုက်တတ်တဲ့ တရား ထိုစက္ခု စသည်၏ အာရုံဖြစ်တဲ့ တရားဆိုတဲ့ သဘာဝကို တော့ မြင်ရတာပါဘဲ၊ ဝိညာဉ်သိတတ်တဲ့ သဘောကိုလည်း သိနိုင်ပါတယ်၊ ထို့အတူဘဲ ပထဝီ စသော ဓာတ်တွေရဲ့ ရှိနေတဲ့ သဘောလက္ခဏာ ကိစ္စ ရသ စသည် တစ်မျိုးမျိုးဟာ ဉာဏ်မှာ ထင်လာပါတယ်၊ သတိ သမာဓိ စသော ဗောဇ္ဈင်တရားတွေရဲ့ သဘာဝ၊ ဖဿ-အာရုံနဲ့တွေ့ထိမှု၊ ဝေဒနာ-ခံစားမှု စသော ရှုခိုက်မှာ သူ့အကွက်နဲ့သူ ထင်ပေါ်လာတဲ့ တရားတွေရဲ့သဘာဝ ကိစ္စ ပစ္စုပဋ္ဌာန် တစ်မျိုးမျိုးဟာ ပေါ်လာ ထင်လာရတာပါဘဲ။

ဝတ္တန္တိ ဒိဋ္ဌိ ယော ကခ်ါ-
ဓမ္မ ဟေတု အဇာနနာ၊
ဇဟိတုံ တာ ပယုဇ္ဇေယ္ယ၊
ဉာဏေ ဟေတု ပရိဂ္ဂဟေ။

ဓမ္မဟေတုအဇာနနာ-အကျိုးတရား၊ အစားစား၏၊ ထင်ရှားဖြစ်ရန်၊ အကြောင်းမှန်ကို၊ ဉာဏ်မရှိကင်း၊ အမှန်မသိခြင်းကြောင့်၊ ဒိဋ္ဌိယော- ဘုရားဖန်ဆင်း၊ အကြောင်းကင်းဟု၊ ရှုမြင်တတ်ဘိ၊ စိတ်ရှိအမှား၊ ဒိဋ္ဌိတရားတို့သည်လည်းကောင်း။ ကခ်ါ-ရှစ်ပါးတစ်ဖွဲ့၊ တစ်ဆယ့်ခြောက်တစ်ဖုံ၊ ပုံအမှားသွင်း၊ ယုံမှားခြင်းတို့သည်လည်းကောင်း။ ဝတ္တန္တိ-ဉာဏ်မရှိ၍၊ အသိမဖြစ်၊ အပြစ်ပေါ်ကာ ဖြစ်ပေါ်လာကြလေကုန်၏။ တာ-ထိုမောဟပိတ်မိ၊ အဆိပ်မိ၍၊ ဒိဋ္ဌိအဖုံဖုံ၊ ပုံမှားမကင်း၊ ယုံမှားခြင်းတို့ကို။ ဇဟိတုံ-အခါသင့်ခိုက်၊ လုံ့လစိုက်လျက်၊ တိုက်ဖျက်နှိပ်နင်း၊ ပယ်ရှားခြင်းငှါ။ ဟေတုပရိဂ္ဂဟေ-နာမ်ရုပ်နှစ်ဖော်၊

ဘာ့ကြောင့်ပေါ်ဟု၊ သင့်လျော်ပေါင်းမိ၊ ကြောင်းအရှိကို၊ အသိတတ်အပ်၊ သိမ်းဆည်းတတ်သော။ ဥဏှ-ပစ္စယပရိဂ္ဂဟ၊ ခေါ်ရမှန်ဘိ၊ ဉာဏ်အသိဌ။ ပယုဇ္ဇေယျ-အမျိုးမျိုးပွား၊ အကျိုးမျှားဖို၊ နှိုးကြားမကွ၊ ကြိုးစားရာသတည်း။

နိဗ္ဗာ၀ ဂတိယသ-
ဟေတု ဇာနန ဉာဏိနော၊
စုဠသောတာပန္နော သေ-
ကိုံ တံ တံ လဒ္ဓုမုဿဟေ။

ဟေတု ဇာနန ဉာဏိနော-ရူပ်နာမ်နှစ်ပါး၊ တရားဗြဟ်ရန်၊ အကြောင်းမှန်ကို၊ အခြေခံမိ၊ ကေန်သိသည့်၊ သတိဂမန် အသိဉာဏ်ရှိသော။ ယသ-နာမ်ရုပ်ပေါ်ထင်၊ အမြင်မှဆက်၊ တိုးတက်သိမြင်၊ အကြင် ယောဂီအား။ ဂတိ-နောက်ဘ၀ တစ်ပါး၊ သွားစရာရှိ၊ လားရာဂတိသည်။ နိဗ္ဗာ၀-အပါယ်မကျ၊ တကယ်လှတဲ့၊ ဘ၀စွဲဘိ၊ မြဲသောဂတိ ရှိပါပေ၏။ သေ ဇသော-ပစ္စယပရိဂ္ဂဟ၊ဉာဏ်ရသဘောမှီ၊ မနောကြည်လတ်၊ ဤသို့သော ယောဂီမြတ်သည်။ စုဠသောတာပန္နော-သောတာပန်တသွယ်၊ အင်ယစ်စားဟု၊ တရားယူပြ၊ မုချပြောဟန်၊ စုဠသောတာပန် ဖြစ်ပါပေ၏။ တံ- ကြောင်းကျိုးဆက်ဟန်၊ အချက်မှန်ကို၊ ထက်သန်မြင်ချင် အသင်ယောဂီသည်။ တံ-ထို ပစ္စယပရိဂ္ဂဟ၊ မည်ရအမှန်ထင်၊ ဉာဏ်အမြင်ကို။ လဒ္ဓုံ-ဉာဏ်တစ်ဆင့်တက်၊ အခွင့်ဆက်လျက်၊ မြင့်တက်ထင်လင်း၊ ရရှိခြင်းငှါ။ ဥဿဟေကိုံ-တရားမဆုတ်စရာ၊ အားထုတ်ပါ၏ လား အရှင်ယောဂီ။

သမ္မသနဉာဏ်

အဲဒီလို ထိုထို ရုပ်နာမ်တရားတွေ သဘာဝနဲ့ အကြောင်း ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သိလာရတဲ့အခါ အသိဉာဏ် ကကောင်းလေ ထိုတရားတွေရဲ့ ဖြစ်လာပြီး ပျောက်သွားရတာ တွေကိုလည်း တွေ့နေရတော့တာပါဘဲ၊ အဆင်းမြင်ရတဲ့အခါ အဆင်းက တစ်ခုတည်းမဟုတ် အမျိုးမျိုး၊ တစ်မျိုးပျောက်ပြီး တခြားတစ်မျိုးမြင်ရတာ အထင်အရှား၊ အသိကလည်း အဆင်း တစ်ခုပျောက်ပြီး အသစ်မြင်ရတိုင်း ရှေအသိပျောက် နောက် အသိရောက်လာတာလည်း ထင်ရှားပါတယ်၊ အသံကတော့ သာထင်ရှားပါတယ်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုတဲ့ အသံကြားရတဲ့ အခါ တစ်ဆက်တည်း တစ်သားတည်း ထင်ရပေမယ့် ယောဂီ အဖို့တော့ ဒီအသံရှစ်လုံးဟာ တစ်ခုပျောက်သွားပြီး တစ်ခု အသစ်အသစ်ပေါ်လာတာ အလှန်ပေါ်လွင်နေပါတယ်၊ ရှေရှေ အသံပျောက် နောက်နောက်အသံဖြစ်လာတာ ထင်ရှားနေသလို ရှေအသံသိဘဲ အသိပျောက် နောက်အသံသိတဲ့ အသိသစ်ဖြစ်လာ တာလည်း အထင်အရှား တွေ့နေရပါတော့တယ်၊ သည်ပြင် တရားတွေမှာလည်း ဖြစ်ပြီး ပျောက်သွားတဲ့သဘောတွေဟာ ထင်ရှားနေတာပါဘဲ၊ အဲဒီအခါ အနိစ္စသဘောမြင်ရတာပါဘဲ။

ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ ဒီဉာဏ်တွေပိုင်ပြီဆိုယင် အားလုံး ပေါ်လာတဲ့တရားတွေ ဖြစ်ပြီး ပျောက်သွားရတယ်ဆိုတဲ့ အသိဟာလည်း ရှင်းလင်းလာတာ ပါဘဲ၊ ဒီတော့ ပေါ်လာတဲ့တရားတွေကိုဘဲ အားစိုက်ရှုရင်းနဲ့ အနိစ္စသဘောဟာ ထင်ရှားလာဟာဖြစ်တော့ သမ္မသနဉာဏ်အရ

အနိစ္စအဖြစ် ရှိတဲ့အခါမှာ တယ်အင်္ဂေါ်အခဲ မရှိလှတော့ပါဘူး၊ အနိစ္စအဖြစ်ဟာ အလိုက်သင့် ပေါ်လာတော့တာပါဘဲ၊ အနိစ္စ ထင်ယင် ဒုက္ခလည်း မြင်လာတာပါဘဲ၊ နိစ္စ မြဲတယ်ဆိုတဲ့ အထင်အရ သုခချမ်းသာတယ်ထင်တာ၊ မြဲ တစ်ပျက်တည်း ပျက်နေတယ်ဆိုတဲ့အမြင် ရတယ်ဆိုယင် ထိုတရားတွေအပေါ်မှာ ဘယ်မှာ သုခလို့ထင်နိုင်ပါ့မလဲ၊ ထို့အတူ ဒီတရားတွေကို ရှေးက နိစ္စထင် သုခထင်နေလို့ ကိုယ့်အလိုလိုက်သလို ထင်နေခဲ့တာ၊ ဇီဝ-အသက်လို့ထင်နေခဲ့တာ၊မြဲဘူး ပျက်စီးတတ်တဲ့တရားတွေ လို့ သိနေရတဲ့အခါ အလိုလိုက်တဲ့ အတ္တအဖြစ် အသက်ဇီဝ အတ္တအဖြစ် ဘယ်မှာထင်နိုင်တော့မလဲ၊ အနတ္တ အဖြစ်လည်း ဉာဏ်အသိမှာ ထင်လာတော့တာပါဘဲ၊ ဒီတော့ အနိစ္စအဖြစ် မြင်ရတာ ပဓာန၊ အနိစ္စမြင်ယင် ဒုက္ခအဖြစ် အနတ္တအဖြစ်ဟာ လည်း သဘောကျ ရှင်လင်းနေတော့တာပါဘဲ၊ အဲဒီလို အနိစ္စ သဘော ဒုက္ခသဘော အနတ္တသဘောကို ဆင်ခြင်တုံးပြီး အသိ ဉာဏ်ရှင်းကာ ကောင်းစွာမြင်လာရတဲ့အခါမှာတော့ သမ္မသန ဉာဏ်ခေါ် ရုပ်နာမ်ကို လက္ခဏာရေး သုံးပါးတဲင် သုံးသပ်ရှု ဆင်ခြင်တဲ့ဉာဏ်ဟာ ပြည့်စုံလာတော့တာပါဘဲ၊ ဒီလို တစ်ဆင့် တက်ပြီး အနိစ္စလက္ခဏာ စသည် ပိုပြီးထင်ရှားလာရတဲ့အခါမှာ ယောဂီရဲ့ဝိရိယ သတိ သမာဓိ ပညာတွေဟာ တိုးတက်မြင့်မား လာပါတယ်၊ ဒီတိုးတက်မှု အစဉ်ပြုပြီး ကျေနပ်နှစ်သက် အားရ မှုဟာလည်း ရှေးကထက် ထူးခြားလာမှာဖြစ်လို့ ဒီအခါ ဗောဇ္ဈင် တရားတွေဟာ ပိုအားရှိလာတဲ့အခါပါဘဲ။

အဒိဋ္ဌာ နိစ္စတာ ဒိသ-
နေဝ ဉာဏ ပရမ္မရာ၊
တသ္မာ သမ္မသနေ ယောဂေါ-
ကရဏီယောဝ ယောဂိနာ။

အဒိဋ္ဌာ နိစ္စ တာဒိသ-အသိရှင်းရ၊ အလင်းထင်စ၊ မမြင်ရသည့်၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ ခြင်းရာထိမိ၊ အသိမရှိသောသူအား။ ဝါ-အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ခြင်းအရာကို၊ လင်းစ္ဓာထိမိ၊ အသိမထင်၊ အမြင်ကင်းလျက်ရှိသူအား။ ဉာဏ ပရမ္မရာ-ဥဒယဗ္ဗယ၊ ဘင်္ဂ စသည်၊ ထိုဤမြင့်လျက်၊ ဆင့်ဆင့်တက်သည့်၊ တိုးလျက်ထက်သန်၊ လျင်မြန်ထက်မြက်၊ ဉာဏ်အဆက်ဆက်တို့သည်။ နေဝ (ဟောန္တိ) ဖြစ်ပြီးပျက်ဟန်၊ တစ်ဖုံဖန်သည့်၊ ပုံမှန်အရှိ၊ အသိမဖြစ်၊ မစစ်မပိုင်၊ မဖြစ်နိုင်သည်သာတည်း၊ တသ္မာ-အနိစ္စဟု၊ ဒိဋ္ဌထင်ထင်၊ ပုံမမြင်က၊ ဉာဏ်စဉ်ဆက်ဆက်၊ အမှန်ပင်မတက်သောကြောင့်။ ယောဂိနာ-ဉာဏ်တွေ့ဉာဏ်တွေ့၊ တိုးတက်နေသော၊ စိတ်ဓာတ်စောလျက်၊ မနှောကြည်လင်၊ ယောဂီရှင်သည်။ သမ္မသနေ-မမြဲဆင်းရဲ၊ ဓာတ်မျှဘဲဟု၊ စဲမြဲထင်ထင်၊ အမြင်မှန်ရ၊ သမ္မသနတွင်၊ ဉာဏ်အမြင်၌။ ယောဂေါ-အလိုပြေ့ဘိ၊ ကိုယ်တွေ့သိအောင်၊ သတိုမကင်း၊ အားထုတ်ခြင်းကို။ ကရဏီယောဝ-အမြဲမှန်မှန်၊ ဇွဲသန်သန်ထား၊ နှိုးကြားမယုတ်၊ ကြိုးစား ပြုလုပ်သင့်သည်သာလျှင်တည်း။

ဥဒယဗ္ဗယဉာဏ်

ဒီနောက် ဥဒယဗ္ဗယဉာဏ် ရောက်ဖို့ကတော့ အနိစ္စ စသော လက္ခဏာသုံးပါး တကယ်ထင်အောင်ရှုဖို့ပါဘဲ၊ အထူးသဖြင့် အနိစ္စတကယ်ထင်ဖို့ အရေးကြီးပါတယ်၊ အဲဒီတော့ ယခင် ရုပ်နာမ်တရားတွေကိုဘဲ အနိစ္စအဖြစ် ထင်ပေါ်အောင် စဲ့စဲ့မြဲမြဲ ရှုနေဖို့လိုပါတယ်၊ အဲဒီလိုရှုနေတဲ့အခါ တရားတွေကလည်း တစ်ခုစီ တစ်ခုစီ လျင်မြန်စွာထင်လာမယ်၊ ဖြစ်ပြီး ပျက်သွားတာကလည်း လျင်လျင်မြန်မြန် ထင်လာ ပေါ်လာမယ်၊ အားမစိုက်ရဘဲ သူ့ဟာသူဆိုသလို တရားတွေထင်ပေါ်လာလို့ အနိစ္စအဖြစ်ကလည်း အထူးထင်ရှားစွာ ပေါ်လာမယ်ဆိုယင် အဲဒီအခါ ဥဒယဗ္ဗယဉာဏ် ရောက်တာပါဘဲ။

ဒီဉာဏ်ရောက်ယဲင်တော့ ဖြစ်လိုက်တာကိုလည်း အ့ထင်အရှားသိရ ပျက်သွားတာကိုလည်း အထင်အရှားသိရ၊ ဒီလိုသိတာကလည်း ဒီဉာဏ်အရောက်ဖြစ်နေတဲ့ သတိပညာ စသော တရားတွေက ရှေးကနဲ့မတူ အလွန် ထူးခြားထက်သန်နေလို့ပါဘဲ၊ အဲဒီလို လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို အားမစိုက်ရ သူ့ဟာသူ ပြနေသလိုမြင်ရယင် ဒီအခါမှာ ထူးခြားတဲ့အလင်းရောင်လည်း ပေါ်လာတတ်တယ်၊ ဝိပဿနာ ဓကြောင့်ဖြစ်တဲ့ အလွန်နှစ်သက်ပျော်ရွှင်တဲ့ ပီတိလည်း ဖြစ်လာတယ်၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းတဲ့ ထူးခြားတဲ့ပဿဒ္ဓိလည်း ဖြစ်လာ၊ ဒီပဿဒ္ဓိအရ လေးလံထိုင်းမှိုင်းမှုမရှိ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် နူးညံ့ပျော့ပျောင်း ဘာဝနာမှုပြုလို့ အလွန် ကောင်းနေခဲ့တယ်၊ အလွန် အားကောင်းတဲ့ သဒ္ဓါ

ပေါ်လာလို့ စိတ်စေတသိက်တွေဟာ လွန်စွာ ကြည်လင်နေတယ်၊ မလျော့မတင်း ညီညီမျှမျှနဲ့ အတူဖြစ်ဖက်တရားတွေ မြောက်ပင့်ပေးနေတဲ့ ဝီရိယလည်း ဖြစ်လာတယ်၊ တစ်ကိုယ်လုံးပြန့်စေတဲ့ အလွန်ကောင်းတဲ့ သုခဝေဒနာ ချမ်းသာအထူးလည်းဖြစ်နေ၊ အလွန်ထက်မြက် သန့်ရှင်း ရှုတိုင်း ရှင်းလင်းသွက်လက်အချက်ကျ သိနေတဲ့ ပညာလည်း ဖြစ်လာ၊ တကယ် စဲမြဲစွာ တည်နေတဲ့ သတိလည်းဖြစ်လာ၊ တရားတွေကလည်း ထင်ရှားနေ အဖြစ်အပျက်ကလည်း ထင်ရှားနေလေတော့ လျင်လျင်မြန်မြန် ဖြစ်ပျက်ထင်ရှားနေတဲ့ တရားတွေဟာ အလိုလို ထင်ပေါ်လာနေသလို ဖြစ်နေလို့ ထိုတရားတို့ကိုရှုဖို့ ဗျာပါရမပြု အသင့်ရှိတဲ့ ဝိပဿနာ ဥပေက္ခာ၊ ဆင်ခြင်လိုတိုင်း သွက်လက် လျင်လျင် ဆင်ခြင်နိုင်တဲ့ အာဝဇ္ဇန်း ဥပေက္ခာလည်း ထင်ရှားဖြစ်နေတယ်။

ဒီလောက်ကောင်းနေတဲ့ ဝိပဿနာမှာ သာယာ နှစ်သက်နေတဲ့ နိကန္တိခေါ် သိမ်မွေ့တဲ့ တဏှာလည်း ဖြစ်လာတတ်တယ်၊ ဒီတော့ ဒီအခါမှာ ဗောဇ္ဈင်တရားတွေဟာ ဘယ်မျှအားကောင်းထင်ရှားနေတယ်ဆိုတာ သိနိုင်ပါတယ်၊ ဒါပေမယ့် ဒီလိုအခါမှာ မကျမ်းကျင်တဲ့ ယောဂီဟာ မဖြစ်စဘူး အဖြစ်ထူးတွေ ဖြစ်လာလို့ မဂ်ရပြီထင်ပြီး ထိုအရာ ထိုတရားတွေကို သာယာစဲ့လမ်းနေလို့ ကမ္မဋ္ဌာန်းဟာ ရပ်တန့် ဆုတ်ဆိုင်း သွားတတ်ပါတယ်၊ ဒီနေရာမှာ နောက်ဆုံး နိကန္တိခေါ် သံသယာနှစ်သက်မှု သာ ဝိပဿနာညစ်ညူးကြောင်းအစစ်ပါ၊ အရောင်ပီတိ စသည်ကသာဘာဝအားဖြင့် ညစ်ညူးကြောင်းတွေမဟုတ်ပါဘူး၊ အဲဒါတွေကို အကြောင်းပြုပြီး တွယ်တာစဲ့လမ်း အထင်ကြီးတဲ့ တဏှာ

မာနဒိဋ္ဌိတွေ ဖြစ်ရကြောင်းဖြစ်လို့ သာဝိပဿနာညစ်ညူးကြောင်း ဆိုခြင်းဖြစ်ပါတယ်။

ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းဆိုရတဲ့ ဒီအထိတော့ တရားဝိပဿနာ နုတဲ့ ဝိပဿနာ ခေါ်ပါတယ်၊ ဒီတရားဝိပဿနာ ရယင်ဘဲ အာရဒ္ဓဝိပဿာက–ဝိပဿနာ အားထုတ်မှု အစပြုပြီး ဝိပဿနာ ယောဂီလို့ ဆိုရပါဘယ်၊ သမ္မသနဉာဏ်အခိုက်မှာ ဝိပဿနာက အစစ်မဟုတ်သေး ပရိယာယ် ဝိပဿနာသာတဲ့၊ ဥဒယဗ္ဗယ ကျမှ အနိစ္စစသည် ကောင်းဌာမြင်လို့ ဝိပဿနာအစစ် ဆိုတယ်၊ ဒါ့ကြောင့်လည်း ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း တရားဝိပဿနာရလျှင် ဝိပဿနာအလုပ် အားတုတ်စပြုပြီး ပဋိဂ္ဂုလ်လို့ ဆိုခြင်းဖြစ်ပါတယ်။

ဒီအခါမှာ နှားလည် ကျွမ်းကျင်တဲ့ ယောဂီကတော့ ဒါတွေဟာ လမ်းမှန်မဟုတ် ဝိပဿနာသာ လမ်းမှန်လို့ သိပြီး အားထုတ်မြဲအတိုင်း ဆက်လက် အားထုတ်နေလျှင် ဝိပဿနာ ညစ်ညူးကြောင်းတွေ လွန်မြောက်ပြီး ရင့်သန်တဲ့ ဥဒယဗ္ဗယဉာဏ် ရောက်သွားရတော့တယ်၊ နုတဲ့ ဝိပဿနာမှာတောင် ဗောဇ္ဈင်တရားတွေဟာ လွန်စွာကောင်း အလွန်အားရှိနေတော့ အားရှိတဲ့ ဝိပဿနာ ဆိုရတဲ့ ဥဒယဗ္ဗယ နောက်ပိုင်းကစပြီး ဗောဇ္ဈင်တရားတွေဟာ ဘယ်လောက် အားကောင်းနေမယ်ဆိုတာ ပြောစရာ မရှိတော့ပါ၊ ဒါ့ကြောင့် အာရဒ္ဓဝိပဿက ပဋိဂ္ဂုလ် အဖြစ်ကစပြီး သမ္မောဓိပဋိပဒါခေါ် ဗောဇ္ဈင်အကျင့် ကျင့်နေသူ ဖြစ်ကြောင်း အထူးမိန့်ဆိုကြခြင်း ဖြစ်ပါတယ်။

သမ္မာဒိဋ္ဌာ နိစ္စာဒိဿ၊
ဉာဏံ ဇာတော်ဒယဗ္ဗယံ။
အမာနုသီ မတီ တဿ၊
ဓမ္မာ စ အဗ္ဘု တုန္ဒတာ။

သမ္မာဒိဋ္ဌာ နိစ္စာဒိဿ-မမြဲဆင်းရဲ၊ ကောင်လဲမဟုတ်၊ သရုပ်မှန်ဘီ၊ ကောင်းစွာ မြင်အပ်သော အနိစ္စစသော သဘောရှိသော သူအား။ ဝါ-အနိစ္စ ဒုက္ခ အနတ္တသုံးဖြာ၊ ကောင်းစွာမြင်လတ်၊ သုံးသပ်ထင်ထင်၊ အမြင်ပေါက်သော ပုဂ္ဂိုလ်အား၊ ဥဒယဗ္ဗယံ-ဉာဏံ-ရုပ်နာမ်နှစ်ချက်၊ ဖြစ်တိုင်းပျက်လျက်၊ ဖြစ်ပျက်ဖြစ်ပျက်၊ သစ်သစ် ဆက်ဟန်၊ အချက် မှန်ကို၊ ထက်သန် လျင်လျင်၊ အမြင်သာသာ၊ ပညာတစ်ခု၊ ဥဒယဗ္ဗယတွင်၊ ဉာဏ်အမြင်သည်၊ ဇာတံ-အမြင်ထူးလျက်၊ ရှင်မြူးဖွယ်ဟု၊ ဖြစ်ပေါ်လာခဲ့ပါပေ၏၊ တဿ-ထိုဥဒယဗ္ဗယ၊ဉာဏ်ကိုရသော၊မနောကြည်လင်ယောဂီရှင်အား၊ အမာနုသီ-လူ့ဘဝတစ်ခုင်၊ ပျော်ရှင်မှုမျိုး၊ လွမ်းမိုးသာလွန်သော၊ ရတီ-နှစ်သက်ပီတိ၊ အဆိပ်ရှိလျက်၊ ငြိမ်သက်အေးရိုး၊ အပျော်မျိုးသည်၊ (ဟောတိ) ဘဝအသစ်၊ တစ်ခေတ်ဖော်ကာ၊ ဖြစ်ပေါ်လာခဲ့ပါပေ၏၊ ဓမ္မာစ-သတိပညာ ဥပေက္ခာနှင့်၊ သဒ္ဓါ ဝီရိယ၊ စသည်မျှားရိုး၊ တရားမျိုးတို့သည်လည်း၊ အဗ္ဘုတာ--မဖြစ်ဘူးမြဲ၊ ထူးကဲတကယ်၊ အံ့ဖွယ် တစ်ခေတ်၊ ပြန့်ကြွယ်ဖြစ်ကြကုန်လျက်၊ဥန္ဒတာ-အဟုန်သွက်လျက်၊ ခုန်တက်မြင့်ကာ၊ သစ်သစ်ဖြာ ဖြစ်လာပေါ်ထွက် ကုန်သတည်း။

ဘင်ဉာဏ်

ဝိပဿနာ ညစ်နွမ်းကြောင်းတွေ့မှ လွတ်ကင်းပြီး လမ်းမှန်ရောက်လာတဲ့အားရှိတဲ့ဥဒယဗ္ဗယဉာဏ်ရောက်လာတဲ့အခါ အဖြစ်

အပျက်မြင်တဲ့ဉာဏ်, မမြဲ ဆင်းရဲ အသက်ကောင်မဟုတ်ကြောင်း သိမြင်ဆင်ခြင်တဲ့ဉာဏ် အလွန်ထက်မြက်လာ၊ သခ်ၦါရ ရူပ်နာမ် တို့ဂၢလည်း လျင်စွာလျင်စွာ ထင်လာ၊ အဲဒီလိုဉာဏ်ကလည်း သွက်လက်ထက်မြက် သခ်ၦါရတို့ကလည်းလျင်မြန်စွာထင်လာတော့ ဒီအခါ ယောဂီရဲ့ဉာဏ်မှာ ဥပါဒ်လည်းမထင်, ဌီလည်းမထင်, ရူပ်နာမ်စဉ်လည်း မထင်, သခ်ၦါရပုံဟန်နိမိတ်လည်း မထင်လာ၊ သခ်ၦါရတို့၏ ချုပ်မှု ပျက်မှု ချည်းသာ မြင်နေရတော့တယ်၊ ဒီလို အပျက်ချည်းမြင်နေရတဲ့အခါ ဘဝ်ဉာဏ်ဖြစ်လာတော့တာပါဘဲ၊ ဒီလိုဖြစ်တဲ့အခါလည်း ရှေရူပ်နာမ်ပျက်မှုကို ဉာဏ်ဖြင့်သိ၊ အဲဒီ အပျက်ကိုသိတဲ့ ဉာဏ်ရဲ့ ပျက်မှုကိုလည်း နောက်ဉာဏ်ကသိနဲ့ အပျက်ကို ဒီလိုအသိမျိုးနဲ့ ဆက်ကာဆက်ကာသိနေတော့တယ်၊ တစ်ရပ်ရပ်ပျက်နေသော အပျက်တွေကို အားမစိုက်ရဘဲ ရူပ်ရှင် ပြနေသလို မြင်နေရသောယောဂီအဖို့ ထိုအခါမှာ သတိ ပညာ သမာဓိ ဝီရိယတို့ကလည်း အလွန်ထက်၊ ပီတိ ပဿဒ္ဓိတွေက အလွန်ပေါ်လွင် ဗျာပါရမပြု အသင့်ရှိမှု ဥပေက္ခာကလည်း အလွန်ကောင်းနေလို့ ဗောဇ္ဈင်တရားတွေ အားအလွန်တက်နေတဲ့ အခါပါဘဲ၊ ဒီဘဝ်ဉာဏ်အဋ္ဌက်မှာဖြင့် ဗောဇ္ဈင် ပဋ္ဌိပဒါ အကျင့်ဟာ တစ်ဆင့်မြင့်ကာ ပွင့်တက် တိုးပွားလာတဲ့အခါ ပါဘဲ။

လဟုပဋ္ဌာန သခ်ၦါရော-
တိက္ခဉ္ဉာဏော ဒယမ္ဘယေ၊
ဥပ္ပါဒါဒိ မနာဝဇ္ဇံ-
ဘဝ်ဉာဏ မဓိဋ္ဌကို။

ဥဒယဗ္ဗယေ-ဖြစ်ပြီးပျက်လစ်၊ တစ်ဖန်ဖြစ်လျက်၊ တစ်ဖန်ပျက်ဟု၊ ရှုတိုင်းမနစ်၊ သစ်သစ်ဆက်ပွား၊ ဖြစ်ပျက်နှစ်ပါးဌ၊ တိက္ခဉ္ဇာဏော - မလွတ်တန်းဟူ၊ အစွမ်းလူလျက်၊ ဖမ်းယူသွက်လက်၊ အချက်ချက်ထင်၊ ထက်မြက်သော ဉာဏ်ရှင်ဖြစ်ပေ ထသော၊ လဟုပဋ္ဌာန သခ်ါရော- ဉာဏ်ထက်မြက်၍၊ သွက်လက်ပေါ်လွင်၊ အမြင်သာလျက်၊ လျင်စွာ လျင်စွာ၊ ထင်လာရဘိ၊ သင်္ခါရ တရားရှိသော၊ မနောကြည်လင်၊ ယောဂီ ရှင်သည်၊ ဥပဿဒါဒိ-ဥပါဒိဋ္ဌိသွင်၊ ဖြစ်စဉ်အရိပ်၊ ပုံနိမိတ်ကို၊ အနာဝဇ္ဇ-အနာဝဇ္ဇန္တော - ဉာဏ်ဆင့်တစ်ချက်၊ မှန်မြင့်တက်လျက်၊ သက်သက်လုံးလုံး၊ အဆုံးကင်းဘိ၊ နှလုံးမသွင်းမိသည်ဖြစ်၍၊ ဘင်ဉာဏံ-ပေါ်လျက်ပေါ်လျက်၊ လျင်စွာပျက်သည့်၊ ရေဗွက်ကိုမြင်၊ ပုံအသွင်သို့၊ ဉာဏ်မြင်ကသွက်၊ ဖြစ်ပျက်ကမြန်၊ ပုံဟန်ဆင်အရ၊ အမြင်လှအမှန်၊ ဘင်ဉာဏ်ကို၊ အဓိဋ္ဌာ-ဉာဏ်အမြင့်ဆက်၊ တစ်ဆင့်တက်လျက်၊ အထက်တန်းပိုင်၊ တက်လှမ်းကိုင်လေတော့သတဲ့။

ဘယဉာဏ်

ဒီလိုနဲ့ ဘင်ဉာဏ်ကို ထပ်တလဲလဲ ပွားများနေသော ယောဂီအဖို့ တစ်ပျက်တည်းပျက်နေတာချည်းမြင်နေရတော့ ကြောက်တတ်သူလူတစ်ဦးဟာ တောထဲမှာ ကျား ခြင်္သေ့ စသည်တို့နဲ့ ခင်ဆိုင် တွေ့ရတဲ့အခါ ကြောက်မက်ဖွယ် ဘေးကြီးအ ဖြစ်ထင်လာမြင်လာသလို သင်္ခါရ ရုပ်နာမ်တို့အပေါ်မှာ ကြောက်ဖွယ်ရာ ဘေးအဖြစ်ထင်မြင်လာတော့တယ်၊ အဲဒီလို ကြောက်ဖွယ် ဘေးအဖြစ်မြင်လို့ ရှေးကဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေလည်း

ချုပ်ခဲ့ ပျက်ခဲ့ကြပြီ၊ ယခုဖြစ်နေဆဲ သခံါရရူပ်နာမ်တွေလည်း ချုပ်နေပျက်နေဆဲ၊ နောင်ဖြစ်မယ့် ရူပ်နာမ်တွေလည်း ဒီလိုဘဲ ချုပ်ပျက် နေဦးမှာပါတကားလို့ သဘော ကျလာတဲ့အခါ ဘယ ညာဏ်ဖြစ်လာရပါတယ်၊ ဒီဘယညာဏ်က ခုနကျား ခြသေ့် မြင်ရတဲ့လူ ကြောက်ပုံမျိုးကြောက်တာတော့ မဟုတ်ပါဘူး၊ ကြောက်ဖွယ်အဖြစ်ဆင်ခြင် မြင်ရုံမျှသာ ဖြစ်ပါတယ်။

ဘင်ံ ဝ ဘင်ညာဏေန-
ပဿတော ဘယတော တဒါ၊
ဥပဋ္ဌာတိ တဿ ဘယ-
ညာဏံ ဥပ္ပဇ္ဇိ ယောဂိနော။

ဘင်ညာဏေန - တရိပ်ရိပ်ပင်၊ ပျက်နေအင်သို့၊ အမြင် ဗန်လတ်၊ တံလျှပ်အသွင်၊ မြင်ရအမှန်၊ ဘင်ညာဏ်ဖြင့်။ ဘင်ံ ဝ- ဥ၂ါဒ်ဌိမထင်၊ ဖြစ်စဉ်ပုံရိပ်၊ နိမိတ်ပျောက်လျက်၊ ဆက်ဆက် လိုတို့၊ အပျက်ကိုသာလျှင်။ ပဿတော-တစ်ဆင့်တက်လျက်၊ မြင့်တက်ထင်စွ၊ အမြင်ရသော။ ယောဂိနော-ယောဂလပ်စဉ်၊ စဉ်နှီးဝင်လျက်၊ မြင်သဘောမှီ၊ အရှင်ယောဂိအား။ တဒါ- အပျက်ချည်းပင်၊ မြင်ရာထင်ရာ၊ ထိုအခါ၌။ ဘယတော- ချမ်းသာဖွယ်ထင်၊ အမြင်ပျောက်ကွယ်၊ ကြောက်စဖွယ် အနေ အားဖြင့်။ ဥပဋ္ဌာတိ၊ ညာဏ်မြင်ပြောင်းလျက်၊ တိုးတဲက်မြင်ကာ၊ ထင်လာပေတော့သတည်း။ တဿ ယောဂိနော- ကြောက်ဖွယ် အသွင်၊ အမြင်သဘောမှီ၊ ထိုယောဂိအား။ ဘယညာဏံ- သခံါရဝယ်၊ ထောက်တွယ်မရ၊ ကြောက်ဖွယ်ပဟု၊ ရှုဆရမှန်၊

ဘယညာဏ်သည်။ ဥပဓိ-ဘေးအသွင်ဖြင့်၊ အမြင်ပေါက်လင်း၊ အသစ်ပေါ်ကာ၊ ဖြစ်ပေါ်လာခဲ့ပါပေသတည်း။

အာဒီနဝဉာဏ်

ဘယညာဏ်ဖြစ်လို့ သင်္ခါရတွေကို ကြောက်ဖွယ်အဖြစ် မြင်ရတဲ့ ယောဂီအဲဖို့ သင်္ခါရအားလုံးတွင် သာယာဖွယ်မထင် အပြစ်ချည်းမြင်နေတော့တယ်၊ ကြောက်တတ်သူ တစ်ယောက်ဟာ သာယာပျော်ရွှင်ဖွယ်အဖြစ်ဖြင့် တည်နေတဲ့ တောကြီးကိုပင် ခြေသံ့ သစ် ကျား သားရဲတွေ ပေါများ နေတာသိရတော့ ပျော်ဖွယ်ရာမထင် အပြစ်ချည်းမြင်နေသလို ဘယ်လောက်ပင် ချမ်းသာဖွယ်ထင်နေရတဲ့ သင်္ခါရတွင်ဖြစ်စေ အပြစ်တွေသာ မြင်နေရတော့တယ်။ အဲဒီအခါမှာ အာဒီနဝဉာဏ်ဖြစ်လာတာ ပါဘဲ။

သင်္ခါရေသု ဘယံ ဒိသ္မာ-
အာဒီနဝေါ ပဒိဿတိ၊
တဒါ အာဒီနဝံ ဉာဏံ-
ပါတုဘူတံ ဝ ယောဂိနော။

သင်္ခါရေသု-အကြောင်းစုံ၏၊ အပြုထင်ဖွာ၊ ပြင်စရာမမှ၊ သင်္ခါရတို့၌၊ ဘယံ - ဘင်ဉာဏ် ပေါက်၊ အ မြင် ရောက် ၍၊ ထောက်အကူယ်ကွာ၊ ကြောက်ဖွယ်ရာဟု၊ ဒိသ္မာ-ဘယညာဏ်ဝင်၊ အထင်ကရ၊ မြင်ရသည်ရှိသော်။ အာဒီနဝေါ-ဘေးတွေဖြစ်လာ၊ ခေတ်အရောမို့၊ ပစ်စရာမချစ်လို့ အံ့ဖြစ်ကိုသာ။ ပဒိဿတိ-ယောဂိစိတ်တွင်၊ တံဆိပ်ထင်သို့၊ အသွင်တစ်ရပ်ပမာ၊ မြင်အပ်

ပါပေ၏။ တဒါ-သခ်ၤါရ၌၊ လုံးဝမချစ်ခင်၊ အပြစ်မြင်ရာ၊ ထိုအခါ၌၊ ယောဂိနော- ဘယဉာဏ်မှ၊ အဆင့်လွှသား၊ မြင့်ရ ဉာဏ်မြင်၊ တစ်ဖန်ဆင်လျက်၊ အမြင်ဇောကြည့်၊ ရှင်ယောဂီ အား။ အာဒီနဝံဉာဏံ-အာဒီနဝ-မည်ရအမှန်ထင်၊ ဉာဏ်အမြင် သည်၊ ပါတုဘူတံ- အမှန်ထင်ထင်၊ ဉာဏ်အသွင်တစ်ပါး၊ အမြင်အားဖြင့်၊ ထင်ရှားဖြစ်ပေါ်ခဲ့ပါပေသတည်း။

နိဗ္ဗိဒါဉာဏ်

သခ်ၤါရရူပ်နာမ်တွေမှာ အပြစ်မြင်လာတော့ ဒီသခ်ၤါရတွေ အပေါ် မပျော်ရွှင်နိုင်ဘဲ ငြီးငွေ့လာရတယ်၊ ရူပ်နာမ်သခ်ၤါရတွေ မှာ ငြီးငွေ့ပေမယ့် မရှာဘဲတော့ နေတာမဟုတ်ပါဘူး၊ ရူပ်နာမ် မှာ ငြီးငွေ့လျက် အရှုမပျက် ဆက်ရှုမြဲပါဘဲ၊ ရှေဟသံဃာ အညစ်အကြေးတွေ ပြည့်နေတဲ့ တန်စီးတွင်းမှာ မပျော်သာယာ စင်ကြယ် ပျော်ဖွယ်ရာ အိုင်ကြီးတွေမှာသာ ပျော်သလိုဘာဝနာ ရတယ် မကွာရှိနေတော့ ထိုရူပ်နာမ်ကို ပွားများတဲ့ ဘာဝနာမှာ တော့ ပျော်လျက်သာ ရှိပါတယ်၊ ဒါ့ကြောင့် နောက်က ပြောခဲ့ဘဲ့ ဘယ အာဒီနဝနဲ့ ယဉု နိဗ္ဗိဒါဉာဏ်တွေ မှာလည်း ဘာဇျင်တရားတွေဟာ အားကောင်းမြဲကောင်းလျက်သ. ရှိနေ ပါတော့တယ်။

သခ်ၤါရာန မာဒီ နဝ-
မဝေက္ခတော ဟိ ယောဂိနော၊
နိဗ္ဗိဒါဉာဏ မုပ္ပဇ္ဇိ-
တေသု တေန် နိဗ္ဗိန္ဒတိ။

သခ်ၢါရာနံ-ဖြစ်ပြီးချုပ်ဟန်၊ သရုပ်ဖန်တဲ့၊ ရုပ်နာမ်နှစ်ဖြာ၊ ထင်လာသမျှ၊ သခ်ၢါရတို့၏။ အာဒီနဝံ-ကြောက်ဖွယ် သီးသီး၊ ပျက်စီးကြပုံ၊ ဖုံပုံစစ်လေ၊ အပြစ်တွေကို။ အဝေကွေတာ-အဝေကွန္ဓာသ-ဉာဏ်တစ်စဉ်ဘက်၊ အမြင်သွက်လျက်၊ အချက်ထင်ထင်၊ သက်ဝင်မှုမျှား၊ ဂရုထားမသွေ၊ ရှုစားနေသော။ ယောဂိနော-တရားအလုပ်၊ ပွားမယုတ်ဘဲ၊ အားထုတ်ရှင်ရှင်၊ အစဉ်ဇောကြည်၊ ရှင်ယောဂိအား။ နိဗ္ဗိဒါဉာဏံ-ပျက်စီးနေကြ၊ သခ်ၢါရတွင်၊ အပြစ်မြင်၍၊ ရှင်ဖွယ်မုန်းစေ့၊ နည်းမတွေ့မှန်၊ ငြီးငွေ့သောဉာဏ်သည်။ ဥပဓိ-မြင်ပုံတစ်ခုတ်၊ အသစ်ဖော်ကာ၊ ဖြစ်ပေါ်လာခဲ့လေပြီ။ တေန-ငြီးငွေ့စိတ်ရှိ၊ တံဆိပ်ဖိလျက်၊ နိဗ္ဗိဒါတွင်၊ တိုဉာဏ်မြင်ဖြင့်။ တေသု-အပြစ်ထင်ကာ၊ ရှင်စရာမရ၊ ထိုသခ်ၢါရတို့၌။ နိဗ္ဗိန္ဒတိ-သာယာဖွယ်ထင်၊ ပြစ်ချည်းမြင်၍၊ ရှင်ဖွယ်သီးသီး၊ နည်းမတွေ့ချေ၊ ငြီး ငွေ့ လေ တော့ သတည်း။

မုစ္စိတုကမျတာဉာဏ်

တစ်စုံတစ်ခုအစဲ့ပြုပြီး ငြီးငွေ့လာယင်တော့ ထိုအရာနဲ့ လွတ်အောင်ရှောင်လိုတဲ့စိတ်ဟာ ဖြစ်မြဲဓမ္မတာပါဘဲ၊ ရေထဲမှာပျော်ဘဲ့ငါးဟာ တံငါပိုက်ကွန်ထဲဖမ်းမိနေယင် အဲဒီ ပိုက်ကွန်ထဲက လွတ်ချင် ထွက်ချင်နေသလို ဘဝနာတွင် ပျော်ရှင်တဲ့ ယောဂိအဖို့ သခ်ၢါရတို့မှာ ငြီးငွေ့လာတဲ့အခါ သူ့စိတ်ဟာ သခ်ၢါရ တို့မှ လွတ်လို ကင်းရှင်းလိုလျက်သာ ရှိပါတယ်၊ အဲဒီလို သခ်ၢါရတို့မှာ တွယ်တာမှုကင်း သခ်ၢါရတို့မှ လွတ်ချင်နေတဲ့ ယောဂိအဖို့ အဲဒီအခါမှာ မုစ္စိတုကမျတာဉာဏ် ဖြစ်လာရပါတယ်။

နိုဗ္ဗိန္ဒန္ဆြာ သခ်ၫြရသု-
တေဟာ် မုစ္စိတုကမျတာ၊
ဇာတာ တဒ္ဒါနိ ယောဂိသ-
ဉာဏ် တန္ဒၢမကၠ ဘဝေ၀။

သခ်ၫြရသု-ဇစ်လေစင်လေ၊ အပြစ်တွေဟု၊ ရှုမြင်လာရ၊ သခ်ၫြရတို့၌၊ နိုဗ္ဗိန္ဒန္ဆြာ-အပြစ်ချည်းမို့၊ ပျော်နည်း ရှင်နည်း၊ နည်းမတွေ့ပြီ၊ ငြီးငွေ့တဲ့ ယောဂိဟုဂ္ဂိုလ်သည်။ တေဟာ်-အပျက်ချည်းဖောက်၊ ကြောက်ဖွယ်ရာဖြစ်၊ အပြစ်ချည်းသာ၊ မြင်လာရပြီး၊ ထိုသခ်ၫြရတရားတို့မှာ၊ မုစ္စိတုကမျတာ-ပိုက်ကွန်မှ ငါးအနေ၊ မြေပါးစပ်မှ ဖားအသွင်၊ မခင်မည္ဘတ်၊ အစဉ်လွတ်လိုလှသည်၏ အဖြစ်သည်။ ဇာတာ-ဉာဏ်စဉ်လမ်းပွင့်၊ တစ်ခန်းဆင့်လျက်၊ အသင့်လျော်စွာ၊ ဖြစ်ပေါ်လာရပါပေ၏။ တဒါနိ-ဝဋ္ဌတခိုမှ၊ လွတ်လိုလှတဲ့၊ ဆန္ဒထူးစွာ၊ ဖြစ်ပေါ်လာတဲ့ ထိုအခါ၌။ ယောဂိသ-ပဓာနလမ်းစဉ် စဉ်နန်းဝင်လျက် အမြင်ဇောကြည် အရှင်ယောဂီအား၊ တန္ဒၢမကၠ-သခ်ၫြရပင်း၊ ဝဋ္ဌအတွင်းမှ၊ လွတ်ကင်းစိတ်ပို၊ လွတ်လိုလှဘိ၊ ထိုမုစ္စိတုကမျတာ အမည်ရှိသော။ ဉာဏ်-တစ်ဆင့်ပွင့်လျက်၊ မြင့်တက်မှန်ဘိ၊ ဉာဏ်အသိသည်၊ ဘဝ-နိဗ္ဗာန်ရောက်ရန်၊ တစ်ထောက် ပန်လျက်၊ ပေါ်တွက်သစ်စွာ၊ တစ်ခေတ်သာ၊ ဖြစ်လာခဲ့ရပေသတည်း။

ပဋ္ဌိသခ်ၫြာဉာဏ်

ဒီနောက် ပဋ္ဌိသခ်ၫြာဉာဏ်၊ သခ်ၫြရတို့ကို အနိစ္စ ဝေဒနာ လက္ခဏာသုံးပါးဖြင့် ထပ်မံရှုတဲ့ ဉာဏ်ပါဘဲ၊ ဒီအနိစ္စစသောအမြင်က ရှေးကလည်း ဖြစ်ပြီးဘဲ၊ ဘာ့ကြောင့် ထပ်ရှုရသလဲ၊ သခ်ၫြရ

တို့မှ လွတ်ချင်တဲ့ပုဂ္ဂိုလ်ဟာ လွတ်ကြောင်း ရှာတေ့တဲ့ပါဘဲ၊ လွတ်ကြောင်းက ဝိပဿနာ၊ ဝိပဿနာမှာ အနိစ္စ ဒုက္ခ အနတ္တ အမြင်က ပဓာန၊ ဒါကြောင့် နောက်ကပြောခဲ့တဲ့ တရားတွေမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောပေါ်အောင်ဘဲ ထပ်ရှုနေရခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ ဘယ အာဒီနဝ နိဗ္ဗိဒါ မုစ္စိတုကမ္မတာ ပဋိသင်္ခါဉာဏ်တွေ ထင်ရှားစေတဲ့ ဥပမာကလေး ဝိသုဒ္ဓိဂင်္ဂါမှာ ပေးထားပါတယ်။

လူတစ်ယောက်ဟာ ငါးဖမ်းမယ်လို့ ရေထဲ မြှုံးချထောင်ထား၊ မြှုံးထဲမှာ မြေကြီးမိုနေ မြှုံးဝက လက်သုံး မြေလည်ပင်းကိုင်မိတဲ့အခါ ငါးအကြီးကြီး ငါမိပြီအထင်နဲ့ အားရဝမ်းသာ ဆွဲဆုတ်ကြည့်လိုက်တော့ လားလား လည်ရေးသုံးဆင့် မြင်ရလို့ မြေထိုးမှုန်းသ၊ သိတော့ကြောက်လာ၊ အပြစ်မြင်လာ၊ စိတ်ပျက်လာ၊ ဒီတော့ လွတ်ပစ်ချင်လာ၊ ရုတ်တရက် လွတ်လိုက်ယင် မိမိကို ကိုက်မှာမို့ မ ကိုက်နိုင်အောင် လွှတ်ဖို့ အကြောင်းစဉ်းစားပြီး ခေါင်းအပေါ် လက်မြောက်ပြီး နှစ်ကြိမ်သုံးကြိမ် ချာလပတ်လည်အောင် ဝှေ့ရမ်းပြီး မြေကို အားနည်းအောင်ပြု လွှတ်ပစ်လိုက်တယ်၊ အဲဒါလိုဘဲ ခန္ဓာကိုယ်ကို ယောဂီဟာ ရှေးက နှစ်သက်နေ၊ တရားအားထုတ်မိလို့ ဘယ အာဒီနဝ နိဗ္ဗိဒါ မုစ္စိတုကမ္မတာ ဉာဏ်တွေ ဖြစ်လာပြီး လွတ်ချင်လာ၊ လွတ်ချင်လာတဲ့အတိုင်း လွတ်ဖို့နည်းလမ်း အပြည့်အစုံ ဖြစ်ဖို့ ဒီအနိစ္စစသော လက္ခဏာငရား သုံးပါးကိုဘဲ ထပ်ဆင်ခြင် ရပါတယ်၊ ဒီပဋိသင်္ခါဉာဏ် အခိုက်မှာလည်း ရပြီး ကျေပြီးစာ ရှုတ်ရတဲ့အခါ သက်သာ ချောမှာ သူဟာသူ ရှုတ်သွားရသလို ဖြစ်နေတဲ့ နည်းအတိုင်း ထင်ပြီး အနိစ္စ စသော သဘောကို

တပ်ဆင်ခြင်တာ ဖြစ်တော့ သတိပညာ စသည်ဟာ သွက်မြဲသွက်ထက်မြဲထက်နေလို့ ဗောဇ္ဈင်တရားတွေဟာ အားရှိစွာ ပေါ်လျက်ဖြစ်လျက်ရှိနေပါတယ်။

မစိတ ကာမတော တသာ-
နာနာကာရေန လက္ခဏော၊
ပုန ဝိပဿနာတော ပဋ္ဌိ-
သခ်ၢိ ဉာဏံ ပဝတ္တတေ။

မုဒ္ဓိကုကာမတော-သခ်ၢိရုပေင်း၊ အပျက်တွင်းမှ၊ ခွဲက်ခွင်းအကျွတ်၊ မညွတ်မခင်၊ လွတ်ချင်လျက် ရှိသော။ တဏှ-ဘာဝနာဌာန်၊ ခါခါဝင်လျက်၊ ရှုမြင်မလပ်၊ ယောဂီမြတ်ထိုအရှင်၏။ လက္ခဏော-အနိစ္စ ဒုက္ခ အနတ္တခြင်းရာ၊ လက္ခဏာရေးတို့ကို။ နာနာကာရေန-တကယ်ဇုံအောင်၊ ပုံအသီးသီး၊ နည်းအဖြာဖြာ၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့်။ ပုန-ဝိပဿနာတော-ဖန်ဖန်မလပ်၊ နောက်ထပ်ခါခါ၊ ထင်စွာအပြု၊ ပညာမှုဖြင့်၊ ယခုထင်ထင်၊ ရှုမြင်လျက်ရှိသော ယောဂီအား။ ပဋ္ဌိသခ်ၢိဉာဏံ-ပဋ္ဌိသခ်ၢိတွင်၊ ဉာဏ်အမြင်သည်။ ဝါ-လွတ်ချင်လှုံ့၊ လွတ်ရမှိတ်ကို၊ မျှော်လင့်ချက်ဖြင့်၊ သုံးလက္ခဏာ၊ ထပ်ခါတင်ဘီ၊ ရှိအမြင်သား၊ သိပညာမှန်၊ ပဋ္ဌိသခ်ၢိဉာဏ်သည်။ ပဝတ္တတိ-အမှန်တစည်၊ ဉာဏ်အမြင်သစ်၊ တစ်ဆော်ဖော်ကား၊ ဖြစ်ပေါ်လာပေတော့သတည်း။

သခ်ၢိရုပေကၠာဉာဏ်

ပဋ္ဌိသခ်ၢိဉာဏ် အလွန်ထက်သန်အားရှိလာတဲ့အခါ သခ်ၢိ-ရုပေကၠာဉာဏ် ဖြစ်လာရတယ်၊ ဒီသခ်ၢိရုပေကၠာ ဉာဏ်က

တော်တော် အရေးပါဘဲ ဉာဏ်ပါဘဲ၊ ဒီဉာဏ်ရောက်ယင် မဂ်ရောက်ပို့ အတော်နီးလာပြီ ဖြစ်လို့ပါဘဲ၊ ပဋ္ဌိသခ်ါ ဉာဏ်နဲ့ သခ်ါရတရားတွေကို အနိစ္စစသော လက္ခဏာဖြင့် အထပ်ထပ် ဆင်ခြင်ဘဲ့ ယောဂီမှာ သခ်ါရတွေရော သခ်ါရတို့၏ အနိစ္စစသော သဘောတွေရော အလွန် အမြင်သန်စွာ ထင်လာတော့ ဒီသခ်ါ-ရုပေက္ခာဉာဏ် ရောက်ဘဲ့အခါ ထိုသခ်ါရတွေရော အနိစ္စစသော လက္ခဏာတွေရော အလွန်ထင်ပေါ်နေလို့ ဉာဏ်ကလည်း အလွန်သွက် အလွန်တက်နေလို့ ရှုဆင်ခြင်မှုမှာ ဗျာပါရ မပြုရဘဲ အသင့်ရှု လျစ်လျူရှုနေတော့တယ်။

သခ်ါရုပေက္ခာဆိုတာက သခ်ါရတို့ဌ် လျစ်လျူရှုတဲ့ဉာဏ်၊ မိမိမယားအပေါ်မှာ ရှေးက အလွန်ချစ် မပစ်ရက် မခွာရက်နိုင်တဲ့ ယောကျ်ားဟာ နောက်အပြစ် မြင်လာတဲ့အခါ အပြက်ကွာရှင်းလိုက်တယ် ဆိုယင် နောက်အခါ မိမိမယား တခြား ယောကျ်ားနဲ့ တွဲနေသော်လည်း ဘယ်လိုမှမဖြစ် လျစ်လျူရှုနိုင်သလို သခ်ါရတို့မှာ ကွယ်တာမှ ကင်းနေလေတော့ သခ်ါရတို့ ပျက်စီးခြင်းကြောင့်ဖြစ်တဲ့ ကြောက်မှု၊ ဘယဉာဏ်တုန်းကဖြစ်တဲ့ ကြောက်မှုမျိုး၊ သခ်ါရတို့ ပြည့်စုံခြင်း၊ တစ်စုံတစ်ခု ပြည့်စုံခြင်း ကြောင့်ဖြစ်တဲ့ နှစ်သက်မှုမျိုး၊ ဥဒယဗ္ဗယဉာဏ် အနဲ ဖြစ်စဉ်က နှစ်သက်မှုလို နှစ်သက်မှုမျိုးတွေ လုံးဝကင်းပြီး အားလုံး သခ်ါရတွေအပေါ်မှာ လျစ်လျူရှုနိုင်ပါတယ်၊ ဉာဏ်အမြင်က အလွန်သွက် အလွန်ကောင်းနေတော့ သခ်ါရတို့၏ အနိစ္စသဘော စသည် မြင်မှု ရှုမှုမှာ ကြောင့်ကြမစိုက်ရ သူ့ဟာသူ အလိုက်သင့်

မြင်မြင် သ့ားနေသလို ဖြစ်နေလို့ သခ်ၢိရ တရားတို့ကို အနှစ်စ္စ စသည်ဖြင့် စိစစ် ဆင်ခြင်မှုမှာလည်း လျစ်လျူ ရှုနိုင်ပါတယ်။

ဘယံ ပဟာယ နန္ဒိဠ-
သခ်ၢိရေသု ဥဒါသိနော၊
သခ်ၢိရုပေကၠာ သခ်ၢိတံ-
ဘာဏံ ယောဂီ ဓိဂစ္ဆတိ၊

ယောဂီ-ပဋိသခ်ၢိ၊ ဘာဏ်ရှိန်ဝါတက်၊ ရှေ့ဆက်တစ်ဖန်၊ နိဗ္ဗာန်နီးလာ၊ ခရီးသာလျက်၊ ပညာပြောစည်၊ သဘောတည်လတ်၊ ယောဂီမြတ်သည်၊ ဘယဠ-သခ်ၢိရပျက်၊ ကြောက်လန့်ချက်တစ်ဝ၊ ဘယဘာဏ်ဝယ်၊ ကြောက်လန့်ဖွယ်တသင်း၊ ကြောက်လန့်ခြင်းမှန်သမျှကို လည်းကောင်း၊ နန္ဒိဠ-သခ်ၢိရတွင်၊ ခုံမင်နှစ်သက်၊ တရားတက်လျက်၊ နှစ်သက်ခဲ့ရှိး၊ နှစ်သက်ခြင်းမျိုးကို လည်းကောင်း၊ ပဟာယ-ဘာဏ်ဖြင့် ဖျောက်ပယ်၊ တကယ်မလာ၊အာင်၊ ပယ်ခွာစွန့်ပစ်လျက်၊ သခ်ၢိရေသု-စဉ်ကာစဉ်ကာ ထင်လာသမျှ သခ်ၢိရတို့ဌ။ ဥဒါသိနော-နှစ်ဖက်မကျ၊ အလယ်ကလျှင်၊ မျှတသမှု၊ လျှင်လျူရှုသည်ဖြစ်၍၊ သခ်ၢိရပေကၠာ-သခ်ၢိတံ-အကြောက်လည်းမဖက်၊ နှစ်သက်မှုမဝင်လာ၊ သခ်ၢိရအစု၊ လျစ်လျူရှုသော၊ သခ်ၢိရုပေကၠာ သခ်ၢိတံ၊ သည်ဘသင်းမှတ်၊ ခေါ်ဝေါ်အပ်သော၊ ဘာဏ်-သခ်ၢိရ အစဉ်၊ ရှုမြင်ခြင်းဌ၊ အားစိုက်မပြု၊ အမှုရှုဟန်၊ အမှုနှင်ထင်ထင်၊ဘာဏ်အမြင်ကို၊ အဓိဂစ္ဆတိ-ကိုယ့်အစွမ်းပေါက်၊ မှန်းသ လောက် လျှင်၊ လှမ်းရောက်မသွေ၊ ရရှိခဲ့ပါပေ့သတည်း။

ဉာဏ်တက်လေ သိမ်မွေ့လေ

ဒီသခ်ၢါရုပေကၠာ ဉာဏ်ဟာ အလွန် အားရှိလာယင်တော့ လျင်စွာ ဝုဋ္ဌာနဂါမိနီဝေါ် ဝိပဿနာဆိုက်ပြီး အနုလုံ ဂေါ်တြဘူ တို့နဲ့ တစ်ဆက်တည်းဆက်ကာ မဂ်ဆိုက် နိဗ္ဗာန် မြင်တော့တာ ပါဘဲ၊ ဒီလို မဆက်နိုင်သေးလျင်လည်း သခ်ၢါရဘဲ အာရုံယူ ရှုမြဲရှုနေရတာပါဘဲ၊ ဒါပေမယ့် ဒီလို အဆင့်မြင့်တက်လာတဲ့ သခ်ၢါရုပေကၠာဉာဏ်က မုန့်မှုန့်ကို ဆန်းကာထဲ ထည့်ဝိုင်းပေး နေယင် ပိုမိုနူးညံ့လာသလို အစေ့သုတ်ပြီး ဝါဂွမ်းဟာ ဖတ်လေ ဖတ်လေ သာပြီး နူးညံ့သိမ်မွေ့လာလေ ဖြစ်သလို ဘာဝနာ စွမ်းအား ထက်မြက်လာသည့်နှင့်အမျှ အလွန်အက ဲ သိမ်မွေ့လည်း သိမ်မွေ့လာတော့တယ်၊ ဒီတော့ ဒီသခ်ၢါရုပေကၠာဉာဏ်အခိုက်မှာ ဖြစ်နေတဲ့ ဗောဇ္ဈင်တွေ ဘယ်မျှအားရှိ၊ ဘယ်ပုံကောင်းမွန် ထက်သန်စွာဖြစ်နေတယ်ဆိုတာ အထူးပြောဖို့ မလိုတော့ပါဘူး။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

ဒီသခ်ၢါရုပေကၠာဉာဏ်ဟာ အဆုံးစွန် ရောက်ရှိပြီး အနုလုံ ဂေါ်တြဘူ မဂ်တို့နဲ့ တစ်ဆက်တည်း ဆက်ဖြစ်နိုင်လောက်တဲ့ အခြေ ရောက်လာယင်တော့ ဒီအခိုက်မှာဖြစ်တဲ့ ဝိပဿနာကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာခေါ်တယ်၊ ဝုဋ္ဌာန ဆိုတာ ထမြောက် တယ်ဆိုတဲ့ အနက်ရတယ်၊ သခ်ၢါရတွေ အာရုံပြုနေရာမှ ထိုသခ်ၢါရ ကို အာရုံမပြုတော့ဘဲ သခ်ၢါရချုပ်ငြိမ်းရာသို့ ရောက်သွားလို့ မဂ်ဟာ သခ်ၢါရမှလည်း ထ မြောက်တယ်၊ မဂ် မဖြစ်ယင် နောင်ဖြစ်နိုင်တဲ့ ကိလေသာ ကုံ ဝိပါက်ခန္ဓာတွေဟာ မဂ်ဖြစ်တဲ့

အခါ နောင်အခါ အားလျော်စွာ ကင်းရှင်းတော့မှာမို့ မဂ်ဟာ ကိလေသာ ကံ ခန္ဓာတို့မှလည်း ထ မြောက်တယ်၊ ဒီတော့ ဝုဋ္ဌာနဆိုတာ မဂ်ကိုခေါ်တာပါဘဲ၊ အဲဒီ ဝုဋ္ဌာနခေါ် မဂ်သို့ ရောက်တတ်လို့ မဂ်အရောက် တစ်ခါတည်း ဆက်စပ်ဖြစ်သွားလို့ ဝုဋ္ဌာနဂါမိနီ ခေါ်ရတယ်၊ အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကတော့ သင်္ခါရုပေက္ခာဉာဏ် အဆုံးစွန်ထိပ်ဖျားပိုင်းနဲ့ အနုလုံ ဂေါတြဘူ တို့ပါဘဲ။

ထိပ်ဖျားရောက် သင်္ခါရုပေက္ခာဆိုတာက မဂ်ဖြစ်ရာ စိတ်အစဉ် ဝီထိနဲ့ကပ်နေတဲ့ စိတ်အစဉ် ဝီထိ နှစ်ခုသုံးခုလောက်မှာ ပါတဲ့ဉာဏ်ပါဘဲ၊ အဲဒီ ဝုဋ္ဌာနဂါမိနီကိုဘဲ သိခါပဋ္ဌာဝိပဿနာ· အထွတ်အထိပ် ခေါင်ဖျားသို့ရောက်နေဘဲ့ ဝိပဿနာလို့လည်း ဆိုရပါတယ်၊ ဒီအခိုက် ဖြစ်နေတဲ့ ဗောဇ္ဈင်တရားတွေကတော့ ဝိပဿနာ ဗောဇ္ဈင်တွေထဲမှာ အထူးခြားဆုံးပါဘဲ၊အမှန်က မဂ်အခိုက် ဗောဇ္ဈင်မျှားဟာ မုချဗောဇ္ဈင်ဖြစ်ကြောင်း နောက်ကပြောခဲ့ပါပြီ၊ ဒီဝုဋ္ဌာနဂါမိနီ ဝိပဿနာအခိုက်မှာ မဂ်ရောက်ခါနီး မို့ကိလေသာတွေဟာလွန်စွာဘဲကင်းရှင်းချုပ်ငြိမ်းနေလေတော့ မဂ်ဗောဇ္ဈင်နဲ့ အတူထားပြီး မုချ ဗောဇ္ဈင်အဖြစ် ဆိုလိုကြပါတယ်၊ အဲဒီတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဆိုတာ မဂ်ဖိုလ်တို့ရဲ့ တံခါးဝပါဘဲ၊ လောကမှာ မြို့ထဲအလွန်ရောက်ချင်နေတဲ့ ပုဂ္ဂိုလ်ဟာ မြို့တံခါးဝရောက်ယင်တော့ ဆုတ်ဆိုင်းမရှိ တစ်ချီးတည်း ဝင်ရောက်သွားတော့လို့ ဒီဝိပဿနာ ဖြစ်လာယင် မဂ်ဆိုက်ဖို့ ဆုတ်ဆိုင်းခြင်းမရှိ ချင်းနင်းဝင်ရောက်သွားတော့တာ သေချာပါတယ်။

အရပ်သိတဲ့ ကျိုးငှက် ဥပမာ

ဒီ ဝုဋ္ဌာနဂါမိနီမှာ အစက သခ်ၤါရပေကွာဘုရား အစွန်ထိပ်ဖျားပိုင်း၊ ဒီအဆင့်မှာ သခ်ၤါရပေကွာက ထက်လည်းထက်သန့်လည်းသန့်ရှင်း ရဲတင်း သွက်လက်နေတယ်၊ ဒီအဆင့်မှာ နိဗ္ဗာန်ကို မှန်းမျှော်နိုင်သလို ဖြစ်နေတယ်၊ ယင်ရှေးကတော့ နိဗ္ဗာန်အရောက်နဲ့ လှမ်းနေသေးတော့ နိဗ္ဗာန်ကို မလှမ်းမမျှော်နိုင်သေးသလို ဖြစ်နေရတယ်၊ ဒီနေရာမှာ အရပ်ကို သိတတ်ညွှန်တတ်တဲ့ကျိုးငှက်နဲ့ ဥပမာပေးကြတယ်၊ ရှေးက ပင်လယ်ထဲရွက်လှေနဲ့သွားကြတဲ့ ကုန်သည်တွေဟာ ဒီလို ကျိုးမျိုးငှက်မျိုးကို ဆောင်သွားလေ့ ရှိကြတယ်၊ လေပြင်းမိုလို့ လှေ လမ်းလွဲသွားလို့ ကမ်းမမြင်လမ်းမမြင် ဖြစ်တဲ့အခါ ဒီလိုကျိုးမျိုးငှက်မျိုး လွှတ်ကြတယ်၊ ဒီကျိုးငှက်ဟာ ကမ်းမြင်ယင်တော့ တခါတည်း လှေသို့ပြန်မလာ ကမ်းဆီသာ ဦးတည် ပျံသွားတော့တာဘဲ၊ ကမ်းမမြင်ရသေးယင်တော့ ရွက်တိုင်သို့သာ ပြန်ပြန်နားတော့တာဘဲတဲ့၊ အနုလောမဉာဏ် စသည့် ပေါ်စေလောက်အောင် အားမရှိသေးတဲ့ သခ်ၤါရပေကွာက ကမ်းမမြင်ရသေးတဲ့ ကျိုးငှက် ရွက်တိုင် ပြန်ပြန်နားရသလို သခ်ၤါရထဲမှာဘဲ အာရုံပြုဆဲ ရှိနေရကယ်၊ အနုလောမဉာဏ် ဖြစ်ပေါ်အားရှိလာ ထက်မြက်ရဲရင့်လာတဲ့ သခ်ၤါရပေကွာရောက်လျှင်တော့ ဆုတ်ဆိုင်းမရှိ နိဗ္ဗာန်ဘက် ဦးတည်ပြေးဝင်သွားတော့တယ်။

ဒီလိုပြေးဝင်နိုင်လောက်တဲ့ ဓေါဝင်ဖျားရောက် သခ်ၤါရပေကွာ အခိုက်မှာ ဘာဝနာအစွမ်းအရ ယုံကြည်သက်ဝင်မှု သဒ္ဓါ ကလည်း ပိုကဲအားသန်နဲ့, ဆန့်ကျင်ဘက် ကိလေသာတို့ကို

ပယ်ဖျက်နိုင်စွမ်းရှိတဲ့ ဝိရိယကလည်း ကောင်းစွာ အားပေး အားမြှောက်ပြုနေ, အလွန်ထက်မြက်ပြီး အာရုံမှာ ကောင်းစွာ ကပ်တည်နေတဲ့ သတိကလည်း အလွန်စဲ့ အလွန်ကောင်းနေ, ငြိမ်းအေးမှု ပဿဒ္ဓိနဲ့ ထိုပဿဒ္ဓိကြောင့်ဖြစ်တဲ့ ချမ်းသာခြင်း သုခကလည်း အလွန်ဘဲ လွန်ကဲနေတော့ အာရုံထဲ ကောင်းစွာ ကပ်စဲ့နေသလိုဖြစ်တဲ့ သမာဓိကလည်း အလွန်ဘဲ တည်ကြည်နေ, ဤနေ့ဒေတွေ အလွန်ထက်မြက် သန်စွမ်းနေသည်နှင့်အမျှ ဗောဇ္ဈင် တရားတွေကလည်း အလွန်ဘဲ ပေါ်လွင် အလွန်ပင် သန်စွမ်း ထက်မြက် သွက်လက်နေလို့ ဒီခေါင်ဖျားရောက် သခ်ါရုပေက္ခာ ဉာဏ်ဟာ အလွန်ဘဲထက် အလွန်ဘဲသန့်ရှင်း အနုလုံကဆက် ဂေါတြဘူမဂ် တက်ဖို့ရာ လွန်စွာရဲတင်း သွက်လက်လျက် ရှိနေ ခဲ့ပါတယ်။

အနုလောမဉာဏ်

အဲဒီလို မဂ်အထိ တက်ဖို့ရာ လွန်စွာ ထက်မြက် သွက်လက် ရဲတင်းနေတဲ့အတိုင်း သခ်ါရုပေက္ခာ ဝိပဿနာ ဇောဝီထိအစဉ် နှစ်ခု သုံးခု အဆုံးတွင် ဘဝင်ဖြစ်သင့်သမျှဖြစ်ပြီး မဂ်ဝီထိ စိတ် အစဉ် ဖြစ်လာရဘေဘုတယ်၊ အဲဒီ စိတ်အစဉ်မှာ သခ်ါရုပေက္ခာ ယူခဲ့ ရှုခဲ့တဲ့ သခ်ါရ၏ အနိစ္စ ဒုက္ခ အနတ္တ ခြင်းရာတစ်ခုခု အာရုံ ပြုဆင်ခြင်တဲ့ မနောဒ္ဒါရာဝဇ္ဇန်း ဖြစ်လာတယ်၊ အဲဒီအာရုံကို ဘဲ အာရုံပြုပြီး ပရိကံ ဥပစာ အနုလုံခေါ် ဝိပဿနာဇော သုံးကြိမ်ဖြစ်ခဲ့၊ အနုလောမဉာဏ်ဆိုတာက ထို ဇောသုံးခုမှာ ပါတဲ့ ဝိပဿနာဉာဏ်ပါဘဲ၊ အနုလောမက လျော်တယ်ဆိုတဲ့ အနက် ရလေတော့ ရှေဥဒယဗ္ဗယ စသော ဝိပဿနာဉာဏ်ရှစ်ပါး

လိုဘဲ အနိစ္စ ဒုက္ခ အနတ္တအဖြစ် ဆင်ခြင်တာဘဲဖြစ်လို့ ရှေးဝိပဿနာဉာဏ် ရှစ်ပါးနဲ့လည်း သင့်တင့်လျောက်နှိုင်တယ်၊ ဒီ အနုလောမဉာဏ်အကျင့်နဲ့ အထက်မဂ်အခိုက် ဗောဓိပက္ခိယတရားတွေ ရတာဖြစ်လို့ ထိုမဂ်ဗောဓိပက္ခိယ တရားများနဲ့လည်း လိုက်ဖက်သင့်လျော်တယ်၊ ဒီလို ရှေဘက်နောက်ဘက် နှစ်ဘက်လုံးနဲ့ လိုက်ဖက် သင့်လျော်နေတဲ့အတွက် အနုလောမဉာဏ် ဆိုပါတယ်။

ဂေါတြဘူ

ဒီ အနုလောမဉာဏ်က သစ္စာရတွေ အာရုံပြုနေသော်လည်း ထိုသစ္စာရမှ တွန့်ဆုတ်လျက် ထိုသစ္စာရတွေကို အနှောင့်အယှက်တွေ ထင်နေတာဖြစ်လေတော့ သစ္စာရအာရုံယူရင်းနဲ့ သစ္စာရကင်းရာချုပ်ရာဘက်သို့ တက်လှမ်းနေတဲ့ဉာဏ်ပါဘဲ၊ ဒါကြောင့်ဘဲ အနုလောမ ဉာဏ်အဆုံးမှာ သစ္စာရ ချုပ်ငြိမ်းရာ ဘက်သက်ရောက်သွားရတယ်၊ အဲဒီရောက်တာက ဂေါတြဘူ၊ ဂေါတြဘူက သစ္စာရချုပ်ရာ နိဗ္ဗာန်ကို ပထမ ယူလိုက်တဲ့ ဝိပဿနာရဲ့ အထွတ်အထိပ် ဇောစိတ်ပါဘဲ၊ ဂေါတြဘူက အနှယ်ကိုလှမ်းမိုးနှိပ်နင်းတယ်၊ အနှယ်သို့ ရောက်သွားတယ်ဆိုတဲ့ အနက်ရပါတယ်၊ ပုထုဇဉ်အနှယ်ကို နှိပ်နင်းကျော်လွှားတဲ့ အရိယာအနှယ်သို့ သက်ရောက်တဲ့စိတ် ဆိုလိုပါတယ်၊ ဒီဂေါတြဘူအခိုက်မှာ အာရုံသစ်တစ်ခု ဥုံးဥုံးဖျားဖျား ရုတ်တရက် ရယူလိုက်ရတော့ အာသေဝန အထုံမရသေးလို့ ကောင်းစွာ မတည်တံ့နိုင်သေး၊ ဒီနောက် မဂ်အခိုက်ရောက်တော့မှ ထိုအာရုံမှာခိုင်မြဲ ကောင်းမွန်စွာ တည်တံ့သွားပါတယ်။

မြောင်းခုန်တဲ့ ယောကျား ဥပမာ

ဒီနေရာမှာ မြောင်းခုန်တဲ့ယောကျား ဥပမာပြုကြပါတယ်၊ ခုန်နိုင်လောက်ရုံ ကြီးတဲ့မြောင်းကို ခုန်လွှား ဟိုဘက်ကမ်းပါး ကို ရောက်လိုတဲ့ယောကျားဟာ မြောင်းနဲ့ ခပ်လှမ်းလှမ်းကနေ အရှိန်ယူပြေးလာ မြောင်းရဲ့သည်ဘက်ကမ်း သစ်ပင်ရဲ့ကိုင်းမှာ ချိဆွဲ တွဲလဲကျနေတဲ့ ကြိုးကိုဖြစ်စေ တုတ်ကိုဖြစ်စေ ကိုင်ဆွဲပြီး မြောင်းကိုခုန်၊ ကိုယ်က ဟိုဘက်ကမ်းဆီ ယိမ်းညွှတ်သွား၊ တစ်ဖက်ကမ်းပေါ်ရောက်၊ ကမ်းပေါ်အရောက် ကြိုး တုတ်ကို လွှတ်လိုက်ပြီး လှုပ်ရှား ယိမ်းယိုင်ကာ ကမ်းပေါ် ခြေချမိ၊ နောက်မှ တဖြည်းဖြည်း ကိုယ်ရှိန်သတ် ရပ်တည်နိုင်တော့တယ်၊ တစ်ဖက်ကမ်းဆိုဘာက ဘဝ စသည်ရဲ့ တစ်ဖက်တစ်လမ်းဖြစ်တဲ့ နိဗ္ဗာန်၊ အဲဒီ နိဗ္ဗာန်တစ်ဖက်ကမ်း လှမ်းတက်လိုတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ မြောင်းခုန်မယ့်ယောကျား အရှိန်ယူ ပြေးရသလို ဥဒယဗ္ဗယ စသော ဗလဝဝိပဿနာတွေနဲ့ အရှိန်ယူ ပြေးလွှား ခဲ့ရပြီး ကိုယ်ကာယသစ်ကိုင်းမှာ ချိဆွဲတွဲလဲကျနေတဲ့ ရုပ်ဆိုတဲ့ကြိုး ဝေဒနာ စသော တုတ်တစ်ခုခုကို အနိစ္စ စသော လက္ခဏာ တစ်ခုခုတင် ဆင်ခြင်တဲ့ အာဝဇ္ဇန်းနဲ့ ဆင်ခြင်ဆဲကိုင်ခါ ပထမ အနုလုံနဲ့ခုန် ဒုတိယ အနုလုံနဲ့ နိဗ္ဗာန်ကမ်းဘက် ညွှတ်ယိမ်း၊ တတိယ အနုလုံနဲ့ တစ်ဖက်ကမ်းပေါ်ရောက် ယောကျားပမာ နိဗ္ဗာန်နဲ့ နီးကပ်လာ၊ ကြိုးလွှတ်လိုက်အပြီး တစ်ဖက်ကမ်း ခြေချမိတဲ့ယောကျားပမာ ထိုအနုလုံစိတ်မျှုပ်ပြီးနောက် သင်္ခါရ အာရုံလွှတ်ကာ ဂေါတြဘူစိတ်နဲ့ တစ်ဖက်ကမ်း နိဗ္ဗာန်ဇွန်း သက်ဝင် ကျရောက်သွားတော့တယ်၊ ကမ်းပေါ်ကျစ အနေ မကျသေးခင် လှုပ်ရှားယိမ်းယိုင်သော ယောကျားပမာ ဂေါတြ

ဘုဟာ အာရုံသစ်တစ်ခုရစ အာသေဝန အထုံမရသေးတဲ့အတွက် ခိုင်မြဲစွာ မတည်နိုင်သေး မဂ်သို့ရောက်မှ အထုံရကာ ကောင်းစွာ တည်နေနိုင်တော့တယ်။

ပထမ မဂ်ဉာဏ်

ဂေါတြဘူက-နိဗ္ဗာန်အာရုံကို ယူပြီး လွှဲအပ်ပေးလိုက်တော့ မဂ်က ဆက်ခံပြီး နိဗ္ဗာန်အာရုံကို ယူခဲ့တယ်၊ ဒီမှာတော့ အထုံရသွားပြီဖြစ်လို့ မဂ်ဟာ နိဗ္ဗာန်အာရုံကို စွဲမြဲတည်တံ့စွာ ယူနိုင်တယ်၊ ပြီးဝိပဿနာက အဆင့်ဆင့် မြင့်တက် ရင့်သန်လာကာ ကိလေသာကို ပယ်ခွာပေးခဲ့ပြီး ဖြစ်လို့ အထူးသဖြင့် ဝုဋ္ဌာနဂါမိနီအခိုက်မှာ ကိလေသာ အလွန် ကင်းရှင်းအောင် သုတ်သင်ပယ်ရှားနိုင်ခဲ့လို့ မဂ်အရောက်မှာ အထူးကြောင့်ကြ မစိုက်ရတော့ဘဲ ဆိုင်ရာ ကိလေသာကို တိကန် အပြတ် ဖြတ်တောက် နိုင်ခဲ့တယ်၊ ဒီမဂ်အခိုက် ဖြစ်နေကြတဲ့ ဗောဇ္ဈင်တရားတွေက အလွန်လည်းသိမ်မွေ့ အလွန်ဘဲ ထက်မြက်နေကြလို့ ၎င်းတို့စွမ်းအားက ကိလေသာ အပြတ်ဖြတ်ရန် လုံလောက်သောသတ္တိ အပြည့်ရှိနေခဲ့ခြင်းပါဘဲ၊ ချုပ်ငြိမ်းမှုဆိုတာက သင်္ခါရတရားဆိုလို့ လုံးဝမရှိတော့ အလွန်ဘဲ သိမ်မွေ့တဲ့ ဓာတ်အထူးဖြစ်ပါတယ်၊ ထိုချုပ်ငြိမ်းမှုဓာတ်က သိမ်မွေ့သည်နှင့် အမျှ ထိုချုပ်ငြိမ်းမှုထဲ အားရုံစွဲ သက်ရောက်နေကြတဲ့ ဗောဇ္ဈင်တရားတွေကလည်း အလွန်ဘဲ သိမ်မွေ့လျက် ရှိနေကြပါတယ်၊ မြင်ဖွယ်ခက်အောင် သိမ်မွေ့နေကြသော်လည်း ထိုအခိုက်ပဿဒ္ဓိ သမာဓိ စသည်တို့ရဲ့ ရသကတော့ နောင်ပြန်ဆင်ခြင်တဲ့ အခါ ခန့်မှန်းနိုင်လောက်အောင်တော့ ပေါ်လွင်တတ်ပါတယ်။

ပထမမဂ်၏ အာနိသင်

အနမတဂ္ဂသံသရာက တစ်ခါမှ မတွေ့ရ မကြုံရဘူး ထူးခြားတဲ့ ချုပ်ငြိမ်းမှုကို ကြုံတွေ့ရခြင်း, ယင်းပထမ သောတာပတ္တိမဂ်က ဒိဋ္ဌိ, ဝိစိကိစ္ဆာနဲ့ တချို့ အပါယ်လားစေ တတ်တဲ့ ကိလေသာတွေကို အပြတ်အရှင်းပယ်သတ်နိုင်ခြင်း,အပါယ်လားမှုကို လုံးဝတားဆီးနိုင်ခြင်း, အလွန်ဆုံး ခုနစ်ဘဝနောက် ဖြစ်ရမယ့် ခန္ဓာ ထိုခန္ဓာရဲ့အကြောင်း ကိလေသာ ကံတွေကို ပယ်သတ်နိုင်ခြင်း စသည်ဖြင့် ပြောမကုန်အောင် မြားမြောင်လှတဲ့ အကျိုးဂုဏ်အင် အာနိသင်နဲ့ ပြည့်စုံတဲ့ ပထမမဂ်ကို စတင်ရရှိခဲ့သော ယောဂီအဖို့ ပုထုဇဉ်ဘဝမှ တစ်ဖြစ်လဲကာ အရိယာအဖြစ် စဝန်းသို့ စတင်လှမ်းခဲ့ခြင်းပင် ဖြစ်တော့တယ်။

သောတာပန်ဖြစ်ခါ ဗောဇ္ဈင်အရသာ ခံရ

တစ်ကြိမ်တည်းနဲ့ ဆိုင်ရာ ကိလေသာတွေကို အပြတ်ရှင်းနိုင်တဲ့ မဂ်ဖြစ်ပြီးနောက် ထိုမဂ်၏အကျိုး ဖိုလ်စိတ် နှစ်ကြိမ်သုံးကြိမ် သင့်သလို ဖြစ်ရပါတယ်၊ မဂ်က ကိလေသာတွေ သတ်လိုက်တော့ ထိုကိလေသာငြိမ်းမှု ခံစံဖို့ ဆက်လက် ဖြစ်ရတဲ့ မဂ်၏အာရုံ နိဗ္ဗာန်ကိုဘဲ ဆက်လက်အာရုံပြုတဲ့ မဂ်၏ အကျိုးစိတ်ပါဘဲ၊ အဲဒီ ပထမဖိုလ်ကစပြီး သောတာပန် ပုဂ္ဂိုလ်အဖြစ် ရောက်ခဲ့ရတယ်၊ဖိုလ်အခိုက်ဗောဇ္ဈင်တွေကလည်းမဂ်အခိုက်ကလို ကိလေသာသတ်ဖို့ ကိစ္စ မရှိသော်လည်း ငြိမ်းအေးမှု စူးစိုက်မှုစသော ကိစ္စတွေကတော့ အလွန်ဘဲ ထူးခြားလျက်သာ ရှိနေကြပါတယ်၊ ဒီမဂ်အခိုက် ဖိုလ်အခိုက်က သခ်ါရတွေ ချုပ်ငြိမ်း

နေတဲ့အခိုက် ဖြစ်လေတော့ ဘာမှသိစရာမရှိ ဘာမှ မသိသလို ဖြစ်ကာ ချုပ်ငြိမ်းမှုထဲ စိတ်ဟာ သက်ရောက်နေခြင်း ပါဘဲ၊ ဒီနောက်တော့ မိမိကြုံတွေ့ခဲ့ရတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တွေကို ပြန်လည် ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဉာဏ်မျိုး ဖြစ်လာရလို့ မဂ်ဖိုလ် ရောက်မှန်း ချုပ်ငြိမ်းမှု နိဗ္ဗာန်ထဲ ရောက်သွားမှန်း သိရတယ်၊ ဒီနောက်တော့ ထိုသောတာပန် ပုဂ္ဂိုလ်ဟာ ဖိုလ်ဝင်စားတိုင်း ဝိပဿနာရှုတိုင်း ဗောဇ္ဈင်အရသာတွေ တွေ့နေ ခံစားနေရ တော့တာပါဘဲ။

အထက်မဂ်ဖိုလ် အရောက်မှာလည်း ဗောဇ္ဈင်အရသာ ခံရ

ဒီနောက်တော့ သောတာပန်ဖြစ်ပြီး ပုဂ္ဂိုလ်ဟာ ဒီတစ်ထိုင် တည်းမှာ ဖြစ်စေ နောင် သင့်လျော်ရာ အခါမှာ ဖြစ်စေ ဒီဥဒယဗ္ဗယစသော ဝိပဿနာတွေဘဲ အားထုတ်လို့ သကဒါဂါမိ မဂ်ဖိုလ် အနာဂါမိမဂ်ဖိုလ် အရဟတ္တမဂ်ဖိုလ်တွေ ဆိုက်ရောက် နိုင်ပါတယ်၊ အရဟတ္တမဂ်အထိ ဆိုက်ရောက်တဲ့ အခါကျယင် ဗောဇ္ဈင် ဘာဝနာဟာ လွန်စွာပြည့်မြောက် အထွတ်အထိပ်သို့ ရောက်တော့တာပါဘဲ၊ အဲဒီနောက်တော့ ဝိပဿနာ ဖလသမာ ပတ်တွေနဲ့ ဒီဌမမှသုခဝိဟာရခေါ် မျက်မှောက်ဘဝမှာ ချမ်းသာ စွာနေရမှုဆိုတဲ့ ဗောဇ္ဈင်အရသာတွေ တစ်သက်လုံး အသုံးပြု ခံစားနေရတော့တာပါဘဲ၊ က.... ဒီမျှနဲ့ ဗောဇ္ဈင်ဘာဝနာ အပြီးသတ်လိုက်ပါပြီ။

မိမိသည်သာ ကိုးကွယ်ရာ

ယခု တရားတော်ရဲ့ နိဂုံး အနေအားဖြင့် မိမိသည်သာ ကိုးကွယ်ရာ မိမိမှတစ်ပါး အခြား ကိုးကွယ်အားထားရာ မရှိဆိုဘဲ့ တရားတော်ကို အချုပ်အားဖြင့် ဟောကြားကြဉုးစို့။

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊
အတ္တသရဏာ အနညသရဏာ။

ဘိက္ခဝေ-ရဟန်းတို့။ အတ္တဒီပါ-မိမိဟူရာ ကျွန်းပေါသိမ့်ခိုရာရှိကြကုန်သည် ဖြစ်၍။ အတ္တသရဏာ-မိမိဟူကို ကိုးကွယ်အားထားရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ-မိမိမှတစ်ပါး တခြား အားထားကိုးစားရာ မရှိကုန်သည်ဖြစ်၍။ ဝိဟရထ-နေကြကုန်ဦးလော့။

ဒီဒေသနာမှာ ဘုရားရှင်က မိမိကိုသာ အားထားရာပြုနေကြ၊ မိမိမှတစ်ပါး တခြားကို အားထားရာပြုမနေကြနဲ့လို့ ဟောတော်မူရာမှာ မိမိဆိုတာဘာလဲ၊ မိမိဆိုတာ ဘာလဲလို့မေးယင် လူတွေက မိမိကိုယ်ကို လက်ညှိုးထိုးပြကြမှာပါဘဲ၊ ဒါလည်း လောကအလို မိမိဘဲမို့ အမှားလို့ဆိုတာ့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် ဒီအတ္တမိမိက တကယ့်အစစ် မုချ မိမိကို ဆိုလိုတာမို့ မိမိဇွဲကိုယ်ကို ဆိုတာ မဟုတ်ပါဘူး၊ ဒါဖြင့် မိမိကိုယ်သာ ကိုးကွယ်ရာ ပြုနေကြ ဆိုရာမှာ မိမိအစစ်က ဘာလဲ။

ကော ပနေတ္ထ အတ္တာနာမ၊
လောကိယ လောကုတ္တရော ဓမ္မော။

ဇော်ထား-မိမိကိုသာ အားထားရာပြုနေကြဆိုတဲ့ ဤဒေသနာ၌။ အတ္တာနာမ-အတ္တမည်သည်မှာ။ ကောပန-အဘယ်အရာပါတဲ့

နည်း။ လောကိယ လောကုတ္တရော-လောကီ လောကုတ္တရာ ဖြစ်သော။ ဓမ္မော-တရားပင် ဖြစ်တော့သည်-ဆိုတဲ့ အဋ္ဌကထာ အရ အတ္တ-မိမိ အစစ်က လောကီ လောကုတ္တရာ တရားဘဲလို့ သိရတယ်၊ ဒီအဋ္ဌကထာမှာ လောကီ လောကုတ္တရာ တရားကို ဘာလို့ အတ္တဆိုရသလဲဆိုတဲ့ မေးဖွယ်အချက်ကို ကေန္ဒ နာထ-ဘာဝတော-တကယ်ကိုးစား အားသားရာ ဖြစ်သောကြောင့်လို့ ဋီကာဆရာက အကြောင်းပြခဲ့ဘယ်၊ ဒီ ဋီကာအရ ကိုးစားရာ အားထားရာ တကယ်ဖြစ်မှ အတ္တ-မိမိဆိုရကြောင်း သိရပါတယ်၊ ဒီတော့ လောကီ လောကုတ္တရာတရားသာ ကိုးစားရာ အား ထားရာ အစစ် တကယ်ဖြစ်လို့ မိမိဆိုရကြောင်း စစ်မှန်သော အနှုတ် ပေါ်ထွက်လာရပါတယ်၊ ဒါလေးကို ထပ်စိစစ်ကြပါ ဦး။

ကိုယ့်ခန္ဓာဟာ အားထားရာလား

မိမိဆိုတာ ဒါဘဲလို့ မိမိတို့ပြောကြတဲ့ ကိုယ့်ခန္ဓာဟာ တကယ် ကိုးစား အားထားရာ ဟုတ်ပါရဲ့လား၊ ဘာရာ ဟာဝေ ပဠုက္ခန္ဓာ-ခန္ဓာငါးပါးဟာ တကယ်လေးလံတဲ့ ဝန်ထုပ် ဝန်ပိုးမျှားသာ ဖြစ်ကြောင်း ဟောတော်မူခဲ့တယ်၊ ဒီခန္ဓာကိုယ်ကြီးကို ကျွေးရ မွေးရ ဝတ်စားဆင်ရ နေရာပေးရ သုတ်သင် ပြုပြင်ယုယရတဲ့ ဒုက္ခဝန်ကြီးဟာ ဘယ့်ကလောက် လေးလှတယ်ဆိုတာ စဉ်းစား တတ်သူတိုင်း သိနိုင်အောင် ပေါ်လွင်လှပါတယ်၊ ဒီလို လေးလံ လှတဲ့ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို တယုတယ ပြုစုကြ ထမ်းဆောင် ကြရတဲ့ ပုဂ္ဂိုလ်တွေအဖို့ ဘယ်လောက်မျှား ခန္ဓာကိုယ်ကြီးက အကျိုးပြုပါသလဲ၊ တကယ်တော့ ဒီခန္ဓာကိုယ်ကြီးဟာ အိုရ

နာရ သေရနဲ့ ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီး၊ ဒုက္ခမျိုးစုံ အဖုံဖုံဟာ ဒီခန္ဓာက ပေါ်လာရတာတွေမို့ ကောင်းကျိုးမပေး ဒုက္ခသာ ပေးနေတဲ့ ခန္ဓာကိုယ်ကြီး၊ ဒီလိုဆို ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်လိုမျှား ကိုးစားအားထားရာ ဖြစ်ပါ့မလဲ။

မိမိဆိုရအောင် တကယ်ပိုင်ရဲ့လား

တစ်မျိုးပြောရယင် အတ္တ–မိမိဆိုတာ တစ်ပါးသူ တစ်ပါးအရာမဟုတ်တာကို ဆိုပါတယ်၊ ဆိုလိုရင်းက ကိုယ်ပိုင်ယင် ကိုယ့်အလိုကျဖြစ်ယင် အတ္တ–မိမိ၊ ဒီလို ကိုယ်မပိုင်တဲ့ ကိုယ့်အလိုကျမဖြစ်ဘဲ တစ်ပါးသူ တစ်ပါးအရာကို ပရ–သူတစ်ပါးလို့ ဆိုရပါတယ်၊ ကဲ–ဒီတော့ ခန္ဓာကိုယ်ကြီးဟာ ကိုယ်ပိုင်ဟုတ်ကဲ့လား၊ ကိုယ့်အလိုအတိုင်းကော ဖြစ်ရဲ့လား၊ ခန္ဓာကိုယ်သာမက ပစ္စည်းဥစ္စာ အသုံးအဆောင်တွေကိုပင် မိမိဥစ္စာ မိမိပိုင်အဖြစ် ဆိုကြပါသေးတယ်၊ ဒီကိုယ်နဲ့ ဒီဥစ္စာ မိမိပိုင် တကယ်ဟုတ်ကဲ့လား။

အဿကော လောကော သဗ္ဗံပဟာယ ဂမနီယံ။ လောကော–သတ္တာ ပြောရတဲ့လောကကြီးသည်။ အဿကော–ကိုယ်ပိုင်ဥစ္စာ မရှိပါခဲ့။ သဗ္ဗံ–အလုံးစုံသော ဥစ္စာကို။ ပဟာယ–တင်နေ့သော အခါ စွန့်ပယ်ခဲ့ပြီး။ ဂမနီယံ–သင့်ရာဘဝ သွားကြရမည်သာ တကား–ဆိုတဲ့ ဒေသနာအရ ပစ္စည်းဥစ္စာတွေက ကိုယ့်ဆီကထွက် တစ်ပါးသူထံ ရောက်ရောက်သွားတာ အထင်အရှားပါဘဲ၊ ကိုယ်နဲ့မကွာ ရှိနေပါတယ်ဆိုတဲ့ ပစ္စည်းတွေကိုပင် တစ်နေ့ သေရတဲ့အခါ အားလုံး စွန့်ခွာသွားရမှာမို့ ဒီအချက်က ကိုယ်ပိုင်ပါဘူးဆိုတဲ့ သဘောကို ပြနေပါတယ်၊ ခန္ဓာကိုယ်ကြီးကကော

မအိုစေချင်ပေမယ့် အိုရ, မနာစေချင်ပေမယ့် နာရ, မသေစေချင်လည်း နေမရ, ချမ်းသာစေလိုလည်း ကိုယ့်အလိုက္ပ မချမ်းသာရ၊ မဆင်းရဲစေချင်ပေမယ့် အလိုမက္ပ ဒုက္ခတွေက ဝင့်လာမစဲနဲ့ ဘယ်မှာ ကိုယ့်အလိုက္ပဖြစ်သလဲ၊ တစ်နေ့ကျ ဒီခန္ဓာကိုယ်ကြီးစုန်ရ၊ သုသာန်မှာ ပုပ်ပွကြေမွ ပျောက်ကွယ်ပျက်စီးရတဲ့ အခါ ခန္ဓာကိုယ်ကြီးက ငါ့ကို သင်မပိုင်ပါဘူးကွယ်လို့ ပြနေသလိုပါဘဲ၊ ဒီတော့ လောကအလို မိမိဆိုရသော်လည်း အစစ်မှုချက ကိုယ်ခန္ဓာဟာ အတ္တ-မိမိမဟုတ်သေး။

မိမိကိုးစားရာ မိမိပိုင်က ဓမ္မတွေ

ဒီဘော့ အစစ်အတ္တ- မိမိဆိုတာက ဓမ္မတွေ၊ လောကီလောကုတ္တရာတရားတွေ၊ လောကီ ဒါန သီလ ဘာဝနာ စသောတရားတွေက ခန္ဓာကိုယ်ကြီး ပျက်စီးပေမယ့် ဒီတရားတွေက မပျက်၊ ဘဝသံသရာမှာ ကိုယ့်နောက်ပါပြီး အမြဲတမ်း အကျိုးဆောင်မယ့်ဘရားတွေ သတိပဋ္ဌာန် စသော ဗောဓိပက္ခိယတရားတွေ ပွားစေယင် ဒီဘဝမှာဘဲ ငြိမ်းအေးခြင်း သုခ အမြိုက်အရသာ ကြုံတွေ့ရပါတယ်၊ အဆုံးသတ် အပြီးတိုင်ရောက်လို့ လောကုတ္တရာ ဓမ္မတွေ ရနေခဲ့ယင်တော့ ဝဋ္ဌဘဝ ဒုက္ခတွေ လုံးဝဇာတ်သိမ်း ချုပ်ငြိမ်းခြင်းသုခ အတုမရတဲ့ ချမ်းသာကို ခံစားရတော့မှာပါဘဲ၊ အတ္တ ပရသဘောနဲ့ ပြောယင်လည်း ခန္ဓာကိုယ် ပစ္စည်းတွေက ပျက်စီးမှာမို့ ကိုယ်နဲ့ ကွာရ ကင်းရမှာမို့ ပရ-တစိမ်းပြင်ပတွေ၊ ဓမ္မတွေကတော့ ကိုယ်နဲ့မကွာ ကိုယ်လိုလားတဲ့ စီးပွားချမ်းသာ အဖြာဖြာရအောင် အကျိုးဆောင်တတ်တာမို့ ကိုယ့်အလိုက္ပ ရှက်ဆောင်ပေးတတ်တာမို့

ပရ-တစိမ်းပြင်ပမဟုတ်၊ အတ္တအားစစ် မိမိ တကယ်ဖြစ်တယ်လို့ ဆိုရပါတယ်။

မဟာနာမ်အား ဟောကြားတဲ့တရား

ဒီနေရာမှာ ခန္ဓာက ပျက်စီး တရားက မပျက်ဆိုတဲ့ အချက်နဲ့ စပ်လို့ မဟာနာမ် သာကီဝင်ကို ရှင်တော်မြတ် ဟောကြားတဲ့ တရားတစ်ခုရှိရာ သတိပြုရပါဘဲ၊ တစ်နေ့ မဟာနာမ် သာကီဝင် ဘုရားရှင်ထံရောက်လာပြီး ကပိလဝတ် နေပြည်တော်ဟာ ပြည့်စုံစည်ကား လူအများ ပေါလှ လမ်း ကျဉ်း တွေက များကြောင်း, ဘုရားရှင်နဲ့ ရဟန်းတော်များ ဖူးမြော်ပြီး ညနေချမ်းအခါ နေပြည်တော်ဝင်အလာမှာ ရောက်ရက်ခတ် ပြေးလွှားလှုပ်ရှားတဲ့ ဆင် မြင်း ရထား လှည်း လူများနဲ့ဆုံ့ရကြုံ့ရတဲ့အခါ ဘုရား တရား သံဃာ အားရုံပြုတဲ့သတိဟာ မေ့ခဲ့ရ ပျောက်ခဲ့ရကြောင်း, ဒီလို မေ့ပျောက်ရတဲ့ တပည့်တော်အဖို့ ခုအချိန်များ ငါသေသွားယင် ငါ့လားရာဂတိ ဘယ်လိုများ ရှိပါ့မလဲလို့ စဉ်းစားမိကြောင်းများ လျှောက်ထားခဲ့တယ်။

မကြောက်နဲ့ မဟာနာမ် မကြောက်နဲ့၊ သင့်အဖို့ မကောင်းသော သေရခြင်းမျိုး ဖြစ်လိမ့်မယ် မဟုတ်လို့ မိန့်တော်မူပြီး မကောင်းသော သေခြင်းမျိုး မဖြစ်နိုင်ကြောင်း အကြောင်းပြ တရားဟောကြားတော် မူခဲ့ပါတယ်၊ ဒီတရား အချုပ်အားဖြင့် ပြောရယင် ထောပတ်အိုး ဆီအိုးတစ်ခုခုကို ရေနက်ထဲနှစ် ရိုက်ခဲ့ပစ်လျှင် အိုးခြမ်းကွဲတွေက အောက်ဘက်ရောက်သွားပြီး အိုးထဲက ထောပတ်ဆီတွေကတော့ အထက်တက်ရ ထူးခြားတဲ့ အခြေ

အနေ ရောက်ရသလို ကာလကြာမြင့်စွာ သဒ္ဓါ သီလ သုတ စာဂ ပညာမျှားဖြင့် ထုံထား ပွားစေထားတဲ့ စိတ်ရှိနေသူအဖို့ ခန္ဓာကိုယ်ကိုတော့ ကျီး လင်းတ စွန်ရဲ ခွေး မြေခွေး ပိုးအမျိုးမျိုး တို့က ခဲကြစားကြ၊ ကြာမြင့်စွာ သဒ္ဓါ စသည်ဖြင့် ထုံပွားထားတဲ့ စိတ်ကတော့ အထက်အထက် အမြင့်ဘက်ရောက်ရ၊ ထူးခြားသော အခြေသို့ရောက်ရကြောင်း, သင့်စိတ်ဟာ ကာလကြာမြင့်စွာက သဒ္ဓါ သီလ သုတ စာဂ ပညာတရားများ ထုံပွားထားရှိနေလေတော့ ကြောက်ဖို့မလိုကြောင်း, မကောင်းသောသေခြင်းမျိုး ဖြစ်လိမ့်မည်မဟုတ်ကြောင်း မိန့်တော်မူခဲ့ပါတယ်။

ပရမတ္ထအရ ဓမ္မသာ အတ္တင်း မိမိ

တစ်မျိုးပြောရဉ့်လျှင် အတ္တဆိုတာ အတ္တင်းကျတဲ့အရာကို ခေါ်တာ၊ လောကက မိမိအတ္တင်းကိုယ်ကို အတ္တ၊ မိမိ အပြင်ကျတဲ့အရာကို ပရ-သူတစ်ပါး ဆိုပါတယ်၊ အတ္တ ဝါဒသမားများအလိုဆိုယင် အတ္တင်းက ဇီဝအသက်ကလေးဟာ အတ္တင်းအကျဆုံးပါဘဲ၊ ဒါပေမယ့် ဒီ ဇီဝကောင် အတ္တက တကယ်ရှိတာမဟုတ်တော့ သူတို့အထင်နဲ့ ပညတ်ထားတဲ့ ပညတ် အတ္တကောင်ကလေးပါဘဲ၊ သာမန်လူများအမြင်မှာတော့ အတ္တင်းကျတဲ့ကိုယ်ဆိုတာ တစ်ကိုယ်လုံးပါဘဲ၊ တစ်ကိုယ်လုံးကို အတ္တင်းမိမိအဖြစ် ယူဆနေကြတယ်၊ ဒါလည်း ပညတ် အတ္တပါဘဲ၊ တကယ် အတ္တင်းအစစ်ကို အရင်းအမြစ်ကျကျ ရှာဖွေကြတဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ ဓမ္မတရားကို တွေ့ကြရပါတယ်။

အတ္တာနာမေတ္ထ ပရမတ္ထတော ဓမ္မော အဘ္ဘန္တရင္ဌေန။

ဇွေ-ဤ မိမိသည်သာ အားထားရာဆိုတဲ့ အချက်၌။ အတ္တာ နာမ-အတ္တ မိမိမည်သည်မှာ။ ပရမတ္ထတော-အစစ်အမှန်အချက် ကောင်းမြတ်သော အနက်ဆိုရတဲ့ ပရမတ္ထအားဖြင့်။ အဘ္ဘန္တရ ဌေန-အတွင်းဟူသော အနက်သဘောအရ၊ ဓမ္မော-တရားပင် ဖြစ်တော့သည်-ဆိုတဲ့ ဋီကာအရ အတ္တ-အနက်အစစ် ပေါ်လာ ပါတယ်။

ဒီဟာ့ မိမိကိုယ်သာ အားထားနေကြဆိုတဲ့ နေရာမှာ မိမိ ဆိုတာ ဘုရားအလိုတော်က ကိုယ်ခန္ဓာကို မိန့်လိုရင်းမဟုတ်၊ ဓမ္မကိုသာ ဆိုလိုတယ်ဆိုတာ ပေါ်လာပါတယ်၊ ဒါ့ကြောင့်ဘဲ မိမိကိုယ်သာ အားထားရာ ပြုနေကြဆိုတဲ့ အမိန့်တော်နောက်က အတ္တအရ ထပ်ဖွင့်ပြတဲ့ အနေအားဖြင့် "ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ"လို့ ဟောတော်မူခဲ့ပါတယ်။ ဓမ္မဒီပါ-တရား တော်သာ ကျွန်းပမာသဲ မှီဌိုရာရှိကြကုန်သည်ဖြစ်၍။ဓမ္မသရဏာ-တရားတော်သာ ကိုးကွယ် အားထားရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ-တရားမှတစ်ပါး ဒ.ခြားအားထားရာ မရှိကြ ကုန်သည်ဖြစ်၍။ ဝိဟရထ-နေကြကုန်လော့။

ကိုယ့်ကိုယ်ကိုသာ အားထားရာဆိုတာ

ဓမ္မပဒမှာ "အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရေ သိယာ"မိမိသည်သာ မိမိ၏ အားထားရာ၊ မိမိမှ တစ်ပါး တခြားသူဟာ ဘယ်မှာ မိမိ၏ အားထားရာ ဖြစ်ပါ့ မလဲဆိုတဲ့ တရားမှာလည်း အတ္တာ-မိမိဆိုတာ တရားကိုဆိုတာ

ပါဘဲ၊ ကိုယ့်စွမ်းအား ကိုယ့် လုံ့လနဲ့သာ ကိုယ် ရနိုင်တာ၊ သူတစ်ပါးက လုပ်ပေးလို့ ရနိုင်တာမဟုတ်ပါဘူး၊ သူတစ်ပါး တရားက ကိုယ့်ကို အကျိုးပြုနိုင်တာ မဟုတ်ပါဘူး၊ ကိုယ့် သတိ ပဋ္ဌာန် ကိုယ့်ဗောဇ္ဈင် စသော ကိုယ့်တရားမျှားကသာ ကိုယ့်ကို အကျိုးပြုနိုင်တာမို့ ကိုယ့်ကိုယ်ကိုသာ အားထားရာဆိုတဲ့ စကား ကလည်း တရားပြဘဲ ဖြစ်ရတော့တယ်။

ညွှန်ကြားချက်သာ သူ့တွက်တာ

နောက်က ကလျာဏမိတ္တ မိတ်ကောင်း ဆွေကောင်းဟာ မဂ်ဆိုတဲ့ အကျင့်မြတ်၏ အလုံးစုံ ဆိုရလောက်အောင် အရေးပါ ကြောင်း ဆိုခဲ့ပါတယ်၊ ဒီတော့ တစ်ပါးအားထားရုံလဲ ရှိသေး တယ်မဟုတ်လားလို့ ပြောစရာရှိပါတယ်၊ ဒါက တရားညွှန်ကြား ချက်အတွက် ပြောတာပါ၊ အလုပ်ကတော့ ထိုကလျာဏ မိတ္တက လုပ်ပေးနိုင်တာ မဟုတ်ပါဘူး၊ ကိုယ်လုပ်မှကိုယ်ရ၊ ကိုယ်အကျိုး ခံစားရတာပါ။

ဥပဒေသမတ္တမေဝ- ဟိ ပရသ္မိं ပဋိဗဒ္ဓံ၊
အညာ သဗ္ဗာသမ္ပတ္တိ ပုရိသဿ အတ္တာမိနာဝ။

ဟိ-မ်ိုမိကိုသာ အားထားရာပြုရမည်မှာ အမှန်သာ ဖြစ်ပါ တော့၏။ ဥပဒေသမတ္တမေဝ-ကျင့်ကြံကြိုးစားအားထုတ်ဖို့တွက် ညွှန်ပြ ချက် မျှ သည် သာ လျှင်။ ပရသ္မိं - တစ်ပါးပုဂ္ဂိုလ်၌။ ပဋိဗဒ္ဓံ- ဆက်စပ် သက်ဆိုင်လျက် ရှိခဲ့၏။ အညာ- ဥပဒေသ ညွှန်ကြားချက်မှ တစ်ပါးသော။ သဗ္ဗာ သမ္ပတ္တိ-ကိုယ့်မှာလက်ရ ပြည့်စုံမှုမှန်သမျှမှာ။ ပုရိသဿ-ထိုထိုအလုပ် အားထုတ်ကြိုးပမ်း

ပြုနိုင်စွမ်းသော ပုဂ္ဂိုလ်၏။ အတ္တာဓိနာဝ-မိမိဆိုရ ထိုထိုဓမ္မနှင့် သာ ဆက်စပ်ပတ်သက် သက်ဆိုင်လျက်ရှိပါပေ၏။

၄ ၀၀
ကျင့်ရမှာက မမသာ

ကဲ... ဒီတော့ သတိပဋ္ဌာန် စသော ထိုထိုမမ္မာ ဘုရားရှင် စသော ကလျာဏ မိတ္တတွေက ဒီလိုပဲဗား ဒီလိုရှုနဲ့ နည်းပေး လမ်းပြရုံသာ တတ်နိုင်ကြပါတယ်၊ တကယ် ထိုတရားတွေရဖို့ ထိုတရားတွေရဲ့ အကျိုးအာနိသင် စုံလင်ပြည့်ဝ ခံစားရဖို့ အရေး မှာတော့ တစ်ပါး ပုဂ္ဂိုလ်နဲ့မဆိုင် မိမိနဲ့သာဆိုင်၊ သူတစ်ပါး ရနေတဲ့ဓမ္မက မိမိအတွက် အကျိုးပြုမှာမဟုတ်၊ မိမိ ရနေတဲ့ ဓမ္မကသာ မိမိအကျွတ်အကျိုးပြုမှာဖြစ်တော့ သတိပဋ္ဌာန် စသော ဓမ္မကိုအားကိုးပြုကာ နေကြရမယ့်အကြောင်း ဟောတော်မူခြင်း ဖြစ်ပါတယ်။

တို့ဘုရားမျှားက ဟောရုံသာ ဟောနိုင်ကြတယ်၊ ကျင့်ဖို့ ကတော့ တို့နဲ့မဆိုင် သင်တို့ကိုယ်တိုင်ပြုရမယ့် အလုပ်ဖြစ်ကြောင်း ဟောတော်မူတဲ့ ဒေသနာကိုလည်း သေချာစွာ နှလုံးထား သင့် ကြပါတယ်။

ဓမ္မပဒလာ ဒေသနာ

တုမ္မေဟိ ကိစ္စမာတပ္ပံ-အက္ခာတာရော တထာဂတာ၊
ပဋိပန္နာ ပမောက္ခန္တိ-စျာယိနော မရဏ္ဍနာ။

တုမ္မေဟိ-ဓမ္မမှန်ကို၊ ရရှိနှိုင်းမှန်း၊ သင်ရဟန်းတို့သည်။ အာတပ္ပံ-ဤမက်လမ်းမျိုး၊ ကိုယ့်အကျိုးမို့၊ အရိုးကြေကြေ၊

အခရခန်းခန်း၊ မဆုတ်တမ်းဟု၊ လူ့ဘုံမ်းကောင်းတုန်း၊ နှလုံးလှလှ၊ အသုံးချရိုး၊ လုံ့လမျိုးကို။ ကိစ္စ-မနေမနား၊ ထွေထွေပွားလျက်၊ တရားဒေစု၊ အားအထုကို၊ ယခုထုတ်ကာ၊ ပြုလုပ်သင့် ပြုလုပ်ထိုက်ပါပေ၏။ တထာဂတာ-ရှေးဘုရားပေါင်း၊ တရားဟောင်းဟု၊ လမ်းကောင်းထုတ်ဟာ၊ သရုပ်ပြတဲ့၊ ဗုဒ္ဓထုတ်တင်၊ ငါအရှင်မြတ်တို့သည်။ အကွာတာရော-ဤလမ်းမသင့်၊ ဤလမ်းကျင့်ဟု၊ အခွင့်လုံ့လ၊ အသုံးချဖို့၊ ဆုံးမရုံသော်၊ မိန့်ဖော်ထုတ်ပြ၊ ဟောကြားတော် မူတတ်ကြပါပေကုန်၏။ ပဋ္ဌိပန္နာ-ဓမ္မအလုပ်မှာ၊ ငါ့ဦးစွာဟု၊ ထုတ်ကာလုံ့လ၊ အသုံးချသဖြင့်၊ အခွင့်လှလှ၊ ကျင့်ကြံကြသူတို့သည်။ စျာယိုနော-ရှုထိုက် ပွားထိုက်၊ တရားဌာလျှင်၊ စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်ကြကုန်လျက်။ မာရဗန္ဓနာ-တောဘုမက်၊ ဝဋ္ဌဘဝဟု၊ ဒုက္ခခပင်း၊ မုချညှဉ်းဖို့၊ မာရ်မင်းထောင်တဲ့၊ အနှောင်အဖွဲ့မှ။ ပမောက္ခန္တိ-မင်ဖိုလ်ရှစ်တန်၊ နိဗ္ဗာန်တစ်ပါး၊ တရားတမ္ဘတ်၊ အရဆွတ်လျက်၊ အထွတ်ပေါက်တုံ၊ လွတ်မြောက်ကြရကုန်လိမ့်တကား။

သတိပဋ္ဌာန်ဖြင့် ဗောဇ္ဈင်ပွားမှုပြီး

ဒီအမိန့်တော်အရ ကိုယ်ကျင့်မှ ကိုယ်ရ ကိုယ့်ကိုယ်ကိုသာ အားထားရာဆိုတဲ့ အဓိပ္ပာယ်ဟာ ပေါ်လောက်ပါပြီ၊ ဒီနေရာ မိမိကိုယ်သာ အားထားရာ ပြုနေကြ ဆိုရာမှာ အတ္တအရ တရားကိုယ် သတိပဋ္ဌာန်လေးပါး ပွားများရမယ့် အကြောင်း ဟောတော်မူခဲ့ပါတယ်၊ ဒီသတိပဋ္ဌာန်လေးပါးပွားယင်ဗောဇ္ဈင်ပွားမှု ကိစ္စလည်း ပြီးနေတာပါဘဲ၊ ဒါကို နော်ဂက်ကလည်း

ပြောခဲ့ပါပြီ၊ ဗောဓိပက္ခိယတရားတွေမှာ တစ်ခုခု ပွားနေယင် ကျန်တရားတွေဟာ ပါနေလျက်သာ ရှိပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်ပွားယင် မဂ္ဂင်ပွားမှုလည်း ပါဝင်နေတာပါ၊ သမ္မာဒိဋ္ဌိစသည့် တရားတွေဟာ သတိပဋ္ဌာန် ပွားတဲ့အခါ ဖြစ်နေရတဲ့ တရားတွေပါဘဲ၊ ထို့အတူ သတိပဋ္ဌာန်အားသန်သန် ပွားယင် သမ္မပ္ပဓာန်လည်း ပွားမှုပြီးနေတာဘဲ၊ သာမန် ဆန္ဒစိတ် ဝိရိယ ပညာနဲ့ သတိပဋ္ဌာန် ဘာဝနာဟာ ထမြောက်ပြီးစီးနိုင်တာ မဟုတ်ပါဘူး၊ တဲကယ်ထက်သန်တဲ့ ဆန္ဒ စိတ် ဝိရိယ ပညာနဲ့သာ ခရီးရောက်နိုင်တာမို့ သတိပဋ္ဌာန်ပွားယင် ဣဒ္ဓိပါဒ် ပွားမှုဟာလည်း တပါဘည်း ပြီးနေတာပါဘဲ၊ သဒ္ဓါစသော ဣန္ဒြေ ဗိုလ်တရားများ ထက်မြက်မှ သတိပဋ္ဌာန်ပွားမှု အရာရောက် အရေးပါနိုင်တာမို့ သတိပဋ္ဌာန်ပွားခြင်းဖြင့် ဣန္ဒြေရော ဗိုလ်ရော ပွားမှုကိစ္စ ပြီးနေတာပါဘဲ၊ ဒီတော့ မဂ်အခိုက်မှာ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး ဖြစ်ရသလို သတိပဋ္ဌာန် ဘာဝနာမှာ လည်း ဗောဓိပက္ခိယတရားတွေ ဖြစ်နေတာမို့ သတိပဋ္ဌာန် ပွားဖို့ စကားနဲ့ ဗောဇ္ဈင်ပွားမှုလည်း ပြီးနေတော့တာပါဘဲ။

ကဲ....ဒီတော့ သတိပဋ္ဌာန်ဆိုတဲ့ စားကျက်မှာ ကျက်စား၊ မိမိဆိုတဲ့ တရားသာ မှီခိုအားထားကြ၊ ဒီလိုနဲ့ ဗောဇ္ဈင်တွေ ဖြစ်ပွားစေပြီး ဒုက္ခ အဆုံးသတ်မှု ပြုနိုင်ကြလိမ့်မယ် ဆိုတဲ့ မိုးထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်စံမှု အကြောင်းပြုပြီး သူရားရှင် မိန့်ကြားတဲ့ ဩဝါဒ ဥဒယျာဇဉ်စကားနဲ့ နိဂုံးချုပ်လိုက်ရပါတယ်။

အတ္တဒီပါ တတော ဟောထ-သတိုပဋ္ဌာန ဂေါစရာ၊
ဘာဝေတ္ဝာ သတ္တဗောဇ္ဈင်-ဒုက္ခသန္တိ ကရိသထ။

(ဘိက္ခဝေါ)ရဟန်းတို့၊ တဝေ-နိဗ္ဗာန်ဆိုက်က၊ ဒုက္ခဂတို့-ကင်းကွာရသည်၏ အဖြစ်ကြောင့်။ သတိပဋ္ဌာန ဂေါစရာ-သတိပဋ္ဌာန်လေးပါး တရားတော်သာ ကျက်စားရာ ရှိကြကုန်သည်ဖြစ်၍။ အတ္တဒီပါ-မိမိဆိုရ၊ မြတ်ဓမ္မသာ၊ ကျွန်းပမာသို့ မှီခိုရာရှိကြကုန်သည်။ ဟောထ-ကိုယ်တွေ့အရှိ၊ အသိထင်ထင်၊ အမြင်ပွားထို့၊ ဖြစ်ကြကုန်လော့။ သတ္တဗောဇ္ဈင်-ဗောဇ္ဈင်ခုနစ်ပါး၊တရားမြတ်ရတနာတို့ကို။ဘာဝေတ္ဝာ-ကိုယ့်သန္တာန်တွင် ထင်ရှားပြည့်ဝ၊ ဖြစ်စေကြကုန်ပြီးသော်။ ဒုက္ခသ-မပြတ်မစဲ၊ ထပ်တဲလဲဖန်လာ၊ သံသရာဝဋ်ဒုက္ခ၏။ အန္တံ-အရဟတ္တ၊ နိဗ္ဗာန်ရလျက်၊ လုံးဝပြုန်းလတ်၊ အဆုံးသတ်ကို။ ကရိသထ-ပြုနိုင်မည်မှာ လွန်သေချာ၊ ဤငါ နှိုးဆော်ချက်ပေတည်း။

တရား ရှိသင့်ရာ အခွင့်အခါကောင်းကြီးကို လွတ်မသွားစေမှိ ကြိုးစားရကြမှိ

တိုက်တွန်းတော်မူတဲ့ ဘုရားအမိန့်တော်က

မာ ဝေါ ခဏံ ဝိရာဓေထ-
ခဏာတီတာ ဟိ သောစရေ-
သဒတ္ထော ဝါယမေယျာထ-
ခဏော ဝေါ ပဋိပါဒိတော- တဲ့။

ဝေါ-မနုဿတို့၊ ဒုလ္လဘာနဲ့၊ ကြုံရဆဲမှာ၊ အခါကောင်းထင်၊ သူတော်စင်တို့သည်။ခဏ-အလွန်ထူးခြား၊မြတ်တရားနှင့်အလား

သင့်သင့်၊ဘုရားပွင့်ရာ အခွင့်အခါကောင်းကြီးကို။မာဝိရာဓေထ-အခွင့်သာဆဲ၊ အားကုန်ခဲ့တော့၊ အကဲမှားချေ၊ လွဲမသွားကြပါစေလင့်။ ဟိ·လွဲဖို့မတော်၊ ကျော်ဖို့မကောင်းကြ၊ အကြောင်းပြုရလျှင်။ ခဏာတိတာ·တရားကျင့်ဖို့ အလားသင့်လာ၊ခွင့်အခါကို၊ လွှင့်ကာမှတော်၊ ကျော်လွန်သွားကြသူတို့သည်။ သောစရေ-သံသရာရေး၊ဘေးအဖုံဖုံ၊ကြုံရကာမှ၊မှားလေစွဟု၊နှောင်တရတို့၊ ပူဆွေးရကုန်တော့သတည်း။ သဒ္ဓေ-ကိုယ့်စီးပွားစစ်၊တကယ်ဖြစ်သည့်၊ အနှစ်အသား၊ ပွားမဆုတ်တမ်း၊ တရားလုပ်ငန်း၌။ ဝါယမေယျာထ-ဇွဲသန်သန်ထား၊ ရဲမာန်အားဖြင့်၊ နှိုးကြားထကြ၊ ကြိုစားကြပါကုန်လော့။ ဝေါ-ပုဗ္ဗေကတ၊ အခြေလှလျက်၊ အရတော်ချင်၊ သင်သူတော်စင်တို့သည်။ ခဏော-မြတ်တရားနှင့်၊ အလားသင့်သည့်၊ ဘုရားပွင့်ရာ၊ အခွင့်အခါကောင်းကြီးကို။ပဋိပါဒိတော-တစ်ခေတ်တစ်ခါ၊ကြုံခဲ့ဌာကို၊အခါသင့်တုံ အခွင့်ကြုံ၊ ဆုံနေဆိုက်ခဲ့ပြီတကား။

မဟာဝဂ္ဂသံယုတ်လာ အရှင်မဟာကဿပမထေရ် မြတ်အားဟောကြားတော် မူအပ်သော

ဗောဇ္ဈင်ခုနစ်ပါး

တရားဒေသနာတော် ပါဠိ အနက်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ-

၁။ သတိသမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ သမ္မဒက္ခာ-
တော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မော-
ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မ ဝိစယ သမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ သမ္မ-
ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ
သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၃။ ဝီရိယသမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ သမ္မဒက္ခာတော
ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

၄။ ပီတိသမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ သမ္မဒက္ခာတော
ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

၅။ ပဿဒ္ဓိ သမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ သမ္မဒက္ခာ-
တော ဘာဝိတော ဗဟုလီကတော အဘိညာယ
သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ သမာဓိ သမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ သမ္မဒက္ခာ-
တော ဘာဝိတော ဗဟုလီကတော အဘိညာယ
သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ ဥပေက္ခာ သမ္မောဇ္ဈင်္ဂါ ခေါ် ကသိုပ မယာ
သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ
သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ် ကသိုပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မ
ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ
သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကဿပ-ကဿပ။ မယာ-အရိယာဆင့်၊ တန်းအမြင့်သို့၊ လှမ်းခွင့်အပ်ချင်၊ မြတ်အရှင် ငါသည်။ သမ္မဒက္ခာတာ-စီးပွားကောင်းရန်၊ အကြောင်းမှန်ဖြင့်၊ နည်းသင့်လမ်းကျ၊ ထုတ်ဟမြှက်ဖော်၊ ဟောကြားတော်မူအပ်ကုန်သော။ သတ္တ-ရေတွက်ညွှန်ကြားခုနစ်ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ-သစ္စာကိုသိ၊ ဗောဓိသင်းတွင်၊ အဝင်အပါ၊ အင်္ဂါမျှားပင်၊ ဤဗောဇ္ဈင်တို့သည်။ ဘာဝိတာ- ကိုယ့်သန္တာန်တွင်၊ အထင်အရှား၊ အဖြစ်မျှားဖို့၊ မနှားမနေ၊ ပွားစေအပ် ကုန်သည်ရှိသော်။ ဗဟုလီကတာ— အရှိန်သန်အောင်၊ ကြိုးဖန်မျှားစွာ၊ အလေ့အလာ ပြုအပ်ကုန်သည် ရှိသော်။ အဘိညာယ- အနိစ္စစသည်၊ သိုးလိခြင်းရာ၊ ဉာဏ်ထူးစွာဖြင့်၊ သေချာထင်လင်း၊ သိရှိခြင်းငှာ။ သမ္မောဓာယ-မဂ်သို့ချဉ်းရောက်၊ အလင်းပေါက်အောင်၊ ထွင်းဖောက်ထင်လင်း၊ ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ-ဒုက္ခခပ်သိမ်း၊ အေးငြိမ်းရာမှန်၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္တန္တိ-အကြောင်းသာလျက်၊ ကောင်းစွာမသွေ၊ ဖြစ်ကြပါပေကုန်၏။

သတ္တ-ငါရှင်ညွှန်ကြား၊ ခုနစ်ပါးတို့မှာ။ ကတမေ အာဘယ် တရားတို့ပေနည်း။

၁။ ကဿပ-ကဿပ။ မယာ—ကိုလေသာကို၊ ပယ်ခွာနိုင်ရေး၊ နည်းပေးညွှန်ကြား၊ ငါဘုရားသည်။ သမ္မဒက္ခာတော--အကြောင်းသင့်တန်၊ နည်း လမ်း မှန် ဖြင့်၊ သိရန်သတ်မှတ်၊ ဟောကြားတော်မူအပ်သော။ သတိသမ္မောဇ္ဈင်္ဂါ-သတိဟူတွင်၊ ဗောဇ္ဈင်တရားသည်။ ဘာဝိတော-တဲ့ရားတွေတဲ့ကာ၊ ဆက်ဆက်မျှားဖို့၊ မနှားမနေ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော-အရှိန်သန်အောင်၊ ကြိုးဖန်မျှားစွာ၊ အလေ့အလာပြုအပ်သည်

ရှိသော်။ အဘိညာယ–ဝိပဿနာ၊ ပညာဖြင့်ဖိ၊ အရှိထင်လင်း၊ သိမြင်ခြင်းငှါ။ သမ္မောဓာယ – အထက်ဆင့်ပေါက်၊ မဂ်ဖြင့်ရောက်၊ ထွင်းဖောက်ကောင်းစွာ၊ သိခြင်းငှါ။နိဗ္ဗာနာယ–ဒုက္ခဝဋ်ကိန်း၊ လုံးဝသိမ်း၊ ချုပ်ငြိမ်းအေးဖို့ရာ။ သံဝတ္တတိ–အကြောင်းသင့်ကာ၊အခွင့်သာ၊ ကောင်းစွာဖြစ်ပါပေသတည်း။

၂။ ကဿပ–ကဿပ။ မယာ–သတ္တဝါများ၊ ချမ်းသာပွားဖို့၊ လိုလားမြော်မြင်၊ ငါအရှင်သည်။ သမ္မဒက္ခာတော–အကြောင်းသင့်တင့်၊ အခွင့်သာရန်၊ နည်းလမ်းမှန်ဖြင့်၊ သိရန်သတ်မှတ်၊ ဟောတော်မူအပ်သော။ ဓမ္မဝိစယသမ္မောဇ္ဈင်္ဂါ–တရားစဉ်လာ၊ ဆင်ခြင်ရာဟု၊ ပညာအမြင်၊ ကောင်းမြတ်သော ဗေဒင်သည်။ ဘာဝိတော–ကိုယ့်စွမ်း ကိုယ့်အား၊ မြှင့်တင်ထားလျက်၊ မနှားမနေ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော–စွမ်းအင်တိုးရန်၊ အရှိန်သန်ဖို့၊ ကြိမ်ဖန် များစွာ၊ အလေ့အလာ ပြုအပ်သည်ရှိသော်။ အဘိညာယ–ဝိပဿနာ၊ ပညာဖြင့်ဖိ၊ အရှိထင်လင်း၊ သိမြင်ခြင်းငှါ။ သမ္မောဓာယ-မဂ်ဖြင့်ထွင်းကာ၊ လေးသစ္စာကို၊ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ-ကိလေသာခပင်း၊ လုံးဝကင်းချုပ်ခြင်း နိဗ္ဗာန်အလို့ငှါ။ သံဝတ္တတိ-မဆုတ်နစ်ကာ၊ အကြောင်းသာ၊ ကောင်းစွာဖြစ်ပါပေသတည်း။

၃။ ကဿပ–ကဿပ။ မယာ-ဒုက္ခကင်းရေး၊ နည်းလမ်းပေးလျက်၊ ငြိမ်းအေးခြင်းဖော်၊ ငါကိုယ်တော်သည်။ သမ္မဒက္ခာတော-အကြောင်းလျော်ကန်၊နည်းလမ်းမှန်ဖြင့်၊သိရန်သတ်မှတ်၊ ဟောကြားတော် မူအပ်သော။ ဝိရိယသမ္မောဇ္ဈင်္ဂါ-ဝိရိယတွင်၊

ကောင်းမြတ်သောဗေဒင်သည်။ ဘာဝိတော-အသစ်သစ်မျှား၊ ဖြစ်စေသားဟု၊ မနှားမနေ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော-ထပ်တလဲလဲ၊မစဲမနှား၊ အထုံပွားအောင်၊ အားဆောင်သမျှ၊ မျှားအောင်ပြုအပ်သည်ရှိသော်။ အဘိညာယ-ဝိပဿနာ၊ ပညာ မြင့်တက်၊ သွက်လက် ထင်လင်း၊ သိမြင်ခြင်းငှါ။ သမ္မောဓာယ-အမှန်လေးချက်၊ တရားနက်ကို၊ ဉာဏ်မဂ်ဖြင့်ထွင်း၊ ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ-ဝဋ်ဆင်းရဲတို့၊ ကင်းစဲရုပ်သိမ်း၊ ချုပ်ငြိမ်းရာမှန်၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္တတိ-တစ်ခေတ်ပြောင်းကာ၊ အကြောင်းသာ၊ ကောင်းစွာဖြစ်ပါ ပေသတည်း။

၄။ ကာသပ-ကာသပ။ မယာ-ကိုလေသာ ကင်း၊ စင်ကြယ်ခြင်းကို၊အပ်နှင်းထားချင်၊ ဘုရားရှင်ငါသည်။ သမ္မဒက္ခာတော-နည်းကျလမ်းကျ၊အကြောင်းရဖြင့်၊ ညွှန်ပြသောအား၊ သဘောသွားမှတ်၊ ဟောကြားအပ်သော။ ပိတိသမ္ဗောဇ္ဈင်္ဂါ-ပိတိဟူတွင်၊ ကောင်းမြတ်သော ဗေဒင်သည်။ ဘာဝိတော-ဘာဝနာဉာဏ်၊ ထက်သန်စေသား၊ မနှားမနေလတ်၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော-ဘာဝနာထုံအား၊ မျှားဖို့ရှယ်ချိန်၊ ကြိမ်ကြိမ်ထပ်ထပ်၊ မရပ်မစဲ၊ ထပ်တလဲလဲ ပြုအပ်သည်ရှိသော်။ အဘိညာယ-အသိမြတ်ဟု၊ ဝိပဿနာ၊ ပညာထင်လင်း၊ အထူးသိခြင်းငှါ။ သမ္ဗောဓာယ-မဂ်အမြင်ရောက်၊ အလင်းပေါက်လျက်၊ ထွင်းဖောက်ထင်လင်း၊ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ-သခါရတို့၊ လုံးဝငြိမ်းရာ၊ ချမ်းသာကေန်၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္တတိ-အရိယာဖြစ်၊ တစ်ခေတ်ပြောင်းစရာ၊အကြောင်းသာ၊ ကောင်းစွာဖြစ်ပါပေသတည်း။

၅။ ကာယ-ကာယ။ မယာ-ဝင့်စခန်းမှ၊ လွတ်လမ်းပြုဖို့၊ ဓမ္မဓာတ်ဆင်၊မြတ်အရှင် ငါသည်။သမ္မဒကွာတော-အကြောင်းသင့်ဘိ၊ယုတ္တိလည်းတန်၊နည်းလမ်းမှန်ဖြင့်၊ ရှေဘက်ဖော်လတ်၊ ဟောတော်မူအပ်သော။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ— ပဿဒ္ဓိတွင်၊ ကောင်းမြတ်သော ဗောဇ္ဈင်သည်။ ဘာဝိတော-ဘာဝနာစွမ်းအား၊ မျှားထက်မျှားအောင်၊ မနှားမနေလတ်၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော—ကြိပ်ဖန်မျှားလတ်၊ ထပ်တလဲလဲ၊ အထုံစံ့မိ၊ အလေ့အလာပြုအပ်သည်ရှိသော်။ အဘိ-ညာယ-အနိစ္စစသည်၊ သုံးလီတင်လတ်၊ ဝိပဿနာပညာရှိပြီး၊ အသိကြီးလျက်၊ ဖိစီးနှိုင်နင်း၊ သိမြင်ခြင်းငှါ။ သမ္မောဓာယ-အမှန်လေးချက်၊ တရားထက်ဝယ်၊ ဉာဏ်မဂ် ဖောက်ထွင်း၊ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ-သစ်ခါရစဲ၊ ချုပ်မြဲဆိတ်ညံ၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္တာတိ-အရိယာတန်း၊တစ်ခန်းပြောင်းစရာ၊ အကြောင်းသာ၊ ကောင်းစွာဖြစ်ပါပေသတည်း။

၆။ ကာယ-ကာယ။ မယာ- သံသရာနယ်ပြင်၊ သမုဒ်ခွင်မှ၊ ထုတ်တင်တတ်စွာ၊ အမြတ်ငါသည်။ သမ္မဒကွာတော-စီးပွားဖြစ်ရိုး၊ အကျိုးရရန်၊ နည်းလမ်းမှန်ဖြင့်၊ အကြောင်းသင့်တော်၊ အခွင့်ဖော်လတ်၊ ဟောတော်မူအပ်သော။ သမာဓိ သခမ္ဗောဇ္ဈင်္ဂါ—သမာဓိတွင်၊ ကောင်းမြတ်သော ဗောဇ္ဈင်သည်။ ဘာဝိတော-အားကြိုးမာန်တက်၊ ဆက်ဆက်ဖြစ်ပွား၊ မနှားမနေ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော-မဂ်ဖိုလ်သို့ကပ်၊ ကိုယ့်အမြတ်ဟု၊ မရပ်မစဲ၊ ထပ်တလဲရှု၊ အလေ့အလာပြုအပ်သည်ရှိသော်။ အဘိညာယ-ဝိပဿနာ၊ မြတ်ပညာဖြင့်၊ ထင်စွာဖိနှင်း၊ သိမြင်ခြင်းငှါ။ သမ္မောဓာယ-သစ္စာလေးချက်၊

အကွက်ထင်ထင်၊ မဂ်မြင်ပြောင်းကာ၊ အကြောင်းသာလျက်၊ ကောင်းစွာထင်လင်း၊ သိမြင်ခြင်းငှါ။ နိဗ္ဗာနာယ-သခ်ါရတို့၊ လုံးဝပြုတ်ကင်း၊ ချုပ်ခြင်းအမှန်၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္ထတိ-အရိယာဆင့်၊ တန်းမြင့် ပြောင်းစရာ၊ အ ကြောင်း သာ၊ ကောင်းစွာ ဖြစ်ပါပေသတည်း။

၇။ ကာယပ-ကာယပ။ မယာ-ဒုက္ခနယ်ရပ်၊ တဲကယ်ပြုတ်ဗို့၊ ကယ်တတ်ထင်စွာ၊ အရှင်ငါသည်။ သမ္မဒက္ခာတော-နည်းလမ်းလည်းကောင်း၊ အကြောင်းသင့်တော်၊ အခွင့်ဖော်လတ်၊ ဟောတော်မူအပ်သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါ - ဥပေက္ခာတွင်၊ ကောင်းမြတ်သော ဗောဇ္ဈင်သည်။ ဘာဝိတော-ဘာဝနာခွင်၊ သက်ဝင်ကြိုးစား၊ မနားမနေ၊ ပွားဝေအပ်သည်ရှိသော်။ ဗဟုလီကတော- အကြိမ်များစွာ၊ အခါမလပ်၊ ထပ်တလဲလဲ၊ စွဲမြဲသမျှ၊ အလေ့အလာ ပြုအပ်သည်ရှိသော်။ အဘိညာယ-အလွန်ထူးမြတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်၊ ထင်လာရှင်းလင်း၊ သိမြင်ခြင်းငှါ။ သမ္ဗောဓာယ-လေးသစ္စာတွင်၊ မဂ်ဉာဏ်ဝင်ရောက်၊ အမြင်ပေါက်လျက်၊ ထွင်းဖောက်မယှင်း၊ ကောင်းစွာသိခြင်းငှါ။ သံဝတ္ထတိ-အရိယာဇာတ်၊ ဓာတ်ပြောင်းစရာ၊ အကြောင်းသာ၊ ကောင်းစွာဖြစ်ပါပေသတည်း။

ကာယပ-ကာယပ။ မယာ-အရိယာဖြစ်ရန်၊ ဉာဏ်အဆင့်ဆင့်၊ အခွင့်ကြားတတ်၊ ဘုရားမြတ်ငါသည်။ သမ္မဒက္ခာတော-နည်းလည်းဖြောင့်တန်း၊ လမ်းလည်း လွန်ကောင်း၊ အကြောင်း သင့်တင့်၊ အခွင့်ဖော်လတ်၊ ဟောတော်မူအပ်ကုန်သော။ သတ္တ-အသီးသီးထုတ်၊ သရုပ်ညွှန်ကြား၊ ခုနစ်ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ-သစ္စာသိရန်၊ အကြောင်းမှန်သည့်၊ ဗောဓိသင်းမှာ၊ အပါအဝင်၊

ဗောဇ္ဈင်ခုနစ်ပါး၊ ဤတရားတို့သည်။ ဘာဝိတာ-ဘာဝနာ တင်ပ္ပား၊ အမြင်မျှားဖို့၊ မနားမနေ၊ ပ္ပားစေအပ်ကုန်သည် ရှိသော်။ ဗဟုလီကဘာ-ထပ်တလဲလဲ၊ မရပ်စဲဘဲ၊ ထုံစ့ဲမှတ်ရှု၊ အလေ့အလာပြုအပ်ကုန်သည် ရှိသော်။ အဘိညာယ-ဝိပဿနာ၊ ပညာကွန့်မြူး၊ အဲထူးထင်လင်း၊ သိမြင်ခြင်းငှါ။ သမ္မောဓာယ-သစ္စာထွင်းဖောက်၊ အလင်းပေါက်တဲ့၊ မဂ်ရောက်ချင်းနင်း၊ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ-ကိလေသာဓာတ်၊ အပြတ် အရှင်း၊ ချုပ်ခြင်းအမှန်၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္တန္တိ-အရိယာ အဖြစ်၊ တစ်ခေတ်ခေါ်ပြောင်းစရာ၊ အကြောင်းသာ၊ ကောင်းစွာ ဖြစ်ကြကုန်သတည်း။

အရှင်မောဂ္ဂလ္လာန်မထေရ်အား ဟောတော်မူသော ဗောဇ္ဈင် ဒေသနာ၌(ကဿပ) နေရာတွင်(မောဂ္ဂလ္လာန)ရှိ၍(မောဂ္ဂလ္လာန-မောဂ္ဂလ္လာန်) ဟု အနက်ပေးရုံသာ ထူးပါသည်။

ဘုရားရှင်အား အရှင်စုန္ဒ ဟောသော ဗောဇ္ဈင်ဒေသနာ၌ ယင်း ကဿပဗောဇ္ဈင်တွင် (ကဿပ) နေရာ၌ (ဘဂ္ဂေ) ဟု လည်းကောင်း၊ (မယာ) နေရာ၌ (ဘဂဝတာ) ဟု လည်း ကောင်း ရှိနေ၍ (ဘဂ္ဂေ-မြတ်စွာဘုရား၊ ဘဂဝတာ-ရှင်တော် မြတ်ဘုရားသည်) ဟု အနက်ပေးရုံသာ ထူးပ့ါသည်။

ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ ပြီး၏။

ဗောဇ္ဈင်္ဂ တနာနှင့် တစ်ဆက်တည်း ဆက်လက်ကြည့်ရှုလေ့လာရန် ဆရာတော် ချီးမြှင့်တော် မူသော ဒါရုကွင်းနွားပမသုတ် တရားတော် နှင့် ဗောဇ္ဈင် တရားတော် အားရှိရန် ဗုဒ္ဓါနုဿတိဘာဝနာ တရားဂါထာ မျှားကို လေးစားစွာ ထည့်သွင်း ဖော်ပြလိုက်ပါသည်၊ ဉာဏ်မီသလောက် အသုံးပြုတော်မူကြပါ။

ဒါရုက္ခနွောပမသုတ်

တရားတော်

အခ၊်း။ ။ဒါရုက္ခနွောပမသုတ္တန် ဆိုတာက သစ်တုံးကြီး ဥပမာထား ဟောကြားတဲ့ ဒေသနာ ဖြင်ပါသည်၊ ဗုဒ္ဓရှင်တော် မြတ်ဟာ တရုံတစ်ခါ တရားတော်ကို ဥပမာ ဥပစာတို့ဖြင့် တန်ဆာဆင်ပြီး ဝေဝေဆာဆာ သာသာယာယာ ဖြစ်အောင် ဟောပြတတ်ပါ၏တယ်၊ ဒါက ဒေသနာဝိလာသခေါ် တရားဒေသနာတော်ကို တင့်တယ်စေတတ်တဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးရဲ့ အစွမ်းပါဘဲ၊ ဝေနေယျပုဂ္ဂိုလ်တို့အလိုအရ ရိုးရိုးဟောပြမှ တရားရမယ့်ပုဂ္ဂိုလ်ကို ရိုးရိုးကလေးဟောပြီး အဆန်းတကြယ် ဟောမှ တရားရမယ့်ပုဂ္ဂိုလ်ကျတော့ အဆန်းတကြယ် ခြယ်လှယ်ဆင်သ ဟောပြတော်မူတယ်၊ ဒါဟာ သတ္တဝါတို့ရဲ့ အလိုဆန္ဒ အကြိုက်ကို နှိုက်နှိုက်ချတ်ချတ် သိတော်မူတတ်တဲ့ အာသယာနုသယ ဉာဏ်တော်ရဲ့ အစွမ်းလို့လည်း ဆိုရပါတယ်၊ ဒီဒေသနာတော်နဲ့ တရားရှုနည်း ပွားများနည်းများလည်း ရနိုင်ပါတယ်၊ ဒါ့ကြောင့် ယခင်ဉာဏ်တော်ကြီးတွေကိုလည်း ကြည်ညိုရအောင် တရားရှုနည်း ပွားနည်းကလေးများလည်း ရမိအောင် ရှိသမျှလေးစားစွာ နာယူကြဖို့ရာ တိုက်တွန်းလိုက်ရပါတယ်။ ကဲ- ယခု ဒါရုက္ခနွောပမသုတ္တန်တော်ကြီးကို စတင် ဟောပြောကြပါစို့။

တိုက်တွန်းချက်။ ။ဒါရုက္ခနွောပမံ နာမ-
သုတ္တံ ဗုဒ္ဓေန ဒေသိတံ၊

သာဓေါ၊ တံ နိသာမေန္တိ-
ဟောန္တိ ဗုဒ္ဓဝသာနုဂါ။

ဒါရိုက္ခန္ဓေါပမံနာမ- သစ်တုံးကြီးဥပမာဖြင့်၊ ရှစ်ရာသဘောပြု၊ ဒါရိုက္ခန္ဓေါပမ အမည်ရသော။ သုတ္တံ-တပည့်အမျှား၊ အသိပွားဖို့၊ တရားထုတ်ပြန်၊ သရုပ်ဖန်လျက်၊ နှုတ်သံဖော်မြွက်၊ သုတ္တန်တော်ဝမ္မစက်ကို။ ဗုဒ္ဓန-တရားအရာ၊ ကြားနာသူရှင်ပျ၊ အစဉ်လှအောင်၊ ဆင်ပြတတ်ငြား၊ မြတ်ဘုရားအနုတ္တရ၊ ဗုဒ္ဓရှင်တော်သည်။ ဒေသိတံ-တရားဓာတ်ခံ၊ ဉာဏ်အဆင့်ဆင့်၊ အမှန်ပွင့်အောင်၊ အခွင့်ဖော်လတ်၊ ဟောကြားတော်မူအပ်ပါပြီ။ တံသုတ္တံ-ဒါရိုက္ခန္ဓေါပမ၊ မည်ရအကျော်၊ သုတ္တန်တော်ထိုတရားမြတ်ကို။ သာဓေါ-ကိုယ်သန္တန်တွင်၊ အမှန်မြင်ဖို့၊ ဉာဏ်ယှဉ်လို့လာ၊ သူတော်ကောင်း ဒကာဒကာမမျှားတို့သည်။ နိသာမေန္တိ-နာလည်း နာမည်၊ ကျင့်လည်းကျင့်မည်၊ ရှင်ကြည်ကြည် စိတ်ထားလျက်၊ တရားသဘောကျအောင်၊ နားသောတဆင်ကြပါ ကုန်လော့၊ ဗုဒ္ဓဝသာနုဂါ-မင်ဖိုလ်နိဗ္ဗာန်၊ ရဖို့ရန်ဟု၊ ကျင့်ကြံဖို့ရေး၊ မျှော်တွေးမြွက်ဟာ၊ နည်းလမ်းပြတဲ့၊ ဗုဒ္ဓအကြိုက်၊ အလိုလိုက်သည့်၊ စရိုက်ဖွေးဖြူ၊ ကျင့်ကြသူတို့သည်၊ ဟောန္တိ-ကြုံခဲကြုံရ၊ ဒုလ္လဘနှင့်၊ ဆုံရဆဲဖြစ်၊ တို့ရဲ့ခေတ်ဟု၊ မလစ်ကြဘုံ၊ ဖြစ်ကြပါစေကုန်သတည်း။

သုတ်နိဒါန်း။ ။တစ်ခါက ဗုဒ္ဓရှင်တော်မြတ်ဟာ ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်းပါးမှာ သီတင်းသုံးနေတော်မူခဲ့တယ်၊ တစ်နေ့သောအခါ ဗုဒ္ဓါသန ခေါ် ဘုရားနေရာတော်မှာ ရဟန်းအပေါင်း ခြံရုံလျက် ထိုင်နေတော်မူခိုက်

ဂင်္ဂါမြစ်ထဲမှာ မျောပါနေတဲ့ သစ်တုံးကြီးတစ်တုံးကို မြင်တော်မူရတယ်၊ တပည့်ရဟန်းများကို တရားဟောပြ ဆုံးမသွန်သင်ဖိုရာ အမြဲတမ်း ဥုံးတည်နေတဲ့ ရှင်တော်မြတ်ဘုရားဟာ သစ်တုံးကြီး ဂင်္ဂါမြစ်ထဲ မျောနေတာ မြင်ရတယ်ဆိုယင်ဘဲ တရားဟောဖို့ အတွက် အချက်အလက်ကို မြင်တော်မူရတယ်၊ မြင်တော်မူတဲ့ အတိုင်း ရဟန်းများကို မေးတော်မူတယ်၊ ချစ်သားရဟန်းတို့- ဂင်္ဂါမြစ်ရေအလျှဉ်ဖြင့် မျောနေသော ဟောဟို သစ်တုံးကြီး ကို မြင်ကြသလား၊ ဘုရားရှင်အမေးကို ကြားရတော့ ရဟန်း တွေ အားတက်သွားမှာပါဘဲ၊ ဘာကြောင့်လဲ၊ ဘုရားရှင်တို့ မည်သည်မှာ အကျိုးမရှိဘဲ ဘာအမေး ဘာစကားမှ မိန့်ကြား လေ့မရှိ၊ အကျိုးရှိမှ မေးလေ့မြန်းလေ့ရှိလေတော့ ယခုလို အမေးကြားရယင်ဘဲ တို့တော့ တရားကောင်းတစ်ပုဒ် နာခံ မှတ်သားရတော့မှာဘဲလို့ အားတက်သဏရာဖြစ်ကာ မှန်လှပါ မြတ်စွာဘုရား အမိန့်တော်မြတ်အတိုင်း မြင်ကြရပါတယ်ဘုရားလို့ လျှောက်ထားကြတယ်၊ အဲဒီအခါ ဘုရားရှင်က သစ်တုံးကြီး ဥပမာထားလို့ မို့ တရားဒေသနာကို ဝေဝေဆာဆာနဲ့ စဘင် မိန့်ကြားတော် မူခဲ့ပါတယ်။

တရားအကွက်ပေါ်မှီ ဥုံးတည်ချက်

ချစ်သားရဟန်းတို့- ထိုသစ်တုံးကြီးဟာ ဒီဘက်ကမ်းလည်း မကပ်ဘူး၊ ဟိုဘက် ကမ်းလည်းမကပ်ဘူး၊ မြစ်အလယ်ခေါင် မှာလည်း နစ်မြုပ်မနေဘူး၊ ကုန်းပေါ်လည်း တင်မနေဘူး၊ လူလည်း ဆယ်မယူဘူး၊ နတ်လည်း ဆယ်မယူဘူး၊ ဝဲလည်း စုပ်ယူမသွားဘူး၊ အတွင်းဆွဲလည်း ပုပ်ဆွဲမသွားဘူး ဆိုယင် သမုဒ္ဒရာထဲ ရောက်သွားတော့မှာဘဲ၊ ဘာကြောင့်လဲ၊

ဂင်္ဂါမြစ်က သမုဒ္ဒရာထဲ နိမ့်ဆင်းညွှတ်ကိုင်း သက်ရှိုင်းနေသော ကြောင့်ပင် ဖြစ်တော့တယ်၊ ဆိုလိုတာက ဂင်္ဂါမြစ်က သမုဒ္ဒရာ ဘက် တိုးဝင်နိမ့်ရှိုင်း ညွှတ်ကိုင်းနေလေတော့ ဂင်္ဂါမြစ်ရေလျှည် ကြောနဲ့ မျှောပါသွားယင်ဖြင့် သမုဒ္ဒရာထဲ တစ်ခါတည်းရောက် သွားတော့မှာဘဲ၊ ဒီလိုမဟုတ်ဘဲ ဒီဘက်ကမ်း ကပ်နေမယ်၊ ဟိုဘက်ကမ်း ကပ်နေမယ်၊ မြစ်လယ်ခေါင်မှာ သဲဖုံးနုစ်နေမယ်၊ ကုန်းပေါ်တင်နေမယ်၊ လူ ဆဲ့သွားမယ်၊ နတ် ဆဲ့သွားမယ်၊ ဝဲစုပ်ဟူသွားမယ်၊ ဆွေးမြေ သွားမယ်ဆိုယင် ဂင်္ဂါမြစ်မှာ မျှောမပါနိုင်တော့လို့ သမုဒ္ဒရာထဲ ရောက်နိုင်ဖို့ အကြောင်း မရှိတော့ဘူး၊ ဒါက ဥပမာနော်၊ ဒီဥပမာကလေး မှတ်ထားမှ နောက်လာမယ့် တရားတွေလည်း မှတ်မိ သဘောကျမှာ။

ယခင် သစ်တုံးကြီးလို ဗုဒ္ဓရှင်တော်မြတ်ဟာ သစ်တုံးကြီးဖြစ်ပုံ

ကျင့်က- ဥပမာကို ဟောတော်မူပြီးနောက် ထို သစ်တုံးကြီး စံထားပြီး တရားကျင့်ဖို့ရာ

ဆက်လက် ဟောတော်မူခဲ့ပါတယ်၊ အို ချစ်သားရဟန်းတို့- ထိုသစ်တုံးကြီး ဥပမာအတိုင်း သင်ချစ်သားတို့သည် ဒီဘက် ကမ်းလည်း မကပ်၊ ဟိုဘက်ကမ်းလည်း မကပ်၊ အလယ်ခေါင် မှာလည်း မနစ်မမြုပ်၊ ကုန်းပေါ်လည်း တင်မနေ၊ လူလည်း အဆဲ့ မခံရ၊ နတ်လည်း အဆဲ့မခံရ၊ ဝဲစုပ်လည်း မခံရ၊ အတွင်း ဆွေးလည်း မဆွေးဘူးဆိုယင်ဖြင့် သင်တို့သည် နိဗ္ဗာန်သို့ ညွှတ်ကိုင်း သက်ရှိုင်းကျရောက်သွားတော့မှာဘဲ၊ ဘာကြောင့်လဲ၊ သမ္မာဒိဋ္ဌိ-မှန်ကန်သောမြင်သိမှု တရားဟာ နိဗ္ဗာန်သို့ ညွှတ်ကိုင်း သက်ရှိုင်းကျရောက်သော တရားဖြစ်သောကြောင့်ပင်၊ ဒါက ဘာဆိုလိုတာလဲ! စောစောက ပြောခဲ့တဲ့ သစ်တုံးကြီးဟာ ဂင်္ဂါ

မြစ်က သမုဒ္ဒရာထဲတိုးဝင်နိမ့်ဆင်းနေလေတော့ ဂင်္ဂါမြစ်ရေလျှဉ်ကြောနဲ့ မျှောသွားယင် သမုဒ္ဒရာထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားမှာ သေချာတယ်၊ ဒီလိုမဟုတ်ဘဲ ဟိုဘက်ကမ်းကပ်၊ သည်ဘက်ကမ်းကပ်စသည်ဖြင့်အနှောင့်အယှက်တွေ ကြုံနေရယင်ဖြင့် သမုဒ္ဒရာထဲ ရောက်တော့မှာ မဟုတ်၊ အဲဒါလိုလည်း အမှန်တရား မြင်တတ်တဲ့ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သို့ ညွှတ်ကိုင်းသက်ဝင်နေတာမို့ ထိုသမ္မာဒိဋ္ဌိ ရေစီးကြောင်းနဲ့ ပါသွားလျှင်ဖြင့် နိဗ္ဗာန်သို့ ရောက်သွားမှာ အမှန်၊ ဒီလို မဟုတ်ဘဲ သင်တို့ ဒီဘက်ကမ်းကပ်၊ ဟိုဘက်ကမ်းကပ် စသည်ဖြင့် အနှောင့်အယှက်တွေ ကြုံနေ လုပ်နေလျှင်ဖြင့် နိဗ္ဗာန်ရောက်နိုင်မှာ မဟုတ်ဆိုတဲ့ အဓိပ္ပာယ်ပါဘဲ။

ပဟေဠိဆန်တဲ့ ဒေသနာ။ ။ သို့သော် ဒီလောက်နဲ့ သိပ်ပြီး သဘောပေါက် ရှင်း လင်းကြဦးမယ်တော့ မဟုတ်သေးဘူး၊ယင်ဥပမာက သစ်တုံးကြီးဖြစ်လေတော့၊ ဒီဘက်ကမ်းကပ် ဟိုဘက်ကမ်း ကပ် စသည့် အချက်ဟာ ရှင်းနေပါတယ်၊ ယခုတော့ ရဟန်းတွေကို သင်တို့လည်း ဒီဘက်ကမ်းလည်း မကပ်၊ ဟို ဘက်ကမ်း လည်း မကပ်ဘူးဆိုယင် စသည်ဖြင့် ဟောထားတော့၊ ဘာလိုလို့နဲ့ မရှင်းမလင်း ဖြစ်နေမှာဘဲ၊ မရှင်းတာလည်း သဘာဝကျလို့ ဖြစ်ထိုက်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒီဒေသနာက တိုက်ရိုက်ဟောတဲ့ ဒေသနာ မဟုတ်ဘဲ ပဟေဠိဆန်ဆန် ဆန်းကြယ်စွာ ဟောထားတဲ့ ဒေသနာဖြစ်လို့ပါဘဲ၊ ပဟေဠိဆိုတာ လောကက စကားထာဝှက်တယ်လို့ဆိုတဲ့ စကားမျိုးပါဘဲ၊ လောကမှာ တစ်ဦးဦးက စကားထာဝှက်တဲ့အခါ ရှေးက

စကားထာနဲ့စပ်လို့ ဗဟုသုတလည်းရှိထားမယ်၊ လိမ္မာပါးနပ်တဲ့ ဉာဏ်လည်း ရှိသူဖြစ်မယ်ဆိုယင်ဖြင့် ချက်ချင်း ဘာဆိုလိုတယ် ဆိုတာ ထင်းခနဲပေါ်လာပြီး ဒေါက်ခနဲပြောချနိုင်တော့တာဘဲ၊ ဗဟုသုတလည်းမရှိ၊လူကလည်းမပါးမနပ်၊ထုံအ,အဆိုယင်တော့ သိမ္မာမဟုတ်ဘူး၊ အဲဒီလိုဘဲ သင်တို့လည်း ဒီဘက်ကမ်းလည်း မကပ်၊ ဟိုဘက်ကမ်းလည်းမကပ်၊ အလယ်မှာ မမြုပ်၊ ကုန်းမှာ မတင်၊ လူလျှင် မဆဲ၊ နတ်မဆဲ၊ ဝဲမစုပ်၊ မဆွေးမပုပ်လျှင် နိဗ္ဗာန်ရောက်ကြလိမ့်မယ်ဆိုတဲ့ ဒေသနာမှာလည်း တရားနာ ပရိသတ်ထဲက တရား ပေါက် ရောက် ပြီး ပဋိသမ္ဘိဒါဉာဏ် စသော ဉာဏ်တွေရထားတဲ့ရဟန္တာတွေလည်း ပါမှာဖြစ်တော့၊ အဲဒီလို ရဟန္တာတွေကတော့ ဘုရားရှင် ဘာဆိုလိုတယ်ဆိုတာ ဒက်ခနဲ ကွက်ခနဲ ဆိုသလို သိဖို့ ရှိပါတယ်၊ တရား မပေါက် ရောက် အသိဉာဏ် မကြွယ်သေးတဲ့ ရဟန်းအချို့လည်း ပါမှာ ဖြစ်တော့၊ အဲဒီလို ရဟန်းတွေကတော့ ဘာဆိုမှန်း သိကြမှာ မဟုတ်ပေဘူး၊ တစ်ခါတစ်ခါလည်း သိတဲ့ ရဟန်းတွေထဲက အမျှား အကျိုးရှိအောင်, သိ နားလည်အောင် မိမိက သိပြီး ဖြစ်သော်လည်း မေးလျှောက်တာ ရှိတတ်ပါသေးတယ်၊အဲဒီလို ရဟန်းတွေထဲက ရဟန်းတစ်ပါးက ဘုရားရှင်အား မေးမြန်း လျှောက်ထားခဲ့တယ်။

အမေး-အဖြေ။ ။ မြတ်စွာဘုရား— ဒီဘက်ကမ်းဆိုတာ ဘာ ပါလဲဘုရား၊ဟိုဘက်ကမ်းဆိုတာကကော ဘယ်အရာပါလဲ၊ မြစ်အလယ်မှာ နစ်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲ၊ ကုန်းပေါ်တင်နေတယ်ဆိုတာ ဘယ်ဟာပါလဲ၊ လူ ဆယ်ယူတယ်ဆိုတာ ဘာပါလဲ၊ နတ်ဆယ်ယူတယ် ဆိုတာ

ကကော ဘာပါလဲ၊ ဝဲစုပ်ယူသွားတယ်ဆိုတာဘယ်အရာပါလဲ၊ အတွင်းဆွေး ဆွေးနေတယ် ဆိုတာကကော ဘာပါလဲ ဘုရား။

ဟိုဘက်ကမ်း ကပ်၊ ဒီဘက်ကပ်နဲ့၊ လယ်ရပ်မြေပ်ချက်၊ ကမ်းထက်တင်ဟူ၊ လူသေဘ် ဆွဲလတ်၊ နတ်မူယူဆွဲ၊ဝဲကြီး စုပ်ပြေး၊ အတွင်းဆွေး၊ သိရေး ဥပမာ။

ရဟန်းတော်ကလေး မေးတဲ့အချက် 'ရှစ်ချက်' ကိုဘုရားရှင်က တစ်ခုစီ တစ်ခုစီ ဖြေရှင်းပြသွားတော်မူခဲ့ပါတယ်။

ဒီဘက်ကမ်းဆိုတာ။ ။ သြရိမ် တိရစ္ဆာ ၎ါ ဘိက္ခု ဆန္ဒေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အမိဂဝနံ၊ ဘိက္ခု-သိလိုရေးနဲ့၊ စစ်ဆေးမေးမြန်း၊ အို-ချစ်သား ရဟန်း၊ သြရိမ် တိရစ္ဆာ ဘေ-၎ါ မြတ်ဘုရား၊ မိန့်ကြားမြွက်ပါ၊ သည် ဘက်ကမ်းဆိုတဲ့ ဣ ၎ါဟာရသည်။ ဆန္ဒ-သရုပ်အားဖြင့် ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ - ခန္ဓာကိုယ်အား၊ ကျေးငှားမျှားလှ၊ အတွင်းကျခြား၊ အာယတန တရားတို့၏။ အဓိဝစနံ - ဉာဏ်ဖြင့်ပွားဖို့၊ တင်စားရည်ရွယ်၊ အမည်တစ်မျိုးပင် ဖြစ်ပေတော့သတည်း။

စက္ခု သောတ ဃာန ဇိဝှါ ကာယ မန မြန်မာလိုတော့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုတဲ့တရား ခြောက်ပါးဟာ အာယတနတရားတွေ၊ အာယတနဆိုတာ တည်ရာဆိုတဲ့ အနက် ရတော့ စိတ်စေတသိက်တရားများ၏ တည်ရာ ဖြစ်သောကြောင့် အာယတန အမည်ရကြတယ်၊ စိတ် စေတသိက်တို့၏ ဖြစ်ပေါ် ကြောင်း တရားလို့လည်း ဆိုနိုင်ပါတယ်၊ ထိုတရားကွေဟာ ခန္ဓာကိုယ်မှာ အတွင်းကျတဲ့ တရားကွေမို့ အဇ္ဈတ္တိက အတွင်း

ကျတဲ့ အာယတန တရားတွေလို့လည်း အမည်ထူးတစ်မျိုးရပြန်ပါတယ်၊ ခန္ဓာကိုယ်အတွင်းမှာ သည်ပြင်တရားတွေလည်း ရှိနေပါတယ်၊ သို့သော် ထိုတရားခြောက်ပါးက ခန္ဓာကိုယ်အားကျေးဇူးမျှားတဲ့ တရားတွေ, ခန္ဓာကိုယ်ကို အထူးကျေးဇူးပြုတဲ့ တရားတွေဖြစ်လို့ သူတို့ကိုသာ ခန္ဓာ အတွင်းကျတဲ့ အာယတနတွေလို့ ဆိုရပါတယ်၊ စဉ်းစားကြည့်ပါ၊ မျက်စိရှိလို့ အဆင်းရှုပါရုံမျိုးစုံ မြင်ကြရတယ်၊ နားရှိလို့ အသံမျိုးစုံ ကြားရမှတ်ရတယ်၊ နှာခေါင်းရှိလို့ အနံ့မျိုးစုံ ခံနိုင် လေရှူနိုင်တယ်၊ လျှာရှိလို့ အရသာခံနိုင်ကြတယ်၊ ကိုယ်ရှိလို့ အတွေ့မျိုးစုံ သိရ ခံရတယ်၊ စိတ်ရှိလို့ သိဖွယ်အမျိုးမျိုး သိရတယ်၊ ဒီလို ဆိုတော့-သူတို့ဟာ ခန္ဓာကိုယ်မှာဘယ်လောက်အရေးကြီးတယ်၊ ပဓာနကျတယ်ဆိုတာ သိနိုင်ပါတယ်၊ တို့ရှိလို့သာ ခန္ဓာကိုယ်ကြီးဟာ အသုံးဝင်နေတာ၊ တို့သာ မရှိယင် မင်း ခန္ဓာဟာ ဘာမျှ အသုံးဝင်မှာမဟုတ်ဘူးလို့ ဆိုသလို ဖြစ်နေပါတယ်၊ ဒါကြောင့် သူတို့တစ်တွေဟာ ခန္ဓာအတွက် ကျေးဇူးမျှားလို့ ဒီမျက်စိ နား နှာ လျှာ ကိုယ် စိတ် ကို အတွင်းအာယတန အဓျတ္တိကာယတဲ့နေ ဆိုရပါတယ်၊ အတွင်း အာယတနဖြစ်လို့ဘဲ အတွင်းဘက်ကျတဲ့ သည်ဘက်ကမ်းအဖြစ်တင်စားပြီး ဘုရားရှင် ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဟိုဘက်ကမ်းဆိုတာ။ ။ကဲ—ဒီဘက်ကမ်းတော့ သိကြရပါပြီ၊ ဟိုဘက်ကမ်းဆိုတာ ဘာပါလဲဆိုတဲ့ ရဟန်းအမေးကို ဆက်နေပုံကလေး ပြောကြဦးစို့၊ ပါရိမံတီရဋ္ဌိ ခေါ် ဘိက္ခု ဆန္ဒေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။ ဘိက္ခု-သိလိုရေးနဲ့၊ မေး မြန်း လျှောက် ထား၊

အို ချစ်သားရဟန်း။ ပါရိမံ တိရန္တိ ခေါ် ဧတံ - ငါဘုရား မြတ်ဟာ၊ ဟိုဘက်ကမ်းဆိုတဲ့၊ ဤဝေါဟာရမှာ။ ဆန္ဒံ- မူအစား စား၊ ကဲ့ပြားခဲ့တုံ၊ ခြောက်ပါးကုန်သော။ ဗာဟိရုနံ အာယ-တနာနံ- အပြင်အပ၊ ဗာဟိရဟု၊ ဆိုရအံ့လား၊ အာယတန တရား၊ တို့၏။ အဓိဝစနံ-သမ္ဗဇဉ်အား၊ ဉာဏ်မြင်ပွား၊ ဖို့၊ တင်စား မှီရိုး၊ အမည်တစ်မျိုးပင် ဖြစ်လေတော့သတည်း။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဆိုတဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့တရားဆိုတဲ့ အာရုံ ခြောက်ပါးကို ဗာဟိရာယတန- အပြင်အာယတန တွေလို့ ဆိုရပါ၏၊ အဆင်း အသံ စသည်ဟာ ဤကိုယ်က အပြင်ကျတဲ့အာရုံ တွေပါ၏၊ ကိုယ်တွင်းမှာလည်း အဆင်းအသံစသည့် ရုပ်တွေ ရှိတော့ ရှိပါသေးတယ်၊ ကိုယ်တွင်းကျပေမယ့် ခုနပြောခဲ့ဘဲ စက္ခု သောတ စသည်တို့လို ခန္ဓာကိုယ်အား ကျေးဇူးမမျှား ကျေးဇူးမပြုကြလို့ အပ အာယတန တွေဘဲ ဆိုရပါတယ်၊ အဲဒီလို အပြင်အပကျတဲ့ အာယတနတွေမို့ဘဲ ဟိုဘက်ကမ်းဟု တင်စားပြီး ဘုရားမြတ်က ဟောတော်မူခဲ့ပါတယ်။

ကမ်းကပ်မကပ်ပုံ ဒီဟော့ ဒီဘက်ကမ်းဆိုဘာ အတွင်းအာယတန သိဖို့လို ခြောက်ပါးကို ဆိုဘာ နားလည် ခဲ့ကြပြီ၊ ဟိုဘက်ကမ်းဆိုတာ အပြင်အာယတန တွေဘဲလို့ နားလည်ခဲ့ကြပြီ၊ ဒီအဖြေနှစ်ခုဟာ လိုရင်းကျလို့ ဒါနှစ်ခုကိုဘဲ အရင်ခဲ့ခြား ဟောရည်းမယ်၊ မြစ်အလယ်ခေါင် နစ်တာတို့ ကုန်းထက်တင်တာတို့ စသော အချက်တွေကိုတော့ နောက်ဆုံး ကျမှရှင်းပြတော့မယ်၊ ဒီဘက်ကမ်း ဟိုဘက်ကမ်း သိပြီးဘဲနောက်

သည်ဘက်ကမ်း ကပ်တယ် မကပ်ဘူး၊ ဟိုဘက်ကမ်း ကပ်တယ် မကပ်ဘူးဆိုတာ နားလည်ဖို့ လိုပြန်တယ်၊ ဘုရားရှင်က သင်တို့ သည်ဘက်ကမ်းလည်း မကပ်၊ ဟိုဘက်ကမ်းလည်း မကပ်ယင် နိဗ္ဗာန် ရောက်ကြလိမ့်မယ်၊ ဘာကြောင့်လဲ၊ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သို့ ညွှတ်ကိုင်းသက်ဝင်နေသောကြောင့်လို့ ဟောထားတာ ပြောခဲ့ပါပြီ၊ ဒီတော့ ဆိုလိုတာက သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန် ရှိနေယင် သည်ဘက်ကမ်းလည်း မကပ်၊ ဟိုဘက်ကမ်းလည်း မကပ်မနေ သမ္မာဒိဋ္ဌိနဲ့ မျောပါပြီး နိဗ္ဗာန်သို့ တစ်သမတ်တည်း ဆိုက်ရောက်သွားလိမ့်မယ်လို့ ဆိုပါတယ်၊ ဒါကို ပထမသဘော ပေါက်ထားဖို့ လိုပါတယ်၊ အဲဒီတော့ ယခု ဒီဘက်ကမ်းကပ်ပုံ မကပ်ပုံ, ဟိုဘက်ကမ်း ကပ်ပုံ မကပ်ပုံကလေးများ ခွဲခြားပြဖို့ အခွင့်ရောက်လာပြန်ပါပြီ။

စကွေးနဲ့ ရှုပါရုံ။ ။စကွေ့ ဆိုဘာ ဒီ ဘက်ကမ်း၊ ရှုပါရုံက ဟိုဘက်ကမ်း သူတို့နှစ်ခုကို ပထမပြောရလိမ့်မယ်၊ ဘာပြုလို့လဲဆိုတော့ စကွေ့ဆိုတဲ့ မျက်စိအကြည်မှာ ရှုပါရုံ ဆိုတဲ့ အဆင်းက လာထင်ရတာကိုး၊ ဒါကြောင့် သူတို့နှစ်ခုက တစ်တွဲ၊ ငါ့မျက်လုံးကလေးဟာ သိပ် အားသန်၊ သိပ် အမြင် သန်တာဘဲ၊ လှလို့ပလို့ ကြည်လဲ့ရှန်းဝေလို့၊ သမင်မျက်လုံး ကလေးလို ပုလဲတစ်လုံး ရွှဲတစ်လုံး ဆိုသလိုဘဲ စသည်ဖြင့် မျက်စိ အပေါ်မှာ နှစ်သက် တပ်မက်ဘဲ့ လောဘဖြစ်နေယင် အဲဒါ သည်ဘက်ကမ်း ကပ်နေတော့တာဘဲ၊ ထို့ပြင် ငါ့မျက်လုံးက ကြည့်လို့လည်း မကောင်းတော့ပါဘူး၊ သဲသဲကွဲကွဲ မမြင်ရတော့ အရောင်တွေလည်း ကင်း၊ အဆင်းတွေလည်း ပျက်နေပါလား လို့ စိတ်ပျက် စိတ်မသက်သာဖြစ်နေယင် ဒေါမနဿ ဖြစ်တော့

တာဘဲ၊ မျက်လုံးအတွက် ဒေါမနဿဖြစ်ယင်လည်း ဒီဘက်ကမ်း ကပ်နေတော့တာဘဲ၊ မျက်လုံးက အသက်ကလေးရှိလို့ မြင်နေတာဘဲစသည်ဖြင့် အသက်ဇီဝစဲ့ စဲ့ပြန်တော့ ဒီအတ္တဒိဋ္ဌိဘဲ၊ အဲဒီ ဒိဋ္ဌိရှိနေယင်လည်း ဒါ ဒီဘက်ကမ်း ကပ်နေတာဘဲ။

လှပတဲ့ ရူပါရုံကလေး မြင်ရလို့ နှစ်သက် တပ်မက်ယင် လောဘဖြစ်၊ လောဘဖြစ်ယင် ဟိုဘက်ကမ်း ကပ်ခြင်းဘဲ၊ ကိုယ်မလိုလား မနှစ်သက် မမြင်ချင်တဲ့ အဆင်းရူပါရုံ မြင်ရတဲ့ အခါ စိတ်ဆိုး ဒေါသဖြစ်၊ ဒေါသဖြစ်ယင် ဟိုဘက်ကမ်းကပ်နေခြင်းပါဘဲ၊ စက္ခုကို စက္ခုအဖြစ် မြင်မယ်၊ ရုပ်အဖြစ် မြင်မယ်၊ ဖြစ်ပျက်တရားလို့ မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တအဖြစ် မြင်မယ် ဆိုယင် ဒါ သမ္မာဒိဋ္ဌိ အမြင်မှန်ဘဲ၊ သမ္မာဒိဋ္ဌိအမြင်မှန်ရှိနေယင် ဒီဘက်ကမ်းကခွာ၊ သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဘက် မျောပါနေ့တာဘဲ၊ အဆင်းရူပါရုံကိုလည်း ရူပါရုံအဖြစ် ရုပ်အဖြစ်မြင်မယ်၊ ဖြစ်ပျက်တရားလို့ မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တအဖြစ် မြင်မယ် ဆိုယင် အဲဒါ သမ္မာဒိဋ္ဌိဘဲ၊ သမ္မာဒိဋ္ဌိဖြစ်ယင် ဟိုဘက်ကမ်း မကပ်၊ ဟိုဘက်ကမ်းကခွာ၊ သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဆီ ဦးတည် မျောပါသွားတော့တယ်။

သောတနဲ့ သဒ္ဒါရုံ။ ။အဲဒါလိုဘဲ ငါ့နားဟာ တယ်ကောင်း တယ်ပြီး ကြားလွယ်ပါကလား၊ အသံတိုးတိုးလေးတောင် ကြားနိုင်တယ်စသည်ဖြင့် မိမိနားသောတဋ္ဌ လောဘဖြစ်နေလျှင် သောတဆိုတဲ့ သည်ဘက်ကမ်း ကပ်နေတာဘဲ၊ ငါ့နားက ကောင်းကောင်းလည်း မကြား၊ ထိုင်းနေ ပျက်နေပါပေါ့လားလို့ စိတ်ပျက် ဒေါသဖြစ်နေယင် အဲဒါ

လည်း သောတဆိုတဲ့ ဒီဘက်ကမ်း ကပ်နေတာဘဲ၊ အသံ သာသာလေး ကြားရတဲ့အခါ သာယာစဲ့လမ်းနေယင် လောဘ ဖြစ်၊ လောဘဖြစ်ယင် အသံဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့ တာဘဲ၊ မလိုတဲ့ မနှစ်သက်တဲ့ အသံကြားရလို့ စိတ်ပျက် စိတ်ဆိုးလာယင် ဒေါသဖြစ်၊ ဒီအခါလည်း သဒ္ဒါရုံဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာဘဲ၊ သောတအဖြစ် ရုပ်အဖြစ် မြင်မယ်၊ သဒ္ဒါရုံအဖြစ် ရုပ်တရားအဖြစ် မြင်မယ်၊ ဖြစ်ပျက် တရား မြင်မယ်၊ မမြဲ ဆင်းရဲ အစိုးမရတဲ့ တရားတွေလို့ မြင်မယ် ဆိုယင် အဲဒါ သောတဆိုတဲ့ သည်ဘက်ကမ်းလည်း မကပ်၊ သဒ္ဒါရုံဆိုတဲ့ ဟိုဘက်ကမ်းလည်းမကပ် သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန် ဘက် တစ်ရှေ့.ရှေ့. မျှောသွားနေတာပါဘဲ။

ဃာနနဲ့ ဂန္ဓာရုံ။ ။ဂါ့ဒ္ဒာခေါင်းက အနံ့တယ်သိ အနံ့ခံလို့ အလွန်ကောင်း စသည်ဖြင့် သာယာစဲ့လမ်း နေယင် ဃာနဆိုတဲ့ သည်ဘက်ကမ်းကပ်နေပြီ၊ နှာခေါင်းများ ကလည်း မဇကောင်းတော့ပါဘူး၊ အနံ့တောင် တယ် မရတော့ ဘူး စသည်ဖြင့် စိတ်ပျက်နေယင် ဒေါသဖြစ်၊ ဒေါသဖြစ်ယင် လည်း ဃာနဆိုတဲ့ သည်ဘက်ကမ်း ကပ်နေတော့တာပါဘဲ၊ မွေးတဲ့ ဂန္ဓာရုံ ရနံ့ကလေး ကြုံရတဲ့အခါ သာယာစဲ့လမ်းနေယင် လောဘဖြစ်၊ လောဘဖြစ်ယင် ဂန္ဓာရုံဆိုတဲ့ ဟိုဘက်ကမ်းက မခွာ ကပ်နေတော့တာဘဲ၊ မဇကောင်းတဲ့ ပုပ်တဲ့အနံ့နဲ့ ကြုံရလို့ စိတ်ဆိုးစိတ်မသက်သာဖြစ်နေယင်ဒေါသဖြစ်၊ဒေါသဖြစ်နေယင် လည်း ဂန္ဓာရုံဆိုတဲ့ဟိုဘက်ကမ်းကမခွာ ကပ်နေတော့တာပါဘဲ၊ ဒီလိုမဟုတ်ဘဲ ရှုလို့ မှုတ်လို့ ပွားများလို့ ဃာနကို ဃာနအဖြစ် ရုပ်အဖြစ် မြင်မယ်၊ ဖြစ်ပျက်တရားလို့ မြင်မယ်၊ အနိစ္စ ဒုက္ခ

အနတ္တလို့ မြင်မယ်ဆိုယင် သမ္မာဒိဋ္ဌိဘဲ၊ သမ္မာဒိဋ္ဌိ ဖြစ်နေယင် ဃာနဆိုတဲ့ သည်ဘက်ကမ်းလည်း မကပ်၊ ဂန္ဓာရုံဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ် နိဗ္ဗာန်ဘက် မျှောသွားနေခြင်းပါဘဲ။

ဇီဝါနဲ့ ရသာရုံ။ ။ငါ့လျှာလေးက နီလို့ရဲလို့ သိပ်လှတာဘဲ၊ အရသာကိုလည်း တကယ် ကောင်းအောင် ခံစားနိုင်တယ် စ သည် ဖြင့် လျှာကို စွဲလမ်း နှစ် သက် တဲ့ လောဘဖြစ်နေယင် ဇီဝါဆိုတဲ့ ဒီဘက်ကမ်းကပ်နေပြီ၊ လျှာမျှားကလည်း ဘယ်မကောင်းတော့ပါဘူး၊ အရသာတောင်ကောင်းကောင်း မသိချင်တော့ပါဘူး စသည်ဖြင့် လျှာအတွက် စိတ်ပျက်လျှင် ဒေါသဖြစ်၊ ဒီအခါလည်း ဇီဝါဆိုတဲ့ သည်ဘက်ကမ်းက မခွာ၊ ကပ်နေတာဘဲ၊ ရသာရုံ အရသာကောင်းကလေး စားရလို့ နှစ်သက်စွဲမက် လောဘဖြစ်နေယင် ဒါက အရသာဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေခြင်းပါဘဲ၊ မကောင်းတဲ့ အရသာ စားရလို့ စိတ်ပျက် စိတ်ဆိုး ဒေါသ ဖြစ်လာယင်လည်း ရသာရုံဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာဘဲ၊ ဒီလို လောဘ ဒေါသ မဖြစ်ရအောင် ရှုမှတ်ခဲနလို့ ဇီဝါကိုလည်း ဇီဝါအဖြစ် ရှုပ်တရားအဖြစ် မြင်မယ်၊ ရသာရုံကိုလည်း ရသာရုံအဖြစ် ရှုပ်တရားအဖြစ်မြင်မယ်၊ ထိုတရား နှစ် ပါး လုံး ဖြစ်ပျက် တရားတွေလို့ မြင် မယ်၊ အနိစ္စ ဒုက္ခ အနတ္တ လို့ မြင်မယ်ဆိုယင် အဲဒါ သမ္မာဒိဋ္ဌိဘဲ၊ သမ္မာဒိဋ္ဌိဖြစ်ယင် နိဗ္ဗာန်ဘက် ဦးတည်သွားနေတာ ဖြစ်လေတော့ ဇီဝါဆိုတဲ့ သည်ဘက်ကမ်းလည်း မကပ်၊ ရသာရုံဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ်တော့။

ကာယနဲ့ေဖာင္ဒဗ္ဗာရုံ။ ။ငါ့ကိုယ်လေးကၾေရလုံဝင်းပလျှင်တိုင်း
လှုနေတယ် စသည်ဖြင့် မိမိကာယကိုစဲ့မက်
နှစ်သက်နေယင် တဏှာလောဘ ဖြစ်၊ တဏှာလောဘဖြစ်ယင်
ကာယဆိုတဲ့ ဒီဘက်ကမ်း ကပ်နေခြင်းပါဘဲ၊ ငါ့ကိုယ်က မဲ့လို့
ခြောက်လို့ အရုပ်ဆိုးလိုက်တဲ့ စသည်ဖြင့် စိတ်မသက်သာ
ဒေါသနဲသာ ဖြစ်နေယင် ကာယဆိုတဲ့ ဒီဘက်ကမ်း ကပ်နေ
ခြင်းဘဲ၊ေဖာင္ဒဗ္ဗာရုံဆိုတဲ့ နူးညံ့သာယာဖွယ်အတွေ့ တွေ့ရတဲ့အခါ
အဲဒီအတွေ့ကို သာယာစဲ့မက် လောဘထွက်နေယင် ေဖာင္ဒဗ္ဗဆိုတဲ့
ဟိုဘက်ကမ်း ကပ်နေတော့တာဘဲ၊ မကောင်း ကြမ်းတမ်းတဲ့
အတွေ့နဲ့ တွေ့ရလို့ စိတ်ပျက်ခဒါသထွက်နေယင်လည်း ေဖာင္ဒ
ဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာပါဘဲ၊ ကာယကို
ကာယအဖြစ် ရုပ်အဖြစ်မြင်မယ်၊ေဖာင္ဒဗ္ဗာရုံကိုလည်း ေဖာင္ဒဗ္ဗာရုံ
အဖြစ် မြင်မယ်၊ ဖြစ်ပျက်တရားလို့ မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တ
လို့ မြင် မယ် ဆိုယင် အဲဒါ သမ္မာဒိဋ္ဌိဘဲ၊ သမ္မာဒိဋ္ဌိနဲ့အတူ
နိဗ္ဗာန်ဘက် ရွှေ့လျှက် မျောပါနေတာဘဲ၊ ဒီသမ္မာဒိဋ္ဌိ ဖြစ်နေ
ယင်တော့ ကာယဆိုတဲ့ ဒီဘက်ကမ်းလည်း မကပ်တော့၊ ေဖာင္ဒ
ဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ်တော့။

မနနဲ့ ဓမ္မာရုံ။ ။အဲဒါလိုဘဲ ငါ့စိတ်ကလေးကသိပ်သိတတ်တယ်၊
သိပ်ချမ်းသာ နေ တယ် စသည်ဖြင့် မိမိ စိတ်
ကလေးကို သာယာစဲ့လမ်းနေယင် လောဘဖြစ်နေတော့ မန
ဆိုတဲ့ ဒီဘက်ကမ်း ကပ်နေခြင်းပါဘဲ၊ သောကအပူ စသည်
တွေ့ရလို့ ပူလောင်နေတဲ့ မိမိစိတ်ကို တွေး စိတ်ပျက်နေယင်
ဒေါသဖြစ်နေတော့ မနဆိုတဲ့ ဒီဘက်ကမ်း ကပ်နေတော့တာ
ပါဘဲ၊ စိတ်ကတွေ့တဲ့ ဓမ္မာရုံ ခေါ် အာရုံကလေးက သာယာ

ဖွယ်ဖြစ်လို့ သာယာနေယင် လောဘဖြစ်၊ ဒီအခါ ဓမ္မာရုံဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာဘဲ၊ ဒီဓမ္မာရုံက မနှစ်သက်ဖွယ် ဖြစ်လို့ စိတ်ပျက်နေယင် ဒေါသ ဖြစ်၊ ဒေါသဖြစ်တော့ ဓမ္မာရုံ ဆိုတဲ့ ဟိုဘက်ကမ်းက မခွာ၊ကပ်နေတော့တာပါဘဲ၊ ဒီနေရာမှာ ဓမ္မာရုံဆိုတာက အမျိုးမျိုး သဒ္ဓါ သတိ သမာဓိ ပညာစသော ကောင်းတဲ့ တရားတွေ ရှိ၊ ဒေါသ စသော မကောင်းတဲ့တရား တွေလည်း ရှိ၊ စေတနာ ဝိတက် စသော ကောင်း မကောင်း ရောရာ တရားတွေလည်း ရှိ၊ ယခင် အာရုံတစ်ပါး ရုပ်တရား တွေလည်း ရှိ အမျိုးအပြားပါဘဲ။

စိတ်ကို စိတ်အဖြစ် နာမ်တရားအဖြစ်မြင်မယ် ဓမ္မာရုံကိုလည်း ဓမ္မာရုံအဖြစ် မြင်မယ်၊ ဖြစ်ပျက် တရားတွေလို့ မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တလို့ မြင်မယ်၊ အဲဒါက သမ္မာဒိဋ္ဌိ၊ ဒီ သမ္မာဒိဋ္ဌိ ဖြစ်နေယင်တော့ မန ဆိုတဲ့ ဒီဘက်ကမ်းလည်း မကပ်၊ ဓမ္မာရုံ ဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ်၊ နှစ်ဖက်ကမ်းက ခွာ၊ နိဗ္ဗာန် ဆီသာ ဦးတည် ရွှေ့ပျောနေတော့တယ်။

တိုက်တွန်းချက်။ ။ ဂဲ....အတ္တင်း အာယတနဆိုတဲ့ ဒီဘက်ကမ်း ကပ်ပုံ မကပ်ပုံ,အပြင်အာယတန ဆိုတဲ့ ဟိုဘက်ကမ်း ကပ်ပုံ မကပ်ပုံ ပြောတာ စုံသွားပါပြီ၊ ယခု အတ္တင်းအာယတနဆိုတဲ့ သည်ဘက်ကမ်းကလည်း ခွာဖို့,အပြင် အာယတနဆိုတဲ့ ဟိုဘက်ကမ်းကလည်း ခွာဖို့ သမ္မာဒိဋ္ဌိ ဆိုတဲ့ အမြင်မှန်နဲ့အတူ ပျောပါ နိဗ္ဗာန်သာ ဆိပ်ကမ်း တက်လှမ်းဖို့ နည်းလမ်းကလေး ရှာကြစို့၊ ဒီနေရာမှာ သမ္မာဒိဋ္ဌိ ကို သာ ပြောသော်လည်း အားလုံး မဂ္ဂင်ရှစ်ပါး အကုန် ပါနေတယ် ဆိုတာ သတိပြုသင့်ပါတယ်၊ ထိုတရားတွေက မခွာမခဲ့ တစ်ပါ

ဘည်း အလုပ် လုပ်နေကြတာ ဖြစ်တော့ သမ္မာဒိဋ္ဌိ ပြောယင် တခြား မဂ္ဂင်တွေလည်း ပါသွားတော့တာပါဘဲ၊ အမြင်မှန် အမြင်ကောင်းဖြစ်ယင် အကြံကောင်းတော့တာပါဘဲ၊ သတိ သမာဓိ ဝိရိယဆိုတဲ့ တရားတွေကလည်း ကောင်းသွား မှန်သွား တော့တာဘဲ၊ အပြု အပြော အသက်မွေးမှုတွေလည်း ကောင်း သွားတော့တာဘဲ၊ ဒီနေရာမှာ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ဋ္ဌ ညွှတ်နေ တယ်ဆိုတာ မဂ်ရောက်နေတဲ့ သမ္မာဒိဋ္ဌိက နိဗ္ဗာန်တစ်ခါတည်း ဆိုက်ပြီး ညွှတ်နေတာ၊ အဲဒီ သမ္မာဒိဋ္ဌိရောက်အောင် ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့လိုက်ကြရမှာ၊ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ်ဘက်ဖိုလ်ဘက် ဥုံးဘည်သွားနေတာမို့ နိဗ္ဗာန်ဆီ ညွှတ်ကိုင်းနေတယ်ဘဲ ဆိုရ ပါဘယ်၊ ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိလုပ်ငန်းကမ္မဋ္ဌာန်းဖြင့် တစ်ခန်းဖွင့်ဖို့ရာ အခွင့်ဆိုက်လာခဲ့ပါပြီ၊ ဒီဇတော့ တို့တတွေဟာ ဒီဘက်ကမ်းကလည်း မခွာ၊ ဟိုဘက်ကမ်းကလည်း ကပ်နေ လိုက်ကြတာ ကြာလှပြီ၊ ယခု သမ္မာဒိဋ္ဌိ ရေလျှဉ်ကြောဖြင့် နိဗ္ဗာန်ဆီမျှောလိုက်ကြဥုံးစို့ ဆိုတဲ့ စေတနာဆန္ဒဖြင့် လေးလေး စားစား နာကြားလိုက်ကြပါဥုံး။

အာနာပါနဖြင့် ၈။ ။ ဝိပဿနာဆိုကာ တစ်ကိုယ်လုံးမှာ ရှိတဲ့ ပေါ်ရာ ပေါ်ရာ ရုပ်,နာမ်တရားတွေကို ရှုမှတ်ရမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် ပထမတော့ ပင်တိုင် အချက် အချာကျတဲ့ ရှုကွက်တစ်ခုကို မှီဘည်ပေးရလိမ့်မယ်၊ အဲဒါက အာနာပါန ရှုကွက်ပါဘဲ၊ အာနာ ပါန ဆိုတာ နှာခေါင်းမှာ ထွက်လာတဲ့ လေ ဝင်လာတဲ့ လေ ထွက်သက် ဝင်သက်ကို ဆိုပါတယ်၊ လူတွေဟာ ဒီ ထွက်သက် ဝင်သက်နဲ့ အသက်ရှူပြီး အသက်ရှင်နေကြရတယ်၊ အမျှားစုမှာ အသက်

ရှင်ဖို့အတွက်လောက်သာ အသုံးကျနေတော့တယ်၊ ထွက်သက်ဝင်သက်ကနေ အမြတ်ထုတ်ဖို့ သတိမရကြဘူး၊ တကယ်တော့ သူ့ကို တရားနည်းလမ်းနဲ့ စနစ်တကျ အသုံးချယင် အမြတ်တွေ အများကြီးထွက်လာနိုင်တာ အမှန်ပါဘဲ၊ လောကမှာ သိဒ္ဓိအမျိုးမျိုးအောင် ဆိုပြီး အဂ္ဂိရတ်ထိုး ဖိုထိုးကြတယ်၊ ဖိုထိုးကြတဲ့လူတွေ သိဒ္ဓိပေါက်တာမျိုး တွေ့ဖူးကြသလား၊ အဲဒီ ဖိုထိုးတဲ့လုပ်ငန်းက သိဒ္ဓိပေါက်ဖို့ မသေချာ မရေရာတဲ့ လုပ်ငန်းပါ၊ မိမိတို့မှာ ကိုယ်ပိုင် နှာခေါင်းဖို တွေ ရှိနေကြတယ်၊ နှာခေါင်းဖိုကို အသုံးချ ဖိုထိုးလိုက်ကြယင် နိဗ္ဗာန်ဆိုတဲ့ သာသနာမှာ အပြီးသတ် သိဒ္ဓိပေါက်မှာမို့ နှာခေါင်းဝက အာနာပါနဆိုတဲ့ လုပ်ရပ်ဖြင့် အမြတ်ဆုံးသိဒ္ဓိကိုရအောင် မယူထိုက်ကြပေဘူးလား၊ ပေါက်ရောက် ရမယ်လို့ ယုံကြည်တဲ့ သဒ္ဓါတရား ရှေထားပြီး သတိအား သမာဓိအား ပညာအား ဝီရိယအားတွေနဲ့ ကြိုးစားလိုက်ကြစမ်းပါလို့ တိုက်တွန်းလိုက်ပါတယ်၊ ကဲ -- အလုပ်စခန်းလေး စကြစို့။

ရှေပြေးအလုပ်။ ။ရှေးဦးစွာ ဒီအာနာပါန လုပ်ငန်းကိုလုပ်ဖို့ နေရာဌာနကို ပြောကြဦးစို့၊ အရညာဂတောဝါ- တောအရပ်သို့ ကပ်ရောက်လျက် လည်းကောင်း၊ သုညာဂါရဂတောဝါ- ဆိပ်ငြိမ်ရာအရပ်သို့ ကပ်ရောက်လျက် လည်းကောင်း-လို့ ပါဠိက နေရာသတ်မှတ်ပေးပါတယ်၊ တောတို့သစ်ပင်ရင်းတို့ဆိုတာလည်း ဆိပ်ငြိမ်ရာအရပ်မို့ နေရာသတ်မှတ်ခြင်းပါဘဲ၊ ဒီတော့ သုညာဂါရဂတောအရ ဆိပ်ငြိမ်တိတ်ဆိတ်ရာ အရပ်ဟာ လိုရင်းပါဘဲ၊ လူသံ သူသံ တိရစ္ဆာန်သံ စသည် အသံတိတ်ဆိပ်ရာ လူမမြင် သူမမြင်ရာအရပ်ဆိုယင်ဖြင့် ဘယ်မှာ

မဆို အားထုတ်နိုင်တယ် ဆိုတာ သိနိုင်ပါတယ်၊ ပြီး ကမ္မဋ္ဌာန်း အားထုတ်တဲ့အခါ နေပုံထိုင်ပုံကလေးကိုလည်း ပါဠိတော်မျှား မှာ သတ်မှတ်ပေးထားပါသေးတယ်။ ပလွက်ံ အာဘုဇိတွာ-တင်ပလွင်ခွေ၍။ကာယံ-အထက်ပိုင်းကိုယ်ကို၊ဥဇုံ-ဖြောင့်ဖြောင့် မတ်မတ်။ ပဏိဓာယ-ထား၍တဲ့။ တင်ပလွင်ခွေဆိုတာကလည်း ယောကျ်ားများအတွက်၊ မိန်းမများကတော့ ပုဆစ်တုပ်ထိုင် ပြီးတော့ပါဘဲ၊ အဲဒီလိုထိုင်ပြီး ခါးကအထက် ကိုယ်ကို ဖြောင့် ဖြောင့် မတ်မတ် ဆန့်ထားရမယ်ဘဲ၊ ဒီလိုဆိုင်ပြီး အားထုတ်တာ သမာဓိ ပိုရနိုင်တဲ့ အားထုတ်ခြင်းမျိုးမို့ ထိုင် အားထုတ်ဖို့ ညွှန်ကြားခြင်းပါဘဲ၊ သည်နည်းနဲ့ အားမထုတ် ရလို့တော့ မဆိုလိုပါဘူး၊ ဒါ့ကြောင့် ထိုင်အားထုတ်လို့ ညောင်းညာ ပင်ပန်းလာယင် တခြား ရပ်ရင်း သွားရင်း လျောင်းရင်း ဘယ်ဣရိယာပုတ်မဆို အားထုတ်နိုင်ပါတယ်၊ ကမ္မဋ္ဌာန်းမပြတ် လေ့ ကောင်းလေပါဘဲ။

သတိမိုက်ထား။ ။အဲဒီလိုထိုင်ပြီး နောက်လုပ်ရမယ့်အလုပ်ကို ညွှန်ပြတော်မူတာက ပရိမုခံ-ကမ္မဋ္ဌာန်းသို့ မျှေးရှု။ ပါ-အာနာပါန ထွက်သက်ဝင်သက်သို့ ရှေးရှု။ သတိ-သတိတရားကို။ ဥပဋ္ဌပေတွာ - ကပ်တည်စေသား ဆွဲချထား၍။ ထွက်သက်ဝင်သက် လေနှစ်ချက်သို့ သတိကလေးကို စွဲပေး ကပ်ပေး အပ်ပေးထားပါတဲ့၊ ထွက်သွားတဲ့လေကိုလည်း သိနေ ရမယ်၊ ဝင်လာတဲ့လေကိုလည်း သိနေရမယ်၊ သတိမလွတ်စေနဲ့ ဆိုလိုပါတယ်၊ ဒါဟာ အာနာပါန လုပ်ငန်းမှာ လိုရင်းအစ ပဓာန် အချုပ်ပါဘဲ။

သမထ ဝိပဿနာ အာနာပါန အလုပ်က စျာန်လမ်း မဂ်လမ်း **လမ်းနှစ်သွယ်** နှစ်မျိုးရှိနိုင်ပါတယ်၊ သမထလမ်း, ဝိပဿနာ လမ်းလို့လည်း ဆိုရပါတယ်၊ တချို့က စျာန်ရ အောင် အားထုတ်ပြီးမှ ဝိပဿနာကို တစ်ဆင့်တက်ကြပါတယ်၊ တချို့က စျာန်အတက် အားမထုတ်တော့ဘဲ စကတည်းက ဝိပဿနာဖြစ်အောင် အားထုတ်ကြတယ်၊ ပါဠိတော်မျှားမှာ စျာန်လမ်းပြီးမှ ဝိပဿနာလမ်း ပြပါတယ်၊ အဋ္ဌကထာမျှားမှာ လည်း စျာန်ရပြီး ဝိပဿနာတက်ပုံ ပြကြတယ်၊ သို့သော်လည်း စျာန်ရပြီး ဝိပဿနာတက်ပုံပြတော့ စျာန်အင်္ဂါကို ဆင်ခြင်တဲ့ နည်းတခြား, အာနာပါနနဲ့ အာနာပါနဖြစ်ကြောင်း နာပ်ရှုတဲ့ နည်းတခြား, အလွတ်ရုပ်နာမ် ရှုတဲ့နည်း အမျိုးစုံဘဲပြပါတယ်၊ ဒီတော့ အာနာပါနက ရုပ်တရား ထိုအာနာပါနရှုတဲ့အသိက နာမ်တရားမို့ ဒီတရားတွေရှုပြီး ဝိပဿနာလမ်းလိုက်နိုင်တယ် ဆိုတာ ထင်ရှားပါတယ်၊ ဒါ့ကြောင့် ဒုတိယလမ်း ဖြစ်တဲ့ ဝိပဿနာလမ်းနဲ့ဘဲ သွားကြစို့။

အာနာပါနရှုပုံ။ ။ဒီလမ်းကိုလိုက်တော့ ဝရှေးဥုးပထမသိထားရ မှာက အာနာပါန ထွက်သက်ဝင်သက်ဆိုကာ ဝါယောခေါ်တဲ့ လေဓာတ်ရုပ်တရားလို့ သိထားရမယ်၊ ထို့ပြင် အဲဒီထွက်လေဝင်လေကိုသိနေတဲ့ အသိတရားရှိနေတယ်၊ ထိုထွက် လေဝင်လေကို လိုက်သိနေတဲ့အသိစိတ်ကလေးကို နာမ်တရားလို့ သိထားနှင့်ရမယ်၊ ဒီနေရာမှာ အသိစိတ်လို့ စိတ်ကိုပဓာနထား ပြောလိုက်ပေမယ့် အဲဒီ အသိစိတ်နဲ့အတူ ကမ္မဋ္ဌာန်းအာရုံ လွတ် မသွားရအောင် အမှတ်ရနေအောင် ထိန်းပေးဟဲ့ သတိလည်း ပါနေတာဘဲ၊ အဲဒီထွက်လေဝင်လေရုပ်ကို အမှန်အတိုင်း မြင်

နေတဲ့ ပညာလည်း မကွာဘဲ ပါနေတယ်၊ ထိုထွက်လေဝင်လေ ရှုပ်မှာ စူးစိုက်တည်ကြည်နေတဲ့ သမာဓိလည်း ပါနေတယ်၊ ထိုတရားတွေ အလုပ်ကောင်းကောင်း လုပ်နိုင်အောင် အားပေး ချီးမြှောက်ပေးနေတဲ့ ဝီရိယလည်း ပါတာဘဲ၊ အဲဒီလိုစိတ်နဲ့အတူ ရဲဘော် ရဲဘက်တရားတွေ အစုံအညီ စုပေါင်းလုပ်နေခြင်းဘဲ ဆိုတာ သိရမယ်. ဒါပေမယ့် ရှုတဲ့အခါတော့ အဲဒီတရားတွေ ခွဲခြားရှုနေရမှာ မဟုတ် ထွက်သက်ဝင်သက်ကို သိသိနေတဲ့ အသိ နာမ်တရားအဖြစ် သိထားဖို့က လိုရင်းပါဘဲ၊ အဲဒီလို ထွက်တဲ့ လေရှုပ်တရား ဝင်တဲ့လေရှုပ်တရား ထိုထွက်လေဝင်လေကို သိတဲ့ အသိက နာမ်တရားလို့ ခွဲခြားအသိအမှတ်ပြုထားပြီး ရှုတဲ့အခါ တော့ ရှပ်ဘဲ နာမ်ဘဲ ရှုမနေနဲ့တော့ ထွက်လေကိုလည်း ရှုနေ သိနေ၊ ဝင်လေကိုလည်း ရှုနေ သိနေ၊ ထွက်လေဝင်လေကို သိနေတဲ့ နာမ်တရားအသိကိုလည်း သိနေ၊ အဲဒီသုံးချက်ကို မလွတ်စေဘဲ သိနေဖို့သာ လိုပါတယ်၊ ပထမ သုံးချက်ကို သိဖို့ ခဲယဉ်းတယ်ဆိုယင် ထွက်လေဝင်လေကိုသာ ရှုနေ၊ နောက် ထွက်လေဝင်လေကို သိနေတဲ့ အသိကလေးဟာ သူ့အလိုလို ထင်ရှားလာပါလိမ့်မယ်၊ သူ့ကိုလည်း မသိလို့ မဖြစ်၊ သိရလိမ့် မယ်၊ ဒီတော့မှ ရှုပ်နာမ်နှစ်ပါး သိနေတဲ့ အသိဉာဏ် ဖြစ်နေမှာ။

မာရ်စစ်တပ်တွေတိုက်။ ။ပထမတော့ စိတ်ဟာ တယ်ငြိမ်လှမယ် မဟုတ်သေးဘူး၊ ဟိုထွက်သွား ဒီထွက် သွား၊ ဟိုအာရုံရောက် ဒီအာရုံရောက် ဖြစ်နေလိမ့်မယ်၊ ဒါဟာ သဘာဝပါဘဲ၊ စိတ်ဆိုတာက ကာမဂုဏ် အာရုံ တွေမှာ ကျက်စားနေကျဖြစ်တော့ တရားအာရုံပေါ် ဆွဲတင်ထားတဲ့ အခါ တယ်ပြီး စွဲစွဲမြဲမြဲ မနေချင်တတ်ဘူး၊ ကာမဂုဏ်အာရုံ

တွေ့ဆီ ပြန်လည်ချင်နေတာဘဲ၊ အဲဒါ ဘုရားဖြစ်ခါနီး မာရ်နတ် ဖျက်ဆိုသလိုမာရ်နတ်စစ်တပ်အတိုက်ခံရတယ်လို့သဘောထားပြီး သူ့တို့တစ်တွေကို နိုင်အောင်တိုက်မယ်ဆိုတဲ့ ဇဲကလေးနဲ့ တိုက်ရမယ်၊မိမိတို့ကျက်စားနေကျကာမဂုဏ်အာရုံတွေအဲဒီအာရုံတွေမှာ နှစ်သက် တွယ်တာမှုတွေ ဒါတွေဟာ ကာမတွေ၊ ဒီကာမဟာ မာရ်နတ်စစ်တပ်တဲ့၊ ဒုတိယကာမစစ်တပ်က တရားမှာမပျော်တာ ပျင်းလာတာဘဲ၊ အဲဒီ အပျင်းဆိုတဲ့ မာရ် စစ်တပ်ကလည်း ကမ္မဋ္ဌာန်းအားထုတ်သူအဖို့ အနှောင့်အယှက်ဘဲ၊ သူကလည်း အမြဲဆိုသလို ဝင်နှောင့်ယှက် တတ်ပါတယ်၊ သူ့ကိုအရေးတကြီး တိုက်ဖို့လည်း လိုလာပြန်တယ်၊ မာရ်နတ်စစ်တပ်တွေထဲကအရေး ကြီးတာ တစ်ခုကရှိသေးတယ်၊ထိနမိဒ္ဓ-စိတ်ထိုင်းမှိုင်း လေးလံမှု အိပ်ချင်မှု ငိုက်မျဉ်းမှု တွန့်ဆုတ်တရားပါဘဲ၊ ဒါကလည်း အနှောင့်အယှက် တစ်ရပ် မာရ်နတ်စစ်တပ် ပါဘဲ၊ သူကိုလည်း နိုင်အောင် တိုက်ရတယ်၊ ဒီပြင် ဆာလောင် မွတ်သိပ်တာတို့ ကြောက်လန့်တတ်တာဟို့ စသည်ဖြင့် မာရ်စစ်တပ်တွေ ရှိသေး တယ်၊ ဘာဘဲဖြစ်ဖြစ် ကမ္မဋ္ဌာန်းအနှောင့်အယှက်တွေ အဖျက် မခံဘဲ ကမ္မဋ္ဌာန်းအာရုံထဲမှာသာ စိတ်ကိုထားနိုင်အောင် ကြိုးစား ရမယ်၊ အဲဒီလို ကာမဝိတက်တွေ ပျင်းရိမှုတွေ အိပ်ချင်ငိုက်မျဉ်းမှု စသော မာရ်စစ်သည်တို့ကို တိုက်နိုင်လို့ ကမ္မဋ္ဌာန်းထဲမှာ စဲမြဲစွာ စိတ်ထားနိုင်ယင် သတ္တိအား သမာဓိအား ပညာအားတွေ ပြည့်ကာ တိုးတက်လာပါလိမ့်မယ်။

တရားကက်လျှင် ဒီတရားတွေ တိုးတက် အားရှိလာယင် ထုတ်
ဉာဏ်အမြင်တိုး သက် ဝင်သက်တွေဟာ အဆက်ဆက်ဖြစ်ပြီး
ပျက်,ပျက်သွားတာတွေ့ရလိမ့်မယ်၊ထုတ်သက်

ဝင်သက်ကို ရှုမှတ်နေတဲ့ အသိစိတ်ခေတ်ကလေးတွေ ဖြစ်ပြီး ပျက်နေတာကိုလည်း တွေ့ရလိမ့်မယ်၊ ဖြစ်ပြီးပျက်သွားတာဟာ အနိစ္စသဘောဘဲ၊ ဖြစ်ပြီး ပျက်လို့ဘဲ ဒုက္ခတရားတွေလို့လည်း မြင်လာမယ်၊ ဖြစ်ပျက်တရားမို့ အသက် အရှင် အတ္တ ဆိုတဲ့ အစဲ့ပျက် ဖြစ်ပျက်ဆဲ ခေတ်သက်သက်ဘဲဆိုရတဲ့ အနတ္တသဘောဟာ အလိုလို ထင်လာ မြင်လာမယ်၊ အနိစ္စ ဒုက္ခ အနတ္တဆိုတာ တမင် ဆိုနေစရာ မလိုပါဘူး၊ တရားတွေကို ရှုနေယင် တရားတွေက ပြလာမှာဘဲ၊ ဒီလို ထုက်သက် ဝင်သက် ရုပ်နဲ့ အသိနာမ်တရားတွေကို မြင်ရတာ ဖြစ်ပြီး ပျက်နေတာ မြင်ရတာဟာ သမ္မာဒိဋ္ဌိဘဲ၊ အဲဒီ သမ္မာဒိဋ္ဌိ ဖြစ်နေယင် စက္ခု စသော အတွင်း အာယတနဆိုတဲ့ ဒီဘက်ကမ်း ကပ်နေဥုံး မလား၊ မကပ်တော့ပါဘူး၊ ရူပါရုံ စသော အပြင်အာယတနဆိုတဲ့ ဟိုဘက်ကမ်းကို ကပ်နေဥုံးမှာလား၊ မကပ်တော့ပါဘူး၊ သမ္မာဒိဋ္ဌိ ရေလျှည်နဲ့ အတူ နိဗ္ဗာန်ဆီ မျောပါလိုက်နေတာသာ ဖြစ်ပါတယ်၊ အဲ–ဗဟိုချက်မ ရှုကွက်အနေအားဖြင့် ပေးထားတဲ့ အာနာပါနက အတော်ခရီးရောက်လာတဲ့ အခါကျတော့ ဒီနောက်တစ်ကိုယ် လုံးဖြန့်ပြီး လိုက်ရှုရတော့မယ်။

ပင့်ကူ ဥပမာ။ ။ ဒီနေရာမှာ ပင့်ကူ ဥပမာကလေး သတိထားရလိမ့်မယ်၊ ပင့်ကူအိမ် တွေ့ဖူးကြမှာပေါ့၊ အဲဒီ ပင့်ကူအိမ်မှာ ပင့်ကူကလေးဟာ အလယ်ဗဟိုတွင် ငြိမ်ပြီးနေခဲ့ပါတယ်၊သူ့အိမ်အရှေ့ဘက် တစ်နေရာက ပိုးကောင်ကလေး လာငြိုကပ်လာတယ်ဆိုယင် တစ်ခါတည်း ပြေးပြီး လိုက်ဖမ်းတော့တာဘဲ၊ ဖမ်းပြီး အဆီစုပ်စားပြီး ဗဟိုချက်မနေရာ ပြန်သွားငြိမ်နေတော့တာဘဲ၊ ထို့အတူ အနောက်

တောင် မြောက် ဘယ်နေရာမှာမဆို ပိုးကောင် မှားကောင် ကလေး လောကပ်တယ်ဆိုယင် လိုက်ဖမ်း စုပ်ယူ ပြန်ပြီး သူ့ ဗဟိုနေရာမှာ ပြန်တည်ငြိမ်နေတာဘဲ၊ အဲဒါလိုပါဘဲ အာနာ ပါန ဗဟိုချက်မမှာ တည်ငြိမ်အောင် စိတ်ထား၊ အဲဒီကနေ ခန္ဓာကိုယ်ထဲမှာ ထင်လာ ပေါ်လာတဲ့ တရားတွေ လျှောက် ဖမ်းယူရှုမှတ်ရမှာဘဲ၊ ခန္ဓာကိုယ်ထဲမှာ ထင်လာ ပေါ်လာတဲ့ တရားတွေ ရှုနေမယ်ဆိုတော့ ဘယ်တရားတွေ ရှုနေရမှာလဲ။

ခြောက်ဒ္ဒါရမှာ ခန္ဓာကိုယ်ထဲကဒ္ဒါရခြောက်ပါးမှာ ထင်လာတဲ့ ပေါ်လာသမျှ တရားတွေ ရှုရလိမ့်မယ်၊ ဒ္ဒါရ ခြောက်ပါး ဆိုတာ ယင်ပြောခဲ့တဲ့ အတွင်း အာယတန စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ဆိုတဲ့ အာယတန တွေပေါ့၊ အဲဒီ ခြောက်ပါးကို ဘာကြောင့် ဒ္ဒါရလို့ ခေါ်ရ သလဲ၊ ဒ္ဒါရဆိုတာက မြန်မာလို ဘံခါး၊ တံခါးဆိုတာ လူတို့ ဝင်ရာ ဖြစ်တာလို အဲဒီ အာယတန ခြောက်ပါးဟာလည်း စိတ် စေတသိက်တို့ ဝင်ရောက်လာရာဖြစ်လို့ ဒ္ဒါရတံခါးလို့ ဆိုရ ပါတယ်၊ အပြင် အာယတန ဆိုရတဲ့ အားရုံ ခြောက်ပါးဟာ အဲဒီ ဒ္ဒါရမှာ လာတိုက်ကြ ထင်ကြရတယ်၊ စက္ခု စသည် ခြောက်ပါးက အမံခေတ် ခြောက်ပါး၊ ရူပါရုံ စသော ခြောက် ပါးက အတိုက်ခေတ် ခြောက်ပါးလို့ သတ်မှတ်ကြတယ်၊ စက္ခု ဆိုတဲ့ မျက်စိအကြည်မှာ အဆင်းရူပါရုံဟာ လာထင်ရတယ်၊ သောတ ဆိုတဲ့ နားအကြည်မှာ သဒ္ဒါရုံဆိုတဲ့ အသံက လာ တိုက်ရ ထင်ပေါ်ရတယ်၊ ဃာန ဆိုတဲ့ နှာခေါင်းအကြည်မှာ ဂန္ဓာရုံဆိုတဲ့ အနံ့ဟာ လာတိုက် လာထင်ရတယ်၊ ဇိဝှါဆိုတဲ့ လျှာအကြည်ခေတ်မှာ ရသာရုံဆိုတဲ့ အရသာ လာတိုက်ရ

လာထင်ရတယ်၊ ကာယဆိုကဲ့ ကိုယ်အကြည်မှာ ဖောင်ဗွေ့ဗောရုံ ဆိုတဲ့ အတွေ့ဟာ လာတိုက်ရ ထင်ရတယ်၊ မနဆိုတဲ့ ဘဝင် စိတ် အကြည်မှာ ဓမ္မာရုံဆိုတဲ့ တရားအမျိုးမျိုး လာထင်ရတယ်၊ အဲဒီတော့ ဒီတရားတွေ သူ့ အတွဲနဲ့သူ ရှုမှတ်ရပုံကလေးတွေ ပြောကြဦးစို့။

မြင်တဲ့အခါ။ ။ မြင်တယ်ဆိုတာ မျက်စိ အကြည် ဓာတ်နဲ့ အဆင်းရူပါရုံ တိုက်ဆိုင်မိတဲ့အခါ ထိုရူပါ ရုံကို သိတဲ့ အသိစိတ်ပေါ်လာတာကို မြင်တယ်လို့ ဆိုရပါ တယ်၊ ဒါကြောင့် အဆင်းကို မြင်ရတဲ့အခါ အဆင်းရူပါရုံ ကိုလည်း သိရမယ်၊ ထိုရူပါရုံ လာထင်ရာ လာတိုက်ရာ စက္ခု အကြည်ကိုလည်း သိရမယ်၊ စက္ခုနဲ့ ရူပါရုံ တိုက်ဆိုင်လို့ ပေါ် လာတဲ့ အသိတရားတွေကိုလည်း သရတယ်၊ ရှုတယ်ဆိုတာ ထို စက္ခု ရူပါရုံ အသိ ဒီတရားတွေကို သိပေးနေရမှာ ဖြစ်ပါ တယ်၊ အစပထမတော့ သုံးပါးလုံး သိဖို့မလွယ်သေးဘူးပေါ့၊ ရှုဖန်များလို့ သတိ သမာဓိ ပညာအားတွေ ကောင်းလာတော့ ကဲ့ကဲ့ပြားပြား ခွဲခွဲခြားခြား မြင်လာရပါလိမ့်မယ်၊ ဒါတွင်မက ရူပါရုံတွေ ဖြစ်ပြီး ပျက်သွားတာကိုလည်း တွေ့ရလိမ့်မယ်၊ အသိ နာမ်တရားတွေ ဖြစ်ပြီး ပျက်သွားတာကိုလည်း တွေ့ရ လိမ့်မယ်၊ စက္ခုတွေရဲ့ ဖြစ်ပျက်ကိုလည်း သိလာလိမ့်မယ်၊အဲဒီလို စက္ခု ရူပါရုံ အသိနာမ် သုံးချက် ဖြစ်ပြီး ပျက်ပျက် သွားတာ မြင်ရယင် အနိစ္စသဘော မြင်တာဘဲ၊ ဖြစ်ပြီး တပျက်တည်း ပျက်နေတာ တွေ့ရတော့ ဖြစ်ပျက်ဖြင့် အမြဲ နှိပ် စက် နေ တဲ့ တရားတွေပါလားဆိုတဲ့ ဒုက္ခသဘောလည်း ပေါ်လွင် အောင် မြင်လာ သိလာရတော့တာပါဘဲ၊ အဲဒါလို ဖြစ်ပြီး ပျက်နေတာ

မြင်ရတော့ မြဲတဲ့အနှစ်သာရလို့ ထင်ရတဲ့ အသက် ဇီဝ အတ္တ ဆိုတာ မရှိ ဖြစ်ပျက်နေတဲ့ ခေါတ်တွေသာ ရှိပါလေးလို့ အနတ္တ သဘောလည်း ထင်လာ မြင်လာ ရတော့ တာပါဘဲ၊ အဲဒီလို စက္ခု ရူပါရုံ အသိနာမ်တွေ ရှိနေတာ ထိုအခိုက် ဖြစ်နေတဲ့ ခန္ဓာငါးပါးကို အရှိကို အရှိအတိုင်း အဖြစ်နဲ့အပျက်ကို ဖြစ်တဲ့ ပျက်တဲ့အတိုင်း အမှန်ကိုရှု အဟုတ်ကို သိနေတာ ဖြစ်နေတော့ ဒီအမှန်တရားတွေကို အမှန်အတိုင်း မြင်မှု သိမှုဟာ သမ္မာဒိဋ္ဌိ အမြင်မှန်ပါဘဲ၊ ဒီ သမ္မာဒိဋ္ဌိ ဖြစ်နေယင် စက္ခုဆိုတဲ့ သည်ဘက်ကပ်း ကပ်နေဦးမလား၊ မကပ်တော့ပါဘူး၊ ရူပါရုံ ဆိုတဲ့ ဟိုဘက်ကပ်ကလည်း ခွာနေတာပါဘဲ၊ သမ္မာဒိဋ္ဌိ ရေလျှည့် ကြောနဲ့နိဗ္ဗာန်ဆီ ပြေးနေတော့တာပါဘဲ။

ကြားတဲ့ အခါ။ ။သောတ အကြည်ဓာတ်နဲ့ သဒ္ဒါရုံ အသံတို့ တိုက်မိတဲ့အခါ အသံကို သိတဲ့ အသိနာမ် ဖြစ်ပေါ်လာတာကိုဘဲ ကြားတယ် ဆိုရပါတယ်၊ ဒီလို ကြားရတဲ့အခါမှာ အသံဆိုတဲ့ သဒ္ဒါရုံကိုလည်း သိရမယ်၊ နားအကြည် သောတ ကိုလည်း သိရမယ်၊ အသံကိုသိတဲ့ အသိနာမ်ကိုလည်း သိရမယ်၊အသံတွေ အသိတွေ ဖြစ်ပြီး ပျက်ပျက်သွားတာတော့ အတော် ထင်ရှားပါတယ်၊ ဥပမာ-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရွတ်တဲ့အခါ ကြားရတဲ့ အသံတွေမှာ ဗုဒ်ဆိုတဲ့ အသံ ကြားပြီး သူ ပျောက်သွားမှ ဓံ-ဆိုတဲ့ အသံ ကြားရတယ်၊ ဓံ-ဆိုတဲ့အသံ ကြားရပြီး ပျောက်သွားမှ သ၊ သ-သံ ပျောက်သွားမှ ရ၊ ရ-ပျောက်သွားမှ ဏံ၊ ဏံ-ပျောက်သွားမှ ဂ၊ ဂ-ပျောက်မှ ဆာ၊ ဆာ-ပျောက်မှ မိ ကြားရတယ်၊ အဲဒီတော့ အသံတွေ ဖြစ်ပြီး ပျောက်ပျောက်သွားတာ ထင်ရှားပါတယ်၊

အဲဒါလိုဘဲ ဗုဒ္ဓဆိုတဲ့အသံကို သိတဲ့ဟာ ဓံကို သိတဲ့ အသိဆီ ရောက်လာတာ မဟုတ်ပါဘူး၊ ဗုဒ္ဓဆိုတာ သိပြီး ပျောက်၊ နောက် ဓံကိုသိတဲ့ အသိ ပေါ်လာ၊ ဓံကို သိတဲ့ အသိဟာလည်း အသံဆုံး ပျောက်၊ သ ဆိုတဲ့ အသံမှာ အသိ ဖြစ်ပေါ်လာတာ ပါဘဲ၊ အဲဒါလို ရဏံ ဂစ္ဆာမိ ဆိုတာမှာလည်း ရှေးရှေး အသံတွေ သိတဲ့အသိတွေဟာ အသံဆုံးလျှင် အသိလည်း ပျောက် ပျောက်သွားတာ သိနိုင်ပါတယ်၊ လူတွေရဲ့အထင် ဗုဒ္ဓသိတာ လည်း ဒီအသိဘဲ၊ ဓံသိတာလည်း ဒီအသိဘဲ၊ အသိနာမ်ကလေး ဟာ တစ်ခုတည်းလို့ ထင်နေကြတယ်၊ အဲဒီလို ထင်နေလို့လည်း အရှင် အသက်ဆိုတဲ့ အတ္တစ္ဓံကလေးဟာ ရှိနေကြတာဘဲ၊ ဒီလို အသိတစ်ခုတည်းဆိုတဲ့ အစ္ဓံရှိနေလို့ဘဲ ဒီအသက်ကလေးဟာ နောက်ဘဝ သွားပြီး ခန္ဓာအသစ် ဖြစ်တယ်လို့ စဲ့လမ်းနေကြ တယ်၊ဒါဟာအတ္တစ္ဓံဘဲ၊အဲဒါလိုအသံတွေလည်းဖြစ်ပြီးပျက်တယ် အသိတွေလည်း အဆင့်ဆင့် ဖြစ်ပြီး ပျက်တယ်လို့ သိဖို့က ရှုမှတ်တဲ့ဉာဏ် ဘာဝနာဉာဏ်ပေါ့လေ၊ အဲဒါလိုတယ်၊ အဲဒီ ဉာဏ် သတိ သမာဓိတွေ ထက်သန်လာတဲ့အခါ အသိ နာမ် ကလေးဟာ တစ်ခုတည်းမဟုတ်၊ တစ်ခု ဖြစ်ချုပ်ပြီး တစ်ခု ပေါ်လာတယ်ဆိုတာ ရှင်းရှင်း လာပါတယ်၊ အသံတွေ တစ်ခုပြီး တစ်ခု အသစ် အသစ် ဖြစ်ပြီး ပျက်နေတာတွေ အသံကိုသိတဲ့ အသိတွေ တစ်ခုပြီးတစ်ခု ဖြစ်ပြီး အဆင့်ဆင့် ပျက်နေတာတွေ မြင်ရတော့ နားထဲက သောတအကြည်ရုပ်တွေဟာလည်း ဖြစ်ပြီး ပျက်ပျက်နေတာ ထင်ပေါ်လာရတာပါဘဲ၊ အဲဒီလို အသံလည်း သိ၊ သောတလည်း သိ၊ အသံကိုသိတဲ့ နာမ်တရားကိုလည်း သိ၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စသဘော၊ အပျက်တရားမို့ ဒုက္ခသဘော၊

ဖြစ်ပျက်တဲ့ဓာတ်သဘောမျှ ဇီဝအသက်မဟုတ် အရှင်မဟုတ်တဲ့ အနတ္တသဘောလည်း သိနေ၊ အဲဒီ အသိတွေဟာ သမ္မာဒိဋ္ဌိ-အမှန်အကန်သိမှုတွေ၊ဒီသမ္မာဒိဋ္ဌိဖြစ်နေယင် သောတမှာ လေဘ ဒေါသစသည်ဖြစ်မှုဆိုတဲ့ ဒီဘက်ကမ်းကပ်မှုလည်းမရှိ၊အသံသဒ္ဒါ ရုံမှာ လေဘ ဒေါသ စသည်ဖြစ်နေမှု ဆိုတဲ့ ဟိုဘက်ကမ်း ကပ်မှုလည်း မရှိ၊ သမ္မာဒိဋ္ဌိနဲ့ အတူ မျှောပြီး နိဗ္ဗာန် သမုဒ္ဒရာ ဥုးတည်သွားနေတော့တာပါဘဲ။

နံတဲ့ အခါ။ ။နံတယ် မွှေးတယ်ဆိုတာ ဘာလဲ၊ ဃာန ခေါ် နှာခေါင်းထဲက အကြည်နဲ့ ဂန္ဓာရုံ ခေါ် အနံ့ ဆုံမိတဲ့အခါ အဲဒီအနံ့ကိုသိတဲ့ အသိနာမ် ပေါ်လာတယ်၊ အနံ့ကို သိဘဲ အသိပေါ်လာတာကို နံတယ် မွှေးတယ်လို့ ဆိုရပါတယ်၊ အဲဒါကြောင့် အနံ့ နံတဲ့အခါ ဖြစ်နေတဲ့အနံ့ ဂန္ဓာရုံကိုလည်း သိရမယ်၊ နှာခေါင်းထဲက အကြည်ရုပ်ကိုလည်း သိရမယ်၊ အနံ့ကိုသိတဲ့ အသိနာမ်ဘရားကိုလည်း သိရမယ်၊ အဲဒါလို အသိပေး ရှုပေးနေယင် သတိသမ္ပဇညအား ကောင်းလာတဲ့အခါ အနံ့နဲ့ အသိနာမ်ဃာနတို့ဟာ ဉာဏ်ထဲမှာ ကွဲကွဲပြားပြား ခွဲခွဲခြားခြားပေါ်လာပါလိမ့်မယ်၊ဒီလိုကွဲကွဲပြားပြားတွေ့လာယင်ဖြင့်ပြီး ပျက်ပျက်သွားတာလည်း တွေ့ရလို့ အနံ့စွဲသဘော ဒုက္ခသဘော အနတ္တသဘောတွေ့လည်း ထင်လာမြင်လာပါလိမ့်မယ်၊ အဲဒီလို ဒီဃာန ဂန္ဓ အသိဆိုတဲ့ တရားတွေ့မြင်တယ်၊ ဖြစ်ပြီး ပျက်တာ မြင်မယ်ဆိုယင် ဒါအမှန်မြင်တဲ့ သမ္မာဒိဋ္ဌိဘဲ၊ ဒီသမ္မာဒိဋ္ဌိဖြစ်နေယင် ဃာန ဂန္ဓနဲ့စပ်လို့ လေဘ ဒေါသ စသည်ဖြစ်မှုဆိုတဲ့ ဒီဘက်ကမ်း ဟိုဘက်ကမ်းကပ်မှုတွေ့ကင်း သမ္မာဒိဋ္ဌိရေလျှည်နဲ့ အတူ မျှောကာ နိဗ္ဗာန်ဆီ ဥုးတည် သွားနေခြင်း ပါဘဲ၊

ဒီနာေခါင်းကဒီယာန အနံ့အသိရှုရုံ အသုံးကျေတာ့ မဟုတ်ဘူး ေနာ်၊ ယခင် ပင်ကို ဗဟိုအချက် ရှုကွက်အဖြစ် ေပးထားတဲ့ အာနာပါနဟာလည်း နာခေါင်းဘဲ အသုံးပြုရတာဘဲ၊ ဒီတော့ တခြားရှုစရာ မမြင်ရယင် သို့မဟုတ် ရှုလို့မကောင်းတတ်သေး ယင် ဗဟိုချက်မ အာနာပါနဆီ ပြန်ရှုပေးပါ။

စားတဲ့အခါ။ ။ဇီဝါ ခေါ်လျှာအကြည်မှာ အရသာ ရသာရုံ ထိတိုက်နေတာကို စားတယ်ဆိုရပါတယ်၊ အဲဒီ အခါ ဒီတရားနှစ်ခု တိုက်မိဆုံမိလို့ ေပါ်လာတဲ့ အသိနာမ်က ထိုအရသာ ရသာရုံကို သိနေတာပါဘဲ၊ ဒီအခိုက်မှာ ဖြစ်လာတဲ့ ဇီဝါ ရသာရုံ အသိနာမ် သုံးပါးတို့ကို လိုက်သိနေရမယ်၊ အမှန်က ပထမသုံးပါးလုံး ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား သိဖို့ မလွယ်သေးပါဘူး၊ ထင်ရှားအသိဉာဏ်တွေ ေပါ်ရာကိုသာ စွဲရှုရမှာပါ၊ ဒီလိုရှုရင်းနဲ့ သမာဓိစွဲ ဉာဏ်အားကောင်းလာတဲ့ အခါ သုံးပါးလုံး ထင်ရှားလာမှာပါ၊ နောက်က စက္ခု သောတ ဃာန တို့မှာလည်း ဒီအတိုင်းပါဘဲ၊ သမာဓိ ပညာအားကောင်း လာတဲ့အခါတော့ ဒီသုံးခုသာမက ဒီသုံးခု ရှုရင်းနဲ့ တခြား တရားတွေလည်း ထင်ေပါ်လာတာပါဘဲ၊ ဇီဝါ ရသာရုံ တိုက်မိတဲ့အခါ ဖြစ်လာတဲ့ ဖဿတွေထိမှု ထိုတွေ့ထိမှုကြောင့် ေပါ်လာရကဲ့ သာယာဖွယ် မသာယာဖွယ် ကောင်း မကောင်း ခံစားတဲ့ ေဝဒနာ ဒါတွေဟာလည်း ဉာဏ်မှာထင်ေပါ်လာရ ပါတယ်၊ ဒီမျှမက ဒီတရားသုံးပါး ရှုရင်းနဲ့ဘဲ လျှာအကြည် တည်ရာ လျှာ၏ ခက်မာမှုသဘော စိုစိမ့် ယိုနေတဲ့ သဘော လှုပ်ရှားတွန်းကန်နေတဲ့သဘော၊ အပူအအေး သဘော ဆိုတဲ့ ဒီသဘော ဓာတ်ကြီးလေးပါးဟာလည်း ဉာဏ်မှာ ေပါ်လာ

တာပါဘဲ၊ ယခင်စကၠစ္ဆသည်မှာလည်း ဒီအတိုင်းပါဘဲ၊ ဒီတော့ တရားဆိုတာက ထင်ရှားပေါ်ရှာ ရှုရင်းနဲ့ သမာဓိ ပညာ အားကောင်းလာတဲ့ အခါ တမင်မရှုတဲ့ တရား တွေ့ဟာလည်း တပါတည်း သဘာဝအလိုက် ထင်ပေါ်လာရတာဟာ သတိ သမာဓိ ပညာတို့၏ အစွမ်းလို့ ဆိုရပါတယ်။

တွေ့ထိတဲ့အခါ။ ။ကာယကိုယ်ဆိုတာက မျက်စိ နား နှာ လျှာ အကြည်ရုပ် ထိုမှတစ်ပါး တစ်ကိုယ်လုံးရှိ အကြည်ဓာတ်ကို ဆိုပါတယ်၊ အဲဒီကိုယ်အကြည်ဓာတ် ကာယမှာ လာတိုက်တဲ့အာရုံက ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိပါဘဲ၊ အဲဒီ ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ ဆုံမိ တိုက်မိတဲ့အခါ ထိုဖောဋ္ဌဗ္ဗာရုံကို သိဘဲ့ နာမ်အသိပေါ်လာရတယ်၊ အဲဒီအခါ ကာယကိုရော အသိ နာမ်ကိုရော သိရ ရှုရပါမယ်၊ ရှုတယ်ဆိုတာ ဉာဏ်နဲ့လိုက်သိ နေရမှာကို ဆိုလိုပါတယ်၊ အတွေ့အာရုံဆိုတာက အဝတ်နဲ့ ကိုယ်နဲ့ထိတဲ့အခါ ထိုင်တဲ့ အိပ်တဲ့အခါ ကြမ်းနဲ့ဖျာနဲ့ ထိတဲ့အခါ တစ်စုံတစ်ခုကိုင်ဟဲ့အခါ ကိုင်အပ်တဲ့ အရာဝတ္ထုနဲ့ ထိတဲ့အခါ သွားတဲ့အခါ မြေကြီးနဲ့ ကြမ်းနဲ့ ခြေဖဝါးနဲ့ ထိတဲ့အခါ စသည်ဖြင့် အများကြီး ရှိပါတယ်၊ တစ်ခုခုနဲ့ ကိုယ်နဲ့ ထိတိုင်း ကိုယ်ရော ထိလာတဲ့အာရုံရော ထိုအာရုံသိတဲ့ နာမ်အသိရော သုံးပါးလုံးမှာ အသိဉာဏ် လွှတ်ပေးထားယင် သတိ သမာဓိ ပညာအားကောင်းလာပြီး ထိတဲ့ ဖောဋ္ဌဗ္ဗာရုံလည်း ဖြစ်ပြီး ပျက်သွားတာ, ထိုးဆထိအာရုံကို သိတဲ့ အသိနာမ်ကလေးတွေ ဖြစ်ပြီး ပျက်သွားတာ ကိုယ် အကြည်တွေ့လည်း ဖြင်ပြီး ပျက် သွားတာ တွေ့ရပါလိမ့်မယ်၊ အဲဒီအခါ အနိစ္စ-ဒုက္ခ-အနတ္တ သဘောတွေ ပေါ်နေတာ ထင်နေတာပါဘဲ၊ အဲဒီလို ကိုယ်

သိတာ ဖောင်ဌမ အတွေ့အာရုံကို သိတာ ထိုအာရုံကို သိတဲ့ အသိနာမ်ကို သိတာ ထိုတရားသုံးပါး ဖြစ်ပြီးပျက်သွားရလို့ အနိစ္စ ဒုက္ခ အနတ္တလို့ သိတာ အဲဒီအသိဉာဏ်တွေဟာ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ဖြစ်နေတော့ ကိုယ်နဲ့စပ်ပြီးဖြစ်တဲ့ လောဘ ဒေါသ စသည်ဖြစ်မှု သည်ဘက်ကမ်းကပ်ခြင်း ဖြစ်ဉုံးမလား၊ မဖြစ်ပါဘူး၊ ဖောင်ဌမာရုံနဲ့စပ်လို့ လောဘ ဒေါသ စသည် ဖြစ်မှု ဟိုဘက်ကမ်းကပ်ခြင်း ဖြစ်ဉုံးမလား၊ မဖြစ်ပါဘူး၊ သမ္မာဒိဋ္ဌိ ဖြစ်နေတော့ သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဆီ လိုက်ပါ မျှောနေတာသာ ဖြစ်ပါတယ်။

ကိုယ်နဲ့စပ်တဲ့ ဒီကိုယ်ကြီးကတော့ ရှုကွက်တွေ အလွန်မျှားလို့ ရှုကွက် ဒါတွေ ပြောရလိမ့်ဉုံးမယ်၊ ကာယ အကြည် ရှုယင်းနဲ့ ကာယ အကြည် တရားကိုယ်ကြီးက ရှုစရာတွေမျှားစွာ ထင်လာပေါ်လာနိုင်ပါတယ်၊ ဒီကိုယ်ထဲမှာ ဗျာပါရ အမျိုးမျိုးဖြစ်နေတာ အာရုံအားလုံး ရုပ်တွေရဲ့ အလုပ် ချည်းပါဘဲ၊ အဲဒီရုပ်တွေ အလုပ်လုပ်အောင် နာမ်ကလို့ ဆော်ပေးနေတာဖြစ်တော့ နာမ်အလုပ်လည်း ပါနေတယ်၊ ဒါကို ပထမ သိထား ကြရလိမ့်မယ်၊ ဒီတော့ ဒီခန္ဓာ ကိုယ်ထဲမှာ သွားမှု လာမှုစတဲ့ ခြေ လှုပ်ရှားမှုတွေ ကိုင်မှု တွယ်မှု လက် မြှောက်မှု ချမှု စသော လက်လှုပ်ရှားမှုတွေ မျက်လွှာ လှုပ်မှု လည်ပင်းလှုပ်မှု စသော လှုပ်ရှားမှု ရှေ့လျှားမှုတွေဟာ ဝါယောဓာတ် လွှန်ကဲတဲ့ရုပ်ကလာပ်တွေ ဖြစ်မှုပါဘဲ၊ ဒီတော့ ကိုယ်နဲ့ အတွေ့အာရုံရှရင်းနဲ့ အဲဒီ လှုပ်ရှားမှု အမျိုးစုံ ထိုလှုပ်ရှားမှုကို လို့ဆော်ပေးနေတဲ့ စိတ်အသိ ဒါတွေလည်းထင်ပေါ်လာတဲ့ဘဲ၊မထင်ပေါ်ယင်လည်း တမင်ရှုပေးနိုင်ပါတယ်၊

သမာဓိပညာ အားကောင်းလာလျှင်တော့ တမင် မရှုဘဲနဲ့ ထင်ပေါ် လာတတ် ပါတယ်၊ ခန္ဓာကိုယ်ထဲ ပူမှု အေးမှုတွေ ရှိနေတယ်၊ ဒါတွေလည်း ထင်ပေါ်လာတတ်ပါတယ်၊ မထင်ယင် တမင် ရှုပေးနိုင်ပါတယ်၊ ရှုတယ်ဆိုတဲ့ ဖြစ်သမျှ ပေါ်သမျှ လိုက်ပြီး သိနေရာမှာ ဆိုလိုပါတယ်၊ ပူမှု အေးမှုကို သိတာ တေဇောလွှန်ကဲတဲ့ ရုပ်တရားတွေကို သိတာဘဲ၊ ငြိမ်နေ ရပ်နေ ထိုင်နေတဲ့အခါ, ခန္ဓာကိုယ် တောင့်တင်း နေ တဲ့ အခါ ပထဝီဓာတ် လွှန်ကဲတဲ့ ရုပ်ကလာပ်တွေဖြစ်နေတာဘဲ၊ ဒီသဘာဝ လည်း ထင်ပေါ်လာတတ်ပါတယ်၊ မထင်လျှင် တမင် ရှုနိုင် ပါတယ်။

စားတဲ့သောက်တဲ့အခါ လက်က ထမင်းလုတ် ယူ, ဟင်း ခပ်နဲ့ လှုပ်ရှားပုံတွေ, ပါးစပ် လျှာတို့ လှုပ်ရှားပုံတွေ စသည် အမျိုးမျိုး လှုပ်ရှားမှု ဝါယောဓာတ်တွေထင်ပေါ် လာတတ် ပါတယ်၊ ကိုယ်ကိုရှယင်းနဲ့ဘဲ ခန္ဓာကိုယ်မှာ ယိုစီးတတ် စိမ့် တတ်တဲ့ အရည် သဘော၊ ဥပမာ–တံတွေး ကျင်ငယ် စသည် တို့ရဲ့ သဘာဝ အာပေါဓာတ်တွေဟာလည်း ထင်လာတတ်တာ ပါဘဲ၊ တမင်လည်း ရှုပေးနိုင်ပါတယ်၊ ဒါတွင်မက ရှုနေတဲ့ အသိနာမ် ဉာဏ် စသည်ဟာလည်း ထင်ပေါ်နေတတ်ပါတယ်၊ တမင်လည်း ဒီအသိကို ရှုနိုင်ပါတယ်၊ အဲဒီတော့ ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ဖြစ်လာတဲ့ ပေါ်လာတဲ့ ရုပ်အခြေအနေတွေကို လိုက်သိပေးနေရမယ်၊ အဲဒီလို သိနေတဲ့အခါ ရှေ့စိတ်ကို နောက်စိတ်က လိုက်နေသလို ရှုနေ ထင်နေ သိနေတဲ့ အသိစိတ် ကိုလည်း သိအောင် ကြိုးစားရတယ်၊ ဒီတော့ ခန္ဓာကိုယ် ကြီးမှာ ရှုစရာတွေ အများကြီး၊ အဲဒီ ရှုစရာတွေဟာ အာယ

တနှ ဝိညာဉ်တွေ ရှုရင်းနဲ့ သတိ သမ္မာဓိ ပညာ အားကောင်း လာယင် အလိုလို ထင်ပေါ်လာတတ်ပါတယ်၊ မထင်လျှင် အဲဒါတွေကိုလည်း ကိုယ်အနှံ့ တွေ့သမျှလိုက်ရှုနေရမှာဖြစ်တော့ ကာယအကြည် တည်ရာ ဒီကိုယ်မှာက ရှုကွက်တွေ အလွန် ပေါမျှားလှပါတယ်။

သိတဲ့အခါ။ ။မန ဆိုတာ စိတ်အားလုံးနဲ့ ဆိုင်ပါတယ်၊ ဒါပေမယ့် ဒီနေရာမှာတော့ ဓမ္မာရုံနဲ့ တွဲရမှာ ဖြစ်တော့ ဓမ္မာရုံထင်ပေါ်ရာ ဘဝင်စိတ်ကို ယူရပါတယ်၊ ကမ္မဋ္ဌာန်း ပွားမျှားတဲ့အခါ ခန္ဓာကိုယ်ထဲက ဓာတ်ကြီးလေးပါးတို့, စက္ခု စသော အကြည်ရုပ်တို့၊ ပြီး နာမ်တရားတွေ အဲဒီ ဓမ္မာရုံတွေဟာ ထင်ပေါ်လာရတယ်၊ မန ဆိုတဲ့ ဘဝင်စိတ်က အဲဒီ ဓမ္မာရုံတွေ ထင်ပေါ်ရာ ဌာနပါဘဲ၊ ဒီအခါမှာ မနကိုလည်း သိရတယ်၊ ဓမ္မာရုံတွေလည်း သိရတယ်၊ ဒီ ဓမ္မာရုံတွေကို သိတဲ့ ရှုဘဲ့ အသိနာမ်တရားတွေကိုလည်း သိရတယ်၊ တရားရှုနေတဲ့အခါ ရှုပါရုံ စသော တရားငါးပါးမှ တစ်ပါးတခြားတရားတွေကို ရှုနေ ပွားနေတဲ့အခါ ဓမ္မာရုံ သိမှုဟာ ပြီးနေပါတယ်၊ ဒီတရားတွေကို ရှုနေတဲ့အသိကို နောက်အသိတစ်မျိုးနဲ့ လိုက်သိနေတဲ့ အသိကိုဘဲ ဓမ္မာရုံကို သိတဲ့ အသိနာမ်တရားကို သိရတယ် ဆိုပါတယ်၊ ဒီ မနမှာက သည့်ပြင် စိတ်ကူးအတွေး အမျိုးမျိုး တွေလည်း ထင်လာ ပေါ် လာ တတ်ပါသေးတယ်၊ ဒါကိုလည်း သိရမှာပါဘဲ၊ ဒါပေမယ့် အဲဒီ အတွေးတွေဟာ ကမ္မဋ္ဌာန်းအာရုံက အလွတ် ကမ္မဋ္ဌာန်းက ခွာပြေးနေတဲ့ အတွေးတွေ ဖြစ်နေယင်တော့ အဲဒီ အတွေးတွေ ဖြတ်ပြီး ကမ္မဋ္ဌာန်းအာရုံမှာ ပြန်တင်ပေးရပါလိမ့်မယ်။

ဉာဏ်တော့တက် မဂ်ဖိုလ်ဆိုက်

ယခု ပြောခဲ့တဲ့အတိုင်း ဒုဿကိုယ်ထဲမှာ စဲ့စဲ့မြဲမြဲနဲ့ ဇဲ့သန်သန်ထား ရှုပ္ပ၁း ကြိုးစားယင် ခဒ္ဓာကိုယ်ထဲကဖြစ်ပေါ်နေတဲ့ ဇရားသဘောတွေကို အမှန်အတိုင်း မြင်ရပါလိမ့်မယ်၊ ထိုတရားတွေရဲ့ ဖြစ်ပြီး ပျက်တတ်တဲ့ အနိစ္စသဘော စသည်ကိုလည်း သိလာရပါလိမ့်မယ်၊ အနိစ္စသဘော မြင်ရတဲ့အခါ တရားသဘောတွေ ဖြစ်လာတာကိုလည်းသိ ပျက်သွားတာလည်း သိတဲ့ဉာဏ် ဖြစ်လာပါလိမ့်မယ်၊ ဒီဉာဏ်ဖြစ်လာယင် တရားတွေ ဖြစ်ပေါ်လာတာလည်း တွေ့ရ. ဖြစ်ပြီး ပျက်သွားတာလည်း အထင်အရှားသိရပါလိမ့်မယ်၊ အဲဒါလို အဖြစ်ကိုရော အပျက်ကိုရော သိလာတဲ့ဉာဏ်ကို ဥဒယဗ္ဗယဉာဏ် ခေါ်ပါတယ်၊ အဲဒီ ဉာဏ်ပေါ်လာယင်တော့ ထူးခြားတဲ့ အရောင် အလင်းများလည်း ဖြစ်ပေါ်လာတတ်ပါတယ်၊ ထူးကဲတဲ့ ပီတိတွေလည်း ဖြစ်လာတယ်၊ တကယ့် ငြိမ်းအေးမှု ချမ်းသာမှု ဉာဏ်လျင်မြန် သွက်လက်မှု စသော ထူးထူးခြားခြား တရားတွေ ပေါ်လာတတ်ပါတယ်၊ ဒီအခါ ဝိပဿနာမှာ သာယာတဲ့ နိကန္တီ ခေါ် သိမ်မွေ့တဲ့ ဇရာလည်းဖြစ်လာတတ်တယ်၊ ဒါတွေဟာ ဝိပဿနာ လမ်းမှန်တော့ မဟုတ်ဘူး၊ ဝိပဿနာ ညစ်နွမ်းကြောင်းတရားတွေ ဆိုပါတယ်။

အဲဒါတွေ အရေးမထားဘဲ ရှုမြဲရှုနေယင် ရင့်တဲ့ ဥဒယဗ္ဗယဉာဏ် ပေါ်လာရတယ်၊ ဒီဉာဏ် ရင့်လာတော့ နောက်ကို ဖြစ်ပျက်ကို သိနေတဲ့ဉာဏ်က အလွန် သွက်လက် လျင်မြန်လာပြီး အဖြစ်ကို မမြင်ရတော့ဘဲ ပျက်နေတာချည်း မြင်ရတဲ့ ဘင်ဉာဏ် ဆိုတာ ဖြစ်လာရတယ်၊ အဲဒီနောက် တခြားဉာဏ်တွေ အဆင့်ဆင့် တက်ဖြစ်သွားပါလိမ့်မယ်၊ တကယ်တော့ ဒီဉာဏ်တွေကို

သိဖို့ မလိုသေးပါဘူး၊ ရှုဖို့သာ လိုပါသေးတယ်၊ ရှုမြဲ ရှုနေ ယင်တော့ သတိ ပညာ သမာဓိတို့ အားကောင်းလာသည်နှင့် အမျှ ကိုယ်က သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဉာဏ်တွေက သူ့ဟာသူ အဆင့်ဆင့် ရင့်သန်တိုးတက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်ကာ ပင့်လန်း ဖြစ်ပွားသွားတော့မှာပါဘဲ၊ နောက်ဆုံး ဉာဏ် အလွန်လျင် အလွန်သွက် အလွန် တက်လာ တဲ့ အခါ ကျတော့ သင်္ခါရ ရုပ်နာမ်တို့နဲ့ အဆက်ပြတ်ကာ ချုပ်ငြိမ်းရာ ခေတ်ဘစ်မျိုးသို့ ကိုယ်တွေ့မျက်မှောက် ဆိုက်ရောက် သွားပါ လိမ့်မယ်၊ ထိုအခါ မင်ဖိုလ်တရားများ ထင်ရှားဖြစ်ခြင်းပါဘဲ၊ ဒီတရား ရှုမှတ်ပွားများခြင်းကြောင့် ရလာတဲ့ အလွန် ထူးခြား မြင့်မြတ်တဲ့ အကျိုးအာနိသင်ပါဘဲ၊ ဒီလို အစ မင်ဖိုလ် ဆိုက် သွားယင်ဘဲ နောင် ဝဋ္ဋဒုက္ခတွေ ငြိမ်းအေးဖို့ရာ စိတ်ချရတဲ့ အဖြစ်မျိုး ရောက်ခဲ့ပြီမို့ အလွန် ထူးခြားမှန်မြတ်လှတဲ့အဖြစ် မျိုးဆိုတာ အထူး ပြောစရာမလိုတော့ပါဘူး။

သောတာပန် ပထဗျာ ကေရဋ္ဌေန - သဂ္ဂသ ဂမနေန ဝါ၊
ဂုဏ်ရည် သဗ္ဗလောကာဓိပစ္စေန-သောတာပတ္တိ ဖလံ ဝရံ။
(ဓမ္မပဒ)

ပထဗျာ-ကမ္ဘာ့ဗေဒခင် မြေတစ်ပြင်လုံးဌ။ ကေရဋ္ဌေန ဝါ-တစ်ဦးတည်းအရှင် ဘုရင် ၈ ကရာဇ် ဖြစ် ရ သည် ထက် လည်း ကောင်း။ သဂ္ဂသ-ချမ်းသာ ရိပ်ငြိမ်၊ စည်းစိမ်တွေစုံ နတ်တို့ ဘုံသို့။ ဂမနေန ဝါ-ကူသိုလ်ဖန်၍၊ ဗိမာန်အသင့် ဘုံအသင့်ဖြင့် ဂုဏ်ဖြင့်ဖြိုးမောက် ရောက်ရသည်ထက်လည်းကောင်း။ သဗ္ဗလော ကာဓိပစ္စေန ဝါ-တစ်လောကလုံး သိမ်းကျုံးလွှမ်းမိုး တန်ခိုး

လှလှ အစိုးရသည်ထက် လည်းကောင်း။ သောတာပတ္တိဖလံ-သောတာပတ္တိ မည်ရှိထူးခြား ဖိုလ်တရားသည်။ ဝရုံ-ဂုဏ်အရည် ဖြင့် မမိနိုင်ကမ်း အလှမ်းဝေးကွာ ထူးခွန် မှန်မြတ် လှပါပေ သတည်း။

ပြစ်လယ်မြုပ်တယ် ကဲ- ဂရားက မဆုံးသေးဘူး၊ ရဟန်းရဲ့ ဆိုတာ အမေးမှာ ဒီဘက်ကမ်း ဟိုဘက်ကမ်း အဖြေနှစ်ခုသာ တင်ပြရသေးတယ်၊ နောက် ဆက်လက်ပြီး ဖြေတဲ့ အဖြေတွေရှိတော့ အကျဉ်းချုပ်ပြီး ဟောပြရလိမ့်မယ်၊ မြစ်လယ်ခေါင်မှာ နစ်မြုပ်တယ်ဆိုတာ ဘာပါလဲဆိုတဲ့ အမေးရဲ့အဖြေကို ဆက်ကြည့်စို့။

ဘုရားရှင် အဖြေက-

မဇ္ဈေသံသာဒေါတိ ခေါ ဘိက္ခု နန္ဒိရာဂဿေတံ အဓိဝစနံ။

ဘိက္ခု-အသိထင်ထင်၊ အမြင်ပွားဖို့ လျှောက်ထားမေးမြန်း၊ အို- ချစ်သားရဟန်း။ မဇ္ဈေသံသာဒေါတိ-မြစ်လယ်မှာ ဝုပ်၊ သဲတွေအုပ်၊ နစ်မြုပ်သည်ဟူသော။ ဧတံ - ဝါ အရှင်မြတ် ကွယ်ဝှက်တဲ့ည်ထား၊ ဤစကားသည်။ နန္ဒိရာဂဿ-အာရုံသွယ် သွယ်၊ မဖယ်မခွါ၊ တွယ်တာနှစ်သက်၊ တပ်မက်တတ်သား၊ တဏှာတရား၏။ အဓိဝစနံ-တရားပေါ်ထင်၊ အမြင်ပွားဖို့ တင်စားတီထွင်၊ အမည်ပင် ဖြစ်ပေတော့သတည်း။

ဒီဒေသနာအရ မြစ်လယ်မှာမြုပ်တယ် ဆိုတာ တဏှာဘဲလို့ သိရ၊ နှစ်သက်စဲ့လှမ်း တပ်မက်တဲ့ တဏှာဆိုတာက ထိုထို အာရုံမှာ နစ်နေတာ မဟုတ်လား၊ သားတွယ်တာ သမီး တွယ် တာ လင်တွယ်တာ ဇနီးတွယ်တာ ပစ္စည်းတွယ်တာနဲ့ တွယ်တာ

နှစ်သက်စဲ့လမ်းနေတဲ့ ဒီတဏှာဟာ မိမိနှစ်သက်ရာ ဝတ္ထုအာရုံ တွေထဲမှာ ခေါင်းမဖော်သာအောင် နစ်မြုပ်နေတာ ထင်ရှားလှပါတယ်၊ ဒီနေရာမှာ အဌကထာဆရာက မြစ်လယ်မှာမြုပ်ပြီး အောက်သဲပြင်ရောက်နေတဲ့ သစ်တုံးကြီးကို သဲတွေကဖုံးလုံးလုံး နောက်ထပ် ခေါင်းမထောင်နိုင် ဖြစ်ရသလို နုန္ဒီရာဂ ခေါ် တဏှာအနှောင်အဖွဲ့ ခံနေရတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံမှာ ဒုက္ခကြီးစွာဖြင့် ပိတ်ဖုံးခံရပြီး နှစ်ထောင်ပေါင်း များစွာ နောက်ထပ် ခေါင်းမဖော်နိုင်အောင် ဖြစ်ရကြောင်း မိန့်ဆိုပါတယ်၊ ဒါလည်း နစ်ခြင်းတစ်မျိုးပါဘဲ၊ အဲဒီတော့ ဒီတဏှာရာဂနဲ့ နစ်မြုပ်နေပြီဆိုယင် သမ္မာဒိဋ္ဌိဖြစ်ခွင့်မရ နိဗ္ဗာန်နဲ့ဝေး၊ အဲ တရားရှုနေယင်တော့ တဏှာက ပေါ်မလာ၊ တဏှာနဲ့ နစ်မနေဘဲ သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဘက် လိုက်ပါနေတော့တာပါဘဲ။

ကုန်းပေါ် တင်နေတယ် ကုန်းပေါ်မှာ ဝင်တယ် ဆိုတာ ဆိုတာ ဘာပါလဲ ဆိုတဲ့ အမေးကို ဘုရားရှင် ဖြေတော်မူတာက ဒီလိုပါ-

ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနသော တံ အဓိဝစနံ။

ဘိက္ခု-တရားအချက်တွင်၊ သက်ဝင်စူးစမ်း၊ အို-ချစ်သား ရဟန်း။ ထလေ ဥဿာဒေါတိ ခေါ ဧတံ-ကုန်းထက်တက်နေ၊ အချက်ဖေ့လျက်၊ မြှက်လေတည်ထား၊ ဤစကားသည်။ အသ္မိမာနံ်သ-ငါဟုဆိုရ၊ ထောင်လွှားတတ်တဲ့ မာန၏။ အဓိဝစနံ-မြုပ်ကွက်ဆင်ထား၊ အမြင်ပွားဖို့၊ တင်စားတီထွင်၊ အမည်ပင် ဖြစ်ပေတော့သတည်း။

ကုန်းပေါ်တင်နေတယ်ဆိုဘာ ငါငါဆိုပြီး ထောင်လွှားတဲ့ မာနတံရားကို တင်စားထားတဲ့ အမည်ဘဲလို့ ဖြေတော်မူပါတယ်၊ ပညာဂုဏ် ဓနဂုဏ် အလှဂုဏ် စသည် တို့ကြောင့် သူတကာ အပေါ် ထောင်လွှားမော်ကြွား မောက်မာတတ်တဲ့ တရားဟာ မာနပါဘဲ၊ ဒီမာနက ထောင်လွှား မြင့်တက်ချင်တဲ့ သဒ္ဓာမို့ ကုန်းပေါ်တင်နေတာနဲ့ တင်စားထားတာ သဘာဝကျပါတယ်။

ကုန်းဆိုတာက မြစ်ထဲက သဲကုန်းသောင်ပြင်ပါဘဲ၊ ဒီသဲကုန်းမှာ တင်နေတဲ့ သစ်တုံးကြီးဟာ မြစ်ရေ တက်လာလည်း စိုရမိုးရွှဲလည်း စိုရနဲ့ အထက်အောက်ရေနဲ့ စိုနေရ၊ ဒီပြင် မြှော်တွေက ဖုံးလာ၊ ဒီလိုနဲ့ နောက်အခါ ကျောက်တုံးလား၊ သစ်ငုတ်လား ထင်ရဆိုတဲ့ အခြေ ရောက်ရတယ်၊ ဒါလို ပါဘဲ၊ မာနဖြင့် ထောင်လွှားနေတဲ့ ပုဂ္ဂိုလ်ဆိုတာက အရာရာမှာ သူသာဟုတ် သူသာတော် ဆိုသလို မိမိကိုယ်ကို မြှောက်နေတဲ့သော ပုံသကူဆောင်အရာမှာ ပုံသကူဆောင်ဖြစ်နေ၊ ဓမ္မကထိကအရာမှာ သူက ဓမ္မကထိကဖြစ်နေ၊ ရန်ဖြစ်ရာမှာလည်း မာနခဲဆိုတော့ ရန် ဖြစ် သူ ဖြစ်၊ ဆေးဆရာအရာမှာလည်း သူက ဆေးဆရာဖြစ်နေနဲ့ သူ့ကို ပုံသကူဆောင်လား ဓမ္မကထိကလား စသည်ဖြင့် ထင်ရဆိုရတဲ့အခြေရောက်နေ၊ ဒီလိုပုဂ္ဂိုလ်မျိုးက မိမိမာန အရ ထင်ရာစိုင်းနေတော့ အာပတ်တွေ ဗရပွေနဲ့ နောက်ဆုံးဒီပုဂ္ဂိုလ်သန္တာန်မှာသီလတင်စုံတစ်ရာရှိမှရှိသေးရဲ့လား မရှိဘူးလားလို့ ဆိုရတဲ့အခြေရောက်နေတယ်၊ ဒါ့ကြောင့် မာနကို သစ်တုံးကြီး ကုန်းပေါ်တင်နေမှုနဲ့ ဥပမာ ပေးခဲ့ခြင်းပါဘဲ၊ ဒီမာနဟာလည်း တရားရှုနေတဲ့ ပုဂ္ဂိုလ်မှာ ထိုအခိုက်ဖြစ်မလာ

ပါဘူး၊ ဒီတော့ တရားရှုနေတဲ့ပုဂ္ဂိုလ်မှာ မာနဆိုဘဲ့ ကုန်းပေါ်တင်မှု မဖြစ်ဘဲ သမ္မာဒိဋ္ဌိဆိုတဲ့ ရေလျှဉ်နဲ့ နိဗ္ဗာန်ဘက် မျှောလိုက်နေတဲ့ပုဂ္ဂိုလ် ဖြစ်နေပါတော့တယ်။

လူဆယ်ယူတယ် လူဆဲ့ လူဆယ်ယူတယ်ဆိုတာ ဘာပါလဲဆိုတဲ့ ဆိုတာ ရဟန်းအမေးကို ဖြေတဲ့ ဘုရားရှင် အဖြေက ဒီလိုပါ-

ကတမော စ ဘိက္ခု မနုဿဂ္ဂါဟော၊ ဣဓ ဘိက္ခု ဂိဟိဟိ သံသဋ္ဌော ဝိဟရတိ၊ သဟနန္ဒီ သဟသောကီ သုခိတေသု သုခိတော ဒုက္ခိတေသု ဒုက္ခိတော ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ တေသု ယောဂံ အာပဇ္ဇတိ၊ အယံ ဝုစ္စတိ ဘိက္ခု မနုဿဂ္ဂါဟော။

ဘိက္ခု-သိလိုရေးနဲ့၊ မေးမြန်းလျှောက်ထား၊ ချစ်သားရဟန်း။ မနုဿဂ္ဂါဟော - လူဆယ်ယူခြင်း ဆိုသည်မှာ။ ကတမော စ - ဘယ်အရာပေနည်း။ ဘိက္ခု-တရားအရှိ သိဖို့မျှော်မှန်း အို ရဟန်း။ ဣဓ - ဤ၄ါဘုရားသာသနာတော်၌။ ဘိက္ခု-တရားမဖက် ပေါ့ပျက်လမ်းမှား ရဟန်းတစ်ပါးသည်။ ဂိဟိဟိ-လူဒကာ ဒကာမတို့နှင့်။ သံသဋ္ဌော-တရား ပျက်ရန် ဆက်ဆံရောနှောလျက်။ ဝိဟရတိ-ကာလကုန်စေ နေတတ်ပါပေ၏။ သဟနန္ဒီ-လူကပျော်သော် ကိုယ်လည်း ပျော်နဲ့။ သဟသောကီ-လူပူဆွေးက ကိုယ်ဆွေးရလျက်။ သုခိတေသု-ဒကာ ဒကာမ ချမ်းသာကြသော်။ သုခိတော-ကိုယ်ပါတူမျှ ချမ်းသာရလျက်။ ဒုက္ခိတေသု-ဒကာ ဒကာမ ဆင်းရဲကြသော်။ ဒုက္ခိတော-ကိုယ်ပါတဲ့လတ် ဆင်းရဲတတ်၍။ ကိစ္စကရဏီယေသု-

ကိစ္စအသွယ်သွယ် ပြုဖွယ်အရပ်ရပ်တို့သည်။ ဥပဓေနေသု-ဆိုင်ရာ ဆိုင်ရာ ဖြစ်ပေါ်လာကုန်သည်ရှိသော်။ အတ္တနာ-မိမိကိုယ်တိုင်။ တေသု-လူမှုလူ့ကိစ္စတို့၌။ ယောဂံ-ကြောင့်ကြမကင်း၊ကြိုးစား ခြင်းသို့။ အာပဇ္ဇတိ - ရောက်ရပေ၏။ ဘိက္ခု - တရားမြင်ရန် ဘုဏ်အသိမှန်း တပည့်ရဟန်း။ အယံ - ဤလူတွေနဲ့ဖက် ရောရှက်ဆက်ဆံခြင်းကို။မနုဿဂ္ဂါဟော-လူကဆယ်ယူဆွဲယူခြင်း ဟူ၍။ စုစ္စတိ-ငါ့အလိုမှတ် ဆိုအပ်ပါပေသတည်း။

ဘုရားရှင်က လူဆယ်ယူတယ်ဆိုတာ လူတွေနဲ့ ဆက်ဆံ ရောနှော၊ လူတွေ ချမ်းသာယင် ကိုယ်လည်းချမ်းသာ၊လူတွေ ဆင်းရဲ ဘဲ့အခါ ကိုယ်ပါ ရောစိတ်ဆင်းရဲ လူ့ကိစ္စတွေမှာ လိုက် ကြောင့်ကြ စိုက်နေမှုကို တင်စားလိုက်တဲ့ အမည်ဘဲလို့ ဖြေတော် မူပါတယ်၊ ဒီနေရာမှာ ရဟန်းတွေကို ဟာ နေ တဲ့ ဖြစ် လို့ လူတွေအပေါ် တွယ်တာနေတဲ့ ရဟန်းကို လူဆယ်ယူခံရတဲ့ ပုဂ္ဂိုလ်အဖြစ် ဟောခြင်း ဖြစ်ပါတယ်၊ လူတွေအတွက် ဆိုယင် တော့ သားတွယ်တာ သမီးတွယ်တာ ဇနီးတွယ်တာ လင် တွယ်တာ ပစ္စည်းတွယ်တာပြီး မခွာချင်လို့ ဥပုသ် မစောင့်နိုင် တရား အားမထုတ်နိုင်တဲ့ ဒကာ ဒကာမတွေကို လူဆယ်ယူ လူအဖမ်းခံရတယ်လို့ ဆိုရမှာဘဲ၊ အဲဒီလို မတွယ်တာဘဲ တရား ရှုပွားအားထုတ်နေယင်တော့ လူဆွဲ လူဆယ် မခံရတဲ့ ပုဂ္ဂိုလ် သမ္မာဒိट्ठိနဲ့ နိုဗ္ဗာန်ဆီ ဦးတည် သွား နေ တဲ့ပုဂ္ဂိုလ်လို့ ဆိုရ ပါတယ်။

နှတ်ဆယ်ယူတယ် ဆိုတာ — နှတ်ဆွဲခံရ နှတ်ဆယ်ခံရတယ် ဘုံတဲ့လည်း ဆိုတဲ့ ရဟန်းအမေးကို ဘုရားရှင်က ဒီလို ဖြေဆိုမိန့်ကြားတော် မူပါတယ်။

ကတမော စ ဘိက္ခု အမနုဿဂ္ဂါဟော၊ ဣဓ ဘိက္ခု ဧကစ္စော အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ၊ ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿामိ ဒေဝညတရော ဝါတိ၊ အယံ ဝုစ္စတိ ဘိက္ခု အမနုဿဂ္ဂါဟော။

ဘိက္ခု-ဓမ္မလိုရှု၊ ငါ့ကို မေးမြန်း၊ ချစ်သားရဟန်း။ အမနုဿဂ္ဂါဟော - နတ်ဆယ်ယူသည် ဆိုသည်မှာ။ ကတမော စ-အဘယ်ပေနည်း။ ဘိက္ခု-ချစ်သား ရဟန်း။ ဣဓ-ဤ ငါဘုရား သာသနာတော်၌။ ဧကစ္စော-အချို့သော ပုဂ္ဂိုလ်သည်။ ဣမိနာ-သီလေန ဝါ-ဤ သီလဖြင့် လည်းကောင်း။ ဣမိနာ ဝတေန-ဝါ- ဤ ဓူတင်အကျင့်ဖြင့်လည်းကောင်း။ ဣမိနာ တပေနဝါ-ဝိရိယဖွင့်၊ ဤခြိုးခြံသော အကျင့်ဖြင့် လည်းကောင်း။ ဣမိနာ-ဗြဟ္မစရိယေနဝါ-မေထုန်ပယ်လွှင့်၊ ဤမြတ်သော အကျင့်ဖြင့် လည်းကောင်း။ ဒေဝေါ ဝါ-နတ်မင်းသော် လည်းကောင်း။ ဒေဝညတရော ဝါ-နက်တွင်ပါလတ်၊ နတ် တစ် မျိုးမျိုးသော် လည်းကောင်း။ ဘဝိဿामि-ဖြစ်ရလိုမူ။ ဣတိ-ဤကဲ့သို့။ အညတရံ-တစ်မျိုးမျိုးသော။ ဒေဝနိကာယံ-နတ်ဘုံဌာနကို။ ပဏိဓာယ- ရည်ရွယ်မှန်းဆ၊ စိတ်တောင့်တ၍။ ဗြဟ္မစရိယံ-မြတ်သောအကျင့်ကို။ စရတိ-မသင့်အရပ်! အခွင့်မှတဲ့ ကျင့်တတ်ပါပေ၏။ ဘိက္ခု-အသိ လိုချင်၊ ဉာဏ်မြင်ကို မှန်း၊ ချစ်သား ရဟန်း။ အယံ-နတ်ပြည်ဌာန၊ တောင့်တသဖြင့်၊ အကျင့် ကျင့်ခြင်းကို။ အမနုဿဂ္ဂါဟော - နတ်ကဆယ်ယူ၊ ဆွဲခြင်း ဟူ၍။ ဝုစ္စတိ-ငါ့အလိုမှတ်၊ ဆိုအပ်ပါပေသတည်း။

နှတ်ဆွဲခံရ နှတ် ဆယ်ယူခံရတယ်ဆိုတာ နှတ်ပြည်ကို တောင့်တပြီး ကျင့်ခြင်းကို ခေါ်ဆိုဘင်စားထားတဲ့ အမည်ဖြစ်ကြောင်း ဘုရားရှင်က ဖြေတော်မူတယ်၊ ဒီတော့ နှတ်ပြည် နှတ်အဖြစ် တောင့်တ ကုသိုလ်ပြုယင် ဒီပုဂ္ဂိုလ် နှတ် ဆွဲခံရ တဲ့ ပုဂ္ဂိုလ်မို့ နိဗ္ဗာန်ဆီ မရောက်နိုင်၊ တရားအားထုတ် ရှုပွားနေတဲ့ ပုဂ္ဂိုလ်ကတော့ သမ္မာဒိဋ္ဌိနဲ့ နိဗ္ဗာန်ဘက် လိုက်နေတာမို့ ဘယ် နှတ်မှ အဆွဲအဆယ် မခံရတဲ့ ပုဂ္ဂိုလ်ဆိုဘာ သိသာပါတယ်။

ဝဲစုပ်တယ် ဆိုတာ။ ။ဝဲစုပ်တယ်ဆိုတာ ဘာလဲဆိုဘဲ့ ရဟန်း အမေးကို ဘုရားရှင်ဖြေတာက ဒီလိုပါ။

အာဝဇ္ဇဂ္ဂါဟောတိ ခေါ ဘိက္ခု ပဏ္ဍိန္နေတံ ကာမ-ဂုဏာနံ အဓိဝစနံ။

ဘိက္ခု-ဓမ္မအမှန်၊ အရဖန်ဖို့၊ ငါ့ထံလျှောက်ထား၊ အို-ချစ်သားရဟန်း။ အာဝဇ္ဇဂ္ဂါဟောတိ-ဝဲစုပ်ယူသည် ဟူသော။ တေံ-ငါရှင်ကြားမြှက်၊ ဤစကားဝှက်သည်။ ပဏ္ဍိန္နံ-အစားစား အဖုံဖုံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ-လိုလားအာရုံ၊ ကာမဂုဏ်တို့၏။ အဓိဝစနံ- အမြင်ပွားဖို့၊ တင်စားတီထွင်၊ အမည်ပင်ဖြစ်ပေတော့သတည်း။

ဝဲစုပ်ယူဆိုတာကဲ့ကာမဂုဏ်ငါးပါးကိုတင်စားခြင်းဖြစ်ကြောင်း ဒီဒေသနာအရ သိရပါတယ်၊ ရှုပါရုံစသော ကာမဂုဏ်ငါးပါးဟာ သတ္တဝါတွေ တစ်ခါတည်းမခွဲဘဲ သူတို့ဘက်ပါ၊ အောင်ဆွဲဆောင်သွားတတ်လို့ ဝဲစုပ်ယူဘယ် ဆိုရပါတယ်၊ တစ်မျိုးပြောရယင် ဝဲစုပ်ခံရတဲ့ သင်ကုန်းကြီးဟာ မြစ်အောက်အတွင်းမှာ ကျောက်တုံး စသည်တွေနဲ့ တိုက်မိခိုက်မိနဲ့ ယိုယွင်းကဲ့ပျက် မှုန့်မှုန့်

ညက်ညက်ကြေရသလို ကာမဂုဏ် ဝဲထဲကျနေတဲ့ ပုဂ္ဂိုလ်လည်း အပါယ်ဆင်းရဲ ဒုက္ခတွေ တိုက်လားခိုက်လားနဲ့ ပျက်ပြားကြမှု မှုန့်မှုန့်ညက်ညက် ပျက်စီးရတယ်၊ ဝဲထဲကျယင်် သစ်တုံးပျက်စီးရသလို ကာမဂုဏ်ထဲကျနေယင်လည်း ပုဂ္ဂိုလ်ပျက်စီးတတ်တာမို့ ကာမဂုဏ်တွေကို ဝဲနဲ့တင်စားခြင်းပါဘဲ၊ ကဲ–တရားအားထုတ်နေယင် ဘယ်ကာမဂုဏ်ဝဲမှ အဆွဲအစုပ်မခံရ၊ ဒီတော့ သမ္မာဒိဋ္ဌိနဲ့ အတူပါပြီး နိဗ္ဗာန်ဘက်ဆီ သွားနေတော့တာပါဘဲ။

အတွင်း ပုပ်ဆွေးတယ် ဆိုတာ အတွင်းပုပ်ဆွေးတယ် ဆိုတာ ဘာပါလဲ ဆိုတဲ့ ရဟန်းအမေးကို ဘုရားရှင် ပြေဆိုချက်ကိုတော့ အကျဉ်းလိုရင်းဘဲ ပြောပါတော့မယ်၊ အတွင်းကပုပ်ဆွေးတယ်ဆိုတာ သီလမရှိ အကျင့်ပျက်တာကို ဆိုလိုပါတယ်၊ သစ်တုံးကြီး ဆွေးနေယင် ဂင်္ဂါမြစ်ကြောမျှောမပါနိုင်လို့ သမုဒ္ဒရာထဲ မရောက်နိုင်တာလို သီလမရှိ အကျင့်ပျက်နေသူဟာလည်း နိဗ္ဗာန်မရောက်နိုင်ပါဘူး၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ သီလမပျက် အကျင့်ကောင်းနေတော့ မဆွေးတဲ့သစ်တုံးဟာ ဂင်္ဂါမြစ်ကြောမျှောပါ သမုဒ္ဒရာရောက်ရသလို ဒီပုဂ္ဂိုလ်ဟာ သမ္မာဒိဋ္ဌိရေလျှည်ကြောနဲ့ မျှောပါ နိဗ္ဗာန်သမုဒ္ဒရာသို့ ဆိုက်ရောက်ရပါတော့တယ်။

နွားကျောင်းသား နန္ဒ။ ။ဘုရားရှင် အဖြေက ဒီတွင်ဆုံးသွားပါပြီ၊ အဲဒီတရားကို ရဟန်းတွေအားဟောကြားနေခိုက်မှာ နန္ဒဆိုတဲ့ နွားကျောင်းသား တစ်ယောက်ကလည်း ဘုရားရှင်နဲ့ မနီးမဝေးမှာ ရပ်နားနေခဲ့တယ်၊ ဒီနန္ဒဟာ တရားတော်ကို အလွန်သဘောကျလို့ တရား ဆုံးလျှင်

ဆုံးချင်း ဘုရားရှင်ထံ ချဉ်းကပ် လျှောက်ထားတယ်၊ မြတ်စွာ ဘုရား- ဘုရားတပည့်တော် ဒီဘက်ကမ်းလည်း မကပ်လိုပါ၊ ဟိုဘက်ကမ်းလည်း မကပ်လိုပါ၊ အလယ်မှာလည်း နစ်မနေ လိုပါ၊ ကုန်းပေါ်လည်း တင်မနေလိုပါ၊ တပည့်တော်ကို လူလည်း ဆယ်မယူပါစေနဲ့တော့၊ နတ်လည်း ဆယ်မယူပါစေနဲ့ တော့၊ ဝဲလည်း စုပ်မယူပါစေနဲ့တော့၊ အတွင်းလည်း ပုပ်ဆွေး သူ မဖြစ်လိုပါ၊ ရှင်တော်ဘုရားအထံတော်မှာ ရှင်အဖြစ် ရလိုပါ တယ်၊ ရဟန်းအဖြစ် ရလိုပါတယ်၊ ဒီလိုလျှောက်ထားတော့.... ကဲ....နန္ဒ- ဒါဖြင့် မင်းနွားတွေကို နွားရှင်များထံ ပြန်အပ်ချေ ဦးလို့ ဘုရားရှင်က မိန့်တော်မူတယ်၊ တရား အလွန်သဘော ကျလို့ ရဟန်း အလွန်ပြုနေချင်တာဖြစ်တော့ နန္ဒက အချိန်ဆွဲ မနေချင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရား· ဒီနွားမတွေဟာ သားငယ်ကို ခင်မင်ကြတဲ့ နွားမတွေပါ၊ သူ့ဘာသာ သွားကြ ပါလိမ့်မယ်လို့ လျှောက်ထားပါတယ်၊ ဒါပေမယ့် သူ့တာဝန် ကျေမှ ရဟန်း ပြုပေးတာ ကောင်းလေတော့ ဘုရားရှင်က မင်း သွား အပ်ကို အပ်ရဦးမယ် နန္ဒလို့ မိန့်ကြားလိုက်တော့မှ နွားရှင်တွေထံ နွားတွေသွားအပ်ပြီး အပ်ပြီးခဲ့ကြောင်းရှင်ရဟန်း ပြုပေးဖို့အကြောင်း လျှောက်ထားခဲ့တယ်၊ ဒါနဲ့ဘဲ ဘုရားရှင် ထံတော်မှာ ရှင်ရဟန်းအဖြစ် ရခဲ့ဘယ်၊ ရဟန်းဖြစ်ဘယ်ဆိုယင် ဘဲ သူလိုလားခဲ့တဲ့အတိုင်း ဒီဘက်ကမ်းလည်း မကပ်၊ ဟိုဘက် ကပ်းလည်းမကပ်၊မြစ်လယ်လည်းမမြုပ်၊ ကုန်းပေါ်လည်းမတင် လူဆွဲမခံ နတ်ဆယ်မခံ ဝဲစုပ်မခံ အံတွင်းပုပ်ဆွေးမှုမရှိ သမ္မာဒိဋ္ဌိ ရေလျှဉ်ကြောနဲ့ မျှောလိုက်ခဲ့တာ မကြာမီ နိဗ္ဗာန်သမုဒ္ဒရာ ရောက်ကာ ရဟန္တာဖြစ်ခဲ့တယ်၊ ကဲ—ဒီတော့ ဒကာ ဒကာမတွေ

လည်း ဒီဘက်ကမ်းလည်း မကပ်ကြနဲ့၊ ဟိုဘက် ကမ်းလည်း မကပ်ကြနဲ့၊ အလယ်မှာလည်း မြုပ်မနေကြနဲ့၊ကုန်းပေါ်လည်း တင်မနေကြနဲ့၊ လူအဆယ်လည်း မခံကြနဲ့၊ နတ်အဆယ်လည်း မခံကြနဲ့၊ ဝဲစုပ်လည်း မခံကြနဲ့၊ အတွင်းပုပ်ဆွေး မှုလည်း မဖြစ်စေကြနဲ့၊ သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဆီ ဦးတည်သွားကြ စမ်းပါလို့ တိုက်တွန်းရင်း တရား အဆုံးသတ်လိုက်ရပါတော့တယ်။

တိုက်တွန်းချက်။ ။သုတံ သုတ္တံ ဒါရုကွန္ဒေါ-
ပမံ ဝေါ သာရသခ်ိတံ။
ယထာဝုတ္တံ သုသိကွန္ဒာ၊
ဟောထ သန္ဓာ ကုတောဘယာ။

ဝေါ-တရားအလိလီ၊ နှစ်အဆီကို၊ ချစ်ကြည်တောင့်တ၊ ဒကာ ဒကာမတို့သည်။ သာရသခ်ိတံ-ကျင့်ကြံပွားက၊ တရား ရဖို့၊ သာရနှစ်ထု၊ အမြုတေတို့ဖြင့်၊ စုနေထင်လတ်၊ ဆင်ပြင် အပ်သော။ ဒါရုကွန္ဒေါပမံ-သင်တုံးကြီးသာ၊ ရှုစရာဟု၊ ဥပမာ ဆင်သ၊ ဒါရုကွန္ဒေါပမ အမည်ရသော။ သုတ္တံ-တရားအချက်၊ စကားဝှက်ကာ၊ ဥပစာဖြင့်၊ ဝေဆာထုတ်ပြန်၊ နှုတ်သံဖော်မြွက်၊ သုတ္တန်တော် ဓမ္မစက်ကို။ သုတံ-တရားသိရန်၊ စိဒမ်ကောင်း၊ ဉာဏ်အကြောင်းမို့၊ နှစ်တောင်းအားရ၊ နာခဲ့ရကြားခဲ့ရ ပါပေပြီ။ ယထာဝုတ္တံ-ကိုယ့်သန္တာန်တွင်၊ အမှန်မြင်ဖို့၊ စိစဉ်သတ်မှတ်၊ဟောကြားတော်မူအပ်သည့်အတိုင်း။သုသိကွန္ဒာ-မင်ကိုရလို့၊ ဖိုလ်ကိုတောင့်တ၊ နိဗ္ဗာန်ရဖို့၊ တက်ကြွနိုးကြား၊ အကျိုးမျှားအောင်၊ ကြိုးစားကျင့်သုံးကြကုန်လျက်။ အကုတော

ဘယာ-ပဋ္ဌိသန္ဓေ၊ အိုနာသေရေး၊ ဘေးအဖုံဖုံ၊ ကုန်ကာမထိ၊ တစ်စုံတစ်ရာမရှိကြကုန်ဘဲ။ သန္တာ-အဟောသုခံ၊ ဥဒါန်းသံဖြင့်၊ ပြန်လှန်မြွက်ဟ၊ စိတ်ရှင်ပျလျက်၊ အားရဖွယ်ရာ၊ ကိုယ်လေသာဟူ၊ အပူတွေ့သိမ်း၊ ချုပ်ငြိမ်းချမ်းမြ၊ အအေးကြီး အေးကြရကုန်သည်။ ဟောထ-သန္ဓိဋ္ဌိက၊ ကိုယ်တွေ့ရတဲ့၊ ဓမ္မစွမ်းဟုန်၊ လွှမ်းခြုံဆင်သ၊ အမြင်လှ ဖြစ်ကြဖွယ်ရာ၊ တိုက်တွန်းပါသည်၊ ချမ်းသာအမြဲကြုံဖွယ်သော်— ။

ဒါရုက္ခန္ဓောပမသုတ် တရားတော် ပြီး၏။

သုမေဓာ ရှင်ရသေ့ ရှစ်ဆိုသော

ဗုဒ္ဓါ နဲ့သာတိ ဘာဝနာ

ဂုဏ်တော် ၈ါထာ အနက်များ

ပထဝီယံ နိပ္ပန္နဿ၊ ဧဝံ မေ အာသိ စေတသော၊
ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဃာတိယာမဟံ။

ပထဝီယံ-ရုံ့ညှန်ကွေ့ထက်၊မြေအထက်၌။နိပ္ပန္နဿ-ရှင်တော် မြတ်ဘုရား၊ ကြွလျှောက်သွားဖို့၊ အလျားစင်းစင်း၊ တံတားခင်းချေ၊ လျှောင်းလျက်နေသော။ မေ - ဘုရားမြတ်တွက်၊ အသက်ပင်စွဲ၊ မတ္တန့်ရဲစွာ၊ သုမေဓာ ၈ါ၏။ ဧဝံ-စိတ်အားမယုတ်၊ မဆုတ်မဆိုင်း၊ ဤ ဆိုမည့်အတိုင်း။ စေတသော (ပရိဝိတက္ကော)-ဘုရားအဖြစ်၊ တစ်အားသစ်ရန်၊ စိုတ် အကြံသည်။ အာသိ-အသစ်စွဲမြဲ၊ တစ်ခေတ်နှဲ့ဖို့၊ ဖြစ်ခဲမကွာ၊ ဖြင့်၍ လာခဲ့လေပြီ။ အဟံ-အဘိညာဉ်တွေ့၊ ဆင်ခြေလေ့ဖြင့်၊ ရှင်မွေ့မကွာ၊ ရသော့ငါသည်။ ဣစ္ဆမာနော-ကိလေသာကို၊ ပယ်ခွာသတ်ဖို့၊ အရဟတ္တဖိုလ်ကို အလိုရှိသည်ဖြစ်သော်။အဇ္ဇ-ဒီပင်ရာ၊ မြတ်စွာခြေရင်း၊ ဝပ်စင်းပြုရာ၊ ယခုအခါ၌ပင်။ ကိလေသေ-ခန္ဓာဓာတ်ထဲ၊ မပြတ်စဲဘိ၊ ငြီးနေမကွာ၊ ကိလေသာတို့ကို။ ဃာတိယာမိ - လုံးဝပြုန်းစေ၊ ဆုံးအခြေဖြင့်၊ မနေ့မကပ်၊ အသေသတ်နိုင်ပါ၏။

ကိုံ မေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ၊
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓါ ဟေသုံ သဒေဝကေ။

မေ- အာသဝက္ခယ၊ ရဖို့လွန်ကောင်း၊ အကြောင်းစုံစု၊ သုမေဓာ ငါ့အား။ ဣဓ-မျက်မှောက်ထင်ထင်၊ ကြုံတွေ့မြင်သည့်၊ ဒီပက်ရ၊ မြတ်ဗုဒ္ဓ ဤသာသနာ၌။ အညာတဝေသေန-အမျှားနဲ့တူ၊ သူ့အမျှားတူ၊ အဝင်တစ်ပါး၊ မထင်မျှားသော အသွင်ဖြင့်။ ဓမ္မံ-ကိလေသာသိမ်း၊ ငြိမ်းရာဓာတ်ဆိုး ဒုရဟတ္တ ဖိုလ်ကို။ သစ္ဆိကတေန - ကိုယ်တွေ့ထင်ထင်၊ အမြင်ပေါက်မှု၊ မျက်မှောက်ပြုရသဖြင့်။ ကိံ -သတ္တဝါသွယ်သွယ်၊ ဝဋ်နယ်နယ်မှ၊ ကျွတ်ဖွယ်လွတ်ဖွယ်၊ မသယ်ပိုးဘီ၊ အာဘယ်အကျိုး ရှိတော့အံ့နည်း။ သဗ္ဗညုတံ - သုံးဘုံလောက၊ အသာရတဲ့၊ ဉာဏဓာတ်ဆင်၊ မြတ်အရှင်ဟု၊ သဗ္ဗညုအရိုက်အရာသို့။ ပါပုဏိတ္တာ-ပါရမီဘုန်းကံ၊ ဉာဏ်တော်ဆင့်ဆင့်၊ ပင့်မြှောက်သီးသီး၊ အသင့်ရောက်တော်မူပြီးသော်။ သဒေဝကေ — နတ်နှင့်တကွ၊ အနန္တမှတ်ရာ၊ သတ္တဝါလောကထဲ၌။ ဗုဒ္ဓါ - တုဖက်မထင်၊ ယှဉ်ဖက်ကင်းသူ၊ တစ်ဆူတည်း ထင်ရှား၊ ရှင်ဘုရား မြတ်ဗုဒ္ဓသည်။ ဟေသုံ-ပါရမီဆင့်ဆင့်၊ ခါမှီမြင့်လျက်၊ အခွင့်မထင်၊ ကျင့်မလစ်စေ၊ ဖြစ်ပေတော့အံ့သတည်း။

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတ္တာ၊ သန္ဓာရေယံ သဒေဝကံ။

ထာမဒဿိနာ - ဘုရားဖြစ်ရည်၊ အား သစ် တည် ဆောက်၊ မထောက်စတမ်း၊ အရောက်လှမ်းဖို့၊ သွားစမ်းထင်ထင်၊ အားနှမ်းကို မြင်ရသော။ ပုရိသေန-အခက်ခဲစု၊ ဆင်းရဲဒုက္ခကို၊ မမှုခဲ့ပြီ၊ ဘာမထီသည့်၊ ဇာနည်မြောက်ငြား၊ ယောကျ်ားစစ်ဖြစ်ပါလျက်၊ ဧကေန-အမျှားသတ္တဝါ၊ တူမပါဘဲ၊ ချမ်းသာ

ထောက်ပြီး၊ တစ်ယောက်တည်း သာ။ တိဏ္ဏာန - နိဗ္ဗာန် ဘက်ကမ်း၊ အထက်တဲန်းသို့၊ တက်လှမ်းကူး မြောက် သဖြင့်။ မေ-ဘုရားဖြစ်ဖို့၊ ခေတ်ကိုလာတော့၊ ငါရသော် သုမေဓာအား။ ကိံ-အမျှားအကျိုး၊ အားကိုးစဖွယ်၊ တကယ်မကြိုးဘိ၊အဘယ် အကျိုး ရှိပါအံ့နည်း။ သဗ္ဗညုတံ—သဗ္ဗညူဟု၊ နတ်လူဘုံတွင်၊ သုန်သုန်လွင်လျက်၊ဂုဏ်ထင်ရှားလတ်ဘုရားမြတ်အဖြစ်သို့၊ပါပု-ဏိတ္တာ-ပါရမီအမျိုးမျိုး၊ အားကြိုးသယ်ဆောက်၊တကယ်ရောက် ပြီးသော်။ သဒေဝကံ-နတ်ဗြဟ္မာနှင့်၊ တူပါတကွ၊ တစ်လောက လုံးကို။ သန္တာရေဃံ-သံသရာနယ်စွန်း၊ ကျော်လွန်မြောက်ကာ၊ နိဗ္ဗုတာနယ်ခွင်၊ တကယ်မြင်အောင်၊ ကယ်တင်ရပေတော့အံ့ သတည်း။

ဣမိနာ မေ အဓိကာရေန၊ ကတေန ပုရိသုတ္တမေ၊
သဗ္ဗညုတံ ပါပုဏိတ္တာ၊ တာရေမိ ဇနတံ ဗဟုံ။

မေ-ကောင်းမှုတစ်ဖုံ၊ ယခုဆုံ၍၊ ကြုံတွေ့အလာ၊ ရသော ငါ၏။ ပုရိသုတ္တမေ-ယောကျားလူမှန်၊ ပုဂ္ဂိုလ်ခွန်ဟု၊ တံခွန် လွှားအပ်၊ ဘုရားမြတ် ဒီပင်္ကရာ၌။ ကတေန-အသက်ကိုစွန့်၊ မတွန့်ဆုတ်လတ်၊ ပြုလုပ်အပ်သော။ ဣမိနာ အဓိကာရေန— ကိုယ်အလျားစင်း၊ တံတားခင်းတဲ့၊ ခဲယဉ်းစွာပြု၊ လွန်ကဲသော ဤကောင်းမှုကြောင့်။ သဗ္ဗညုတံ-လောကသုံးခွင်၊ ဉာဏ်ကြီး ရှင်တို့၊ခိုဝင်ညွှတ်တွား၊ ဆုတ်ဖြားအစစ်၊ သဗ္ဗညုဘုရားအဖြစ်သို့၊ ပါပုဏိဘွာ—ပါရမီဆင့်ဆင့်၊ ခါမှီရင့်လျက်၊ အခွင့် ပေါက် မြောက်၊ အသင့်ရောက်ပြီးသော်။ ဗဟုံ--အဘယ်မျှဟူ၊ တွက်ယူ မရ၊ မျှားပြားလှစွာသော။ ဇနတံ—သံသရာခွင်၊ ရေလျှည်

ကြောင့်၊ မျှောပါကြသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါအားပေါင်းကို။ တာရေမိ–နိဗ္ဗာနဝတ်၊ ဘေးမကပ်သည့်၊ အေးရပ်နယ်ခွင်၊ ကကယ်ဝင်အောင် ကယ်တင်ရပါလို၏။

သံသာရသောတံ ဆိန္ဒိတ္ဝာ၊ ဝိဒ္ဓံသေတ္ဝာ တယော ဘဝေ၊
ဓမ္မနာဝံ သမာရုယှ၊ သန္တာရေသုံ သဒေဝကံ။

အဟံ–ဒီပင်္ကရ၊ ရတနာမှတ်သား၊ မြတ်ဘုရားကို၊ ထင်ရှားလေ့လာ၊ ရသေ့ ၀ါ သုမေဓာသည်။ သံသာရသောတံ–ဒုက္ခဖန်လာ၊ ပြန်ခါခါ(ပြင်)နှင့်၊ ခန္ဓာအစဉ်၊ သံသရာအလျှဉ်ကို။ ဆိန္ဒိတ္ဝာ–မဂ်အရဟတ်၊ စက်အမြှောင်ဖြင့်၊ အပြတ်အတောက်၊ ထပ်မရောက်အောင်၊ ဖြတ်တောက်တော်မူခဲ့၍။ တယော ဘဝေ–ဆင်းရဲမျိုးစုံ၊ အဖုံဖုံနှင့်၊ ကြုံရဆုံရ၊ ဘဝသုံးသွယ်၊ သေမင်းနယ်တို့ကို။ ဝိဒ္ဓံသေတ္ဝာ–ဆက်သုံးမရ၊ပျက်ဆုံးကြဟု၊ အရဟတ္တမဂ်၊ လက်နက်တော်သုံး၊ အခြေခြုန်းအောင်၊ ချေမှုန်းဖျက်ဆီးတော်မူလျက်။ ဓမ္မနာဝံ–နိဗ္ဗာန်ရပ်ဖျား၊ ဓာတ်တစ်ပါးသို့၊ အသွားလျင်လျင်၊ မနားနှင်သည့်၊ မဂ္ဂင်ရှစ်ပါး၊ တရား လေ့တော်ကြီးကို။ သမာရုယှ– ပြေးပျော်ပျော်၊ ခရီးဖော်လျက်၊ စီးတော်မူပြီးလျင်။ သဒေဝကံ–နတ်တော်လည်းပါ၊ ဗြဟ္မာနှင့်တကွ၊ သတ္တဝါလောကကို။ သန္တာရေသုံ–မဂ္ဂင်ရှစ်ဖော်၊ လေ့တော်အပ်လျက်၊ သုံးရပ်ဝင်ခွင်၊ ရေအပြင်မှ၊ လျင်လျင်ထုတ်ချောက်၊ နိဗ္ဗာန်ပေါက်အောင်၊ ကူးမြောက်ပစေ၊ ကယ်တင်ရပေတော့အုံ့သတည်း။

သဗ္ဗညုတဉာဏ် ပူဇော်ရှိခိုး

ဥေယျံ သဗ္ဗံ ပဇာနာတိ၊ သဗ္ဗညုတာယ မေ ဇိနော၊
ဒေသေတဗ္ဗ ပကာရံ စ၊ အာသယံ စာပိ ပါဏိနံ။
တဗ္ဗလံ မေ သရီရမ္ပိ၊ နိစ္စံ သေတု ဘဝါဘဝေ။

မေ ဇိနော–မာရ်အပ္ပဲပ္ပဲ၊ အောင်လံဆွဲလျက်၊ အောင်ပွဲ ရဆင်၊ ငါ့အရှင် ဘုရားမြတ်သည်။ သဗ္ဗညုတာယ-ဉာဏ် အမြင်မှာ၊ မယှဉ်သာ၍၊ ပညာရှိတွင်၊ ထွတ်ဖူးရှင်ဟု၊ မှတ်တင် အပြု၊ သဗ္ဗညုရှေဉာဏ်တော်ဖြင့်။ သဗ္ဗံဥေယျ-ပရမတ်ပညတ် အရပ်ရပ်အဖုံဖုံ၊ ဆုံးမကုန် အစားစား၊ အလုံးစုံသော ဥေယျ တရားကို လည်းကောင်း၊ ဒေသေတဗ္ဗ ကာရံစ–သဒ္ဓါအချက် ချက်၊ အနက်အသီးသီး၊ နည်းအသွယ်သွယ်၊ ပရိယာယ် ပေါ လှ၊ သဘောကျခြင်း၊ ပြောပြဖွယ်အဲဖုံဖုံ၊ နည်းမျိုးစုံကိုလည်း ကောင်း။ ပါဏိနံ-စိတ်လားမတူ၊ အပူပြားလတ်၊ ဓာတ်အပြား ပြား၊ သတ္တဝေနေယျတို့၏။ အာသယံစာပိ-နှလုံးသွင်းထိုထို၊ အလိုအကြိုက်၊ စရိုက်အမျိုးမျိုး၊ ကောင်းဆိုးအတန်တန်၊ မှတ် ရန်အစားစား၊ ဓာတ်ခံအများကို လည်းကောင်း။ ပဇာနာတိ-ရှေ့လက်တင်ထား၊ ပတ္တာမြားမျက်ရှင်၊ ပုံဟန်တင်သို့၊ ဉာဏ်တွင် အတိပေါ်၊ အမှန်မြင်သိတော်မူပါပေ၏။ တဗ္ဗလံ-သဗ္ဗညုမှန်၊ ထိုရှေဉာဏ်၏၊ သုံးတန်ထူးလတ်၊ မြတ်အတန်းစား၊ ဓာတ်စွမ်း အားသည်။ မေ သရီရမ္ပိ၊ ရှေဉာဏ်ရှင်ဘုရား၊ ဂုဏ်တော်မျှားဌ၊ လေးစားတည်ခ၊ အမှီရသဖြင့်၊ ကြည်မအလို၊ ဤငါ့ကိုယ်ဌ၊ ဘဝါဘဝေ–အဆုံးစွန်ရ၊ဘဝကျအောင်၊ ခဏမဆိုင်း၊ဘဝတိုင်း ဘဝတိုင်းဝယ်။ နိစ္စံ-အတူတွဲ၍၊ မခွဲမခွာ၊ အမြဲသာလျှင်။

သေတူ-အနန္တဂုဏ်၊ အဖုံဖုံ၌၊ အာရုံမလွတ်၊ တိမ်းညွှတ်စရာ၊ ကိန်းဝပ်ပါစေသား (သို့မဟုတ်) သတည်း။

အဂ္ဂပသာဒ ဘုရားရှိခိုး

ရတနဂ္ဂေ ပသန္နာနံ၊ အဂ္ဂံ ပုညံ ပဝဋ္ဌတိ၊
အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ၊
တံ သဗ္ဗံ ဝဋ္ဌတံ မယ္ဟ၊ မဂ္ဂေ ယေန နမာမဟံ။

အဂ္ဂေ-ဗြဟ္မာလူနတ်၊ ဦးတင်လတ်၍၊ ညွှတ်အပ်မကွာ၊ ထွတ်မြတ်လှစွာသော။ ရတနေ- နှစ်သက်ဖွယ်မျိုး၊ မြတ်နိုးဖွယ်စုံ၊ ဂုဏ်တော်ထူးခြား၊ ရတနာမြတ် ၃-ပါး၌။ ပသန္နာနံ-သဒ္ဓါဖွေးလတ်၊ အအေးဓာတ်ဖြင့်၊ လေးမြတ်ကြည်ညို၊ ဘုရားတပည့်ပဋိပတ္တိ၊ လိုတို့အား။ အဂ္ဂံပုညံ-ကုသိုလ်မူးမှတ်၊ ထွတ်ဖူးဓာတ်ဟု၊ ထူးမြတ်သော ကောင်းမှုသည်၊ ပဝဋ္ဌတိ-အကျိုးများစေ၊ တိုးပွားလေတော့သည်။ အဂ္ဂံအာယုစ- ဆဆတက်ပွား၊ထူးခြားဆက်စည်၊ အသက်ရှည်ခြင်းသည်လည်းကောင်း။ အဂ္ဂံဝဏ္ဏောစ-သွေ့ထက်ထူးချေ၊ ရုပ်ရေဝင်းပ၊ အဆင်းလှခြင်းသည် လည်းကောင်း။ အဂ္ဂံယသောစ-အထူးပွားခဲချေ၊ ထွေထွေရံတည်၊ အခြေအရံသည် လည်းကောင်း။ အဂ္ဂံကိတ္တိစ-ကောင်းချီးထူးစွာ၊ သူငါသောသော၊ ဖော်ပြောမကင်း၊ ကျော်စောခြင်းသည် လည်းကောင်း။ အဂ္ဂံသုခဉ္စ-အဖက်ဖက်ရုံ၊ ဖုံဖုံပြည့်ဝ၊ ထူးကဲစွာချမ်းသာရခြင်းသည်လည်းကောင်း။ အဂ္ဂံဗလဉ္စ-သွေ့ထက်ထူးချွန်၊ အလွန်ပွားရ၊ ခွန်အားဗလသည် လည်းကောင်း။ ပဝဋ္ဌတိ-အဆင့်ဆင့်ပွား၊ မြင့်မြင့်မားလျက်၊ မျိုးများပစေ၊ တိုးပွား

လေတော့၏။ ယေန-ဝေဝေဆာဆာ၊ စေတနာနှင့်၊ သဒ္ဓါ ဆင်ခေါင်း၊ အကြင်အကြောင်းကြောင့်။ အဟံ-သုံးပါး ရတနာ၊ ကိုးစားရာဟု၊ ဥုံးမှာထားဘိ၊ ဘုရားတပည့်သည်။ အဂ္ဂေ-မြတ်ဘုရားနှင့်၊ တရားသံဃာ၊ အမြတ်ရတနာတို့ကို။ နမာမိ-ဂုဏ်တော်ထူးဌ၊ ကြည်နူးမြတ်နိုး၊ အချစ်တိုးလျက်၊ ရှိခိုးကန်တော့ပါ၏။ (တေန) ထိုသို့ စေတနာသဒ္ဓါ၊ ဝေဖြာ ကာဖြင့်၊ ရတနာ ၃-ပါး၊ အမြတ်မျှားဌ၊ ညွှတ်တွားဝပ်စင်း၊ ရှိခိုးရခြင်းကြောင့်။ မယှံ-ကုသိုလ်ထူးကို၊ ဆွတ်ခူးထားသည့်၊ ဘုရားတပည့်အား။ တံ သဗ္ဗံ-အသက်ရှည်ခြင်း၊ အဆင်းလှစေ၊ ခြွေရုံပေါပေါ၊ ကျော်စောချမ်းသာ၊ အားတိုးလာဟု၊ မျှားစွာ ကျုံးတုံ၊အလုံးစုံသော ထိုအကျိုးသည်။ ဝဟုတံ-ဝဟုတု-တိုးပွားပါစေ၊ ဆုပန်ချေသည်၊ အထွေထွေ ပြည့်ဝပါစေသော်။

မဟာဝဇိရဉာဏ်တော် ရှိခိုး

မဟာဝဇိရဉာဏမ္မိ၊ သဒါ အမ္မိ နတော အဟံ၊
တံ စ သော ဓာတုဘာဝေန၊ တိဋ္ဌတံ မမ မာနသေ။

မဟာဝဇိရဉာဏမ္မိ - သုံးကုဋေခြောက်သန်း၊ ဂဏန်း သတ်မှတ်၊ အသိဓာတ်ဟု၊ ဝိပဿနာ၊ မဟာဝဇိရ၊ မည်ရအကျော်၊ ဉာဏ်တော်မြတ်ကြီးဌ။

မဟာဝဇိရဉာဏမ္မိ - အတုမရ၊ နုံတွှရဟု၊ ဗုဒ္ဓမြတ်ဂုဏ်၊ အဖုံဖုံကို၊ အကုန်နှင်းအပ်၊ အရဟတ်ဟု၊ အမြတ်မဂ်ကျော်၊ မဟာဝဇိရဉာဏ်တော်ကြီးဌ။

မဟာဝဇိရဉာဏမ္မိ—နှစ်ကုဋေလေးသန်း၊ ဂဏန်းပြည့်ယှဉ်၊ မရှေ့ထင်အောင်၊ နေ့စဉ်သုံးမှန်၊ ပျော်ပွဲခံဖို့၊ ဝင်စံမလပ်၊ သမာပတ်ဖလ၊ မဟာဝဇိရခေါ်၊ ရှေဉာဏ်တော်မြတ်ဌ။

မဟာဝဇီရညာဏမှီ-တုဖက်မမြင်၊ ယှဉ်ဖွိုဝေးကွာ၊ အလေးသာသည်၊ မဟာဝဇီရ၊ ဉာဏသုံးလီ၊ တည်ရာသခင်၊ ဉာဏ်တော်ရှင် ဘုရားမြတ်၌။

အဟံ-မြတ်ဗုဒ္ဓဂုဏ်၊ အဖုံဖုံကို၊ အာရုံပွားသည့်၊ ဘုရားတပည့်သည်။ နတော-ထက်လွှသဒ္ဓါ၊ ဝေဆာဆာနဲ့၊ စေတနာတိုး၊ သတိပြိုးလျက်၊ ရှိခိုးညွှတ်သည်။ သဒါအမှီ-နေ့မှာကြိမ်ကြိမ်၊ ညချိန်ခါခါ၊ မကွာမလပ်၊ အခါခပ်သိမ်းသာ၊ ဖြစ်ပါတော့သည် ဘုရား။

တံစ-ထိုမဟာဝဇီရသုံးတန်၊ ဉာဏ်တော်မြတ်သည် လည်းကောင်း၊ သောစ-ထိုဉာဏ်တော်သခင်၊ ရှင်တော် မြတ်ဘုရားသည် လည်းကောင်း၊ ဓာတုဘာဝေန-အာနုဘော်မျိုး၊ တန်ခိုးတေဇာ၊ ရှိန်ဝါတတ်စေ၊ ဓာတ်အနေအား ဖြင့်။

မမ မာနသေ-ရှင်တော်မြတ်ဂုဏ်၊ အဖုံဖုံ၌၊ အာရုံတော်ထား၊ ဆိတ်မသွားတဲ့၊ တရားပိတ်ဖုံး၊ တပည့်၏စိတ်နှလုံး၌။ တိဋ္ဌတံ - တိဋ္ဌတု-ပရိနိဗ္ဗာန်၊ ဝင်စံရသည့်၊ ဘဝထိအောင်၊ စွဲငြိမှီခဲ့၊ ဖည်မသွေဘဲ၊ ရှည်စေကြာကြာ၊ တည်နေပါစေသား-အရှင်မြတ်ဘုရား။

ဘုရား တရား သံဃာ ဂုဏ်တော် သစ္စာပြု

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
အသမော ကေပုဂ္ဂလော။
သော ပဏေသတိ သဒ္ဓမ္မံ၊
အမတံ သုခ မုတ္တမံ။

အသမော-ဉာဏ်ဖြင့်ချိန်ထိုး၊ တန်ခိုးဖြင့်နှုန်း၊ ဘုန်းကံရှုပ်၊ အတူဆလည်း၊ တူမျှသည်။ တစ်စုံတစ်ယောက်မျှ ရှိတော်မမူထသော။ ကေပဋိကလော - ဤကမ္ဘာ, ထိုကမ္ဘာ ရပ်တိုင်းမှာ၊ အရာရာမှန်၊ သာလွန်အားကြီး၊ တစ်ပါးတည်းပေါ်၊ ပုဂ္ဂိုလ်ကျော်အဖြစ်၊ တကယ်တမ်း ဖြစ်တော်မူထသော။ ဗုဒ္ဓါ-လောကဓာတ်လုံး၊ အမြတ်ဆုံးဟု၊ အသုံးထုတ်ဟု၊ သမုတ်ရတဲ့၊ ဗုဒ္ဓရှင်တော်မြတ်သည်။ လောကေ-သတ္တဝါဖုံဖုံ၊ စုံလင်ပေါစု၊ လောကကြီးအာဘွင်းခ္ဍ။ သမုပ္ပန္နော - အရတော်စု၊ ကောင်းလေစုဟု၊ ပြောကြပြန်ကြယ်၊ အနှံနယ်ခ္ဍ၊ အုံ့ဖွယ်တင့်ရှန်း၊ အခွင့်ညှန်းလျက်၊ပွင့်ထွန်းပေါ်ပေါက်ခဲ့ပါပြီ။ သောဗုဒ္ဓါ-လောကသားတွက်၊ တအား တက်ဖို့၊ ပွင့်လျက် ထင်ရှား၊ ထိုရှင်တော်မြတ်ဘုရားသည်။ သဒ္ဓမ္မံ-ကိုလေသာဇာတ်၊ ဓာတ်မကျန်ရ၊ ပြတ်ရန်ပြတဲ့၊ သဒ္ဓမ္မသုံးဖြာ၊ တရားမြတ် ရတနာကို လည်းကောင်း။ ဥတ္တမံ သုခံ-ကောင်းခြင်းတွေ့ လွန်၊ မှန်မြတ်လှစွာ၊ ချမ်းသာအစစ် ဖြစ်ပေထသော။ အမတံ-ရှင်သေမင်း၏၊ မျက်စိမှောက်ရာ၊ မမြင်သာသည့်၊ နိဗ္ဗာနဓာတ်၊ တရားမြတ်ကို လည်းကောင်း။ ပကာသေတိ - အရိယာခန်းမြင့်၊ အတန်းဖွင့်လျက်၊ ဆင့်ဆင့်ဆင်ပြင်၊ အစဉ်အားရ၊ ထင်ရှား ပြတော်မူလျက် ရှိပါပေသတည်း။

ဘဝသောတံ သစေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဇေတေန သစ္စဝဇ္ဇေန၊
ကရကံ မေ သမိဇ္ဈတု။

ဗုဒ္ဓေါ-ဂုဏ်တော်မျှားစွာ၊ ရတနာစုံ၊ အာရုံပွားအပ်၊ဘုရားမြတ်သည်။ ဘဝသောတံ-အစမထင်၊ ဘဝစဉ်ဟု၊ ဗေဒပြင်ခရီး၊ ရေလျှည်ကြီ.ကို။ တိဏ္ဏော - မဂ္ဂင်ရှစ်ဖော်၊ လှေတော်မူးမို့၊ အထူးပေါက်ရောက်၊ ကူးမြောက်တော်မူပြီးဖြစ်၍။လောကန္တဂူ-လောကဆုံးရာ၊ အေးရိပ်သာဟု၊ နိဗ္ဗာနဓာတ်၊ အမြိုက်ရပ်သို့၊ ဆိုက်ကပ် ပေါက်ရောက်တော်မူသည်။ ဝိဒူ-သဗ္ဗညုတ - ဉာဏ်အရဖြင့်၊ ဓမ္မဗုံဗုံ! အစုံအရှိ၊ အကုန်သိတော်မူသည်။ သစေ(ဟောတိ)-ငါ!ကြားရဘိ၊ ငါသိသလို၊ ကိုယ်တော်မြတ်မှာ၊ အမှန်သာဖြစ်ခဲ့ပါအုံ့။ ဧတေန သစ္စဝဇ္ဇေန - ငါ!ကြားမှန်ဘိ၊ ငါ!အသိညီ၊ အတည်ဖြစ်လေ၊ ဤသစ္စာစကားကြောင့်။ မေ-စေတနာမှန်၊ သဒ္ဓါလွန်လျက်၊ တာဝန်မယုတ်၊ အကျွန်ုပ်၏။ ကရဏံ-လောကသားသနာ၊ အရှုရှုတွင်၊ အောင်မြင်ဖို့တွက်၊ ဆောင်ရွက်သမျှ၊ မှုကိစ္စသည်။ သမိဇ္ဈတု-ခုံခံ့တွရှား၊ တားလည်းမပြီ၊ ဆီးမရှိတုံ၊ ပြီးပြည့်စုံပါ!စသတည်း။

ယဒိ သန္တိဂမော မဂ္ဂေါ၊
မောက္ခော စေစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊
ကရုဏံ မေ သမိဇ္ဈတု။

မဂ္ဂေါ-ရှစ်ဖြောစုံဘိ၊ အင်စုံရှိသည့်၊ အရိယစက်အား၊ မဂ်တရားသည်။ သန္တိဂမော-ငြိမ်းအေးရာအမှန်၊ နိဗ္ဗာန်စခန်း၊ အေးရိပ်နန်းသို့၊ မြန်းရန်အကြောင်း၊ လမ်းမှန်ကောင်းသည်။ ယဒိ(ဟောတိ)-ငါ ကြားရဘိ၊ ငါသိမခြား၊ တရားမြတ်မှာ၊ အမှန်သာဖြစ်ပါအုံ့။ မောက္ခောစ-သံသရာဝဋ်၊ကျွတ်ရာလွတ်ရာ၊

နိဗ္ဗာနဓာတ်၊ တဲရားမြတ်သည်လည်း။ အစ္စန္တိကံ - သခ်ၢတ၏၊ ဘဂ်စ္ဒန်ဖေဘက်၊ တံခွန်ဆောက်လျက်၊လွန်မြောက်ခဲ့သည်ဖြစ်၍။ သုခံ-အပူဝေး၍၊အေးခြင်းလွမ်းလာ၊ စဒန်းသားဖြစ်၊ ချမ်းသာ အစစ်သည်။ ယဒိ ဟောတိ-ငါကြားရဘိ၊ ငါသိသလို၊ အမှန် စင်စစ်၊ ကေန်သာဖြစ်ခဲ့ပါအုံ့။ ဧတေန သစ္စဝဇ္ဇေန-ငါကြား မှန်ဘိ၊ ငါ့အသိ ညီ၊အတည်ဖြစ်လာ၊ ဤသစ္စာစကားကြောင့်။ မေ-စေတနာမှန်၊သဒ္ဓါလွန်လျက်၊တာဝန်မယုတ်၊ အကျွန်ုပ်၏။ ကရဏံ-လောကသားသနာ၊ အရာရာတွင်၊ အောင်မြင်ဖို့တွက်၊ ဆောင်ရွက်သမျှ၊ မှုကိစ္စသည်။ သမိဇ္ဈတု-ခုခံတွေ့ရှား၊ တား လည်းမငြိ၊ ဆီးမရှိတုံ၊ ပြီးပြည့်စုံပါစေသတည်း။

သံဃော ဧစ တိဏ္ဏကန္ဓာရော၊
ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊
ကရဏံ မေ သမိဇ္ဈတု။

သံဃော-ကိုလေသာရန်! အောင်ပွဲ ခံလျက်၊ အမှန်သာ ဇကျော်၊ သံဃာတော် အရှင်မြတ်သည်။ တိဏ္ဏကန္ဓာရော - သံသရာဘဝ၊ကန္တာရကို၊ လုံ့လအားသည်း၊ကူးမြောက်ပြီးသည် ဖြစ်၍။ အနုတ္တရော-ဘယ်ဂိုဏ်းလာလာ၊ ဘယ်သံဃာစု၊ မတူ ဖက်လာ၊ ယှဉ်လာကွဲခြား၊ အသာစားမို့၊ တရားဓာတ်ဖုံး၊ အမြတ်ဆုံး ဖြစ်တော်မူသော်။ ပုညက္ခေတ္တော - ကုသိုလ်မျိုးတို့၊ စိုက်ပျိုးဖွယ်ရာ၊ တကယ်သာသည့်၊ လယ်ယာအစစ်၊ ဖြစ်ကြီး ဖြစ်သည်။ ဧစ(ဟောတိ)-ဤ ငါကြားရှိ၊ ငါသိသည့်ဟန်၊ သံဃာမြတ်မှာ၊ အမှန်သာ ဖြစ်ခဲ့ပါအုံ့။ ဧတေန သစ္စဝဇ္ဇေန-

ငါကြားမှန်ဘိ၊ ငါ့အသိညီ၊ အတည်ဖြစ်လာ၊ ဤသစ္စာ စကားကြောင့်။ မေ-စေတနာမှန်၊ သဒ္ဓါလွန်လျက်၊ တာဝန် မယုတ်၊ အကျွန်ုပ်၏။ကရဏာ-လောကသားနာ၊ အရာရာတွင်၊ အောင်မြင်ဖိုဘွက်၊ ဆောင်ရွက်သမျှ၊ မှုကိစ္စသည်။ သမိုဗျတု-ခုခံ တွေ့ရှား၊ဘားလည်းမပြု၊ ထိုးမရှိတုံ၊ ပြီးပြည့်စုံပါစေသတည်း။ [မဟာကပ္ပိန္ဒမင်းကြီးနှင့် အမတ်များ သစ္စာဖြေသောဂါထာ]

အစိန္ဒေယျဘုရားရှိခိုး

ဝေံ အစိန္ဓိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္ဓိယာ၊
အစိန္ဓိယေ ပသန္နာနံ၊ဝိပါကော ဟောတိ အစိန္ဓိယော။
ဤဒိသံ ကိ' နု ဝန္ဒာမ၊ စိဒ္ဓေယျပါဋိဟာရိယံ။

ဗုဒ္ဓါ-အတုမရ၊ ရှုမဝတဲ့၊ ဂုဏ်ပွားလတ်၊ တရားဓာတ်ဆင်၊ ဘုရားမြတ်အရှင်တို့သည်။ ဝေံ-ဂုဏ်တော်တို့တွင်၊ မချို့ထင်၍၊ သို့စဉ်ကလောက်၊ အခေါင် ရောက်အောင်၊ ပြောင်မြောက် ခဲ့သည့်အတိုင်း။ အစိန္ဓိယာ-အနုန္တဂုဏ်၊ ဂုဏ်တော်စုံရှိ၊ အကုန် သိဖို့၊ သတိမသန်၊ ဉာဏ်မရှိလတ်၊ မကြုံစည်အပ်၊ မကြုံစည် နိုင်ပါပေကုန်။ ဗုဒ္ဓဓမ္မာ-ဗေဒဝိပက္ခိယ၊ စသည် မျိုးလတ်၊ ဘုရားမြတ်၏၊ တရားအရပ်ရပ်တို့သည်။ ဗုဒ္ဓဓမ္မာ - သာမန် ဉာဏ်မျိုး၊ မတိုးမပေါက်၊ မရောက်ကပြီ၊ ထောက်မဖိုလတ်၊ ဘုရားမြတ်တို့၏သဒ္ဓာသဘာဝတို့သည်။ဝေံ-သို့ကလေးကဲ့ခင်၊ မြင်နိုင်ပို့ခဲ၊ နက်နဲလှကုန်သည်ဖြစ်၍။ အစိန္ဓိယာ-လူသာမန်ဟူ၊ ဉာဏ်မလူသည့်၊ သူငါထင်ရေး၊အမြင်ဝေး၍၊ အတွေးဖန်လတ်၊ မကြုံအပ်၊ မကြုံနိုင်ပါပေကုန်။ အစိန္ဓိယေ - သူတကာမှန်၊ လူသာမန်တို့၊ ကွေးဉာဏ်မမီ၊ မကြုံစည်အပ်၊ ဘုရားမြတ်

ရတနာ၌။ ပသန္နာနံ-ဂုဏ်တော်တွေထဲ၊ အခြေစွဲလျက်၊ အမြဲမှီခို၊ ကြည်ညိုလေးမြတ်ကြကုန်သော သူတို့အား။ ဝိပါကော-ကိုယ်စိတ်လန်းစရာ၊ စခန်းသာလျက်၊ ချမ်းသာတိုးဖို့၊ အမျိုးမျိုးပြား၊ အကျိုးတရားသည်လည်း။ အစိန္တိယော ဟောတိ-ဂုဏ်အင်အရှိ၊ ကုန်စင်သိရေး၊ အတွေးမသန့်၊ ဉာဏ်မမီလတ်၊ မကြံစည်အပ်၊ မကြံစည်နိုင်ပါပေ။ အစိန္တေယျပါကကာမိနော-မကြံအပ်ပိုင်၊ မကြံနိုင်ရိုး၊ အမျိုးမျိုးဆို၊ အကျိုးကို အလိုရှိကြကုန်သော။ မယံ-ဗုဒ္ဓဓာတ်ပို၊ အမြတ်ဂုဏ်၌၊ အာရုံပွားဘိ၊ ဘုရားတပည့်တော်တို့သည်။ ဣဒံ -အစိန္တေယျ၊ဂုဏ်ပေါင်းခပသည့်၊ လောကထုတ်တင်၊ ဤသို့သော ဘုရားမြတ်အရှင်ကို။ ကိုံ နု ဝန္ဒာမ-သဒ္ဓါခတ်တိုး၊ အမြတ်မျိုးဟု၊ မြတ်နိုးဘားရ၊ အဘယ်မှာရှိမခိုးဘဲရှိကြပါကုန်အုံနည်း။ ဝန္ဒာမဧ ဝ-တို့ကိုးကွယ်ရာ၊ ရတနာဟု၊ သဒ္ဓါအရှိန်၊ အကြိမ်ကြိမ်ဖြစ်၊ အသစ်သစ်တိုး၊ ရှိခိုးကန်တော့ကြကုန်သည်သာလျှင်တည်း။

သိကြားမင်း မြှက်ဆိုသော ယထာဘူစ
ဂုဏ်တော် (၈) ပါး

၁။ ဟိတာယ ပါဏိနံ နာထော၊ ပဋိပန္နော သုခါယ စ၊
ဧဝံ ပဋိပန္နံ အညံ၊ နပ ပဿာမ ကဒါစိပိ။

နာထော-ငါတို့ကိုးစား၊ အားထားရာသခင်၊ ရှင်တော်မြတ်ဘုရားသည်။ ပါဏိနံ-လူနတ်ဗြဟ္မာ၊ သတ္တဝါအများ တို့၏။ ဟိတာယစ-အဘက်ဘက်၌၊ တိုးတက်ကြီးမား၊ အစီးအပွား အလိုဌာလည်းကောင်း။ သုခါယစ-ကိုလေသာဟူ၊အပူကင်းဝေ

ငြိမ်းအေးချမ်းသာဖို့၊ အလို့ငှါ လည်းကောင်း။ ပဋိပန္နော-လွန်စွာသင့်လျော်၊ အခွင့်ပေါ်၍၊ ကျင့်တော်မူတတ်ပါပေ၏။ ဧဝံ-အမျှားတွက်တာ၊ သက်ညှာကြိုးစား၊တို့ဘုရားကျင့်သကဲ့သို့။ ပဋိပန္နံ-ဂုဏ်အင်္ဂါတူ၊မူနှစ်မူဖွင့်၊အတူတူကျင့်တတ်သော။ အညှံ-တို့ဘုရားမှတစ်ပါး၊ အခြားဆရာတစ်ယောက်ကို။ ကဒါစိပိ-ရှေးကခုခါ၊နောင်အခါဟု၊ ဘယ်ခါကာလ၊ ဘယ်သမယမှာမှ။ နပဿာမ-ပုဂ္ဂိုလ်တော်ထူး၊ ထွတ်အဖူးမို့၊အထူးတစ်ယောက်၊ ပေါ်ပေါက်ယှဉ်၍၊ မမြင်မတွေ့ကြရပါကုန်။

၂။ ဇိနော နော သြပနေယျိက၊ ဓမ္မံ ဒေသေတိ သုဒ္ဓရံ၊
ဧဝံ ဒေဝသန္တမည္ နု၊ တိတော ပဿာမ ဒါနိ စ။

နောဇိနော-မာရ်အပ္ပဲပ္ပဲ၊အောင်လံစွဲလျက်၊ရဲတံခွန်တင်၊ငါတို့ရှင်တော် မြတ်ဘုရားသည်။ သုဒ္ဓရံ - သွဘာကွာတမှန်၊ သန္ဓိဋ္ဌိက၊ အကာလိနှင့်၊ ဟေပယ်ဝ စသည်စုံစု၊ ကောင်းမြတ်လှပေထသော။ သြပနေယျိကဓမ္မံ-စိတ်ထဲမြဲအောင်၊ ဆွဲဆောင်ထိုက်သား၊တရား တော်မြတ်ကို။ ဒေသေတိ-ကရုဏာထား၊ ဟောကြားတော်မူတတ်ပါပေ၏။ ဧဝံ-သံသရာဘေးဘယ၊ အေးမြဖို့ရေး၊ နည်းပေးလမ်းပြ၊ ဗုဒ္ဓထွတ်ထား၊ တို့ဘုရားကဲ့သို့။ ဒေဝေန္တံ-ဝဋ်ဘေးလွတ်ရေး၊ နည်းလမ်းပေးလျက်၊ အရေးလှအောင်၊ ဟောပြညွှန်ကြားပေတတ်သော။ အညံ-တို့ဘုရားနှင့်၊ အလားမကွာ၊ တစ်ပါး ဆရာတစ်ယောက်ကို။ အတီတေ စ-အဆက်ရှည်ဝေး၊ ရှေးအတိတ်ကာလကလည်း။ နပဿာမ-ပုံသာမက၊ ပမာပြုဖို့၊ ရှာမရခဲ့ကြပါပေ။ ဒါနိစ-မျက်မြင်ခုပြစ်၊ ယခုတော်ဌာလည်း၊ နပဿာမ-ရှင်မြတ်သာသနာ၊ ထူးခြားစွာမို့၊ တူလားဖို့လျှင်၊ ယှဉ်ဖွယ်ထောက်ဆ၊ မတွေ့မမြင် ကြရပါပေ။

၃။ ဣဒံ ကုသလာကုသလန္တိ၊ ပညတ္တံ နော မဟေသိနာ၊
ပညာပေတာရမေဝညံ၊ နု ပဿာမ ကဒါစိပိ။

နော-တို့ဘုရားမှ၊ ဘုရားဟဟု၊ အားရနှစ်လို့၊ ကျွန်ုပ်တို့၏။ မဟေသိနာ-လောကထွတ်ထား၊ဘုရားမြတ်သည်။ ဣဒံ-ဤတရား သည်ကား။ ကုသလံ-ကောင်းမှုဟုဆို၊ ကုသိုလ်ဘရားပေတည်း။ ဣဒံ-ဤတရားကတော့။ အကုသလံ-မကောင်းမှုဆို၊ အကုသိုလ် ပင်တည်း။ ဣတိ-ဤသို့စသည်၊ အလိုလိုခွဲ၊ ပြစ်မဲ့ပြစ်ရှိ၊ ယုတ်၏ မြတ်ဟူ၊အဖြူအမည်း၊အနည်းနည်းခွဲ၍၊ ကွဲပြားပလေ၊တရားတွေ ကို။ပညတ္တံ-ထုတ်ဖော်ပြုတ်၊ ဟောကြားတော်မူအပ်ပါပေ၏။ ဧဝံ-ဤသို့ငါတို့ဘုရား၊ ခွဲခြားစစ်လတ်၊ပညတ်ဖော်ထုတ်သကဲ့သို့။ ပညာပေတာရံ-အချက်ကျကျ၊ မြှက်ဟပညာ၊ ထုတ်ဖော်ပြသ တတ်သော။ အညံ - တို့ဘုရားနှင့်၊ အလားနမူ - အခြားသူ တစ်ယောက်ကို။ ကဒါစိပိ-ဟိုရှေးအခါ၊ ခုအခါနှင့်၊ ဘယ်ခါ ကာလ၊ ဘယ်သမယမှာမှ။ နပဿာမ-သဗ္ဗညုတဉာ၊ ဉာဏ်အရှင်မို့၊ ယှဉ်ဖွယ်ထောက်ဆ၊ မတွေ့မမြင်ကြရပါပေ။

၄။ ပညတ္တာ တေန နိဗ္ဗာန၊ ဂါမိနိ ယာ ပဋိပဒါ၊
ဂင်္ဂါဒံ ယမုနောဝေန၊ သပေတိ ဒွယမ္ပိစ။
ပညပေတာရမေဝညံ၊ နု ပဿာမ ကဒါစိပိ။

တေန-မဟေသီဟု၊ ဂုဏ်ရည်ထင်ရှား၊ ငါတို့ရှင်တော်မြတ် ဘုရားသည်။ နိဗ္ဗာန ဂါမိနီ နိဗ္ဗာနဝင်တော်၊ အမြိုက်ရုပ်သို့ ဆိုက်ကပ်ခြောင်း အစစ်အမှန်ပင် ဖြစ်ပေထသော။ ယာ ပဋိပဒါ-မဂ္ဂင်မပဋိပတ်၊ အကြင်မဂ္ဂင်၊အကျင့်မြတ်ကို။ ပညတ္တာ- ကိုယ်တော်တိုင်သိ၊ တပည့်တစ်တွေ့၊ သိစေထုတ်ဖော်၊ ပညတ်

တော်မူအပ်ပါပေ၏။ ဧတံ ဒွယမ္မိစ–ထိုနှိုင်းနှုန်းနှင့်ပဋိပတ်၊ အမြတ်နှစ်ပါး၊ တရားတော်သည်လည်း။ ဂဏ်ါ ဒီ - ဂဏ်ါမြစ်ရေသည်။ ယမုနောဒေန - ယမုနာမြစ်ရေနှင့်။ သမေတိ ဝ - မကွဲမပြား၊ အခြားမရှိ၊ နှီးနှောညီညွတ်လေဘိသကဲ့သို့။ သမေတိ-နှီးဝနှောမိလေ၊ ညီညွတ်ပါပေ၏။ ဧဝံ-ဤသို့နိုင်ငှာနှင့် ပဋိပတ်၊ စပ်မိလေအောင်၊ ထုတ်ဆောင်ညွှန်ကြား၊ တို့ဘုရားမြတ်ကဲ့သို့။ ညပ-ပေတာရံ-အမျှားအသီး၊ တရားမိအောင်၊ ထုတ်ဆောင်ညွှတ်နိုင်သော။ အညံ-တို့ဘုရားနှင့်၊ မခြားမကွာ၊ တစ်ပါး ဆရာတစ်ယောက်ကို။ ကဒါစိပိ - အတိတ်ရှေးခါ၊ ယဒုခါနှင့်၊ နောင်ခါသမယ၊ ဘယ်အခါကာလမှာမှ။ နပဿာမ-တို့သင်ခန်းနှင့်၊ ယှဉ်ဖွယ်ကောက်ဆ၊ တစ်ယောက်မျှပင်၊ မတွေ့မမြင်ကြရပါပေ။

၅။ အဘိနိပ္ပဒန္နော လာဘော စ-
သိလောကော စ မဟေသိနော။
ခတ္တိယာပိ ပိယာယန္တိ၊ တထာပိ သ အမတ္တကံ။
အာဟာရတိ ဝ အာဟာရံ၊ ဧဝါဟာရမ မတ္တကံ၊
အာဟရန္တံ နပဿာမ၊ အညံ တီတေ ဣဒါနိ စ။

မဟေသိနော-သိလစသည်၊ ရှာဖွေနည်ရှိ၊ မဟေသီတွင်၊ ရှင်တော်မြတ်ဘုရား၏။ လာဘော စ-အမျှားကြည်ဖြူ၊ လူပူဇော်ကြ၊ ပစ္စည်းလာဘ်လာဘသည်လည်းကောင်း။ သိလောကော စ-လောကဓောတ်ဘုံ၊ လုံးစုံပြန့်သင်း၊ ကျော်စောခြင်းသည် လည်းကောင်း။ အဘိနိပ္ပဒန္နော - မကုန်ခန်းနိုင်၊ ဖြိုးလှိုင်ကုန်လုံ၊ ပြီးပြည့်စုံလှပါပေ၏။ ခတ္တိယာပိ-လူမင်းနတ်မင်း၊ ဗြဟ္မာမင်း

တို့သော်ပင်။ ပိယာယန္တိ-အကြည်ညိုတိုး၊ ချစ်မြတ်နိုးကြပါပေ ကုန်၏။ တထာပိ-ပစ္စည်းကဲပေါ်၊ ကျော်စောခြင်းတိုး၊ အမျှားချစ်မြတ်နိုးအပ်သော်လည်း။ သ-ထိုလောကသင်၊ ငါတို့ရှင်တော်မြတ်ဘုရားသည်။ အမတ္တကံ-တဏှာဖက်လျက်၊ မက်မောလွန်ကျူး၊ မယစ်မူးဘဲ။ အာဟာရံ-ဆွမ်းစသော အာဟာရကို။ အားဟာရေတိ ဝ-ဘုဉ်းပေးသုံးဆောင်တော်မူသည်သာလျှင်တည်း။ ဧဝံ-ဤသို့ အာဟာရတွက်၊ မက်မောခြင်းခွါ၊ တဏှာမပွားပဲ၊ ငါတို့ဆရာဘုရားကဲ့သို့။ အမတ္တကံ-တဏှာမဖြစ်၊ အညစ်မလူး၊မယစ်မူးဘဲ။ အာဟာရံ-ထူးထွေများစွာ၊အစားအစာကို။ အာဟာရန္တံ-သတိထားလျက်၊ စားသောက် သုံးဆောင်တတ်သော။ အညံ-တို့ဘုရားနှင့်၊ အလားမကွာ၊ တစ်ပါးဆရာတစ်ဦးကို။ အတ်ဝေတစ-ရှေးယခင်သမယ၊ အတ်ဝတ ကာလကလည်း။ နပယာ်ာမ-အသန့်ခြင်းယှဉ်၊ အစင်ပြိုင်က၊ နိုင်မရခေါ်၊ မတွေ့မမြင်ကြရပါပေ။ ဣဒါနိစ-မျက်မြင်ကာလ၊ ခုခါသမယ၌လည်း။ နပယာမ-အလွန်သန့်စင်၊ တို့သခင်နှင့်၊ ယှဉ်ဖွယ်ထောက်ဆ၊ တစ်ယောက်မျှလျှင်၊ မတွေ့မမြင်ကြရပါပေ။

၆။ သေခါနာရဟတံ လဒ္ဓ၊သဟာယော နော တထာဂတော၊
ဝိဟရေ တေ အပနုဇ္ဇ၊ ကောရာမနုံယုဇ္ဇကော။
ဧဝံ ဝိဟာရန္တံ နု၊ တိတေ ပယာမ ဒါနိ စ။

နောတထာဂတော-သဗ္ဗညုဟု၊ ဝှန်ဆူကျော်ကြား၊ ငါတို့မြတ်စွာဘုရားသည်။ သေခါနံ-ကျင့်ဆဲကျင့်တုန်း၊ အဆုံးမသတ်၊ သေခပုဂ္ဂိုလ်မြတ်တို့၏ လည်းကောင်း။ အရဟတံ-ကျင့်ကိုစွတုံး၊ အဆုံးပြီးသတ်၊ ရဟန္တာအရှင်မြတ်တို့၏ လည်း

ကောင်း။ လဒ္ဓသဟာယော-ရအပ်လွန်ကောင်း၊ အပေါင်းအဖော်ရှိတော်မူပါပေ၏။ တေ-ထိုဝိုင်းဝန်းကာနေ၊ ရုံရှေတော်ကောင်း၊ အပေါင်းအဖော်တို့ကို။ အပနုဇ္ဇ-အတူမကွာ၊ နေတုံ ပါလည်း၊ သမာပတ်ဖြင့်၊ မကပ်မတွယ်၊ ပယ်ခွါတော်မူပြီးလျှင်။ ကောရုမံ-တစ်ပါးတည်းသော်၊ မွေ့ပျော်တော်မူသည်၏ အဖြစ်ကို။ အနုယုဇ္ဇကော-တရုံမစဲ၊ အမြဲအားထုတ်တော်မူလျက်။ ဝိဟာရေ-ဝိဟာရတိ-သီတင်းသုံးချေ၊ နေတော်မူခဲ့ပါ၊ ပေ၏။ ဝေ-တူနေ့ထဲမှ၊ စဲ့ကာစဲ့ကာ၊ သမာပတ်ဌမ်း၊ အမြဲတမ်းဖော်၊ တို့ရှင်တော်ကဲ့သို့။ ဝိဟာရန္တံ-အခြေတစ်ရပ်၊ အနေမြတ်ဖြင့်၊ နေ့တစ်တစ်ပေထသော။ အညံ-တို့ရှင်ကိုထား၊ အလားကွာ၊ တစ်ပါးဆရာ တစ်ယောက်ကို။ အတိတေစ-ဟိုရှေးသမယ၊ အတိတ်ကာလကလည်း။ နု ပဿာမ-ယှဉ်ကာချင့်ပို့၊ အခွင့်ကြုံကြ၊ မတွေ့မမြင်ကြရပါပေ။ ဒါနိစ-မျက်မြင်ဤဖြင်၊ ယခုတော်ခ်ိန်လည်း။ နု ပဿာမ-ရှင်မြတ်မျှားနှင့်၊ အလားအသွင်၊ နှစ်ပါးယှဉ်၍၊ မမြင်မတွေ့ကြရပါကုန်။

၇။ ယထာဝါဒီ တထာကာရီ၊ ယထာ:ကာရီ တထာဝ:ဒီ၊
ဇီနော နော ဒေဝိသံ အညံ၊ တိ:တေ ပဿာ:မ ဒါနိ စ။

နောဇီနော-ငါပါးမာဂ်စုံ၊ ရုန်သူပုန်ကို၊ အကုန်နှင်တတ်၊ ငါတို့ရှင်တော်မြတ်ဘုရားသည်။ ယထာဝါဒီ-အကြင်သို့သော်၊ နှုတ်တော်ချက်ကျ၊ မြွက်ဟတော်မူတတ်၏။ တထာကာရီ-နှုတ်တော်ထွက်ငြား၊ ထိုစကားနှင့်၊ မပြားမကွဲ၊ မလွဲစေမူ၊ ပြောသလိုပြုတော်မူတတ်ပါ၊ ပေ၏။ ယထာ:ကာရီ - ကိုယ်တော်တိုင်ပြု၊ အမှုဆင့်ဆင့်၊ အကြင်သို့ပြုကျင့်တော်မူတတ်၏။ တထာ

ဝါဒီ-အပြုတစ်ပါး၊ ပြောတခြားဟု၊ကွဲပြားမရှိ၊ တိကျသေချာ၊ ပြုသလို ပြောတော်မူဘတ်ပါပေ၏။ ဤဒီသံ-ပြောသလိုပြု၊ ပြုသလိုပြော၊ သဘောနှစ်ပါး၊ မကွဲပြားဘဲ၊ လွဲမှားမရှိ၊ မုနိထွတ်ထား၊ တိုဘုရားနှင့်၊ မခြားနမူ၊ အလားတူဖြစ်သော။ အညှံ - တိုဘုရားလို၊ အားထားစေလောက်၊ အခြား ဆရာ တစ်ယောက်ကို။ အတိတေစ-လွန်လေခဲ့ရာ၊ ရှေးအတိတ်အခါ က လည်းကောင်း။ ဒါနိစ-မျက်မြင်လောက၊ ယခုလောကဌ် လည်းကောင်း။ နု ပဿာမ-မကျင့်အရာ၊ အဆင့်သာသဖြင့်၊ အဘယ်မှာမှ၊ ရှာမရ၍၊ မဘွေ့မမြင်ကြရပါပေ။

ဂ။ တိဏ္ဏဝိစိကိစ္ဆော သိဒ္ဓ၊ သက်ပေါ် အကထံကထီ၊
ဇိနော အဗ္ဘာသယနာဒီ၊ ဗြဟ္မစရိယဝရေန သော၊
ဤဒီသံ အညှံ ပဿာမ၊ နေဝတိတေ နု ဒါနိပိ။

ဃသာ ဇိနော-ငါးပါးအောင်မြင်၊ ထိုရှင်တော်မြတ်ဘုရား သည်။ အဗ္ဘာသယနု-သံသရာဒဏ် ဘေးရန်တွေ့၊ လွန်ကဲသော မှီရာဖြစ်သော။ အာဒိဗြဟ္မစရိယဝရေန - အရိယမဂ်၊ ဖြိုးလက် တင့်လတ်၊ ရှေးဟောင်းအကျင့်တော်မြတ်ဖြင့်။ တိဏ္ဏဝိစိကိစ္ဆော- လွန်မြောက်ပြီးသည့် ဝိစိကိစ္ဆာ ရှိသည်။ အကထံကထီ-သို့လော သို့လော၊ ကွေးတောတတ်ဘီ၊ ယုံမှားခြင်း မရှိသည်။ (ဟုတ္တာ) ဖြစ်တော်မူ၍။ သိဒ္ဓသက်ပေါ် - သဗ္ဗညုတ-ဉာဏ်တော်ရှင်၊ ပြီးမြောက်သော အကြံအစည် ရှိတော်မူပါပေ၏။ ဤဒီသံ- တို့ရဲ့ဗုဒ္ဓ၊ ပုံတမျှသို့၊ အရိယမဂ်ဘုရားဖြင့်၊ ယုံမှားကင်းဘို၊ ပြီးမြောက်သော အကြံအစည်ရှိသော။ အညှံ-ငါတို့ဘုရား၊ ကြည်ဖယ်သား၍၊ အလားမကွာ၊ အခြား ဆရာတစ်ယောက်ကို။

အတိတေပိ-ကာလရှည်ဝေး၊ရှေးအတိတ်ကလည်း။ နေဝပဿာမ-အရာရာတွင်၊ ယှဉ်မရ၍၊ မမြင်ရ မတွေ့ကြရပါပေ။ ဣဒါနိပိ-မျက်မြင်ခုဖြစ်၊ယခုခေတ်အခါ၌လည်း။ နု ပဿာမ-အဘက်ဘက်မှာ၊ တုမ္ဟဲသာမိ ့ ၊ ပမာယှဉ်စရာ၊ မမြင်ကြ မတွေ့ကြရပါပေ။

ဂေါဓိန္ဒသုတ်မှ သိကြားမင်းဟောသော ဘုရားဂုဏ်တော် ရှစ်ပါး။

(သုတ်မဟာဝါပါဠိတော်)

အရှင်သာရိပုတ္တရာ လျှောက်ထားသော
ဘုရားရှင် ဂုဏ်တော်များ
(သောဘပဒါန်မှ ကောက်နုတ်ချက်)

၁။ သမုဒ္ဓရသိမံ လောကံ၊ သယမ္ဘူ အမိတောဒယ၊
တ၀ ဒဿနမာဂမ္မ၊ ကခ်ါသောတံ တရန္တိ တေ။

သယမ္ဘူ-ဆရာမရှိ၊ ကိုယ်တိုင်သိကာ၊ ဘုရားဖြစ်လာသော။ အမိတောဒယ-အနန္တဂုဏ်တော်တို့ ထွက်ပေါ်ထွန်းရာ၊ ရတနာ့သင်း၊ ရှင်တော်မြတ်ဘုရား။ တံ-ရှင်တော် မြတ်ဘုရားသည်။ ဣမံလောကံ—လူနတ် ဗြဟ္မာ ဤသတ္တဝါအပေါင်းကို။ သမုဒ္ဓရသိ-သံသရာကို ဆန်၊ နိဗ္ဗာန်ရောက်အောင်၊ ထုတ်ဆောင် ကယ်တင်တော်မူတတ်ပါပေ၏။ တ၀-ရှင်တော်မြတ်ဘုရားအား။ ဒဿနံ-ဖူးမြော်တွေ့ဆုံခြင်းကို။ အာဂမ္မ—အကောင်းအမှု၊ အကြောင်းပြု၍။ တေ — ထိုနတ် လူ ဗြဟ္မာ၊ ပေါင်း မျိုးစုတို့သည်။ ကခ်ါသောတံ—ဝိစိကိစ္ဆာ၊ သင်္သယဖြေပြင်၊ ရေအလျှဉ် သြဃ

ကြီးကို။ တရန်တီ–မင်္ဂ်ီ ဖိုလ်ရောက်၊ အထူး ပေါက်သဖြင့်၊ ကူးမြောက်နိုင်ကြပါကုန်သည် ဘုရား။

၂။ တုဝံ သဗ္ဗာ စ ကေတု စ၊ ဓေဝယူ ပေါ စ ပါဏိနံ၊
ပရာယဏော ပတိ ဌော စ၊ ဒီပေါ စ ဒ္ဒီပဒုတ္တမော။

တုဝံ–ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗာ စ–နတ် လူ ဗြဟ္မာ၊ သတ္တဝါတို့၏၊ ဆရာအစစ်၊ ဖြစ်လည်း ဖြစ်တော် မူပါ၏။ ကေတု စ–လောကဓာတ်လုံး၊ အမြတ်ဆုံးမှန်၊ အလံမျှားတွင်၊ ထွတ်ဖျားတင်ဖုံး၊ အမြင့်ဆုံးကေန်၊ အလံသဖွယ်လည်း ဖြစ်တော် မူပါ၏။ ဓေဝေါ စ–ဂုဏ်တော်အစဉ်၊ လွန်ပေါ လွင်လျက်၊ ထင်ရှားလွန်စွာ၊ တံခွန် ပ မာ လည်း ဖြစ် တော် မူ ပါ၏။ ယူ ဓေ ပါ စ–နတ်လူမျှားသော်၊ ပူဇော်ရာအစစ်. ယင်တိုင်ကြီး သဖွယ်လည်း ဖြစ်တော်မူပါ၏။ ပါဏိနံ–သတ္တဝါမှန်သမျှ တို့၏။ ပရာယ ဏော စ–အမြတ်ဆုံးမှန်စွာ၊ ကိုးကွယ် ဆည်းကပ် ရာလည်း ဖြစ်တော်မူ ပါ၏။ ပတိ ဌော စ – သံသရာချောက်၊ မကျရောက်ဖို့၊ ထောက်ရာတည်ရာလည်း ဖြစ်တော်မူပါ၏။ ဒီပေါ စ–ကျွန်းကြီးပမာ၊ မှီခိုအားထားရာလည်း ဖြစ်တော်မူ ပါ၏။ ဒ္ဒီပဒုတ္တမော စ–ခြေနှစ်ချောင်းရှိသူ၊ နတ်လူမျှားတွင်၊ ဂုဏ်အင်လွှမ်းဖုံး၊ အမြတ်ဆုံးလည်း ဖြစ်တော်မူပါ၏။

၃။ သက္ကာ သမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဌကေန ဝါ၊
နတ္ထေ ဝ ဝ ဝ သဗ္ဗညू၊ ဥဏ်ံ သက္ကာ ပမေတဝေ။

သမုဒ္ဒေ – မဟာသမုဒ္ဒရာ၌။ ဥဒကံ – တည်နေ ရှိနေ၊ ရေ မှန်သမျှကို။ အာဌကေန – ပြည်ဝင်ခွက်ဖြင့်၊ (ဝါ-အနက်မရှိ) ပမေတုံ–အဘယ်မျှရှိ၊ သိသာစရာ၊ ခြင့်တာရေတွက်ခြင်းငှါ။

သက္ကာ – စွမ်းနိုင်ဖွယ် အရေးရှိသော် ရှိရာသေး၏။ သဗ္ဗညူ–သိစရာစုံ၊ အကုန်အစင်၊ စုံလင်သိတတ်၊ ရှင်တော်မြတ်ဘုရား။ တဝ–ရှင်တော်မြတ်ဘုရား၏။ ဥဏှံ–သူငယ်မပိုင်၊ ဥဏှမ်နိုင်ခဲ၊ နက်နဲကေန်၊ ဥဏှတော်မြတ်ကို။ ပမောဘဝေ–ဤရေ.ဤမျှ၊ ဂဏန်းချလျက်၊ မှန်းဆ ရေတွက်ခြင်းငှါ။ နတ္ထိဝ သက္ကာ–ဥဏှကားမကုန်၊ အစွမ်းကုန်လျက်၊ လုံးစုံပြီးပိုင်၊ မတတ်နိုင်သည်သာ ဖြစ်ပါ၏တော့သည်ဘုရား။

၄။ ဓာရေတုံ ပထဝိံ သက္ကာ၊ ဌပေတွာ တုလမဏ္ဍလေ၊
နတ္ထိ တဝ သဗ္ဗညူ၊ ဥဏှံ သက္ကာ ဓရေတဝေ။

ပထဝိံ – ကမ္ဘာမြေကြီးကို၊ တုလမဏ္ဍလေ – ချိန်ခွင်ခွက်ဝိုင်းဌ။ ဌပေတွာ–ထားပြီး၍။ ဓာရေတုံ–ဆောင်ခြင်းငှါ။ သက္ကာ–တတ်နိုင်ဖွယ်ရာရှိကောင်းရှိရာသေး၏။ သဗ္ဗညူ–အလုံးစုံသိမြင်၊ သဗ္ဗညုမြတ်အရှင်။ တဝ – ရှင်တော် မြတ်ဘုရား၏။ ဥဏှံ–နှိုင်းဆဖို့ရန်၊ အမှန်မလျော်၊ ဥဏှတော် မြတ်ကြီးကို။ ဓရေတဝေ – ခံနိုင်လောက် သော အားရှိမယ်ဝင်း၊ ဆောင်ထားခြင်းငှါ။ နတ္ထိဝ သက္ကာ – ထုထည်ပမာဏ၊ တာမရသဖြင့်၊ ဘာမျှထမ်းပိုင်၊ မစွမ်းနိုင်တော့ပါဘုရား။

၅။ အာကာသော မိနိတုံ သက္ကာ၊ ရဇ္ဇုယာ အဂ္ဂုံလေနဝါ၊
နတ္ထိ တဝ သဗ္ဗညူ၊ ဥဏှံ သက္ကာ ပမာတဝေ။

အာကာသော–ဆုံးစမထင်၊ ကောင်းကင်ပြင်ကို။ ရဇ္ဇုယာ–တာကြိုးဖြင့်သော် လည်းကောင်း။ အဂ္ဂုံလေနဝါ–လက်သင်ပြင့်သော်လည်းကောင်း။ မိနိတုံ–တိုင်းတာခြင်းငှါ။ သက္ကာ–တတ်နိုင်ဖွယ်ရာ ရှိပါသေး၏။ သဗ္ဗညူ – သိဖွယ် မှန် သ မျှ၊ မကျန်

ရအောင်၊ လုံးဝသိမြင်၊ ရှင်တော်မြတ်ဘုရား။ တဝ-ရှင်တော်မြတ်ဘုရား၏။ ဉာဏံ - သဗ္ဗညုတ၊ မည်ရအကျော်၊ ဉာဏ်တော်မြတ်ကြီးကို။ ပမေတဝေ - ဘယ်မျှဟုပိုင်း၊ နှိုင်းကာနှိုင်းကာ၊ တိုင်းတာခြင်းငှါ။ နတ္ထေ ဝ သက္ကာ - ဘယ်အတိုင်းတာ၊ ဘယ်သင်္ချာမျှ၊ မပြမှန်းပိုင်၊ မစွမ်းနိုင်ဟေ့ပါဘုရား။

၆။ မဟာသမုဒ္ဒေ ဥဒကံ၊ ပထဝီ အဓိလံ ဇဋ္ဌံ၊
ဗုဒ္ဓဉာဏံ ဥပါဒါယ၊ ဥပမာတောာ နယုဇ္ဇရေ။

မဟာသမုဒ္ဒေ-သမုဒ္ဒရာပြင်ကျယ်၊ ပင်လယ်ကြီးအတွင်းဌ်။ ဥဒကံစ-ရေမှန်သမျှသည်လည်းကောင်း။ ပထဝီစ-ကမ္ဘာမြေကြီးသည်လည်းကောင်း။ အဓိလံ-အလုံးစုံသော။ အဇဋ္ဌံစ-အဇဋ္ဌာပြင်၊ ကောင်းကင်တစ်ဝန်းလုံးသည် လည်းကောင်း။ (တေ) ကြီးကျယ်လှဆို၊ ထိုအရာအားလုံးတို့သည်။ ဗုဒ္ဓဉာဏံ - ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးကို။ ဥပါဒါယ-ထောက်စာသည်ရှိသော်။ ဥပမာတောာ-တူတန်လိမ့်နိုး၊ ချိန်ထိုးဖွယ်ရာ၊ ဥပမာအားဖြင့်။ နယုဇ္ဇရေ - ဉာဏ်တော်ထူးက၊ တူနိုင်ဘဲမို့၊ အကဲသွင်ပြ၊ ယှဉ်မရကြပါကုန် ဘုရား။

၇။ သဒေဝကဿ လောကဿ၊ စိတ္တံ ယေသံ ပဝတ္တတိ၊
အန္တောဇာလီကတာ ဧတေ၊ တဝ ဉာဏမ္ပိ စက္ခုမ။

စက္ခုမ-စက္ခုငါးတန်၊ ဉာဏ်မြင်ထင်ရှား၊ ရှင်တော်မြတ်ဘုရား။ သဒေဝကဿ=နတ်ဗြဟ္မာနှင့်တကွသော။ လောကဿ-တစ်လောကလုံးတွင်။ ယေသံ-အကြင်သူတို့အား။ စိတ္တံ-စိတ်ဝိညာဉ်သည်။ ပဝတ္တတိ-ရှိနေ ဖြစ်နေပါ၏။ ဧတေ-ထိုဝိညာဉ်ရှိသူ နတ်လူ မှန်သမျှတို့သည်။ တဝ-ရှင်တော်မြတ်ဘုရား၏။

ဉာဏမှီ - ဉာဏ်တော်မြတ်၌။ အနေ္တာဇာလိကတာ - ပိုက်ကွန် အတွင်း၊ သွင်းဖမ်းသည့်သွင်၊ ဝင်ရောက်လျက်သာ၊ ရှိကြရပါ ကုန်တော့သည် ဘုရား။

ဂ။ သုဝိနိတာ စ တေ သိဿာ၊ ပရိသာ စ သုသိက္ခိတာ၊
ဥတ္တမေ ဒမထေ ဒန္တာ၊ ပရိဝါရေန္တိ တံ သဒါ။

တေ - ရှင်တော်မြတ်ဘုရားသည်။ သိဿာ-တပည့်သာဝက တို့ကို။ သုဝိနိတာစ - ကိုယ်နှုတ်နှလုံး၊ အသုံး ကျအောင်၊ အကောင်းဆုံး ဆုံးမတော်မူအပ်ပါပေ၏။ ပရိသာစ - ခစားဆည်းကပ်၊ ပရိသတ်ကိုလည်း။ သုသိက္ခိတာ-တရားစည်းကမ်း၊ လမ်းမလွန်စေ၊ အကောင်းဆုံး သင်ကြားအပ်ပါပေ၏။ ဥတ္တမေ-ကောင်းခြင်းသာလွန်၊ မွန်မြတ်လှစွာသော။ ဒမထေ-ကိလေသာ စင်၊ယဉ်ကျေးခြင်း၌။ဒန္တာ-အစဉ်အေးလျက်၊ယဉ်ကျေးကုန်ကြ၊ တပည့်သာဝကတို့သည်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-နေ့ရောညဉ့်ပါ၊ အခါခပ်သိမ်း။ ပရိဝါရေန္တိ-အမြဲရံခ၊ ခြံရံ တော်မူကြပါကုန်သည် ဘုရား။

ဃ။ စျာယီ စျာနရတာ ဓီရာ၊ သန္တစိတ္တာ သမာဟိတာ၊
မုနီ မောနေယျသမ္ပန္နာ၊ ပရိဝါရေန္တိ တံ သဒါ။

စျာယီ-စျာန်ဝင်စားလေ့ ရှိကြကုန်သော။ စျာနရတာ-စျာန်သမာပတ်၌၊ နှစ်ခြိုက်မွေ့လျော်၊ ပျော်ဝင်တက်ကြကုန်သော။ ဓီရာ-အရဟတ္တဖိုလ်အထိ၊ မွန်မြတ်သော ပညာရှိကြကုန်သော။ သန္တစိတ္တာ-ငြိမ်သက်အေးမြ စိတ်ရှိကြကုန်သော။ သမာဟိတာ-စဲမြဲတည်ဘိ၊ သမာဓိရှိကြကုန်သော။ မောနေယျသမ္ပန္နာ - မုနိ

ဖြစ်ကြောင်း၊ အကောင်းဆုံးဆို၊ မဂ်ဖိုလ်ဆင့်ဆင့်၊ အကျင့်နှင့် ပြည့်စုံကြကုန်သော။ မုနိ-အရှင်ရဟန်းတော်တို့သည်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါပေါ်သိမ်း။ ပရိဝါရေန္တိ-ဝန်းလှည့်ရံခ၊ ခြံရံလျက်ရှိနေကြပါကုန်သည် ဘုရား။

၁၀။ အပ္ပိစ္ဆာ နိပကာ ဓီရာ၊ အပ္ပါဟာရာ အလောလုပါ၊
လာဘာလာဘေန သန္တုဋ္ဌာ၊ ပရိဝါရေန္တိ တံ သဒါ။

အပ္ပိစ္ဆာ-ပစ္စည်းထိုထို၊ အပိုမမှီး၊ အလိုနည်းကြကုန်သော။ နိပကာ-ရင့်ကျက်သော ပညာရှိကြကုန်သော။ ဓီရာ-မတွန့်မဆုတ်သည့်လုံ့လရှိကုန်ကြသော။ အပ္ပါဟာရာ-အတိုင်းတာသိ၊ နည်းပါးသော အာဟာရရှိကြကုန်သော။ အလောလုပါ-လျှပ်ပေါ်လော်လီခြင်းကင်းတော်မူကြကုန်သော၊ လာဘာလာဘေန-ပစ္စည်း လာဘ်လာဘရခြင်း၊ မရခြင်းနှစ်မျိုးကြောင့်။ သန္တုဋ္ဌာ-ဖောက်ပြန်ကင်းလျက်၊ နှစ်သက်ကျေနပ်ကြသောတပည့်သာဝကတို့သည်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-အမြဲရံခ၊ ခြံရံတော်မူကြပါကုန်သည် ဘုရား။

၁၁။ အာရညိကာ ဓုတဓရာ၊ စျာယိနော လူခစီဝရာ၊
ဝိဝေကာဘိရတာ ဓီရာ၊ ပရိဝါရေန္တိ တံ သဒါ။

အာရညိကာ-လူမနီးရာ၊ တောမှာနေလေ့ရှိကြကုန်သော။ ဓုတဓရာ-ဖြူစင်အောင်၊ ဓူတင်ကို ဆောင်လေ့ရှိကြကုန်သော။ စျာယိနော-အာရမ္မဏ လက္ခဏာ၊ နှစ်ဖြာတင်ထား၊ စျာန်ဝင်စားလေ့ရှိကြကုန်သော။ လူခစီဝရာ-ခေါင်းပါးနှမ်းရိ၊ သင်္ကန်းဌီတော်မူကြကုန်သော။ ဝိဝေကာဘိရတာ - ဆိတ်ငြိမ်ရာ၌

မြေလျှော်လေ့ရှိကြကုန်သော။ ဓီရာ-ပညာရှိကြ၊ အရှင်တပည့် သာဝကတို့သည်။ တံ-ဆရာသခင်၊ ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရံခ၊ ခြံရံ လျက် ရှိနေကြပါကုန်သည် ဘုရား။

၁၂။ ပဋိပန္နာ ဖလဋ္ဌာ စ၊ သေခါ ဖလသမင်္ဂိနော၊
အာသီသကာ ဥတ္တမတ္ထံ၊ ပရိဝါရေန္တိ တံ သဒါ။

ပဋိပန္နာစ-ကျင့်ဆဲဟုဆို၊ မဂ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဖလဋ္ဌာစ - အရဟတ္တဖိုလ်ဝင်၊ ရဟန္တာအရှင်တို့သည် လည်း ကောင်း။ ဖလသမင်္ဂိနော-သက်ဆိုင်ရာ အောက်ဖိုလ်နှင့် ပြည့်စုံ ကြကုန်သော။ သေခါစ-သေပေါဟုဆို၊ ဖိုလ် ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ဥတ္တမတ္ထံ-ထူးမြတ်သောနိဗ္ဗာန်ကို။ အာသီသကာ-မျှော်ကိုးတောင့်တ ကြကုန်လျက်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရံခ၊ ခြံရံ လျက် ရှိနေကြပါကုန်သည် ဘုရား။

၁၃။ သောတာပန္နာ စ ဝိမလာ၊ သကဒါဂါမိနော စ ယေ၊
အနာဂါမိ စ အရဟာ၊ ပရိဝါရေန္တိ တံ သဒါ။

ဝိမလာ–ကိလေသာ အညစ်အကြေး၊ကင်းဝေးစင်ကြယ်ကြ ကုန်သော။ ယေ သောတာပန္နာစ-အကြင်သောတာပန် ပုဂ္ဂိုလ် တို့သည် လည်းကောင်း။ ယေ သကဒါဂါမိနော စ-အကြင် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ယေ အနာဂါမိစ-အကြင်အနာဂါမ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ယေအရဟာစ-အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ သန္တိ-ရှိကြ

ပါကုန်၏။ တေ-ထိုအရိယာ အရှင်မြတ်တို့သည်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ—အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရုံခ၊ ခြုံရုံလျက် ရှိကြပါကုန်သည် ဘုရား။

၁၄။ သတိပဋ္ဌာနကုသလာ၊ ဗောဇ္ဈင်္ဂဘာဝနာရတာ၊
သာဝကာ တေ ဗဟူ သဒ္ဓေ၊ ပရိဝါရေန္တိ တံ သဒါ။

သတိပဋ္ဌာနကုသလာ — သတိပဋ္ဌာန်ဘုရားတွင်၊ ကျွမ်းကျင်လိမ္မာကြကုန်သော။ ဗောဇ္ဈင်္ဂဘာဝနာရတာ-ဗောဇ္ဈင်ခုနစ်ပါး၊ ပွားများခြင်း၌၊ နှစ်ခြိုက်မွေ့လျော်၊ ပျော်တတ်ကြကုန်သော။ သာဝကာ - တပည့်သာဝကတို့သည်။ သဒ္ဓေ- စုကာရုံးကုန်၊ အလုံးစုံတို့ပင်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရုံခ၊ ခြုံရုံလျက် ရှိနေကြပါကုန်သည် ဘုရား။

၁၅။ ဣဒ္ဓိပါဒေသု ကုသလာ၊ သမာဓိဘာဝနာရတာ၊
သမ္မပ္ပဓာနာနုယုတ္တာ၊ ပရိဝါရေန္တိ တံ သဒါ။

ဣဒ္ဓိပါဒေသု - ဣဒ္ဓိပါဒ်တရား၊ လေးပါးတို့၌။ ကုသလာ-အစွမ်းထင်ထင်၊ကျွမ်းကျင်လိမ္မာကြကုန်သော။သမာဓိဘာဝနာရတာ-သမာဓိတရား၊ ပွားများခြင်းတွင်၊ ရှင်ပျော်နှစ်ခြိုက်ဟတ်ကုန်သော။ သမ္မပ္ပဓာနာနုယုတ္တာ-သမ္မပ္ပဓာန်၊ လေးတန်၌ပွား၊လွန်ကြိုးစားသည့်၊ အရှင့်တပည့်တို့သည်။တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရုံခ၊ ခြုံရုံလျက် ရှိနေကြပါကုန်သည် ဘုရား။

၁၆။ တေဝိဇ္ဇာ ဆဋ္ဌာဘိညာ စ၊ ဣဒ္ဓိယာ ပါရမိံ ဂတာ၊
ပညာယ ပါရမိံ ပတ္တာ၊ ပရိဝါရေန္တိ တံ သဒါ။

တေဝိဇ္ဇာ စ - ဝိဇ္ဇာသုံးပါးလည်း ရှိကြကုန်သော။ ဆဋ္ဌာဘိ-ညာစ - အဘိညာ၃ ခြောက်ပါးလည်း ရှိတော်မူကြကုန်သော။ ဣဒ္ဓိယာ-အံ့ဖွယ်အမျိုးမျိုး၊ တန်ခိုးအရာ၌။ ပါရမိ -အထွတ်အထိပ်သို့။ ဂတာ-ရောက်တော်မူကြကုန်သော။ ပညာယ-မဂ် ဖိုလ် အထိ၊ အသိပညာ၌။ ပါရမိ - အထွတ်အထိပ်သို့။ ပတ္တာ-ရောက်တော်မူကြ၊ ရှင်တော်မြတ်သာဝကတို့သည်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရံခ၊ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား။

၁၇။ ဒေသာ ဇေ မဟာဝီရ၊ တဝ သိဿာ သုသိက္ခိတာ၊
ဒုရောသဒါ ဥဂ္ဂတေဇာ၊ ပရိဝါရေန္တိ တံ သဒါ။

မဟာဝီရ - ဝီရိယကြီးမား၊ ရှင်တော် မြတ် ဘုရား။ ဇေ-ရှင်ဇတော် မြတ် ဘုရား၏။ သိဿာ - တပည့် သာဝကတို့သည်။ ဒေသာ-သို့စင်ကလောက်၊ မြောက်မြောက်စွမ်းဘိ၊ ဂုဏ်ထူးတို့ ရှိကြပါပေကုန်၏။ သုသိက္ခိတာ- အကောင်းဆုံး အသင်အပြ ခံကြရပါကုန်သော။ ဒုရာသဒါ - ချဉ်းကပ်ဝံ့စား၊ ထိပါးဖို့ရာ၊ ခဲယဉ်းလှပါကုန်သော။ ဥဂ္ဂတေဇာ - ထက်မြက်သော တန်ခိုး အာနုဘော် ရှိကြကုန်သော။ တဝ သိဿာ - ရှင်တော်မြတ်၏ တပည့် သာဝကတို့သည်။ တံ-ရှင်တော်မြတ်ဘုရားကို။ သဒါ-အခါခပ်သိမ်း။ ပရိဝါရေန္တိ-မခွာနိုင်ဘဲ၊ အမြဲရံခ၊ ခြံရံလျက် ရှိနေကြပါကုန်သည် ဘုရား။

၁၈။ တေဟိ သိသေဟိ ပရိဝုတော၊ သညေတေဟိ တပယသိဘိ၊
မိဂရာဇာဝဆမ္ဘီတော၊ ဥဒ္ဒုရာဇာဝ သောဘတိ။

သညေတေဟိ-ကိုယ်နှုတ်နှလုံး၊ စောင့်သုံး တတ်ကုန်သော။ တပယသိဘိ-ခြိုးခြံတတ်သည့်၊ အကျင့်ကောင်း ရှိကြကုန်သော။ တေဟိ သိသေဟိ-ထိုတပည့် အကောင်း၊ အပေါင်း သာဝကတို့သည်။ ပရိဝုတော - ဝန်းကျင်ရံအပ်၊ ရှင်တော်မြတ်သည်။ အဆမ္ဘီတော - ကြောက်ရွံ့ခြင်းကင်း၊ ရဲတင်းလှသော။ မိဂ-ရာဇာဝ-သားတို့သနင်း၊ ခြသေ့မင်းကဲ့သို့လည်းကောင်း။ ဥဒ္ဒု-ရာဇာဝ-တာရာသွယ်သွယ်၊ ကြယ်အရပ်ရပ်၊ နက္ခတ်သနင်း၊ ရှေ့လမင်းကဲ့သို့ လည်းကောင်း။ သောဘတိ- ရှုချင့်စဖွယ်၊ တင့်တယ်တော်မူလှပါပေသည် ဘုရား။

၁၉။ ပထဝိယံ ပတိဋ္ဌာယ၊ ရူဟန္တိ ဓရဏီရုဟာ၊
ဝေပုလ္လတံ ပါပုဏန္တိ၊ ဖလဥ္စ ဒဿယန္တိ တေ။
၂၀။ ပထဝီသဒိသော တံသိ၊ သကျပုတ္တ မဟာယသ၊
သာသနေ တေ ပတိဋ္ဌာယ၊ လဘန္တိ အမတံ ပဒံ။

ပထဝိယံ-မြေပေါ်၌။ ပတိဋ္ဌာယ-တည်ကြကုန်၍။ ဓရဏီ-ရုဟာ-သစ်ပင်အပေါင်းတို့သည်။ ရူဟန္တိ-ပေါက်ရောက်ကြရပါကုန်၏။ တေ-ထိုသစ်ပင်အများတို့သည်။ ဝေပုလ္လတံ-ခက်လက်စည်ကား၊ ကြီးပွားပြန့်ပြောသည်၏ အဖြစ်သို့။ ပါပုဏန္တိ-ရောက်ကြရပါကုန်၏။ ဖလဥ္စ-အသီးအမျိုးမျိုးကိုလည်း။ ဒဿ-ယန္တိ-ထင်ရှားပြသလျက် ရှိကြပါကုန်၏၊ မဟာယသ-မျှားပြားလှဘိ၊ အခြေအရံပရိသတ်ရှိတော်မူသော။ သကျပုတ္တ-သာကီဝင်မင်းသား၊ ရှင်တော်မြတ်ဘုရား။ တံ-ရှင်တော်မြတ်ဘုရားသည်။

ပထဝီသဒိသော-မြေကြီးနမူ၊ အလားတူတော်မူသည်။ အသီ-ဖြစ်တော်မူပါပေ၏။ တေ-မြေကြီးအသွင်၊ ရှင်တော်မြတ်၏။ သာသနေ-ထောက်တည်မှီရာ၊သာသနာတော်မြတ်၌။ပတ်ဌာယ-သက်ဝင်မှီခ၊ တည်ကြည်ရကုန်၍။ အမတံဖလံ - နိဗ္ဗာနခေါတ်၊ အသီးမြတ်ကို။ လဘန္တိ-လိုအတိုင်းကျ၊ ရရှိကြပါကုန်သည် ဘုရား။

၂၁။ သိန္ဓု သရဿတီစေဝ၊ နဒီယော စန္ဒဘာဂိကာ၊
ဂင်္ဂါ စ ယမုနာ စေဝ၊ သရဘူ စ အထော မဟီ။

၂၂။ ဧတာသံ သန္ဒမာနာနံ၊ သာဂရော သမ္ပဋိစ္ဆတိ၊
ဧဟန္တိ ပုရိမံ နာဝံ၊ သာဂရောတ္ဝေ ဥဃတိ။

၂၃။ တထေဝိမေ စတုဗ္ဗဏ္ဏာ၊ ပဗ္ဗဇိတ္ဝာ ဟဝန္တိဂေ၊
ဧဟန္တိ ပုရိမံ နာဝံ၊ ဗုဒ္ဓပုတ္တာတိ ဥဃရေ။

သိန္ဓုစ-သိန္ဓုမြစ်လည်းကောင်း။သရဿတီစေဝ-သရဿတီမြစ် လည်းကောင်း။ စန္ဒဘာဂိကာစ - စန္ဒဘာဂါမြစ် လည်းကောင်း။ ဂင်္ဂါစ-ဂင်္ဂါမြစ် လည်းကောင်း။ ယမုနာစေဝ-ယမုနာမြစ် လည်း ကောင်း။ သရဘူစ - သရဘူမြစ် လည်းကောင်း။ အထော - ထိုမှတစ်ပါး။ မဟီစ - မဟီမြစ် လည်းကောင်း။ (ဣတိ) ဤသို့။ နဒီယော-မြစ်အမျိုးမျိုးတို့သည်။ (သန္တိ) ရှိနေပါကုန်၏။

ဧတာသံ-ထိုမြစ်တို့သည်။ သန္ဒမာနာနံ-တဲ့သွင်သွင် စီးဆင်းကြကုန်သည်ရှိသော်။ သာဂရော - အပြောကျယ်စွာ၊ မဟာသမုဒ္ဒရာသည်။ သမ္ပဋိစ္ဆတိ-ဝင်လာသည့်ရေ၊ လက်ခံသိမ်းပိုက်ခဲ့ပါပေ၏။ ပုရိမံနာဝံ-သိန္ဓု စသည်၊ ရှေးအမည်ဟောင်းကို။

ဇဟန္တိ - စွန့်ခဲ့ကြပါကုန်၏။ သာဂရောတ္ဌ - သမုဒ္ဒရာဟူ၍ သာလျှင်။ ဥယတိဂ္ဂ - သိအပ်သကဲ့သို့။ တထေ - ထို့အတူ သာလျှင်။ ဂ္ဂမေ စတုဗ္ဗဏ္ဏာ - ဤအမျိုး လေးပါး တို့သည်။ တ - ဧတန္တိ ကေ - ရှင်တော်မြတ်အထံတော်၌။ ပဗ္ဗဇိတ္မာ - ရဟန်းပြုကြ ကုန်သည်ရှိသော်။ ပုရိမံနဝမံ - ရှေး ခတ္တိယ စသော အမည် ဟောင်းကို။ ဇဟန္တိ - စွန့်ပယ်ကြရပါကုန်၏။ ဗုဒ္ဓပုတ္တာ - ဗုဒ္ဓပုတ္တာတို - ဘုရားသားတော်တို့ဟူ၍သာ။ ဥယရေ - တစ်မျိုးတည်း မှတ်သိ အပ်ပါကုန်သည် ဘုရား။

၂၄။ ယံထာပိ စန္ဒော ဝိမလော၊ ဂစ္ဆံ အာကာသဓာတုယာ၊
သဗ္ဗေ တာရဂဏေ လောကေ၊
အာဘာယ အတိရောစတိ။

၂၅။ တထေ တုံ မဟာဝီရ၊ ပရိဝုတော ဒေဝမာနုသေ၊
ဧတေ သဗ္ဗေ အတိက္ကမ္မ၊ ဇလတိ သဗ္ဗဒါ တုဝံ။

ဝိမလော - ညစ်မျိုးတွေကင်း၊ စင်ကြယ် သန့် ရှင်း သော။ စန္ဒော - ရွှေလမင်းသည်။ အာကာသဓာတုယာ - ကောင်းကင် အရပ်၊ လောကဓာတ်၌။ ဂစ္ဆံ - ဂစ္ဆန္တော - ရောင်ခြည်ကျင်းဘီ၊ သွားသည်ရှိသော်။ လောကေ - လောက၌။ သဗ္ဗေ - အလုံးစုံ ကုန်သော။ တာရဂဏေ - နက္ခတ်တကာ၊ ကြယ်တာရာ အပေါင်းတို့ကို။ အာဘာယ - မိမိရောင်ခြည်ဖြင့်။ အတိရော - စတိ ယထာပိ - သာလွန်ကဲခြေ၊ တင့်တယ် လေ ဘိ သ ကဲ့ သို့။ တထေ - ထိုနည်းအတူသာလျှင်။ မဟာဝီရ - ဝီရိယကြီးမား ရှင်တော်မြတ်ဘုရား။ တုံ - ရှင်တော်မြတ်ဘုရားသည်။ ဒေဝ - မာနုသေ - နတ်လူ အမျှားတို့သည်။ ပရိဝုတော - ဝန်းကျင်

ထပ်ထပ်၊ ခြုံရုံအပ်သည်ဖြစ်၍။ ဧတေ သဗ္ဗေ-ထိုခြုံရုံကြကုန်၊ နတ်လူ အလုံးစုံတို့သည်။အတိက္ကမ္မ-အရာရာမ္ဘန်၊ သာလွန်တော်မူ၍။ တုဝံ·ရှင်တော်မြတ်ဘုရားကပင်။ သဗ္ဗဒါ-အခါခပ်သိမ်း။ ဇလတိ-ကိုယ်တော်အရောင်၊ ဂုဏ်တော်ရောင်ဖြင့်၊ ပြောင်ရှန်း ဝေဝေ၊ တောက်ပတော်မူပါပေသည် ဘုရား။

၂၆။ ဂမ္ဘီရေ ဥဒ္ဓိတာ ဥမိ၊ နေ ဝေလမ့တိဝတ္တရေ၊
သဗ္ဗာ ဝေလံဝ ဖုသန္တိ၊ သဗ္ဗညူ ဝိဂိရန္တိ တာ။

၂၇။ တထေဝ တိတ္ထိယာ လောကေ၊ နာနာဒိဋ္ဌိ ဗဟုဇ္ဇနာ၊
မေမံ ဝါဒိတုကာမာ တေ၊ နာတိဝတ္တန္တိ တံ မုနိ။

၂၈။ သစေ စ တံ ပါပုဏန္တိ၊ ပဋိဝါဒေဟိ ဧကဋ္ဌမ၊
တဝန္တိကံ ဥပါဂန္ဒာ၊ သဗ္ဗညူဘဝ ဘဝန္တိ တေ။

ဂမ္ဘီရေ - နက်လှစ္စာသော သမုဒ္ဒရာ၌။ ဥဒ္ဓိတာ - ထလာပေါ်လာကုန်သော။ ဥမိ - ရေလှိုင်းကြီးတို့သည်။ ဝေလံ - သမုဒ္ဒရာကမ်းကို။ နာတ်ဝတ္တရေ—မလွန်မြောက်နိုင်ကြပါကုန်။ သဗ္ဗာ-ရေလှိုင်းအဟုန်၊ အလုံးစုံတို့သည်။ ဝေလံဝ-သမုဒ္ဒရာကမ်းသို့သာလျှင်။ ဖုသန္တိ-ဆိုက်ကြ ရောက်ကြရပါကုန်၏။ တာ-ထိုကမ်းသို့ ရောက်ကြ၊ လှိုင်းမှန်သမျှတို့သည်။ သဗ္ဗညူ-ကြွမ္ဘကြကုန်လျက်။ ဝိဂိရန္တိ-ဖရိုဖရဲ ပြန့်ကြဲကြရပါကုန်၏။

တထေဝ - ထို့အတူသာလျှင်။ လောကေ - လောက၌။ နာနာဒိဋ္ဌိ--အယူအမျိုးမျိုး ရှိကြကုန်သော။ တိတ္ထိယာ--တ်ထိဟု ဆိုအပ်ကုန်သော။ ဗဟုဇ္ဇနာ-ဆရာ့ ဆရာ၊ များစွာသောသူတို့သည်။ ဓမ္မံ-တရားကို။ ဝါဒိတုကာမာ၊ ဖက်ပြိုင် ပြောဆို

ခြင်းငှါ အလိုရှိပါကုန်လျက်။ တေ-ထိုတို့တို့သည်။ မုနိ-တရားလုံးစုံ၊ အကုန်မြင်သိ၊ မုနိဖြစ် တော် မူ သော။ တံ-ရှင်တော်မြတ်ဘုရားကို။ နာတိဝတ္တန္တိ - မလွန်ဘဲ ရှိကြရပါကုန်သည် ဘုရား။

စက္ခုမ-စက္ခုငါးတန်၊ ဉာဏ်မြင်ထင်ရှား၊ ရှင်တော်မြတ်ဘုရား။ ပဋိဝါဒေဟိ-ဆန့်ကျင်ဘက် အယူအဆ ဝါဒတို့ဖြင့်။ တံ-ရှင်တော်မြတ်ထံမှောက်သို့။ သစေပါပုဏ္ဏန္တိ·အကယ်၍လည်း ရောက်ကုန် ငြား အုံ့။ တဝန္တိကံ - ရှင်တော်မြတ် ထံပါးသို့။ ဥပဂန္တွာ — ချဉ်း ကပ်မိ ကြ သည် ရှိသော်။ တေ-ထို ဖက်လာ ပြိုင်လာ၊ တိတ္ထိဆရာတို့သည်။ သဠ္ဠ!ဏ္ဍာဝ-အ ရှုံးခံရ၊ ကျေပျက်ကြကုန်သည်သာလျှင်။ ဘဝန္တိ - ဖြစ်ကြရပါကုန် တော့သည် ဘုရား။

၂၉။ ယထာပိ ဥဒကေ ဇာတာ၊ ကုမုဒါ မန္ဒာလကာ ဗဟူ၊
ဥပလိမ္ပန္တိ တောယေန၊ ကဒ္ဒမကလဒလန စ။

၃၀။ တထေဝ ဗဟုကာ သတ္ထာ၊လောကေ ဇာတာ ဝိဂ္ဂဟာ၊
အန္ဓိတာ ရာဂဒေါသေန၊ ဂဒ္ဒမေ ကုမုဒံ ယထာ။

၃၁။ ယထာပိ ပဒုမံ ဇလေ၊ ဇလမဏ္ဍေ ဝိဂ္ဂဟာတိ၊
နဲ သော လိမ္ပတိ တောယေန၊ ပရိသုဒ္ဓေါ ဟိ ဧကသရီ။

၃၂။ တထေဝ တုံ မဟာဝီရ၊ လောကေ ဇာတော မဟာမုနိ။
နောပလိမ္ပသိ လောကေန၊ ဧတောယေန ပဒုမံ ယထာ။

ဥဒကေ-ရေ၌။ ဇာတာ-ပေါက်ရောက်ကြကုန်သော။ ဗဟု-များစွာကုန်သော။ ကုမုဒါ·ကုမုဒြာကြာတို့သည်လည်းကောင်း။ မန္ဒာလကာ - မျောက် လှေကားတို့သည် လည်း ကောင်း။

တောယေနစ-ရေဖြင့်လည်းကောင်း။ ကဒ္ဒမကလလေနစ-ရွံ့ညွန်ဖြင့်လည်းကောင်း။ ဥပလိမ္ပန္တိယထာပိ - လိမ်းကျံ ငြိ ကပ် ကုန်ဘိသကဲ့သို့။ တထေဝ-ထို့အတူသာလျှင်။ လောကေ·လောကဋ္ဌ။ ဇာတာ-ဖြစ်လာကြကုန်သော။ ဗဟုကာ-များစွာကုန်သော။ သတ္တာ·သတ္တာတို့သည်။ ကဒ္ဒမေ-ရွံ့ထဲ၌။ ကုမုဒံယထာ-ကုမုဒြာကြာကဲ့သို့။ ရာဂဒေါသေန-ရာဂ ဒေါသသည်။ အနိတ္ထိတာ-ပေရေလိမ်းကပ်၊နှိပ်စက်အင်ကုန်သည်ဖြင့်၍။ ဝိဂူဟာရေ·ကြီးပွားစည်ပင်ကြရပါကုန်၏။

ဇလေ - ရေ၌ဖြစ်လာရသော။ ပဒုမံ - ပဒုမ္မာကြာပန်းသည်။ ဇလမဇ္ဇ ·ရေလယ်ခေါင်၌။ ဝိဂူဟတိ - စည်ပင်ကြီးပွားရုပါပေ၏။ သော - တိုရေမှာဖြစ်လာ၊ ပဒုမ္မာကြာပန်းသည်။ တောယေန—ရေဖြင့်။ နဲ လိမ္ပတိ ယထာပိ-မလိမ်းကျံဘိ၊ မကပ်ငြိသကဲ့သို့။ ဟိ-အကြောင်းကို လျှောက်ဆိုရသော်။ ကေသမိ - ဝတ်ဆံ ဝတ်မှုန်၊ စုံလင်တင့်ဆန်း၊ ပဒုမ္မာကြာပန်းသည်။ ပရိ-သုဒ္ဓေါ- ပတ်လည်ဝန်းကျင်၊ တစ်ခွင်လုံးမှာ၊ စင်ကြယ်လှပါ၏။

တထေဝ ·ထို့အတူသာလျှင်။ ပဟာဝိရ ·ကြီးမားလှသည့်၊ ဝိရိယရှိတော်မူသော။ မဟာမုနိ - မုနိထွတ်တင် ရှင်တော်မြတ်ဘုရား။ တံ - ရှင်တော်မြတ်ဘုရားသည်။ လောကေ - လောကဋ္ဌ။ ဇာတော - ဖြစ်တော်မူပါလျက်။ ပဒုမံ - ပဒုမ္မာကြာပန်းသည်။ တောယေန-ရေဖြင့်။ နောပလိပ္ပတိယတာ-မလိမ်းကျံဘိ၊ မကပ်ငြိသကဲ့သို့။ လောကေန - မိမိဖြစ်ရာ၊လောကနှင့်။ နောပလိပ္ပသိ-တဏှာပြယ်ဘိ၊ တွယ်မရှိသဖြင့်၊ ငြိ ပ်လိမ်းကျံခြင်း ရှိတော်မမူတော့ပါဘုရား။

၃၃။ ယထာပိ ရမ္မကေ မာသေ၊ ဇဟူ ပုပ္ဖန္တိ ဝါရိဇာ၊
နာတိက္ကမန္တိ တံ မာသံ၊ သမယော ပုပ္ဖနာယ သော။

၃၄။ တထေဝ တုံ မဟာဝီရ၊ ပုပ္ဖိတော တေ ဝိမုတ္တိယာ၊
သာသနံ နာတိဝတ္တန္တိ၊ ပဒုမံ ဝါရိဇံ ယထာ။

ရမ္မကေ မာသေ၊ သီတင်းကျွတ် လဆန်း။ ဇဟူ - မျှားစွဲ ကုန်သော။ ဝါရိဇာ - ရေမှာပွင့်လန်း၊ ပဒုမ္မာကြာပန်း စသည် တို့သည်။ ပုပ္ဖန္တိ ယထာပိ - အခွင့်ရ၍၊ ပွင့်ကြလေကုန်သကဲ့သို့။ တံမာသံ - ထို သီတင်းကျွတ်လကို။ နာတိက္ကမန္တိ ယထာပိ - မလွန်ကြလေကုန်သကဲ့သို့။ သော - ထိုသီတင်းကျွတ်လသည်။ ပုပ္ဖ-နာယ - ပဒုမ္မာ စသောပန်းမျှားပွင့်ခြင်းငှါ။ သမယော - အချိန် အခါ ဖြစ်ပါသတည်း။

တထေဝ - ထို့အတူသာလျှင်။ မဟာဝီရ- ဝီရိယကြီးမား၊ ရှင်တော်မြတ်ဘုရား။ တုံ-ရှင်တော်မြတ်ဘုရားသည်။ ပုပ္ဖိတော- အရဟတ္တ၊ မဂ်ဖိုလ်ရသ‌ဖြင့် ပွင့်တော်မူခဲ့ပါပေ၏။ တေ - ရှင်တော်မြတ်၏ တပည့်သာဝကတို့သည်။ဝိမုတ္တိယာ - ဝိမုတ္တိဆို၊ အရဟတ္တဖိုလ်ဖြင့်။ ပုပ္ဖိဘာ - လွန်စွာတင့်ဆန်း၊ ပွင့်လန်းခဲ့ကြ ပါကုန်၏။ ဝါရိဇံ - ရေ၌ဖြစ်သော။ ပဒုမံ - ပဒုမ္မာကြာပန်း သည်။ နာတိဝတ္တတယထာ - သတင်းကျွတ်လသော၊ မကျော် မလွန်သကဲ့သို့။ (တေ) ထိုရှင်တော်မြတ်၏ တပည့် သာဝက တို့သည်။ သာသနံ - ရှင်တော်မြတ်ဩဝါဒ၊ အဆုံးအမအဖြာဖြာ သာသနာတော်ကို။ နာတိဝတ္တန္တိ - ဆုံးမတိုင်းသာ၊ လိုက်နာ ညွှန်သမျှ၊ မလွန်ကြပါကုန်ဘုရား။

၃၅။ သုပုပ္ပိတော သာလရာဇာ၊ ဒီဗွဂန္ဓံ ပဝါယတိ၊
အညသာလေဟိ ပရိဝုတော၊သာလရာဇာဝ သောဘတိ။

၃၆။ တထေဝ တုံ မဟာဝီရ၊ ဗုဒ္ဓညာဏေန ပုပ္ပိတော၊
ဘိက္ခုသံဃပရိဝုတော၊ သာလရာဇာဝ သောဘတိ။

သုပုပ္ပိတော – ပင်လုံးကျွတ်တင့်၊ ကောင်းစွာပွင့်သော။ သာလရာဇာ-အင်ကြင်းပင်မင်းကြီးသည်။ ဒီဗွဂန္ဓံ-နတ်ပန်းရနံ့ကို။ ပဝါယတိ-မွှေးကြိုင်ပစေ၊လှိုင်လျက်ရှိနေပါပေ၏။ သာလရာဇာ- အင်ကြင်းပင်မင်းကြီးသည်။ အညသာလေဟိ- တစ်ပါးသော အင်ကြင်းပင်တို့က။ ပရိဝုတော-ဝန်းကျင်မလပ်၊ ခြုံရုံအပ်သည်ဖြစ်၍။ သောဘတိ-ကုဝ-ရှုခြင့်စဖွယ်၊ တင့်တယ်လေ ဘိသကဲ့သို့။ တထေဝ-ထို့အတူသာလျှင်။ မဟာဝီရ-ဝီရိယကြီးမား၊ ရှင်တော်မြတ်ဘုရား။ တုံ- ရှင်တော်မြတ်ဘုရားသည်။ ဗုဒ္ဓညာဏေန-သဗ္ဗညုတဉာဏ်၊ ဗုဒ္ဓဉာဏ်တော်ဖြင့်။ ပုပ္ပိတော-အစွမ်းကုန်တင့်၊ ပွင့်တော်မူသည်ဖြင့်၍။ ဘိက္ခုသံဃပရိဝုတော-ရဟန်းသံဃာ၊ မျှားစွာရုံပတ်၊ ခြုံရုံအင်လျက်။ သာလရာဇာဝ-အင်ကြင်းပင်မင်းကြီးကဲ့သို့။ သောဘတိ-ကျက်သရေ၊ ရှုခြင်စဖွယ်၊ တင့်တယ်တော်မူလှပါပေသည် ဘုရား။

၃၇။ ယထာပိ သေလော ဟိမဝါ၊ သြသဓေါ သဗ္ဗပါဏိနံ၊
နာဂါနံ အသုရာနဉ္စ၊ ဒေဝတာနဉ္စ အာလယော။

၃၈။ တထေဝ တုံ မဟာဝီရ၊ သြသဓောဝိယ ပါဏိနံ၊
တေဝိဇ္ဇာ ဆဠဘိညာ စ၊ ဣဒ္ဓိယာ ပါရမိ ဂတာ။

၃၉။ အနုသိဋ္ဌာ မဟာဝီရ၊ တဲယာ ကာရုဏိကေန တေ၊
ရမ္မတီ ဓမ္မရတိယာ၊ ဝသန္တိ တဝသာသနေ။

သေလော-ကျေ့ကက်သားအတ်ပြီးသော။ ဟိမဝါ-ဟိမဝန္တာ ဘောင်သည်။သဗ္ဗပါဏိနံ-အလုံးစုံသောသတ္တဝါတို့၏။ သြသဓော-ဆေးအမျိုးမျိုး တည်ရှိရာသည်။ ဟောတိယထာ-ဖြစ်သကဲ့သို့။ နာဂါနဉ္စ-နဂါးတို့၏လည်းကောင်း။ အသုရာနဉ္စ–အသူရာတို့၏ လည်းကောင်း။ ဒေဝတာနဉ္စ-နတ်တို့၏လည်းကောင်း။ အာ-လယော-တည်နေရာအိမ်ကြီးသည်။ ဟောတိယထာပိ-ဖြစ်လေ ဘိသကဲ့သို့။ တထေဝ–ထို့အတူသာလျှင်။ မဟာဝီရ – ဝီရိယ ကြီးမား၊ ရှင်တော်မြတ်ဘုရား။ တံ-ရှင်တော်မြတ်ဘုရားသည်။ ပါဏိနံ-သတ္တဝါမှန်သမျှတို့၏။ သြသဓောဝိယ-ကိလေသာဟူ၊ ရောဂါပျောက်ကြောင်း၊ ဆေးကောင်းသဖွယ် ဖြစ်ပါပေ၏။ မဟာဝီရ-ဝီရိယကြီးမား၊ ရှင်တော်မြတ်ဘုရား။ ကာရုဏိကေန-မဟာကရုဏာရှင်ဖြစ်တော်မူသော။ တယာ-ရှင်တော်မြတ်ဘုရား သည်။ အနုသိဋ္ဌာ-အခါခါ အထပ်ထပ် ဆုံးမတော်မူအပ်ကုန် သော။ တေဝိဇ္ဇာဝ-ဝိဇ္ဇာသုံးပါး ရှိသည်လည်း ဖြစ်ကုန်သော။ ဆဋဘိညာစ-အဘိညာဉ်ခြောက်ပါးရှိသည်လည်းဖြင့်ကုန်သော။ ဣဒ္ဓိယာ–အုံ့ဖွယ်အမျိုးမျိုး၊ တန်ခိုးအရာ၌။ ပါရမိ ဂတာစ-အထွတ်အထိပ်ပေါက်၊ ရောက်သည်လည်းဖြစ်ကုန်သော။(ယေ) အကြင်တပည့်သာဝကတို့သည်။ (သန္တိ-ရှိပါကုန်၏) တေ-ထိုတပည့် သာဝကတို့သည်။ ဓမ္မရတိယာ – တဏှားတော်တုံ၊ ပျော်ရှင်နှစ်သိမ့်ခြင်းဖြင့်။ ရမန္တိ-အမြဲမွေ့လျော်၊ပျော်ရှင်ကြပါ ကုန်၏။ တဝသာသနေ-ရှင်တော်မြတ်သာသနာ၌။ ဝသန္တိ-အရိယဝါသ၊ သဘာဝဖြင့်၊ ကာလကုန်စေ၊ နေတော်မူကြပါ ကုန်သည် ဘုရား။

၄၀။ မိဂရာဇာ ယဲထာ သီဟော၊ အာဘိနိက္ခမ္မ အာသယာ၊
စတုဒ္ဒိသာ ဝိလောကေတ္ဝာ၊ တိက္ခတ္တုံ အာဘိနာဒတိ။

၄၁။ သဗ္ဗေ မိဂါ ဥတ္တသန္တိ၊ မိဂရာဇသ ဂဇ္ဇတော၊
တထာဟိ ဇာတိမာ ဧသော၊ ပသု တာသေတိ သဗ္ဗဒါ။

၄၂။ ဂဇ္ဇတော တေ မဟာဝီရ၊ ဝသုဓာ သမ္မကမ္ပတိ၊
ဗောဓနေယျာဝ ဗုဇ္ဈန္တိ၊ တသန္တိ မာရကာယိကာ။

မိဂရာဇာ-သားတို့သနင်း ၆၈ဖြစ်သော။ သီဟော-ခြသေ့မင်းသည်။ အာသယာ-နေရာလိုဏ်ဂူတွင်းမှ။ အာဘိနိက္ခမ္မ-ရှေးရှုထုတ်ခဲ့၍။ စတုဒ္ဒိသာ-အရပ်လေးမျက်နှာတို့ကို။ ဝိလောကေတ္ဝာ-ကြည့်ရှုပြီးသော်။ တိက္ခတ္တုံ-သုံးကြိမ်သုံးခါ။ အာဘိနာဒတိ-သားမျှားကြောက်စေ၊ ဟိန်းဟောက်ခဲ့ပါပေ၏။

မိဂရာဇသ-သားတို့ဘုရင်ခြသေ့မင်းသည်။ ဂဇ္ဇတော-ဟိန်းဟောက်သည်ရှိသော်။ သဗ္ဗေမိဂါ-သားကောင်မှန်သမျှတို့သည်။ ဥတ္တသန္တိ-ထိတ်လန့်ကြရပါကုန်၏။ တထာဟိ-ထိုစကားမှန်လှပါပေ၏။ ဇာတိမာ- ကေသရာစစ်ဘီ မျိုးဇာတ်ကောင်းရှိပေသော။ ဧသော-ထိုခြသေ့မင်းသည်။ ပသု-သားကောင်အမျှားတို့ကို။ သဗ္ဗဒါ-အခါပေါ်သိမ်း။ တာသေတိ-ထိတ်လန့်စေတတ်ပါပေ၏။

မဟာဝီရ-ဝီရိယကြီးမား၊ ရှင်တော်မြတ်ဘုရား။ တေ-ရှင်တော်မြတ်ဘုရားသည်။ ဂဇ္ဇတော-ဟောရားသံကြီး၊ ဟိန်းသံပေးသည်ရှိသော်။ ဝသုဓာ-ကမ္ဘာဘုဇေဒွီပ ပြေပြင်အလုံးသည်။ သမ္မကမ္ပတိ-သိမ့်သိမ့်ခါချေလှုပ်ရှားပါပေ၏။ ဗောဓနေယျာ-သိခွင်ဆိုက်သူ၊ နတ်နှင့်လူတို့သည်။ အာဝုဗုဇ္ဈန္တိ-မဂ်ဖိုလ်ဆိုက်ထိ၊ ကိုယ်တော့သိကြ

ရပါကုန်၏။မာရကာယိကာ-မာရ်မင်းဘက်သား နတ်လူအမျှား တို့မူ။ တသင်္ဘီ-စိတ်မသန့်တုံ၊ ထိတ်လန့်ကြရပါကုန်သည်ဘုရား။

၄၃။ တသင်္ဘီ တိတ္ထိယာ သဗ္ဗေ၊ နဒေတာ တေ မဟာမုနိ၊
ကာကာ သေနာဝ ဝိဗ္ဘန္တာ၊ မိဂရညာ ယထာ မိဂါ။

မဟာမုနိ-မုနိထွတ်တင် ရှင်တော်မြတ်ဘုရား။တေ-ရှင်တော်မြတ်ဘုရားသည်။ နဒဒေတာ-တရားသံပေး၊ ဟစ်ကြွေးမိန့်ဟသည်ရှိသော်။သေနာ-သိန်းငှက်မှ။ကာကာ-ကျီးတို့သည်။ဝိဗ္ဘန္တာဝ-ထိတ်လန့်ရှောင်ပြေးကြ ကုန်သကဲ့သို့ လည်းကောင်း။ မိဂါ-သားကောင်တို့သည်။ မိဂရညာ-သားတို့သနင်း ခြသေ့မင်းမှ။ ဝိဗ္ဘန္တာယထာ - ထိတ်လန့် ရှောင်ပြေးကြကုန်သကဲ့သို့ လည်းကောင်း။ သဗ္ဗေ-အလုံးစုံကုန်သော။ တိတ္ထိယာ-တိတ္ထိတို့သည်။ တသင်္ဘီ-ထိတ်လန့်ကြတုံ၊ ပြေးရှောင်ကြရပါကုန်သည် ဘုရား။

၄၄။ ယေကေစိ ဂဏိနော လောကေ၊ သတ္ထာရောတိ ပဝုစ္စရေ၊
ပရမ္မုရာဂတံ ဓမ္မံ၊ ဒေသေဿိ ပရိသာယ တေ။

၄၅။ နဟေဒံ တုံ မဟာဝီရ၊ ဓမ္မံ ဒေသေသိ ပါဏိနံ၊
သာမံ သစ္စာနိ ဗုဇ္ဈိတ္မာ၊ ကေဝလံ ဗောဓိပက္ခိယံ။

၄၆။ အာသယာနုသယံ ဉတ္မာ၊ ဣန္ဒြိယာနံ ဗလာဗလံ၊
ဘဗ္ဗာဘဗ္ဗေ ဝိဒိတ္မာန၊ မဟာမေဃောဝ ဂဇ္ဇတိ။

ယေကေစိ - အမှတ်မထား၊ မျှားပြား ဉ ဃုံ၊ အလုံးစုံကုန်သော။ ဂဏိနော - တပည့်မျှားစွာ၊ ဂိုဏ်းရှိကြသူတို့ကို။ သတ္ထာရောတိ-ဂိုဏ်းဆရာတို့ဟူ၍။ ပဝုစ္စရေ-ဆိုအပ်ပါကုန်၏၊ တေ-ထိုဆရာတို့သည်။ ပရမ္မုရာဂတံ-ကိုယ်သိမဟုတ်ပါ၊အဆက်

ဆက်ဆောင်ယူမှတ်သားလာသော။ ဓမ္မံ–သူပြော ငါဆို၊ ထိုထို တရားကို။ ပရိသာယ-ပရိသတ်အား။ ဒေသေန္တိ - ဟောကြား နိုင်ကြပါပေကုန်၏။

မဟာဝိရ-ဝီရိယကြီးမား ရှင်တော်မြတ်ဘုရား။တုံ-မှင်တော် မြတ်ဘုရားသည်။ ဧဝံ-ဤသို့ အဆက်ဆက်ဆောင်ယူ၊ သူပြော ငါပြော၊ ထိုတင်ထွိဆရာကြီးတို့ ဟောသကဲ့သို့။ ပါဏိနံ-သတ္တ တို့အား။ ဓမ္မံ-တရားကို။ နဟိ ဒေသေသိ - ဟောတော်မူသည် မဟုတ်ပါ!။ သာမံ-ဆရာမရှိ၊ မိမိအလိုလို ကိုယ်တော်တိုင်။ သစ္စာနိ-သစ္စာလေးပါး အမှန်တရားတို့ကို။ ဗုဇ္ဈိတ္ဝာ–အလင်း ရောက်အောင်၊ ထင်းဟောက်သိမြင်တော်မူ၍။ ကေဝလံ-အလုံး စုံသော။ဗောဓိပက္ခိယံ-ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကို။ ဗုဇ္ဈိတ္ဝာ-ကိုယ်သန္တာန်တွင်၊ အစဉ်ပွားဘိ၊ ထင်ရှားသိတော်မူ ၍သာ။ ဒေသေသိ-ကိုယ်သိတရား၊ အမှန်များကို၊ ထင်ရှား သိစေ၊ ဟောမြွက်တော်မူခဲ့ပါပေ၏။

အာသယာနုသယံ–သတ္တဝါထိုထို၊ အလိုစရိုက်စု၊ အနုသယ ခုနစ်ပါးကို လည်းကောင်း။ ဣန္ဒြိယာနံ–ဣန္ဒြေတို့၏။ ပလာ· ပလံ - တရားသိဖို့၊ အားရှိ အားမရှိကို လည်းကောင်း။ ဥ တ္ဝာ · အမှန်တိုင်းသိ၊ သိတော်မူ၍။ ဘဗ္ဗာဘဗ္ဗေ - တရားသိရန်၊ အမှန် ထိုက်သူ၊ မထိုက်သူတို့ကိုလည်း။ ဝိဒိတ္ဝာန · အကဲနှစ်ပါး၊ ခွဲခြား သိတော်မူပြီးသော်။မဟာမေဃော ဝ - ရေလျှဉ်သွန်းဖြိုး၊ မိုးကြီး ကဲ့သို့။ ဂဇ္ဇတိ - တရားသံဟိန်း၊ ခြိမ်းကာမြွက်ဟော်၊ ဟော ကြား၊တော် မူခဲ့ပါသည် ဘုရား။

၄၇။ စက္ကဝါဠပရိယန္တာ၊ နိသိန္နာ ပရိသာ ဘဝေ၊
နာနာဒိဋ္ဌိ ဝိစိနန္တာ၊ ဝိမတိစ္ဆေဒနာယ တံ။

၄၈။ သဗ္ဗေသံ စိတ္တမညာယ၊ သြပမ္မကုသလော မုနိ၊
ဧကံ ပဒံ ကထေနေ္တာ ဝ၊ ဝိမတိ ဆိန္ဒသိ ပါဏိနံ။

စက္ကဝါဠပရိယန္တာ-စကြဝဠာတိုက်၏ အဆုံးထိအောင် ပြည့်နှက်လျက်ရှိသော။ ပရိသာ - ပရိသတ်သည်။ နိသိန္နာ - စုဝေးနေသည်။ ဘဝေ-ဘဝေယျ - ဖြစ်ရာပါ၏။ နာနာဒိဋ္ဌိ - အယူအမျိုးမျိုး ရှိသူတို့သည်။ ဝိစိနန္တာ - ကိုယ့်အယူအဆ၊ ကြံတွေးစဉ်းစားလျက် ရှိနေကြပါကုန်၏။ မုနိ - ရှင်တော်မြတ်ဘုရား။ သြပမ္မကုသလော - ဥပမာဥပမေယျ ကျွမ်းကျင်လိမ္မာလှသော။ (တံ) ရှင်တော်မြတ် ဘုရားသည်။ တံ - တေသံ- ထိုသူတို့၏။ ဝိမတိစ္ဆေဒနာယ - ယုံမှားအမြဲမြဲ၊ ပယ်ခွာ ဖြတ်တောက်ခြင်းငှါ။ သဗ္ဗေသံ - သူခပ်သိမ်းတို့၏။ စိတ္တံ - စိတ်နေစိတ်ထားကို။ အညာယ - သိတော်မူ၍။ ဧကံ ပဒံ - တစ်ခုသော အမေးပြဿနာကို။ ကထေနေ္တာ ဝ - ဖန်တီးထုတ်ဖော်၊ မိန့်ကြားတော်မူလျက်သာလျှင်။ ပါဏိနံ - သတ္တဝါတို့၏။ ဝိမတိ - ယုံမှားသံသယကို။ ဆိန္ဒသိ-ဖြတ်တောက် ပယ်ရှင်းတော်မူနိုင်ပါသည် ဘုရား။

၄၉။ ဥပတိဿသဒ္ဒေသေဟာ·ဝသုဓာ ပူရိတာ ဘဝေ၊
သဗ္ဗေ ဝ တေ ပဠုလိကာ၊ ကိတ္တယုံ လောကနာယကံ့။

၅၀။ ကပ္ပံ ဝါ တေ ကိတ္တယန္တာ၊ နာနာ ဝ ဏ္ဏေဟိ ကိတ္တယုံ၊
ပရိမေတုံ နသက္ကေယ္ယုံ၊ အပ္ပမေယ္ယာ တထာဂတော။

ဝ သုဓာ- ကမ္ဘာ့ဗေဒွင်၊ မြေပြင်အလုံးသည်။ ဥပတိသ သဒိသေဟေ ဝ-ဥပတိသနှင့်၊ တူမျှစွမ်းအင်၊ ပညာရှင်တို့ဖြင့် သာလျှင်။ ပူရိတာ - ပြည့်ကျပ်နေသည်။ ဘဝေ-ဘဝေယျ-ဖြစ်ရာပါ၏။ သဗ္ဗေ ဝ - အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ-ထိုပညာရှိတို့သည်။ ပဠုလိကာ - လက်အုပ်ချီမိုး၊ ရှိခိုးကြကုန်လျက်။ လောကနာယကံ-လောက၏ အကြီးအမှူး ဖြစ် တော်မူသော၊ ရှင်တော်မြတ်ဘုရားကို။ ကိတ္တယုံ - ချီးကျူးစကား မြွက်ကြားကြကုန်ရာ၏။

တေ-ထိုပညာရှိတို့သည်။ ကပ္ပံဝါ - တစ်ကမ္ဘာပတ်လုံးသော်လည်း။ ကိတ္တယန္တာ-အမျိုးမျိုး အဖုံဖုံ ချီးကျူး ထေားမနာကြကုန်လျက်။ နာနာဝဏ္ဏေဟိ-ကဲ့ပြားအဖုံဖုံ ဂုဏ်တော်အမျိုးမျိုးတို့ဖြင့်။ ကိတ္တယုံ - မြွက်ဆို ချီးကျူးကြကုန်ရာ၏။ (တထာပိ-ယိုသို့ပင် အမျိုးမျိုး အဖုံဖုံ ချီး ကျူး ကြ ကုန် သော် လည်း။) ပရိမေတုံ-ဂုဏ်ပမာဏ၊ ဤရေ့ မျှဟု၊ နှိုင်းဆကန့်သတ်ခြင်းငှါ။ နသက္ကေယျုံ-စွမ်းနိုင်ကြဖွယ်ရာ မရှိကြပါပေ။ တထာဂတော-ရှင်တော်မြတ်ဘုရားကား။ အပ္ပမေယ္ယော -- ဂုဏ်တော်များလှ၊ အနန္တမို့၊ ရေဆပိုင်းစရာ၊ အတိုင်းအတာ မရှိတော်ဘုရား။

၅၁။ ယထာ သကေန ထာမေန၊
ကိတ္တိတောဟိ မယာ ဇိနော၊
ကပ္ပကောဋိပိ ကိတ္တေန္တာ၊ ဝေမေ ပကိတ္တယုံ။

၅၂။ သစေ ဟိ ကောစိ ဒေဝေါ ဝါ၊
မနုဿော ဝါ သုသိက္ခိတော၊
ပမေတုံ ပရိကပ္ပေယ္ယ၊ ဝိဃာတံ ဝ လဘေယျ သော။

မယာ- သာရိပုတ္တရာမည် တံပည့်တော်သည်။ သကေနထာမေန-မိမိမှာရှိ၊ အစ္စမ်းသတ္တိဖြင့်။ ဇိနော - ရှင်တော်မြတ်ဘုရားကို။ ဟိ - စင်စစ်ကေန် အမှန်ပင်။ ကိတ္တိတော ယထာ-ဂုဏ်တော်ဌာ်ကြည်နူး၊အမျိုးမျိုး ချီးကျူးဆုပ်သကဲ့သို့။ဝေမေဝ - ဤ တပည့်တော် အတူသာလျှင်။ ကပ္ပကောဋိပိ - ကုဋေမျှားစွာ၊ ကမ္ဘာတို့ ပတ်လုံး သော် လည်း။ ကိတ္တေန္တော - နတ်လူအမျှား၊ အားရပါးရ၊ ချီးကျူးကြကုန်လျက်။ ပကိတ္တယုံ - မဆုံးနိုင်ဘဲ၊ ထပ်တလဲဖန်ခါ၊ ချီးကျူးကြကုန်ရာ၏။

ဟိ - အမှန်ကိုလျှောက်ဆိုရလျှင်။သုသိက္ခိတော - ကျွမ်းကျင်လိမ္မာ၊ ကောင်းစွာ သင်အပ်ပြီးသော။ ကောစိ - တစ်စုံ တစ်ယောက်သော။ ဒေဝေါ ဝါ - နတ် ဗြဟ္မာ သည် သော် လည်း ကောင်း။ မနုဿော ဝါ- လူ သည် သော် လည်း ကောင်း။ ပမေတုံ - ဂုဏ်တော်တော့ကို တွက်ဆ၊ ပမာဏပြုခြင်းငှါ။ ပရိ-ကပ္ပေယျ - ကြိုးပမ်းကြံဆခြားအံ့။ သော–ထို မနှိုင်းယှဉ်သာ၊ ဂုဏ်အရာ၌၊ တိုင်းတာကိုယူ၊ ထို နတ်လူမှန်သမျှသည်။ ဝိယ-တံဝ–ဆင်းရဲပင်ပန်းခြင်းကိုသာလျှင်။ လဘေယျ–ကေန်မုချ ရဖွယ်ရာ ရှိပါတော့သည်ဘုရား။

ဗုဒ္ဓါနုဿတိ ဘာဝနာ ပြီး၏။

ဗုဒ္ဓအလိုတော်ကျ

မဟာဗုဒ္ဓဝင်ကျမ်းတစ်ဆူ ပြုစုရန် အလိုရှိပါသည်

ကျမ်းပြုစုရေးနှင့် ပတ်သက်၍ စိတ်ပါဝင်စား ကြသော ပညာရှင်များကို လေးစားစွာ ဖိတ်ကြား အပ်ပါသည်၊ ဤကျမ်းတွင် အောက်ပါအတိုင်း ကဏ္ဍကြီး (၅) ကဏ္ဍ ပါဝင်မည် ဖြစ်ပါသည်–

၁။ ဗျာဒိတ်တော် ရတော်မူသော သုမေဓာရှင်ရသေ့ဘဝမှ သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသော ကာလတိုင်အောင် လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယတို့ကို ဦးစားပေးအစီအစဉ်အတိုင်း ကျင့်တော်မူသောအားဖြင့် ပါရမီတော်များကို ဖြည့်ကျင့်တော်မူသော ကဏ္ဍ။

၂။ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသော ကာလမှ တောထွက်တော်မူသော ကာလတိုင်အောင် လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယတို့ကို ဦးစားပေး အစီအစဉ်အတိုင်း ကျင့်တော်မူသောအားဖြင့် ပါရမီတော်များကို ဖြည့်ကျင့်တော်မူသော ကဏ္ဍ။

၃။ တောထွက်တော်မူသော ကာလမှစ၍ (၆) နှစ်တိုင်တိုင် မိမိ၏ ဗုဒ္ဓတ္ထစရိယအတွက် ဒုက္ကရစရိယာကို ကျင့်တော်မူသော ကဏ္ဍ။

၄။ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီး၍ ဘုရားဖြစ်တော်မူပြီးနောက် (၄၅) ဝါတို့ ကာလပတ်လုံး လောက၏

အစီးအပ္ပားနှင့် ဆွေမျိုးတို့၏ အစီးအပ္ပား သက်သက်ကိုသာ ဆောင်ရွက်တော်မူသော ကဏ္ဍ။

၅။ သဗ္ဗညုတညာဏ်, ဒေသနာညာဏ်တို့ဖြင့် (၄၅) ဝါ ကာလပတ်လုံး မိမိဟောကြားတော်မူခဲ့သော ဓမ္မ-ဝိနယတို့ကို မိမိပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် သက်တော်ထင်ရှားမြတ်စွာဘုရား၏အရာ၌ ထား၍ ထိုဓမ္မ-ဝိနယနှင့် အညီ လောက၏အကျိုးစီးပွား၊ ဆွေမျိုးတို့၏ အကျိုးစီးပွားနှင့် မိမိတို့၏အကျိုးစီးပွားတို့ကို ဦးစားပေး အစီအစဉ် အတိုင်း ဆောင်ရွက်ကြရန် မိမိ၏ တပည့် သာဝကတို့အား မိန့်ကြားမှာထားတော်မူသော ကဏ္ဍ။

ဤဗုဒ္ဓဝင်ကျမ်း၏ ရည်ရွယ်ချက်

(၁) ယနေ့ကမ္ဘာပေါ်၌ လူအပေါင်းတို့သည် "ရောဂါ-မနုဿ ဒုဿီကွသမ္ဘူတံ တိဝိဓံ ဘယံ" ဟူသည်နှင့်အညီ အနာရောဂါဘေး၊ လူမဆန်သော လူအမျိုးမျိုးတို့၏ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေး တည်းဟူသော ဘေး (၃) မျိုးတို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ကို အမြဲတစေ ခံစားနေကြရပါသည်၊ ငြိမ်းချမ်းမှုကို မရနိုင်ဘဲ ရှိနေကြပါသည်၊ ထိုဘေးသုံးမျိုးတို့အနက် လူမဆန်သော လူအချို့တို့၏ဘေးသည် ပို၍ပခဏကျပါသည်၊ ထို့ကြောင့် ထိုဘေးသုံးမျိုးတို့မှ လူအပေါင်းတို့ကိုကယ်တင်ရန်ကမ္ဘာ့သမိုင်းတွင်ထင်ရှားသော ခေါင်းဆောင်များ ပေါ်ပေါက်ခဲ့ကြပါသည်။

(၁) ထိုခေါင်းဆောင်များသည် ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ အတ္တဒိဋ္ဌိအမြင်ဖြင့် တွေးခေါ်ပြုစုထားသော ဘက်လိုက်သောဝါဒများ၏ လမ်းညွှန်မှုအရ လူအပေါင်းတို့၏ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊ ငြိမ်းချမ်းမှုတို့ကို ဆောင်ရွက်ခြင်း ဖြစ်လေရာ မိမိတို့အနေဖြင့် မည်မျှပင် စိတ်ကောင်း စေတနာကောင်းထားပြီး ဆောင်ရွက်သည်ဆိုစေကာမူ "ငါ၊ ငါ" ဟူသော မာန်မာနကို ရှေတန်းတင်ထားမိသဖြင့် ခေါင်းဆောင် များ ကိုယ် တိုင် တစ်ခါတရံ လူမဆန်သော လူအချို့ "အမနုဿ"သဘောသို့ရောက်မှန်းမသိ ရောက်သွားတတ်ပါသည်၊ ထို့ကြောင့် ယနေ့တိုင်အောင်ပင် ကမ္ဘာပေါ်၌ လူအပေါင်းတို့သည် ဖော်ပြပါ ဘေး (၃) မျိုးတို့ကြောင့် ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းတို့ကို အမြဲတစေ ခံစားကာ မငြိမ်းချမ်းနိုင်ဘဲ ရှိနေကြကြောင်းကို တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

(၈) "ယောကျ်ားကောင်းမှန်လျှင်တစ်ကိုယ်တည်းကိုယ်လွတ်မရုန်းကောင်း" ဟူသော ခံယူချက်ဖြင့် သုမေဓာ ရှင်ရသေ့သည် မိမိလက်တော်သို့ ရောက်နေသော နိဗ္ဗာန်ချမ်းသာကို မယူဘဲ စွန့်လွှတ်ကာ လူအပေါ်၌ကိုယ်အား တကယ်တမ်း စစ်မှန်သော ချမ်းသာသုခကို ခံစားနိုင်စိမ့်သောငှါ လေးသခြေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဆင်းရဲအမျိုးမျိုးကို ခံယူလျက် ပါရမီတော်များကို ဖြည့်ကျင့်တော် မူပြီးနောက် ကိလေသာ

အာသဝေါတရားများကို အကြွင်းမဲ့ ပယ်သတ်၍ သဗ္ဗ-ညုတ ဉာဏ်တော်ကို ရရှိတော်မူပြီး မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်၊ ထိုနောက် မြတ်စွာဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့အားယင်းတို့၏ ပါရမီအလျောက် လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့ကို ခံစားနိုင်စေရန် (၄၅) ဝါတို့ကာလပတ်လုံး မနားမနေ ဓမ္မ-ဝိနယတို့ဖြင့် သွန်သင်ပြသ ဟောကြားတော်မူခဲ့ပါသည်။

(ဃ) မြတ်စွာဘုရား၏ ဓမ္မ-ဝိနယသည် ကိုလေသာတန်းလန်းရှိနေသော ပုထုဇဉ်လူသားတို့၏ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင် စသော ဝါဒများကဲ့သို့ ဘက်လိုက်သော ဝါဒ မဟုတ်၊ ကိုလေသာဟူသမျှကို အကြွင်းအဲကျန်မရှိ ရလေအောင် လုံးဝ ပယ်သတ်တော်မူပြီးသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဘက်မလိုက်သော ဝါဒ ဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ ဝါဒအတိုင်း တကယ်တမ်း ကျင့်ကြံ အားထုတ်သူ မှန်သမျှသည် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ မိမိတို့၏ ပါရမီအလျောက်စစ်မှန်သော ချမ်းသာသုခကို ပြည့်ပြည့်ဝဝ ခံစားရသည်ချည်းဖြစ်၏၊ အဘယ့်ကြောင့် ဆိုသော် မြတ်စွာဘုရား၏ ဓမ္မ-ဝိနယ၌ နာစေ သာစေ ဟူသော သဘောမျိုး လုံးဝမပါရှိသောကြောင့်ဖြစ်၏။

(c) တကယ်တမ်း စစ်မှန်သော ချမ်းသာသုခကို ပြည့်ပြည့်ဝဝ ခံစားနိုင်စေရေးအတွက်မြတ်စွာဘုရား ဟောကြားတော်မူခဲ့သောဓမ္မ-ဝိနယအတိုင်း လိုက်နာကျင့်သုံးမည်ဆိုပါက

မှန်မှန်ကန်ကန်ကျင့်သုံးရာ ရောက်လေအောင် ဖော်ပြပါ အင်္ဂါရပ်မျှားနှင့်အညီ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါသည်။

၁။ မှန်ကန်သော အကြံဉာဏ်များကို ပေးစွမ်းနိုင်သော သူတော်ကောင်းများနှင့် ပေါင်းသင်း ဆက်ဆံရမည် (သပ္ပုရိသူပသံသေဝ)။

၂။ မှန်ကန်သော လမ်းညွှန်စာပေများကို လေ့လာ ဖတ်ရှုရမည် (သဒ္ဓမ္မသဝန)။

၃။ မိမိကိုယ်တိုင်က နှလုံးသွင်း မှန်ကန်ရမည်(ယောနိ-သောမနသိကာရ)။

၄။ မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း လက်တွေ့လိုက်နာ ကျင့်သုံးရမည် (ဓမ္မာနုဓမ္မာပဋိပတ္တိ)။

(စ) ရှိတ်စပီးယားက ပြောဖူးပါသည်၊ သင်သည် "ပန်" ကိုသာ ဂရုစိုက်ဖို့လိုသည်၊ "ပေါင်" ကိုတော့ ဂရုစိုက်ဖို့ မလိုပါ၊ အာဘယ်ကြောင့်ဆိုသော် "ပေါင်" သည် သူ့ဟာသူ ဂရုစိုက်မည် ဖြစ်သောကြောင့် ဖြစ်၏၊ ထိုဥပမာအတိုင်းပဲ ဗုဒ္ဓဝါဒ၏ ပဓာနရည်ရွယ်ချက်မှာ ဝိပဿနာဉာဏ်ဖြင့်ရုပ်နာမ်တို့၏ ဖြစ်-ပျက်ကိုဆုံးအောင် ရှုပြီး မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို မျက်မှောက်ပြုရေး ပင် ဖြစ်၏၊ သို့ရာတွင် ယခုမျက်မှောက်ကဏ္ဍာ၌ အနှစ်ပုထုဇဉ်က အမျှားစုဖြင့်၍ ကလျာဏပုထုဇဉ်က အနည်းစု ဖြစ်ပါသည်၊ ကလျာဏပုထုဇဉ်ဆိုသော်လည်း ရုပ်နာမ် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တို့ကို "စာသိ" အဆင့်သာ ရှိပြီး "ခန္ဓာသိ" အဆင့်ရှိသူက နည်းပါး ပါသည်၊ ထိုထက်

တိတိကျကျပို၍ ဆိုရလျှင် ဗုဒ္ဓဘာသာမျက်နှာဖုံးတပ်ပြီး မတော်မတရားလုပ်ကာ ဗုဒ္ဓဘာသာ၏ ဂုဏ်သိက္ခာကို ကျဆင်းအောင်လုပ်ရာ ရောက်မှန်းမသိ ရောက်အောင် လုပ်နေသူ အမည်ခံ ဗုဒ္ဓဘာသာများ မြန်မာနိုင်ငံ၌ အတော် များများ ရှိနေကြောင်း တွေ့ရပါသည်၊ ထို့ကြောင့် ကလျာဏပုထုဇဉ်စစ်စစ် ဖြစ်ဖို့ ရှေးဦးစွာ လိုအပ်ပါသည်၊ ကလျာဏပုထုဇဉ် အစစ်အမှန်ဖြစ်သွားလျှင် "ပေါင်" သူ့တာ သူ့ဟာ ဂရုစိုက်သွားသကဲ့သို့ ကလျာဏပုထုဇဉ်သည်လည်း အရိယာဖြစ်ဖို့အတွက် သူ့ဟာသူ ဂရုစိုက်သွားပေလိမ့်မည်၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ကလျာဏပုထုဇဉ်များသည် အမည်ခံအဆင့်မဟုတ်ဘဲ တကယ်တမ်း အစစ်အမှန် အနေဖြင့် ရှိရလေအောင် အားထုတ်ရမည် ဖြစ်ပါသည်။

(ဆ) ဗုဒ္ဓဝါဒ၏ ဒေဝိကရည်မှန်းချက်မှာ မိမိ၏အကျိုးစီးပွားအတွက် လောကကို အသုံးချပြီး အရာရာတိုင်းကို ရယူပိုင်ဆိုင်ခြင်း၌ ကျေနပ် ဝမ်းမြောက်တတ် သော "လောဘ"ကို ပါးသည်ထက် ပါးအောင် နှိမ်နင်းပြီး လောက၏ အကျိုးစီးပွားအတွက် မိမိဘဝကိုအသုံးချပြီး အရာရာတိုင်းကို ရယူစွန့်လွှတ်ခြင်း၌ ကျေနပ်ဝမ်းမြောက်တတ်သော "အလောဘ"ကို ပွားစီးအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်၊ ယနေ့ မြန်မာနိုင်ငံ၌ လုပ်ပိုင်ခွင့်ရှိသူများသည် ဗုဒ္ဓဘာသာဝင် စစ်စစ် အမည်ခံယူပြီး ဖြစ်ပါလျက် ဗုဒ္ဓဝါဒအတိုင်း ရယူစွန့်လွှတ်ခြင်း၌ ကျေနပ် ဝမ်းမြောက်တတ်သော "အလောဘ"

ကို ပွားစီးအောင် ဆောင်ရွက်ခြင်း မပြုဘဲ ရယူပိုင်ဆိုင်ခြင်းဌာသာ ကျေနပ်ဝမ်းမြောက်တတ်သော "လောဘ" ကို ပွားစီးသည်ထက် ပွားစီးအောင် ဆောင်ရွက်ပြီး ပါးစပ်ကမူ သူ့လောက် ဗုဒ္ဓဘာသာ စစ်သူ မရှိဟူ၍ ကြွေးကြော်နေကြသော ဆိုင်ရာဆိုင်ရာ လုပ်ပိုင်ခွင့်ရှိကြသူများကို နေရာအနှံ့ တွေ့မြင်နေရပေရာ ထိုကဲ့သို့သော "အယောင်ဆောင်" များကို "အစစ်အမှန်" အဖြစ်သို့ ရောက်ရလေအောင် ဆဲဆောင်သိမ်းသွင်းဖို့ လိုအပ်ပါသည်။

(၈) သိန်းထီပထမဆုပေါက်သည်ဟု ကြားရရုံမျှနှင့်ပင် လူတို့သည် ကြွရပြီး ပျော်ရွှင်ကြည်နူးကြသည်ကို အားလုံးအသိပင် ဖြစ်ပါသည်၊ ဤသည်မှာ "လောဘ" နှင့် ယှဉ်သော ပီတိသောမနဿသဘော ဖြစ်ပါသည်၊ မိမိပိုင် ပစ္စည်းများကို စွန့်လွှတ်လှူဒါန်းခြင်းဌာမှ သိန်းထီပထမဆုပေါက်သလောက် ကြွရပြီး ပျော်ရွှင်ကြည်နူးမှု မရှိသည်ကို တွေ့ရပါသည်၊ ဤသည်မှာ "အလောဘ" နှင့် ယှဉ်သော ပီတိ သောမနဿ ဖြစ်ပါသည်၊ အမှန်အားဖြင့် စွန့်လွှတ်ခြင်းဌာ ဖြစ်သော ပီတိ သောမနဿ သည် အကုသိုလ်ကို ပယ်နိုင်သော အကုသိုလ်ထက် ၉မ်းအင်ကြီးမားသော သဘောရှိသဖြင့် ရယူပိုင်ဆိုင် သိမ်းပိုက်ခြင်းဌာ ပျော်ရွှင်ကြည်နူးသည်ထက် ရရှိစွန့်လွှတ်ခြင်းဌာ ပိုရ၍ ကြည်နူးပျော်ရွှင်သော သဘောများကို ဘုရားအလောင်းတော် ပါရမီဖြည့်ခန်းများဌာ ပေါ်လွင်အောင် ဖော်ပြရန် လိုအပ်ပါသည်၊ အောင့်အီး ကျိတ်ခံတ်၍

အနာခံခြင်းမျိုး မဟုတ်ဘဲ တကယ့်ကို ဝမ်းမြောက်ဝမ်းသာ ကျေကျေနပ်နပ် အနာခံခြင်းမျိုးကို ဆိုလိုပါသည်၊ ဤသဘောထားမျိုးကား မြင့်သောစိတ်ဓာတ်ဖြင့် ကြိမ်ဖန်များစွာ လက်တွေ့ကျင့်ယူမှုသာ ရနိုင်သောသဘောမျိုး ဖြစ်ပါသည်၊ ထိုသဘောမျိုး မပေါ်လွင်လျှင်လည်း "အတုမဲ့ခေါင်းဆောင်" သဘောမျိုး ပေါ်လွင်ရန် ခဲယဉ်းပါသည်။

(စ) ဘုရားလောင်း ဘဝဖြင့် သစ္စာလေးပါးကို မသိမီ၊ သူ၏အသိများသည်လည်း "ဝိပလ္လာသ" သဘောများပါဝင်မည်ဖြစ်ရာ အဖက်ဖက်မှ မှန်ကန်သည်ဟုမဆိုနိုင်စေကာမူ သူ့ကိုယ်ကျိုးအတွက် ဦးစားပေးပြီး မည်သည့်အခါမျှတွေးခေါ် စဉ်းစားခြင်း မပြုဘဲ အများအတွက်သာ ဦးစားပေးပြီး တွေးခေါ် စဉ်းစားခြင်း ပြုမည်သာ ဖြစ်ပါသည်၊ ထို့ကြောင့်ပင် ထိုကဲ့သို့လ်ပါရမီ အကျိုးဆက်များကြောင့် တိရစ္ဆာန်ဘဝ၌ပင် ဖြစ်စေကာမူ အမြဲဘမ်းခေါင်းဆောင်နေရာက နေရသည်ချည်းဖြင့်၏။

(ည) ဤကမ္ဘာလောကရှိ လူအပေါင်းတို့အပေါ် မည်မျှချစ်သည်၊ မည်မျှကြင်နာသည် ဆိုစေကာမူ "ငါ" ကို ဦးစားပေးသော "ငါ" ကို ရှောင်နိုးဘင်သော ပုထုဇဉ်တို့၏ဘက်လိုက်သောဝါဒဖြင့်ယနေ့တွေ့ကြုံနေကြရသော ဒုက္ခအပေါင်းတို့မှ လူသားအပေါင်းတို့ကို ကယ်တင်နိုင်ရန် ခဲယဉ်းပါသည်၊ အဘယ်ကြောင့်ဆိုသော် ကိလေသာတန်းလန်းရှိသော ပုထုဇဉ်တို့ ရေးသားပြုစုထားသော ဝါဒ အမျိုးမျိုးကို လမ်းညွှန်ချက်အဖြစ် ခံယူပြီး "ငါ"

ကို ဦးစားပေး ပုဂ္ဂိုလ်များက ကိုလေသာတန်းလန်းကို သာယာသော ခံယူချက်ဖြင့် ကယ်တင်နိုင်ရန် အားထုတ်နေသောကြောင့် ဖြစ်ပါသည်။

(၇) ယနေ့ ကမ္ဘာပေါ်၌ လူအပေါင်းတို့ ခံစားနေရသော ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းတို့မှ ကင်းလွတ်ကာ ငြိမ်းချမ်းသာယာစွာ နေထိုင် နိုင်ရေးအတွက် ဆောင်ရွက်ရာ၌ကိုလေသာဟူ၍ မြူမျှပင်မရှိဘဲ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ်တို့ဖြင့် ဟောကြားတော်မူခဲ့သော "ပိဋကတ်" တော်များ၏ လမ်းညွှန်ချက်ဖြင့် "ငါ" ကို ဦးစားမပေးဘဲ ရယူပိုင်ဆိုင်ခြင်း၌ သာယာကျေနပ်တတ်သော "လောဘ" ကို အတတ်နိုင်ဆုံး ပယ်ရှားပြီး ရရှိစွန့်လွှတ်ခြင်း၌ သာယာ ကျေနပ်တတ်သော "အလောဘ" ကို အတတ်နိုင်ဆုံး ပွားစီးအောင် ဆောင်ရွက်နိုင်စွမ်းသော သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို လက်တွေ့ကျကျကျင့်သုံးနိုင်သော ပုဂ္ဂိုလ်များ၊ ကသာ တကယ်တမ်းစစ်မှန်သော ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ရရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(၈) ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဗုဒ္ဓ၏ထေရဝါဒကို အုတ်မြစ်အဖြစ် ထားပြီး ယနေ့ကမ္ဘာပေါ်၌ လူအများလက်ခံထားသော ဝါဒများကို အခြေခံအုတ်မြစ်နှင့် လျော်စွာ အပေါ်ထပ် အဆောက်အအုံအဖြစ် သုံးရန်ဖြစ်ပါသည်၊ ထိုကဲ့သို့ သုံးရာ၌ "သော ပုရိသ ဂရယှာ၊ နှ သတ္ထု ဂရယှာ" ဟူသော ဃာသကဆရာ၏ အဆိုအမိန့်အတိုင်း

အသုံးမကျလျှင် အသုံးမချတတ်သူ၏ အပြစ်သာ ဖြစ်ပါသည်၊ ပိဋ္ဌက-စာပေများ၏အပြစ် မဟုတ်ပါ။

(၃) "ယောကျ်ားကောင်းမှန်လျှင် တစ်ဦးတည်းကောင်းစားရေးကို ဦးစား မပေးသင့်" ဟူသော ခံယူချက်ဖြင့် လောက၏ အစီးအပွားကို ဆောင်ရွက်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး မိမိ၏ကိုယ်ကျိုးကို ကျေကျေနပ်နပ် စွန့်လွှတ်တော်မူခဲ့သော မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များကို ကမ္ဘာ၏ခေါင်းဆောင် (အတုမဲ့ခေါင်းဆောင်) ၏ အောင်မြင်သောဆောင်ရွက်ချက်၊ အဝါမရှေး အသုံးချ၍ရသော ဆောင်ရွက်ချက်များ အနေဖြင့် စာဖတ်ပရိသတ်များက စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာပြီးလက်တွေ့လိုက်နာကျင့်သုံးကာ တစ်နေ့ထက် တစ်နေ့ ထွန်းကားလာသော သိပ္ပံပညာရပ်များ၏ ဌမ်းအားကြောင့် ရုပ်ပိုင်းဆိုင်ရာများ တိုးတက်မှုနှင့် အညီ မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်သိက္ခာများဖြင့် ယင်း ရုပ်ပိုင်းဆိုင်ရာများကို ထိန်းကျောင်းကုပ်ကဲပြီး လူအပေါင်းတို့၏ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ ဘက်သို့ ဆဲ့ဆောင်အသုံးချလိုစိတ်များစာဖတ်သူတို့၏သန္တာန်၌ပေါ်ပေါက်လာအောင် ရေးသားဖော်ပြပေးရန် ဖြစ်ပါသည်။

(၄) ဤဗုဒ္ဓဝင်ကျမ်းသည် လောကုတ္တရာရေး သက်သက်ကိုသာ အဓိကပြုသော ကျမ်းမျိုးမဟုတ်ဘဲ "သောပါနာရောဟဏ" ခေါ် စောင်းတန်း လှေကားတက်နည်းဖြင့် လောကရေးရာမှ တစ်ဆင့် တင်ပြည်းပြည်း လောကုတ္တရာ

သို့ ဦးတည် သွားသော ကျမ်းမျိုး ဖြစ်ပါသည်၊ ထို့ကြောင့် အရေးအသားဖြင့် တင်ပြရာ၌ ရသစာပေ ဆန်ဆန် တင်ပြရန် ဖြစ်ပါသည်။

(ဏ) ရသစာပေ ဆန်ခြင်းဟူသည်မှာ ဗုဒ္ဓစာပေ ရှုထောင့်မှ ရသစာပေဆန်ခြင်းကို ဆိုပါသည်။ အမျှားနှားလည် နေကြသော "ရသ"ဟူသည်မှာ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း စသော ခံစားမှုများကို ပေါ်လွင်အောင် ဖော်ပြခြင်းဖြစ်သည်၊ ဗုဒ္ဓစာပေရှုထောင့်အရ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း စသည်မှာ အကုသိုလ် သဘော ရှိပါသည်၊ အကုသိုလ် ဟူသမျှကို အကုသိုလ်အတိုင်း မထားရပါ၊ ယင်းတို့ကိုချေဖျက်ရပါသည်၊ အကုသိုလ်ကို ချေဖျက်ခြင်းဟူသည်မှာ အကုသိုလ်တို့၏ မိုရာ သက္ကာယ ဒိဋ္ဌိ ခေါ် အတ္တကိုပယ်သတ်ခြင်းဖြစ်ပါသည်။ သက္ကာယ ဒိဋ္ဌိ ခေါ် အတ္တသည် ဟကယ်သေသွားပါက သောတာ ပတ္တိမဂ်ကို ရ၍ သောတာပန် အရိယာ ဖြစ်ပါသည်။ ထို့ကြောင့် သောတာပတ္တိမဂ်ကို "ရသ"ဟု ခေါ်ပါ သည်။ သောတာပတ္တိမဂ်သည် လောကုတ္တရာ ဖြစ် ပါသည်။ လောကုတ္တရာဖြစ်လျှင် ပြန်လည်ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာသဘောသည် မလွဲမသွေ ဖြစ်ရပါသည်။ ရသစာပေ၌လည်း ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း စသော ခံစားမှုများ၏တည်ရာ သက္ကာယဒိဋ္ဌိ ခေါ် အတ္တ ကို ပယ်သည်ပင် ဖြစ်ပါသည်။ ထိုသို့ ပယ်ရာတွင် သောတာပတ္တိမဂ် ပယ်နည်းနှင့်တော့မတူပါ၊ စာဖတ်သူ ကိုယ်တိုင်က စာပေပါ သရုပ်ဆောင် ပုဂ္ဂိုလ်နှင့်

တစ်သားတည်း ဖြစ်သွားပြီး "ငါ" ပျောက်သွားကာ သရုပ်ဆောင် ပုဂ္ဂိုလ်အနေဖြင့်သာ တစ်ယောက်တည်း ကျန်ရစ်သွားခြင်းကိုပင် သက္ကာယဒိဋ္ဌိ ခေါ် စာဖတ်သူ၏ အတွေ့ကို ပယ်ခြင်း ဖြစ်ပါသည်။ စာဖတ်သူ၏ အတွေ့ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် စာဖတ်သူ၏အတွေ့ဌာ မှီတွယ် ကိန်းအောင်းနေသောအကုသိုလ်သစ်ါရမျှားပါ အတွေ့နှင့်အတူ ချုပ်ငြိမ်းသွားပြီး "တေသံ ဝူပသမော သုခေါ" အရ နှစ်သက်ခြင်း"ရသ"ကို ခံစားရပါသည်၊ ထို့ကြောင့် ရသစာပေလာ 'ရသ'ကို သက္ကာယဒိဋ္ဌိ ခေါ် အတွေ့ကို သောတာပတ္တိမဂ်နှင့် ပယ်ခြင်းတူသဖြင့် "လောကုတ္တရာဘာသ ခေါ် လောကုတ္တရာ အတူ" ဟု ဆိုခြင်း ဖြစ်ပါသည်။ လောကုတ္တရာသဘောပါသည်နှင့် တစ်ပြိုင်နက် ပြန်လည် ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာ သဘောသည် မလွဲမသွေ ပေါ်လာရပါသည်၊ မကောင်း သော သဘောကို ရှောင်ခြင်းနှင့် ကောင်းသောသဘော ကို ဆောင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ ကို ရသစာပေက တည်ဆောက်ပေးခြင်း ဖြစ်ပါသည်။ ဤသည်မှာ သုဗောဓာလင်္ကာရ ကျမ်းဆရာ၏ နှလုံး သွင်း ဖြစ်ပါသည်၊ သို့မဟုတ်ပါက သုဗောဓာလင်္ကာရ ကျမ်းဆရာသည် ထေရဝါဒနှင့်ဆန့်ကျင်ပြီး အကုသိုလ် ကို အားပေးသောပုဂ္ဂိုလ် ဖြစ်သွားပေလိမ့်မည်၊ အမှန် အားဖြင့် ချစ်ခြင်း၊ မုန်ခြင်း၊ သနားခြင်း စသော ရသဆိုင်ရာ အကုသိုလ်တို့သည် အာဠာဝက၊ ပဠာဒာရာ၊ ခေမာတို့အတွက် ဒေါသ၊ မောဟ၊ မာနတို့က

ဥပနိဿယအဖြစ် ကျေးဇူးပြုသောကြောင့် မဂ်ရသလို ရသ၏ဥပနိဿယသဒ္ဒါအဖြစ်ဖြင့်သာ ကျေးဇူးပြုခြင်း ဖြစ်ပါသည်၊ မဂ်သည် သစ္စာကရဏဖြစ်သလို 'ရသ'သည် လည်း သစ္စာကရဏပင် ဖြစ်ပါသည်၊ထို့ကြောင့် ဗုဒ္ဓဝင် ကျမ်းကို ပြုစုရာ၌ ဗုဒ္ဓဘာသာ ရှုထောင့်မှ ရသစာပေ သဘောမျိုး သက်ရောက်အောင် ရေးသား ဖော်ပြ ပေးရန် ဖြစ်ပါသည်။

ကဏ္ဍအလိုက် ပါဝင်ရမည့် အချက်များ

(က) ကဏ္ဍ (၁)တွင် အောက်ပါ အချက်များ ပါဝင်ရန် လိုအပ်ပါသည်။

- ပါရမီဆိုသည်မှာ တကယ်မြင့်မြတ်သူတို့၏လုပ်ငန်းများ ဖြစ်ကြောင်း ပေါ်လွင်စေရန်။
- ပါရမီကုသိုလ် ဆိုသည်မှာ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ အနေဖြင့် တကယ့်ကို လိုလိုလားလား ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် နှလုံးသွင်း ဆံယူချက်ဖြင့် လောက၏ အစီးအပွားအတွက် ဆောင်ရွက်နိုင်ရန် ရည်စူးပြီး အနစ်နာခံခြင်း ဖြစ် ကြောင်း ပေါ်လွင်စေရန်။
- တကယ်စစ်မှန်သော ခေါင်းဆောင်ကောင်း တစ်ယောက် အနေဖြင့် လောက၏ အစီးအပွား အတွက် ဆောင်ရွက်နိုင်ရန် ပါရမီများကို ကိုယ်ကျိုးစွန့်ပြီး ဖြည့်ကျင့်ရာ၌ နှစ်နှစ်ကာကာ ဝမ်းမြောက်သော ပီတိ သောမနဿ စိတ်ထား ကုသိုလ်တရား ဖြင့် သာ

ဖြည့်ခြင်း ဖြစ်ကြောင်း ဆိုင်ရာ ဆိုင်ရာ ဇာတ်တော် အထောက်အထားများဖြင့် ပေါ်လွင်အောင် ဖော်ပြရန်။

(ခ) ကဏ္ဍ (၂)တွင် အောက်ပါအချက်များ ပါဝင်ရန် လိုအပ်ပါသည်။

– သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသော ကာလမှ တောထွက်တော်မူသော ကာလတိုင်အောင် (၂၉)နှစ်တာ ကာလအတွင်း၌ မိမိ၏ ဘဝစည်းစိမ်ကို စံစားခြင်း၌ သာ ကျေနပ်တော်မမူဘဲ မိမိ၏ တိုင်းပြည်၊ မိမိ၏ လူမျိုးနှင့်တကွ လောက၏ အစီးအပွား အတွက်သာ ရှေတန်းတင်ပြီး ကာမသုခလွှိကာနုယောဂ လမ်းစဉ် ဖြင့် ဆောင်ရွက်တော်မူ ကြောင်း ကို ဆိုင်ရာ ဆိုင်ရာ ပိဋကတ်စာပေ အထောက်အထားများဖြင့် ဖော်ပြရန်။

– ထိုသို့ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံကာ ဆောင်ရွက်ပါသော်လည်း မိမိ မျှော်မှန်း သ လို တကယ်တမ်း စစ်မှန်သော ချမ်းသာသုခကို ရရှိအောင် မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရသဖြင့် ကိုလေသာ အား လုံး ကို အကြွင်းမဲ့ ပယ်သတ်ပြီး သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ ဘုရားအဖြစ်သို့ ရောက်မှသာ သတ္တဝါများကို မိမိ မျှော်မှန်းသလို ကယ်ဆယ်နိုင်မည် ဖြစ်ကြောင်း သိရှိ ကာ တောထွက်၍ တရားကျင့်ရန် အားထုတ်ခြင်း ဖြစ်ကြောင်း ဆိုင်ရာ ဆိုင်ရာ ပိဋကတော် အထောက် အထားများဖြင့် ပေါ်လွင်အောင် ဖော်ပြရန်။

(ဂ) ကဏ္ဍ (၃) တွင် အောက်ပါ အချက်များ ပါဝင်ရန် အရေးကြီးပါသည်။

– ထိုခေတ် သစ္စာတရား၊ ကို ရှာဖွေရာတွင် ဗြာဟ္မဏ ကျင့်စဉ်နှင့် သမဏကျင့်စဉ်ဟူ၍ ကျင့်စဉ် နှစ်မျိုးရှိသည့် အနက် ဗြာဟ္မဏကျင့်စဉ်အရ ယဇ်ပူဇော်မှုကျင့်စဉ်ကို မကျင့်သုံးဘဲ သမဏကျင့်စဉ်အရ တပ ကျင့်စဉ်ကိုသာ ကျင့်သုံးခြင်း ဖြစ်ကြောင်း ပိဋကတော် အထောက် အထားများဖြင့် ဖော်ပြရန်။

– တပကျင့်စဉ်ကို ကျင့်ရာတွင် အတုမဲ့ "အတ္တကိလမထ" ကျင့်နည်းအရ ကျင့်ပါသော်လည်း အရိယသစ္စာကို ကိုယ်တိုင် မျက်မှောက်ပြုရန် လုံးဝ မဖြစ်နိုင်ကြောင်း တွေ့ရှိရသဖြင့် ထိုကျင့်စဉ်ကို စွန့်လွှတ်လိုက်ကြောင်း ပိဋကတော် အထောက် အ ထား၊များ ဖြင့် ပေါ်လွင် အောင် ဖော်ပြရန်။

– ထိုအခါ ပဉ္စဝဂ္ဂိုဏ်းဦးတို့က ဘုရားအလောင်းတော်ကို အထင်သေးပြီး စွန့်ခွာသွားကာ မိမိတို့ဘာသာ မိမိတို့ မိဂဒါဝုန်တောခွဲ တပအကျင့်ကိုပင် ဆက်လက်ကျင့်ကြံ နေကြကြောင်း ပိဋကတော် အထောက်အထား၊များဖြင့် ပေါ်လွင်အောင် ဖော်ပြရန်။

(ဃ) ကဏ္ဍ (၄) တွင် အောက်ပါ အချက်များ ပါဝင်ရန် လိုအပ်ပါသည်။

– သစ္စာလေးပါးတို့၌ သစ္စာဏာ ခေါ် ဉာဏတပရိညာဖြင့် ပဋိစ္စသမုပ္ပါဒ်လာ ရုပ် နာမ် တရားတို့၏ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ နိရောဓဂါမိနီ ပဋိပဒါ

သစ္စာတို့ကို လည်း ကောင်း၊ ကိစ္စဉာဏ် ခေါ် တိရဏ ပရိညာဖြင့် ယင်း ရုပ် နာမ် တရား၏ ဖြစ်ပျက် ခေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော တို့ ကို လည်းကောင်း၊ ကတဉာဏ် ခေါ် ပဟာနပရိညာဖြင့် ဝါသနာနှင့်တကွ ကိလေသာအားလုံးကို အကြွင်းမရှိ ပယ်သတ်ခြင်းကို လည်းကောင်း၊ မဇ္ဈိမပဋိပဒါ အကျင့်မြတ်ဖြင့် သိခြင်း၊ ပယ်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ပွားများခြင်း တို့ ပြုတော်မူကာ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ် သို့ ရောက်တော်မူကြောင်း ဖော်ပြရန်။

— ဘုရား ဖြစ်တော်မူသည့် အချိန်မှစ၍ မိမိ၏ အကျိုး စီးပွား လုံးဝ ပါဝင်ခြင်း မရှိဘဲ လောကသုံးပါး၏ ဘဝယ်စစ်မှန်သော အကျိုးစီးပွားအတွက်သာ (၄၅) ဝါတို့ကာလပတ်လုံး တစ်နေ့လျှင် အလွန်ဆုံးတစ်နာရီခဲ့သာ ကျိန်း စက် တော် မူ ပြီး သတ္တဝါတို့၏ ပါရမီ အလျောက် လူ နတ် နိဗ္ဗာန် သုံးတန်သောအကျိုးကို ရရှိ ခံစားနိုင်စိမ့်သောငှါ ဆောင် ရွက် တော် မူ ကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

— ဝါကျတ်တိုင်း မြတ်စွာဘုရားသခင်သည် တစ်ပါးတည်း ဖြစ်စေ၊ နောက်ပါ ရဟန်း သံဃာများ ခြံရံ၍ဖြစ်စေ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်များသို့ အလျှင်းသင့် သလို တစ်ခါတစ်ရံ လယ်ကွင်းများသို့ပင် မိမိ၏ သဗ္ဗညုတ ဉာဏ်ကွန်ရက်၌ ကျတ်ထိုက်သောဝေနေယျအဖြစ် ပေါ်လာပါက ကိုယ်တော်တိုင် အပင်ပန်းခံပြီး သွား

ရောက်၍ တရားဒေသနာ ဟောပြောတော် မူကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

– အယ္ယဝါဒခြား တိတ္ထိများကိုပင် ကျတ်ဆိုက်သူ မှန်ပါက ဂိုဏ်းဂဏမရွေး မဟာကရုဏာတော်ဖြင့် ချေချွတ်တော် မူကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

– မြတ်စွာဘုရားသည် နေ့စဉ် နေ့တိုင်း တစ်ပါးတည်း ဖြစ်စေ၊ နောက်ပါသံဃာတော်များနှင့်ဖြစ်စေ ဆွမ်းခံ ကြွတော်မူရင်း ကျတ်ထိုက်သော ဝေနေယျ သတ္တဝါ တို့အား ချေ ချွတ် ဘော် မူကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

– သုဘဒ်ပရိဗိုဇ်ကိုဗုဒ္ဓဝေနေယျအဖြစ် နောက်ဆုံး ရဟန္တာ ဖြစ်စိမ့်သောဌါဝမ်းဘော်လားသည့် ဝေဒနာကို ခံစား ရင်း ပါဝါပြည့်မှ ကုသိနာရုံပြည့်သို့ သုံးဂါဝုတ် ဝေး သော ခရီးကို (၂၅)ကြိမ် နားတော်မူကာ ကြွရောက် တော်မူ၍ တရားဒေသနာကို ဟောကြားတော်မူခြင်း အားဖြင့် မြတ်စွာဘုရား၏လောကအပေါ်ထားရှိတော် မူသော မဟာကရုဏာတော်ကို ပေါ်လွင်အောင် ဖော် ပြရန်။

– မြတ်စွာဘုရားကို ပူဇော်ရာ၌ ကမ္မသကတာဉာဏ် ဦးစီး သော ကုသိုလ်ကောင်းမှုဖြင့် ပူဇော်သည်ထက် သစ္စာ နုလောမိကဉာဏ် ဦးစီးသော ကုသိုလ်ကောင်းမှုဖြင့် ပူဇော်သည်က ပိုရှိမြတ်သည်ဟု ပရိနိဗ္ဗာန် ပြုတော်မူ ခါနီး ကာလ၌ လူ၊ နတ်၊ ဗြဟ္မာတို့ ပူဇော်ဖွယ် အထူး

ထူးတို့ဖြင့် ပူဇော်သည်ကို အကြောင်းပြု၍ ရှင်အာနန္ဒာ အား မြတ်စွာဘုရားက မိန့်ကြား တော်မူ သည် ကို ထောက်ထား၍ "အတ္တ" ပွားစီးသော ကမ္မဿကတာ ဉာဏ်ထက် 'အတ္တ' ခေါ်ဝေါ်းပါးအောင်လုပ်သော ပါရမီ (သစ္စာနုလောမိက) ဉာဏ်က ပို၍ ပြင့် မြတ် ကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

— လူသားတို့၏ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အတ္တ-မာန ဦးဆောင်သော စိတ်ထားဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ အတ္တ-မာန ခေါ်ဝေါ်းပါးသော မြင့်မြတ်သော ကိုယ်ကျင့်တရားဖြင့် သာ ဆောင်ရွက်မှ ရနိုင်ကြောင်း ဖော်ပြရန်။

(c) ကဏ္ဍ (၅)တွင် အောက်ပါအချက်များ ပါဝင်ရန် လိုအပ်ပါသည်။

—မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သေးငယ်သော အာပတ်များကို သံဃာတော်များ၏ ဆန္ဒအရ နုတ်ပယ်လိုက နုတ်ပယ်နိုင်ကြောင်း မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့သော်လည်း ရှင်မဟာကဿပ စသော မထေရ်များက နုတ်ပယ်ခြင်း မပြုဘဲ သီလသိက္ခာကို အမြတ်တနိုး ဆက်လက်ကျင့်သုံးရန် ပထမသံဂါယနာ၌ ဆုံးဖြတ်တော်မူကြကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

— သိက္ခာသုံးပါးတွင်ကိုယ်ကျင့်ဆိုင်ရာသီလသိက္ခာသုံးပါး တပေါ်ခြင်းတည်းတစ်ပြိုင်တည်း ပါဝင်ယှဉ်ပြိုင်လာမှုသာ

မဂ္ဂင်ရှစ်ပါး ပြည့်စုံပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သဖြင့် ကိုယ်ကျင့် သိက္ခာကို အလေးထား၍ စောင့်ရှောက် ထိန်းသိမ်းသင့်ကြောင်း ဖော်ပြရန်။

— ပါးစပ်က ဗုဒ္ဓဘာသာစစ်ဖြစ်ကြောင်း စာသံ၊ ပေသံ တည်ညံ့ဖြင့် တိုင်းကြားပြည်ကျော် အော်ဟစ်ပြောဆို နေကြသော်လည်း လက်တွေ့ဘဝင်မှ အရာရာတိုင်း ရသမျှ 'ငါ'ဖို့ ဟူသော ခံယူချက်ဖြင့် လောဘ-အတ္တ-မာန ကို ဦးစားပေးနေသော လက်ရှိ ဗုဒ္ဓဘာသာ ကျင့်စရိုက်ဆိုး များကိုဖယ်ရှား၍ အများက လူညံ့ပြောပြော ပြောသမျှ ကို သတ္တိရှိရှိဖြင့် ခံနိုင်စွမ်းရှိသော အလေ့ဟ-အဒေါသ-အမောဟ ဦးစီးသော သစ္စာနုလောမိကဉာဏ်ခေါ် အနစ်နာခံခြင်းခဲ့ ရသ ကို မြင်တတ်သော ပုဂ္ဂိုလ်မှန်များ၏ မယိမ်းမယိုင် မတွေ့ဝေသော ပါရမီစိတ်ထား ဖြင့် ဆောင်ရွက်မှုသာ ဤလောကခဲ့ ကိုယ်၏ချမ်းသာ ခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အမှန် တကယ် ရရှိနိုင်မည် ဖြစ်ကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

—သာသနာတော်ကို ပြုစုစောင့်ရှောက်ရာတွင် "ဥဘော အညောညု နိဿိတာ" ဟူသည်နှင့်အညီ ဆရာဖြစ်သူ ရဟန်းသံဃာတော်များက ဒါယကာဖြစ်သူ လူပုဂ္ဂိုလ် များအား ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းစောင့်ရှောက် ရေးနှင့် ပတ်သက်၍ ဦးဆောင်ဦးရွက် ပြုနိုင်အောင် တိုင်းပြည်တိုးတက်ရေးအတွက် ဓမ္မဝိနယနှင့် ညီညွတ်

သော သြဝါဒများ ပေးနိုင်အောင် ဒါယကာများ ဘက်မှလည်း အမြဲတမ်းလိုလို ချဉ်းကပ်ပြီး သြဝါဒ ခံယူချင်သောစိတ်များ ပေါ်ပေါ်ကော်လာရလေအောင် အသိ(ဝိဇ္ဇာ)၊ အကျင့် (စရဏ) တို့၌ ဘက်စုံတော်သော ပုဂ္ဂိုလ်များ ဖြစ်လာအောင် ကြိုးစားရန် လိုအပ်ကြောင်း ဖော်ပြရန်။

—တစ်နေ့ထက် တစ်နေ့ ထွန်းကားလာသော သိမ္ပံပညာ ရပ်များကြောင့် ပေါ်ပေါက်လာသော ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများသည် နှလုံးသွင်းမမှန်သော ပုဂ္ဂိုလ်များ အတွက် "နိုကန္တိ" ကို ဖြစ်စေသော ကာမဂုဏ်များ ဖြစ်၍ လောက၏ ငြိမ်းချမ်းရေးအတွက် မည်သို့မျှ အထောက်အကူ မပြုဘဲ အန္တရာယ် ပြုမည်သာ ဖြစ်ကြောင်းနှင့် နှလုံးသွင်းမှန်သော ပုဂ္ဂိုလ်များအတွက် "ဝိရာဂ"ကို ဖြစ်စေတတ်သော သင်္ခါရတရားများဖြစ်၍ ယင်း ကာမဂုဏ် (သင်္ခါရ) တရားများကိုင်ခင် သစ္စာနှ-လောမိကဉာဏ်ဖြင့် ဤလောကဌ် စစ်မှန်သော သုခနှင့် စစ်မှန်သော ငြိမ်းချမ်းရေးကို ဖြစ်စေရန် အသုံးချနိုင်ကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

—ဂုဏ်ပကာသနကို မက်မောခြင်း လူသော ကုသိုလ်သည် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကိုပင် မပေးကြောင်း၊ ကမ္မဿကတာဉာဏ် အရ ကောင်းမှု၏ အကျိုးကို မက်မောခြင်း လူသော ကုသိုလ်သည် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကိုပေးသော်လည်း ပါရမီကုသိုလ်မဖြစ်၍

သစ္စာနုလောမိကဉာဏ် ဦးမစီးသဖြင့် မမြတ်ကြောင်း၊ လုပ်ငန်းကို လုပ်ရာ၌ မိမိ၏အကျိုးအတွက် ဘာကိုမျှ မမျှော်လင့်ဘဲလောက၏အကျိုးအတွက်သာမျှော်ကိုးပြီး လုပ်ပါမူ "ကံ" ပြတ်၍ "ဘဝ" ဇာတ်သိမ်းနိုင်သဖြင့် မြတ်ကြောင်း ပေါ်လွင်အောင်ပြုရန်။

–မူလပဏ္ဏာသ အနုဂ်ဏသုတ်လာအတိုင်း မိမိ၏လုပ်ငန်း သဘာဝအရ အကုသိုလ်ထူပြောသော လုပ်ငန်းဖြစ်ပါ လျက် အကုသိုလ်ထူပြောသော လုပ်ငန်းမှန်းမသိဘဲ မိမိ အနေဖြင့် ကောင်းနိုးရာရာ ထင်သမျှကိုလုပ်နေလျှင် "သူ ယုတ်မာ" ဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝအရအကုသိုလ် ထူပြောသော လုပ်ငန်း ဖြစ်ပါလျက် အကုသိုလ် ထူပြောသော လုပ်ငန်းမှန်းသိလျှင် ရှောင်ကြဉ်လိုသော စိတ်ထားကောင်း ပေါ်ပေါက်နိုင်သဖြင့် "သူမြတ်" ဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝအားဖြင့် အကုသိုလ် ခေါင်းပါးသော လုပ်ငန်းဖြစ်ပါလျက် အကုသိုလ် ခေါင်းပါးသော လုပ်ငန်းမှန်း မသိဘဲ မိမိအနေဖြင့် "သာယာဖွယ်" မျှားကိုသာ ရှာနေလျှင် "သူယုတ်မာ" ဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝ အနေဖြင့် အကုသိုလ် ခေါင်းပါးသော လုပ်ငန်းဖြစ်ပါလျက် အကုသိုလ် ခေါင်းပါးသော လုပ်ငန်းမှန်းသိလျှင် သာယာဖွယ်မျှား ကို ရှောင်ကြဉ်လိုသော စိတ်ထားကောင်း ပေါ်ပေါက် နိုင်သဖြင့် "သူမြတ်" ဖြစ်ကြောင်း ရှင်သာရိပုတ္တရာက ရှင်မောဂ္ဂလ္လာန်အား ဟော ကြား တော် မူ သည် ကို ပေါ်လွင်အောင် ဖော်ပြရန်။

–ဤ ကမ္ဘာပေါ်တွင် လူအပေါင်း တို့သည် ပုထုဇဉ် အမျိုးစုံမျိုး ဖြစ်ကြရာ ပုထုဇဉ်တို့၏ အသိမှန်သမျှ သည် ဝိပလ္လာသအသိချည်းပင် ဖြစ်ကြရာ မည်သည့် ပညာရှိပုဂ္ဂိုလ်များ၏ အသိမျှ ပြည့်စုံမှန်ကန်သော အသိ ဟူ၍ မရှိနိုင်သဖြင့် ဣဿာ မစ္ဆရိယနှင့် အတ္တမာန်မာန များ ခေါင်းပါးလျင် ဗုဒ္ဓဝါဒနှင့် လျော်ညီသောအသိ ဖြစ်ပြီး ဣဿာ မစ္ဆရိယနှင့် အတ္တမာန်မာနများ ထူပြော နေသမျှ ကာလပတ်လုံး ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သဖြင့် ဗုဒ္ဓဘာသာဝင် အမည်ခံစေကာမူ အမှန်အားဖြင့် ဗုဒ္ဓ ဝါဒကိုအရေခြုံ၍ ဖျက်ဆီးရာရောက်သော အသိမျိုးသာ ဖြစ်ကြောင်း ပေါ်လွင်အောင် ဖော်ပြရန်။

–မျက်နှာလိုက်၍ ချစ်ခြင်း၊ ကြင်နာခြင်း၊ ဂုဏ်ပြုခြင်း၊ ခွင့်လွှတ်ခြင်းတို့သည် ဗြဟ္မစိုရိဘရား အစစ်မဟုတ်သဖြင့် ထိုအမြင်မျိုးဖြင့် လူအပေါင်းတို့၏ ကိုယ်၏ချမ်းသာ ခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်း တို့ကို အောင်မြင်အောင် မည်သည့်နည်းနှင့်မျှ ဆောင်ရွက်၍ မရနိုင်ကြောင်း ဖော်ပြရန်။

–ဘက်မလိုက်သော ဗုဒ္ဓဝါဒ၏ လမ်းညွှန်မှုကို ခံယူပြီး အားလုံးသော သတ္တဝါတို့အပေါ် ညီမျှသော ကရုဏာ တရားဖြင့် တကယ်တမ်း အနစ်နာခံခြင်းဌာ ဝမ်းမြောက် ကြည်နူးသော "အဂ္ဂလာဘ" စိတ်မျိုးကို အခြေပြု၍ လူအပေါင်းတို့အတွက် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း ဖော်ပြရန်။

–ကမ္ဘာပေါ်ရှိ လူတိုင်း လူတိုင်းသည် မိမိတို့၏လူမျိုး၊ မိမိတို့၏ဘာသာ၊ မိမိတို့၏ယဉ်ကျေးမှု၊ မိမိတို့၏ အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံဟူ၍ ရှိပါကြောင်း၊ သို့ရာတွင် ထိုလူမျိုး၊ ထိုဘာသာ၊ ထိုယဉ်ကျေးမှု၊ ထိုနိုင်ငံတို့ကို ဗုဒ္ဓဒေသနာတော်အရ ဗြဟ္မစိုရ်တရားနှင့် အညီ ပို၍ခွဲစိုး၊ ပို၍ ကြင်နာ၊ ပို၍မြတ်နိုး၊ ပို၍ ခွင့်လွှတ်ဖို့ မလိုပါကြောင်း၊ ဗြဟ္မစိုရ် တရားအရ အားလုံးအပေါ်မှာ အပိုင်းအခြားမဲ့ ညီတူညီမျှခွဲ၊ ကြင်နာ၊ မြတ်နိုး၊ ခွင့်လွှတ်ဖို့ လိုပါကြောင်း၊ သို့ရာတွင် ကတညုတ ကတဝေဒီ မဂ်လာတရားတော် အရ သာလျှင် ပို၍ ကျေးဇူးဆပ်သောအားဖြင့် မိမိတို့ လူမျိုး၊ မိမိတို့ဘာသာ၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ နိုင်ငံကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ပို့မိုးတိုးတက် ဖွံ့ဖြိုးအောင် လုပ်ရမည်ဖြစ်ကြောင်း ဖော်ပြရန်။

–ကမ္ဘာပေါ်ရှိလူအပေါင်းတို့အား တကယ်တမ်း ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ ကို "မနုဿတ္တဘာဝေါ ဒုလ္လဘော" အရ လူဘဝကို တန်းတူရည်တူ ရကြသူချင်း ဖြစ်ကြသည်အားလျှော်ဌာ ပြည့်ပြည့်ဝဝ ခံစားနိုင်ပါစိမ့်သောဌာနဆောင်ရွက်ကြမည် ဆိုပါက လမ်းညွှန်သော စာပေကလည်း ကိုလေသာ တန်းလန်းနှင့် ရေးသားပြုစုထားသောပုထုဇဉ်စာပေမျိုး မဖြစ်ဖို့လိုပါသည်။ အကောင်အထည်ဖော်သည့် ပုဂ္ဂိုလ် များကလည်း 'ငါ'ကိုရှေတန်းတင်တတ်သော "သမုဒယ သစ္စာ" အမြင်ဖြင့် အကောင်အထည် မဖော်မိဖို့ လိုပါ

သည်၊ ထိုစာပေ၊ ထိုဝါဒ၊ ထိုပုဂ္ဂိုလ်မျိုးကသာ ဆောင်ရွက်မည်ဆိုလျှင် ဤကမ္ဘာ လောကဌ် စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်း ချမ်းမှုကို မည်သည့် အခါမျှ ရနိုင်လိမ့်မည် မဟုတ်၊ထို့ကြောင့် စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုကို လိုလားပါက ရှေ့ဆောင် လမ်းညွှန်ပြုမည့် စာပေကလည်း ကိုလေသာ ဟူ၍ လုံးဝမရှိဘဲ မဟာကရုဏာဉာဏ်တော်ကို ရှေ့ထား ပြုသော သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူထားသည့် ပိဋကတော်များ ဖြစ်ရပါမည်၊ အကောင်အထည် ဖော်မည့် ပုဂ္ဂိုလ်များကလည်း 'ငါ'ကို နောက်တန်း ပို့တင်သော "လောကီ မဂ္ဂသစ္စာ" အမြင်ဖြင့် လောကအပေါ် တကယ် ကြင်နာသော စိတ်ဓာတ်ကို အခြေခံ၍ အကောင်အထည် ဖော်ဖို့ လိုပါသည်၊ ထိုသဘောကို ပေါ်လွင်အောင် ဖော်ပြရန်။

နိဂုံးပိုင်း

ဤကျမ်းသည် လူသာမန်တို့အတွက် စိတ်ဝင်တစားဖတ်ရှုရန် ရည်ရွယ်သော ကျမ်းဖြစ်သည်၊ စိတ်ဝင်တစား ဖတ်ရှုစေလိုပါက 'ရသ'မြောက်သောကျမ်း ဖြစ်ဖို့လိုပါသည်၊ ရသမြောက်ခြင်းဆိုသည်မှာ ဗုဒ္ဓဝါဒရှုထောင့်မှ ရသမြောက်ခြင်းကို ဆိုပါသည်၊ ဗုဒ္ဓဝါဒရှုထောင့်အရ ရသကို တစ်လုံးတည်း မသုံးဘဲ ဝိမုတ္တိနှင့် တွဲ၍ 'ဝိမုတ္တိရသ' ဟုဆိုပါသည်၊ ဝိမုတ္တိရသဟူသည်မှာ ကိုလေသာ အားလုံးတို့၏ တည်ရာဖြစ်သော 'အတ္တ'မှ လွတ်မြောက်ခြင်း ဖြစ်ပါသည်၊ ယင်းကား လေးကုတ္တရာစစ် ဖြစ်ပါသည်၊

လောကုတ္တရာဖြစ်သည့်အတွက် ပစ္စဝေက္ခဏာ သ ဘော သည် မလွဲမသွေ ပေါ်လာရပါသည်၊ ပစ္စဝေက္ခဏာဆိုသည်မှာ မိမိ ကိုယ်တိုင် ခံစားခဲ့ရသော မိမိ၏ ခံစားချက်များကို ပြန်လည် ဆင်ခြင်သည့် သဘောဖြစ်ပါသည်။

ရသစာပေ၌ 'ရသ'သည်လည်း 'အတ္တ'မှ လွတ်မြောက်မှု သဘောပင် ဖြစ်ပါသည်၊ သို့ရာတွင် လွတ်မြောက်ပုံချင်းတော့ မတူပါ၊ ရသစာပေကို ဖတ်ရှုသောအခါ စာဖတ်သူသည် မိမိ ကိုယ်တိုင် ပျောက်သွားပြီး စာပေ၌ပါဝင်သော အဓိက ဇာတ် ဆောင်နှင့် တစ်သားတည်း ဖြစ်သွားပါသည်၊ မြေကို ကြိုးထင် သောအခါ ကြိုးသဘောပျောက်၍ မြေသဘောချည်း ကျန်ရစ် ခြင်းမျိုး ဖြစ်ပါသည်၊ စာဖတ်သူနှင့် အဓိကဇာတ်ဆောင်ဟူ၍ အရာဝတ္ထုနှစ်ခုရှိရာ ယင်းအရာဝတ္ထု နှစ်ခုတို့ တစ်သားတည်း ဖြစ်သွားသောအခါ စာဖတ်သူ အရာဝတ္ထု တစ်ခုပျောက်၍ အဓိကဇာတ်ဆောင် အရာဝတ္ထုတစ်ခုတည်း ကျန်နေရစ်ခြင်း ကိုပင် စာဖတ်သူ၏ 'အတ္တ' ချုပ်ငြိမ်းခြင်း သို့မဟုတ် ရသဟု ဆိုပါသည်။

ဗုဒ္ဓဝါဒရှုထောင့်မှ စာဖတ်သူနှင့် စာပေလာ အဓိက ဇာတ် ဆောင်တို့ နှစ်ဦးရှိသည့်အနက် စာဖတ်သူပျောက်၍ စာပေလာ အဓိကဇာတ်ဆောင်နှင့် တစ်သားတည်းဖြစ်သွားကာ စာပေလာ အဓိကဇာတ်ဆောင် တစ်ဦးတည်း ကျန်ရစ်ခြင်းကိုပင် စာဖတ် သူ၏ အတ္တ ပျောက်သွားခြင်းဟု ဆိုပါသည်၊ အတ္တ ပျောက် သွားလျှင် လောကုတ္တရာသဘော သက်ရောက်သွားကာ 'ဝေသံ ဝူပသမော သုခေါ' ဟူသည်နှင့်အညီ စာဖတ်သူ၏ သန္တာန်၌

ရှိသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းသွားခြင်းသည်ပင် သုခ ဖြစ်ပါသည်၊ ယင်းကား ရသသုခ ဖြစ်ပါသည်။

အတ္တ ပျောက်၍ လောကုတ္တရာသဘော ဆောင်ခြင်းသည် လောကုတ္တရာဘာသ ခေါ် လောကုတ္တရာအတု ဖြစ်ပါသည်၊ လောကုတ္တရာအတုဖြစ်စေကာမူ သုခသဘောရှိပြီး ပစ္စဝေက္ခဏာ သဘောကို ဖြစ်စေပါသည်၊ ပစ္စဝေက္ခဏာ သဘောအရ မိမိ ကိုယ်တိုင် ဇာတ်လမ်းခ္ဍ အဓိက ဇာတ်ဆောင်အဖြစ် ခံစားခဲ့ရ သော မိမိ၏ခံစားချက်များကို ပြန်လည်သုံးသပ်ကာ မကောင်း သော သဘောများကို ရှောင်၍ ကောင်းသော သဘောများကို ဆောင်မည်ဖြစ်ပါသည်၊ ဤနည်းအားဖြင့် သီလဝိသုဒ္ဓိနှင့် စိတ္တ ဝိသုဒ္ဓိကို ရသစာပေဖြင့် တည်ဆောက်ပေးပါသည်။

ရသစာပေသဘောအရ စာဖတ်သူသည် ရသစာပေလာ အဓိကဇာတ်ဆောင်နှင့် တစ်သားတည်း ဖြစ် သွား သည် နှင့် တစ်ပြိုင်နက် အဓိကဇာတ်ဆောင်၏ စိတ်နေ သဘောထားများ သည် စာဖတ်သူ၏ နှလုံးသားခ္ဍ တစ်သားတည်း ကိန်းဝပ် သွားမည် ဖြစ်ပါသည်၊ ဤဗုဒ္ဓဝင်ကျမ်းလာ အဓိက ဇာတ် ဆောင်များသည် လောကအပေါ် စစ်မှန်သော မေတ္တာ၊ စေတနာဖြင့် အနစ်နာခံကာ ဆောင်ရွက်ကြသော သူတော်စင် များသာ ဖြစ်ကြလေရာ ယင်းတို့၏မြင့်မြတ်သောစိတ်ထား၊ ခံယူချက်များ၊ ကိုယ်ကျင့်သိက္ခာများသည် ရသ သဘောအရ စာဖတ်သူ၏ နှလုံးသားခ္ဍ တစ်သားတည်း ကိန်းဝပ်သွားမည်ဆို ပါက ဤကမ္ဘာပေါ်ရှိ လူအပေါင်းတို့၏ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့အတွက် ဆောင်ရွက်ရာခ္ဍ ထိုထို ပုဂ္ဂိုလ် များ အတွက် ဤဗုဒ္ဓဝင်ကျမ်းသည် ရှေ့ဆောင်

လမ်းညွှန်တာဝန်ကိုယူနိုင်သောကျမ်းမြတ်တစ်ဆူအဖြစ် ရပ်တည်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်၊ ထို ယုံကြည် ချက် အ တိုင်း ပညာရှင်များက ရေးသားပြုစုပြီး အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်နိုင်ပါစေကြောင်း အာသီသပြုအပ်ပါသည်။

အထက် ဖော်ညွှန်းနှိုးဆော်သော ဗုဒ္ဓဝင်ကျမ်းစာ တစ်ဆူဖြစ်ပေါ်လာအောင် ကြိုးစားနေခဲ့သည်မှာ အချိန်ကြာခဲ့ပါပြီ၊ ယခုမှ တစ်ပြည်လုံးရှိ ပညာရှင်များကို ဖြစ်မြောက်အောင် ကူညီကြရန် ပန်ကြားခြင်းဖြစ်ပါသည်။

လွန်ခဲ့သော အနှစ် နှစ်ဆယ် ကျော်အ ချိန် က တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိစံသ သက်တော် ထင်ရှား ရှိစဉ်ကပင် တင်ပြ လျှောက် ထား ခဲ့ရာ ကျွန်တော် လျှောက်ထားသော ဗုဒ္ဓဝင်မျိုးရှိသင့်ကြောင်း သို့သော် ဆရာတော်မှာ ပိဋ္ဌကတ်တော် သင်ရိုး အုပ်(၂၀)ကို ကုန်အောင် အဖွင့်ကျမ်းများရေးရန် အားထုတ်နေချိန် ဖြစ်သဖြင့် သပြေကန် ဆရာတော်ထံ ဒကာ ထိန်ဝင်း ဖြစ်စေချင်၍ တောင်းပန်သော ဗုဒ္ဓဝင်ကျမ်းစာအုပ်ကို အရှင်ဘုရားလိုပုဂ္ဂိုလ်မျိုး ရေးသားချီးမြှင့်သင့်ကြောင်း စာရေး လျှောက် ထား ပေး ခဲ့ ပါသည်၊ သပြေကန်ဆရာတော်ကလည်း တောင်မြို့ဆရာတော်ကို မိမိထက် ဆရာတော်ရေးသားလျှင် ပိုသင့်လျော်မည့်အကြောင်း ပြန်လည် လျှောက်ထားခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရား ရှိစဉ်ကလည်း လျှောက်ထားခဲ့ဖူးပါသည်၊ ဆရာတော်ကလည်း ဒကာ ထိန်ဝင်းရဲ့ ဆရာနှင့် အသင့်လျော်ဆုံးဘဲ၊ ဒကာ ထိန်ဝင်း၏ ဆရာကိုသာ ရအောင် လျှောက်ပါဟု တိုက်တွန်းခဲ့ပါသည်။

ယခုအချိန်တွင်မူ အထက်ပါဆရာ ဦးရွှေအောင် နှုန်းဆော်တိုက်တွန်း သကဲ့သို့လည်း ကောင်း၊ ထို့ထက်ပြည့်စုံ အောင်လည်းကောင်း ရေးသားလိုသော စိတ်ဆန္ဒရှိသော ပိဋကပညာရှင်ပုဂ္ဂိုလ်များသည် အသေးစိတ်ဆွေးနွေးလိုက အောက်ပါလိပ်စာအတိုင်း စုံစမ်းဆွေးနွေးစေလိုပါသည်။

စာအုပ်ရေးသား သူ အတွက် ဝတ္ထုဌေ တစ်သောင်းမှ ငါးသောင်းအထိ ကုညီ လှူ ဒါန်း ပူဇော်ရန် သတ်မှတ်ထားပါသည်၊လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် မည်သူမဆို မိမိတိုင်းပြည်နှင့် လူမျိုး သာသနာအတွက် ကုညီတော်မူကြစေလိုပါသည်၊ ဤစာမူကို ကျွန်တော်တို့ အပိုင်ရယူလိုခြင်း မရှိပါ၊ စာရေးသူအား ပူဇော်ရန်သာ ရည်ရွယ်ရင်း ဖြစ်ပါသည်၊ မိမိရေးသားသော စာမူကို မိမိသဘောကျ စီမံရန်သာ ဖြစ်ပါသည်။

ကျွန်တော်သည် ပိဋကတ် တတ် မြောက်သော ပညာရှင်မဟုတ်သော်လည်း ဖြစ် မြောက် လို သော ဗုဒ္ဓဝင် အ တွက် ပညာရှိများ လက်ခံနိုင်အောင် ရွေးနွေးတင်ပြပါမည်။

ရိုသေစွာဖြင့်—
ထိန်ဝင်း

သာသနာ ၂၅၃၄-ကောဇာ-၁၃၅၂-ခု၊
ဝါခေါင်လဆန်း (၇) ရက်
၂၀-၇-၉၀ စနေနေ့

၁၀၇-မင်းရဲကျော်စွာလမ်း
ယခင် (စိန်ရွှန်းလမ်း) ရန်ကုန်မြို့။
ဖုန်း-၂၀၅၀၇

ကျမ်းစာ ဖြစ်မြောက်အောင် အားထုတ်သူ၏

အာသိသ

စတုစက္ကံ ဝတ္ထိယာန၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာနာယ အမတံ ပါရံ၊ ကဿံ ပုရိသကာရိယံ။

စတုစက္ကံ-သမ္ဘတ္တိစက် လေးချက် စုပေါင်း စက်ခေါင်းလေး ခုလည်း တပ်ထသော။ ဗလပရိဂ္ဂဟံ-ရန်ပေါင်းခွင်းဖြို၊ ငါးဦး ဗိုလ်သို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။ ယာနံ-အသွားလျင်လျင် အများတင်လည်း အားအင်ခိုင်ဖြိုး မဂ္ဂင် တည်းဟူသော ယာဉ်ပျံ့တော်ကြီးကို။ ဝတ္ထိယာန - မတိမ်း မစောင်း လည်စေကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာ နှင်၍။ အမတံပါရံ-ဣဒ္ဓိဘက်မှာနေ အားလုံးသေ၍ ဟိုပြည် ရောက်မှ ဘေးကင်းရမည့် အမတခေါ် နေပြည်တော်သို့။ ယာနာယ-ကိလေသာဟူ ရန်သူပစ်ဖောက် ဗုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှါ။ ပုရိသကာရိယံ-ယောဂျားမှန်က ပြုရဲရမည့် ကမ္ဘာ့လက်ရိုး လုံ့လမျိုးကို။ ကဿံ-ငါးဦးဗိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရစေ ပြုလုပ်ပေအံ့ သတည်း။

ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။

အတ္တသမ္ဘာ ပဏိဓိ စ-ဆိုတဲ့ မင်္ဂလာတရား ၃- ပါးမှာ သပ္ပုရိသူပနိဿယ-စက်တစ်ခုဖြည့်လိုက်လျှင် စက် ၄-ပါးနှင့် ယနေ့ ပြည့်စုံနေကြသူများသည် မိမိအကျိုး-အများအကျိုးကို တရားသဖြင့် ဆန္ဒာဓိပတိ-ဆန္ဒပြင်းစွာ တကယ်သာလိုလား၍

သဒ္ဓါ-ဝိရိယ-သတိ-သမာဓိ-ပညာ ဆိုတဲ့ ဗိုလ်ငါးပါး တရားနှင့် ကြိုးစားလိုက်လျှင် မုချပြီးစီးကြရမည်ကို နှလုံး သွင်းနိုင်ကြပါစေ။

စိရဋ္ဌိတတ္ထံ ဓမ္မသ၊ ကရောန္တေန မယာ ဣမံ၊
သဒ္ဓမ္မဗဟုမာနေန၊ ယဉ္စ ပုညံ သမာစိတံ။

သဗ္ဗသ အာနုဘာဝေန၊ တသ သဗ္ဗေပိ ပါဏိနော၊
သဒ္ဓမ္မရသသေဝိနော၊ ဘဝန္တု ဓမ္မရာဇသ။

ဓမ္မသ-ဘုရားဟောဖော် တရားတော်၏။ စိရဋ္ဌိတတ္ထံ-ကြာမြင့်စွာ တည်ခြင်းအကျိုးငှါ။ ဣမံ-ဤဓမ္မဒါန ကောင်းမှုကို။ (ဤ ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာကို အလိုရှိသူများ သိခွင့်ရအောင် ကျမ်းစာဖြစ်မြောက် အပြီးသို့ရောက်အောင် ကြိုးစားရသော ကုသိုလ်ကို။) ကရောန္တေန-ပြုသော။ မယာ-ငါသည်။ သဒ္ဓမ္မဗဟုမာနေန-သူတော်ကောင်းတရား၌ များစွာ မြတ်နိုးခြင်းရှိသည်။ (ဟုတ္တာ·ဖြစ်၍။) ယဉ္စပုညံ-အကြင်ပရဟိတ အကျိုး သယ်ပိုးဆောင်ရွက်ကြောင်းကောင်းမှုကုသိုလ်ကိုလည်း။ သမာစိတံ-ကောင်းစွာ ဆည်းပူးအပ်ပေပြီ။ သဗ္ဗသ-အလုံးစုံသော။ တသ(ပုညသ)ထိုကောင်းမှုကုသိုလ်၏။ အာနုဘာဝေန-တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော-လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ ဓမ္မရာဇသ-တရားမင်းဘုရား၏။ သဒ္ဓမ္မရသသေဝိနော-သူတော်ကောင်းတရား၏အရသာသုံးဖြာသောဗောဓိဉာဏ်တွင် ထိုက်တန်သော ဗောဓိဉာဏ်ကို မှီဝဲနိုင်ကြကုန်သည်။ ဘဝန္တု-ဖြစ်ပါစေကုန်သတည်း။

စိရုံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဝဿံ စိရုံ ပဇံ၊
တပ္ပေတု ဒေဝေါ ဓမ္မေန၊ ရာဇာ ရက္ခတု မေဒိနိ ။

သဒ္ဓမ္မော-ရှင်တော်ဘုရား ဟောဖော်ထားသည့် တရားတော်မြတ် ပိဋကတ်သည်။ စိရုံ-ကျင့်သူရှိသော် ထောင်သောင်းကျော်အောင်။ တိဋ္ဌတု-ပါဠိအနက် မပျက်စုံညီ လင်္ဂီပုဂ္ဂိုလ်တို့သန္တာန်၌ တည်ပါစေသတည်း။ ဒေဝေါ-မိုးသည်။ ကာလေ-သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအခါ၌၊ ဝဿံ-ရွာဖြိုးလျက်။ စိရုံ-ကြာမြင့်စွာ။ ပဇံ-သတ္တဝါအပေါင်းကို။ တပ္ပေတု-ဝမ်းသာရွင်ပျို့ နှစ်မြို့ပါစေသတည်း။ ရာဇာ-တိုင်းပြည်စောင့်ကြပ်မင်းဟုသမုတ်အပ်ကုန်သော အုပ်ချုပ်သူအပေါင်းသည်။ မေဒိနိ-တစ်မြေပြင်လုံးကို။ (ဝါ) မြေပြင်ထက်နေ လူဗိုလ်ခြေကို။ ရက္ခတု-အမြဲချီးမြှောက် စောင့်ရှောက်နိုင်ပါစေသတည်း။

ဤကုသိုလ်အဖိုနှင့်တကွ ပြုပြီးသော ပါရမီကုသိုလ်မှန်သမျှတို့ကို ဆရာသခင် ကျေးဇူးရှင်နှင့် အမိအဘတို့အား အစထား၍ သိသင့်သိထိုက် ရသင့်ရထိုက်သော ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှတို့သည် ထပ်တူ အမျှရကြ၍ ချမ်းသာကြပါစေသတည်း။

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်မြတ်ကြီးကို အမှီပြုလျက် သူတော်ကောင်းတရား သန့်ရှင်း-တဲ့ညီတဲ့-ပြန့်ပွားမှု သတ္တဝါအပေါင်းချမ်းသာစေကြောင်းကြိုးစားအားထုတ်လျက် ရှိကြသူများသည် ကြိုးစားသလောက် ပြီးမြောက်ကြပါစေ၊ အနှောင့်အယှက် မိစ္ဆာအယူ ရှိကြသူတို့အား သက်ဆိုင်ရာပုဂ္ဂိုလ်များက ဖယ်ရှားပေးနိုင်ကြပါစေသတည်း။

အမျှရကြပါစေ

ကျမ်းစာ ဖြစ်မြောက်အောင် ကြိုးစား အားထုတ်သူသည် နှစ်ပေါင်း ၁၅ နှစ် အနှစ် ၂၀ ကျော်မျှ ဤကျမ်းစာကို မရိုက်ဖြစ်သေးဘဲ အကြောင်းအမျိုးမျိုးနှင့် အခြိန်ကုန်လွန်ခဲ့ပါသည်၊ သို့သော် ဆရာတော်မှာ အသက်ရှစ်ဆယ် ရှိလာပြီဖစ်ကြောင်း၊ ကျမ်းစာ ဖြစ်မြောက် အောင် ကူညီ ကြသော ဒေါက်တာ ဒေါ်စောမြင့်၊ ဦးကျော်ဦး အစရှိသော မိတ်ဆွေများနှင့် မြဝတီပုံနှိပ်တိုက်မှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ အကူအညီပေး မြင်းဖြင့် လွယ်ကူစွာ ကျမ်းစာ ပြီးမြောက်ခဲ့ရပါသည်။

ကျမ်းစာဖြစ်မြောက်အောင် ကြိုးစားသူ ကျွန်တော်မှာမူ အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်ပြီးမှ ကျမ်းစာပြီးမြောက်ရသဖြင့် ကူညီသူများကိုလည်း အထူး ကျေးဇူးတင်ရုံသာမက ကျွန်တော်၏ ပါရမီကုသိုလ် အောင်မြင်ရသည့် အတွက်လည်း အထူးပင် ဝမ်းမြောက်ရပါသည်။

ဤကုသိုလ်နှင့်တကွ လွန်ခဲ့သော အခြိန် က ပြုခဲ့ပြီးသော ပါရမီကုသိုလ်များကြောင့် မိမိရလိုသောဆုနှင့် ပြည့်စုံပါစေ သတည်း။

မိမိတို့တရားနှင့်အညီ ကြိုးစားအားထုတ်သော ကာယကံမှ-ဝစီကံမှ- မနောကံမှတို့သည် အားလုံးစုံအောင် ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်ပြီး သတ္တဝါများ ချမ်းသာ၍ အမျှရကြပါစေ။

ရလိုသောဆု။ ။ယနေ့ ယခုအချိန်မှစ၍ ဘဝခန္ဓာအစဉ်တို့၌ မဟာကရုဏာခေတ်နှင့် သဗ္ဗညုတ ဉာဏ်တော်ခေတ်သည် မိမိနှင့်ထိုက်တန်သလောက် အစဉ်တည်နေ ကိန်းဝပ်ပါစေသတည်း၊ ဤသို့ တည်နေကိန်းဝပ်ခြင်းကြောင့် ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာကို မိမိဇွမ်းအားရှိသမျှ ကြိုးစားအားထုတ်နိုင်သည်ဖြစ်၍ လောဘ- ဒေါသ- မောဟ- မာန- ဣဿာ-မစ္ဆရိယ, ဒိဋ္ဌိ-ဝိစိကိစ္ဆာ အစရှိသော ကိလေသာတရားဆိုးတို့ကို တစ်ဘဝထက် တစ်ဘဝ ပါးသည်ထက်ပါး, နည်းသည်ထက် နည်း၍ ပါရမီဆယ်ပါး အစားစားကို အစွမ်းရှိသမျှ ကျင့်သုံးဆောက်တည်နိုင်ပြီးလျှင် အဂတိတရား လေးပါးကို ဘယ်ခါမျှ မလိုက်စားပါဘဲ မိမိချစ်သောသူ, မုန်းသောသူ, မမုန်းမချစ်သောသူ,အလုံးစုံ မိမိနှင့်တွေ့ကြုံရသောသူ အပေါင်းအား မိမိအကျိုးစီးပွားနှင့် ထပ်တူသာလျှင် ၎င်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်သော အသိဉာဏ်ပညာ,ဗလစွမ်းအားနှင့်ပြည့်စုံပြီးလျှင် ပါရမီပြည့်စုံ၍ နောက် ဆုံးစွန်သော ဘဝ၌ မိမိရရှိသော အတုမဲ့ချမ်းသာမြတ် နိဗ္ဗာနဓာတ် တရားမြတ်ကို ရရှိ၍ ရသင့်ရထိုက်သော သတ္တဝါအပေါင်းအားလည်း မိမိနှင့် ထပ်တူရရှိအောင် ကြိုးစားအားထုတ်နိုင်သည့်ကိုယ် ဖြစ်ပါစေသား အရှင်မြတ်တို့ဘုရား။

ကျမ်းစာဖြစ်မြောက်အောင် အားထုတ်သူ၏
အာသီသ ပြီး၏။

အမရပူရ

မဟာဂန္ဓာရုံဆရာတော်၏ သြဝါဒ

စိတ်ကောင်းရှိဖို့ ပထမ

သံဃာ့ဂုဏ်ရည်

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ဝိသုတံ ဂဏံ၊
သာသနံ စိရဓာတရံ၊ ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ-ဤသုပ္ပဋိပန္နတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ-ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌။ ဝိသုတံ-တိတ္ထိတို့ဘောင် လွန်မြားမြောင်သည့် ဟန်ဆောင်သံဃာ အဖြားဖြာထက် အရောရောဖြင့် ဂုဏ်ရည်တင့်၍ ကြီးမြင့်ထင်ရှားပေထသော။ သာသနံ-ကမ္ဘာ့ ကမ္ဘာ လွန်လေပါလည်း တစ်ခါတစ်ဖန် ကြုံရန်ခဲကာ အမြတ်ရတနာ ဤသာသနာတော်မြတ်ကြီးကို။ စိရဓာတရံ- ဘုရားလက်ထက် အဆက်ဆက်မှ မပျက်ရအောင် ပို့ချသင်ယူ ဆောင်ရွက်တော်မူလာပေထသော။ ဂဏံ - အတွင်းစိတ်ဓာတ် မြင့်မြတ်ကြည်လင်သူတော်စင်ကောင်း အရိယာသံဃာတော်အပေါင်းကို။ တီဟိ-လက်အုပ်အဥ္ဇလီ နှုတ်သံချီ၍ ရှင်ကြည်မနော သုံးပါးသော ဒုါရတို့ဖြင့်။သာဒရံ-လေးမြတ်ကြည်ညိုရှိသေခြင်းရှိသည်ဖြစ်၍။ ဝန္ဒာမိ-ဂုဏ်တော်ထုံမှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာသွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

ဗေဒင်ခုနစ်ပါး တရားပြတ်ရတနာ

ဤကျမ်းစာကို သန့်ရှင်းစွာ လူဒါန်းပါသည်၊ အလွန်ခံ ပုဂ္ဂိုလ်သည် ကျမ်းစာကို အစမှအဆုံး ၃-ကြိမ်၊ ၃-ခေါက်မျှ အာရုံစူးစိုက် ဖတ်ရှုခြင်းဖြင့် လူဒါန်းသူအား ကျေးဇူး ပြုစေလို ပါသည်။

ရသင့် ရထိုက်သော အသိဉာဏ်ပညာကို ရရှိအောင် ကြိုးစားနိုင်ကြ၍ ချမ်းသာကြပါစေ။

သို့.... ....

....

မှ လူဒါန်းသူ.... ....

....

ဤကျမ်းစာကို လူဒါန်း ရသော ကုသိုလ်ကြောင့် လည်း ကောင်း၊ အခြားပြုပြီးပါရမီကုသိုလ်များကြောင့်လည်းကောင်း ရသင့် ရထိုက်သော ဉာဏ်ပညာတရားထူးကို ရရှိအောင် ချမ်းသာ စွာ ကြိုးစား အားထုတ်နိုင်သူ ဖြစ်ရပါလို၏။

ဇုန္ဒအာလိုတောက်ကျကျင့်သုံးနေထိုင်နည်း

ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ပြီးပါပြီ

အထက်ပါ ကျမ်းစာများ ပြန်ချိုဂုဏာန

ပါ ရ မီ စာ ပေ

ဆိုင်နံပါတ် ၄၊ ကမ္ဘာအေးစေတီတော် မုခ်ဦးစောင်းတန်း၊

ရန်ကုန်မြို့။